www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင်
စတင်ထုတ်ဝေသည့်

**ဝင်းငြိမ်း**

စိစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၉ ဒီဇင်ဘာ ၂၀၁၈

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင် စာတည်း
မသီတာ(စမ်းချောင်း)
ရှေ့ပန်းချီ
ဖေညွန့်ဝေ၊ မုတ်သုံ
တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်ဆွေ
လင်းဝဏ္ဏ
ဝင်းတင့်၊ မောင်နိုး
အောင်ကျော်
ဖေသစ်တည်၊ ထွန်းအံ့
စိုးသော်တာ
Win Iszudia
မျက်နှာဖုံးဓာတ်ပုံ
မြတ်နိုး
ရှေ့ဓာတ်ပုံ
မြတ်နိုး
လင်းနိုင်ဦး
ရှေ့ဒီဇိုင်း
ခိုင်ဇင်ထွန်း
ဖြိုးဦးပိုင်
ရှေ့ဓာစီစာပြု
စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင် - ကျော်စိန်ဝင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


**ရွှေမင်းသား၊ ရွှေမင်းသမီး**

၄။ **လင်းဖြိုးမိုး**
စိန်ခေါ်မှုများနဲ့ ခေါင်း

**One Minute Interview**

၁၂။ **မနိုးသူ**
လူမင်း၊ အောင်ရဲလင်း၊
ဖြိုးကြီး၊ G-Fatt, X-Box

**အင်တာဗျူး**

၄၈။ **လင်းနိုင်ဦး**
တပည့်တွေက
ကျွန်တော့်ထက်
ပိုတော်ကြပါတယ်ပြောတဲ့
ညီညီထွန်းလွင်

**လူမှုဝန်းကျင်**

**လင်းနိုင်ဦး** ၂၂။
၁၉၅၀ ဝန်းကျင်က
ဖက်ရှင်များနဲ့ မီ

**လင်းနိုင်ဦး** ၃၆။
ကျော်သူ့မွေးနေ့မှာ
ကျင်းပတဲ့
၁၀၁၄ ရုပ်ရှင်ကား
ကန်တော့ပွဲ

**မနိုးသူ** ၄၂။
အသွင်တူလို့
အိမ်သူဖြစ်ခဲ့တာဆိုတဲ့
ရွှေနဲ့ရွှေ

**လင်းနိုင်ဦး** ၄၈။
၁၅ နှစ်ပြည့်မှ
မင်္ဂလာဧည့်ခံပွဲ ကျင်းပတဲ့
Rဇာနည်နဲ့ ဝမ်း

**ဖူးငုံပွင့်သစ်**

**မနိုးသူ** ၂၈။
အားပေးတဲ့ပရိသတ်
မျက်နှာမငယ်ရအောင်
ကြိုးစားနေတဲ့
အောင်ရဲထိုက်

**မနိုးသူ** ၃၂။
ပရိသတ်ပေးတဲ့
မေတ္တာတွေ
ခွန်အား
တွေကြောင့်
ရှေ့ဆက်
လှမ်းနိုင်နေတဲ့
ဝိုးကြာဖြူခင်

**နိုင်ငံတကာစာမျက်နှာ**

**ညို** ၅၄။
ငွေကြယ်တစ်ပွင့်
မွေးဖွားခြင်း

**ဇာနည်ညီမိုး** ၆၄။
မကြာခင်မှာကြင်နာမယ်

**ရွှေနှလုံးသား**

၆၈။ **ပိုင်ဒွေး** (သချာ)
ကွာကျသွားသည့်
အရေခွံများ

**ရွှေဝတ္ထု**

၁၀၀။ **မိချမ်းဝေ**
တစ္ဆေမီးရထား
စက်ခေါင်းပေါ်က
ခရီးသည်

၁၀၆။ **အောင်ဖြိုးကျော်** (ပညာရေး)
အရည်ပျော် ဒြပ်စင်များ

၁၁၂။ **မန်းတောင်**
တင်ဝင်းအောင်
နားခိုရာ

၁၁၈။ **လှမြင့်အောင်** (တောင်ကုတ်)
ပင်မြင့်မျိုး

၁၂၄။ **မောင်အင်း** (ဥက္ကံ)
သွေးထက်ပျစ်သော
မျက်ရည်စက်

၁၃၀။ **ကြယ်လွှဲမိုး**
စိတ်ကစားသူရဲ့
ကောင်းကင်

၁၃၈။ **ရဲရင့်လုံ** (ဆေး-မန်း)
နှစ်သစ်ကူးတဲ့ည

၁၄၄။ **နေသန့်**
ဖြစ်မှုနှင့် ဖြစ်ဒဏ်

၁၅၀။ **အဲလိုရှား**
နောက်အမေ

၁၅၆။ **မင်းလပြည့်** (ကားခါး)
မော်ကွန်းသစ္စာ

၁၇၀။ **မိုးဦးနေ**
တော်မွတ်အိမ်

**ရွှေဝတ္ထုရှည်စ/ဆုံး**

၉၀။ **ဆောင်းဝင်းလတ်**
စားဦးစားနဲ့ နေခဲ့သူ

၁၉၆။ **နိုင်မြင့်**
တောတန်းကလေး၏
ကြေးမုံပြင်




www.burmeseclassic.com

www.burmeseclassic.com



# ရှေ့ပြေး

ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈

**ဝင်းငြိမ်း** စိစဥ်တည်းဖြတ်သည်

**ရှေ့အခန်းဆက် ဝတ္ထုရှည်**

**ခင်ခင်ထူး** ၁၃၈။
ကျိုးပိန်

**ရှေ့ဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း**

**မြနှောင်းညို** ၇၆။
ရွှေမှုန်ငွေမှုန်ကြဲပေမဲ့

**ရှေ့အတွေ့၊ ရှေ့အတွေး**

**သင်းအောင်သန်း** ၁၇၆။
ဘူးတောင်းနှစ်လို့ စောင်ခြမ်းပေါ်

**ရှေ့အသစ်**

.................... ၂၁၆။
.................... ၂၂၀။
.................... ၂၂၆။

**အက်ဆေးအကြောင်း**

**အက်ဆေး**

၁၈၄။ **မောင်ရင့်မာ၊ ကျောင်းကုန်း၊**
အုတ်လှေကားကလေးတွေ

**ရသစာတမ်း**

၁၉၀။ **ခင်စန္ဒာညွန့်**
အယဉ်မျိုးဆက်

**ရှေ့သုတ**

၈၄။ **မောင်သန်းဆွေ**
**(ထားဝယ်)**
တစ်မြို့စီနေ
တစ်ပြည်စီခြား

၁၉၂။ **မင်းမိုးအောင်**
စကားလုံးယဥ်ကျေးမှု

အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊
အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၅၀၁ **Email: nyeinfamily@gmail.com**
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ -
ဒေါ်ချိုချို(ခ)အေးအေးသိန်း(၀၀၉၇၀)၊
ဇမ္ဗူတာလူပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊
စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ - ဒေါ်ချိုချို(ခ)အေးအေးသိန်း
(၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး ဇမ္ဗူတာလူစာပေ၊ အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၇၃၉၈၂၂၂၀၊
စာတိုက်သေတ္တာအမှတ် ၁၂၅ **E-mail: zabutalu@gmail.com**
**Available at : Wun Zinn**

www.burmeseclassic.com

www.burmeseclassic.com

# စိန်ခေါ်မှုများနဲ့ ဒေါင်း

ဝင်းငြိမ်း

ဓာတ်ပုံ - ဖြူဝင်း

သရုပ်ဆောင်ဖြစ်လာတဲ့ ဒေါင်းကို ကျွန်တော် ပထမဦးဆုံး တွေ့ဖူးတာက ဆာတိုရှိဗီဒီယိုထုတ်လုပ်ရေးမှ ကျင်းပတဲ့ ဗီဒီယို မိတ်ဆက်ပွဲတစ်ခုမှာ ဖြစ်ပါတယ်။ ဗိုလ်တထောင် ကမ်းနားက ဟိုတယ်တစ်ခုမှာ ကျင်းပခဲ့တာပါ။ ဆာတိုရှိမှ ကိုမျိုးဇော်က ဒေါင်းအတွက် အမှာစကားပြောပေးပါဆိုလို့ "ဒေါင်းခေတ်မှာ ဒေါင်းဖြစ်ရမယ်"လို့ ပြောပေးခဲ့ဖူးပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သူက ဘောလုံးသမား ကနေ သရုပ်ဆောင်ဖြစ်လာတဲ့သူ ဖြစ်ပါတယ်။ အားကစားသမားဆိုတော့ လူငယ်အများစု ယစ်မူးသာယာတဲ့ မူးယစ်ဆေးဝါးကင်းနိုင်မယ့်သူ ဖြစ်လိမ့်မယ်လို့ အဲဒီတုန်းက မှတ်မှတ်ရရပြောခဲ့ဖူးပါတယ်။ နောက်တော့ ဒေါင်းက ဆာတိုရီနဲ့ အလုပ်ဆက်မလုပ်ဖြစ်တော့ဘဲ သီးခြား ရပ်တည်လာခဲ့ပါတယ်။ MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အတွက် ကျော်သူက ဆရာမောင်သိမ်းဆိုင် ရေးသားခဲ့တဲ့ **ပုဂံမြို့သူ** ဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ရိုက်မယ်ဆိုတော့ မောင်မောင်ကြီးနေရာမှာ လိုက်ဖက်မယ့် ဇာတ်ကောင် စဉ်းစားကြပါတယ်။ ကျွန်တော်က လူငယ်သရုပ်ဆောင်ဖြစ်တဲ့ ဒေါင်းကို သုံးကြည့်ပါလားလို့ အကြံပြုခဲ့ပြီး MRTV-4က တာဝန်ရှိသူများကလည်း ဒေါင်းကို မျက်စိကျတဲ့အတွက် **ပုဂံမြို့သူ** ဇာတ်လမ်းတွဲမှာ မောင်မောင်ကြီးအဖြစ် ဒေါင်း သရုပ်ဆောင်ဖြစ်ခဲ့ပါတယ်။ ဒီဝတ္ထုက ကျော်သူ၊ မိုမို့မြင့်အောင်တို့နဲ့ ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ဖူးတဲ့ ဝတ္ထုလည်း ဖြစ်ပါတယ်။ ရုပ်ရှင်အဖြစ် ကျော်သူကိုယ်တိုင် ဒါရိုက်တာအနေနဲ့ ရိုက်ကူးခဲ့တာဖြစ်ပြီး ပထမပေးတဲ့နာမည်က **ရာဇဝင်ထဲက သတို့သမီး** ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီကာလတုန်းက ဇာတ်လမ်းစိစစ်ရေးအဖွဲ့က ဒီနာမည် ခွင့်မပြုဘူးဆိုတာကြောင့် **ဒဏ္ဍာရီထဲက သတို့သမီး** လို့ ပြောင်းခဲ့ကြပြီး ရိုက်ကူးခဲ့တာပါ။

ဒီဇာတ်လမ်းတွဲကို ကျော်သူက ပုဂံမှာ သွားရိုက်ခဲ့ပြီး ဒေါင်းနဲ့ MRTV-4 ရဲ့ မင်းသမီးဖြစ်တဲ့ မေမြင့်မိုရ်တို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ရိုက်ကွင်းပေါ်ကိုလည်း ကိုမြတ်ခိုင် ကောင်းမှုနဲ့ ကျွန်တော် ရောက်ခဲ့ပါသေးတယ်။ ပုဂံဘုရားပေါင်းများစွာမှာ ရိုက်ကူးထားတာဖြစ်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလ လယ်လောက်မှာ MRTV-4 ကထုတ်လွှင့်ပြသတော့မှာဖြစ်လို့ အခု ရွှေအမြုတေမဂ္ဂဇင်းကို ဖတ်နေကြတဲ့အချိန်ထုတ်လွှင့်နေပြီ ဖြစ်ပါတယ်။

လစဉ် လတိုင်း မျက်နှာဖုံးရှင် စဉ်းစားရတာ တော်တော် ဦးနှောက်ခြောက်ပါတယ်။ ရွှေအမြုတေ အမှတ် ၁ ကတည်းက သရုပ်ဆောင်မျက်နှာဖုံးနဲ့ စခဲ့တာဖြစ်လို့ အခု ၂၉ နှစ် ကျော်လာသည့်တိုင် သရုပ်ဆောင်များကိုပဲ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြနေရဆဲ ဖြစ်ပါတယ်။ သရုပ်ဆောင် ဆိုရာမှာလည်း ကျွန်တော့်စာဖတ်ပရိသတ်များက နည်းနည်းတော့ ချေးများကြပါတယ်။ မျက်နှာသစ်ဆိုရင် သူက ဘယ်သူလဲ၊ ဘာလုပ်တာလဲ စသဖြင့် မေးခွန်းပေါင်း သောင်းခြောက်ထောင်တို့ကို ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှာ ရေးလာ၊ မေးလာကြပါတယ်။ ရွှေအမြုတေမှာ ပရိသတ်နဲ့ မရင်းနှီးသေးတဲ့ မျက်နှာသစ်သရုပ်ဆောင်သစ်ကလေးများဖြစ်ကြတဲ့ ရဲတိုက်၊ မြင့်မြတ်တို့ကို ဖော်ပြခဲ့ဖူးပါတယ်။ အခု သူတို့က ဝါရင့်သရုပ်ဆောင်တွေ ဖြစ်နေကြပါပြီ။ မကြာသေးခင်က အောင်လေး မျက်နှာဖုံးကို တွေ့လိုက်ရတဲ့ စာဖတ်ပရိသတ်တွေက ဘယ်သူလဲ၊ ဘယ်ဝါလဲ စသဖြင့် ပွက်လောညံအောင် မေးခဲ့ကြဖူးပါတယ်။ အောင်လေး သရုပ်ဆောင်တဲ့ ရုပ်ရှင်ကားကို ကျွန်တော် ကြည့်ပြီးဖြစ်တာကြောင့် မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခဲ့ခြင်းသာဖြစ်ပါတယ်။ နောင်မှာ အောင်လေးကလည်း ရဲတိုက်၊ မြင့်မြတ်တို့လိုပဲ ပရိသတ်နဲ့ ရင်းနှီးပြီးသား သရုပ်ဆောင်ဖြစ်လာပါလိမ့်မယ်။

ဒေါင်းကျတော့ တစ်မျိုးပါ။ သူ့ဗီဒီယိုကားတွေ ပလူပျံအောင် မထွက်ခဲ့သေးပါဘူး။ အရေအတွက် အင်မတန် နည်းပါးပါသေးတယ်။ ဒါပေမဲ့ သူက ပရိသတ်များကြားမှာ ရေပန်းစားပြီး ဖြစ်နေတယ်။ ၂၈ နှစ်ပြည့် ရွှေအမြုတေ မျက်နှာဖုံးအဖြစ် ဒေါင်းကို တင်ခဲ့ဖူးတယ်။ ၂၉ နှစ်ပြည့်မှာလည်း ဒေါင်းနဲ့ ထုတ်ဖို့ စဉ်းစားခဲ့ပေမဲ့ သူ ခရီးလွန်နေတာကြောင့် မစိုးတို့ ညီအစ်မတစ်တွေနဲ့ မျက်နှာဖုံးဖြစ်သွားခဲ့တယ်။ အခုတော့ ဒေါင်းမျက်နှာဖုံးတင်ဖြစ်ပြန်ပါပြီ။ ဒီအချိန်မှာ ပုဂံမြို့သူကလည်း ထုတ်လွှင့်ပြသနေပြီဖြစ်လို့ ရွှေအမြုတေပရိသတ်များက သူက ဘယ်သူလဲလို့ မေးတော့မယ် မထင်ပါဘူး။ ဒေါင်းကို မျက်နှာဖုံး ရိုက်ချင်တယ်လို့ပြောလိုက်





www.burmeseclassic.com

www.burmeseclassic.com



တော့ သူ ကားရိုက် အားတဲ့ အချိန် ရိုက်ထားပေးမယ်လို့ ဆိုပါတယ်။ သူ့ကတိအတိုင်း ကလောဘက်ကို သူ့အစီအစဉ်နဲ့ သူသွားရောက်ပြီး သူ့ဓာတ်ပုံဆရာ မြတ်နိုးနဲ့ ဓာတ်ပုံတွေ အများကြီး ရိုက်လာပေးပါတယ်။ အဲဒီအတွက် ဒေါင်းနဲ့ ဓာတ်ပုံ မြတ်နိုးတို့ကို ကျေးဇူးမှတ်တမ်းတင်ပါရစေ။

ဒေါင်းနဲ့ ကျွန်တော် စကားပြောဖြစ်တာတွေကို ရွှေအမြုတေ စာဖတ်ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။(Cover Story ကို ကျွန်တော်ရေးလေ့ရေးထ မရှိပါဘူး။ ခင်လေးမြင့် သို့မဟုတ် လင်းနိုင်ဦးတို့ ရေးနေကျပါ။ ဒီလမှာတော့ သူတို့ကို တာဝန်မပေးတော့ဘဲ ကျွန်တော် ကိုယ်တိုင်ပဲ တွေ့ဆုံလိုက်ပါတယ်။)

❑

**အခု ဒေါင်း ဘာကားတွေ ရိုက်ပြီးသွားပြီလဲ။**

ဒါရိုက်တာ မျိုးမြင့်ဆွေနဲ့ **လေဆန်ကကြိုး**၊ ထိုင်းဒါရိုက်တာနဲ့ **လိပ်ပြာစံအိမ်**၊ ဒါရိုက်တာ ဝင်းလွင်ထက်နဲ့ **ဒဏ္ဍာရီမိုး**၊ ဒါရိုက်တာ Away နဲ့ **အရုပ်ကျရာ ဆေးစက်ထင်** ဇာတ်ကားတွေ ရိုက်ပြီးသွားပါပြီ။

**ဒီ ၄ ကားစလုံးက ရုံမတင်ရသေးဘူးနော်။**

ဟုတ်ကဲ့၊ မတင်ရသေးပါဘူး။ **လေဆန်ကကြိုး** နဲ့ **လိပ်ပြာစံအိမ်** ကတော့ ဆင်ဆာခွင့်ပြုချက် ရပြီးတဲ့အဆင့် ရောက်သွားပါပြီ။

**ဒါရိုက်တာ တစ်ယောက်နဲ့တစ်ယောက်က စိတ်ကူးတွေမတူကြသလို ဇာတ်လမ်းတွေလည်း မတူကြဘူး။**



www.burmeseclassic.com

www.burmeseclassic.com



**ဒေါင်းက ဘယ်လို ဇာတ်လမ်းမျိုးတွေကို ရွေးပြီး လက်ခံတာလဲ။**

ကျွန်တော်ကတော့ အဓိကအနေနဲ့ ဇာတ်လမ်းကို ကြည့်ပါတယ်။ ဇာတ်ကောင်ရဲ့ လုပ်ပိုင်ခွင့်ကို ကြည့်ပါတယ်။ အဲဒါကို အဓိကထားပြီး လက်ခံတာပါ။ ဇာတ်ကောင်ရဲ့စရိုက်က ဇာတ်ကားတစ်ကားလုံးမှာ စီးမျောပါဝင်သွားရမယ့်ဇာတ်မျိုးကို ကျွန်တော်ကြိုက်ပါတယ်။ အခန်းနည်းတာ၊ များတာကို သိပ်အဓိက မထားပါဘူး။ ရတဲ့အခန်းကို ကိုယ်ဘယ်လောက်လုပ်ပြနိုင်သလဲဆိုတဲ့ ဇာတ်ကောင်ရဲ့ Challange ကို လုပ်ပြချင်တာပါ။ အဲဒီဇာတ်ကောင်ရဲ့ စရိုက်က ပရိသတ်ကို Message ပေးနိုင်ရမယ်။ ကိုယ့်အတွက်လည်း Challange ရှိရမယ်။

**ဟုတ်ပါပြီ။ ဇာတ်ကောင်ရဲ့ Challange ကို ဒေါင်းက စိတ်ဝင်စားတယ်ဆိုတော့ 'လိပ်ပြာစံအိမ်'လို ဟာမျိုးကျတော့ ဘယ်လိုပြောမလဲ။ ပါရတဲ့အခန်းက နည်းတယ်နော်။**

ဒီဇာတ်ကောင်အကြောင်းကတော့ ပြောလို့မဖြစ်သေးလို့ ကျွန်တော် မပြောချင်သေးပါဘူး။ ဒါပေမဲ့ ဒီဇာတ်ကောင်ကြောင့် ဒီဇာတ်လမ်း ဖြစ်ပေါ်လာစေတယ်။ ပြီးတော့ ဒီဇာတ်ကောင်စရိုက်ဝင်အောင် လုပ်နိုင်ပါ့မလားဆိုတဲ့ Challange ရှိတယ်။ ဒါကြောင့် ကျွန်တော် လက်ခံပြီး ရိုက်ကူးခဲ့တာပါ။ ဒီဇာတ်ကောင်စရိုက်ကတော့ ဒီတစ်ကားပဲ ကျွန်တော်လုပ်မှာပါ။ နောင်လည်း လုပ်မှာမဟုတ်ပါဘူး။ ဒီကာရိုက်တာ လုပ်နိုင်ဖို့အတွက် တစ်ရက်လုံးလုံး အဲဒီလို ကာရိုက်တာရှိတဲ့သူတွေနဲ့ နေကြည့်တယ်။ သူတို့ကို လေ့လာတယ်။ ကျွန်တော် လုပ်တတ်ပြီ၊ လုပ်နိုင်ပြီလို့ ယုံကြည်တဲ့အခါ ဒါရိုက်တာကို ရပြီလို့ ပြောလိုက်တယ်။ ဒါပေမဲ့မရိုက်သေးဘူး။ ဇာတ်ဝင်ခန်းရိုက်မယ့် အိမ်ကြီးထဲမှာ ကျွန်တော့်ကိုထားပြီး လုပ်ကြည့်ခိုင်းသေးတယ်။ သူကျေနပ်ပြီဆိုမှ အဲဒီဇာတ်ဝင်ခန်းတွေကို ရိုက်တာပါ။ ဒီကားမှာက ဦးပြောသလို အခန်းနည်းတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် လုပ်နိုင်တယ်ဆိုတာကို လုပ်ပြချင်တယ်။ ဒါကြောင့်လည်း လက်ခံခဲ့တာပါ။

**'လေဆန်ကကြိုး' မှာကျတော့ ဒေါင်းက မြန်မာ့ယဉ်ကျေးမှုကို လေးစားမြတ်နိုးတဲ့ ဇာတ်မင်းသားတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားတယ်။ အပြင်မှာလည်း တကယ် က,တတ်တယ်လို့ ကြားတယ် ဟုတ်လား။**

ဟုတ်ပါတယ်၊ ကျွန်တော် လေးတန်းလောက်တုန်းက မြန်မာအကကို သင်ဖူးပါတယ်။ အဲဒီအခြေခံက အခုထက်ထိ မမေ့ဘဲ တတ်နေဆဲပါပဲ။

**ဇာတ်ကားထဲမှာတော့ နှစ်ပါးသွားတို့ဘာတို့ ဟုတ်တိပတ်တိ မပါဘူးနော်။**

ရိုက်တုန်းကတော့ ပါတယ် ဦး။ ဒါပေမဲ့ ကားဆက်တော့ ပါမလာတော့တာ ဖြစ်လိမ့်မယ်။ ကျွန်တော် ခုန်



www.burmeseclassic.com

www.burmeseclassic.com

ပြီး လေပေါ်မှာ က,တဲ့ ဟန်တွေဘာတွေနဲ့ ရိုက်ခဲ့တာပဲ။

**အဲဒီကားပြီးတော့ 'ပုဂံမြို့သူ' ဇာတ်လမ်းတွဲကို ရိုက်တာနော်။**

ဟုတ်ပါတယ် ဦး၊ ဒီဇာတ်လမ်းတွဲကလည်း နိုဝင်ဘာလထဲမှာ ပြတော့မယ်လို့ သိရပါတယ်။



**အခု လောလောဆယ် ရိုက်ပြီးသွားတာက…။**

ဒါရိုက်တာ ဝင်းလွင်ထက် ရိုက်တဲ့ **ဒဏ္ဍာရီမိုး** ဇာတ်ကားပါ။ ဒီကားကတော့ ရဲတိုက်၊ ရွှေထူး၊ ဝတ်မှုံရွှေရည်နဲ့ ကျွန်တော် ဆိုတော့ လူငယ်တွေချည်းပေါ့။ ဒါရိုက်တာကလည်း လူငယ် ဆိုတော့ လူငယ်စရိုက်တွေနဲ့ တွေ့ရမှာပါ။

**အခုလောလောဆယ်မှာရော…။**

အခု လောလောဆယ် ရိုက်နေတာကတော့ ကမာရွတ်မီဒီယာက ရိုက်တဲ့ **အချစ်ဖြင့် လွှမ်းစေ** ဆိုတဲ့ ဇာတ်လမ်းတွဲပါ။ ဆရာမ နုနုရည် အင်းဝရဲ့ ဇာတ်လမ်းကို ရိုက်တာပါ။ ကလောဘက်မှာ ရိုက်ခဲ့ကြပြီး အခုလောလော ဆယ်မှာတော့ ရန်ကုန် တက္ကသိုလ်ဝင်းထဲမှာ ရိုက်နေပါတယ်။

**တက္ကသိုလ်ကျောင်းသားပေါ့။**

ဟုတ်ပါတယ်၊ တက္ကသိုလ်ကျောင်းသားဆိုပေမဲ့ အင်းလျားကန်ပေါင်မှာ ဘူးသီးကြော်စားပြတဲ့အခန်းလောက်ပါတဲ့ တက္ကသိုလ်ကျောင်းသား မဟုတ်ပါဘူး။ တကယ့်ကို တက္ကသိုလ်ကျောင်းသားရဲ့ ပုံစံအတိုင်း ရိုက်တာဖြစ်လို့ ကိုယ်တိုင် ကျောင်းပြန်တက်နေရသလို ခံစားရပါတယ်။ အားလည်းရပါတယ်။

**ကျော်သူ ရိုက်မယ့် '၁၀၁၄' မှာလည်း ဒေါင်းပါဦးမှာနော်။**

ဟုတ်ပါတယ်။ ဦးမောင်ရိုက်မယ့် ဇာတ်ကားမှာတော့ ကျွန်တော့်ကို မောင်းမှာ သေချာတယ်။ သူနဲ့က ခိုလို့မရဘူး။ **ပုဂံမြို့သူ** မှာ တုန်းကလည်း သူစိတ်ကြိုက်ရအောင်လုပ်တာပဲ။ မကြိုက်မချင်း မလွှတ်ဘူး။


**'ပုဂံမြို့သူ' မှာ မြင်းစီးခန်းရိုက်တော့ သက်စွန့်ဆံဖျား ဖြစ်ခဲ့တယ်ဆို။**

ဖြစ်တာပေါ့ ဦးကလဲ။ ကျွန်တော် စီးရတဲ့မြင်းက လူစီးနေကျ မြင်းမဟုတ်ဘူး။ စက်စက်ယိုရွာက လှည်းဆွဲတဲ့မြင်း။ သူ့ပိုင်ရှင်တောင် တစ်ခါမှ မစီးဖူးဘူး။ စက်စက်ယိုရွာကနေ ပုဂံလာတော့မှသာ ပိုင်ရှင်က သူ့မြင်းကို ပထမဆုံးအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ချော့ချော့မော့မော့နဲ့ စီးလာခဲ့တာတဲ့။ သူ့ကျောကုန်းပေါ် ဘယ်သူမှ မတက်ဖူးဘူး။ အဲဒီမြင်းကို ကျွန်တော် စီးရမယ်ဆိုတော့ မြင်းရောက်လာကတည်းက ကျွန်တော်က ရင်းနှီးမှုရအောင် သွားသွားပြီး ပွတ်သပ်ပေးတာတို့ဘာတို့ လုပ်တာ ပေါ့။ အဲဒီကတည်းက ဒီကောင်ကြီးက ကျွန်တော့်ကို ကြည်တာ မဟုတ်ဘူး။ ကုန်းနှီးကလည်း ဒီခေတ်နဲ့ မတူအောင် ခေါင်းအုံးကို



ဟိုဘက် ဒီဘက် ကြိုးနဲ့ချည်ပြီး မြင်းကျောပေါ် တင်ထားတာဆိုတော့ စီးလိုက်ရင် သူလည်ထွက် မသွားအောင် သတိထားနေရတယ်။ ကားရိုက်မယ်ဆိုတော့ မြင်းပိုင်ရှင်က ကျွန်တော့်ကို ခဏ ခဏ သတိပေးတယ်။ "မင်းသား သတိထားပြီး စီးနော်" တဲ့။ ကျွန်တော်ကလည်း ဟုတ်ကဲ့ပါပေါ့။ ဒူးနှစ်ဖက်နဲ့ မြင်းကို ညှပ်ထားရတယ်။ သူ့ကျောပေါ် တက်လိုက်ကတည်းက ဒီကောင်က တရှူးရှူးဖြစ်နေပြီ။ ကင်မရာနဲ့ ခပ်ဝေးဝေး နေရာကနေ ကျွန်တော် စီးလာရမှာ။ စ,ရိုက်ကတည်းက ကြောက်ကြောက်နဲ့ စီးရတာပဲ။ ခေါင်းအုံးကလည်း လည်တော့ ဒူးနှစ်ဖက်နဲ့ ညှပ်ထားရတယ်။ ကင်မရာဘက်မှာ သူ့အဖော် မြင်းတစ်ကောင်ကို ကိုထူးအောင်က စီးပြီး စောင့်နေတယ်။ ကျွန်တော် စီးလာတဲ့မြင်းက သူ့အဖော်ကိုလည်း မြင်လိုက်ရော ဒုန်းစိုင်းတော့တာပဲ။ ကျွန်တော် ဒူးနဲ့ညှပ်ထားပေမဲ့ ဒီကောင်ကတအား ကိုပြေးတော့တာ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကတော့ ကျွန်တော့်ကို ခါချတာပေါ့။ ဆက်ထိုင်နေလို့ မရတော့ဘူး ဆိုတာ သိလိုက်တဲ့အတွက် သူ့အပေါ်ကနေ ကျွန်တော် ခုန်ဆင်းလိုက်ပြီး လွတ်ပေးလိုက်ရတယ်။ ကံကောင်းတာကတော့ မြင်းပေါ်ကနေ ခုန်ဆင်းတဲ့နည်းကို သိထားပေလို့ပေါ့။ နို့မဟုတ်ရင် ကျွန်တော် မြင်းကန်ခံရနိုင်တယ်။

**တော်သေးတာပေါ့ ကွာ၊ ပရိတ်ကတော့ မင်းသားဆိုတာ ကြော့ကြော့မော့မော့ကလေး သရုပ်ဆောင်ရတာလို့ အောက်မေ့ကြတာပဲ။**

မသက်သာပါဘူး ဦးရာ။ အဲဒီလို အသက်နဲ့ရင်းရတဲ့နေရာတွေလည်း ရှိတာပါပဲ။

**'၁၀၁၄'က ဘယ်တော့ရိုက်မှာလဲ။**

ဦးမောင်ကတော့ နိုဝင်ဘာမှစ,ရိုက်မယ် ထင်တယ်။ ကျွန်တော်ကတော့ ဒီဇင်ဘာမှစ,ဝင်ပါမယ်။

**အဲဒီကား ပြီးရင်ရော...။**

စီစဉ်နေတာတွေတော့ ရှိပါတယ်။ ဒါရိုက်တာ ထူးပိုင်ဇော်ဦးနဲ့ တစ်ကားရိုက်ဖို့ လက်ခံထားပါတယ်။

**ကျေးဇူးပါ ဒေါင်းရေ။ အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်ပါစေလို့ ရွှေအမြုတေအဖွဲ့သားများ ကိုယ်စား ဆုတောင်းလိုက်ပါတယ်။** ■ ဝင်းငြိမ်း

ကျွန်တော် ချုပ်ထားတဲ့အတွက် သူလုပ်ချင်သလို လုပ်လို့ မရဖြစ်နေတဲ့အချိန် သူ့ကို ချည်ထားနေကျ မန်ကျည်းပင်ကို မြင်လိုက်တဲ့ အခါမှာတော့ ဒီကောင်က ကျွန်တော့်ကို အဲဒီဘက် ဆွဲပြေးတယ်။ မန်ကျည်းကိုင်း နိမ့်နိမ့်နဲ့ ကျွန်တော့်ကို ရိုက်ချမယ်လို့ သူ စိတ်ကူးပုံရပါတယ်။ ရုတ်တရက် ပတပ် ရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



# လူမင်းအတွက် သမိုင်းတစ်ခု ဖြစ်သွားနိုင်တဲ့ ရုပ်ရှင်

မနီးသူ

ဗိုလ်ချုပ်ရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့မှာ ကနဦး စတင်စဉ်ကတည်းက ပါဝင်နေခဲ့တဲ့ လူမင်းက ခြောက်နှစ်ခန့်ကြာအပြီး ယခု ၂၀၁၈ ခုနှစ်မှာ ဒါရိုက်တာအဖြစ် တာဝန်ပေးအပ်ခြင်း ခံလိုက်ရပါတယ်။ ထိုရုပ်ရှင်ကြီးက စတင်ကတည်းက ဝေဖန်မှုများစွာနဲ့ စတင်ခဲ့တာဖြစ်ပြီး ယခုလည်း ထုံးစံအတိုင်း ဝေဖန်သံများ ထွက်ပေါ်နေဆဲပါ။ ဗိုလ်ချုပ်ရုပ်ရှင်ကို သမိုင်းပေးတာဝန်တစ်ခုလို စိတ်ထားနဲ့ ကြိုးစားနေတဲ့ လူမင်းနဲ့ ဗိုလ်ချုပ်ရုပ်ရှင် အကြောင်း လတ်တလော ပြောလို့ရသမျှ စကားတွေ ပြောဖြစ်ခဲ့ကြပါတယ်။

**ဗိုလ်ချုပ်ရုပ်ရှင်ကြီးက လူပြောအရမ်းများတဲ့ ကားကြီးဖြစ်တယ်။ အခု ဒီကားအတွက် ဒါရိုက်တာအဖြစ် လုပ်ပေးရမယ် ဆိုတော့ ဘယ်လိုဖြစ်နေလဲ။**

အဲဒါနဲ့ ပတ်သက်ရင်တော့ ဒီနေ့မနက်ပဲ Face Book Founder ဇူကာဘတ်ရဲ့ အင်တာဗျူးလေး တစ်မိနစ်ခွဲစာလေးတောင် ကျွန်တော် Share လိုက်ပါသေးတယ်။ တော်တော်လေးကောင်းပါတယ်။ ဒီခေတ်လူငယ်တွေက ပြောဆို၊ ပြစ်တင်၊ ဝေဖန်မှာတွေကို ကြောက်ပြီးတော့ မစွန့်စားရဲကြတော့ဘူးတဲ့။ အဲဒါ အဖြေပါပဲ။ ဗိုလ်ချုပ်ရုပ်ရှင်ကားမျိုး ရိုက်ဖို့အတွက် ပြောဆို၊ ပြစ်တင်၊ ဝေဖန်မှာတွေကို ကြောက်ပြီး မလုပ်ရင် ကျွန်တော်တို့ ရှုံးပါတယ်။ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
## ကြုံရာဆုံရာ တစ်မိနစ်တာ

ညှိရာကျပါတယ်။ ကျွန်တော်တို့အတွက်ကတော့ Let's start စ,လိုက်ဖို့ပဲ အရေးကြီးပါတယ်။ ဒါကို ဖြစ်အောင် လုပ်ဖို့ပဲ ကျွန်တော်ကတော့ သန္နိဋ္ဌာန်ချထားပါတယ်။

**ဒီတာဝန်ကို ဘယ်လိုစိတ်နဲ့ လက်ခံမိခဲ့တာလဲ။**

ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ဖို့ ဖြစ်လာတော့လည်း ၂၀၁၂ ခုနှစ်ကတည်းက ပါဝင်ခဲ့တယ်။ အဲဒီအချိန်တုန်းက ကိုယ်ရိုက်ဖို့ မဟုတ်ခဲ့ဘူး။ ဘယ်သူရိုက်ရိုက်၊ ဘယ်ထောင့်၊ ဘယ်နေရာကပဲဖြစ်ဖြစ် ဝိုင်းဝန်းကူညီဖို့၊ ပံ့ပိုးဖို့ဆိုပြီး တစ်ချိန်လုံး တစ်စိုက်မတ်မတ်ပါခဲ့တယ်။ ဒီကြားထဲမှာလည်း ဝေဖန်ပုတ်ခတ်မှုတွေကြားထဲက ဒီအဖွဲ့ကြီးက ဖျက်မလို၊ မလုပ်တော့ဘူးလိုနဲ့ တော်တော်ကြုံကြုံခဲ့ပြီးတော့ ဗိုလ်ချုပ်ရုပ်ရှင်ဖြစ်မြောက်ရေးအတွက် ကြိုးစားခဲ့ကြတယ်။ ဒီနေ့ဖြစ်မြောက်အောင်လုပ်နိုင်ဖို့ အခြေအနေတွေပေးလာ ပြီဆိုတဲ့အချိန်မှာ ဒီတာဝန်ကြီးက ပခုံးပေါ် ရောက်လာတယ်။ ကိုယ်က လွှဲရင်လည်း ဒီအဖွဲ့မှာ ဘယ်သူမှ မရှိတော့ဘူးဆိုတော့ ဒီတာဝန်ကိုဖြစ်အောင် လုပ်မယ်ဆိုတဲ့ နဂိုကတည်းက ရှိတဲ့ သန္နိဋ္ဌာန်နဲ့ ဒီတာဝန်ကို ကိုယ်ယူလိုက်တာပါ။

**အရင်ကရော ဒီလိုကားမျိုး ရိုက်ခွင့်ရရင်ဆိုတဲ့ စိတ်ရှိခဲ့မှာပဲနော်။**

အရင်ကတော့ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ဖို့ဆိုတာကို ကိုယ်ကိုယ်တိုင်လုပ်ဖို့ စိတ်ကူးမရှိခဲ့ပါဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်ကိုတော့ ကိုယ်က အရမ်းလေးစားတယ်။ သက်ရှိပုဂ္ဂိုလ်ထဲမှာဆိုရင် အလေးစားဆုံးပုဂ္ဂိုလ်ပဲ။ ဒါတောင် ကိုယ်တွေ ဖတ်သလောက်၊ မှတ်သလောက် သူ့မိန့်ခွန်းတွေ ကြည့်ပြီးတော့ လေးစားရတာလေ။ ပြီးတော့ သူ့ရဲ့သွေးဖြစ်တဲ့ အမေ ဒေါ်အောင်ဆန်းစုကြည်ကို သက်ရှိထင်ရှားကြီး မြင်နေရတော့ ပိုပြီးတော့ လေးစားကြည်ညိုတယ်။ အဲဒီစိတ်က အပြင်းထန်ဆုံးပဲ။

**သရုပ်ဆောင်တွေ ရွေးချယ်ခဲ့တာ အချိန်ကြာမြင့်နေပြီဖြစ်တဲ့အတွက် သတ်မှတ်ထားခဲ့တဲ့အရွယ်ရော ပြောင်းလဲနေနိုင်လား။**

ဗိုလ်ချုပ်နဲ့ ဒေါ်ခင်ကြည်ကတော့ အရင်က ရွေးထားတဲ့ သရုပ်ဆောင်နှစ်ယောက်ပါပဲ။ အသက်အရွယ်အရ ပြောင်းလဲသွားတာမျိုး မရှိသေးပါဘူး။ ကျော်ကျော်မျိုးကလည်း အသောက်အစားမရှိ၊ အားကစားသမားဖြစ်တဲ့အတွက် Body Weight ကိုလည်း အချိန်မရွေး တင်တာ၊ ချတာတွေ လုပ်လို့ ရပါတယ်။ စိတ်ဓာတ်ကလည်း အားကစားသမားစိတ်ဓာတ် အပြည့်ရှိတဲ့အတွက် အံဝင်နေတုန်းပါပဲ။ ဇာခြည်လင်းဆိုလည်း ပြင်ပမှာက ကျောင်းဆရာမလေးပဲဆိုတော့ ဆရာမရဲ့ အရိပ်အငွေ့နဲ့ ဒေါ်ခင်ကြည်ရဲ့အရိပ်အငွေ့တွေက သူ့မှာအလိုလိုရှိနေပြီးသားပါ။

**ဗိုလ်ချုပ်ရုပ်ရှင်ကြီးက လူမင်းအတွက် သမိုင်းတစ်ခုဖြစ်သွားနိုင်လား။**

ဟာ…ဖြစ်တာပေါ့။ တာဝန်လည်း အရမ်းကြီးပါတယ်။ သမိုင်းပေးတာဝန်ဆိုတာက သူ့အချိန်အခါကျလို့ ကိုယ့်ပခုံးပေါ် ရောက်လာတာကို ကိုယ်က ထမ်းဆောင်ခွင့်ရတာ ကိုယ်က ဂုဏ်ယူပါတယ်။

**ဘယ်လောက်ပဲ လေ့လာထားထား တကယ့်အလုပ်ခွင်ကျရင် ကွာခြားချက်တွေရှိတတ်တော့ အခုလေ့လာမှုတွေ ပြန်စနေရပြီလား။**

လေ့လာမှုတွေ စ,နေပါပြီ။ အရင်တုန်းက ကိုယ်က ဒါရိုက်တာ တာဝန်ယူရမှာ မဟုတ်ဘူးဆိုတော့ စိတ်က အဲဒီလောက်တော့ မလေးပင်ဘူး။ ခုတော့ လေးပင်ပြီးတော့ လိုအပ်တာတွေ အကုန်လုံးကို ကိုယ် တစ်စိုက်မတ်မတ် လေ့လာနေပါတယ်။ သမိုင်း မမှားအောင်လည်း သမိုင်းသုတေသီတွေအများကြီးနဲ့ ကိုယ်က တိုင်ပင်ဆွေးနွေးပြီးမှ ဇာတ်ညွှန်းဖန်တီးနေတာပါ။ အဲဒီမှာလည်း ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး။ အတွေ့အကြုံအများကြီးရှိတဲ့ ဇာတ်ညွှန်းဆရာတွေနဲ့ပါ။ မူလကတည်းကလည်း တကယ့် ဝါရင့်ဆရာကြီးတွေ အဆင့်ဆင့် ရေးသားပြီးသား ဇာတ်ညွှန်း၊ အဲဒါကို သမိုင်းသုတေသီတွေက ဖတ်ပြီးတော့ အမှားပြင်ဆင်ချက်တွေ ပြင်ဆင်ပေးထားတဲ့ ဇာတ်ညွှန်း၊ အဲဒါကို ကိုယ်က ထပ်ပြီးတော့ ပို၍ကောင်းအောင်၊ ပို၍ အမှားနည်းအောင် ထပ်ပြီး ပြင်ဆင်ပြီးတော့မှ ရိုက်ကူးမှာပါ။

**ဒါဟာ သမိုင်းတစ်ခုဆိုပေမဲ့လို့ ဖော်ဆောင်ရမယ့်သူတွေက အနုပညာရှင်တွေလေ။ ကိုယ့်ရဲ့အနုပညာ စိတ်ကူးတွေရှိရင်…။**

မြန်မာ့သမိုင်းကြောင်းမှာ တကယ်ရှိခဲ့တဲ့ ကိုယ်တို့ရဲ့ အမျိုးသား ခေါင်းဆောင်ကြီးကို ကိုယ်တို့က ရုပ်ရှင်အသွင်နဲ့ သရုပ်ဖော်ရမှာဖြစ်ပါတယ်။ ရုပ်ရှင်အသွင်ဆိုတော့ ရုပ်ရှင်ဆန်အောင်တော့ လုပ်ရပါမယ်။ သမိုင်းကြောင်း တစ်လျှောက်ကြီး အကုန်လုံးတော့ ပါနိုင်မှာ မဟုတ်ဘူး။ နှစ်နာရီစာ ရုပ်ရှင်အတွင်းမှာ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်၊ ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဗိုလ်ချုပ်ရဲ့ တပ်မတော် ဖခင်ကြီးဖြစ်မှု စသဖြင့်ပေါ့လေ။ ဗိုလ်ချုပ်ရဲ့အတ္ထုပ္ပတ္တိ ဆိုပေမဲ့လို့ တပ်မတော်ရဲ့ သမိုင်းကြောင်း၊ လွတ်လပ်ရေး သမိုင်းကြောင်းတွေကို ဇာတ်ကွက်အရ လိုအပ်တဲ့ သမိုင်းကြောင်းတွေကို ဆွဲယူပြီး ရုပ်ရှင်အဖြစ် ဖန်တီးကြမှာ ဖြစ်ပါတယ်။ ကိုယ့်ရုပ်နဲ့ လိုက်ဖက်တဲ့ ဇာတ်ကောင်ပါရင်တော့ပါ ဝင်ဖြစ်ပါမယ်။ ကိုယ့်ရုပ်၊ ကိုယ့်အသက်အရွယ်နဲ့ ဗိုလ်ချုပ်တို့ခေတ်က အသက်အရွယ်နဲ့ လိုက်ဖက်တာပါရင်တော့ ပါဝင်သရုပ်ဆောင် ဖြစ်ပါမယ်။ မပါရင်တော့ မပါဝင်ဖြစ်ပါဘူး-လို့လည်း လူမင်းက ပြောပြခဲ့ပါတယ်

■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ဆိုးတဲ့ဇာတ်ရုပ်ကို စိုက်ကြိုက်ပြီး အားသန်နေတဲ့ အောင်ရဲလင်း

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview

## ကြုံရာဆုံရာ တစ်မိနစ်တာ

'ပိုက်ဆံရရင် အကုန်လုပ်တယ်။ ဆိုးတယ်၊ မိုက်တယ်၊ ပိုင်းလုံး၊ ဒီဇာတ်ရုပ်က မကောင်းဘူး။ လက်ခံရိုက်ကူးဖြစ်တာက ကျွန်တော် ကိုယ်တိုင်ကြိုက်လို့ပါ။ ကျွန်တော်က လိမ္မာတဲ့ ကာရိုက်တာထက် ဆိုးတဲ့ကာရိုက်တာကို ပိုကြိုက်တယ်။ အဲဒီကာရိုက်တာကို ပိုအားသန်တယ်' လို့ အောင်ရဲလင်းက လက်ရှိအကြိုက်တွေ့နေတဲ့ ဇာတ်ရုပ်ကိုပြောပြခဲ့တာပါ။ အောင်ရဲလင်းနဲ့ **'အမုန်းအက္ခရာ'** ဆိုတဲ့ ရုပ်ရှင်ကားကန်တော့ပွဲပေးတဲ့နေ့မှာ တွေ့ဆုံခဲ့တာဖြစ်ပြီး အောင်ရဲလင်းက လူဆိုးဇာတ်ရုပ်အတွက် နှုတ်ခမ်းမွေးသဲ့သဲ့နဲ့ Body ကိုပါ ပြင်ဆင်ထားတာပါ။

**အဲဒီလို ဆိုးသွမ်းဇာတ်ရုပ်က ပိုပြီးစိတ်မပင်ပန်းဘူးလား။**

ပင်တော့ပင်ပန်းတာပေါ့နော်။ ဇာတ်ရုပ်တိုင်းကတော့ ပင်ပန်းတာပါပဲ။ ဒီကားမှ မဟုတ်ပါဘူး။ ဘယ်ဇာတ်ရုပ်မဆို ပင်ပန်းတဲ့ဇာတ်ရုပ်တွေကြီးပါပဲ။ ရိုက်နေတဲ့ ကာလတစ်လျှောက်လုံး စိတ်ပင်ပန်းရတယ်။ ဒီဇာတ်ရုပ်ကို တစ်ချိန်လုံး Mood သွင်းထားရတယ်။ ကိုယ့်ပရိသတ်ကိုလည်း ယုံကြည်လို့ ဒီလိုပိုင်းလုံး၊ ဆိုးသွမ်းဇာတ်ရုပ်တွေ ရိုက်ကူးဖြစ်တာပေါ့။

ကျွန်တော့်ပရိသတ်ကိုတော့ ယုံကြည်ပြီးသားပါ။ ပြီးတော့ အမိက လိမ္မာတဲ့ ဇာတ်ရုပ်ထက် ဆိုးတဲ့ဇာတ်ရုပ်ကို ပိုကြိုက်တယ်။ လိမ္မာတဲ့ ဇာတ်ရုပ်ကပျင်းစရာကြီး။ ဆိုးတဲ့ဇာတ်ရုပ်ကျတော့ ကိုယ်ကြိုက်သလို လုပ်လို့ရတယ်။ လွတ်လပ်တယ်။ ပိုပြီးတော့လည်းပြင်ဆင်လို့ ကောင်းတယ်။

**ပိုင်းလုံးဇာတ်ရုပ်မျိုးက နည်းနည်းကြောက်စရာကောင်းတဲ့ဇာတ်ရုပ်လေ။ ပြီးတော့ အဲဒီလိုလူမျိုး အောင်ရဲလင်းအပြင်မှာ တကယ်တွေ့ရင် ဘယ်လိုခံစားမိမလဲ။**

ကျွန်တော်ကတော့ အဲဒီလိုမျိုးကြီး သူများအပေါ် ဝေဖန်တာမျိုးကြီး မရှိပါဘူး။ အမိကတော့ တချို့တလေ မိသားစုအတွက် လုပ်ရတဲ့သူတွေ ကျွန်တော် အများကြီးတွေ့ဖူးတယ်။ အဲဒါမျိုးကျတော့လည်း ဘာတတ်နိုင်မှာလဲဗျာ။ ဘဝပေးကုသိုလ်ပေါ့။ အဲဒီလို မဟုတ်ဘဲ ဘလိုင်းကြီးဆိုရင်တော့ ကြည့်ရတာ အဆင်ပြေမှာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက်က ကံချင်းလည်း မတူဘူး။ တချို့က ချမ်းသာတဲ့ အသိုင်းအဝိုင်းက လာတော့ ဘဝမှာ ပြည့်စုံတယ်။ တချို့ကျတော့လည်း မပြည့်စုံတဲ့အတွက် ပြည့်စုံအောင် အများကြီး ကြိုးစားရတယ်။ ကိုယ်မမြင်နိုင်တဲ့နောက်ကွယ်မှာ အများကြီးရှိတယ် ဆိုတော့ ဘယ်သူ့ကိုမှ ဒါမကောင်းဘူး၊ ကောင်းတယ်လို့ ဝေဖန်လိုစိတ်မရှိဘူး။

**အခုနောက်ပိုင်း ဇာတ်ရုပ်တွေကို ဘယ်လိုရိုက်ကူးဖြစ်နေလဲ။**

ကားရိုက်ဘယ်လောက်ပဲ နည်းနည်း၊ များများ ဇာတ်ရုပ်ကို ပြင်ဆင်မှု အားကောင်းကောင်းနဲ့ပဲ ပြင်ဆင်ပြီး ရိုက်ချင်တယ်။ Reproduction ဝင်ရမယ့်အပိုင်းမှာလည်း Reproduction ဝင်ပြီးရိုက်ချင်တယ်။ သေချာရိုက်ရမယ့် ရုပ်ရှင်ကားတွေမှာလည်း သေချာပြင်ဆင်ပြီး ရိုက်ချင်တယ်။ ငယ်ငယ်တုန်းကစိတ်နဲ့ အခုကြီးလာတဲ့ စိတ်နဲ့တော့ ကွာသွားတာပေါ့။ ပိုပြီး ကြီးလာလေလေ လူတိုင်းက အလုပ်လုပ်တဲ့ နေရာမှာ ပိုပြီးလေးနက်လာလေလေပဲ။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို ပိုပြီး လေးနက်လာတယ်လို့ မြင်တယ်။ အဲဒီလေးနက်တဲ့စိတ်အတိုင်းပဲ ကြိုးစားသွားမှာပါ။

**အချစ်ဆိုတဲ့ စကားလုံးကို တဖြည်းဖြည်း မုန်းလာတဲ့ဇာတ်ရုပ်ကို သရုပ်ဆောင်နေတယ်ဆိုတော့ အပြင်က အောင်ရဲလင်းကရော…။**

ကျွန်တော်ကတော့ အဲဒီလို မရှိပါဘူး။ မမုန်းပါဘူး။ ကျွန်တော်ကတော့ ကြိုက်ပါတယ်။

**လတ်တလော အချစ်ရေးက ငြိမ်နေတယ်နော်။ လိမ္မာနေတာလား။**

ကျွန်တော် အေးဆေးပဲနေတာပါ။ လိမ္မာနေတာတို့၊ ဆိုးတာတို့ မရှိပါဘူး။ အေးဆေးပဲနေပါတယ်။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ။ ခုခေတ်က မီဒီယာအားကောင်းတဲ့ခေတ်။ အရင်ကတော့ Facebook တို့၊ ဘာတို့မရှိတော့ အနုပညာရှင်တွေရဲ့အချစ်ရေးကို သိပ်မသိကြဘူး။ ခုကျတော့ အများကြီးပဲ ပေါ်လာတယ်။ မေးတဲ့သူတွေကလည်း အခုလို ဒဲ့တွေ မေးတဲ့အခါကျတော့ လူတွေ ပိုပိုသိလာကြတာပေါ့။ ခေတ်ပြောင်းသွားတာ အများကြီးပါ,ပါတယ်။

အောင်ရဲလင်းက ဒီဝါကျွတ်ကိုလည်း လူကြီး၊ မိဘ၊ ဆရာသမားများကို ကန်တော့ရင်း၊ ဇာတ်ကားရိုက်ကူးရင်းနဲ့ပဲ ဖြတ်သန်းခဲ့တယ်လို့ ဆိုပါတယ်။ ■ မန်းသူ





www.burmeseclassic.com

www.burmeseclassic.com



# ပရိသတ်ရှိတဲ့ နေရာတိုင်းမှာ ကိုယ်ရှိနေမှာပဲ ကြိုးစားမယ်ဆိုတဲ့ ဖြိုးကြီး

ဓနိုးသျှူ



www.burmeseclassic.com

www.burmeseclassic.com

## One Minute Interview

## ဖြိုးကြီး တစ်မိနစ်

'ဂီတလုပ်ရတာ တစ်ခု အားသာတာက ကိုယ့်ဟာကိုယ်အသက်ကို မွေးမွေးနေတယ်'လို့ ပြောလာသူက အဆိုတော် ဖြိုးကြီးပါ။ ပရိသတ်ရှေ့ကနေ ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေတဲ့ ဖြိုးကြီးက အခုတစ်ဖန် ပေါ်လာပြန်ပြီး အင်တာနက်ကနေ Own Tune သီချင်းတွေတင်ရင်း ပရိသတ် ပြန်သတိထားမိလာပါတယ်။ ဖြိုးကြီးလို့ ပရိသတ်သိထားတဲ့ Style တွေကိုလည်း ခုထိ ထိန်းထားနိုင်ဆဲ ဖြိုးကြီးက 'အရင်အတိုင်း ပုံစံမပြောင်းတာက မိဘတွေကြောင့်ပါ။ မိဘတွေက ကျွန်တော့်ကို ချစ်ကြလို့ ခုလိုစိတ်နဲ့ နေနိုင်တာပါ' လို့ ပြောပြပါတယ်။ ပွဲတွေမှာ ပြန်တွေ့လာရတဲ့ ဖြိုးကြီးနဲ့တွေ့ဆုံမိခိုက်...။

**ခေတ်ကလည်း မတူတဲ့အတွက် ပရိသတ်အပြောင်းအလဲအပေါ် ခံစားမှုရှိလား။ ဒီခေတ်လူငယ်တွေကိုရော လေ့လာကြည့်မိလား။**

အဆင်ပြေပါတယ်။ လူငယ်တွေနဲ့က လုံးဝ ပြဒါးတစ်လမ်း၊ သံတစ်လမ်း မဖြစ်သွားတာကိုပဲ ကိုယ့်ကိုယ်ကိုရော၊ လူငယ်တွေကို ရော ကျေးဇူးတင်ပါတယ်။

**လူငယ်တွေနဲ့ သဟဇာတဖြစ်အောင် ကိုယ့်ကိုယ်ကို ဘယ်လိုUp grade လုပ်ရလဲ။**

ကျွန်တော့်အဓိက Main က Local သီချင်းတွေအကုန် နားထောင်တယ်။ *စိုင်းစိုင်းရဲ့ စိုင်းစိုင်း* အခွေဆိုလည်း ကျွန်တော့်သူငယ်ချင်းပါပဲ။ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့လိုင်းနဲ့ ဘာမှမဆိုင်ဘူး။ ကျွန်တော်က ဘန်နီလည်း နားထောင်တယ်။ တခြားဟာ ထွက်သမျှလည်း နားထောင်တယ်။ နာမည်ကြီးတာတွေရော၊ မကြီးတာတွေရော အကုန်နားထောင်တယ်။ ပြီးတော့ နိုင်ငံခြားကထွက်သမျှဂီတပေါ့။ အခု အင်တာနက် တွေရလာတာ ကျွန်တော့်အတွက် အရမ်းအဆင်ပြေတယ်။ နားထောင်တယ်။ ကျွန်တော့်အကျင့်က အဲဒါပေါ့နော်။

**အရင် ဖြိုးကြီးခေတ်ဖြစ်ခဲ့တုန်းက အခွေကို တကယ်ဝယ်ပြီးအားပေးတဲ့ ပရိသတ်ဆိုတာ ရှိတယ်။ ဒီဘက်ခေတ်မှာတော့ ဖြိုးကြီးကိုယ်တိုင်တောင် အွန်လိုင်းမှာ တင်ပြီးပေးရတာတွေ ရှိလာတယ်။ အဲဒီအပေါ် ကောင်းခြင်း၊ ဆိုးခြင်းပေါ့။**

ကျွန်တော်တို့က အသံတစ်ခုတည်းကိုပဲ ၁၀၀ ရာခိုင်နှုန်းပေးရတာ။ အာရုံစူးစိုက်မှုပေါ့။ အခုတော့ သီချင်းတစ်ပုဒ်က နည်းလမ်း ၄၊ ၅ မျိုးလောက်နဲ့ ခံစားရတဲ့အဆင့်တွေ ရောက်သွားပြီ။ နေရာတွေ အရမ်းကွဲသွားပြီ။ ခွဲပြီး ခံစားကြရတယ်လို့ပဲ မြင်ပါတယ်။ ပရိသတ်တွေ ခံစားမှု အားလျော့သွားတယ်လို့တော့မမြင်ပါဘူး။ သီချင်းတစ်ပုဒ်ကို ဒီနေရာမှာ နားထောင်ပြီးရင် တခြားနေရာမှာလည်း နားထောင်လို့ရတဲ့ Way တွေ များလာတာပေါ့။ ဒီတော့ အဓိက,က သူတို့ခွဲပြီး နားထောင်တဲ့နေရာတိုင်းမှာ ကိုယ်ရှိဖို့ပဲ ကြိုးစားမယ်ဆိုတဲ့ ကျွန်တော့်ရဲ့ Mission ပေါ့။ အဲဒီလိုပဲ ကြိုးစားပါတယ်။

**အခုက ဂီတမှာ သက်တမ်းတစ်ခုလည်း ရောက်လာပြီ။ လေ့လာမှုတွေလည်း ရလာပြီဆိုတော့ သီချင်းစသားတွေ၊ သံစဉ်တွေကရော ဘယ်လိုဖြစ်လာလဲ။**

ကျွန်တော် အမှန်အတိုင်းပြောပြရရင် ကိုအင်မိန်းမပေါ့နော်။ မသီတာပေါ့။ ကျွန်တော် အခု အခွေထွက်တဲ့အထဲမှာ *ကလေးကဗျာ* ဆိုတဲ့ State ကျောင်းသားဘဝက အကြောင်းကို ရေးလိုက်မိတာပေါ့။ သူက အဲဒီသီချင်း ငါ လုံးဝခံစားလို့ မရဘူးလို့ ဆူတာပေါ့။ မသီတာကတော့ ကျွန်တော့်မိဘလိုပါပဲ။ အဲဒီအချိန်မှာ ကျွန်တော့်ခေါင်းထဲ ချက်ချင်းရောက်လာတယ်။ ငါ့အရွယ်နဲ့ ဒီသီချင်းမျိုး မရေးသင့်တော့ဘူး၊ မဆိုသင့်တော့ဘူးဆိုတာ သိသွားတယ်။ Own Tune ဆိုတော့ ပရိသတ် Side ကိုပဲ ကြည့်ပြီးတော့ Teenager တွေအတွက်ပဲ သီးသန့် ရေးလိုက်တာ။ ကလေးတွေတော့ ကြိုက်ပါတယ်။ ဒါပေမဲ့ နောက်ဆိုရင်တော့ ကိုလေးဖြူရဲ့ *ဒါ့အချစ်လား* လိုမျိုး ရင့်ကျက်တဲ့ဟာမျိုး ဆိုသင့်၊ ရေးသင့်ပြီလို့ ထင်ပါတယ်။

**အခုရော ပရိသတ်ကို ပေးမယ့် အနုပညာအသစ်တွေနဲ့ မိတ်ဆက်ပေးရအောင်နော်။**

ကျွန်တော်မှာ အခု လောလောဆယ် ကိုရွှေကျော်ကျော်ရဲ့ *What do you want* ဆိုတဲ့ သီချင်းလေးတစ်ပုဒ်ရှိတယ်။ အဲဒီသီချင်းလေးကို ချမ်းအေးဝင်းနဲ့ တီးဖို့ရှိပါတယ်။ အောင်ဖြိုး ရေးပေးထားတဲ့ *ဂျယ်လီ* ဆိုတဲ့ သီချင်းလည်းရှိတယ်။ စောခုဆဲရဲ့ *ချစ်ခြင်း၏ ကွက်လပ်များ* ဆိုတဲ့ ကျွန်တော့်အကြောင်းကို သေချာရေးပေးထားတဲ့ ကျွန်တော့်ရင်ဘတ်ကိစ္စပေါ့နော်။ အဲဒီသီချင်းလေး ရှိတယ်။ ပြီးတော့ နောနော် ရေးပေးထားတဲ့ သီချင်းတွေရှိတယ်။ ပြီးတော့ အလုပ်တစ်ခုပေါ့နော်၊ အနုပညာတွေပေါင်းပြီး လုပ်မယ့်အလုပ်တစ်ခုရှိပါ တယ်။ First step, Second step ဆိုပြီး တစ်ဆင့်ချင်းဆီ သွားရမယ့် Long Plan တွေလည်း ရှိပါတယ်။

**အနုပညာအများကြီး လုပ်ဖို့ အားတွေမွေးနေပြီပေါ့။**

ကျွန်တော် လုပ်ကိုလုပ်ရမှာပါ။ တစ်ခေါက်၊ တစ်ခေါက် ပြန်လာလာပြီး မိတ်ဆက်နေရတာ အရမ်းပင်ပန်းပါတယ်။ ပရိသတ်တွေကလည်း အတော်မျက်စိနောက်လာပါပြီ။ အသက်ကလည်း ကလေးအရွယ် မဟုတ်တော့ပါဘူး။ အရင်ကတော့ အကြောင်းကြောင်းတွေ အများကြီး ရှိတာပေါ့နော်။ စိတ်လွတ်လက်လွတ်လုပ်လို့ မရတာတွေ၊ အခြေအနေမပေးသေးတာတွေ ရှိတာပေါ့။ ခုတော့ လုပ်ရမှာပေါ့။

ဖြိုးကြီးက ဒီဇင်ဘာလထဲမှာလည်း ကိုယ်ပိုင်သံစဉ်သီချင်းတချို့ကို အင်တာနက်ကနေ ပရိသတ်အတွက် ထပ်ပေးဖို့ရှိတယ်လို့ ပြောပြခဲ့ပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ဘဝကို ကြည့်တတ်အောင်ပဲ နေတဲ့ G Fatt

မနိုးချူ



www.burmeseclassic.com

www.burmeseclassic.com



G Fatt က
အချိန်တိုတိုအတွင်းမှာ
သူ့ရဲ့ အနုပညာတွေကို
ပရိသတ်
သတိထားမိအောင်
လုပ်ပြနိုင်တဲ့
အနုပညာရှင်တစ်ဦးပါ။
ဂီတလောကထဲ
စဝင်ကတည်းက
ဂီတနဲ့သာမက လူမှုရေး၊
အချစ်ရေးပိုင်းမှာလည်း
ပရိသတ် အမှတ်ထင်ထင်
ဖြစ်စေတဲ့ G Fatt က
အချိန်တိုအတွင်းမှာ
သူ့ပရိသတ်အတွက်
One Man Show ကို
လည်း လုပ်ပြနိုင်ခဲ့သူပါ။
G Fatt ရဲ့ဂီတ၊
G Fatt ရဲ့ အချစ်၊
G Fatt ရဲ့စိတ်ကူးတွေကို
သိချင်လာတဲ့အတွက်
တွေ့ဆုံဖြစ်တဲ့ခဏ…။

**အခုနောက်ပိုင်း သီချင်းတွေလုပ်ရတာ ဘယ်လို Idea တွေ ပိုရလာလဲ။**

**အရင် G Fatt ထက်စာရင် အခု G Fatt ပေါ့။**
အများကြီးပြောင်းလဲ
သွားတာပေါ့နော်။
တွေးတဲ့
အတွေးတွေလည်း
ပြောင်းလဲသွားတယ်။
ရေးတဲ့စာသားလည်း
ပြောင်းလဲသွားတယ်။
ကြုံရတဲ့
ပတ်ဝန်းကျင်လည်း
ပြောင်းလဲလာတာကိုး။

**G Fatt ဆိုတဲ့ နာမည်တစ်ခုကို ကြာရှည်ထိန်းသိမ်းဖို့ ဆိုတဲ့စိတ်နဲ့ ဆက်လုပ်နေရတာလား။ ဘယ်လိုပုံစံနဲ့ ရှေ့ဆက်သွားမလဲ။**

ကျွန်တော် အသစ်တစ်ယောက်လိုပဲ သွားပါမယ်။ စပေါ်ခဲ့ကတည်းက တစ်ယောက်လိုမျိုးပဲ။ အောင်မြင်နေပြီဆိုပေမဲ့ ကျွန်တော် နာမည်တစ်ခုကို တည်ဆောက်ဆဲ အဆိုတော်အသစ် တစ်ယောက်လိုမျိုးပဲ နေ့တိုင်းကို အစွမ်းကုန် ကြိုးစားသွားပါမယ်။

**G Fatt ဆိုတဲ့ နာမည်နောက်မှာ ခက်ခဲမှုတွေ ဘယ်လောက်ရှိလဲ။ ခါးသီးမှုနဲ့ ချိုမြိန်မှု ဘယ်အရာကပိုလဲ။**

ကြည့်တဲ့ မျက်လုံးနဲ့ပဲ ဆိုင်မယ် ထင်ပါတယ်။ ခါးသီးမှုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ အဲဒီကြားထဲက ရုန်းမထွက်နိုင်အောင် အများကြီး ရှိပါတယ်။ ချိုမြိန်မှုကို ကြည့် မယ် ဆို ရင် လည်း အများကြီး ရှိပါတယ်။ ကျွန်တော်ကတော့ ကြည့်တတ်အောင်ပဲ နေပါတယ်။

**ကိုယ်လုပ်သမျှတွေကို ကျေနပ်အားရမှုအပြည့်တော့ ရှိနိုင်ပြီလို့ မထင်ဘူးနော်။**

အခုထိလည်း ပန်းတိုင်တွေက လောဘကြီးတယ်။ တစ်ခုပြီးသွားရင် နောက်တစ်ခု ထပ်လုပ်ချင်လာတာပဲ။ အခု One Man Show ပြီးသွားရင်လည်း နောက်ထပ် One Man Show ပေါင်းများစွာ ထပ်လုပ်ချင်လာဦးမယ်လို့ ကိုယ့်ကိုယ်ကို ထင်တာပါပဲ။ အဲဒီအခါကျရင်လည်း ထပ်လုပ်နိုင်ဖို့ ကြိုးစားမယ်။ ကျွန်တော်ကတော့ အမြဲတမ်း သေသေချာချာကြိုးစားသွားပါ့မယ်လို့ပဲ ပြောချင်ပါတယ်။

**အောက်တိုဘာလက Frenzo နဲ့ ဂီတခရီးစဉ်လေး ကရော အတော်ပျော်ခဲ့ ရဲ့လား။ ချစ်သူလည်း ပါတယ်ဆိုတော့။**

ပျော်စရာကောင်းပါတယ်ခင်ဗျာ။

**ခရီးစဉ်တွေ သွားရတိုင်းမှာ ကိုယ့်အတွက် ခံစားမှုအသစ်၊ သံစဉ်၊ စာသားအသစ်တွေ ထွက်လာနိုင်လား။**

ထွက်လာနိုင်တာပေါ့။ အဲဒီလိုမျိုးနဲ့ ထွက်ခဲ့တဲ့ သီချင်းတွေရှိပါတယ်။ *မြို့ပြရဲ့အဝေး* ဆိုလည်း ခရီးထွက်ရင်းနဲ့ ရေးဖြစ်ခဲ့တဲ့ သီချင်းပေါ့နော်။ ခရီးထွက်တိုင်းကတော့ အတွေ့အကြုံအသစ်တွေ၊ စဉ်းစားစရာအသစ်တွေ အများကြီးရပါတယ်။

**ကိုယ့်ရဲ့ ဂီတနဲ့ ပတ်သက်လာရင်ရော ချစ်သူရဲ့ ကူညီပံ့ပိုးမှုတွေ ဘယ်လောက်ထိရလဲ။**

သူ့ရဲ့ကူညီမှုတွေ အများကြီးရပါတယ်။ လိုအပ်တဲ့နေရာတွေမှာအစွမ်းကုန် ဖြည့်ဆည်းပြီးတော့ ကူညီပေးတယ်။ ဝိုင်းဝန်းအကြံပြုပေးပါတယ်ခင်ဗျ။

**သူ့အတွက်ရော သီချင်းတွေ ရေးပေးဖြစ်သေးလား။**

ခုရက်ပိုင်းတော့ မရေးပေးဖြစ်ဘူး။ တစ်ကိုယ်တော်အတွက်လည်း အလုပ်ရှုပ်နေလို့လေ။ ပြီးခဲ့တဲ့ရက်တွေကတော့ မေမေဆူမှာစိုးလို့ ဆိုတဲ့ သီချင်းတစ်ပုဒ် ရေးပေးဖြစ်တယ်။ လွှင့်လည်းလွှင့်ပြီးသွားပါပြီ။

**အနုပညာရှင်နှစ်ယောက်ဖြစ်တဲ့အတွက် နားလည်မှုအပြင် ဘယ်လိုပုံစံနဲ့ ဆက်သွားဖို့ စဉ်းစားလဲ။**

အခုလောလောဆယ်တော့
နားလည်မှုရှိရှိနဲ့
ကျွန်တော်တို့ ရှေ့ဆက်သွား
နေပါတယ်။ သူလည်း
သူလုပ်တဲ့အလုပ်တွေ
ကြိုးကြိုးစားစားလုပ်၊
ကျွန်တော်လည်း
ကိုယ်လုပ်တဲ့ အလုပ်တွေ
ကြိုးကြိုးစားစားလုပ်၊
အဲဒီလိုလေးနဲ့ပဲ
ကျွန်တော်တို့ ရှေ့ဆက်
သွားပါတယ်။
ညှိနှိုင်းရတာပေါ့
အနုပညာရှင်ချင်းလည်း
ဖြစ်နေတော့။ သွားတဲ့
အသိုင်းအဝိုင်းလည်း
မတူဘူး။ ဘဝမှာ
သူကြုံတွေ့လာရတဲ့
အခက်အခဲနဲ့ ကိုယ်ကြုံတွေ့
လာတဲ့ အခက်အခဲတောင်
မတူဘူး။ ဒါပေမဲ့
တူတာလေးတွေ စဉ်းစား
ပြီးတော့ပဲ ညှိနှိုင်းပြီး
နေပါတယ် ခင်ဗျာ။

**သူက ကိုယ့်အရင် အနုပညာရှင်ဆိုတော့ သူက နဂိုကတည်းက ကိုယ့် Crush လား။**

အဲဒီလိုတော့ မဟုတ်ပါ
ဘူးဗျ။ ကျွန်တော်တို့
နှစ်ယောက် ဖူးစာပါလို့ပါ။
G Fatt က ဂီတအလုပ်
တွေနဲ့ ပိုရှုပ်နေတာကြောင့်
အင်္ကျီလုပ်ငန်းကို
ခဏ နားထားပေမဲ့
သူ့ရဲ့ One Man Show
မှာတော့ ဒီဇိုင်းအသစ်နဲ့
အင်္ကျီတွေကို
အမှတ်တရလက်ဆောင်
ပြန်ပေးခဲ့ပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# ဘဝနဲ့ဂီတအတွက် ကိုယ်ရေးကိုယ်တာ ခံစားမှုတွေကို မေ့ထားတယ်

မနိုးသူ

X Box က ယနေ့ခေတ် လူငယ်တွေနဲ့ ရင်ဘတ်ချင်းတူတဲ့ အနုပညာရှင်တစ်ဦး။ Show တွေမှာ လူငယ် ပရိသတ်နဲ့ တစ်သားတည်းကျပြီး မြူးမြူးကြွကြွ ခုန်ပေါက်၊ အော်ဟစ်သီဆို တင်ဆက်လေ့ရှိသူပါ။ ၂၀၁၇ နှစ်ကတည်းက ထွက်ထားတဲ့ အိပ်ရေးမပျက်စေနဲ့ သီချင်း အောင်မြင်မှုက လူငယ် ပရိသတ်ကြားထဲ ရှိနေဆဲမှာပဲ *Hurt* သီချင်းအသစ် တစ်ပုဒ်ကို ဖန်တီး တင်ဆက်လိုက်ပါပြီ။ ကိုယ်တွေ့တွေနဲ့သာ အများဆုံး သီချင်းတွေ ဖန်တီးလေ့ရှိတဲ့ X Box က *Hurt* သီချင်းလေး အကြောင်းနဲ့ သူ့ရဲ့ ဂီတတွေအကြောင်း ပြောပြချင်လို့ဆိုပြီး တွေ့ဆုံမိကြတဲ့အခါ . . .။

**X Box ရဲ့ သီချင်းတွေထဲမှာ ရင်ထဲ၊ စိတ်ထဲက လာတဲ့သီချင်းနဲ့ ဦးနှောက်ကလာတဲ့ သီချင်း ဘယ်သီချင်းက ပိုများလဲ။**

သီချင်းပေါင်းစုံ ရှိတယ်ဗျ။ ကျွန်တော့်ဘဝမှာ ဘယ်ပွဲမှ မလွတ်တမ်းဆိုရတဲ့ အိပ်ရေးမပျက်စေနဲ့ သီချင်း ဆိုရင် ရင်ဘတ်ထဲက သီချင်း မဟုတ်ဘူး။ ဖြစ်ကတတ်ဆန်း ကောက်ရေးထားတဲ့ သီချင်း။ ကိုယ့်သီချင်းကို အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်လည်း တစ်မျိုးဖြစ်ဦးမယ်။ ကျွန်တော့် ရင်ဘတ်ထဲက တကယ်ထုတ်ပြီးတော့ ရှယ်ရေးတဲ့ သီချင်းတွေထက် ပိုပေါက်တယ်။ အခု *Hurt* သီချင်းဆိုရင် ရင်ဘတ်ထဲကလာတဲ့ သီချင်း၊ ဒီသီချင်းက အိပ်ရေးမပျက်စေနဲ့ လောက် ဟော့ချင်မှ ဟော့မယ်။ မတူဘူးပေါ့။

**X Box က လူငယ်ဆိုပေမဲ့ အချစ်သီချင်းနုနုလေးတွေ အရေးနည်းတယ်နော်။**

အချစ်သီချင်းနုနုလေးတွေ သိပ်ရေးတာမတွေ့ဘူးဆိုတာက ကျွန်တော့်ရင်ဘတ်ကြီးကလည်း အရမ်းကြီး သိပ်မကြိုက်တာလည်း ပါတယ်။ X Box သည် ခုန်မယ်၊ ပေါက်မယ်၊ မြူးမယ်၊ ကြွမယ်။ အချစ်သီချင်းဆိုလည်း ရုံဖန်ရံခါ တစ်ပုဒ်လောက်ဆို အထိလေး။ ဒီလောက်ပါပဲ။ ကျွန်တော်က အချစ်သီချင်း ရေးပြီဆိုရင်တော့ ဖြစ်ရပ်မှန်တွေနဲ့ တွဲပြီး ပိုရေးတာများပါတယ်။

**အခု လတ်တလော အင်တာနက်မှာ တင်လိုက်တဲ့ *Hurt* ဆိုတဲ့ သီချင်းအသစ်လေးက အမြူးမဟုတ်ဘဲ အသည်းကွဲ Mood နော်။**

ကျွန်တော့်မှာလည်း လူငယ်ဖြစ်တဲ့အတွက် လူငယ်အလျောက် ခံစားချက်ပေါင်းများစွာရှိတာပေါ့။ အဲဒီ များစွာထဲကမှ တစ်ခုပေါ့။ စိတ်ညစ်တာရှိမယ်။ အလုပ်အတွက် အဆင်မပြေတာ ရှိမယ်။ ဘာအတွက်ကြောင့် အဆင်မပြေတာ ရှိတာပေါ့လေ။ အဆင်မပြေမှုများစွာထဲက ရင်ဘတ်တစ်ခုကြောင့် ခံစားရတဲ့ အဆင်မပြေမှုတစ်ခုကြောင့် ဒီသီချင်းလေးက ထွက်လာတာပေါ့လေ။ ဒါပေမဲ့ ဘာကြောင့်ဆိုတာလည်း ပရိသတ်ကို မပြောပြချင်သလို သတင်းကြီးတစ်ခုလိုလည်း ကျွန်တော် မပြောချင်ဘူး။ အရေးမကြီးဘူးထင်လို့ပါ။ အဓိက ကျွန်တော် အဲဒီအချိန်တုန်းက ခံစားရတဲ့ ခံစားချက်လေးတွေကို ရေးလိုက်တယ်။ ဒါပါပဲ။

***Hurt* သီချင်းကို အသည်းကွဲခံစားမှုတွေနဲ့ရေးခဲ့တယ်ဆိုတော့ အခု ခံစားမှုတွေကရော…။**

ခုချိန်မှာတော့ အေးဆေးပါပဲ။ အဲဒီတုန်းက ခံစားခဲ့ရပေမဲ့ အခုအချိန်ကတော့လေ၊ ဒီနေ့ပြီး မနက်ဖြန် ဘာဖြစ်မလဲဆိုတာပဲ ကျွန်တော်တွေးတယ်။ ဘယ်အရာကိုမှ ကျွန်တော် အရမ်းမျှော်လင့်မထားဘူး။ တစ်နေ့ထက်၊ တစ်နေ့ထက် ပရိသတ်အတွက်ရော၊ ကိုယ့်စားဝတ်နေရေးအတွက်ရော၊ ကိုယ့်မိဘအတွက်ရော၊ ကိုယ့်ဘဝအတွက်ရော Level တစ်ခုပြီး တစ်ခုမြင့်အောင် ဘယ်လိုလုပ်ရမလဲ တွေးနေတဲ့အချိန်မှာ တစ်ခါတလေကျ လို့ရှိရင် ကိုယ်ရေးကိုယ်တာ ခံစားရတာတွေကို မေ့ထားပါတယ်။

**အရင် တင်ခဲ့ဖူးတဲ့ သီချင်းများနဲ့ အခု *Hurt* သီချင်း ပရိသတ်အနေအထားကရော…။ အိပ်ရေးမပျက်စေနဲ့ သီချင်းတုန်းကနဲ့ တူရဲ့လား။**

သွားပုံသွားနည်း ပရိသတ် မတူဘူးလို့ ထင်ပါတယ်။ ဒီ *Hurt* သီချင်းကို အားပေးတဲ့ ပရိသတ်ကျတော့ အလွမ်းအဆွေးကို ကြိုက်တဲ့ ပရိသတ်ပေါ့နော်။ အရင်သီချင်းတွေတုန်းကတော့ အရမ်းဝုန်းဒိုင်း၊ ဝုန်းဒိုင်းနဲ့ လူငယ်ကြိုက်သီချင်းတွေများတယ်။ အခုသီချင်းကလည်း လူငယ်မကြိုက်ဘူးလားဆိုတော့ လူငယ်ကြိုက်ပဲ။ ဒါပေမဲ့ Music style တွေ၊ ကျွန်တော့်ရဲ့ Music video ထဲမှာ ဝတ်ပုံစားပုံတွေ၊ သရုပ်ဆောင်ပုံတွေ၊ ပြီးတော့ ကျွန်တော့်ရဲ့ မျက်နှာအနေအထားတွေကတော့ အရမ်းကြီးတော့ လူငယ်သိပ်မဆန်ဘူး။ အဲဒီအတွက်လည်း ကျွန်တော်က ကျေနပ်ပါတယ်။ ကျေနပ်တယ်ဆိုတာထက် ကျွန်တော်က အလုပ်တစ်ခုကနေ တစ်ခုကို ကူးတိုင်း အဲဒီအပေါ်မှာ သိပ် Feel ဖြစ်လေ့ မရှိဘူး။ နောက်ထပ် လုပ်မယ့်အလုပ်တွေအတွက်ပဲ အာရုံပိုစိုက်တာများတယ်။

**သီချင်းတွေက လူငယ်တွေနဲ့ အမြဲ ရင်ဘတ်ချင်းနီးနေတော့ လူငယ်တွေရဲ့ စိတ်ကို ဘယ်လိုကြည့်လေ့ရှိလဲ။**

ပရိသတ်တွေက အမျိုးမျိုး အဖုံဖုံ ရှိတယ်။ ပရိသတ်တွေကိုတော့ ကျွန်တော်ကြည့်တယ်။ ဒါပေမဲ့ ပရိသတ် ခံစားချက်တွေကိုတော့ ကျွန်တော် အရမ်းတော့မကြည့်ဘူး။ ဘာလို့ဆိုတော့ သူတို့ရဲ့ ခံစားချက်ကို ကျွန်တော်လိုက်သွားမယ်ဆိုရင် ကျွန်တော့်ရဲ့ အနုပညာထွက်ကုန်တွေက ကျသွားမယ်။ ကျွန်တော့် ရင်ဘတ်ထဲမှာ ဖြစ်တဲ့အရာတွေ၊ ကျွန်တော် ကြိုက်နှစ်သက်တဲ့ Music style တွေပဲ ပရိသတ်တွေကို ကျွန်တော်ပေးပို့တယ်။ ကျွန်တော့်ရဲ့ အနုပညာ ဖန်တီးမှုကတော့ အဲဒီလိုပါပဲ။

X box က Fan တွေအတွက်၊ လူငယ်တွေအတွက် ဖိနပ်ထုတ်ဖို့ အစီအစဉ်ရှိနေပါတယ်။

"ဒီလကုန်လောက် ထွက်ဖို့စဉ်းစားထားတယ်။ ဗီဒီယိုတွေလည်း ရိုက်ပြီးသွားပါပြီ။ အင်တာနက်မှာလည်း ကြော်ငြာပါမယ်။ အမှတ်တရလေးပါပဲ။ စီးပွားဖြစ်ဆိုရင်တော့ အကန့်အသတ်မရှိ၊ လူကြီးရော၊ ကလေးရော၊ လူငယ်တွေရော တစ်နိုင်ငံလုံးအတွက် ဝတ်လို့ရမယ့်၊ လူသားသန်းခြောက်ဆယ်လုံး ဝတ်ခွင့်ရမယ့် အရေအတွက်ကြီး ထုတ်လိုက်မှာပေါ့လေ။ ဒါပေမဲ့ ကျွန်တော်ကျတော့ စီးပွားရေးထက် ကျွန်တော့်ပရိသတ်အတွက်၊ ပရိသတ်တောင်မှ အများကြီးထဲမှာမှ လူငါးရာလောက်လေးကို ကံစမ်းမဲလို ဖြစ်သွားမှာပေါ့လေ။ အလုအယက်ဝယ်ကြမယ်။ သီးသန့်လို ဖြစ်သွားမယ်။ အဲဒါကို လိုချင်တာပါ။ အဓိကတော့ ကျွန်တော့် Image လေးပါပဲ။ ဒီအချိန်မှာ ဒါလေး လုပ်ခဲ့တယ်ပေါ့" လို့ ပြောပြခဲ့ပါတယ်။

■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ၁၉၅၀ ဝန်းကျင်က ဖက်ရှင်များနဲ့ ဓ

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဗစ်တိုးရီးယား ရုပ်ရှင် ထုတ်လုပ်ရေးအတွက် စာရေးဆရာမကြီး ကြည်အေးရဲ့ မီ ဝတ္ထုကို ဏကြီးက ဇာတ်ညွှန်းနဲ့ ဒါရိုက်တာအဖြစ် တာဝန်ယူပြီး ရိုက်ကူးပေး ထားပါတယ်။ ဒါရိုက်တာ ဏကြီးရဲ့ ပွဲဦးထွက် မီ ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ပေး ထားကြသူများကတော့ နေတိုး၊ ရဲအောင်၊ မင်းဦး၊ အောင်ရဲထိုက်၊ ပိုင်ဖြိုးသု နဲ့ ဇာတ်ပို့ဇာတ်ရံများစွာ ဖြစ်ပါတယ်။ မီ ရုပ်ရှင် ဇာတ်ကား Red Carpet Show ဖိတ်စာကိုလည်း တစ်မူထူးခြားစွာ လုပ်ထားပါတယ်။ ဖိတ်စာမှာ တက်ရောက် ချီးမြှင့်ပေးကြမယ့်သူများ အနေနဲ့ ၁၉၅၀ ပြည့်နှစ် ဝန်းကျင်က ဖက်ရှင်မျိုးနဲ့ တက်ရောက်အားပေးကြပါလို့ ရေးသားထားတဲ့အတွက် မီ အထူးပွဲကို တက်ရောက် အားပေးတဲ့ ဧည့်သည်တော် အများစုက ၁၉၅၀ ဝန်းကျင် က မြန်မာဝတ်စုံများနဲ့ တက်ရောက်ချီးမြှင့် ပေးခဲ့ကြပါတယ်။ မီ ရုပ်ရှင်ဇာတ်ကားမှာ ပါဝင် သရုပ်ဆောင်ပေးထားကြတဲ့ အဓိကသရုပ်ဆောင်များ သမ္မတရုပ်ရှင်ရုံကို တစုတဝေး လာရောက် တဲ့အချိန်မှာ သူတို့ စီးနင်းလာတဲ့ ကားများ ကလည်း အရင်ခေတ်က ကားအကောင်းစားတွေနဲ့ လာကြတာ ဖြစ်ပါ တယ်။ အနုပညာရှင်









www.burmeseclassic.com

www.burmeseclassic.com

များ လာရောက်ချိန်မှာ ကားတံခါးဖွင့်ပေးသူများကလည်း ရုပ်ရှင်ဇာတ်ကားထဲကအတိုင်း အိန္ဒိယနွယ်ဖွားအမျိုးသားများ ပုံစံဝတ်ဆင်ထားကြပါတယ်။ သရုပ်ဆောင်တွေ ကားပေါ်က ဆင်းလာချိန်မှာတော့ အားလုံး အံ့သြသွားတာက ရုပ်ရှင်ကားထဲကအတိုင်း ၁၉၅၀ ဝန်းကျင်ဝတ်စုံတွေနဲ့ တက်ရောက်လာခဲ့ကြလို့ပဲဖြစ်ပါတယ်။

**မီ** ဇာတ်ကားကို ရိုက်ကူးစဉ်ကတည်းက ၁၉၅၀ ဝန်းကျင်ခေတ်ကို သရုပ်ဖော်ထားတဲ့ ဇာတ်လမ်းဖြစ်လို့ မီ ရုပ်ရှင်ဇာတ်ကားကြီးတစ်ခုလုံးအတွက် ဖက်ရှင်များကို Production Stylist ဇော်ဇော် (Ad Leono)က အစအဆုံး တာဝန်ယူပြီး အဲဒီခေတ်က အတိုင်း မြင်တွေ့ရအောင် အသေးစိတ်စီစဉ်ပေးထားတယ်လို့ သိရပါတယ်။ ဇာတ်ကားတစ်ကားလုံးအတွက် ဝတ်စုံ ၅၀၀ ကျော် ဖန်တီးပေးထားခဲ့ပြီး အဓိကသရုပ်ဆောင် ၂ ဦးဖြစ်တဲ့ နေတိုးနဲ့ ပိုင်ဖြိုးသု တို့အတွက် တစ်ဦးကို ဝတ်စုံ ၁၀၀ ကျော် ချုပ်လုပ်ပေးထားတယ်လို့ ဆိုပါတယ်။

ဝတ်စုံများကို ဒီဇာတ်ကားထဲမှာ ပါဝင်တဲ့ ပျော်ပွဲစားရုံထဲက စားပွဲထိုးများ၊ လန်ချားဆွဲတဲ့ အိန္ဒိယနွယ်ဖွား အမျိုးသားများအတွက်ပါ အစအဆုံး စီစဉ်ပေးထားတယ်လို့ သိရပါတယ်။

အထူးပွဲမပြသမီ စာနယ်ဇင်းများကို မိတ်ဆက်ပြောကြားတဲ့အစီအစဉ်မှာ သော်ဇင်အဖြစ် သရုပ်ဆောင်ထားတဲ့ နေတိုးက "မီ ရုပ်ရှင်ဇာတ်ကားက ကျွန်တော် သရုပ်



www.burmeseclassic.com

ဆောင်ချင်တဲ့ ဇာတ်ကားဖြစ်သလို ကျွန်တော်ကြည့်ချင်တဲ့ ရုပ်ရှင်ကားတစ်ကားလည်း ဖြစ်ပါတယ်။ ကိုယ်ကြည့်ချင်တဲ့ ရုပ်ရှင်ဇာတ်ကားမှာ ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့အတွက်လည်း ထုတ်လုပ်သူများနဲ့ ဒါရိုက်တာကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် မီ ဝတ္ထုကို စ,ဖတ်ပြီးကတည်းက ဒီနေ့၊ ဒီအချိန်ကို အရမ်းမျှော်လင့်ခဲ့ပါတယ်။ ဒီနေ့ ဒီအချိန်ဟာ ကျွန်တော့်အတွက် အရမ်းရင်ခုန်စရာကောင်းသလို အနုပညာလောကအတွက်လည်း ဂုဏ်ယူစရာနေ့တစ်နေ့ ဖြစ်ပါတယ်"လို့ ပြောပြခဲ့ပါတယ်။

မီ ရုပ်ရှင်ဇာတ်ကားမှာ "မီ" နေရာက သရုပ်ဆောင်ပေးထားတဲ့ ပိုင်ဖြိုးသုက "ဒီနေ့မှာ စိတ်လှုပ်ရှားလွန်းလို့ ဘာပြောရမှန်းတောင် မသိပါဘူး။ မှားသွားမှာလည်း စိုးပါတယ်။ မီ Team တစ်ခုလုံးက အကောင်းဆုံးကြိုးစားထားကြပါတယ်။ အကယ်၍ လိုအပ်ချက်များရှိခဲ့ရင်လည်း မေတ္တာရှေ့ထားပြီး ခွင့်လွှတ်နားလည်ပေးပါ။ နောက်ရိုက်တဲ့ကားတွေမှာလည်း ပိုပိုပြီးတော့ ကြိုးစားသွားပါမယ်" လို့လည်းပြောကြားခဲ့ပါတယ်။

ရွှေ့နေတစ်ဦးအဖြစ် သရုပ်ဆောင်ပေးထားတဲ့ ရဲအောင်ကလည်း "ဒီကားမှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် အထူးဝမ်းသာပါတယ်။ ခဏနေရင် ပြသတော့မှာဖြစ်တဲ့အတွက် ကြည့်လိုက်ရင် တွေ့မှာပါ။ အခမ်းနားမှူးအဖြစ် ဆောင်ရွက်တဲ့ ကိုမောင်မောင်အေး ပြောသွားသလို ကိုဏကြီးက စားဖိုမှူးကြီးအဖြစ် စီမံချက်





www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ပေးထားတဲ့ အရမ်းကိုစားကောင်းမယ့်၊ ကျန်းမာရေးနဲ့ညီညွတ်မယ့်၊ အားရှိမယ့် ဟင်းကောင်းတွေကို မကြာခင် စားသုံးခွင့်ရတော့မှာပါ။ ဒီရုပ်ရှင်ဇာတ်ကားက ရုပ်ရှင်ကိုကြိုက်တဲ့သူတွေ၊ ရုပ်ရှင်ကိုချစ်တဲ့သူတွေ ကြိုက်ကြမှာသေချာပါတယ်။ အောင်မြင်မယ်လို့လည်းယုံကြည်ပါတယ်။ ဒီထက်မက ထပ်ဆင့်ထပ်ဆင့် အောင်မြင်မှုတွေရပါစေလို့လည်း ဆုမွန်ကောင်းတောင်းပေးပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

မင်းဦးကလည်း "ကျွန်တော်တို့က ဒီကားမှာ စာရေးဆရာမကြီး ကြည်အေး ရေးထားတဲ့ မီးဝတ္ထုထဲက ခေတ်အတိုင်း အားလုံးပီပြင်အောင်ဝတ်ခဲ့ရပါတယ်။ ကားက ကောင်းသလို အဲဒီခေတ်က ဝတ်စုံတွေနဲ့လည်း ပရိသတ်တွေကို အထူးဖမ်းစားသွားမယ်လို့ ယုံကြည်ပါတယ်" လို့ ပြောသွားခဲ့ပါတယ်။

တာဝန်ယူရိုက်ကူးပေးထားတဲ့ ဒါရိုက်တာ ဏကြီးက "ကျွန်တော်ရိုက်ထားတဲ့ကားကို အားလုံးကြည့်ပေးကြပါ။ ထွေထွေထူးထူးနဲ့ ပြောစရာတော့ သိပ်မရှိပါဘူး။ တစ်ခုပဲရှိပါတယ်။ ရုပ်ရှင်ပြီးသွားရင် ၂ မိနစ်လောက်ပဲကြာမယ့် စာတန်းထိုးတက်ပါလိမ့်မယ်။ အဲဒါလေးကိုအဆုံး





www.burmeseclassic.com

www.burmeseclassic.com

ထိကြည့်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထုတ်လုပ်သူ အန်တီ ဒေါက်တာနွယ်ဦးက စလို့ ကျွန်တော်တို့ Team တစ်ခုလုံး နောက်ဆုံး ဂျစ်ကားမောင်းပေးသူတွေအထိ အစအဆုံး ကင်မရာနောက်ကွယ်ကသူတွေပါ အားလုံးစိတ်တူကိုယ်တူ ကြိုးစားပေးခဲ့လို့ အခုလို Result ထွက်ခဲ့တာပါ။ ဒီလူတွေရဲ့နှာမည်တွေပါတဲ့ စာတန်းထိုးကို အပြီးအထိ ကြည့်ပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ ဒီကားက ကျွန်တော့်ရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လို့ အရမ်းလည်း ရင်ခုန်မျှော်လင့်နေပါတယ်' လို့ ပြောကြားခဲ့ပါတယ်။

ဒါရိုက်တာ ဏကြီးက သူ့ရဲ့ ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားကို စာရေးဆရာမကြီး ကြည်အေးရဲ့ မီး ဝတ္ထုထဲက အတိုင်း အကောင်းဆုံး စိတ်ကူးစိတ်သန်းများ၊ သူတတ်မြောက်ထားတဲ့ အနုပညာပြချက်များနဲ့ ဖန်တီးပေးထားပြီး ရုပ်ရှင်ဇာတ်ကားကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်သလို ရိုက်ချက်ကောင်းကောင်းနဲ့ အနုပညာမြောက် ရုပ်ရှင်ဆန်တဲ့ ကားတစ်ကားအဖြစ် ပရိသတ်များ ရုံပေါ်မှာ ကြည့်ရှုခံစားကြရမှာ ဖြစ်ပါတယ်။ ■

လင်းနိုင်ဦး






www.burmeseclassic.com

www.burmeseclassic.com

# အားပေးတဲ့ပရိသတ် မျက်နှာမငယ်ရအောင် ကြိုးစားနေတဲ့ အောင်ရဲထိုက်

မနိုးသူ

"ခက်ခဲတယ်။ တအားခက်ခဲတယ်။ ကျွန်တော်က အနုပညာလောကမှာ အသိမိတ်ဆွေတစ်ယောက်မှ မရှိတဲ့အတွက် အစိမ်းသက်သက်ပေါ့နော်။ ဒီလိုဝင်တဲ့အချိန်မှာလည်း ဘက်ပေါင်းစုံက… ဒါတွေကို ပြောရရင်လည်း ပြောမကုန်ပါဘူး။ လူတိုင်းက ဒုက္ခကို အနည်းနဲ့အများ ခံစားကြရတာပဲလေ။ အဓိကတော့ အဲဒီအချိန်မှာ ကြုံရတဲ့ ဒုက္ခတွေကို ဇွဲရှိရှိနဲ့ ကျော်ဖြတ်ဖို့ပါပဲ"လို့ မီ ကားထဲက "မောင်ကိုလေး" ဖြစ်ခဲ့တဲ့ သရုပ်ဆောင် အောင်ရဲထိုက်က ဆိုပါတယ်။ ၂၀၁၂ ခုနှစ်ကစပြီး သရုပ်ဆောင်ဖြစ်ချင်စိတ်နဲ့ မြေစမ်း ခရမ်းပျိုးခဲ့ရင်း နေရာတစ်ခုရဖို့ ကြိုးစားရတဲ့ အောင်ရဲထိုက်ရဲ့ အသစ်တစ်ယောက်ခံစားမှုတွေပါ။ အဲဒီဒုက္ခကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**စိတ်နဲ့ဖြတ်ကျော်ခဲ့ရတာလဲ။**

ကျွန်တော် လုပ်ချင်တယ်ဆိုတဲ့အရာတစ်ခုနဲ့ပဲ၊ ကျွန်တော် ဖြစ်ချင်တယ်၊ လုပ်ချင်တယ်၊ ဒီလမ်းကို ဆက်လျှောက်ချင်တယ်ဆိုတဲ့အတွက်ကြောင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးတော့ တောက်လျှောက် သည်းခံရမှာပေါ့နော်။ ကိုယ်လုပ်ချင်တဲ့အရာ ဘာဆိုတာ သိရမယ်။ ကိုယ်သွားချင်တဲ့ ပန်းတိုင် ဘာဆိုတာလည်း သိရမယ်။ အဲဒီအချက်တွေနဲ့ပဲ သည်းခံပြီး ဖြတ်ကျော်လာတာပါ။

**အဲဒီအချိန်မှာ ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်တော့ ရှိနေတာပေါ့။**

ရှိတယ်ခင်ဗျ။ အဲဒါတစ်ခုကတော့ ကျွန်တော့်မှာ အပြည့်အဝရှိတယ်။ ယုံကြည် ချက်က အရေးကြီးတယ်။ ကျွန်တော် ဖြစ်ကို ဖြစ်ရမယ်။ ငါသည် တစ်နေ့ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ တစ်ခုတော့ ရှိတယ်။ အဲဒါက အရေးကြီးဆုံးလို့ ထင်တယ်။

**နောက်ပြန်လှည့် မပြေးချင်ခဲ့ဘူးပေါ့။**

နောက်ပြန်လှည့် ပြေးချင်ခဲ့တာထက် စိတ်ဓာတ်ကျတဲ့၊ စိတ်ညစ်တဲ့အချိန်တွေ ရှိတာပေါ့။ အမြဲတမ်း အဆင်ပြေနေတာ မဟုတ်ဘူးဆိုတော့လေ။ အဲဒီအချိန်မှာလည်း ငါဘာလုပ်ချင်လဲဆိုတာကို ပြန်မေးတယ်။ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်တယ်။ ငါလုပ်ချင်တာသည် သရုပ်ဆောင်အလုပ်။ ငါ သရုပ်ဆောင် မလုပ်ရရင် အဆင်ပြေမှာ မဟုတ်ဘူးဆိုပြီးတော့ ကျော်ဖြတ်တာများတယ်။

**ပရိသတ်က 'ည' ဇာတ်ကားမှာ ပိုသိတာလား။ အရင်ကရော ဘာနဲ့ သတိထားမိကြတယ်လို့ သိရလဲ။**

အဲဒီရှေ့မတိုင်ခင်ကတော့ သိတာ နည်းပါတယ်။ ည ရုံတင်လိုက်တဲ့အချိန်မှာ လူပိုသိသွားပြီး အနုပညာအလုပ်တွေ ဆက်တိုက်လုပ်ရတယ်။

**'ည' ကြောင့်ပဲ 'မီ' ဆက်ဖြစ်ခဲ့ရတယ်လို့ ပြောလို့ရလား။**

ဖြစ်မယ်ထင်တယ်ခင်ဗျ။ ည ကားထဲမှာ ပါတဲ့ ကာရိုက်တာနဲ့ ကျွန်တော့်ကို မိုက်တယ်၊ လိုက်တယ်ဆိုပြီးတော့ ပြောကြ၊ ခေါ်ကြတာဆိုတော့ ကျွန်တော် ထင်ပါတယ်၊ ည ရုပ်ရှင်ရိုက်ပြီးတဲ့ အချိန်မှာ အရာအားလုံး ဖြစ်လာတာပေါ့နော်။




'မီ' က အခုခေတ် လူငယ်ဇာတ်လမ်းမဟုတ်ဘဲ လွန်ခဲ့တဲ့ နှစ်များစွာက နာမည်ကျော်ဇာတ်ဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်မှုတွေက ပင်ပန်းခဲ့မှာပေါ့။

Production Team ကြီး တစ်ခုလုံးက အရမ်းပင်ပန်းခက်ခဲခဲ့ကြတာပေါ့။ ကျွန်တော်တို့ကတော့ ဇာတ်ကောင်စရိုက်အတွက်ကို Character Development တွေလုပ်ရတယ်။ ကျွန်တော်တို့ ပင်ပန်းတယ်ဆိုတာက ပါးပါးလေးပါ။

**'မိ'ထဲမှာ ပါဝင်ခွင့်ရတဲ့အတွက်ရော ကိုယ့်အတွက် ဘာတွေရလိုက်လဲ။**

အများကြီး ရလိုက်တယ်ခင်ဗျ။ **ည** ကားရိုက်အပြီး **မိ** မှာ ကိုနေတိုးနဲ့ တွဲဖက် သရုပ်ဆောင်ရတယ်။ စီနီယာတွေနဲ့အတူ သရုပ်ဆောင်ရတဲ့အခါ မြင်တွေ့ရတာတွေအကုန်လုံးက သင်ယူလေ့လာစရာတွေချည်းပါပဲ။

အောင်ရဲထိုက်က "ကျွန်တော်ရိုက်ထားတာတွေက ရုပ်ရှင်တွေဖြစ်တဲ့အတွက် ပရိသတ်တွေနဲ့ အဆက်အသွယ်က ဝေးကောင်းဝေးပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်ပရိသတ်ကြီး မျက်နှာမငယ်ရအောင် ကျွန်တော်လုပ်တဲ့အလုပ်တိုင်းကို အကောင်းဆုံးဖြစ်အောင် လုပ်ထားပါတယ်။ စောင့်ပြီး အားပေးပါဦးလို့ ပြောချင်ပါတယ်" လို့လည်း ဆိုပါတယ်။ ■

**မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com







# ပရိသတ်ပေးတဲ့ မေတ္တာတွေ ခွန်အားတွေကြောင့် ရှေ့ဆက်လှမ်းနိုင်နေတဲ့ ပိုးကြာဖြူခင်

**မနိးသူ**

ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ ပရိသတ် သတိထားမိလာတဲ့ ပိုးကြာဖြူခင်က နောက်ထပ်ဇာတ်လမ်းတွဲတွေကို ဆက်တိုက်ရိုက်ကူးထားပါတယ်။ MRTV 4 ရဲ့ **မိုးကောင်းကင်အိပ်မက်** ဇာတ်လမ်းတွဲမှာ "ဆိုင်းမိုင်" အဖြစ် ပရိသတ်အားပေးမှုက သွားလေရာနေရာတိုင်းမှာ ပိုးကြာဖြူခင်ဆိုတာထက် သူမကို ဆိုင်းမိုင်လို့သာ ခေါ်ဝေါ်နေကြတာဖြစ်ပြီး အဲဒီအပေါ်မှာ ကျေနပ်နေရပါတယ်လို့လည်း ပိုးကြာဖြူခင်က ဆိုပါတယ်။ ပိုးကြာဖြူခင်က လက်ရှိမှာတော့ ပရိသတ်တွေ အတွက် ဇာတ်လမ်းတွဲအသစ်တွေကို ရိုက်ကူးနေသလို ကြော်ငြာများလည်း ရိုက်ကူး ဖြစ်နေပါတယ်။ "ညီမက ဇာတ်လမ်းတွဲ ရိုက်ခဲ့တာ ၄ ကားရှိပါပြီ။ ဇာတ်လမ်းတွဲနဲ့ ပရိသတ် အသိအမှတ်ပြုခံရတာပါ။ အခုနောက်ပိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ဓာတ်လမ်းတွဲတွေကို ဆက်တိုက်ရိုက်ကူးဖြစ်ပါတယ်။ **ကြယ်ကလေးရဲ့ ကောင်းကင်** ဆိုတဲ့ ဓာတ်လမ်းတွဲလည်း အသစ်ရိုက်ကူးဖို့ရှိတယ်။ ဒီကြားထဲမှာတော့ ကြော်ငြာတွေနဲ့ အလှဓာတ်ပုံတွေ၊ MTV တွေ ရိုက်ကူးဖြစ်တယ်"လို့ ပြောပြခဲ့ပါတယ်။

ပိုးကြာဖြူခင်က သရုပ်ဆောင်ကောင်း ဖြစ်ချင်စိတ်တစ်ခုတည်းနဲ့ ကြိုးစားခဲ့တာဖြစ် ပြီး MRTV 4 မှာ ထုတ်လွှင့်နေတဲ့ **မိုးကောင်းကင်အိပ်မက်** ရိုက်ကူးနေစဉ်အတွင်း ဆက်မလုပ်ချင်တော့လောက်အောင် စိတ်ညစ်မှုတွေကြုံခဲ့ရပေမဲ့ ပြီးဆုံးအောင် ကြိုးစားခဲ့ရတယ်လို့လည်း ဆိုပါတယ်။ "ညီမတို့ **မိုးကောင်းကင် အိပ်မက်** ဓာတ်လမ်းတွဲရဲ့ Fan Meeting အပြီးမှာ အဖေဆုံးသွားတာပါ။ အဲဒီနေ့က ညီမတို့သူငယ်ချင်းတွေအားလုံး Live လွှင့်တာကို အဖေက အားပေးဖို့ အိမ်ကနေ ထိုင်ကြည့်နေတာ။ ညဘက်မှာလည်း ညီမတို့အားလုံးကို အနုပညာနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ဖို့၊ ဘယ်လိုနေဖို့ဆိုပြီး စကားတွေအများကြီးပြောပြီး မှာနေသေးတယ်။ အားလုံးကို မှာခဲ့တယ်။ ကြိုသိနေတဲ့ ပုံပေါ်ပါတယ်။ အဖေဆုံးသွားပြီးနောက်ပိုင်း ဘယ်သူနဲ့မှ စကားမပြောချင်တာတွေလည်း ညီမအတွက် ဖြစ်ခဲ့ရတယ်။ **ကြယ်ကလေးရဲ့ကောင်းကင်** အတွက် ကြိုတင်လေ့ကျင့်မှုခေါ်တဲ့ အချိန်တုန်းကလည်း ပထမရက်မှာ ညီမ မသွားနိုင်ခဲ့ဘူး။ ကိုယ့်ရဲ့အဖေ မရှိတော့ဘူးဆိုတဲ့စိတ်နဲ့ ဘာကိုမှ စိတ်မဝင်စားတော့ဘူး။ ကာရိုက်တာပိုင်း လေ့ကျင့်ရမယ်ဆိုတော့ ပိုဆိုးတယ်လေ။ ကိုယ်မှ စိတ်မပါတာ။ အလုပ်ကတော့ မသွားဘဲနေလို့မရလို့ သွားနေရပေမဲ့ စိတ်မပါဘူးပေါ့နော်။ ဒါပေမဲ့ ကိုယ့်ကိုယ့်ကို ပြန်အားတင်းပြီး ကြိုးစားပြီးလုပ်ခဲ့ရတယ်။ ဒါကို သိနေတဲ့ ပရိသတ်တွေကတော့ ညီမကို အားပေးကြတယ်။ တကယ်ပါ။ ညီမ အဖေ မရှိတော့တဲ့ နောက်ပိုင်း ပရိသတ်တွေပေးတဲ့ ခွန်အားတွေ၊ မေတ္တာတွေနဲ့ ဒီအနုပညာအလုပ်တွေကို ပြန်လုပ်နိုင်လာတာပါ"လို့လည်း ပိုးကြာဖြူခင်



က ပြောပါတယ်။

ဖခင်ကွယ်လွန်သွားတာဖြစ်လို့ သူမအနေနဲ့ အလုပ်ကတစ်ဖက်၊ ဖခင်ကို ဆုံးရှုံးလိုက်ရတဲ့ ပူဆွေးမှုက တစ်ဖက်ကြားမှာ စိတ်တွေလေလွင့်ခဲ့ရပြီး ကြိုးစားလုပ်ဆောင်ခဲ့ရတယ်လို့လည်း သရုပ်ဆောင် ပိုးကြာဖြူခင်က ပြောပါသေးတယ်။ ဓာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com

တွဲနဲ့အတူလက်ရှိမှာ ကြော်ငြာတွေကိုလည်း ဆက်တိုက်ရိုက်ကူးနေရချိန်မှာ ကြော်ငြာကို ရွေးချယ်လက်ခံဖြစ်တဲ့ပုံစံနဲ့ ပတ်သက်ပြီးလည်း "ညီမအနေနဲ့ ကြော်ငြာတစ်ခုကို လက်ခံတော့မယ်ဆိုရင် အဲဒီ Product ကို ညီမ အရင်သုံးကြည့်ပြီး ကိုယ့်ဘက်က တကယ်သဘောကျမှ လက်ခံဖြစ်ပါတယ်" လို့လည်း ဆိုတယ်။

ဇာတ်လမ်းတွဲတွေကို လက်ခံရိုက်ကူးနေတဲ့ပုံစံနဲ့ အသစ်တစ်ယောက်အနေနဲ့ ပရိသတ်အနေအထား လေ့လာဆန်းစစ်မှုကိုလည်း ပိုးကြာဖြူခင်က "လက်ရှိဇာတ်လမ်းတွဲတွေ ရိုက်ဖြစ်တာလည်း စာချုပ်နဲ့ပဲ လက်ခံပြီး ရိုက်ပေးဖြစ်တာပါ။ ဇာတ်လမ်းတွဲကြည့်တဲ့ပရိသတ်တွေများ မများကိုတော့ fb ကနေပြီး တော့လေ့လာတယ်။ MRTV 4 Page မှာ ထွေလာတစ်ခု တက်လို့ ပရိသတ်စိတ်ဝင်စားမှု ဘယ်လောက်ရှိလဲ၊ ကြည့်ရှုသူ ဘယ်လောက်ရှိလဲ၊ Comment ဘယ်လောက်ရှိလဲဆိုတာကို အကြမ်းဖျင်း ကြည့်ပြီးတော့ သိနိုင်ပါတယ်" လို့လည်း ဆိုပါတယ်။

ပြည်တွင်းနဲ့ ပြည်ပ ဇာတ်လမ်းတွဲတွေမှာ ဘာတွေကွာခြားတယ်လို့ ထင်လဲဆိုတဲ့ မေးခွန်းအပေါ် သူမရဲ့အမြင်က "အရင်ခေတ်ကဆိုရင်တော့ တော်တော်ကြီးကွာခြားမှာပါ။ အခုကတော့ သုံးနေတဲ့စက်တွေရော၊ ဆက်တင်ပိုင်းကအစ အကုန်လုံးက ခေတ်မီလာပြီလေ။ အကုန်လုံးကလည်း တန်းတူလိုမျိုး ဖြစ်နေပါပြီ။ ဇာတ်လမ်းပိုင်း အားနည်းနေတာတော့ ရှိပါတယ်။ တချို့ အရမ်းကောင်းတာတွေလည်း ရှိပါတယ်။ တချို့ဇာတ်တွေဆိုရင် နိုင်ငံခြားကားတွေ ထက်တောင်မှ ကောင်းတဲ့ ဇာတ်ကားတွေရှိတယ်လေ။ ဆိုတော့ ဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ညီမကတော့ အရမ်းဂုဏ်ယူတယ်။ အရမ်းလည်း အားရပါတယ်။ ပညာပေး ဇာတ်လမ်းတွဲလေးတွေကိုလည်း သဘောကျတယ်၊ ကိုယ့်ရဲ့ဇာတ်လမ်းတွဲကိုကြည့်ပြီး အသိပညာတစ်ခုခု ရသွားတယ်။ Message တစ်ခုခု ကျန်ခဲ့မယ်ဆိုရင် ပင်ပန်းရကျိုးနပ်တယ်" လို့ သူမရဲ့အမြင်ကို ပြောပြပါတယ်။

ပိုးကြာဖြူခင်က "အခုလို ဆိုင်းမိုင်လို့ ပရိသတ်အသိအမှတ်ပြုတာကိုလည်း ကျေနပ်ပါတယ်။ ဒါပေမဲ့ အဲဒီလောက်နဲ့ ကျေနပ်မနေဘဲ အနုပညာရှင်ကောင်း၊ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမှာပါ။ **ကြယ်ကလေးရဲ့ကောင်းကင်**မှာလည်း အားပေးကြပါဦးလို့။ နောက်ထပ် အနုပညာလှုပ်ရှားမှုတွေကိုလည်း ဆက်လက်အားပေး၊ ဝေဖန်ကြပါဦးလို့ ပြောချင်ပါတယ်" လို့လည်း သူမ ပရိသတ်ကို နှုတ်ဆက်ခဲ့ပါတယ်။

■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com




# ကျော်သူ့ မွေးနေ့မှာ ကျင်းပတဲ့ ၁၀၁၄ ရုပ်ရှင်ကားကန်တော့ပွဲ

လင်းနိုင်ဦး




၅၉ နှစ်ပြည့် မွေးနေ့ကိတ်ကို ပျော်ပျော်ပါးပါးခွဲခဲ့ကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com




ဝရမ်ိနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် မယ်ခိုင်ရဲ့ ဇာတ်လမ်းကို အနုပညာအကြံပေးအဖြစ် သိုးဆောင်းက တာဝန်ယူပြီး ကျော်သူ ဒါရိုက်တာအဖြစ် **၁၀၁၄** ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ ကန်တော့ပွဲပေးအခမ်းအနားကို ကျော်သူရဲ့ ၅၉ နှစ်ပြည့် မွေးနေ့ကျရောက်တဲ့ နိုဝင်ဘာလ ၂ ရက်နေ့ မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ နာရေးကူညီမှုအသင်း သုခခန်းမမှာ ကျင်းပခဲ့ပါတယ်။ သရုပ်ဆောင် အကယ်ဒမီ ကျော်သူက ဒါရိုက်တာအဖြစ် **ကောင်းချစ်တဲ့မမ၊ အမေ့နို့ဖိုး၊ ဒဏ္ဍာရီထဲက သတို့သမီး** စတဲ့ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပေးထားပါတယ်။ သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် မရိုက်ဖြစ်တော့တာ ကြာပြီဖြစ်ပေမဲ့ နောက်ပိုင်း ပြန်ရိုက်ဖြစ်တဲ့အခါ သရုပ်ဆောင်အဖြစ်နဲ့ပဲလုပ်ဖြစ်ခဲ့ပြီး အခုမှ ရုပ်ရှင်ကားဒါရိုက်တာအဖြစ် ပြန်လည်ရိုက်ကူးဖြစ်တာ ဖြစ်ပါတယ်။ ကြားထဲမှာ MRTV-4 အတွက် **ပုဂံမြို့သူ** ဇာတ်လမ်းတွဲကို ရိုက်ကူးဖြစ်တာတော့ ရှိခဲ့ပါတယ်။

ဝရမ်ိနဲ့ထုတ်လုပ်ရေးအတွက် ရိုက်ကူးသွားမယ့် **၁၀၁၄** ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင်များစွာနဲ့ ပုဂံမြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူ



ဒေါင်း



မေမြင့်မိုရ်

သွားရောက်ရိုက်ကူးသွားဖို့ စီစဉ်ထားပြီး ကျော်သူ၊ ဒေါင်း၊ ပြေဇင်၊ ထွန်းကိုကို၊ ထူးအောင်၊ မင်းသူ၊ ညီညီမင်းထက်၊ ကောင်းမြတ်၊ ခိုင်ထူးသာ၊ မို့မို့မြင့်အောင်၊ ရတနာဗိုလ်၊ မေမြင့်မိုရ်၊ ဇင်မီမီကျော်၊ ခင်မို့မို့အေး စတဲ့ သရုပ်ဆောင်များနဲ့ ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။

၁၀၁၄ ဇာတ်ကားဖြစ်ပေါ်လာပုံနဲ့ပတ်သက်ပြီး ဒါရိုက်တာ ကျော်သူက "၁၀၁၄ ဆိုတော့ ဒီနာမည်က နည်းနည်းဆန်းနေမယ်။ အမှန်ကတော့ မိစ္ဆာဆိုပြီးတော့ နာမည်ပေးထားတာပါ။ ဇာတ်လမ်းစိစစ်ရေးကနေပြီးတော့ မိစ္ဆာဆိုတာ မသင့်တော်ပါဘူးဆိုတော့ ၁၀၁၄ လို့ ပေးလိုက်ရပါတယ်။ **ပုဂံမြို့သူ** ရုပ်သံဇာတ်လမ်းတွဲကို ၂၀၁၇ တုန်းက ပုဂံမှာ သွားရိုက်တော့ ၃ လလုံးလုံးနေခဲ့ရပါတယ်။ ရိုက်ကွင်းတွေ သွားရင်းနဲ့ တချို့ဂူတွေကိုလည်း ရောက်ခဲ့ပါတယ်။ ဂူတွေထဲရောက်တော့ ဂူထဲက မမြင်နိုင်တဲ့တွန်းအားတွေ ကျွန်တော့်ဆီ ရောက်လာတယ်။ ဒီဂူတွေကဘာဂူတွေလဲ မေးလိုက်တော့ သံဃာတော်တွေ တရားကျင့်တဲ့နေရာ။ လူသူဝေးတဲ့နေရာမှာ တရားကျင့်တဲ့အခါကျတော့ ဘေးအန္တရာယ်တွေရှိတယ်။ အရည်းကြီးတွေရဲ့ နှောင့်ယှက်မှု၊ သတ်ဖြတ်မှုခံရတာတွေရှိတဲ့အတွက် ဒီလိုဂူတွေထဲမှာ လာအားထုတ်ရတာလို့ သိရပြီးနောက် ဒီဇာတ်လမ်း ဖြစ်ပေါ်လာတာပါ။

ဒီပြင် ဘာသာအယူအစွဲတွေကနေ ရှန်းကန်ထွက်ခဲ့ရပြီး ဗုဒ္ဓဘာသာရယ်လို့ ထွန်းတောက်လာအောင် လုပ်ခဲ့ရတဲ့အတွက် "မိစ္ဆာ" ဆိုပြီးတော့ ဇာတ်လမ်းတင်ခဲ့တာပါ။ ဇာတ်လမ်းတင်တော့ စိစစ်ရေးက ကျွန်တော့်ဆီ စာပြန်လာပါတယ်။ ခွင့်မပြုပါဘူးတဲ့။ အရည်းကြီးဆိုတာ မရှိပါဘူးတဲ့။ အဲဒါနဲ့ ပါချုပ်ဆရာတော်ဆီ သွားပြီး ဒီကိစ္စ ရင်ဖွင့်လိုက်တော့ ဆရာတော်ကြီးက ဘာပြောသလဲဆိုရင် မောင်ကျော်သူတဲ့၊ အဲဒီခေတ်ကာလက မိစ္ဆာဝါဒီဂိုဏ်းတွေ အများကြီးရှိခဲ့တာပဲ။ ဝါဒ မတူညီတာတွေနဲ့ လုပ်လိုက်ပါ။ အဲဒီလို ဂိုဏ်း



၁၀၁၄ မှာ ပါဝင်သရုပ်ဆောင်ကြမယ့် အနုပညာရှင်၊ အတတ်ပညာရှင်များ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com










ကဏ္ဍတွေ ရှိခဲ့တဲ့အတွက် အဲဒီ ဂိုဏ်းတွေနဲ့ ဇာတ်တင်လိုက်ပါလို့ ပြောတဲ့အတွက် တင်လိုက်တဲ့အခါ ဇာတ်ကျလာပါတယ်။ ရိုက်ခွင့်ရတဲ့အတွက် ကျွန်တော် Special Effect တွေ သုံးလို့ရပြီ။ မိစ္ဆာကို ခွင့်မပြုလို့ ၁၀၁၄ လို့ သုံးခဲ့ရတာပါ။ ၁၀၁၄ က ပထမ နိုင်ငံတော် သာသနာပြုမင်း ဖြစ်တဲ့ အနော်ရထာမင်း မွေးဖွားတဲ့ ခရစ်သက္ကရာဇ် ၁၀၁၄ ခေတ်ကာလကို ရည်ညွှန်းပြီးတော့ ဇာတ်အိမ်ဖွဲ့ပြီး ရိုက်ကူးမှာဖြစ်လို့ ၁၀၁၄ ဆိုပြီး ဖြစ်ပေါ်လာတာပါ"လို့ ပြောပြခဲ့ပါတယ်။

ကျော်သူက ဆက်လက်ပြီး "ဒီကားအတွက် ဝတ်စားဆင်ယင်မှုတွေ၊ လက်နက်အသုံးအဆောင်တွေအားလုံး စုဆောင်းရပါတယ်။ အစစ်တွေလည်းပါတယ်၊ အတုတွေလည်းပါတယ်။ သစ်သားဓားတို့၊ သားရေဓားတို့၊ စက္ကူဓားတို့လည်း လုပ်ရပါတယ်။ အတွေ့အကြုံက ရပြီးသားပါ။ **ပုဂံမြို့သူ** ဇာတ်လမ်းတွဲရိုက်တော့ မေမြင့်မိုရ်ရဲ့ ဂူထဲမှာ ဝင်ပူးခံရတာတွေရှိတယ်။ ပုဂံဝတ်စုံနဲ့ဆိုတော့လည်း အဲဒီလိုတွေ ဝင်ပူးခံရတယ် ထင်ပါတယ်။ နောက် အိပ်မက်ပေးတာမျိုးတွေလည်း ရှိတယ်။ "ပြီးခဲ့တဲ့ရက်ကဆိုရင် ကျွန်တော် အကျွတ် အလွတ် အဓိဋ္ဌာန်ဝင်တယ်။ ၉ ရက်မြောက်နေ့မှာ အိပ်မက်ရတယ်။ အိပ်မက်က ကျွန်တော့် ရုံးခန်းထဲမှာထားတဲ့ နန်းဝတ်နန်းစားတွေ၊














www.burmeseclassic.com

www.burmeseclassic.com


ကျော်သူ၏ မိဘနှစ်ပါးဖြစ်ကြတဲ့ ဦးမိုးတင်နဲ့ ဒေါ်မြသန်း


ချစ်ဇနီးကို မွေးနေ့ကိတ် ခွံ့ကျွေးနေတဲ့ ကျော်သူ


အနုပညာရှင်များနဲ့ ကျော်သူ


မွေးနေ့မှာ လှူဒါန်းမှုကိုလည်း ထည့်သွင်းပြုလုပ်ခဲ့ပါတယ်


တက်ရောက်လာကြတဲ့ အနုပညာရှင်များ

အသုံးအဆောင်တွေကို မကျွတ်မလွတ်တဲ့သူတွေက ဝတ်စားပြီးတော့ ပျော်ပါးနေကြတယ်။ အဲဒါတွေ တွေ့ပြီး တော်တော်လေး လန့်သွားတယ်။ အဲဒါကြောင့် အမိဌာနီ အပြီး ရေစက်ချ အမျှဝေပြီးတော့ ပရိတ်ရေတွေနဲ့ ဖျန်းရတယ်။ ဆရာတော်ကြီးတွေလည်း ကြွလာပြီး အန္တရာယ်ကင်းတွေလုပ်ပေးတယ်။ အဲဒီလို အခက်အခဲတွေ ရှိခဲ့ပါတယ်။

"ဒီဇာတ်ကို ရိုက်ဖို့ ကျွန်တော်တစ်ယောက်တည်း အင်အားနဲ့ မလွယ်ပါဘူး။ ကိုယ်တိုင်လည်း သရုပ်ဆောင်ပါနေတယ်။ ဒါကြောင့် အနုပညာအကြံပေးအဖြစ် ဒါရိုက်တာ ကိုသိုးဆောင်း၊ Story Book ရေးတာတို့ လုပ်ရတယ်။ အသံပိုင်းတွေ၊ ကင်မရာပိုင်းတွေအပြင် ဂရပ်ဖစ်အပိုင်းတွေလည်း အများကြီးလုပ်ရပါတယ်။ ကျွန်တော်တို့ ပိုစတာမှာ ရေးထားသလိုပဲ။ *"မြင့်မြတ်တဲ့သူတွေက ဘာသာတရားကို မိတ်ဆွေဖွဲ့ဖို့ အသုံးပြုတယ်။ ညံ့ဖျင်းတဲ့သူတွေက ဘာသာတရားကို တိုက်ခိုက်ဖို့ အသုံးချတယ်"*။ ကျွန်တော်တို့က မြင့်မြတ်တဲ့သူတွေပဲ ဖြစ်ချင်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာရဲ့ ငြိမ်းချမ်းတဲ့အနှစ်သာရကို ဖော်ကျူးတဲ့ဇာတ်ကားဖြစ်တယ်" လို့ ပြောကြားခဲ့ပါတယ်။

ဒီဇာတ်ကားမှာ အဓိက သရုပ်ဆောင်အဖြစ် ပါဝင်လာဦးမယ့်၊ ကျော်သူနဲ့ နှစ်ပေါင်းများစွာ လက်တွဲ သရုပ်ဆောင်ခဲ့တဲ့ မို့မို့မြင့်အောင်က "ကိုကျော်သူကို ဘယ်လောက်ချစ်ကြတယ်ဆိုတာ ဒီနေ့ပွဲမှာ မြင်ရပါတယ်။ ကိုကျော်သူရဲ့ မိတ်ဟောင်းတွေ အများကြီးတွေ့ရလို့ ဝမ်းသာပါတယ်။ ကိုကျော်သူရဲ့ မွေးနေ့မှာ မင်္ဂလာရှိတဲ့ လက်ဆောင်စကားလေး ပြောချင်ပါတယ်။ အခု သူရိုက်မယ့်ကားက အနော်ရထာ မွေးတဲ့နှစ်ကို အစွဲပြုထားတယ်။ ကိုကျော်သူက သူ့မွေးနေ့မှာ ကန်တော့ပွဲ ပေးတယ်။ သာသနာပြုတဲ့ အနော်ရထာလိုပဲ သာသနာပြုနိုင်ပါစေလို့ပဲ ဆုတောင်းပြီး လက်ဆောင်ပေးချင်ပါတယ်။ သူရိုက်မယ့်ကားကလည်း ထူးခြားပါတယ်။ မို့ချစ်ရတဲ့ သူ့ရဲ့အဖေဘကြီးစိန်တို့၊ သူ့ရဲ့ဇနီး ရွှေစီးကွက်တို့ ပိုက်ဆံ ထုတ်ထားဖို့သာ ပြင်ထားပေတော့။ သူ အကြီးကြီး လုပ်တော့မှာလေ။ ဝတ်စုံဒါရိုက်တာတွေ၊ မိတ်ကပ်ဒါရိုက်တာတွေနဲ့ တကယ့်အင်တာနေရှင်နယ်မီအောင် ရိုက်မယ်လို့ ပြောပါတယ်။ သူက ပြောတဲ့အတိုင်း လုပ်တတ်ပါတယ်။ အဲဒီလိုလုပ်တာဖြစ်တဲ့အတွက်လည်း မမို့တို့က ကိုယ်တွေ ညီအစ်ကိုမောင်နှမတွေ ပါဝင်ပံ့ပိုးပေးဖို့ အဆင်သင့်ပါပဲ။

"ဒါပေမဲ့ မို့ရဲ့ ထုံးစံအတိုင်းပါပဲ။ အနုပညာအလုပ်လုပ်တဲ့အခါမှာ လောဘကြီးပါတယ်။ ဒါကြောင့် ဇာတ်လမ်းအတွက် တိုင်ပင်ရင်း ဘယ်လိုလုပ်ကြမယ် ပြောကြတယ်။ သူက နောက်ဆုံးမှာ မမို့ကို ကြမ်းခိုင်းပါမယ်။ ငယ်ငယ်ကတည်းက မို့တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အတွက် စကားရှိခဲ့ပါတယ်။ ကျော်သူ၊ မို့မို့မြင့်အောင် မသွားရင် ပရိသတ်က မကြည့်ဘူး၊ ပိုက်ဆံမရဘူး တဲ့။ မို့တို့နှစ်ယောက်က တွဲဖက်ညီတဲ့ အတွဲပေါ့။ အတွဲညီတယ်ဆိုပေမဲ့ ငယ်ငယ်က တည်းက မတည့်ကြပါဘူး။ အပြင်မှာသာ မို့မို့ရေ၊ မောင်မောင်ရေနဲ့ စ,နေကြတာ။ တကယ်တမ်းကျတော့ အနုပညာမှာ သိပ်အားပြိုင်ချင်တဲ့အတွက် သူ ဒီလောက်လုပ်ရင် ငါ ဒီလောက်လုပ်မယ်။ အဲဒီလို မောင်နှမနှစ်ယောက် အနုပညာအားပြိုင်ရင်း မတည့်ဘဲ၊ ပြီးသွားမှ ပြန်တည့်တဲ့အတွက် အနုပညာမှာ အောင်မြင်လို့ အမုန်း မရှိဘဲ ပိုပိုချစ်ခဲ့ကြတယ်။ အခုလည်း ဒီခံ့ညားထည်ဝါတဲ့ ရုပ်ရှင်ကားကြီးကို သမိုင်းတစ်ခုဖြစ်အောင်လို့ မမို့က ဝိုင်းဝန်းကူညီပေးသွားပါမယ်။ ကူညီမယ်ဆိုပေမဲ့ မမို့ရဲ့သရုပ်ဆောင်မှုကိုတော့ တစ်ပြားသားမှ လျှော့မှာ မဟုတ်ပါဘူး။ သူက မမို့ကို ဒီကားထဲမှာ ဆိုးခိုင်းထားပါတယ်။ မို့လည်း အကောင်းဆုံးနဲ့ အဆိုးဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားပါမယ်။ ကဲ… ကိုကျော်သူနဲ့ ကိုသိုးဆောင်းရေ ရှင်တို့ ကျွန်မကို ဘယ်လောက်ခိုင်းနိုင်မလဲ ကြည့်ကြသေးတာပေါ့။ အားလုံးကို ပြောချင်တာက မို့ရဲ့ အစ်ကို လှူပ်ရှားမယ့် ၁၀၁၄ ရုပ်ရှင်ကားကြီးကို ခွန်ပြည့်အားပြည့်နဲ့ ထုတ်လုပ်သူ ပိုက်ဆံများများပြန်ရပါစေ။ အင်တာနေရှင်နယ်ဖြစ်အောင် ကြိုးစားပေးကြပါ"လို့ တိုက်တွန်းပြောကြားပေးခဲ့ပါတယ်။

၁၀၁၄ ဇာတ်ကားကို နိုဝင်ဘာလလယ်လောက်က စတင်ပြီး ပုဂံမြို့မှာ ရိုက်ကူးနေပြီဖြစ်ပါတယ်။ ■

လင်းနိုင်ဦး


မို့မို့မြင့်အောင်နဲ့ ဦးစိန်တင်


ကျော်သူနဲ့ ခိုင်ထူးသာ


အမိကာသရုပ်ဆောင်များကြတဲ့ မို့မို့မြင့်အောင်၊ ရတနာဗိုလ်၊ မေမြင့်မိုရ်၊ ထူးအောင်၊ ထွန်းကိုကို



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည် ရုပ်ရှင်ကားကြီးမှာ ပထမဦးဆုံး တွေ့ဆုံခဲ့ကြပြီး အတူတွဲဖက်သရုပ်ဆောင်ရင်း နှလုံးသားချင်း ရင်းနှီးခဲ့ကြတဲ့ ရွှေထူးနဲ့ ရွှေမှုံရတီတို့ရဲ့ မင်္ဂလာဦး အလှူကို ၉.၁၁.၂၀၁၈ သောကြာနေ့က မော်ဘီ၊ အောင်ဇမ္ဗူတောရဘုန်းကြီး ကျောင်းမှာ ပြုလုပ်ခဲ့ပါတယ်။ "အလှူ့ဒါယကာ ရွှေထူး၊ အလှူ့ဒါယိကာမ ရွှေမှုံရတီတို့ရဲ့ အလှူတော်မင်္ဂလာ" ဆိုပြီး မီဒီယာ များအား ဖိတ်ကြားအပ်ပါသည်လို့ ထူးထူးခြားခြား ဖိတ်ကြားခဲ့တာပါ။ ပရိသတ်တွေရော၊ မီဒီယာတွေရောကိုတော့ အားလုံးကို Surprise သီးသန့်ပေးထားတာပေါ့။ မိဘနဲ့ဆွေမျိုးတွေကိုသာ အရင်ဦးဆုံး ကြိုတင်အသိပေးထားတာပါ။

# အသွင်တူလို့ အိမ်သူ ဖြစ်ခဲ့တာဆိုတဲ့ ရွှေ နဲ့ ရွှေ

မနိုးသူ

သူတို့နှစ်ဦးက ရုတ်တရက်လို့ ထင်ရအောင် ပရိသတ်ကို Surprise ပြုလုပ်ခဲ့ကြသူတွေပါ။ Pre Wedding Photo တွေကို ဒီယက်နမ်မှာ ကြိုတင် အချိန်ယူ ရိုက်ကူးထားခဲ့ကြပါတယ်။ အခုလို ရုတ်တရက် မင်္ဂလာဆောင် ဖြစ်တဲ့ အဓိကအချက်ကတော့ "ချစ်လို့" လို့ နှစ်ဦးစလုံးက ပြိုင်တူ အဖြေတူပေးခဲ့တာပါ။ "သဲတို့ ချစ်သူဖြစ်တဲ့ လကိုတော့ မပြောတော့ဘူးနော်။ ညှို့သည် ကားရိုက်တုန်းကပါ။ "ချစ်ခြင်းအစ ညှို့သည်က" ပေါ့။ သူက လည်တယ်။ သွက်တယ်။ ချစ်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









ကောင်းတယ်။ သူကပဲ အရင်ဆုံး သဲကို Propose လုပ်တာပါ။ ချစ်သူတွေဖြစ်ပြီးကတည်းက သူ့စိတ်ဓာတ်ကို သိလာတယ်။ သူ့စိတ်ဓာတ်ကို သိလေ သူ့ကိုလက်မလွှတ်ချင်လေဖြစ်လာတယ်။ အဲဒီအတွက် သူ့ဘက်ကလက်ထပ်ခွင့်တောင်းလာတဲ့အချိန်မှာ ဝမ်းသာဝမ်းနည်းနဲ့ လက်ခံဖြစ်ခဲ့တာပါ။ အဲဒါကြောင့် နှစ်ဖက်မိဘကို အသိပေးပြီး သဲတို့လက်ထပ်ဖို့အတွက်ကို စီစဉ်ခဲ့ကြတာပါ။ အစကတည်းက အစီအစဉ်က ရှိပြီးသားပါ။ သူများတွေပြောသလိုမျိုး ရုတ်တရက် ကောက်လုပ်တာတော့ မဟုတ်ပါဘူး။ နေ့ကောင်းရက်သာရွေးပြီးတော့လုပ်တာပါ။ သဲကလည်း အလုပ်တစ်ခုကို သေချာ စီစဉ်ပြီးမှလုပ်တတ်တယ်။ သူကလည်း အဲဒီလိုလူပဲ။ အသွင်တူလို့ အိမ်သူဖြစ်သွားတဲ့ သဘောပေါ့" လို့လည်း သူတို့ရဲ့ မင်္ဂလာအစီအစဉ်တွေကို ပြောပြပါတယ်။

ရွှေထူးကတော့ "ချစ်တာက ချစ်မိသွားလို့ပေါ့။ ချစ်တာမှာ လအချိန်အကန့်အသတ်မရှိဘူးလို့ ထင်ပါတယ်" လို့လည်း ဆိုပါတယ်။ ရွှေထူးက ရွှေမှုံရတီကို လက်ထပ်ခွင့်တောင်းရာမှာလည်း Surprise လုပ်ခဲ့တာဖြစ်ပြီး ရှိမန့်တစ်ဆန့်ဆန့် ဘောလုံးကွင်းတစ်ကွင်းလုံးတောင်ငှားပြီး၊ စိတ်အကောက်ခံပြီး လုပ်ခဲ့ရတယ်လို့လည်း ရွှေထူးက ပြောပြပါတယ်။

"အရှမ်းအိပ်ချင်နေတဲ့အချိန်ဆိုတော့ ပထမတော့ စိတ်ကောက်တယ်။ နောက်တော့ အံ့သြပြီး ဝမ်းသာ၊ ဝမ်းနည်းဖြစ်ရတယ်။ ဝမ်းသာတာကကျတော့ ချစ်တဲ့သူက လက်ထပ်ခွင့်တောင်းလို့။ ဝမ်းနည်းတာက ယောကျ်ားရတော့မှာမို့လို့။ သဲ အမြဲပြောခဲ့တာလေးရှိပါတယ်။ ကိုယ့်





www.burmeseclassic.com

www.burmeseclassic.com

Type နဲ့မကိုက်ရင် ဒိုးလို့။ သူကတော့ သဲရဲ့ Type ပဲဆိုတော့ ဒိုးလို့မရဘူး။ သဲအနားမှာပဲ နေရမှာရမယ်။ တစ်သက်လုံးဆိုတော့ သေချာတဲ့ ဆုံးဖြတ်ချက်လေးတစ်ခုကို လူကြီးဆန်ဆန်ပဲ ချလိုက်တယ်။ သဲအနားမှာပဲ ရှိစေချင်တယ်။ သူက သဲအတွက် နောက်တစ်ယောက်ဆိုတာ မရှိနိုင်ဘူး။ မိဘ၊ ဆရာသမားတွေပြီးရင် သဲတန်ဖိုးထားရတဲ့လူဆိုတော့ သဲအနားမှာ ခေါ်ထားလိုက်တယ်"လို့ ရွှေမှုံ့ရတီက ဆိုပါတယ်။

ရွှေထူးကတော့ ရွှေမှုံ့ရတီအကြောင်းကို ခုလို ပြောပါတယ်။ "သူက နည်းနည်းဆိုးတယ်ဗျ။ သူ့ပုံစံက ဂျစ်ကန်ကန်နဲ့ ဆိုးတယ်။ ခဏခဏလည်း စိတ်ကောက်တယ်။ ကျွန်တော်က သိပ်လည်း မချော့တတ်ဘူးဗျ။ သူ့ကိုတော့ စိတ်ကောက်တိုင်း သူကျေနပ်တဲ့အထိ လိုက်ချော့တယ်။ လိုက်ချော့ရင်းနဲ့ပဲ ချစ်သွားတာ။ ချော့ရင်းနဲ့ချစ်၊ ချစ်ရင်းနဲ့ချော့ပေါ့"လို့ ပြောပါတယ်။ ရွှေမှုံ့ရတီက "သဲတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲအတွက် အားလုံးကတော့ နှမြောကြတယ်ဆိုတာ သိပါတယ်။ သဲရဲ့အမေအပါအဝင် မိသားစုတွေ အကုန်လုံးကလည်း နှမြောကြတယ်။ ကိုယ့်ကိုယ်ကိုလည်း အပြင်လူတစ်ယောက်အနေနဲ့ဆို နှမြောမိပါတယ်။ ဒါပေမဲ့ သဲအနေနဲ့ကတော့ မနှမြောဘူး။ ကိုယ်ချစ်တဲ့ သူနဲ့ အတူတူနေချင်တာတော့ မမှားဘူးထင်တာပဲ။

သာမန်





www.burmeseclassic.com

www.burmeseclassic.com









မိန်းကလေးတစ်ယောက်အနေနဲ့ပဲ ကိုယ့်ကိုယ်ကို စဉ်းစားလိုက်တာပါ"လို့လည်း သူမရဲ့စိတ်ကူးကိုပြောပါတယ်။ အိမ်ထောင်ဦးစီးအနေနဲ့ ဘယ်လိုခံစားမှုတွေ ရှိနေပြီလဲဆိုတာကိုတော့ ရွှေထူးက "အရင်က ကျွန်တော်က စိတ်ဆတ်တယ်။ ဒေါသကြီးတယ်။ ကိုယ့်စိတ်နဲ့ကိုယ်ပဲ။ ခုတော့ ကိုယ့်စိတ်ကို နောက်ဆုတ်ထားတယ်။ သူ့စိတ်ကိုပဲ အမြဲရှေ့တန်းတင်တယ်။ သူ့စိတ်က ကျွန်တော့်စိတ်ထက် ပိုအရေးကြီးတယ်။ သူက ပိုအရေးကြီးတယ်လို့ ကျွန်တော်က ခံယူထားတယ်" လို့ ဆိုပါတယ်။ ငယ်ရွယ်သူဖြစ်လို့ အိမ်ထောင်မှု မနိုင်မနင်းဖြစ်မှာကိုလည်း ပရိသတ်တချို့က စိတ်ပူကြပေမဲ့ ရွှေမှုံက အိမ်မှုကိစ္စနိုင်နင်းပြီး ဟင်းချက်ကောင်းသူ ဖြစ်ပါတယ်။ နောက်ပိုင်း ဇာတ်ကားရိုက်ကူးမှုတွေအတွက် မိခင်ကြီးနဲ့တိုင်ပင်ပြီး ကိုယ်တိုင်ပဲ စိစစ်ရွေးချယ်သွားမယ်လို့ သိရပါတယ်။ ဒါ့အပြင် ရွှေမှုံရတီက "အမေက စိတ်ဆိုးနေတယ်။ စိတ်ဆိုးပေမဲ့ အမေက ချစ်ဖို့ကောင်းတယ်။ အခုလည်း အမေ့ကို ချော့နေပါတယ်။ အစိက နှစ်ဖက်မိဘ သဘောမတူတာပေါ့နော်။ အဲဒီအတွက် သဲ စိတ်တော့ မကောင်းပါဘူး။ ဒါပေမဲ့ သဲတို့ ဖွင့်ပြောပြီးမှ လုပ်တာပါ။ သဘောမတူဘူးဆိုတော့ မလာနိုင်ဘူးပေါ့။ စိတ်မကောင်းစွာနဲ့ပဲ မင်္ဂလာကိစ္စ တွေကို လုပ်ရတာဖြစ်ပါတယ်။ လက်ရှိ အွန်လိုင်းမှာ ဝေဖန်ပြောဆိုနေကြတဲ့အပေါ်မှာတော့ ဘာမှပြောမနေတော့ပါဘူး။ သဲတို့အနုပညာသမားတွေ အားလုံးအတွက် ဝေဖန်တာတွေလည်းရှိသလို ချစ်တာတွေလည်းရှိတယ်။ အဲဒါကြောင့် အားလုံးကို Welcome ပါ။ အချိန်က စကားပြောသွားပါလိမ့်မယ်။ ဒါကတော့ သဲတို့နှစ်ယောက်လုံးရဲ့ လက်သုံးစကား"လို့ ဆိုပါတယ်။

နှစ်ယောက်အတူပေါင်းပြီး သီချင်းတွေလုပ်ဖြစ်မလားဆိုတာကိုတော့ ရွှေထူးက "သူဆိုမယ်ဆိုရင် သူ့အတွက်သီချင်းတွေ ရေးပေးမှာပေါ့။ သူက အသံကောင်းတယ်။ သွားပြောင်လို့မရဘူး။ ပြောင်လို့ရတဲ့အထဲမှာ မပါဘူး"လို့ ဖြေခဲ့ပါတယ်။ ■

မန်းသူ





www.burmeseclassic.com

www.burmeseclassic.com

# ၁၅ နှစ်ပြည့်မှ မင်္ဂလာဧည့်ခံပွဲ ကျင်းပတဲ့ Rဇာနည် နဲ့ ဝမ်း

လင်းနိုင်ဦး

အဆိုတော် Rဇာနည်နဲ့ ဇနီးသည် ဝမ်းတို့ရဲ့ ၁၅ နှစ်ပြည့် သလင်းရတုမင်္ဂလာနှစ်ပတ်လည်အခမ်းအနားကို အောက်တိုဘာလ ၂၉ ရက် နေ့ ည ၆ နာရီခွဲအချိန်က ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel Yangon Crystal Ballroom မှာ ကျင်းပခဲ့ပါတယ်။

Rဇာနည်နဲ့ ဝမ်းတို့ရဲ့ Crystal Anniversary ပွဲကို နှစ်ဖက်မိဘဆွေမျိုးများနဲ့ ဂီတ၊ ရုပ်ရှင်အသိုင်းအဝိုင်းမှ အနုပညာရှင်များစွာ တက်ရောက် အားပေးခဲ့ကြပြီး ဖက်ရှင်မျိုးစုံနဲ့ အလှချင်းပြိုင်ကာ ပျော်နေခဲ့ကြတာတွေ တွေ့ခဲ့ရပါတယ်။ အားလုံးလိုလိုက စုံတွဲတက်ရောက်ချီးမြှင့်ပေးကြတာဖြစ်ပါတယ်။

ခမ်းနားလှတဲ့ Crystal Ballroom ထဲမှာ ဧည့်သည်တော်တွေထိုင်ဖို့ စားပွဲဝိုင်းများကို ဘေးနှစ်ဖက်နှစ်ချက်မှာ ခင်းကျင်းထားတဲ့အတွက် အလယ်မှာ အခမ်းအနားကျင်းပဖို့ ကျယ်ကျယ်ဝန်းဝန်းရှိနေပါတယ်။ ရင်းနှီးတဲ့ဧည့်သည် တော်တော်များများကတော့ နောက်ပိုင်းမှာ ခင်းကျင်းထားတဲ့ စားပွဲဝိုင်းတွေမှာပဲ စကားတွေပြော ဖောင်ဖွဲ့ကြရင်းမတ်တတ်ရပ် အားပေးခဲ့ကြတာဖြစ်ပါတယ်။

အခမ်းအနားအစီအစဉ်များကို အဆင်ပြေပြေနဲ့အစည်ကားဆုံးဖြစ်အောင်တာဝန်ယူ တင်ဆက်ပေးတာကတော့ Star Event Production မှ ကိုဂျွန်လွင်ဖြစ်ပြီး အခမ်းအနားမှူးအဖြစ်ဆန်းထွဋ်က ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီပွဲကို Mega ရဲ့ထုတ်ကုန်တစ်ခုဖြစ်တဲ့ LIVOLIN Forte က ပံ့ပိုးကူညီပေးခဲ့တာဖြစ်ပါတယ်။

ပထမဦးဆုံးအစီအစဉ်မှာတော့ Rဇာနည်က သူတို့ရဲ့ ၁၅ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ပွဲအတွက် တေးရေးဖိုးကာ ရေးသားပေးထားတဲ့ သီချင်းအသစ်တစ်ပုဒ်နဲ့ ဖျော်ဖြေကြိုဆိုခဲ့ပြီး အဲဒီအချိန်မှာ ဝမ်းနဲ့ ဖစ်ဖစ်တုန်၊ ချစ်ချစ်တုန်တို့က မော်ဒယ်လ်လေးများ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခြံရုံပြီး မင်္ဂလာခန်းမတွင်းကို ဝင်ရောက်လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ အားလုံးသော ဧည့်သည်တော်များက လက်ခုပ်တီးကြိုဆိုခဲ့ကြပြီး စင်မြင့်ပေါ်မှာ သီဆိုနေတဲ့ Rဇာနည်က ဇနီးနဲ့ သားနှစ်ယောက်ကို ခန်းမအလယ် စင်မြင့်အထိ ဆင်းလာကြိုပြီး သီချင်းဆိုရင်း ထိပ်ဆုံးက စင်မြင့်ထက်ကို လျှောက်လှမ်းခဲ့ကြတာဖြစ်ပါတယ်။

Rဇာနည်တို့မိသားစု စင်မြင့် ပေါ်ရောက်ရှိချိန်မှာ LIVOLIN Forte က Rဇာနည်ကို Brand Ambassador ခန့်အပ်တဲ့ ဂုဏ်ပြုမှတ်တမ်းနဲ့ ပန်းစည်းလက်ဆောင်များ ပေးအပ်ခဲ့ပါတယ်။ Rဇာနည်တို့မိသားစု နောက်ထပ် ဝတ်စုံတစ်စုံလဲချိန်မှာ တက်ရောက်အားပေးချီးမြှင့်ကြတဲ့ အဆိုတော်များက ဧည့်သည်တော်များကို အင်ပါယာတေးဂီတအဖွဲ့ရဲ့ တီးခတ်ပေးမှုနဲ့ သီချင်းများ သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။

မင်္ဂလာနှစ်ပတ်လည်ပွဲမှာ ပထမဦးဆုံး Rဇာနည်သီဆိုသွားတဲ့သီချင်းက ဒီပွဲအတွက် အသစ်ရေးစပ်ထားတဲ့ တေးသီချင်းဖြစ်သလို Mသီဟနဲ့ ခင်စုစုနိုင်တို့ စုံတွဲသီဆိုတဲ့ သီချင်းကလည်း ဒီပွဲအတွက် ခင်စုစုနိုင်ကိုယ်တိုင်ရေးစပ်ပြီး သီဆိုခဲ့ကြတာဖြစ်ပါတယ်။ Rဇာနည်တို့ မိသားစု နောက်ထပ်ဝတ်စုံတစ်စုံလဲပြီး ခန်းမတွင်း ပြန်လည်ဝင်ရောက်လာမယ့်အချိန်မှာ အဆိုတော် ဇော်ဝင်းထွဋ်က Rဇာနည်တို့မင်္ဂလာနှစ်ပတ်လည်ပွဲအတွက် အသစ်


ပြုံးပြုံးရွှင်ရွှင်နဲ့တွေ့ရတဲ့ ဂရေဟာမ်တို့မိသားစု


Rဇာနည်ကို LIVOLIN Forte က Brand Ambassador ခန့်အပ်ခဲ့ပါတယ်


မိခင်ကြီးနဲ့အတူ တက်ရောက်လာတဲ့ ချို


ချောစုခင်နဲ့ ဇော်ပိုင်


အိမ့်ချစ်


သီချင်းသစ်တစ်ပုဒ်နဲ့ အမှတ်တရ ဖျော်ဖြေပေးတဲ့ Mသီဟနဲ့ ခင်စုစုနိုင်



www.burmeseclassic.com

www.burmeseclassic.com



Rဇာနည်တို့ ဇနီးမောင်နှံကို
မှတ်တမ်းတင်နေကြတဲ့ ချိုကြည်သာမှ ခနီဒေသန၊
ရှုထောင့်ပြင်ဆင်မှု ကိုချစ်ဟိန်း



ကိုကိုလွင်၊ ကိုကြွက်၊
ကိုအောင်ခင်းထွန်းနဲ့ ထွန်းအိမ့်ခြာမို



ရဲအောင်၊ ကျော်ဖေမျိုး၊
Rဇာနည်၊ ကိုကြွက်နဲ့ ဖေမျိုး



သားစိုးတို့မိသားစုနဲ့
Rဇာနည်တို့မိသားစု



ရေးစပ်ထားတဲ့ သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေပေးခဲ့ပြီး ဇော်ဝင်းထွဋ်နဲ့ ဇနီး မေခိုင်အုန်းတို့က Rဇာနည်တို့ ဇနီးမောင်နှံအတွက် အမှတ်တရစကားများပါပြောကြားပေးခဲ့ပါတယ်။

၁၅ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ပွဲကို ခမ်းခမ်းနားနားကျင်းပဖြစ်တာနဲ့ ပတ်သက်ပြီး Rဇာနည်ရဲ့ဇနီး ဝမ်းက "ဒီနေ့မှာ အရမ်းကို ပျော်ပါတယ်။ ပျော်လွန်းလို့ က, တောင်က,မိတယ်။ သူများတွေလို ကိုယ်တွေက မင်္ဂလာဆောင်ခဲ့ရတာ မဟုတ်တော့ ပျော်တာပေါ့။ ဝမ်းတို့က ၁၅ နှစ်ပြည့်မှ မင်္ဂလာဧည့်ခံပွဲကျင်းပရတာမျိုးလေ။ သားကြီး ဉာဏ်ဘုန်းဇာနည်(ဖစ်ဖစ်တုန်)၊ သားငယ်(ချစ်ချစ်တုန်)တို့ကို လက်ဆွဲပြီး ပွဲထွက်ရတာလေ။ သလင်းရတု မင်္ဂလာနှစ်ပတ်လည်ပွဲကို ဒီလိုကျင်းပဖြစ်တာက ဇာနည်နဲ့ ခိုးပြေးပြီးကတည်းက မင်္ဂလာဧည့်ခံပွဲ မလုပ်ဖြစ်ခဲ့ဘူးလေ။ အဲဒီတုန်းကတော့ လက်မှတ်ထိုးပြီး မင်္ဂလာဆွမ်းကျွေးပွဲပဲ လုပ်ဖြစ်ခဲ့တယ်လေ။

"ဒါကြောင့် ၁၀ နှစ်ပြည့်ရင် မင်္ဂလာဧည့်ခံပွဲလုပ်မယ်လို့ စိတ်ကူးရှိခဲ့ကြပါတယ်။ ဒါပေမဲ့ ဟိုလှည့်ဒီလှည့်နဲ့ပဲ ၁၀ နှစ်ပြည့်သွားတယ်။ ကိုယ်တွေလည်း ဘာမှအဆင်သင့်မဖြစ်သေးတော့ ၁၀ နှစ်ပြည့်မှာ ဘာမှမလုပ်ဖြစ်ခဲ့ဘူး။ ဒါနဲ့ ၁၅ နှစ်မှာလုပ်မယ်ဆိုပြီး စိတ်ကူးကြပြန်ရော။ ၁၅ နှစ်ပြည့်လာတဲ့အချိန်မှာ LIVOLIN Forte



www.burmeseclassic.com

www.burmeseclassic.com


ခိုင်ဝေဝေသုနဲ့
မင်းဦး


မဉ္ဇူနဲ့
ဝတ်မှုံရွှေရည်


Selfie ဆွဲနေကြတဲ့
ရွှေကျော်ကျော်တို့ဇနီးမောင်နှံ၊
ဝေလတို့ဇနီးမောင်နှံနဲ့ သားစိုး


တေးရေး
မင်းချစ်သုနဲ့
မြင့်မိုးအောင်


ကိုသာကောင်းနဲ့
မယ်လိုဒီ


ဇော်ပိုင်၊ အနဂ္ဂ၊ ဖိုးကာနဲ့ Ar-T


ဆန်းထွဋ်၊ Rဇာနည်၊
ပြည့်မောင်တို့ဇနီးမောင်နှံများနဲ့…


ဖိုးသား၊ ချစ်စနိုးဦးနဲ့ …


တက်ရောက်လာတဲ့ ဧည့်သည့်များနဲ့
အမှတ်တရ ဓာတ်ပုံရိုက်တဲ့ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဇာနည်ကို Brand Ambassador အဖြစ် တရားဝင်ထပ်ခန့်ပြီး ဂုဏ်ပြုပေးချင်တယ်ဆိုတော့ ၁၅ နှစ်ပြည့်နဲ့ ကွက်တိဖြစ်သွားပြီး လုပ်ဖြစ်သွားတာပါ။

"ဝမ်းသာစရာကောင်းတာက ရပ်နီးကတင် မကဘူး၊ ရပ်ဝေးက မိတ်ဆွေများပါ တကူးတကတက်ရောက်ပြီး အားပေးကြတော့ ပိုပြီး ဝမ်းသာရတာပေါ့။ နောက်ထပ် ဝမ်းသာစရာက ဝမ်းတို့နှစ်ယောက်ရဲ့ အကြောင်းကို ကိုဖိုးကာက သီချင်းအသစ်တစ်ပုဒ်ရေးဖွဲ့ပေးပြီး ဇာနည်ကိုယ်တိုင် သီဆိုခဲ့တယ်လေ။ ကိုညီထွဋ် ဆိုတဲ့ သီချင်းကိုတော့ ကိုမြင့်မိုးအောင်က ရေးပေးထားတာပါ။ ပထမတုန်းကတော့ ကိုညီထွဋ်က သီချင်းအဟောင်းထဲက လိုက်ဖက်မယ့်တစ်ပုဒ် ဆိုပေးမယ်ဆိုပြီး စီစဉ်ထားတယ်။ နောက်ကျတော့ အသစ်ပဲဆိုမယ်ဆိုပြီး ကိုမြင့်မိုးရေးပေးတဲ့ သီချင်းနဲ့ သီဆိုပေးသွားတာပါ။

"ကိုယ်တွေက အရမ်းပျော်နေပေမဲ့ နေရာထိုင်ခင်းအခက်အခဲရှိပေမဲ့ အဆင်ပြေအောင် နေပေးသွားကြပြီး ပျော်ပေးခဲ့ကြတဲ့ မိတ်ဆွေတွေကိုလည်း တောင်းပန်ပါတယ်။ "ကျေးဇူးတင်စကားလည်း ပြောချင်ပါတယ်။ ပွဲကို လာရောက်ချီးမြှင့်ပေးသူတွေရော၊ အဝေးကနေ မေတ္တာစကားပြောပေးကြသူတွေရော ကျေးဇူးတင်ပါတယ်။ ဒီပွဲကို ဒီလောက်အထိ လုပ်ဖြစ်သွားတာလည်း ကိုယ်တွေက နဂိုကတည်းကမှ အိမ်မှာပဲ မင်္ဂလာဆွမ်းကျွေးပြီး ပေါင်းသင်းခဲ့ကြတာလေ။ အခု ကလေးနှစ်ယောက်ရတော့မှ လုပ်ဖြစ်တာ အရမ်းပျော်ပါတယ်" လို့ ဆက်ပြီးပြောပြခဲ့ပါတယ်။


Rဇာနည်နဲ့ ဝမ်းတို့က သားကြီးကို ဉာဏ်ဘုန်းဇာနည် (ဖစ်ဖစ်တုန်) လို့ နာမည်ပေးထားပေမဲ့ ကိုးလအရွယ်ရှိပြီဖြစ်တဲ့ သားငယ်လေးကိုတော့ နာမည်မပေးရသေးဘဲ အိမ်မှာတော့ ချစ်စနိုးနဲ့ ချစ်ချစ်တုန်လို့ပဲ ခေါ်ကြတယ်လို့ သိရပါတယ်။ ■

**လင်းနိုင်ဦး**



သီချင်းအသစ်တစ်ပုဒ် ဖျော်ဖြေပေးခဲ့သလို
အမှတ်တရစကားလည်း ပြောကြားပေးခဲ့တဲ့ ဇော်ဝင်းထွဋ်တို့ဇနီးမောင်နှံ









www.burmeseclassic.com

www.burmeseclassic.com



# ငွေကြယ်တစ်ပွင့် မွေးဖွားခြင်း

ဆို

A Star is Born ရုပ်ရှင်ကား အထူးပွဲပြသရာ လော့စ်အိန်ဂျလိစ်သို့ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး၊ အဆိုတော် လေဒီဂါဂါ ရောက်ရှိလာခဲ့ပါတယ်။ သူ သရုပ်ဆောင်ခဲ့တဲ့ A Star is Born က ရုပ်ရှင်လောက ကို ရွှေခေတ်ပြန်လည်ရောက်ရှိသွားစေတယ်လို့ ဝေဖန် သူများက ဆိုပါတယ်။ ဂါဂါရဲ့မျက်နှာပေါ်မှာ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက ကြယ်ကြီးတစ်ပွင့် ဖြစ်လာမယ့် အရိပ်အယောင်တွေကို တွေ့ရပါတယ်



ကျောင်းသူဘဝ



၂၀၀၇ ခုနှစ်က နယူးယောက်ရှိ ဟိုတယ်တစ်ခုတွင် ဖျော်ဖြေစဉ်



၂၀၁၇ ခုနှစ်က တိုရွန်တိုမြို့မှ မိခင် စင်သီယာ၊ ညီမ နာတာလီ၊ ဖခင် ဂျိုးတို့နှင့်အတူ

တဲ့ ချစ်စဖွယ်အပြုံး၊ ဝတ်ဆင်ထားတဲ့ လှပတင့်တယ်လှတဲ့ ဝတ်စုံတို့နဲ့ ကင်မရာပေါင်းများစွာရဲ့အလယ်မှာ ဝင့်ထည်နေပါတယ်။ ဂါဂါရဲ့ အောင်မြင်မှုက ဟောလီဝုဒ်ရဲ့ ဂန္ထဝင်ရုပ်ရှင်မင်းသမီးများဖြစ်တဲ့ အော်ဒရီဟပ်ဘန်း၊ မာရီလင်မွန်ရိုး၊ လော်ရင်းဘေကောလ်တို့ရဲ့ စံချိန်ကိုမီတယ်လို့ သတ်မှတ်ကြပြီး တချို့ကတော့ အဲဒီမင်းသမီးကြီးတွေ အားလုံးပေါင်းထားတဲ့ အောင်မြင်မှုမျိုး ဂါဂါရရှိသွားခဲ့တယ်လို့ ဆိုကြပါတယ်။ တစ်ချိန်တုန်းကတော့ ဂါဂါဟာ ဝတ်ဆင်မှုနဲ့ပတ်သက်ပြီး ပရိသတ် တော်တော်များများရဲ့ဝေဖန်မှုကို ခံခဲ့ရသူ ဖြစ်ပါတယ်။

အသက် ၃၂ နှစ်ရှိပြီဖြစ်တဲ့ ဂါဂါဟာ စတက်ဖနီဂါမာနော်တာအဖြစ် မွေးဖွားခဲ့ပြီး အခုရုပ်ရှင်ကားမှာ အောင်မြင်စွာ သရုပ်ဆောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။ "တကယ်တော့ အဲဒီဇာတ်ကားမှာ ဇာတ်ကောင်စရိုက်က ကျွန်မဘဝနဲ့ မတူပါဘူး" လို့ ဂါဂါက People မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ပြောကြားခဲ့ပါတယ်။ "ကျွန်မ အဆိုကျော်ဖြစ်ခဲ့ချင်တုန်းက လက်ရှိကျော်ကြားနေတဲ့သူတွေနဲ့အပြိုင် ကြိုးစားခဲ့ရတာပါ။ အဲဒီအချိန်တုန်းက ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း ရှိခဲ့တယ်။ နယူးယောက်မြို့မှ ထုတ်လုပ်သူတွေကို ကျွန်မသီချင်တွေ ထုတ်ပေးဖို့အရေး လိုက်ပြီး မျက်နှာချိုသွေးခဲ့ရတယ်" လို့လည်း ဆိုပါတယ်။

သူပါဝင်သရုပ်ဆောင်လိုက်တဲ့ **A Star is Born** က ရုံတင်တဲ့ ပထမတစ်ပတ်မှာ ပင် ဝင်ငွေ ဒေါ်လာ ၄၁ သန်းကျော် ရရှိသွားပါတယ်။ ဒါရိုက်တာလည်းဖြစ်၊ တွဲဖက်သရုပ်ဆောင်သူလည်းဖြစ်တဲ့ ဘရက်ဒလီကူးပါးက ၁၉၃၇ ခုနှစ်မှာ ရိုက်ကူးခဲ့ဖူးတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်တဲ့ **A Star is Born** ကို ပြန်လည်ရိုက်ကူးခြင်းဖြစ်ပြီး သူတို့နှစ်ယောက်စလုံး အောင်မြင်မှု ရရှိသွားခဲ့ပါတယ်။ ဒီအောင်မြင်မှုက အော်စကာဆုအထိ ဂယက်ရိုက်လိမ့်မယ်လို့လည်း မျှော်လင့်ကြပါတယ်။

ဂါဂါရဲ့ဘဝမှာ အောင်မြင်မှုနဲ့ ကျရှုံးမှုတို့က ချားရဟတ်သဖွယ် မြင့်လိုက်၊ နိမ့်လိုက် ရှိနေခဲ့တာပါ။ Super Bowl ဘောလုံးပွဲမှာ ဂါဂါ သီဆိုဖျော်ဖြေစဉ်က ဝတ်စားဆင်ယင်မှုကြောင့် လူပြောများခဲ့ပြီး ၂၀၁၇ ခုနှစ်က ရိုက်ကူးခဲ့တဲ့ **Joanne** ရုပ်ရှင်ကားနဲ့ ဂရမ်မီဆု ဆန်ခါတင်စာရင်း ဝင်ခဲ့ဖူးပါတယ်။ အဲဒီလို အောင်မြင်မှုတွေရှိခဲ့သလို သူနဲ့ လက်ထပ်ကြဖို့ စေ့စပ်ကြောင်းလမ်းထားတဲ့ ခင်ပွန်းလောင်း တေလာကင်နီနဲ့ လမ်းခွဲရခြင်းက သူ့ဘဝမှာ နာကျင်မှုတွေကို ခံစားစေခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး Netflix က မော်ကွန်းရုပ်ရှင်အဖြစ် တင်ဆက်ခဲ့ဖူးတဲ့ **Five Foot Two** မှာ သူ့ကိုယ်ရေးကိုယ်တာတွေကို အသိပေးခဲ့ပါတယ်။ သူတို့နှစ်ယောက်က ၂ နှစ်နီးပါး အတူနေခဲ့ကြပြီး အေးဂျင့်တစ်ယောက်ဖြစ်တဲ့ ခရစ္စတီယန်နဲ့လည်း ဂါဂါက လက်ပွန်းတတီး နေခဲ့ဖူးပါတယ်။ အများအမြင်မှာ သူတို့နှစ်ယောက်ဟာ စေ့စပ်ကြောင်းလမ်းထားပြီးဖြစ်တယ်လို့ မြင်ခဲ့ကြပေမဲ့ တကယ်တော့ စေ့စပ်ကြောင်းလမ်းထားခြင်း မရှိခဲ့ပါဘူး။ ဒါနဲ့ ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ်က ထုတ်ဝေခဲ့တဲ့ Rolling Stone မဂ္ဂဇင်းမှာ ဂါဂါက "ဂီတဘက်မှာပဲဖြစ်ဖြစ်၊ အနုပညာဘက်မှာပဲဖြစ်ဖြစ်၊ စာရေးတဲ့ဘက်မှာပဲဖြစ်ဖြစ် ကျွန်မလို ကြိုးကြိုးစားစား လုပ်ဆောင်မယ်ဆိုရင် အောင်မြင်မှုရနိုင်သလို နာကျင်မှုတွေလည်း ခံစားရမယ်ဆိုတာ သိထားသင့်တယ်" လို့ ပြောခဲ့ပါတယ်။ "ကျွန်မကတော့ အနုပညာအလုပ်ကို လုပ်ပြီဆိုကတည်းက အသည်းကွဲပြီးသား လုပ်ပါ" လို့လည်း ဆိုပါတယ်။

၂၀၀၈ ခုနှစ်တုန်းကဆိုရင် ဂါဂါက *Just Dance* နဲ့ *Poker Face* သီချင်းများနဲ့ အောင်မြင်မှုရခဲ့သူလည်း ဖြစ်ပါတယ်။ ထိုနည်းတူ *The Fame* က



www.burmeseclassic.com

www.burmeseclassic.com





A Star is Born ဇာတ်ကား၌ ဘရက်ဒလီကူးပါးနှင့် တွဲဖက်သရုပ်ဆောင်စဉ်



၂၀၁၆ ခုနှစ်က American Horror Story ဇာတ်လမ်းတွဲဖြင့် ရွှေကမ္ဘာလုံးဆု ရခဲ့သည်



၂၀၁၇ ခုနှစ်က Super Bowl အားကစားပွဲတွင် သူ့သီချင်းများကို တစ်ဆက်တည်း သီဆိုကာ ဖျော်ဖြေခဲ့သည်

လည်း အရောင်းရဆုံး ဓာတ်ပြားစာရင်းမှာ ထိပ်ဆုံးကနေ ရပ်တည်ခဲ့ဖူးပါတယ်။ ဒါတွေကို ဂါဂါနဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်တချို့သာ သိကြပြီး ဂါဂါ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ အပြင်လူတွေက သိပ်မသိကြပါဘူး။

မိခင်ဖြစ်သူ စင်သီယာ၊ ဖခင်ဖြစ်သူ ဂျိုးဇက်တို့က မွေးဖွားလာပြီး အောင်မြင်ထင်ရှားတဲ့ လေဒီဂါဂါဖြစ်လာမယ့် သူကလေးဟာ နယူးယောက်မြို့ အနောက်ဘက်ခြမ်း မဟတ္တန်မှာ စန္ဒရားတီးပြီး ဖျော်ဖြေတဲ့ မိန်းကလေးဖြစ်လာခဲ့ပါတယ်။ သူဟာ ဂီတကို ခုံမင်မြတ်နိုးသူဖြစ်ပြီး စန္ဒရားကို ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်တဲ့အပြင် ကိုယ်တိုင်ကပြဖျော်ဖြေရေးကိုလည်း ဝါသနာပါတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အထက်တန်းကျောင်းသူဘဝဖြစ်လာတဲ့ အခါမှာ သူခံစားခဲ့ရတာတွေကတော့ "ကျွန်မက အဲဒီလို စိတ်ကူးယဉ်အိပ်မက် အကြီးကြီးတွေ မက်တတ်သူဖြစ်တော့ ကျောင်းက သူငယ်ချင်းအတော်များများက စိတ်ကူးယဉ်အိပ်မက်မက်သူအဖြစ် လှောင်ပြောင်တာကို ခံစားခဲ့ရပါတယ်" လို့ ပြောပြပါတယ်။ သူငယ်ချင်းတွေရဲ့ လှောင်ပြောင်မှုကို ကြိတ်မှိတ်ခံစားရင်း သူဖြစ်ချင်တဲ့ ဂီတသမားဘဝကို ရောက်အောင် ကြိုးစားမယ်လို့လည်း ဆုံးဖြတ်ခဲ့ပါတယ်။

၂၀၀၅ ခုနှစ်မှာတော့ နယူးယောက်တက္ကသိုလ်က ထွက်လာခဲ့ပြီး ဖခင်ဖြစ်သူနဲ့ သဘောတူညီမှုတစ်ခု ရယူခဲ့ပါတယ်။ အဲဒါကတော့ သူကြိုးစားနေတဲ့ ဂီတသမားဘဝမှာ မအောင်မြင်ဘူးဆိုရင် ကျောင်းပြန်တက်ပါမယ်ဆိုတဲ့ သဘောတူညီချက်ပါပဲ။ တစ်နှစ်အတွင်းမှာပဲ ဓာတ်ပြားကုမ္ပဏီတစ်ခုနဲ့ သဘောတူညီချက် ချုပ်ဆိုခဲ့ပြီး သူ့ဘဝခရီးကို စ,ခဲ့ပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ဘရင်ဒန်ဂျေးဆူလီဗန်က ပြောပြခဲ့ဖူးတာ ရှိပါတယ်။ သူက ဂါဂါနဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ် ထုတ်ဝေရာမှာ ထည့်သွင်းရေးသားခဲ့တာပါ။ စာအုပ်နာမည်က **Rivington Was Ours: Lady Gaga** ပါ။ ဒီစာအုပ်မှာ ဘရင်ဒန်က ဂါဂါကို ကျောင်းပြန်တက်ဖို့ မတိုက်တွန်းခဲ့ပါဘူး။ ထို့နည်းတူစွာ ဖခင်ဖြစ်သူကလည်း ကျောင်းပြန်တက်ဖို့ မတိုက်တွန်းဘဲ ထားခဲ့ပါတယ်။ ဒါကြောင့် ဂါဂါက သူ့ဂီတခရီးကို ဆက်လက်လျှောက်လှမ်းနေပြီး ဖျော်ဖြေပွဲတွေမှာလည်း ပါဝင်တင်ဆက်ခဲ့ပါတယ်။



၂၀၁၇ ခုနှစ်က Netflix တွင် Gaga:Five Foot Two မော်ကွန်းရုပ်ရှင်ဖြင့် အောင်မြင်မှုရခဲ့သည်

ဂါဂါလျှောက်လှမ်းခဲ့တဲ့ လမ်းဟာ ပန်းခင်းလမ်းတော့ မဟုတ်ပါဘူး။ အသက် ၁၉ နှစ်အရွယ်မှာ ထုတ်လုပ်သူတစ်ဦးက မတရားကျင့်ကြံမှုကို ခံခဲ့ရပါတယ်။ အဲဒီအကြောင်းကို ၂၀၁၄ ခုနှစ်မှာ ဂါဂါက Howard Stern ကို ဖွင့်ဟပြောကြားခဲ့ပါတယ်။ "အင်မတန်ကြောက်မက်စရာကောင်းတဲ့ ကိစ္စတွေကို ကျွန်မ ဖြတ်သန်းခဲ့ရပါတယ်။ အခုတော့လည်း အဲဒါတွေက ရယ်စရာကောင်းနေပါပြီ" လို့ ဂါဂါက ပြောကြားခဲ့ပါတယ်။




Gaga နှင့် Chicago Fire ဇာတ်ကားမှ သရုပ်ဆောင် တေလာကင်နီတို့မှာ ချစ်ကျွမ်းဝင်ခဲ့ကြသော်လည်း ၂၀၁၆ ခုနှစ်တွင် လမ်းခွဲခဲ့ကြသည်

အဲဒီကာလမှာ ထုတ်လုပ်သူများက ဂါဂါကို အနုပညာရှင်တစ်ဦးအဖြစ် မသတ်မှတ်နိုင်ကြသေးဘဲ ကျောင်းသူကလေးတစ်ယောက်ရဲ့ သီဆိုမှုလောက်သာ သတ်မှတ်ထားကြပါတယ်။ အထင်အမြင်သေးကြတာတွေကို ဂါဂါက လေဒီဂါဂါရယ်လို့ ဖြစ်လာအောင် ကြိုးစားပြီး သက်သေပြနိုင်ခဲ့ပါတယ်။ ဂါဂါဆိုတဲ့အမည်တွင်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ် ဖန်နဝါရီလမှစ၍ အချစ်သစ်ကို တစ်ဖန်တွေ့ခဲ့ပြန်သည်။ အသက် ၅၀ အရွယ်ရှိ ခရစ္စတီရန်းကာရီနို ဖြစ်ပြီး သရုပ်ဆောင် အေးဂျင့်လည်းဖြစ်၏



၂၀၁၇ ခုနှစ်က ဖျော်ဖြေပွဲ တစ်ခုတွင် တွေ့ရစဉ်

ကတော့ Queen တေးဂီတအဖွဲ့ရဲ့ *Radio Ga Ga* ဆိုတဲ့ သီချင်းကို အစွဲပြုပြီး ခံယူလိုက်ခြင်း ဖြစ်ပါတယ်။ သူ့ရဲ့ပထမဦးဆုံး ထုတ်လုပ်သူ၊ နောင်မှာ ချစ်သူ ဖြစ်လာတဲ့ Rob Fusary ကတော့ ဂါဂါရဲ့ အရည်အချင်းကို သိပါတယ်။ ပထမဆုံးအကြိမ် ဂါဂါရဲ့သီချင်းကို နားထောင်လိုက်မိကတည်းက ဒီကလေးမ အောင်မြင်တော့မယ်လို့ သူခန့်မှန်းမိခဲ့ပါသတဲ့။ ပထမဆုံးအယ်လ်ဘမ် ထုတ်ဝေပြီးချိန်မှာ ဂါဂါဟာ ဂီတပြေးလမ်းပေါ်မှာ ပါဝင်ယှဉ်ပြိုင်သူတစ်ဦး ဖြစ်လာခဲ့ပါပြီ။ သီချင်းဆိုရုံသာမက ဖြေဖျော်ရေးကိုလည်း ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါတယ်။ ဒါကြောင့် သူ့ပထမ အယ်လ်ဘမ်ဟာ Top 10 စာရင်းဝင်ဖြစ်လာခဲ့ပါတယ်။ ဂီတဘက်မှာ အောင်မြင်လာတဲ့ အချိန် အချစ်ရေးကတော့ ရှုံးနိမ့်ခဲ့ရပါတယ်။

*Five Foot Two* အယ်လ်ဘမ်မှာ အောင်မြင်မှုခံစားရင်း တစ်ဖက်မှာ ရှုံးနိမ့်သွားတဲ့ သူ့အချစ်ရေးအကြောင်းကို ထည့်သွင်းသီဆိုခဲ့ပါတယ်။ "ကျွန်မ ဓာတ်ပြားပေါင်း ဆယ်သန်းရောင်းခဲ့ရပါတယ်။ တစ်ဖက်မှာ ကျွန်မချစ်သူဖြစ်တဲ့ မက်ကို ဆုံးရှုံးလိုက်ရတယ်။ ကျွန်မ ဓာတ်ပြားချပ်ရေ သန်းသုံးဆယ် ရောင်းရတဲ့အချိန်မှာ ချစ်သူ လုခ်ကို ဆုံးရှုံးရတယ်။ ရုပ်ရှင်ဘက်ကို ကူးပြောင်းပြီး သရုပ်ဆောင်လုပ်တဲ့အချိန်မှာ ချစ်သူ တေလာကို စွန့်လွှတ်ရပြန်တယ်။ ဒီတော့ ကျွန်မဘဝက တစ်ဖက်မှာ အောင်မြင်ရင် တစ်ဖက်ကို စွန့်လွှတ်ရတဲ့သူ ဖြစ်နေပါတယ်။ ကျွန်မ အသည်းမကွဲဘဲ နေပါ့မလား။ တေလာနဲ့ လမ်းခွဲရတဲ့ အချိန်ဟာ ကျွန်မအတွက် တတိယအကြိမ်မြောက် အသည်းကွဲရခြင်းပါ" လို့ အောင်မြင်မှုနဲ့ ယှဉ်တွဲတဲ့ သူ့အသည်းကွဲဇာတ်လမ်းကို ပြောပြခဲ့ပါတယ်။

အဲဒီလို အသည်းကွဲခဲ့ပေမဲ့ ဂါဂါရဲ့ အောင်မြင်မှုက အယ်လ်ဘမ်ထုတ်ဝေရာမှာ ချပ်ရေ ၂၇ သန်းအထိ ရောင်းခဲ့ရပြီး ဂရမ်မီဆု ၆ ဆု ဆွတ်ခူးတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဂီတဘက်မှာ အောင်မြင်ပေမဲ့ ကိုယ်ရေးကိုယ်တာဘက်မှာတော့ အသည်းကွဲဝေဒနာတွေ ခံစားခဲ့ရတာပါပဲ။ ၂၀၁၃ ခုနှစ်မှာ ဖျော်ဖြေရေးအစီအစဉ်တစ်ခုအတွက် ကပြနေရင်း တင်ပါးဆုံရိုးကျိုးသွားခဲ့ပါတယ်။ ဒါကြောင့် နောက်ထပ်စီစဉ်ထားတဲ့ ပွဲစဉ်တွေကို ဖျက်သိမ်းခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




သရုပ်ဆောင်ဘက်မှာ ဂါဂါဟာ ၂၀၁၆ ခုနှစ်က ရိုက်ကူးခဲ့တဲ့ **American Horro Story** ဇာတ်ကား အတွက် ရွှေကမ္ဘာလုံးဆု ဆွတ်ခူးတဲ့အထိ အောင်မြင်သွားခဲ့ပါတယ်။ ဒါကြောင့် သရုပ်ဆောင်ဘက်ကို ပိုပြီးအားသန်လာခဲ့ပုံရပါတယ်။ အခုချိန်မှာတော့ ဂါဂါဟာ လာ့စ်ဗီးဂတ်စ်မြို့က MGM ကုမ္ပဏီကြီးရဲ့ နေအိမ်မှာ နေထိုင်လျက်ရှိပြီး ဒီဇင်ဘာလမှာ ရုပ်ရှင်ကားသစ်တစ်ကား ရိုက်ကူးဖို့ စီစဉ်နေပါတယ်။ **A Star is Born** ရုပ်ရှင်ကားရဲ့ အောင်မြင်မှုတွေကြောင့် အော်စကာဆုကို အိပ်မက်မက်နိုင်ခွင့် ရနေပါပြီ။ ဒီကားရဲ့ Red Carpet Show မှာ ဂါဂါဟာ Guci ရဲ့ လှပတင့်တယ်တဲ့ ဝတ်စုံနဲ့ ပွဲတက်လာခဲ့တာပါ။ ဂီတနဲ့ အောင်မြင်ခဲ့ပြီး အခုတစ်ခါ သရုပ်ဆောင်ဘက်မှာ အောင်မြင်လာတဲ့ လေဒီဂါဂါ ၂၀၁၈ ခုနှစ်အတွက် ကျင်းပမယ့် အော်စကာဆုပေးပွဲမှာ အောင်ပွဲခံနိုင်မလားဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါပြီ။ ■

ဘို

*Ref: People, October. 22. 2018.*






www.burmeseclassic.com

www.burmeseclassic.com



# တပည့်တွေက ကျွန်တော့်ထက် ပိုတော်ကြပါတယ် ပြောတဲ့ ညီညီထွန်းလွင်

လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com




မြန်မာ့ရုပ်ရှင်လောကအတွက် ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားများအပြင် ဗီစီဒီတွေပါ ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ ညီညီထွန်းလွင်က အခုချိန်မှာ ဇာတ်ကားတွေ မရိုက်ဖြစ်တော့ဘဲ အနားယူနေပြီ ဖြစ်ပါတယ်။ ဒါရိုက်တာ ညီညီထွန်းလွင်က **အများနှင့် မသက်ဆိုင်သောသူ** ရုပ်ရှင်ဇာတ်ကားနဲ့ ၂၀၀၈ ခုနှစ်က **အကောင်းဆုံးဒါရိုက်တာဆု** ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မြန်မာ့ရိုးရာ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ သီတင်းဝါလကျွတ်တဲ့အခါ လူကြီးသူမများကို ကန်တော့ကြပါတယ်။ ဒီထဲမှာ ဒါရိုက်တာ ညီညီထွန်းလွင်ရဲ့တပည့်များလည်း ပါဝင်ပါတယ်။ အတူနေ တပည့်ဖြစ်သူ ဒါရိုက်တာ ဩရသက ဦးဆောင်ပြီး တပည့်များ ဖြစ်ခဲ့ကြတဲ့ ဒါရိုက်တာ ဝိုင်း၊ ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)၊ ဒါရိုက်တာ ဩရသ၊ ဇာတ်ညွှန်း လွင်မင်းအံ့၊ ဇာတ်ညွှန်း လွှမ်းဝေအောင်၊ ဇာတ်ညွှန်း စိုးကြီး၊ တေးရေး စိုးလင်းနဲ့ လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးမြင့်ဆွေနှင့်သား ဝင်းဆွေတို့က ဆရာဖြစ်ခဲ့တဲ့ ဒါရိုက်တာ ညီညီထွန်းလွင်ကို ကန်တော့ပစ္စည်းများနဲ့ အောက်တိုဘာလ ၂၇ ရက်နေ့ညက သွားရောက်ကန်တော့ခဲ့ကြပါတယ်။ ကန်တော့ကြတဲ့ပွဲမှာ ဒါရိုက်တာ ညီညီထွန်းလွင်က "ဒီအချိန်မှာ ကျွန်တော့်အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

နောင်ထွန်းလွင်ကို အရမ်းသတိရသွားတယ်။ အစ်ကိုက ကျွန်တော့်ရဲ့ သင်ဆရာ၊ မြင်ဆရာဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့ စ,ရိုက်ဖြစ်တော့ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်ဆိုပြီး ပေါင်းပြီး ရိုက်ခဲ့ကြတာပါ။ ဒီတပည့်တွေနဲ့ အဲဒီကတည်းက ဆုံခဲ့ကြတာပါ။ ဒါရိုက်တာ ဝိုင်းဆိုရင်လည်း နောင်ထွန်းလွင်၊ ညီညီထွန်းလွင်ဆိုပြီး ရိုက်ကြကတည်းက သရုပ်ဆောင်လည်းလုပ်တယ်၊ ဇာတ်ညွှန်းလည်းရေးတယ်။ အဲဒီလိုနဲ့ လက်တွဲလာခဲ့ကြတာပါ။ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)ဆိုရင်လည်း သူက ရှုတင်မန်နေဂျာလည်း လုပ်တယ်။ ဇာတ်ညွှန်းလည်းရေးတယ်။ တစ်ခါတစ်ခါ သရုပ်ဆောင်တောင် ဝင်ပါလိုက်သေးတယ်။

"ဇာတ်ညွှန်း လွမ်းဝေအောင်၊ ဇာတ်ညွှန်း စိုးကြီး(ခ) စိုးသီဟ ရှိတယ်။ သီချင်းရေးတဲ့ စိုးလင်းဆိုရင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပေါင်းရိုက်နေကတည်းက သီချင်းတွေရေး လာပေးခဲ့တာပါ။ ဩရသကတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်နဲ့ နောက်ဆုံး ဆုံခဲ့သူလို့ ပြောလို့ရပါတယ်။ ဩရသက တည်းဖြတ် လုပ်ပေးတာများတယ်။ တွဲဖက်ဒါရိုက်တာလည်းလုပ်ခဲ့တယ်။ နောက်ပိုင်းမှာ ဆိုရင် ကျွန်တော်ရိုက်တဲ့ ကားတော်တော်များများကို ဩရသကပဲ ဆက်တာပါ။ အခုဆိုရင် ဝိုင်းကလည်း ဒါရိုက်တာအနေနဲ့ အောင်မြင်တယ်။ စတီးလ်ဆိုလည်း အောင်မြင်တယ်။ ဩရသ ဆိုလည်း အောင်မြင်နေပြီ။ ဇာတ်ညွှန်းရေးဆရာဆိုရင်လည်း ဆရာ လွင်မင်းအံ့လည်း အောင်မြင်တယ်။ ကိုလွင်မင်းအံ့နဲ့က ညီညီထွန်းလွင်အနေနဲ့ တစ်ယောက်တည်း ရိုက်ဖြစ်တော့မှ လက်တွဲခဲ့ကြတာပါ။ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ဘဝမှာ သိပ်လက်မတွဲဖြစ်ခဲ့ဘူး။ တေးရေး စိုးလင်းကတော့ သူ့ဟာသူ စတီရီယိုလိုင်းမှာ အောင်မြင်နေတဲ့သူပါ။ သူတို့ကို ကျွန်တော့် တပည့်တွေလို့ မပြောချင်ပါဘူး။ လုပ်ဖော်ကိုင်ဖက်လို့ပဲ ပြောချင်ပါတယ်။ လုပ်ဖော်ကိုင်ဖက် လုပ်ရင်းကိုင်ရင်းနဲ့ပဲ အတုမြင်၊ အတတ်သင် ဒီလိုလေး လာခဲ့ကြတာပါ။ အသီးသီးက သူ့လိုင်းနဲ့သူ အောင်မြင်နေတော့ ဝမ်းသာပါတယ်"လို့ ပြောပြခဲ့ပါတယ်။

"ကျွန်တော် တစ်ခုပြောချင်တာက သူတို့အကုန်လုံးသည် ကျွန်တော့်ထက်တော်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ရုပ်ရှင်လိုင်းပေါ် သာရောက်လာတာ အကြောင်းကြောင်းနဲ့ ရောက်လာတယ်လို့ ပြောလို့ရတယ်။ ၁၀၉/၁၁၀ အလုပ်လက်မဲ့ဖြစ်ပြီး ရောက်လာတာပါ။ ဝါသနာပါလို့ မဟုတ်ဘူး။ အစ်ကိုက ရုပ်ရှင်ထဲမှာ ထွန်းထွန်းနိုင်ဆိုပြီး အောင်မြင်နေတယ်။ အဖေက ဇာတ်ညွှန်းရေးတယ်။ ကျွန်တော်က မြန်မာနိုင်ငံ နိုင်ငံရေး အခြေအနေနဲ့ အုပ်ချုပ်တဲ့ အစိုးရကြောင့် ဘွဲ့ရထားပေမဲ့ လူငယ်ခြေကျ ဖြစ်နေတယ်။ လူငယ်ပေမဲ့ ခြေတက်မဟုတ်ဘူး၊ လူငယ်ခြေကျပါ။ အလုပ်မရှိ၊ အကိုင်မရှိ လုပ်မိလုပ်ရာ ဝင်လုပ်ရင်းကနေ ကျွန်တော်က ဇာတ်ညွှန်းနဲ့ နီးစပ်တော့ ဇာတ်ညွှန်းနဲ့စပြီး ညီအစ်ကိုနှစ်ယောက် ပေါင်းလုပ်ဖြစ်ခဲ့တာပါ။

"သူတို့တွေကျတော့ ဝါသနာကိုပါတာ။ အဲဒါကြောင့် ကျွန်တော့်ထက် သူတို့တွေက ပိုတော်ပါတယ်။ ဝါသနာပါတော့ စိုက်လိုက်မတ်တတ် အိပ်လည်း ဒီစိတ်၊ စားလည်း ဒီစိတ်နဲ့ ရူးသွပ်ခဲ့ကြတဲ့သူတွေပါ။ ကျွန်တော့်ဆီမှာ အားသာတာကတော့ အလုပ်တစ်ခုကို စည်းနဲ့၊ စနစ်နဲ့ ဒီလိုတော့ လုပ်တယ်။



www.burmeseclassic.com

ရုပ်ရှင်တစ်ကားထဲမှာရှိတဲ့ စည်းစနစ်မကျတာတွေကို ကျွန်တော်တို့ကျတော့ စည်းနဲ့ စနစ်နဲ့လုပ်တယ်။

"ဝီရိယရှိရှိနဲ့ စောစောလာမယ်။ ကတိတည်တည်နဲ့ လုပ်မယ်။ အဲဒီလိုရှိပါတယ်။ အနုပညာရှင်ဝင်စားမှုကျတော့ သူတို့တွေက ကျွန်တော့်ထက် သာတယ်။ ရူးသွပ်တော့ စူးစိုက်မှုအားလည်း ကောင်းတယ်။ သူတို့တွေက ကျွန်တော့်ထက် ပိုအောင်မြင်မယ်၊ ပိုလည်းကောင်းမယ်။ အဲဒီလို မြင်ပါတယ်။ ကျွန်တော်မရိုက်ဖြစ်တော့တာက မင်းသား၊ မင်းသမီးတွေရဲ့ ဒဏ်ကို မခံနိုင်လို့လည်း ပါတယ်။ ကိုယ်ရိုက်တဲ့ မင်းသား၊ မင်းသမီးက တချို့ကျတော့ ကတိမတည်၊ လာတဲ့အချိန်ကနောက်ကျ။ နေ့လယ် ၁၁ နာရီတို့၊ ၁၂ နာရီတို့မှ လာတော့ ကိုယ်က မနက် ၉ နာရီ ရိုက်ချင်တာလေ။ ရိုက်ရက်ဆိုရင်လည်း ရက်ပေးမယ်ဆိုပြီးတော့ တစ်ခါတလေကျရင် အမေကနေ လက်ခံထားလို့ သူကပဲ အားနာပြီး ရိုက်ရတာမျိုးလည်း ရှိတယ်။ စာချုပ်စာတမ်းတွေ သေသေချာချာ ကျကျနန မရှိဘူး။ ဒါရိုက်တာနဲ့ ကုမ္ပဏီနဲ့၊ မင်းသား၊ မင်းသမီးနဲ့ စာချုပ်တွေ ပြည့်ပြည့်စုံစုံ ချုပ်ပြီး လူကြီးလူကောင်းဆန်ဆန် သိပ်မလုပ်ကြဘူး။ အဲဒီဒဏ်တွေကို ကျွန်တော်မခံနိုင်ဘူး။ အခု လာကန်တော့ကြတဲ့ တပည့်တွေကတော့ ဆက်ခံရဦးမယ်နဲ့တူတယ်"လို့ ဆက်ပြီး ပြောပြခဲ့ပါတယ်။

တပည့်များထဲမှ ဒါရိုက်တာ ဝိုင်းက "ဦးညီတို့ ညီအစ်ကိုနဲ့ တွေ့ခဲ့ရတုန်းက ကျွန်တော် အောက်ခြေသိမ်းလုပ်ခဲ့ရတယ်။ အဲဒီလိုတဝမျိုးကနေ စခဲ့တာပါ။ ဦးညီတို့ ကျွန်တော့်ကို စခေါ်တုန်းကလည်း မထင်မရှား၊ ဖြတ်လျှောက်သာသာ Second အဆင့်လောက်က စဆုံခဲ့ပြီး ကျွန်တော် အသက် ၂၂၊ ၂၃ လောက်မှာ ဘာရယ် မဟုတ်ဘူး၊ ကျွန်တော် ပုံသဏ္ဌာန်နဲ့ ကျွန်တော်ရွေးထားတဲ့ ဇာတ်ညွှန်းကို ဦးညီကို ပြဖြစ်တယ်။ ဇာတ်ညွှန်းရယ်၊ ဘာရယ်တော့ မဟုတ်ပါဘူး။ ဦးညီဆီမှာ ဇာတ်ညွှန်းကစပြီး အောက်ခြေသိမ်း အကုန်သင်ခဲ့တယ်။

"အနုပညာလောကထဲ ရောက်လာတော့ ဦးကျော်ဟိန်းတို့၊ ဦးခင်မောင်ဦး၊ ဦးစိုးသိမ်းထွဋ်တို့၊ ဦးဝင်းဖေတို့ကားတွေမှာ ဖြတ်လျှောက်လုပ်ရတယ်။ အောက်ခြေသိမ်းလုပ်ရတယ်။ အသက် ၁၇ နှစ်ကတည်းက စခဲ့တာပေါ့။ ဦးညီတို့ ညီအစ်ကိုနဲ့ တွေ့တဲ့အချိန်မှာတော့အသက် ၂၁၊ ၂၂ လောက်ရှိနေပြီ။ ၂၅ လောက်ကျတော့ ဦးညီတို့၊ ကိုသီတို့ရိုက်တဲ့ကားတွေနဲ့ ဝိုင်းဆိုပြီး သိလာကြတာပါ။

"ဦးနောင်ထွန်းလွင်ဆိုတဲ့ ကိုမောင်ကျတော့ ကျွန်တော့်ကို ကင်မရာအယူအဆနဲ့ ပတ်သက်တာတွေ ပြောပြတယ်။ မင်းသား၊ မင်းသမီးရဲ့ အထာတွေ၊ သူတို့ကို ဘယ်လို ကိုင်တွယ်ရတယ်ဆိုတဲ့ လူတွေရဲ့ သဘောကို ပြောပြတယ်။ ဦးညီကျတော့ ဇာတ်ညွှန်းနဲ့ပတ်သက်တာတွေကို သင်ပေးခဲ့တာပါ။ ဦးညီကနေတစ်ဆင့် သူတို့ရဲ့ အဖေ ဆရာ ရွှေဒုံးထွန်းလွင်ရဲ့နည်းစနစ်တွေ သင်ခဲ့ရတာပေါ့။ ဒါကြောင့် ဇာတ်ညွှန်းနဲ့ ဆုရတဲ့အချိန်မှာ ဦးညီကို အဓိကထား ပြောတာပါ။ ဇာတ်ညွှန်းနဲ့ပတ်သက်လို့ အဓိကထား ကျေးဇူးတင်ရမှာတော့ ဦးညီပဲ ရှိတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဆရာ ညီညီထွန်းလွင်က တပည့်များ ကန်တော့ကြလို့ ဝမ်းသာပီတိဖြစ်ခဲ့ရသလို တပည့်များကို ဒီထက်အောင်မြင်ကြပါစေလို့လည်း ဆုတောင်းပေးတာ ကြားခဲ့ရပါတယ်။ ■လင်းနိုင်ဦး







www.burmeseclassic.com

www.burmeseclassic.com



လက်ချင်းမြဲမြဲ တွဲထားတဲ့ အိုလီနဲ့ ဂါးတို့ကို
ကင်စတန်ဥယျာဉ်ထဲက ပီတာပန်ရုပ်တုရှေ့မှာ တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





# မကြာခင်မှာ ကြင်နာမယ်

ဇာနည်ညီမိုး

သူတို့နှစ်ယောက် တွဲခဲ့ကြတာ ဆယ်နှစ်ကျော် ကြာခဲ့ပါပြီ။ ဒါပေမဲ့ Made In Chelsea ရဲ့ သရုပ်ဆောင်ဖြစ်တဲ့ အိုလီ လော့ခ်နဲ့ ဂါးရက်လော့ခ်တို့ နှစ်ယောက် တရားဝင် လက်ထပ်ကြတော့မယ်လို့ ကြေညာလိုက်တဲ့အခါမှာတော့ စိတ်ဝင်စားမှုတွေ များပြားလာခဲ့ပါတယ်။ မတ်လကစပြီး သူတို့နှစ်ယောက် တွဲခဲ့ကြတယ်။ အိုလီရဲ့ နေအိမ်ရှိတဲ့ Fulham နေအိမ်ကို ဇွန်လမှာ ပြောင်းရွှေ့နေထိုင်ခဲ့ကြချိန်မှာတော့ စိတ်ဝင်စားမှုတွေ အရှိန်အဟုန်မြင့်လာခဲ့ပါတယ်။

သူတို့နှစ်ဦးရဲ့ အစီအစဉ်များနဲ့ ပတ်သက်ပြီး Hello မဂ္ဂဇင်းကြီးက သီးသန့် အင်တာဗျူးလုပ်ပြီး ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးခဲ့ရာမှာ နှစ်ယောက်စလုံးက "ကျွန်တော်တို့နှစ်ယောက်စလုံး ပျော်နေကြသလို အရမ်းလည်း ရင်ခုန်နေကြပါတယ်"လို့ ဆိုခဲ့ပါတယ်။ သူတို့နှစ်ယောက် ဓာတ်ပုံရိုက်ကူးနေချိန်မှာ ဧည့်သည်တစ်ဦး ပါလာခဲ့ပါတယ်။ အဲဒီဧည့်သည်တော့ သူတို့နှစ်ယောက် မွေးထားတဲ့ ခွေးကလေးဖြစ်ပြီး သူ့နာမည်က Bear လို့ ခေါ်ပါတယ်။

ခွေးကလေးရဲ့အသက်က ၄ နှစ်ရှိပြီလို့ ဆိုပါတယ်။ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ အိုလီက Hello ရဲ့ အင်တာဗျူးကို ဖြေဆိုရာမှာ သူ့ချစ်သူကို လှမ်းကြည့်လိုက်ပြီးမှ "ကျွန်တော်တို့ နှစ်ယောက် အတူနေကြဖို့ ဆုံးဖြတ်လိုက်ကြပြီးတဲ့နောက် အင်မတန်လှပတဲ့ ကင်စတန် ဥယျာဉ်ကြီးထဲမှာ လမ်းလျှောက်ခဲ့ကြပါတယ်။ ဒီဥယျာဉ်ကြီးက ကျွန်တော် အရမ်းနှစ်သက်တဲ့ နေရာပါ။ အဲဒီဥယျာဉ်ကြီးထဲမှာ ပီတာပဲန်ရုပ်တုလည်း ရှိတယ်။ ဒီအရုပ်ကိုလည်း ကျွန်တော်က အရမ်းသဘောကျတာပါ။ ကျွန်တော့်ချစ်သူ ဂါးက



www.burmeseclassic.com

www.burmeseclassic.com

ပီတာပဲန်ရုပ်တုနားမှာ စောင့်နေတာပါ။ ကျွန်တော်ရောက်သွားတော့ သူ ကျွန်တော့်ကို အားရပါးရဖက်လိုက်ပါတယ်”လို့ ပြောပြပါတယ်။


အသက် ၂၉ နှစ်ရှိပြီဖြစ်တဲ့ ဂါးကလည်း “ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်းရှိသင့်ပြီလို့ ယူဆတာကြောင့် သူ့ကို ပွေ့ဖက်လိုက်တာပါ”လို့ ဆက်လက်ပြောပြပါတယ်။

ချစ်ခွင့်အပန်ခံလိုက်ရတဲ့ အိုလီက အံ့ဩသွားပေမဲ့ တရားဝင်လက်ထပ်ကြဖို့ကို ဆွေးနွေးခဲ့ကြပါတယ်။ စေ့စပ်ကြောင်းလမ်းလက်စွပ်အတွက် လက်ဝတ်ရတနာကုန်သည်ဖြစ်တဲ့ သီအိုဖဲန်နဲလ်ကိုတောင် မှာထားပြီးပြီလို့ ဆိုပါတယ်။

“ကျွန်တော်က လက်ထပ်ပါရစေလို့ ပြောတဲ့အခါမှာ လက်စွပ်ပါသင့်တယ်လေ”လို့ ဂါးက ဆိုပါတယ်။ အဲဒီလိုပြောတဲ့အချိန်မှာ သူတို့နှစ်ယောက် လက်ချင်းဆုပ်ကိုင်ထားကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည်ကြည်နူးနူးကြည့်နေကြတာပါ။

အခုတော့ သူတို့နှစ်ယောက်က အီတလီနိုင်ငံမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှာ သွားရောက်လက်ထပ်ကြပြီး မင်္ဂလာအခမ်းအနားကိုတော့ အင်္ဂလန်နိုင်ငံ Chelsea မြို့ရဲ့ မြို့တော်ခန်းမမှာ တခမ်းတနား ကျင်းပမယ်လို့ ဆိုပါတယ်။ နှစ်ယောက်စလုံး ဘိုးတိုင်အနက်များ ဝတ်ဆင်ကြမှာဖြစ်ပြီး နှစ်ယောက်အတူ ဘုရားရှိခိုးကျောင်းထဲက လျှောက်လမ်းမှာ လျှောက်လှမ်းကြမှာဖြစ်တယ်လို့ ဆိုပါတယ်။ နာမည်ကျော်သရုပ်ဆောင်များကို ဧည့်သည်အဖြစ် ဖိတ်ကြားကြမှာဖြစ်လို့ အခုကတည်းက စာရင်းပြုစုနေပါပြီ။

“**The Island With Bear Grylls** ဇာတ်လမ်းတွဲက သောမတ်စ်အီဗင်၊ **Made In Chelsea** ဇာတ်လမ်းက ဂျော်ဂျီရာတိုဖိုလို၊ ဗင်ကီ၊ လူးဝစ်သော်မဆင်တို့လည်း တက်ရောက်မယ်”လို့ အိုလီက တက်ရောက်မယ့် အနုပညာရှင်



သူတို့နှစ်ယောက် ဆက်ဆံရေးက ခပ်သွက်သွက်ပဲ ပြောင်းလဲလာခဲ့ပြီး သူငယ်ချင်းဘဝကနေ လက်တွဲဖော်အဖြစ် ကူးပြောင်းလာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တချို့စာရင်းကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

"ရစ်ချက်ဒိုင်နန်နဲ့ ဗင်ကီတို့ကတော့ မင်္ဂလာအောင်ပွဲပါတီကျမှ တက်ရောက်ကြပါလိမ့်မယ်။ ကျွန်တော်တို့ လက်ထပ်မယ်ဆိုတာက ရှေးရိုးဆန်တဲ့ မင်္ဂလာပွဲတော့ ဟုတ်မှာ မဟုတ်ပါဘူး။ ပျော်ပြေရေးဆန်တဲ့ ပါတီပွဲတွေ ပိုများပါလိမ့်မယ်" လို့လည်း ဆက်လက်ပြောကြားခဲ့ပါတယ်။

အင်္ဂလိပ်ရိုးရာထုံးစံအရ ဖခင်ဖြစ်သူရဲ့ အမည်ကို ကိုယ့်နာမည်မှာ တပ်ရတာဖြစ်ပေမဲ့ သူတို့နှစ်ယောက်ကတော့ နာမည်တစ်ခုတည်းကို ယူကြမယ်လို့လည်း ဆုံးဖြတ်ထားကြပါတယ်။

"ကျွန်တော်တို့ နှစ်ယောက်စလုံးက လော့ခ်ဆိုတဲ့ ဆာနိမ်းကိုပဲ သုံးကြဖို့ ဆုံးဖြတ်ထားပါတယ်" လို့လည်း ဆိုပါတယ်။ ပြုံးပြီးနားထောင်နေတဲ့ အိုလီက



Made In Chelsea ဇာတ်လမ်းတွဲမှာ ဗင်ကီနဲ့အတူ အိုလီကို တွေ့ရစဉ်။

"အဲဒီစိတ်ကူးကို ကျွန်တော်ကြိုက်တယ်။ ကျွန်တော်တို့မင်္ဂလာပွဲမှာ နှစ်ဖက်စလုံးက မိသားစုတွေလည်း တက်ရောက်ချီး မြှင့်ကြမှာပါ" လို့လည်း ဆိုပါတယ်။ သူတို့နှစ်ယောက် စပြီး ဆုံစည်းကြတာကတော့ ဒီဇိုင်နာ ဂျိတ်ဟော်လန် ကူးပါးကျင်းပတဲ့ ဖက်ရှင်ရှိုးတစ်ခုမှာ ဝင်ရောက်ဆင်နွှဲပေးရင်း ဆုံစည်းခဲ့ကြတာပါ။ အခုတော့ ဂါးက အဲဒီလုပ်ငန်းမှာ ဒါရိုက်တာတစ်ယောက် ဖြစ်နေပါပြီ။

■ ဇာနည်ညီမ်း

*Ref: Hello ,October.8.2018.*



www.burmeseclassic.com

www.burmeseclassic.com

၁။

ကျွန်မ
မှားသွားပြီလား မောင်။
သက်ပြင်းကို
ချဉ်းချဉ်းလေးပဲ
ချပါရစေတော့လေ။ ကျွန်မ
ရင်ထဲ အရမ်းမောနေ
လို့ပါ။ နှလုံးသားနဲ့
ပတ်သက်လာရင်
ဝေဝါးတဲ့စိတ်က
လွှမ်းမိုးနေခဲ့လို့ မပြယ်တဲ့
အရှိန်ကြောင့် ကျွန်မ
နှုတ်လွန်ခဲ့မိတယ် မောင်။
မောင်လိုချင်တဲ့
အိပ်မက်ကိုပေးဖို့ ကျွန်မ
မစွန့်စားရဲသေးဘူး။
ပြီးတော့ မောင့်ကို ဘာလို့
ချစ်မိသွားမှန်း

ကျွန်မကိုယ်၌က
သံသယဝင်နေတယ်
မောင်။ အဲဒါကိုက ကျွန်မ
မတရားတာ။
ချစ်ခြင်းကလွဲရင်
နောက်ကွယ်အကြောင်း
အရာတွေ မသိသေးတဲ့
ဆယ့်ခြောက်နှစ်သာသာ
အထက်တန်း
ကျောင်းသားတစ်ဦးရဲ့
မျှော်လင့်ချက်အတွက်
ဖြည့်စွက်မပေးနိုင်ခဲ့လို့
ကိုယ့်ကိုယ်ကို
မုန်းတီးနေမိတယ်။
မောင့်မေးခွန်းက
ရိုးသားပါတယ်။

အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအဖြေမျိုး မောင်မကြားချင်သလို ဘယ်ယောကျ်ားလေးကမှလည်း လက်ခံလို ကြမှာမဟုတ်မှန်း နားလည်ပေမဲ့ အချိန်မီ အသိမရှိခဲ့ဘူး။

ကျွန်မအနားက မောင်ထ,သွားတော့ သူငယ်ချင်းတွေ မေးကြတယ်။ မောင် ဘာဖြစ်လို့လဲတဲ့။ ကျွန်မ ဖြေရခက်တယ် မောင်။ ချိုပြုံးနဲ့ မညားတဲ့ ကျော်ဟိန်းရဲ့ **'လွမ်းနေမယ်မမ'** ဆေးရောင်စုံဇာတ်ကား အဆုံးသတ်ကို မောင် ဆက်မကြည့်ချင်တော့လို့ နေမှာပေါ့ဆိုပြီး ခပ်ပေါ့ပေါ့ မဖြေချင်ဘူး။ မောင် မသိလိုက်တဲ့ ကျွန်မ မျက်ရည်တစ်စက ရုပ်ရှင်ကြောင့် ကျခဲ့တာ မဟုတ်ဘူးဆိုရင် ကျွန်မကို အပြစ်ထပ်မြင်ကြမှာ သေချာတယ်။

'မသွယ်၊ ကျွန်တော့်ကို ဘယ်လောက်ချစ်လဲဟင်'

မောင့်အသံက နိမ့်နိမ့်ပါးပါးလေးပဲ။ ကျွန်မကသာ ရင်ခုန်နှုန်းမြန်ခဲ့လို့လေ။ ကျွန်မမျက်ဝန်းဟာ ပိတ်ကားမှာထက် တစ်နေရာကို ရွေ့နေခဲ့တယ် မောင်။

'နင် စိတ်မဆိုးနဲ့နော်၊ နင့်ကို တို့ အချစ်ဦးလောက် မချစ်နိုင်ဘူး'

မောင် ဆက်ထိုင်နိုင်စွမ်းမရှိတဲ့ အကြောင်းပြချက်ကို ကျွန်မ စိတ်မကွက်ဘူး မောင်။ ချစ်သူကို ဘေးထားပြီး တစ်ပါးသူဆီ မမှေ့ခြင်းတွေနဲ့ သတိရနေတတ်တဲ့ မိန်းမလို့ မောင် ကဲ့ရဲ့နေမလား။ ကျွန်မ မောင့်ကို ချစ်တာတော့ အမှန်ပဲ။ ဒါပေမဲ့ ပထမဆုံး ထိခတ်မှုမှာ ကျွန်မ တုန်ခါနေ

cspfb u kd
ab ;x m;NyD
w pfygp bq D
r ar jci faw eGY
o w &Saew w fw bl
r ekfr v  bdY
ar mif
u 8Buaer v m,
u Ref
ar mifb kd
cspfw naw mh
t r eSyJ
' gayr bl
yx r q kH
x dw f t &Sm
u Ref
w kefcgaew kefr bdY
r n n&Su b l
ar mif

တုန်းမို့ မညာရက်ဘူး မောင်။ တကယ်ဆို မောင့်ကို အားနာသင့်တယ်။ ချစ်သူသက်တမ်း နှစ်ရက်မှာ ကျွန်မတို့ သဘောထားကွဲလွဲခဲ့ကြတယ်နော်။ မှတ်မှတ်ရရပါပဲ မောင်။ အဲဒီနေ့က ကျွန်မတို့ မြို့ရဲ့ ကြယ်တာရာ ရုပ်ရှင်ရုံဟာ အဖြူအစိမ်းဝတ်တွေနဲ့ စည်ကားနေတယ်။ ကယ်ရီယာမပါတဲ့ မောင့်ဗမာစက်ဘီးလေးနဲ့ မောင် လာနေကျ ကျွန်မအိမ်ရှေ့လမ်းဟာ ခြောက်သွေ့နေခဲ့တယ်။ ဒုတိယအစမ်းစာမေးပွဲဖြေဖို့ ကျောင်းသားကြီးတွေ ခုံစီရ တဲ့နေ့မှာ မောင် အနှောင့်အယှက်ဖြစ်သွားပြီထင်ပါရဲ့။

❑

၂။

တစ်နေ့ကအဖြစ်ကို မေ့ထားရအောင်လား မောင်။

ခံစားမှုအရ အတက်အဆုတ်ရှိခဲ့တာမှန်ပေမဲ့ ကျွန်မ ဆုံးဖြတ်ချက်မှာ အကွေ့အကောက်မရှိဘူးလို့ မောင်ယုံကြည်ပေးပါ။ ကျွန်မရင်ထဲ မလိုတဲ့အရာတွေ ဖယ်ပစ်နေဆဲမို့ မသွယ်ကို သိပ်ချစ်ပါတယ်ဆိုစကားနဲ့ ဖိအားမပေးဖို့ တောင်းဆိုပါရစေ။ ရော်ဘာခြံထောင့်တစ်နေရာ သရက်ပင်ပျိုအောက် မရောက်ခင်ထိ ကျွန်မ စိတ်ပိုင်းဖြတ်ချက်ကို အံ့သြနေခဲ့တဲ့ သူငယ်ချင်းနော်စေးဝါးက 'နင် သံယောဇဉ်မကုန်ဘဲ သူ့ကို အဖြေမပေးသင့်ဘူး' လို့ တားမြစ်ခဲ့သေးတယ်လေ။ ကျွန်မ ခေါင်းမာစွာနဲ့ပဲ နှင်းခါးအရိုက်ခံထားရတဲ့ အပွင့်တွေကို မော့ကြည့်ရင်း မောင့်ကို ချစ်စကား တုံ့ပြန်ခဲ့မိတယ်။ တစ်ထောင်ကိုးရာရှစ်ဆယ့်ငါးခုနှစ်ရဲ့ နောက်ဆုံးစာမျက်နှာပေါ်က ရက်စွဲလေးဟာ မသွယ်နှုတ်ခမ်းနှစ်လွှာနဲ့ အတူ လှုပခဲ့လို့ ကျေးဇူးတင်ကြောင်း မောင် ဆိုပြန်တော့ ကျွန်မ ကြည်နူးမိတာ အရမ်းပဲ မောင်။

အဲဒါတွေဟာ ကျွန်မတို့ နှစ်ယောက်ကြား တကယ်ရှိခဲ့တယ်ဆိုရင် မောင် ဘယ်ပျောက်နေသလဲဟင်။ မောင့်စက်ဘီးလေးကို အသာနင်းပြီး ဘီးကလေးလိမ့်ရုံနဲ့ ကျွန်မအိမ်ရှေ့ရောက်နေတာ မောင်တမင်များ မလာရှော့သလား။ ဝရန်တာကနေ တောင်းပန်စာလေးကို ဘောပင်မှာချည်ပြီး ပစ်ပေးဖို့ ညဘက် မောင့်ကို စောင့်ရင်း ကျွန်မ အချိန်ကုန်လွန်ခဲ့ရတယ် မောင်။ မနက်ဖြန်ဟာ မသေချာတဲ့ရက်မို့ ဒီဇင်ဘာ လေနုအေးထဲမှာပဲ မောင့်ကို ကျွန်မ စောင့်မျှော်ပါစေတော့။

'မိသွယ်၊ မနက်က ငါ့အိမ်ကို ဗညား လာသွားတယ်၊ နင့်ကို တွေ့ချင်လို့တဲ့'

'ဟင်'

စာမေးပွဲခန်းမဝင်ခင် စာတွေပြန်နွှေးနေတုန်း နော်စေးဝါးစကားကြောင့် ကျွန်မ ရပြီးသား ဒုတိယကမ္ဘာစစ်အကြောင်း၊ အလောင်းမင်းတရားအကြောင်း၊ လွှတ်လပ်ရေးကြိုးပမ်းမှုတွေဟာ အရှေ့အနောက် ပြောင်းပြန်ဖြစ်ကုန်တယ်မောင်။ ခုနှစ်တွေ၊ ရက်တွေလည်း ရောကုန်ပြီလေ။ ဒီဘာသာမှာ ကျွန်မရမှတ်က မသေချာတော့ဘူး။ ဒီအချိန်မှာ ကျွန်မရဲ့ တွေဝေနေတဲ့ စိတ်ကို မောင်သိခဲ့ရင် နားလည်ခွင့်လွှတ်နိုင်ပါ့မလား။ ကျွန်မထက် တစ်နှစ်ခွဲနီးပါးငယ်တဲ့ မောင်က သူ့အသည်းနှလုံးကို အာမခံနိုင်ပါမည်လား။ ခေါင်းလောင်းထိုးသံနောက်ပိုင်း ကျွန်မကြည့်မိတဲ့ မေးခွန်းမှာ ကျွန်မ သမိုင်းကိုပဲ မြင်ယောင်မိနေတော့တယ် မောင်။

❑

၃။

ကျွန်မ မကွယ်ဝှက်ချင်ဘူး မောင်။

ရန့်မပြယ်သေးတဲ့ ပန်းတစ်ပွင့်ကို ကျွန်မ နမ်းရှိုက်



www.burmeseclassic.com

www.burmeseclassic.com

ချင်လို့ ကိုကို့ဆီသွားခဲ့တာ မဟုတ်ဘူး။ သံယောဇဉ် အမျှင်ဟာ ဘယ်သူ့ကြောင့် မပြတ်သေးတာလဲဆိုပြီး ကျွန်မ သိချင်တယ်လေ။ တချို့ အစိုင်အခဲတွေက အေးရင် မာကျောသွားတတ်မှန်း ကျွန်မ လက်တွေ့ မြင်ခဲ့ရတယ် မောင်။ ကိုကိုနဲ့တွေ့ပြီး ကျွန်မလမ်း ကျွန်မ ဆက်လျှောက်ဖို့အတွက်ရော၊ ကျွန်မ ဘယ်ကို ဦးတည်ရမယ်ဆိုတာ သိလိုက်ရပါပြီ။ မောင်ရယ်...ရလိုသူရဲ့ ဆန္ဒဟာ ဘယ်လောက်ပဲ ရှိနေပါစေ ပေးသူက မျက်ကွယ်ပြုခဲ့ရင်တော့ အချည်းနှီးပဲမဟုတ်လား။ မောင့်ကို ကျွန်မ ကိုယ်ချင်းစာမိရင်း စောစီးစွာပဲ ကျွန်မကို ထားခဲ့တဲ့ အချစ်ဦး ကိုကိုက အခြားနေရာမှာ အနည်ကျသွားမှန်း မသိခဲ့ရိုး အမှန်ပါမောင်။ "ခရေ့ကို ကိုကိုလာနှုတ်ဆက်တာပါ" စကားနဲ့ တစ်ချိန်က ကိုကို အမြတ်တနိုးပေးခဲ့တဲ့ ကျွန်မ နာမည်လေးလည်း ပျက်သုဉ်းသွားပြီပေါ့လေ။ ကျွန်မ မောင့်ကို ကိုကို့လောက် မချစ်မိတာတော့ သေချာနေသေးလား မသိပါဘူး။ အစွန့်ပစ်ခံဘဝမှာတင် ကိုကို့ကို ကျွန်မ အပြစ်မမြင်ခဲ့တာလည်း ဆန်းနေတယ် မောင်။ ကျွန်မကပဲ မောင့်အပေါ် အားနည်းနေခဲ့တာမို့ အပြစ်တွေ ဆက်တိုက်ကျူးလွန်သူ အဖြစ်နဲ့ လိပ်ပြာ မလုံခဲ့ဘူးလေ။

"မသွယ်ကို ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် ရှောင်နေတာ မဟုတ်ဘူး။ ကျွန်တော် စိတ်မကောင်းဖြစ်သွားလို့ မသွယ်နဲ့ ဝေးဝေးမှာ ခဏနေနေတာပါ"

နော်စေးဝါးတို့ ခြေတံရှည်အိမ်အောက်ထပ်က ကျူထရံကာအခန်းငယ်ထဲမှာ ကျွန်မတို့ ရှားရှားပါးပါး တွေ့ခွင့်ရတဲ့အချိန်မှာလည်း ပြဿနာကို ဖြေရှင်းနေရဆဲပဲလေ။ အမှန်အတိုင်းဝန်ခံရရင် ကျွန်မ မောင့်ကို သနားသွားတယ်။ တကယ်ဆို ခွင့်လွှတ်ပေးဖို့ ကျွန်မက စ ပြောရမှာလေ။

"တို့လည်း မှားသွားတယ်"

"ရပါတယ် မသွယ်ရယ်၊ ကျွန်တော် ခံစားရမှာ သိလျက်နဲ့ မေးမိခဲ့တာမဟုတ်လား။ ကိုဗညားကိုတောင် တစ်နေ့က ဘုရားမှာ တွေ့ခဲ့သေးတယ်။ အလည်လာတာလား မသိဘူး မသွယ်"

ကျွန်မ ရင်ထိတ်သွားတာပဲ။ အဲဒီနေရာမှာ ကိုကို့ကို ကျွန်မ သွားတွေ့ခဲ့တာ။ ကျွန်မနဲ့ ပတ်သက်ပြီး အရာရာမှန်သမျှ အမှတ်ထားခဲ့တဲ့ မောင်က ကိုကို့ကို မှတ်မိမှာပါ။ ကျွန်မကလည်း ကိုကို့ဓာတ်ပုံကို ပြခဲ့ဖူးတယ်လေ။

"မိသွယ်၊ နင်တို့နှစ်ယောက် ရှေ့ဆက်မယ်ဆိုရင် ပွင့်ပွင့်လင်းလင်း ပြောကြဟာ"

ကျွန်မတို့စားဖို့ ပေါင်မုန့်ယိုသုတ် ဝယ်လာပေးတဲ့ နော်စေးဝါးက ပြောတော့ မောင့်အကြည့်ကို ရင်မဆိုင်ရဲခဲ့ဘူး။ ကျွန်မ စိုးရိမ်နေတယ် မောင်။ မောင်နဲ့ ထပ်ဝေးမှာကိုပေါ့။ ကျွန်မတို့ တွေ့ဆုံမှုဟာ စာသင်နှစ်နဲ့အတူ မကြာမီ ကုန်ဆုံးရတော့မယ်လေ။ မတ်လဆိုတာ မဝေးတဲ့ကာလမို့ စိတ်ညစ်စရာတွေ ဘေးဖယ်ထားချင်တယ် မောင်။ သည်ကြားထဲမှာ ကျွန်မ မောင့်ကို ခဏခွဲရဦးမှာ မဟုတ်လား။

❑

၄။

မိုးဖွဲလေးလို နှင်းတွေ ကျနေတယ်မောင်။

ဒီလိုကျောင်းပိတ်ရက်ရောက်တိုင်း ကျွန်မတို့အမျိုးတွေ ရှမ်းပြည်နယ်ဘက်က ချယ်ရီဝေတဲ့မြို့မှာ ဆုံနေကျပါပဲ။ ရှုခင်းတွေဟာ အရင်လောက် မလှပတော့ဘူး မောင်။ တင်းကျပ်နေတဲ့ ရင်ခွင်ထဲမှာ အလွမ်းတွေက အကန့်အသတ်ရှိနေပြီး လူလည်း မလွတ်လပ်သလိုပဲ။ အရင်ဆို အအေးကြိုက်တဲ့ ကျွန်မဟာ နှင်းတောထဲပျော်မွေ့ရင်း ကျောင်းပိတ်ရက်ကိုတောင် ဆွဲဆန့်ထားချင်သူပါ မောင်။ ခုတော့ ကျွန်မ ပြန်ချင်လှပြီ။ မတတ်သာလို့ နေနေရတဲ့ ကျဉ်းကျပ်မှုကို ကျွန်မ မလိုချင်တော့ဘူးလေ။ ကျွန်မတို့ မြို့လယ်ကောင်က စာသင်ကျောင်းထဲမှာ မောင့် ကဗျာရွှတ်သံ၊ ဝါကျတစ်ကြောင်းကို အနီးစပ်ဆုံး ဘာသာပြန်တတ်ပြီး သင့်တော်ရာကွက်လပ်ဖြည့်တတ်တဲ့ မောင့်ရဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှု၊ ပြီးတော့ မောင့်ရဲ့ လက်ရေးလှလှနဲ့ ရေးထားတဲ့ စာစီစာကုံးတွေကို ကျွန်မ တမ်းတမိရင်း မောင်သာ အနားရှိခဲ့ရင် ဒီလိုဒေသမျိုးမှာ သဘာဝနဲ့လိုက်ဖက်မယ့် ချစ်ခြင်းသံစဉ်တွေ မောင် ဘယ်လောက် ဖွဲ့ဆိုမလဲ မသိဘူးနော်။

မောင်ဟာ အကြင်နာမပါပေမဲ့ ချစ်တတ်သူပါ။ အနေမနီးလည်း နွေးနေသူပါ။ မောင်နဲ့ကျွန်မကြားက ကျစ်လျစ်သိုသိပ်တဲ့ ဆက်ဆံရေးကို မယုံကြည်သူတချို့က ထာဝရပေတံဘေးမှာပဲ အကဲဖြတ်ကြတယ်။ မောင့်ရဲ့ တန်ဖိုးထားတတ်မှုကိုလည်း နားလည်မှုလွဲကြတယ်နော်။ ပတ်ဝန်းကျင်စွပ်စွဲချက်က လူငယ်ဖြစ်အင်လို့ မောင် ပြန်ကြားတော့ နှလုံးသား အခြေခံမရှိတဲ့သူတွေကြောင့် တချို့ချစ်ခြင်းတွေဟာ ပြိုကွဲလွယ်တတ်ကြောင်း မောင်ဘယ်လို အသိနဲ့ယှဉ်ပြီး ချေပခဲ့တာ ကျွန်မ အံ့အားသင့်လို့လေ။ လေတိုက်ရင် သစ်ရွက်လှုပ်စမြဲပဲတဲ့လားမောင်။ အဲဒါကို ကြည့်ရင်း ကျွန်တော် လိုက်ရယ်ဖြစ်ခဲ့ရင်တောင်မှ ဘဝမှာ မသွယ်ကပေးတဲ့ အခွင့်အရေးမို့ အစဉ်သိမ်းထားဖြစ်မယ်တဲ့လား။ နက်နက်ရှိုင်းရှိုင်း စဉ်းစားမိတဲ့အခါ ကျွန်မလေ မောင်နဲ့ မထိုက်တန်ဘူး။ အသက်ကြီးတဲ့ ကျွန်မရဲ့ ရှက်ပြုံးမှာ မောင့်ပယောဂတွေက စိုးမိုးနေခဲ့ပြီမောင်။

"မသွယ်"

"ပြောလေ မိုးအောင်"

"မသွယ်ကို ကျွန်တော် ကြိုက်နေတာကြာပြီ၊ ကျွန်တော်တို့ကြီးလာရင် မင်္ဂလာဆောင်ရအောင်လား မသွယ်"

"ဟင်"

ဘယ်လိုမှ မထင်မှတ်ထားဘူးမောင်။ ကျွန်မ မောင်လေးတစ်ယောက်လို ချစ်ခင်ပြီး မဝေးတဲ့ ဆွေမျိုးတော်စပ်သူက ဒီလိုမျိုး ပြောသင့်သလား မောင်ရယ်။ "နင် ငရဲ



www.burmeseclassic.com

www.burmeseclassic.com

ကြီးလိမ့်မယ်' လို့ ကျွန်မ ခေါင်းခေါက်ရင်း ပြောလိုက်တော့ မိုးအောင်က ငိုမဲ့မဲ့နဲ့ ကျွန်မအဒေါ်ဝမ်းကွဲ ဆီ အပြေးသွားတော့တာပဲ။ ကျွန်မရင်မှာလည်း တစ်မျိုးကြီးပဲ မောင်။ အဲဒီညမှာ မောင့်ဆီပြန်လာမယ့် ခြေလှမ်းတွေက လေးပင်နေတယ်။ ရွှေညောင်-သာစည် ရထားဟာလည်း တောင်ပေါ် အဆင်းလမ်းမှာ နှေးနေခဲ့တယ် မောင်။

❑

၅။

မောင်နဲ့ ကျွန်မရဲ့ တစ်နှစ်တာ အမှတ်တရမှာ တစ်ယောက်ကိုတစ်ယောက် ဝေးဝေးက မြင်ခွင့်ရနေခြင်း၊ စာအသွားအလာနဲ့ပဲ ဖြေသိမ့်နေရခြင်းတွေက အဓိကလို့ ဆိုရမှာပေါ့။ ကံ့ကော်တန်းခိုဝင်သွားသူ မောင်က ကျွန်မကို လွမ်းလို့ ပြန်လာတိုင်း တွေ့ခွင့်မရဘဲ ရှိနေခဲ့တယ် မဟုတ်လား။ ကျွန်မရဲ့ ညံ့ဖျင်းပေါ့လျော့မှုကြောင့် မောင်နဲ့အတူ တက္ကသိုလ်တက်ခွင့်မရှိခဲ့လို့ အထက်တန်းကျောင်းမှာပဲ အပြီးသတ်ခဲ့တဲ့ ပညာရေးအတွက် ကျွန်မ နောင်တရနေခဲ့တယ် မောင်။ ဈေးထဲက အမေ့အလှကုန်ဆိုင်လေးလည်း ကျွန်မခြေ၊ ကျွန်မလက်ဖြစ်သွားပြီလေ။ တစ်နေ့ကုန် ကျွန်မ ဘယ်လောက်ပဲပင်ပန်း မောင့်ဆီကို စာရေးဖြစ်တာ သန်းခေါင်ယံထိ ဆိုပါတော့။ မောင် ပြန်ရောက်နေတယ်လို့ နော်စေးဝါးဆီက တစ်ဆင့်စကား ကြားရင် မောင့်ဘေးနား ကျွန်မထိုင်ဖြစ်မိအောင်

u Ref
ar mi nfb kd
u kd bKv nm i f
r cspf wd nawnhm
ao csaaeao ;v m,
r o ydgb ]
t peSYpfcH
b 0r BSwv i f
u kd bMl kd
u Ref
t jypf jr i fcbl
w mv n f
q efaew , f
ar mi nf
u Ref u yJ
ar mi nfh ay:
t m,en faectdv mnbM
t jypfaw G
q u fw kd f
u $,v Eb t jzpfeY
v ydkfym
r v kebl ]av

ကြိုးစားခဲ့တာ အခါခါမက ဘူး မောင်။ မအောင်မြင်ခြင်းတွေမှာ ကျွန်မ ကျရှုံးနေရသလို မောင်လည်း အားမလိုအားမရ ဖြစ်မှာ သေချာတယ်။ သမီးမိန်းမလှမွေးထားတဲ့ အမေက သူ့အတိတ်ကို ပြန်လည် အသက်သွင်းပြီး ကျွန်မကို ပုံဖော်နေတယ် မောင်။ ဒါကြောင့် ဈေးပိတ်ရက် တနင်္ဂနွေတွေမှာ အိမ်တံခါးဖွင့်ထားပါလျက်နဲ့ ကျွန်မ အသက်ရှုမဝသလို ခံစားရတယ်။ မိဘအရိပ်အမြုံက ဒီလောက်သြဇာကြီးနေမှတော့ ခက်ပြီမောင်ရယ်။

တစ်ဖြောင့်တည်းသွားနေတဲ့ ချစ်သူဘဝကြီးကို ကြာလာရင် မောင် ငြီးငွေ့သွားမလား မသိဘူး။ မောင့် သည်းခံနိုင်စွမ်းကရော နှစ်များစွာ ကြာနိုင်ပါ့မလား မောင်။ နှုတ်တစ်ရာ စာတစ်လုံးက အချစ်မှာ အသက်ဝင်ဖို့ ခဲယဉ်းလိမ့်မယ်လို့ ကျွန်မတို့ နှလုံးသားကို သက်သေပြနေကြပြီလေ။

'ငါ့ သူငယ်ချင်းကို သနားတယ်'

ကျွန်မ ဖျားနေတာကို ကြားပြီး လာကြည့်တဲ့ နော်စေးဝါးရဲ့ စကားဟာ နှစ်ဖက်စွန်းလုံး ငြိနေတယ်မောင်။

'မိသွယ်၊ နင်တို့ ကြာရင် ပြတ်လိမ့်မယ်၊ အတင်းအလျှော့မရှိဘဲ ပြတ်မှာ'

ကျွန်မကို ပြတ်ပြတ်သားသား ဝေဖန်လိုက်တော့ စိတ်ပေါ့သွားသလိုပဲ။

'နင် သူ့ကိုတွေ့နိုင်ဖို့ ကြိုးစားပါဟာ၊ နိုင်မျိုးခမျာ နင့်ကို တကယ်ချစ်တာ ငါသိတယ်။ ချစ်သူဘဝကို သူလည်း ပိုင်ဆိုင်ချင်မှာပေါ့ မိသွယ်'

နော်စေးဝါးရဲ့ ဆိုလိုရင်းထဲမှာ ကျွန်မ စီးမျောသွားတယ်မောင်။ အတွေးနဲ့တင် မောင့်ရဲ့ ကြင်နာမှုကို ကျွန်မ ရလိုက်တယ်။ နှလုံးသားအလိုအတွက် ကျွန်မ အရဲစွန့်ဖို့ အားတင်းနေစဉ်မှာပဲ အမေပြန်ရောက်လာလို့ စကားလက်စဖြတ်ပြီး နော်စေးဝါးပြန်သွားတဲ့အခါ ကျွန်မ နွမ်းလျစွာ ကျန်ခဲ့ရတယ် မောင်။ ကျွန်မလည်း မောင့်ကို နီးကပ်ခွင့်ပေးချင်ပါရဲ့။

❑

၆။

ပျော်လိုက်တာမောင်ရယ်။

အပြင်မှာ နေ့ခင်းအလှတွေကိုပဲ ကျွန်မ မြင်တွေ့ရတာ ကြာပြီလေ။ သည်လိုညဘက်တစ်ယောက်တည်းသွားခွင့်ရခဲ့တာ နော်စေးဝါးရဲ့ ဖန်တီးမှုပေါ့။ မောင် ပြန်ရောက်နေမှန်း ကျွန်မ သိရတော့ အတိုင်းမသိအောင်ပါပဲ။ ဒီနှစ်မှ တိုက်ဆိုင်စွာပဲ ကျွန်မတို့ အတူတက်ခဲ့တဲ့ ကျောင်းဝန်းထဲမှာ မေဒေးနေ့ အထိမ်းအမှတ်ပွဲလုပ်တာ တစ်ပြည်နယ်လုံးက ပြခန်းတွေနဲ့ စည်ကားနေတယ်။ ဂီတကို နှစ်သက်တဲ့သူတွေကတော့ ဇာတ်သံစဉ်ထဲမှာ မျောလို့ပေါ့။ ကျောင်းသားဟောင်းများကိုယ်စား နော်စေးဝါး ဦးစီးပြီး ဖွင့်ထားတဲ့ ရန်ပုံငွေရှာဖွေရေး ဘူးသီးကြော်ဆိုင်လေးမှာ သွားကူပါရစေလို့ ခွင့်ပန်တော့ အမေက ကြည်ကြည်ဖြူဖြူပဲ။ ညဦးမနက်စေနဲ့တဲ့မောင်။ အမေ့ခေါင်းညိတ်မှုက အသက်နှစ်ဆယ်အရွယ် ကျွန်မကို စိတ်ချလက်ချ ထားနိုင်ခဲ့လို့လားဆိုပြီး တွေးဖြစ်ခဲ့သေးတယ်။ ကျွန်မ ထင့်သွားတဲ့စိတ်ကို ထိန်းပြီး အလုအယက်ယူရမယ့် အချိန်အတွက် သီချင်းသံမှာ အာရုံမရောက်ခဲ့သလို ဘူးသီးကြော်လည်း မပြည်းကြည့်မိဘူး။ နော်စေးဝါးကို ထားရစ်ခဲ့ရင်း ကျွန်မနဲ့မောင် လမ်းလျှောက်ထွက်လာခဲ့တာ ကွင်းပြင်ရဲ့ တစ်နေရာပေါ့။ ညအမှောင်မှာ အရိပ်မလိုမှ မလိုဘဲမောင်ရယ်။ ကျွန်မတို့ သည်လိုပဲ မြက်ခင်းလေးပေါ်



www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်ခုပြီး ထိုင်ရအောင်လား။ ကျွန်မ ရင်ခုန်နေတာ မောင်သိစေချင်တယ်။ ဒီလိုပေါ့ပါးတဲ့ အရသာမျိုး ကျွန်မ ခံစားချင်တယ်။

‘ကျောင်းပိတ်ပြီ မဟုတ်လား၊ ဘာလို့ ခုမှ ပြန်လာရတာလဲ မောင်’

ဒီနေ့မှာ မောင်က အလုပ်သဘောသိအောင် ဦးလေးရဲ့ ပွဲရုံလေးမှာပဲ နေတော့မယ့်အကြောင်း ကျွန်မ သိထားနှင့်ပြီးပြီလေ။ စကားအစပျိုးဖို့ ကျွန်မ ရွေးချယ်မိလိုက်တဲ့ အစီပွာယ်က မောင့်ကို အပြစ်မြင်မိတာမဟုတ်ဘူးနော်။ ကျွန်မဘာသာ အလွမ်းဘက်ကူးသွားလို့ပါ။

‘မသွယ်၊ ကျွန်တော့်ကို အချစ်ဦးလောက် မချစ်ရင်လည်း ကျွန်တော် ကျေနပ်ပါတယ်။ ဒါပေမဲ့ မသွယ်ကို အမြဲယုံကြည်နိုင်ဖို့ ကျွန်တော် စိတ်အေးရမယ့်စကား ပြောပေးပါလား’

ကျွန်မ တမ်းတမှုဟာ မောင့်ရဲ့တောင်းဆိုမှုမှာ နစ်မြုပ်ကုန်ပြီပဲ။ ပထမဆုံး ချောက်ချားရခြင်းကို ကျွန်မ လက်တွေ့ကြုံခဲ့ရတယ်မောင်။

‘မသွယ်၊ မပြောနိုင်ဘူး မဟုတ်လား။ ကျွန်တော်သိပါတယ်ဗျာ။ တစ်ချိန်မှာ ကျွန်တော့်ကို မသွယ် စွန့်သွားမှာပဲ။ ချစ်ပါတယ်ပြောပြီး မသွယ် တွန့်ဆုတ်နေတယ်။ ရင်မဆိုင်လိုသူတွေမှာ ဆုံးစည်းခြင်းဆိုတာ မရှိဘူး မသွယ်။ ကျွန်တော့်ချစ်သူ မသွယ်ကို အခြားတစ်ယောက်လက်ထဲ ရက်ရက်ရောရော ပေးဖို့ ကျွန်တော့်အသည်းက အဲဒီလောက်မမာဘူး မသွယ်’

ကျွန်မ ငိုရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူးမောင်။ မောင် သိသွားပြီလား၊ သိနေလားလို့ ပြန်မမေးချင်တော့ဘူး။ တစ်ခါက ဒီဇင်ဘာဆီးလေးပင်တဲ့ခြေလှမ်းတွေနဲ့ ပြန်ရောက်သွားတဲ့ အဖြစ်မျိုးပါပဲမောင်။ အဲဒီည ပြီးတော့ ဒီည။ ကျွန်မ အရမ်းခံရခက်လွန်းနေတယ်။

❑

၇။

မသွယ် အဖြေလောက် ချိုမယ့်လေသံမျိုး ကျွန်တော် ရှာဖွေမတွေ့နိုင်ဘူးလို့ မောင် ပြောခဲ့တုန်းက ကျွန်မ ဂရုတစိုက် မရှိခဲ့ဘူးမောင်။ ကံ့ကော်တန်းမှာ အချစ်မတွေ့ခဲ့သူမောင်ဟာ ကျွန်မကို ချစ်နေဆဲလို့ သိနေမိတယ်။ ကျွန်မဈေးက ပြန်လာတိုင်း လမ်းထိပ်ကနေပဲဖြစ်ဖြစ် ရပ်ကြည့်နေတတ်တဲ့ မောင့်ကို ကျွန်မ ကြေကွဲစွာ မြင်နေရတယ်။ ဒီလိုလေး နေရတာပဲ ကောင်းပါတယ် မောင်ရယ်။ မဆုံနိုင်မယ့်လူကို ကြောင့်ကြပြီးချစ်ရတဲ့ ပူလောင်မှုရဲ့ ဝေဒနာ၊ စိုးရိမ်ရတဲ့သောကမှာ မောင် ရှိမနေချင်ဘူး။ ကျွန်မ ရင်ခွင်ထဲ အလည်လာခြင်းလို့ပဲ မောင် သဘောထားလိုက်ပါလားကွယ်။

မောင် ဘွဲ့ရပြီးတဲ့နောက် ကျွန်မတို့မြို့နဲ့ဝေးရာ အလုပ်ခွင်ထဲမှာ နေပျော်လိမ့်မယ်လို့ ယူဆမိပါရဲ့။ မောင့် သတင်းတွေတော့ ကြားမိသား။ ဝမ်းသာပါတယ် မောင်။ ကျွန်မကြောင့် မယိုင်ဘဲ ခရီးဆက်နိုင်လို့ ရှိခဲ့ဖူးတဲ့ ချစ်သူအတွက် ဂုဏ်ယူရပါတယ်။

မောင် ဘယ်လိုဖြစ်နေနေ၊ ကျွန်မနှလုံးသား ဘယ်မှာပဲရှိရှိ ခုချိန်ထိ လိုလားနှစ်သက်ဟန်မပြတဲ့ အမေက ကျွန်မတို့အဖြစ်ကို မကြည့်မိအောင်ဘဲ နေခဲ့တယ်မောင်။ ကျွန်မ အသက်သုံးဆယ်အရွယ်မှာ ချစ်ခြင်းကြောင့် အိမ်ထောင်ရေးဒုက္ခကို ကုစားဖူးခဲ့တဲ့ အမေဟာ သူ့သင်ခန်းစာတွေနဲ့ သွေးဖည်ပြီး ကျွန်မကို စံနမူနာအဖြစ် အရောင်တင်ပေးတော့တာပဲ။ ကျွန်မ ဒီအတိုင်း ဆက်နေဖို့ ငြင်းခဲ့သေးတယ်မောင်။

ဘဝထဲက အချစ်ကို ဖယ်ထုတ်ရင်း အယူကွဲပြားမှုတွေနဲ့ ကျွန်မ မိုးအောင်ကို လက်ထပ်ခဲ့ရတယ်။ ကျွန်မတို့ ဆွေမျိုးအစဉ်အလာကြားမှာ မကြာခဏ ဖြစ်ပေါ်နေတတ်တဲ့ မိသားစုပုံစံကို မလွန်ဆန်နိုင်ခဲ့သလို ရှန်းမထွက်နိုင်ခဲ့ဘူး။ မောင်မရှိတဲ့ မြို့ကနေ မိုးအောင်ခေါ်ဆောင်ရာမှာ ကျွန်မ လိုက်ပါရပြီး ကျွန်မ ပြန်မရောက်တော့တာလည်း နှစ်နဲ့ချီပြီမောင်။ တွယ်တာစရာ ရလာတဲ့အချိန်မှာ သံယောဇဉ်နဲ့ ကျွန်မ တစ်ထပ်တည်းကျဖို့ ပေးဆပ်နေရဆဲပဲလေ။ မောင့်ကို ကျွန်မ ကျေးဇူးတင်မိပါရဲ့။ အသွေးအသားနဲ့ မဆိုင်တဲ့ မောင့်ချစ်ခြင်းဟာ ကျွန်မအပေါ်ဖြူစင်ခဲ့တာမို့ မိုးအောင် ရင်ခွင်ထဲမှာ ကျွန်မ နှလုံးသားကလွဲရင် အကျင့်သိက္ခာ လုံခြုံခွင့်ရခဲ့တယ်လေ။ မောင်မထိတွေ့ခဲ့ဖူးတဲ့ ပါးပြင်ရဲ့ လိပ်ပြာအတွက် ကျွန်မ ဆွံ့အ,ခြင်းတွေနဲ့အတူ ဖြတ်သန်းပျံရင်း အချစ်ဆိုတာ ဘဝအစိတ်အပိုင်းလို့ ကျွန်မ မမြင်ခဲ့ဘူးမောင်။ ဖြစ်နိုင်ရင် ကျဉ်းကျဉ်းလေးထဲမှာပဲ ကျွန်မ နေချင်မိတယ်မောင်ရယ်။ ဒါဟာ ကျွန်မ အသက်ရှင်နေထိုင်ခွင့်ကာလပတ်လုံး ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ လိုအပ်ချက်တစ်မျိုးပဲပေါ့။ အမေက ကျွန်မတို့ကို ကြည့်ပြီး သူရေးဆွဲပေးလိုက်လို့ လှပသွားတဲ့ ပန်းချီကားအတွက် စိတ်ချမ်းသာနေလိမ့်မယ်မောင်။ ပြည့်စုံမှုကို ကျွန်မ တပ်မက်လိမ့်မယ်လို့ရော မောင်ထင်နေလားဟင်။

‘မသွယ်၊ မေမေ ဖုန်းဆက်လာတယ်။ သားလေး နေမကောင်းလို့တဲ့။ မသွယ် သွားမလား၊ ကျွန်တော်ပဲ သွားရမလား’

ကျွန်မတို့ စီးပွားရေးကို နောက်ကြောင်းအေးအေး ရှာဖွေနိုင်ဖို့ သားလေးကို ယောက္ခမဆီ ထားရစ်ခဲ့တာလည်း အစီအမံတွေကြားက မနှစ်သက်ရာ ကဏ္ဍတစ်ခုပါပဲလေ။ ကိုယ့်ရင်သွေးနဲ့ ကျွန်မ စိမ်းနေခဲ့တယ်မောင်။

❑

၈။

ကျွန်မ ရန်ကုန်ကို ရောက်ချင်လှပြီ။

ဟဲဟိုးကနေ လေယာဉ်စီးရင် မသကာကြာလှ တစ်နာရီပေါ့။ အတက်အဆင်းတွေနဲ့ ကျွန်းပတ်ခရီးစဉ်က ဒီနေ့မှ ကျွန်မ ကြုံခဲ့ရတယ်။ မန္တလေးနေဟာ အပြင်မှာ ပူပြင်းလှတယ်လို့ မှန်ပြတင်းကနေ သိမြင်ရတော့ ရာသီဥတု ကွာခြားချက်ရဲ့ ခံစားမှုကို ကျွန်မ သဘောပေါက်မိတယ်လေ။ အာရှ၊ ဥရောပ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ အေးတဲ့ နိုင်ငံတွေ။ အီသီယိုးပီးယားနဲ့ နယူးဇီလန်တို့ရဲ့ ဦးနှောက်တွေက အနွေးထည် ထူထူ ဝတ်ရခြင်း မဝတ်ရခြင်းနဲ့လည်း သက်ဆိုင်နေမလား မသိဘူးဆိုပြီး ကျွန်မ ပေါက်ပေါက်ရှာရှာ တွေးနေမိတုန်း ကျွန်မ ခုံဘေး နိုင်ငံခြားသားတစ်ယောက် လာဝင်ထိုင်တယ်။ ကျွန်မ သတိထားမိတာက ခါးပတ်ပတ်၊ စာအုပ်လေးထုတ်ပြီး ကျွန်မကို နှုတ်ဆက်ခြင်းပါပဲ။ ကျွန်မနေရာမှာ မောင်ဆိုရင် စကားတွေအများကြီး ပြောဖြစ်မလား မသိဘူး။ အနည်းဆုံးတော့ သူဘယ်နိုင်ငံက၊ မြန်မာနိုင်ငံကို ပထမဆုံးရောက်ဖူးခြင်းလား၊ ကျွန်တော်တို့ တိုင်းပြည်ကို ဘယ်လိုမြင်ပါသလဲဆိုပြီး မောင်မေးတတ်မှာပါ။ ကျွန်မ အားနည်းချက်ကြောင့် မျက်လုံးကိုပဲ မှိတ်ထားမိတယ်။

အဲဒီနိုင်ငံခြားသားနဲ့ လူတစ်ယောက် စကားပြောသံကို ကျွန်မ ကြားနေရတယ်။ 'ကောင်းပါပြီ'၊ 'ကျေးဇူးအများကြီး တင်ပါတယ်'ဆိုတာတွေကိုတော့ ကျွန်မ ဘာသာပြန်တတ်တာပေါ့။ ထိုင်ခုံရဲ့ အကြွအလှုပ်ကို ကျွန်မ သတိထားမိတော့ မျက်လုံး မသိမသာ ဖွင့်ကြည့်မိတဲ့အခါ မောင့်ကို တွေ့ရလို့ လေယာဉ်ဟာ ဝေဟင်ထဲမှာ လေဟုန်ဆန်သွားသလိုပဲလေ။

'ကျွန်တော် မသွယ်ကို တွေ့လို့ လူချိန်းလိုက်တာ'

ကျွန်မ ခွင့်ပြုချက်လေးတော့ ယူသင့်တာပေါ့။ ကျွန်မရင်ကို မောင်လှုပ်ခတ်

u Ref
i kkl v SSD
b mS
r w w Ekb ar nif
ar nif
o d GDm,
o dev m,v kY
jyef ar ;cs faw mh J
w pf cg
' D b mq D
av ;yi fw bl
ajcv Staw Gr
jyef&mu b Gw bl
t jzpf sYgJ
ar nif
t JD MIaw nh
' D
u Ref
t &rf cBcu fv GJ
aew , f

အောင်လုပ်ပြန်ပြီ။ ကြည့်ပါဦးလေ။ ချစ်သူဘဝမှာ ဒီလိုနီးကပ်နိုင်တဲ့အခွင့်အရေး ကျွန်မတို့ ဘယ်နှခါများ ရခဲ့လို့လဲ။ နှစ်ယောက်ကြားမှာ လက်တင်လေးသာ မခြားထားရင် ကျွန်မတို့ လှိုက်မောမှုကို လူချင်းမထိလည်း သိနိုင်မယ်မဟုတ်လား။

'မသွယ်၊ ကိုမိုးအောင် မပါဘူးလား'

ဒါကိုလည်း မောင်သိနေတယ်နော်။

'နိုင်မျိုးရော ဘယ်က တက်လာတာလဲ'

'ကျွန်တော် ကျိုင်းတုံက လာတာ။ ရှေ့မှာ ထိုင်နေရင်း ဒီဘက် လှောက် လာလို့ မသွယ်ကို တွေ့ခွင့်ရတာ။ ကျွန်တော် ကံကောင်းသွားတာပေါ့။ နောက်ဆို ခရီးဆုံးတဲ့အထိ ကျွန်တော် နောင်တရနေမလားပဲ။ မသွယ်ရော ရန်ကုန်ပဲလား၊ အိမ်ပြန်ဦးမှာလား'

'သ ၁ း လေ း နေမကောင်းလို့ ပြန်ကြည့်မှာ။ ရန်ကုန်တင်ပဲ။ မိုးအောင်က သူ့အလုပ်နဲ့သူ ရှုပ်နေတာလေ။ နိုင်မျိုးက ဘယ်သွားမလို့လဲ'

'ကျွန် တော် လား၊ မင်္ဂလာဆောင်သွားမလို့၊ ခုမှ အိမ်ထောင်ပြုမလို့ မသွယ်'

'ဟင် . . . တကယ်ဟုတ်လို့လား'

❑

၉။

ကျွန် တော့် ဘဝမှာ မသွယ်ကို ညာခဲ့ဖူးတာ မရှိရင် မသွယ်ဆီက အပြည့်အဝချစ်ခြင်းတွေ တကယ်ရပါစေတဲ့လား မောင်ရယ်။ မောင် မရပ်မနား ဖွင့်အန်ချခဲ့တာ အနှစ် နှစ်ဆယ်စာများလားကွယ်။ ကျွန်မ အိမ်ထောင်သည်ကို မေ့လျော့ခဲ့တဲ့ မောင်က မျက်ရည်ဝဲခြင်းတွေနဲ့ အတိတ်ဆီ ပြန်သွားနေခဲ့တယ်လေ။ ဒုတိယအရွယ် ကျွန်မကရော ပထမအရွယ်ရဲ့ ခံစားချက်အပေါ် လက်ခံရမှာပေါ့မောင်။ မောင့်လိုတော့ ကျွန်မမျက်ဝန်းမှာ ဝဲခြင်းကျခြင်းတွေ မရှိခဲ့ပေမဲ့ သက်ပြင်းနဲ့ပဲ အစားထိုးခဲ့မိတယ်။ မျက်ရည်က သက်ပြင်းလို အခါခါချလို့မှမရဘဲ မောင်ရယ်။

လေဖိအားကြောင့် ကျွန်မနားတွေ အူနေပေမဲ့ မောင့်အသံကို ကောင်းစွာကြားနေရတာ ပွဲတင်ထပ်လို့။ မောင်ပြောပါစေလေ။ ဒီလိုအချိန်မျိုးမှာ ကျွန်မသာ မောင်ဆိုရင်လည်း မွန်းကျပ်ခဲ့မှုတွေအတွက် ပြေလျော့အောင်လုပ်မိမှာပဲ။ မောင်အမှတ်ရတာတွေကို ကျွန်မ သတိမရဘဲနေပါ့မလား။ ကျွန်မကို ဆယ်တန်းကျောင်းသူဘဝကတည်းက မောင်ဆွဲခေါ်သွားနိုင်လို့ အဟောင်းတွေက အသစ်ဖြစ်ရင်း လေယာဉ်ဆင်းချိန်ထိ ကျွန်မရင်ဟာ နစ်သထက်နစ်ပေါ့မောင်။ ကျွန်မ မသိခဲ့တဲ့ အကြောင်းအရာတွေထဲမှာ ကျွန်မ အဖြေပေးမယ့်နေ့က သူများစက်ဘီးလေးငှားပြီး ကျွန်မနဲ့အတူစီးရဖို့ စီစဉ်ခဲ့ရတဲ့ မျက်နှာငယ်မှုမပါဘူး။ မောင်ပြောမှ ကယ်ရီယာမပါတဲ့ မောင်ဗမာခွေပျော့လေးကို မြင်ယောင်သွားတယ်။ ရော်ဘာခြေထောက်တစ်နေရာရဲ့ သရက်ပင်ပျိုအောက်က အပြန် ကုန်းအဆင်းစ အရှိန်မရတရ ခိုက်မှာ ကျွန်မ မမှီမမီနဲ့ ခုန်တက်လိုက်တော့ ခါးစောင်းနဲ့ တိုက်မိပြီး မောင်က စက်ဘီးတခြားလူတခြား လွင့်စဉ် မှောက်လဲသွားတာကိုလည်း ကျွန်မ မှတ်မိနေတယ်။ မောင့်ကိုကြည့်ပြီး ကျွန်မရယ်ခဲ့သေးတာကိုး။ လေယာဉ်ပေါ်မှာ မောင့်လက်ဖဝါးလေးဖြန့်ပြတော့ ကံကြမ္မာရဲ့ အရေးအကြောင်း အတွန့်အကွေးတွေ မသွယ် မဖတ်တတ်ဘူး နိုင်မျိုးလို့ ကျွန်မ ပြောလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်ဖနောင့်က အမာရွတ်ဟာ မြေသားလမ်းပေါ် မောင်ကျခဲ့တဲ့ ဒဏ်ရာလို့ ကျွန်မလုံးဝမသိခဲ့ဘူး မောင်။

"မသွယ်၊ လူတိုင်းကိုယ့်လက်ဖဝါးလေးကိုတော့ တစ်နေ့တစ်ကြိမ်လောက် ကြည့်မိကြမှာပါ။ ကျွန်တော်ကြည့်မိတိုင်း သတိရတာဆိုလို့ မသွယ်ပဲရှိတယ်လေ"

မှန်လုံကားစီးရမှာကြောက်တဲ့ ကျွန်မက တောင်တန်းလွင်ပြင် တောအုပ်တွေရဲ့အပေါ်မှာ မူးဝေသွားရပြီမောင်။ ကိုယ့်ကိုယ်ကိုလည်း လယ်ကွင်းတွေဆီ ထိုးစိုက်သလို ခံစားရတယ်။ ပြောတတ်လိုက်တာ မောင်ရယ်။

"မသွယ်ကိုရော၊ အန်တီ့ကိုပါ ကျွန်တော် နားလည်မိပါတယ်။ ချစ်သူဆီက ချစ်ခြင်းတွေလိုချင်နေတဲ့ ကျွန်တော့်မှာ နှစ်ယောက်သားစီးဖို့ စက်ဘီးလေးတောင် မရှိခဲ့ဘူးလေ။ အဲဒီလိုလူရဲ့ အင်အားကို ဘယ်မိဘကမှ ယုံကြည်ကိုးစားချင်ပါ့မလဲ။ ကျွန်တော့်ကိုကြည့်ပြီး မသွယ်လည်း အာမခံဖို့ ခက်တယ်မဟုတ်လား။ ကျွန်တော့်အဖြစ်က ရယ်ရတယ်နော်"

"တော်တော့ နိုင်မျိုး"

ကျွန်မအသံ ကျယ်လောင်သွားတယ်ထင်ပါရဲ့။ "မောင်…"။ အရက်စက်ဆုံးစကားတွေနဲ့ ကျွန်မကို မနှိပ်စက်ပါနဲ့တော့။ ကျွန်မတို့အဆုံးသတ်က မောင့်ရဲ့ ပေါ့ပြက်ပြက် အပြုံးလေးနဲ့ နှုတ်ခမ်းအကွေးဆီမှာ ရင်ခုန်သံကို လှည့်ဖြားခဲ့ဖို့မဟုတ်ဘူး။ ဒါကို ကျွန်မသိသလို မောင်လည်း သိမှာပဲ။ ကျွန်မတို့လေးနက်ခဲ့ကြတယ်။ ရှေ့ခရီးမဆက်နိုင်လို့ နောက်ဆုတ်လိုက်ရတာကို အရှုံးဆိုပြီး မောင် သတ်မှတ်မှာလိမ့်မယ်။ ဒါဟာ အမှန်တရားမဟုတ်ဘူးမောင်။ ကျွန်မရင်ထဲမှာလည်း မောင့်လို မခြောက်သွေ့တဲ့ သစ်ပင်တစ်ပင်ရှိနေတယ်။ အကိုင်းအခက်တွေ ဘယ်လိုပဲချိုင်ချိုင် ရေသောက်မြစ်ကြောင့် ရှင်သန်နေဆဲပဲမောင်။ မောင်မှ မသိတာလေ။

မောင်လည်း အိပ်မက်မက်ခဲ့မှာပေါ့။ ကျွန်မလည်း မောင့်ကိုခေါ်ပြီး ပင်လယ်ထဲမှာ စိတ်ကူးနဲ့ ရွက်လွှင့်ခဲ့ဖူးတယ်။ ကျွန်မ ရပ်တည်ခဲ့ရတဲ့ နေရာက နှလုံးသားအလိုကို မလိုက်နိုင်ခဲ့ဘူး။ ကျွန်မဘဝမှာလေ ကိုကိုရဲ့ စွန့်ပစ်ခြင်းကိုခံရတယ်။ ကျွန်မခေါင်းခေါက်ခဲ့ဖူးသူက အနိုင်ယူလို့။ ဘယ်သူမဆို ချစ်ခြင်းနဲ့ လူလားမြောက်ချင်တာပေါ့ မောင်ရယ်။ ကျွန်မအရမ်းဒေါသထွက်ခဲ့ရတယ်။ ကျွန်မအပေါ် တစ်ချိန်လုံးလေးနက်စွာရှိခဲ့တဲ့ မောင်က နောက်ဆုံး တွေ့ဆုံမှုမှာ အလွမ်းအဆွေးတွေ ရင်ထဲရောက်အောင် ပို့ခဲ့ပြီးမှ အားလုံး ပြန်သိမ်းယူသွားရက်လို့လေ။ မောင် ကွယ်ဝှက်လိုက်တဲ့ ဟန်ဆောင်မှုကို ကျွန်မမြင်ခဲ့ရတယ်။ အစစ်အမှန် မျက်ဝန်းနဲ့ ကျွန်မကို ပြောခဲ့ရင်တောင် ခံစားရမှာက ပါးပါးလွှလွှပေါ့ မောင်။ ခုတော့…။

"အစ်မ၊ ခရေပင်လမ်းခွဲရောက်ပြီ။ ဘယ်ချိုးရမလား၊ ညာချိုးမလား"

ကျွန်မကိုယ်ကျွန်မ အငှားယာဉ်ပေါ်မှာ လေယာဉ်စီးနေရဆဲပဲလို့ ထင်မိတယ်။ ကျွန်မ မှားသွားပြီလားမောင်။ မောင့်ကို ကျွန်မ သိပ်ချစ်သွားတယ်။ ဘာလို့လဲသိလား၊ ကျွန်မ အိမ်မရောက်ခင်ထိ ကိုယ့်လက်ဖဝါးလေးကို အခါခါကြည့်မိခဲ့လို့။ ပြီးတော့ မရှိတဲ့ အမာရွတ်လေးလည်း ကျွန်မရင်ထဲ လာထင်နေတယ်။ အတူပေါင်းဖက်မှ နှလုံးခုန်သံကြားနေရတာထက် စာရင် ကျွန်မတို့ သွေးကြောမျှင်တိုင်အောင် စိမ့်ဝင်နေတဲ့ ချစ်ခြင်းက ပိုမကောင်းပေဘူးလားမောင်။

"ဟို မျဉ်းသေထဲပြန်ဝင်လိုက်၊ အစ်မကို ရွှေတိဂုံဘုရား အရင်ပို့ပေး"

"ဟင်"

လွန်ခဲ့တဲ့ သက္ကရာဇ်များရဲ့ နောက်ဆုံးစာမျက်နှာပေါ်က ဒီဇင်ဘာရက်စွဲတစ်ခုမှာ မောင်နဲ့ကျွန်မ ချစ်ခဲ့ဖူးတယ်။ **'လွမ်းနေမယ် မမ'** ဆေးရောင်စုံ ဇာတ်ကားကြည့်ခဲ့တဲ့နေ့က မောင့်မွေးနေ့မရောက်ခင် တစ်လအလိုဆိုတာ ကျွန်မသိတယ်။ ကျွန်မနဲ့ မောင် လေယာဉ်ပေါ်မှာ ပတ်ဝန်းကျင်ကို မေ့ထားခဲ့ပေမဲ့ မြေပြင်က လူတစ်ယောက်တော့ သူ့ဘာသာ ဖယောင်းတိုင်သက်စေ့ ဆက်ကပ်နေမယ်မောင်။ ဒီနေ့က မိုးအောင်မွေးနေ့လေ။ တိုက်ဆိုင်စွာနဲ့ မောင့်မွေးနေ့လည်းဖြစ်နေတယ်။ နောင်ဘဝများရှိခဲ့ရင် မောင့်ရဲ့ချစ်ခြင်းနဲ့ ကျွန်မ လူလားမြောက်ဖို့ ဆုတောင်းခဲ့မှာ အသေအချာပဲ။ ■

**ပိုင်ခွေး၊သချာ်၊**

ရုပ်စုံမဂ္ဂဇင်း


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ရွှေမှုန်ငွေမှုန်ကြဲပေမဲ့

## မြနှောင်းညို

ကျွန်မက စင်မြင့်ပေါ်မှာ၊ ပြီးတော့
မိုက်ခရိုဖုန်းရှေ့မှာပေါ့။ ခန်းမကြီးထဲမှာလည်း
ပရိသတ်အပြည့်အလျှံပါပဲ။
ကျွန်မ စိတ်ပါလက်ပါ
ဖတ်ရှုလေ့လာပြင်ဆင်ထားပြီးတဲ့
ငှက်ဖျားရောဂါအကြောင်း တင်ပြနေတာလေ။
ပါးစပ်က အမျှင်မပြတ်ပြောရင်း
လက်ကလည်း Projector (ပြစက်)နဲ့
Transparenais (ထွင်းဖောက်မြင်ဖလင်ပြား)ကို
ပုံကြီးချဲ့ထွင်လို့ ပိတ်ကားပေါ်မှာ ပေါ်နေတဲ့
အနှစ်ချုပ်လိုရင်းစာကြောင်းများ၊
သရုပ်ဖော်ပုံများကိုလည်း
ညွှန်ပြရှင်းလင်းရပါသေးတယ်။
ကျွန်မရဲ့ မျက်လုံးများကလည်း မြန်မာနိုင်ငံ
ဆရာဝန်အသင်းတိုက်ကြီးရဲ့
ခန်းမကြီးထဲ နေရာအနှံ့အပြား မျက်လုံးဝေ့ဝဲ
ကြည့်နေမိတယ်။ ဘာရယ်မဟုတ်။
ကျွန်မပြောနေ၊ တင်ပြနေတဲ့ ဘာသာရပ်ကို
စိတ်ဝင်စားကြရဲ့လား။ (ဒါကလည်း
စကားအဖြစ်ပြောရတာပါ။ ကျွန်မဟောပြောတဲ့
ဆွေးနွေးတဲ့၊ တင်ပြတဲ့ဘာသာရပ်တိုင်းဟာ
ငြီးငွေ့စရာရယ်လို့ တစ်ခါမှ ဝေဖန်မခံရဖူးပါဘူး။
'အားလုံးကောင်းပါသည်' ချည်းပါ။

ကျွန်မကလည်း တိုတိုနဲ့ လိုရင်းမိအောင်၊
အသက်ဝင် ရှင်သန်အောင်၊ အိပ်ငိုက်ပြေ
ရယ်မောရအောင် အဲသလို အချိန်ယူ
စဉ်းစားပြင်ဆင်ထားမြဲမို့ပါပဲ။)
အစိက ကြည့်မိ၊ အကဲခတ်မိတဲ့ အချက်ကတော့
အသိအကျွမ်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊
ပြီးတော့ တပည့်တပန်းတွေ၊ ဘယ်သူတွေများ
လာကြပါလိမ့် ဆိုတာပါ။
ဒီဘွဲ့လွန်သစ်လောင်းသင်တန်း(Refresher Course)
မှာဖြင့် တော်တော်ပဲ လူစုံလှပါတယ်။
ဆေးပညာလောကသားတွေ အင်တိုက်
အားတိုက်ပါပဲ။ ဆေးရုံကြီးတွေ၊ ဆေးကျောင်းတွေမှာ
တာဝန်ထမ်းဆောင်နေဆဲ ဆရာ့ဆရာ
သမားတော်ကြီးတွေ၊ အလုပ်တာဝန်မှ
အနားယူသွားပြီးပေမဲ့ ဆေးပညာနဲ့
ပတ်သက်နေဆဲ ဂုဏ်ထူးဆောင်
ဆရာ့ဆရာ သမားတော်ကြီးတွေ၊ တစ်နည်းအားဖြင့်
ကျွန်မတို့ တက်သစ်စ ဆရာပေါက်စတွေက
ဦးညွှတ်ဂါရဝပြု နေရတဲ့သူတွေပေါ့။
ကျွန်မတို့နဲ့ မတိမ်းမယိမ်း ဘွဲ့ယူကြ၊
ဘွဲ့လွန်ရကြတဲ့ သမားပျိုများလည်း
ပရိသတ်အလယ်မှာ နေရာယူလို့ရယ်။

အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမ မြနှောင်းညို ရေးသားပြီး ၁၉၈၃ ခုနှစ်၊ အမှတ် (၂၇)၊ သြဂုတ်လထုတ်*
*ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'ရွှေမှုန်ငွေမှုန်ကြဲပေမဲ့' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ဆေးတက္ကသိုလ်တွေမှာ သင်ကြားရေးတာဝန်ထမ်းနေတဲ့ ဆရာဝန်ကလေးတွေ၊ ကျန်းမာရေးဌာန လက်အောက် ဆေးရုံတွေမှာ တာဝန်ထမ်းနေတဲ့ ဆရာဝန်ကလေးတွေ။ အစိုးရအလုပ်မလုပ်ဘဲ အပြင်လောကမှာ ဆေးခန်းဖွင့်နေကြတဲ့ ဆရာဝန်ကလေးတွေ။

ဘွဲ့လွန်တက်နေဆဲ ဆရာဝန်တွေ။

ဘွဲ့မရသေးတဲ့ ဆေးကျောင်းသူ၊ ဆေးကျောင်းသားလေးတွေ။ ကျွန်မတို့ အခေါ်အဝေါ်အရဆိုရင်တော့ ကလေးတွေ။

ရောဂါတစ်ခုရဲ့ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ အခြေအနေ၊ မြန်မာ့ရေမြေမှာ တွေ့ရကြုံရ ရင်ဆိုင်ရတဲ့ အနေအထားတူညီတာရှိမယ်။ ကွဲပြားတာရှိမယ်။

အခု ကျွန်မ တင်ပြဆွေးနွေးနေတဲ့ "ငှက်ဖျား" ဆိုကြပါစို့။ ကမ္ဘာ အနှံ့အပြား ဖြစ်ပွားနေတဲ့ ငှက်ဖျားဟာ ကျွန်မတို့ အရှေ့တောင်အာရှမှာ အတော်ပြင်းပြင်းထန်ထန် ဆိုးဆိုးရွားရွား လူ့ပ်ရှားဒုက္ခပေးနေလေရဲ့။ မြန်မာနိုင်ငံမှာတော့လား။ အထင်ကရ ခေါင်းချင်းရိုက်ကြရလောက်တဲ့ မဟာ ကျန်းမာရေး ပြဿနာကြီးပေါ့ရှင်။

ငှက်ဖျားရောဂါ ဖြစ်ပွားစေတဲ့ ပိုးကလေးတွေကို အနော်ဖလင်းခြင်အမျိုးအစား အမတွေက သယ်ယူပြန့်ပွားစေတာ။ အခုဆိုရင် ငှက်ဖျားပိုးတွေက ကလိုရိုကွင်း ဆေးပြားတွေကို ဆေးယဉ်လာကြသလို ငှက်ဖျားခြင်တွေကလည်း ဒီဒီတီကို ဆေးယဉ်ပြီး ခံနိုင်ရည်ရှိလာကြပြီ။

ကျွန်မတို့ မြန်မာပြည်တစ်ခွင် အနှံ့အပြားမှာ ငှက်ဖျားမင်းမူနေလိုက်ပုံမှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးရိုးမ အို··· အလှမ်းမဝေးတဲ့ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးတောင်မှ မကျန်ပါဘူး။ ရန်ကုန်နယ်မြေအတွင်း ကွက်ကွက်ကလေးမှာသာ ငှက်ဖျားခြင် မရှိဘူးပြောနိုင်တော့တာ။ ဒါတောင်မှပဲ ဟုတ်မှဟုတ်ရဲ့လား မသေချာချင်ဘူး။ တချို့ လေ့လာသူတွေက ရန်ကုန်မှာလည်း ငှက်ဖျားခြင် ရှိပါတယ်လို့ ပြောကုန်ကြပြီလေ။

နှစ်ပရိစ္ဆေဒ ကြာမြင့်လှစွာ မြန်မာနိုင်ငံမှာ နေသားကျနေပြီးတဲ့ ငှက်ဖျားမို့ တရင်းတနှီး အကျွမ်းဝင်နေကြပြီး အမှတ်မထင်ဆိုရင် "သြော်··· အဖျားရောဂါကလေးတစ်ခုပါပဲ" လို့ ပေါ့ပေါ့ဆဆ တွေးမိချင်စရာ။

ငှက်ဖျားလွှမ်းမိုးရာဒေသတွေမှာ လူကြီးတွေဟာ ချည့်နဲ့သွေးအားနည်းပြီး လုပ်အားတွေ ဆုံးရှုံး၊ လူလုံးမလှ ဖြစ်နေကြရတာ။ ကလေးတွေကျပြန်တော့ သေးသေးညှက်ညှက် ဗိုက်ပူနံကားနေကြရပြန်ပါရော။

ငှက်ဖျားရဲ့ အရှုပ်အထွေး ပြဿနာတွေကတော့ကောတဲ့။

ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်ခြင်း၊ သတိလစ်မိန်းမော၊ တက်ချက်ပြီး သေရင်သေ၊ မသေလည်း အာရုံကြောတွေ ချွတ်ယွင်း၊ ကိုယ်တစ်ခြမ်းသေ၊ ဒါမှမဟုတ် စိတ်ဝေဒနာရှင် ဘဝပြောင်းပြီး လူညွန့်တုံးရပြန်ပါတယ်။ ပျောက်ကင်းချမ်းသာသူဟာ ကံထူးသူပါပဲ။ သွေးအားနည်းတာ၊ ကျောက်ကပ် ပျက်စီးတာ၊ အဆုတ်ထိခိုက်တာ၊ နှလုံးအလုပ်မလုပ်နိုင်တာ၊ တစ်ကိုယ်လုံး သွေးယိုစိမ့်တာ၊ ဆီးထဲ သွေးပါလာတာ၊ သွေးလန့်တာ၊ ဝမ်းကိုက် ဗိုက်နာပုံစံနဲ့ လာတတ်တာ။

ကိုယ်ဝန်ပျက်ကျတာ၊ မွေးလာတဲ့ကလေးမှာ အမေဆီက မွေးရာပါ ငှက်ဖျားအမွေ ပါလာတာ။

ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်လောက်အောင်ကို လူညွန့်တုံးစေတဲ့ ငှက်ဖျားပါပဲရှင်။

ကျွန်မတို့မှာ ငှက်ဖျားကို တိုက်ဖျက်နေတယ်ဆိုပေမဲ့ ကာကွယ်ရေး မထိရောက်သလို ကုသရေးလည်း မဟန်လှပါဘူး။ ဖြစ်နှုန်းနှင့် ချိန်ကိုက်မယ်ဆိုရင် အသေအပျောက်နှုန်း အများဆုံး ရောဂါဟာ မြန်မာနိုင်ငံမှာတော့ ငှက်ဖျားပဲ။ ငှက်ဖျားကို အပြုတ်တိုက်ပစ်ဖို့ အရေးကြီးလှပါတယ်။

ငှက်ဖျားရောဂါ ကာကွယ်ရေး၊ ကုသရေးတွေကို ရှိနေသမျှပြောပြရင်း၊ ရချင်သမျှလည်း တောင့်တအကြံပေးရင်း···။

ဟော···။

ဟိုကလေးမလေး။ သွားတက်ကလေးနဲ့ မျက်နှာချိုလှတဲ့ အချောမကလေးလေ။ ဘာတဲ့၊ သူကလေးရဲ့ နာမည်။ ကျွန်မ သိပါတယ်။ သိတယ်ဆိုခါမှပဲ ရုတ်တရက် အစရှာမရဖြစ်နေတယ်။ နာမည်ကလေးက လေးလုံး။ "မ" တွေချည်းပဲ။ အဲ··· ဟုတ်ပြီ၊ မီမီမျိုးမြင့်။

ကျွန်မက ကျွန်မပြောသမျှ မျက်တောင်မခတ် ငေးမောအာရုံစိုက်နေရှာတဲ့ မီမီကလေးကို ပြုံးပြလိုက်ပါတယ်။

သူ့ကို ကျွန်မ ရွေးချယ် ပြုံးပြလိုက်တာကို မီမီကလေးဟာ အထူးပဲ ဝမ်းမြောက်ဝမ်းသာဖြစ်သွားဟန် မျက်နှာကလေး ဝင်းလက်သွားပါတော့တယ်။ ကျွန်မကို လှိုက်လှိုက်

t cspf aMM nin f u Ref em;r v n fw nx u f
ar nin h ayx m,&Sbw bu Ref &ull cspfu bS
u Ref em;r v n fbv aw ntn n f?
u Ref t ay:x m,&Sw bar nin Sull cspfu b n f
u Ref em;r v n fbv aw ntn n f
ar nin eW Ref &Ult cspfq b maO cBw , f



www.burmeseclassic.com

www.burmeseclassic.com

လှဲလှဲ အပြုံးတုံ့လှယ်ပြီးတော့ရင် သူ့နံဘေးက သူ့ကောင်ကလေးရဲ့ ပခုံးကို သူ့ပခုံးကလေးနဲ့ တို့ထိလို့ ပြုံးပြုံးချိုချို တွတ်ထိုးနေသေးရဲ့။

"ကြည့်စမ်း၊ တို့ကို ဒေါ်ဝင့်ဝါက ပြုံးပြတယ်။ တို့ကို မှတ်မိတယ် သိလား"လို့ ကြွားနေတာပဲ ဖြစ်မှာပါ။

သူ့ကောင်လေးက ဝတ်ကျေတမ်းကျေ ခေါင်းညိတ်ရုံသာပါပဲ။ ကျွန်မ မှတ်မိတာ၊ မမှတ်မိတာဟာ သူ့အတွက်တော့ ဘာမှထူးခြားမှုရှိတာမှ မဟုတ်ပဲလေ။

ဆေးကျောင်းလောကမှာ ဆေးကျောင်းသူ၊ ဆေးကျောင်းသား နှစ်ယောက်တွဲလျက်တွေ မြင်ရုံနဲ့ အတွဲလို့ သတ်မှတ်လို့ မရပါဘူး။ ဒါပေမဲ့ အဲဒီကောင်လေးကတော့ မီမို့အတွဲကလေး အသေအချာပါ။ တတွဲတွဲနေရုံမှ မကပါပဲ။ အကြည့်တွေ၊ အပြုံးတွေဟာ ချစ်ရိပ်ချစ်ငွေ့ တဝေဝေနဲ့ရယ်။

သူတို့ တတိယနှစ်(ဆေး) ဆေးရုံတွေမှာ လူနာတွေကြား ခြေဆန့်ပညာရှာဖွေရေး စတင်ကြကတည်းက ကျွန်မက စာသင်ပေးခဲ့ရတာ။

ဆရာတွေဟာ တပည့်တိုင်းကို မှတ်မိဖို့ မလွယ်ဘူး မဟုတ်လား။ အထူးသဖြင့် ကျွန်မတို့က ကုသရေးနဲ့ယှဉ်တွဲပြီး သင်ကြားရေး တာဝန်ယူကြရလေတော့ တပည့်တစ်ယောက်စီနဲ့ တွေ့ရတဲ့ အချိန်ပိုင်းဟာ နည်းပါးလှတယ်။ တတိယနှစ်၊ နောက်ဆုံးနှစ် အပိုင်း(က)၊ အပိုင်း(ခ) အတန်းသုံးတန်းကို တစ်ချိန်စီ သင်ကြားပေးရစဉ်မှာ တစ်ယောက်ချင်း အတွေ့အထိသာ နည်းပေမဲ့ တစ်တန်းပြီးတစ်တန်း သင်ပြရတဲ့ တပည့်ပေါင်းက မနည်းလှဘူး။ လူနာတွေကလည်း နေ့စဉ်နဲ့အမျှ အသစ်အသစ်တွေ တွေ့နေကြုံနေ၊ ဆုံနေရသေးတာ။ တော်ရုံမြင်ဖူးလို့ ဘယ်မှတ်မိနိုင်မှာတဲ့လဲ။

သူတို့ခမျာများလည်း ဆေးပညာဘာသာရပ်တွေကို ဆေးရုံတစ်ခုနဲ့တစ်ခု၊ တစ်ဌာနပြီး တစ်ဌာန၊ လူနာတစ်ဆောင်ပြီး တစ်ဆောင်၊ အဲသလို ကူးသန်းပြောင်းလွှားရင်း ဆရာတစ်ယောက်ပြီးတစ်ယောက်ဆီမှာ ပညာယူ၊ စာတွေ့နဲ့ လက်တွေ့ နှိုင်းယှဉ်ကြည့်ရင်း ပညာရှာနေကြရတာ။ မျက်နှာကလေးတွေဟာ ဖျတ်ခနဲမြင်၊ ဖျတ်ခနဲပျောက်။

သူတို့ကို မှတ်မိနေဖို့ဆိုတာ တစ်ခုခုကလေးတော့ ထူးခြားနေမှပေါ့ရှင်။

မီမီမျိုးမြင့်က သိပ်လှတဲ့ ကလေးမ။ သိပ်ကို ဆွဲဆောင်မှုရှိတယ်ပြောမှ ပိုမှန်မှာပါ။ မျက်နှာကလေးကလည်း ချိုအေးလိုက်တာ။

ဆေးကျောင်းသူတွေထဲမှာ လှတဲ့၊ ချောတဲ့၊ ဆွဲဆောင်မှု ရှိတဲ့ မိန်းကလေးတွေ အများကြီးရယ်။ လှရုံ၊ ဆွဲဆောင်မှုရှိရုံနဲ့တော့ မီမီကလေးကို ကျွန်မ ဘယ်မှတ်မိနေပါ့မလဲ။

သူကလေးဟာ ဆရာသမားကို တယ်ပြီး ရိုသေလေးစားတာပဲ။ ခုခေတ်ကြီးမှာ၊ ပြီးတော့ တက္ကသိုလ်မြေမှာ ဆရာကို မလွဲမကင်းသာ နေရာပေးတာမျိုးထက် ပိုပြီး ရိုကျိုးမှု၊ ကြည်ညိုမှုရှိတဲ့ ကျောင်းသား ရှားနေပါပြီ။ မီမီကတော့ ဆရာသမားများနဲ့ ဆက်ဆံရာမှာ ကြည့်ပုံ၊ ပြုံးပုံ၊ ပြောဆိုပုံတွေကိုက ကျို့ကျို့ယို့ယို့နဲ့ ဂါရဝတရား ပြည့်ဝလှတယ်။ အနားပြာတာတော့ လုံးဝမဟုတ်ပါဘူး။ ဘာလို့လဲဆို မီမီဟာ အနားပြာစရာမလိုတဲ့ ကလေးပဲ။ ဆီဒင်အနက်ကြီးနဲ့ ကျောင်းတက်တဲ့သူပဲရှင်။

ဒီမိန်းကလေးကို မြင်ရတွေ့ရတာကိုက ကျွန်မရင်ကို အေးစေလှတယ်။ ပြီးတော့လည်း…။

ကျွန်မ သိတယ်။ မီမီကလေး ဆေးပညာကို စာလိုသင်ယူနေတာ မဟုတ်ဘူး။ သူကလေးရဲ့ ဦးနှောက်တွေ၊ အသည်းနှလုံးတွေ ပုံအောမြှုပ်နှံထားတာ။ ဆေးပညာဟာ သူကလေးရဲ့ မျှော်မှန်းချက်၊ သူကလေးရဲ့ဘဝ။

မီမီက ကျွန်မကို အဲသလို ပြောပြထားလို့လား။

ဟင့်အင်း။

ကျွန်မနဲ့ မီမီ မရင်းနှီးပါဘူး ပြောထားမှပဲ။

ကျွန်မသိတာပေါ့။ သိလို့လည်း မီမီကလေးကို အများထဲက ရွေးချယ်မှတ်မိနေတာပေါ့။

ဩော်… မီမီဟာ တကယ်တော့ ကျွန်မငယ်စဉ်က ကျွန်မရဲ့ အရိပ်အသွင်ကို ပြန်လည်မြင်ယောင် ရင်နင့်စေလွန်းလှပါကလား။

ဆေးပညာကို ပုံအောချစ်ခင်ရှာတဲ့ မီမီရယ်။ မင်းဟာ မင်းဆရာမရဲ့ ဝေဒနာတွေကို မသိသေး၊ မခံစားရသေးပါလား။

ကျွန်မ စိုးရိမ်မိတယ်။ ကျွန်မ စာနာမိတယ်။

အို… မီမီရယ်၊ မင်းကို ဆရာမ ဘယ်လိုရှင်းပြရမှာလဲကွယ်။

❑

မီမီ့ကို စက္ကန့်ပိုင်းလောက်ပဲ ကြည့်မိတာပါ။ စိတ်အလျင်က မြန်လွန်းတယ်။ ခုလည်း နောက်ဆုံး ငှက်ဖျားဖြတ်ဆေးရယ်လို့ တရုတ်နိုင်ငံက ကြော်ငြာနေတဲ့ Quinghuasce အကြောင်း ပြောပြနေရင်း အတွေးစုံသွားလိုက်တာ။

ကျွန်မကို ခွင့်ပြုထားတဲ့အချိန် စေ့ပြီမို့ ဆွေးနွေးလိုက ဆွေးနွေးကြဖို့၊ ဖိတ်ခေါ် စောင့်ဆိုင်းနေရပါတယ်။

Quinghuasce ငှက်ဖျားဖြတ်ဆေးအကြောင်း ဆရာဝန်တစ်ဦးက ထမေးပါတယ်။ ကျွန်မက ဒီဆေးဟာ Artimesia Annua မှ ထုတ်လုပ်ခြင်းဖြစ်ပြီး ဘယ်ပုံဘယ်နည်း အလုပ်လုပ်တယ်ဆိုတာတော့ အတိအကျမသိရသေးဘူးလို့ ပြန်ဖြေရပါတယ်။

ငှက်ဖျားပိုးမျိုးစုံအတွက် ဆေးမျိုးစုံဖြန့်ပြီး စက်သေနတ်ပစ်သလို ကုသတာ သင့်မသင့် တင်ပြဆွေးနွေးကြပြန်ပါတယ်။ ဒါတော့ ရောဂါရဲ့ ပြင်းထန်မှု၊ အရေးကြီးမှုအပေါ် မူတည်ပြီး ဆုံးဖြတ်ရမှာပေါ့။ ယေဘုယျအားဖြင့်တော့ တစ်ဆင့်ပြီးတစ်ဆင့် ကုသသွားတာက ပိုကောင်းတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူးလား။

အပြန်အလှန် ဆွေးနွေးခွင့်ပြုတဲ့အချိန် စေ့သွားပြီဖြစ်တဲ့ အကြောင်း အချက်ပေးခေါင်းလောင်း မြည်လာပါတယ်။ ကျေးဇူးတင်စကားနဲ့ ကျွန်မ နိဂုံးချုပ်လိုက်တဲ့အခါမှာ အားလုံး က လက်ခုပ်တီးကြပါတော့တယ်။ အဲဒီအထဲမှာ မီမီကလေး ကလည်း အားပါးတရ လက်ခုပ်တီးနေတာကို ကျွန်မ အမှတ်မဲ့ လှမ်းမြင်မိပြန်ပါရော။

အားကျတဲ့ မျက်လုံးကလေးတွေ၊ အထင်ကြီးကြည်ညို တဲ့ အမူအရာကလေးတွေ။ ကျွန်မဟာ မီမီ့အတွက် စံထားတဲ့ ပုံစံပါ။ ကျွန်မ ဘဝင်မကျပါဘူး။ ကျွန်မဘဝမျိုးမှာ မီမီ ကျော်နိုင်ပါ့မလား။

"ဝင့်ဝါ မင်းကတော့ ထုံးစံအတိုင်း ပရိသတ်ကို ဖမ်းစား လိုက်ပြန်ပါရောလား"

သားဖွားနဲ့ မီးယပ်အထူးကု ဒေါ်ခင်ခင်လှဲ့က သူ့နံဘေး မှာ ဝင်ထိုင်လိုက်တဲ့ ကျွန်မကို ချီးမွမ်းလိုက်ပါတယ်။

"ပြီးတော့လည်း ယူဟာလေ၊ အရင် အနှစ်နှစ်ဆယ်၊ အစိတ်တုန်းကလိုပဲ မိတုန်း၊ မိုက်တုန်းပါပဲလားကွာ"

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်" လို့ ကျွန်မက ဝတ်ကျေ တမ်းကျေ ခပ်ယဲ့ယဲ့ အဖြေပေးလိုက်ပါတယ်။

ချစ်သူငယ်ချင်း ခင်ခင်လှဲ့ဟာ အလွန်မှ အားကျလေဟန် ကျွန်မကို ခြေဆုံးခေါင်းဆုံး ကြည့်လို့ နေပြန်ပါတယ်။

"မင်းစကားပြောမယ်ဆိုလို့ ကိုယ် တမင်တကာ လာတာ ကွ။ သိတယ် မဟုတ်လား"

"သိပါတယ်ကွာ"

ဆေးပညာ(Medicine)အတွက် သားဖွားမီးယပ်အထူးကု တစ်ယောက်အနေနဲ့ အချိန်ပေးဖို့ ခက်လှပါတယ်။ ဒါပေမဲ့ ငယ်ငယ်ကတည်းက ကျွန်မကို စွဲလမ်းအထင်ကြီးတဲ့ လှဲ့က ကျွန်မစကားပြောတာကို တကူးတက လာနားထောင်တယ်။ သူ့ရဲ့ မတည်မငြိမ်ထွေပြားတဲ့စိတ်တွေကို အပြစ်ကင်းစင်စွာ ထွက်ပေါက်ရှာလာတာပေါ့လေ။

"တကယ်ပဲ ဝင့်ဝါရယ်၊ ဒီအလှတွေ မပျောက်ပျက် အောင် ယူ ဘယ်လိုများ ထိန်းသိမ်းထားပါလိမ့်ကွာ"

ကျွန်မ ပြုံးလို့သာ နေမိတယ်။ ခင်ခင်လှဲ့က ပြောရှာ ပေမှာပေါ့။ တစ်ချိန်တစ်ခါက ခင်ခင်လှဲ့ ပိုင်ဆိုင်ဖူးတဲ့ အလှအပ တွေဟာဖြင့် ခုအချိန်မှာ ကျိန်တွယ်ပြောလို့မှ မယုံနိုင်လောက် အောင်ပဲ လုံးဝဥဿုံ ပျောက်ဆုံးခဲ့ရပြီကိုး။

ကျောင်းနေတုန်းက ကျွန်မရယ်၊ ခင်ခင်လှဲ့ရယ်၊ စောမြမြ ရယ် သူငယ်ချင်းသုံးယောက် အမြဲတွဲခဲ့ကြတာ။ "ယဉ်ယဉ်စစ စောမြမြ၊ လှလှဝင်းဝင်း ဝင့်ဝါလင်း၊ ရှင်းရှင်းနွဲ့နွဲ့ ခင်ခင်လှဲ့" ရယ်လို့ စာချိုးခံခဲ့ကြရတာ။

"မင်းကတော့လေ အရင် အနှစ်နှစ်ဆယ်၊ အစိတ်တုန်းက အတိုင်း နည်းနည်းမှ မပြောင်းလဲတမ်း မိနေမိုက်နေတုန်းပါပဲ" ဆိုတဲ့စကားကို ခင်ခင်လှဲ့ဟာ အခုမှ ပြောတာမဟုတ်ပါဘူး။

ကျွန်မနဲ့ ပတ်သက်လာခဲ့သမျှ ဘဝတစ်သက်တာလုံးမှာလည်း အမွှမ်းတင်ခဲ့ရင်း သူ့အိမ်ထောင်ရေး အဆင်မပြေလာပြီးတဲ့ နောက်ပိုင်းတွေမှာတော့ ပိုလို့သာ မက်မောအားကျ ပြောရရှာ တယ်။

"ကိုယ်ဖြင့် ဘယ်လိုမှ ဝိတ်လျှော့လို့ မရဘူး ဝင့်ဝါရယ်။ မင်းကော ဘယ်လိုများ လုပ်ထားသလဲ"

ခင်ခင်လှဲ့ဟာ ပန်းနာရင်ကျပ်ရောဂါအကြောင်း ဆွေးနွေး တင်ပြနေတဲ့ ဆရာကြီးတစ်ဦးရဲ့ စကားတွေကို နည်းနည်းမှ နားမထောင်ဘဲ ကျွန်မဘက် ယိမ်းယိုင်တိုးကပ်လို့သာ စကား ပြော တွတ်ထိုးနေတော့တယ်။

ခင်ခင်လှဲ့ရဲ့ မေးခွန်းကို ကျွန်မက အပြုံးနဲ့သာ ခေါင်းခါ ပြရတယ်။ ဘယ်လိုမှ မလုပ်ပါဘူး။ ကျွန်မကိုယ်နှိုက်က အဆီအအိမ့် မကြိုက်တာ၊ အစားမပုပ်တာက လွဲလို့ အထွေ အထူး လျှော့စားမနေရပါဘူး။

ခင်ခင်လှဲ့ခမျာ ကျွန်မကို အားကျရှာပေမှာပေါ့။ သူ့မှာ မရှင်းနိုင်၊ မနွဲ့နိုင်တော့ပါပဲ။ ဘယ်လိုပဲ ဆံပင်တွေဖြတ်၊ လိပ်ထုံးဖွဲ့လို့ ဘယ်လောက်ပဲ နှုတ်ခမ်းနီ၊ မိတ်ကပ်ခြယ်ခြယ်၊ ဘယ်နှရာတန် ရှုံတွေ၊ ပါတိတ်တွေပဲ ဝတ်ဆင်ထားပေမဲ့ ဖိုးဝ ရုပ်အလှဆင်သလို ပြင်ဆင်လေသမျှဟာ အတုံးလိုက် အတစ် လိုက် အစ်ထွက်ပိုလျှံနေတဲ့ အဆီအသားတွေကိုမှ ဖုံးလွှမ်း မသွားနိုင်တော့ဘဲဟာကိုး။ ပါမလုံ ပုံမလာရှာတော့တဲ့ ခင်ခင် လှဲ့ကို ကလေးတွေ အဲ··· ကျောင်းသူလေးတွေ စိတ်ဝင်စား တာဆိုလို့ စာမေးပွဲတွေ စစ်လို့ လူနာ ခုတင်ဘေးမှာ စစ်ဆေး ဖြေဆိုရချိန်တွေ၊ နှုတ်မေးခွန်းတွေမှာ ဒေါ်ခင်ခင်လှဲ့ သိပ်နှိပ် စက်တယ်ဆိုတာရယ်၊ ပြီးတော့ သူ့အဝတ်အစားတွေ၊ သူ့ လက်ပွေ့အိတ်တွေ၊ သူ့ဒေါက်ဖိနပ်တွေ အဖိုးတန်တာ၊ နိုင်ငံခြား ဖြစ်ဆိုတာ၊ နောက်ဆုံးပေါ်တာ၊ ဒါပါပဲလေ။

ကျွန်မလား၊ ခင်ခင်လှဲ့ပြောသလို အမွှမ်းတင်သလို အရင် အနှစ်နှစ်ဆယ်၊ အစိတ်တုန်းကလိုအတိုင်း မဟုတ်နိုင်တော့ တာတော့ အသေအချာပါပဲ။ ဒါပေမဲ့ အသက်ထက် အများ ကြီး နုပျိုတယ်လို့ အားလုံးက ပြောကြမြဲပေါ့။ ကိုယ်အလေး ချိန်ဟာ အရပ် ၅ ပေ၊ ၃ လက်မမှာ ပေါင် တစ်ရာ့တစ်ဆယ် ရှိခဲ့တာ ဆယ့်ခြောက်နှစ်သမီးကတည်းက ခုထိ မပြောင်းမလဲ၊ မတိုးမလျှော့ တည်တံ့နေတာ။ ဘွဲ့ရတာနဲ့ မောင်နဲ့ လက်ထပ်၊ ကလေးနှစ်ယောက် ဆက်တိုက်မွေးလိုက်ပြီး နောက်ထပ် ကလေး မယူတော့တာမို့ (အစကတော့ ကလေးမယူအားတာ၊ နောက်တော့ ကလေးမယူချင်တော့တာနဲ့) ဒါကြောင့်ပဲ ကိုယ် လုံးကိုယ်ပေါက် အချိုးအဆက် မပြောင်းလဲသလားလည်း မဆိုနိုင်ပါဘူး။

ကလေးတွေက ပြောကြတယ်။ ကျွန်မ စာသင်တာ၊ ဆွေးနွေးတာတွေဟာ တိုတိုနဲ့ လိုရင်းမိသတဲ့။ အသံကလည်း နားဝင်ချိုသတဲ့။ ကြည့်လို့လည်း မငြီးနိုင်ဘူးတဲ့လေ။ ကျွန်မ အရွှန်းအသောကလေးတွေ ညှပ်ပြောတတ်တာကိုလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com

အိပ်ငိုက်ပြေပြန်ပါသတဲ့။

သင်ကြားပေးသူတစ်ဦးရဲ့ ရှိသင့်တဲ့ အရည်အချင်းတွေထဲမှာ မျက်စိပသာဒဖြစ်ဖို့လည်း အောက်ဆုံးနားက အချက်အလက်တစ်ခုအဖြစ် ပါဝင်နေလေရော့သလား။

ကျွန်မကတော့လေ၊ ကျွန်မရဲ့ အသက်၊ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ လျော်ညီအောင်၊ ကလေးကလား မကလက်အောင်၊ ခေတ်နဲ့အညီ အမီလည်းလိုက်နိုင်အောင် ဝတ်စားပြင်ဆင်တတ်တဲ့ ပညာကိုတော့ ကောင်းကောင်းတတ်မြောက် အသုံးချတာပါပဲ။

“ဒါပေမဲ့လေ၊ လှတာ မလှတာတွေဟာ တကယ်တော့လည်း မင်းနဲ့ ကိုယ့်အဖို့ ဘာမှမထူးပါဘူး လဲ့ရာ” လို့ ရင်ထဲမှာ ရှိုက်ညည်းရင်း အတွေးကို ဖြတ်လိုက်ရပါတယ်။

နောက်ထပ် ပြောဆိုဆွေးနွေးနေကြတာတွေဟာလည်း စိတ်ဝင်စားစရာအကြောင်းရပ်တွေပါ။ (အဆုတ်အအေးမိတဲ့ရောဂါ ဒါမှမဟုတ် အဆုတ်ပွတဲ့ Pneumonia နဲ့ ပတ်သက်လို့လည်း အချက်အလက်ပိုင်ပိုင် အခြေခံကျကျ တင်ပြသွားပြန်တာဟာ မရိုးတမ်း ကြုံတွေ့နေရတဲ့ အနာအဖျားမို့ နားထောင် မငြီးပါဘူး။) (ခင်ခင်လဲ့တစ်ယောက်ကတော့ ကလေးတစ်ယောက်ပမာ ငိုက်မျဉ်းနေတော့တယ်။)

ကျွန်မတို့ရဲ့ ဆရာ့ဆရာ ပါရဂူသမားတော်ကြီးက နောက်ဆုံးမှ အသားဝါ အသည်းရောင်ရောဂါအကြောင်း ဟောပြောတင်ပြသွားပါတယ်။ ငြီးငွေ့လို့၊ ကိစ္စရှိလို့ စသည်ဖြင့် အကြောင်းအမျိုးမျိုးတွေကြောင့် တစ်ပိုင်းတစ်ဝက်မှာ ပြန်ထွက်သွားချင်တတ်သူတွေကို “ဆရာကြီး” နဲ့ မျှားပြီး အပြီးတိုင် ဖမ်းဆွဲထားတာပါပဲ။

မန္တလေးမှာ အကြီးအကျယ်ဖြစ်သွားခဲ့တဲ့ အသားဝါ အသည်းရောင်ရောဂါအကြောင်း ပြန်ပြောင်းသုံးသပ်ရင်း အခုအခါမှာ အသားဝါ အသည်းရောင် ရာသီရယ်လို့မှ ယတိပြတ်သတ်မှတ်မရအောင် နှစ်ပတ်လည်လုံး ရောဂါဖြစ်ပွားနေကြတာတွေလည်း တွေ့သမျှ ကြုံသမျှ ဆွေးနွေးကြရသပေါ့။ တစ်ခါဖြစ်ဖူးပြီးသားသူ နောက်တစ်ခေါက်ဖြစ်ရင် ပိုစိုးရိမ်ရတာကို အသည်းနှစ်ခါနာရတယ် တင်စားရင်း တဟားဟားရယ်ကြရသေးရဲ့။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေမှာ ဒီရောဂါကပ်ရောက်လာရင် လူသာမန်ထက် ပိုဆိုးရွားစွာ ခံစားရတတ်ပြီး သတိလစ် မိန်းမောခြင်း၊ တက်ချက်ခြင်း စသည်ဖြင့် ဦးနှောက်ထိခိုက်တာ၊ သေဆုံးနှုန်း ပိုများတာတွေ ပါဝင်လာချိန်မှာတော့ ငိုက်မျဉ်းနေရာမှ နိုးကြားလာတဲ့ ဒေါ်ခင်ခင်လဲ့နဲ့လည်း သက်ဆိုင်လာပြီး ချွေးသံတရွှဲရွှဲ ဝဖိုင့်တဲ့ ခန္ဓာကိုယ်ကြီးကို တအိအိသယ်ဆောင်သွားပြီး စင်မြင့်ပေါ်တက်လို့ ဆရာကြီးနဲ့ အပြန်အလှန် ဆွေးနွေးကြတော့တာပဲ။ ပြန်ခါနီး အားလုံး လန်းလန်းဆန်းဆန်း ပေါ့ပေါ့ပါးပါးဖြစ်အောင် အရွှန်းကလေး၊ အသောကလေးတွေညှပ်လို့ ဆွေးနွေးပြီးဆုံးသွားခဲ့ပါတယ်။

ညနေ ၄ နာရီတိတိမှာ နိဂုံးချုပ် ကျေးဇူးတင်စကားနဲ့အတူ ဉာဏ်သစ်လောင်းနိုးနှောဖလှယ်တဲ့ Refresher Course ကြီးကို အောင်မြင်စွာ အဆုံးသတ်လိုက်နိုင်ပါတယ်။ လက်ခုပ်သံတွေ တသောသော၊ မျက်နှာတွေက တပြုံးပြုံးပေါ့ရှင်။

“ပြန်မယ် ဝင့်ဝါရေ၊ အိမ်ပြန် ရေချိုးပြီး ဆေးခန်းထိုင်ရဦးမယ်။ ကိုယ့်ဆီ လာလည်ပါဦးကွာ။ မင်းက ကလေးငယ်ရှိတာမှ မဟုတ်တဲ့နဲ့။ အချိန်ရပါတယ်”

“အချိန်ရတယ်တော့ မဟုတ်ဘူး လဲ့။ ဒါပေမဲ့ မင်းဆီတော့ လာပါဦးမယ်။ Well, so long....”

လဲ့ရဲ့ လက်တစ်ဖက်ကို ဖျစ်ညှစ်ရင်း နှုတ်ဆက်လိုက်ပါတယ်။ ပညာတွေ၊ ရာထူးတွေ၊ စည်းစိမ်တွေကြားက အားငယ်တဲ့ လဲ့ရဲ့ မျက်လုံးတွေကို ကျွန်မကလည်း နားလည်စာနာတဲ့ အကြည့်နဲ့ပဲ အားပေးခဲ့ရတာပေါ့ရှင်။

လင်ဆာ ကားသစ်ကြီးကို လဲ့ကိုယ်တိုင်မောင်းလို့ ထွက်ခွာသွားတာကို ကျွန်မ လိုက်ကြည့်ရင်း ပြုံးချင်မိသေးတယ်။ ဒီကားနာမည်ကို လူတွေက ဟားကြတာ။ လဲ့ခမျာလည်း သူ့လင်ကို သူများက လုသွားတော့…။

ကျွန်မရဲ့ တိုယိုတာဟိုင်းလပ်စ်အပြာလည်း ရောက်နေပါပြီ။ ကျွန်မရဲ့သားကြီး ကိုကို လာကြိုနေတာ။ သားကလည်း ဒီနှစ် ဆေးတက္ကသိုလ်မှာ ဒုတိယနှစ်ရောက်နေပါပြီ။ မိဘခြေရာနင်းတဲ့သားပေါ့။ အဖေနဲ့ရော၊ အမေနဲ့ပါ မတူညီလှဘဲ မပြင်းထန်တဲ့ မဖျိုမ ပဋိပဒါကျတဲ့ သားမို့ ကျွန်မ နှစ်သိမ့်ကျေနပ်ရပါတယ်။

ဟော… ကားနံဘေးမှာ မီမီမျိုးမြင့်နဲ့ သူ့ကောင်ကလေး။

“မမပြောတာ၊ ဆွေးနွေးတာအားလုံး သိပ်ကောင်းတာပဲ မမ။ အဲဒါပြောချင်လို့ မီမီ လာစောင့်နေတာ”

“ဟုတ်လား၊ အေးကွယ် သမီးရယ်။ ကျေးဇူးပါပဲ။ ကဲ… သမီးအိမ်က လာကြိုမလား၊ မမနဲ့ လိုက်ချင်လိုက်နော်”

မီမို့ကောင်လေးက မီမီရဲ့မျက်လုံးကလေး တလဲ့လဲ့တောက်ပလို့ စိတ်အားထက်သန်လှတဲ့ ဟန်ပန်ကလေးကို ချစ်စနိုး ပြုံးကြည့်နေပါတယ်။

“မီမီ ကားပါပါတယ် မမ”

“သြော်… သြော်… ဟုတ်ပြီ။ သိပ်ကျေးဇူးတင်တာပါပဲ သမီးရယ်။ စာနဲ့ပတ်သက်ပြီး သမီးလိုတာရှိရင်လည်းပြော၊ ဟုတ်လား။ ကဲ… မမ သွားမယ်နော်”

“မေမေမောင်းနော်၊ သားအိပ်ငိုက်နေလို့” လို့ သားကြီးကိုကိုက ခပ်ချွဲချွဲပြောပါတယ်။

“ကောင်းပါပြီတော်” လို့ ကျွန်မက ငေါ့တော့တော့ပြောရင်း ကားမောင်းသူနေရာဘက်ကို တံခါးဖွင့်လို့ တက်ထိုင်လိုက်ပါတယ်။ သားက တအိအိ လေးကန်ကန်ရွှေ့ပေးနေပြီး ကျွန်မက တွန်းတွန်းထိုးထိုး ဝင်ထိုင်လိုက်တာမို့ သားက ပြုံးတုံ့တုံ့ ကျေနပ်နေတယ်။

ကားနံဘေးမှာ ရပ်နေဆဲ မီမီကလေးတို့ကို လက်ပြ


www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ပြီး ကားမောင်းထွက်ခွာခဲ့ပါတယ်။

"အဲဒါ ဘယ်သူလဲ မေမေ။ လှတယ်နော်"

"ပါတ်တူးကျောင်းသူကလေးပါ"

"သူ့အမျိုးသားကလေးကလည်း ပါတ်တူးပဲလား"

"ဒါပေါ့"

သားက လျှော့ရဲရဲ လျှောချမှီထိုင်ငြီး ငိုက်မျဉ်းနေတော့တယ်။

ကျွန်မကတော့ မီမီရဲ့ ကျွန်မကို အားကျလှတဲ့ မျက်လုံးတောက်တောက်ကလေးတွေကို တရေးရေးမြင်ယောင်နေပြီး ကျေနပ်ဂုဏ်ယူလိုလျက်ကပဲ တစ်မျိုးကြီး တုံ့ဆွဲရင်နင့်ရပါတယ်။

ကျွန်မလေ··· မီမီ့ကို ပြောပြချင်လိုက်တာ။ တစ်ချိန်တစ်ခါတုန်းက မီမီ့လိုတော်ခဲ့၊ လှပခဲ့တဲ့ လူနာတွေရဲ့ ဝေဒနာကို ကုသပေးခြင်းဖြင့် သူတို့ရဲ့ ဘဝပြဿနာတွေကို တချို့တစ်ဝက် ဖြေရှင်းပေးချင်လွန်းခဲ့တဲ့ ကျွန်မအကြောင်း၊ ပြီးတော့ မီမီ့ကောင်ကလေးလိုပဲ အချစ်တွေပင်လယ်ဝေနေခဲ့တဲ့ မောင့်အကြောင်း။

ပြောပြတိုင်း နားလည်ချင်မှလည်း နားလည်မယ်လေ။ တစ်ယောက်နဲ့တစ်ယောက် ကြုံဆုံရတဲ့ ဘဝတွေ၊ အချစ်တွေ မတူညီကြသလို ခံစားရတာချင်းလည်း တူညီဖို့ ခဲယဉ်းသားကလား။

တကယ်တော့ သူများနားလည်ဖို့ မလွယ်တဲ့ ခံစားချက်တွေဟာ ကျွန်မရင်ထဲမှာ မဆံ့နိုင်အောင် အကျပ်အသိပ်ပြည့်လျှံနေတာပါ။ နားလည်နိုင်မယ်ထင်သည့်တိုင် ဖွင့်ဟပြောပြဖို့ မသင့်ဘူးထင်တာတွေကိုလည်း ရင်ထဲမှာပဲ သိမ်းထားရပြန်သေးတာ မဟုတ်လား။

ကျင်လည်နေရတဲ့ ဘဝအစစ်အမှန်မှာ ဖြစ်ပျက်ခံစားနေရတာတွေဟာ ဝတ္ထုတွေထဲမှာတော့ ပေါင်းဆုံရတာဟာ ပျော်ရွှင်ကြည်နူးခြင်း၊ ကွဲကွာရတာဟာ ကြေကွဲလွမ်းဆွတ်ခြင်း၊ တကယ်တမ်း လက်တွေ့ရင်ဆိုင်ရတဲ့အခါမှာ ပေါင်းဆုံတိုင်းလည်း ပျော်ချင်မှပျော်တာပါ။ ကွဲကွာရတိုင်းလည်း လွမ်းချင်မှ လွမ်းမှာပါ။

မောင်နဲ့ ချစ်မိစ အချိန်တွေတုန်းကဆိုရင် မောင်နဲ့ ပေါင်းဆုံရခြင်းဟာ ကျွန်မတို့နှစ်ယောက်ရဲ့ ကိုယ်ပိုင်အချစ်ဇာတ်လမ်းကလေးရဲ့ ပျော်ရွှင်စွာ အသက်ထက်ဆုံး အတူယှဉ်တွဲ နေထိုင်သွားကြလေသတည်းဆိုတဲ့ နိဂုံးအဆုံးသတ်ပဲလို့ ယူမှတ်ခဲ့တာ။

လက်ထပ်ခြင်းဆိုတာ တကယ်တော့ ခရီးမှတ်တိုင်တစ်ခုမျှသာပါ။ ကွန်းခိုစခန်းတစ်ခုမျှသာပါ။

အချစ်ရဲ့ပန်းတိုင်ဟာ လက်ထပ်ပေါင်းဆုံခြင်းနဲ့ အဆုံးမသတ်ပါဘူး။ ဒါကို ကျွန်မ မသိခဲ့ဘူး။

မောင့်ကိုချစ်တာပဲ ကျွန်မ သိခဲ့တယ်။ ကျွန်မရဲ့အချစ်ဟာ ဘယ်လိုအချစ်မျိုးလဲလို့ ကျွန်မ သရုပ်ခွဲမကြည့်တတ်ခဲ့ဘူး။ မောင့်ရဲ့အချစ်ဟာ ဘယ်လိုအချစ်မျိုးလဲဆိုတာ တွေးဆကြည့်မိဖို့တော့ ဝေလာဝေးပေါ့။

အချစ်ဆိုတာကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြတယ်နော်။ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်း၊ နက်နဲခြင်း၊ ရယူပိုင်ဆိုင်လိုခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ အို··· တကယ်တော့ မျက်မမြင်ပုဏ္ဏားကြီးတွေ ဆင်ကို စမ်းတဝါးဝါး အဓိပ္ပာယ်ဖွင့်ကြသလို တစ်ပိုင်းတစ်ကဏ္ဍမှန်ကန်ပေမဲ့ အပြည့်အစုံမှန်ကန်ဖို့ကျတော့ တက်တက်စင် လွဲနေတတ်တာမျိုးပါ။ ခေတ်အဆက်ဆက်က အတွေးအခေါ်ရှင်ကြီးတွေတောင် ပြည့်စုံအောင် ပြောမပြနိုင်ခဲ့တာမို့ ကျွန်မကကော ဘယ်မှာ တတ်သိနားလည်နိုင်ပါ့မလဲလေ။

အချစ်အကြောင်း ကျွန်မနားမလည်တာထက် မောင့်အပေါ် ထားရှိခဲ့မိတဲ့ ကျွန်မရဲ့အချစ်ကိုမှ ကျွန်မ နားမလည်ခဲ့လေတော့လည်း၊ ကျွန်မအပေါ် ထားရှိခဲ့တဲ့ မောင့်ရဲ့အချစ်ကိုလည်း ကျွန်မ နားမလည်ခဲ့လေတော့လည်း မောင်နဲ့ကျွန်မရဲ့ အချစ်ဆိုတာ သေခဲ့ရတယ်။

နားလည်ခဲ့ရင်ကော။ အင်း··· ဒါဆိုရင်ဖြင့် ကျွန်မရင်မှာ အချစ်ဆိုတာ မွေးဖွားလာနိုင်ခဲ့ပါ့မလား။

မောင်နဲ့ စ,တွေ့ကြတာ တတိယနှစ်ဆေးကျမှပါ။ အဲဒီနှစ်ကျမှ မောင်က မန္တလေး ဆေးတက္ကသိုလ်ကနေ ပြောင်းလာတာ။

မောင့်ရုပ်ရည်ကို သိပ်ချောလှတယ်လို့ ပြောလို့တော့ မရပါဘူး။ ဒါပေမဲ့ ခုခေတ်အလိုအရ မိတယ် မိုက်တယ်။ ဟိုတုန်းကတော့ ပျံနေတာပဲပေါ့ရှင်။

ရှမ်းချောကလေး မောင့်ကို ကျွန်မ စိတ်ဝင်စားခဲ့မိတယ်။ စိတ်ဝင်စားတာနဲ့ ချစ်တာ အဝေးအကွာကြီးပါ။

မောင်ကလည်း ကျွန်မကို စိတ်ဝင်စားတာပေါ့။ စိတ်မဝင်စားဘဲ ရှိနိုင်ရိုးလား။ ကျွန်မက ဆေးကျောင်းမှာ "ဖလား" ပဲဥစ္စာ။

မောင်က ကျွန်မကိုချစ်သတဲ့။ ကျွန်မကလည်း ချစ်တာပဲပေါ့လေ။

ဆရာဝန်ဖြစ်လာဖို့ ဦးတည်ရည်မှန်းချက်တွေ အပြည့်အဝနဲ့ စာတွေကြိုးစားရင်း အချစ်ဆိုတာ ရင်ထဲမှာ မနိုးကြားနိုင်သေးတဲ့ ကျွန်မဟာ မောင်နဲ့တွေ့မှ ချစ်တတ်လာတော့တာ။

မောင်ဖွင့်မပြောခင်ကတည်းက မောင် ကျွန်မကို ချစ်နေပြီရယ်လို့ ကျွန်မ တင်ကြိုပြီး သိခဲ့တယ်။ မောင့်ဘော်ဒါတွေက တစ်ဆင့် ကျွန်မရဲ့ ဘော်ဒါတွေဆီ သတင်းရောက်၊ ဝိုင်းပြီး စ,ကြနောက်ကြ၊ အဲဒီကနေ မောင့်မျက်လုံးတွေ၊ မောင့်အကြည့်တွေက ဟုတ်ပါတယ်လို့ ဝန်ခံချက်ပေး။ နောက်တော့ ကျွန်မကလည်း မီးစိမ်းပြလိုက်ရော မောင်ကလည်း ဖွင့်ပြောရော။ ပြောတော့ ကျွန်မက ခေါင်းညိတ်လိုက်တာပေါ့။ ကဲ··· အားလုံး အဆင်ပြေချောမွေ့လိုက်တာနော်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်က ဘာလို့ ဝင့်ဝါကို အမြဲတမ်း အမြဲတမ်း ဒီလောက် ငေးကြည့်ကြည့်နေတာလဲဟင်။ ဘယ်တော့မှ ကြည့်လို့ မဝ,တော့ဘူးလား"

မောင်အလှကြိုက်တာ ကျွန်မ ကျေနပ်ခဲ့ပါတယ်။ ကျွန်မကလည်း လှတာပဲ မဟုတ်လား။ မလှရင်သာ သူ့အကြိုက်နဲ့ မပြည့်စုံလို့ ခက်နေဦးမှာလေ။ အဲဒီတုန်းက ပြောတာပါ။ ခုတော့လည်း သူ့အကြိုက်၊ သူ့ဆန္ဒဆိုတာတွေကို ကျွန်မ မတွေးဖြစ်တော့ပါဘူး။

"ဝင့်ဝါက သိပ်လှတော့ မောင်က အမြဲအလှကြည့်နေချင်တာ။ ဝင့်ဝါအရုပ်ကလေးဖြစ်သွားအောင် ဖန်ဆင်းလို့ရရင် သိပ်ကောင်းမှာပဲနော်။ မောင် ဖန်ပေါင်းချောင်ထဲ ထည့်ထားနိုင်အောင်လေ"

မောင့်အပြောကို မနောခွေ့ သဘောတွေ့လိုက်တဲ့ ကျွန်မအဖြစ်တွေကို ခုပြန်စဉ်းစားကြည့်မိတိုင်း မဲ့ပြုံးပြုံးမိတယ်။ ဖန်ပေါင်းချောင်ထဲမှာ မနေနိုင်တဲ့ ကျွန်မအကြောင်းကိုတောင်မှ ကျွန်မ မသိခဲ့တာ မလွန်လွန်းပေဘူးလား။

တတိယနှစ်မှာလည်း တွဲခဲ့ကြတယ်။ နောက်ဆုံးနှစ်အပိုင်း(က)ကျတော့လည်း မခွဲတမ်းပေါ့။ နောက်ဆုံးနှစ်အပိုင်း(ခ)မှာတော့ နှစ်ဖက် မိဘတွေက စေ့စပ်ကြောင်းလမ်းပေးလိုက်ပါတော့တယ်။

ကျွန်မရဲ့ ဖခင်က သံအမတ်ကြီးတစ်ဦးဖြစ်သလို မောင့်ဖခင်ကလည်း ရှမ်းပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှာ အထင်ကရ။ လူကြီးချင်း မရင်းနှီးပေမဲ့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကျေနပ်လေးစားကြပြီး ရွှေနဲ့မြ၊ နေနဲ့လရယ်လို့ ညီမျှခြင်းတွေ ရေးတွက်နိုင်ကြတာကိုး။

သာယာဖြောင့်ဖြူးလှတဲ့ ဒီအချစ်ခရီးမှာ ဘာများလိုပါသေးသလဲ။

လိုပါပြီကောနော်။ ကျွန်မနဲ့ မောင့်အချစ်ဟာ ဘယ်လိုအချစ်မျိုးလဲလို့ မဝေဖန်၊ မဆန်းစစ်ခဲ့မိတဲ့အချက်ပေပဲပေါ့။

အပြစ်တော့ မတင်ချင်ပါဘူး။ မောင့်မှာ အပြစ်ရှိတယ်လို့ ကျွန်မ မထင်သလို ကိုယ့်ကိုယ်ကိုလည်း အပြစ်ရှိတယ် မထင်ပါဘူး။ သူကသူပဲမို့ သူ့အတိုင်းသာရှိမှာပဲ။ ကျွန်မဟာလည်း ကျွန်မပေပဲမို့ ကျွန်မတွေးတတ်သမျှ ပြုမိသမျှအတိုင်းသာပဲပေါ့။

ဘယ်အထိများ ရှေ့ရေးကို ကျွန်မ မတွေးတတ်ခဲ့သလဲ ဆိုရင်လေ နောက်ဆုံးနှစ် အပိုင်း(ခ) စာမေးပွဲကို အောင်မြင်ကြလို့ အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းနေဆဲ တစ်နေ့ အလုပ်ကိစ္စတွေ တိုင်ပင်ကြစဉ်မှာတောင်မှပဲ မောင့်သဘော၊ မောင့်ဆန္ဒတွေကို ကျွန်မ နားမလည်တတ်ခဲ့သေးဘူး။

"ဝင့်ဝါက အလုပ်မလျှောက်ဘဲ အပြင်ဆေးခန်းထိုင်။ ဒါမှ အိမ်ထောင်မှုထိန်းသိမ်းနိုင်မှာ" လို့ မောင်ပြောလိုက်တော့ ကျွန်မ သိပ်ကိုအံ့သြသွားခဲ့တာပဲ။

"ကြံကြံဖန်ဖန် မောင်ရာ၊ အပြင်ဆေးခန်းပဲ ထိုင်ရမယ်ဆိုရင် ဝင့်ဝါဟာ ဆေးပညာနဲ့ စီးပွားရှာစားသူပဲ ဖြစ်နေတော့မှာပေါ့"

"ဝင့်ဝါက ဘာလဲ။ ကိုယ်ကျိုးမဖက်၊ အများအတွက်သက်သက် အလုပ်လုပ်မယ် ဘာညာနဲ့ ကြောင်ဦးမလို့လား"

ကျွန်မစိတ်ထဲမှာ ခိုးလိုးခုလုနဲ့ ငိုင်တွေနေတယ်။ မောင်ပြောသလို ကိုယ်ကျိုးမဖက် အများအတွက်ပဲ အလုပ်လုပ်မယ်ဆိုရင် ကြောင်တာလား။ ကျွန်မ မပြောတတ်ပါဘူး။ အဲသလိုပြောနေမယ့်အစား တကယ်လုပ်နေတာကတော့ ပိုကောင်းမှာပေါ့။ တကယ်လုပ်နေတဲ့ လူကကော ပြောနေကြေညာနေပါ့မလား။

ကျွန်မကတော့ ဘာတွေမှ ကြောင်နေခဲ့တာ မဟုတ်ရပါဘူး။ ကျွန်မ ဆေးကုရရင် ကျွန်မ ပျော်မယ်။ ကျွန်မရဲ့ စိတ်အာသာဆန္ဒပြေပျောက်မယ်။ ဆေးကုတဲ့အခါမှာလည်း ကျွန်မရဲ့ ကုထုံးကုနည်းတွေဟာ "အမှန်ဆုံး၊ အကောင်းဆုံး" နဲ့ တတ်နိုင်သမျှ နီးစပ်စေချင်တာပါပဲ။

"ဝင့်ဝါတော့ အလုပ်လျှောက်ချင်တယ်။ ဆေးရုံမှာ အလုပ်လုပ်ရတာ ပိုပြီး ဆရာဝန်နဲ့ တူတယ်လို့ ဝင့်ဝါ ထင်လို့ပါ။ လူနာတစ်ယောက်ကို ဝင့်ဝါ အတတ်နိုင်ဆုံး ရေဆုံးမြေဆုံး ကုသပေးချင်လို့ပါ"

"မိန်းမတစ်ယောက်ဟာ သိပ်ရည်မှန်းချက်ကြီးနေဖို့ မလိုပါဘူး ဝင့်ဝါရယ်"

"ဝင့်ဝါ တစ်သက်လုံးက ဆရာဝန်တစ်ယောက်ဖြစ်လာဖို့ သဲသဲမဲမဲ မျှော်မှန်းခဲ့တာကိုများ မောင်က သိပ်ရည်မှန်းချက်ကြီးတယ်လို့ ဆိုလိုချင်တာလားဟင်"

"အခု ဝင့်ဝါ ဆရာဝန်ဖြစ်ပြီပဲ။ ဝင့်ဝါက ဘယ်နှဘွဲ့ယူဦးမယ် စိတ်ကူးထားလို့လဲ။ မိန်းမတစ်ယောက်အတွက် ဘွဲ့တစ်ခုနဲ့လည်း ဂုဏ်ရှိတာပါပဲ ဝင့်ဝါ"

"ဝင့်ဝါက ဂုဏ်ရှိဖို့ ဆရာဝန်ဖြစ်ချင်ခဲ့တာ မဟုတ်ဘူး။ ဝင့်ဝါဂုဏ်ရှိဖို့ ဘာမှမလိုပါဘူး။ ဝင့်ဝါ ပြည့်စုံပြီးသားပဲ" လို့ အဲဒီတုန်းက မဖြေဖြစ်ခဲ့ပါဘူး။ သဘောထားမတူညီ မတိုက်ဆိုင်မှုတွေကို လက်မခံလိုတဲ့အတွက် မသိစိတ်က ဖုံးလွှမ်းကွယ်ဝှက်ပေးလိုက်တာပဲ ထင်ပါရဲ့။

ကျွန်မ သိနားလည်စ လေးငါးနှစ်သမီးအရွယ်ကတည်းက ကြီးလာရင် ဘာလုပ်မလဲမေးရင် ဆရာဝန်လုပ်မယ် ဖြေခဲ့တာ။ ဘွဲ့တွေကို ဝင့်ဝါတပ်မက်တယ်ဆိုရင်လည်း ဝင့်ဝါ ပိုင်နိုင်စွာ ဆေးကုတတ်နိုင်ဖို့၊ ဆေးပညာရပ်မှာ ပိုပြီးကျယ်ပြန့်စွာ တိုးဝင်ပတ်သက်နိုင်ခြင်းဖြင့် ဝေဒနာရှင်တွေကို ပိုပြီးသက်သာစေနိုင်ဖို့။ ချမ်းသာသူ ခံစားရတာလည်း ဝေဒနာပဲ၊ ဆင်းရဲသူ ခံစားရတာလည်း ဝေဒနာပဲ။ ကျွန်မမြင်တာ ဝေဒနာခံစားရသူတွေချည်း အတူတူပါပဲ။ ဆေးကုသပေးရင်း ဘဝမျိုးစုံမြင်တွေ့လာရတဲ့အခါမှာ ကျွန်မက ဝေဒနာကုသပေးခြင်းဖြင့် ရောဂါပျောက်ကင်းချမ်းသာမှုပေးလိုက်နိုင်တိုင်း သူတို့တစ်တွေရဲ့ ဘဝပြဿနာတွေကို အပြီးအပိုင် ဖြေရှင်းပေးနိုင်စွမ်းမရှိပေ

*စာမျက်နှာ(၂၃၂)သို့...*



www.burmeseclassic.com

www.burmeseclassic.com



# တစ်မြို့စီနေ တစ်ပြည်စီခြား

## မောင်သန်းဆွေ(ထားဝယ်)

ပြီးခဲ့သည့် စက်တင်ဘာလ ၁ ရက်(ဝါခေါင်လဆုတ် ၆ ရက်)၊ စနေနေ့က တော်ဘုရားကြီး၏ သားတော် ဦးမျိုးနိုင်(စူဠစန္ဒကုမာရ)က ဖိတ်စာဖြင့် ဖိတ်ကြား၍ သူ၏ ဘိုးတော် ကိုကိုနိုင် ကံကုန်သည့် ၅၉ နှစ်မြောက်နေ့ ဆွမ်းကျွေးပွဲသို့ သွားရောက်ခဲ့ပါသည်။ ကျင်းပသည့် နေရာမှာ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ တန့်တော်မူစေတီရှိ ဘုန်းတော်ကြီးကျောင်းတွင် ဖြစ်ပါသည်။ ကိုကိုနိုင်ရှိစဉ်က နေခဲ့သည့် အိမ်ရှေ့တွင်ပင် ဖြစ်၏။

ကိုကိုနိုင်ဆိုသူမှာ သီပေါမင်းတရားနှင့် အရှင်မိဖုရားခေါင်ကြီးတို့၏ စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ် ဖုရားကလေး၏ မြောက်သားတော်ဖြစ်သည်။ စတုတ္ထသမီးတော် မော်လမြိုင်၌ ကံကုန်တော်မူသောအခါ ကိုကိုနိုင်ကို အင်္ဂလိပ်အစိုးရက နိုင်ငံရေးပင်စင်ပေးရန် ကမ်းလှမ်းသည်။ လက်မခံပါ။ သီပေါမင်းတရားအနွယ်တော်များ ကိစ္စ၌မူ အင်္ဂလိပ်အစိုးရနှင့် အပြန်အလှန်ရေးသား



www.burmeseclassic.com

www.burmeseclassic.com




ကိုကိုနိုင်ဆိုသူမှာ
သီပေါမင်းတရားနှင့်
အရှင်မိဖုရားခေါင်ကြီးတို့၏
စတုတ္ထသမီးတော်
အရှင်ထိပ်စုမြတ်
ဖုရားကလေး၏
မြောက်သားတော်
ဖြစ်သည်။ စတုတ္ထ
သမီးတော် မော်လမြိုင်၌
ကံကုန်တော်မူသောအခါ
ကိုကိုနိုင်ကို
အင်္ဂလိပ်အစိုးရက
နိုင်ငံရေးပင်စင်ပေးရန်
ကမ်းလှမ်းသည်
လက်မခံပါ
သီပေါမင်းတရား
အနွယ်တော်များကိုစွဥ်မှု
အင်္ဂလိပ်အစိုးရနှင့်
အပြန်အလှန်
ရေးသားဆောင်ရွက်မှုများ
ပြုလုပ်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ မည်သည့်အခါမျှ အောက်ကျ မခံခဲ့ပေ။ လွတ်လပ်ရေးရပြီးသောအခါတွင်လည်း ကိုကိုနိုင်သည် နိုင်ငံတော်အစိုးရကို အထူးယုံကြည်လျက် မည်သည့်ကိစ္စနှင့်မျှ ထိထိရောက်ရောက် တောင်းဆိုခြင်း မပြုခဲ့ပါ။ စိတ်အားထက်သန်နေသော ဝိပဿနာတရားကိုသာ အားထုတ် နေထိုင်ရာမှ လောကီရေးရာများကို တတ်နိုင်သမျှ ရှောင်၍ ပိတ်ဖြူဝတ်လဲကာ နေခဲ့သည်။ လူများကိုပင် ရှောင်နိုင်သလောက် ရှောင်နေခဲ့သည်။ ၁၉၄၉ ခုနှစ်လောက်တွင် မျက်စိကွယ်သွားခဲ့သည်။ အင်္ဂလိပ်အစိုးရသည် အရှင်မိဖုရားခေါင်ကြီး (စုဖုရားလတ်)၏ သင်္ချိုင်းတော်အနီးဖြစ်သော ယခု ရွှေတိဂုံ ဘုရားလမ်းပေါ်ရှိ အိမ်နေရာ (၁၅၉-က)ကို ကိုကိုနိုင်အမည်ဖြင့် ဂရန်ပေးခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ထိုမြေနေရာပေါ်တွင် ကိုကိုနိုင် အိမ်ဆောက်ပါသည်။ ထိုအိမ်တွင်ပင် မျက်စိကွယ်လျက်နှင့် သမီးအငယ်ဆုံးဖြစ်သော ထိပ်စုဖုရားထွေးနှင့် အတူနေခဲ့သည်။ စတုတ္ထသမီးတော်လက်ထက်မှ အပျိုတော် မသက်မေ၊ လူပျိုတော် မောင်သက်ဖေ ဆိုသူတို့ကလည်း အတူနေ၍ ဝတ်ကြီးဝတ်ငယ် ပြုသည်။



ရန်ကုန်မြို့မှ မိဖုရားခေါင်ကြီး၏ သင်္ချိုင်းတော်ပြာသာဒ်

အိမ်နံပါတ် ၁၅၉-က၊ ဘုရားလမ်း အိမ်ရှေ့တွင် ကိုကိုနိုင်သည် သူကွယ်လွန်လျှင် ဂူသွင်းရန် သင်္ချိုင်းဂူကို ကြိုတင်လုပ်ထားသည် ဆို၏။ သင်္ချိုင်းကမ္ပည်းကျောက်စာကိုပင် ကြိုတင်ရေးထားသည်။ သို့သော် ကွယ်လွန်သည့်ရက်ကိုမူ မထည့်ဘဲထားသည်ဆို၏။ ထို့ကြောင့် လမ်းပေါ်မှ ဖြတ်သန်းဖြတ်လာ သူများက ဤထူးဆန်းသော အပြုအမူကို တအံ့တသြ ကြည့်သွားကြလေ့ရှိသည် ဆိုပါသည်(နောက်ပိုင်းဖျက်ပစ်လိုက်ရသည် ဆိုပါသည်)။ ကိုကိုနိုင်သည် ၁၉၅၉၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ရွှေတိဂုံဘုရားလမ်း အိမ်တွင်ပင် ဘဝတစ်ပါးသို့ ပြောင်းသွားပါသည်(ထို့ကြောင့် ယခု ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ၅၉ နှစ်ပြည့်၍ မြေးတော်က ဆွမ်းကျွေးခြင်းဖြစ်သည်)။ အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ယောက္ခမတော် အရှင်မိဖုရားခေါင်ကြီး၏ အုတ်နန်းပြာသာဒ်တော် တောင်ဘက်အုတ်ခုံပေါ်တွင် သွင်းနှံထားပါသည်။

ကိုကိုနိုင် ကွယ်လွန်ခြင်း ၅၉ နှစ်ပြည့် ဆွမ်းကျွေးခြင်းကို အနွယ်တော်များက ပြုလုပ်သည် ဆိုသော်လည်း ဆွမ်းကျွေးပွဲတွင် သီပေါမင်းတရား အနွယ်တော်များ များများစားစား မတွေ့ပါ။ ဦးမျိုးနိုင်နှင့် သူ၏အစ်ကို ဦးစိုးဝင်း(မဟာစန္ဒကုမာရ)နှင့် ဇနီး မဝေတို့ကိုသာ တွေ့ခဲ့ရသည်။ အခြား အနွယ်တော်များ (မင်းတုန်းမင်းနှင့် အိမ်ရှေ့မင်းတို့၏ အနွယ်တော်များ)ကိုမူ တွေ့ရ၏။ ဖိတ်ကြား၍ လာကြပုံရပါသည်။ အထူးသဖြင့် ဩစတြေးလျမှ ခေတ္တပြန်လာသော အိမ်ရှေ့မင်းသမီးတော်၊ ဝါးနွယ်ကုန်းထိပ်ခေါင်တင်အေး၏ မြေးတော်၊ ထိပ်တင်လှ(ကြီးကြီးလှ)နှင့် သားတော်နှစ်ဦးကို တွေ့ရပါသည်။ စာရေးသူသည် ထိုနေ့က နေမကောင်း၍ ဆွမ်းကျွေးသည်ကိုပင် မစားဘဲ နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

ကိုကိုနိုင် ကံကုန်သည့် ၅၉ နှစ်ပြည့် ဆွမ်းကျွေးပွဲတွင် စာရေးသူ၏ ခေါင်းထဲသို့ အတွေးတစ်စ ဝင်လာသည်။ 'တစ်မြို့စီနေ၊ တစ်ပြည်စီခြား' ဆိုသည့် သီချင်းစာသားပင် ဖြစ်သည်။ ဆွမ်းကျွေးသည့် ဘုန်းတော်ကြီးကျောင်း မျက်နှာချင်းဆိုင်တွင်ပင် ကိုကိုနိုင်ရှိစဉ်က နေခဲ့သောအိမ်ရှိသည်။ ၎င်းအိမ်သည် အရှင်မိဖုရားခေါင်ကြီး သင်္ချိုင်းတော်နှင့်မြေ တစ်ဆက်တည်းပင် ဖြစ်သည်။ သင်္ချိုင်းတော်ကို ကြည့်ရှုစောင့်ရှောက်ရန် ထိုမြေတစ်ကွက်လုံးကို အင်္ဂလိပ်အစိုးရက ကိုကိုနိုင်အမည်ဖြင့် ဂရန်ပေးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် သခင်ကိုယ်တော်မှိုင်း သင်္ချိုင်းဆောက်သည်။ ဤသို့ ဆောက်ခြင်းမှာလည်း တော်တော်(တော်ဘုရားကလေး)က ခွင့်ပြု၍ဖြစ်ပါသည်။ နောက်တွင် ဦးသန့်သင်္ချိုင်း၊ ဒေါ်ခင်ကြည်သင်္ချိုင်း၊ မဗ္ဗာရုံတို့ဆောက်ခြင်းဖြင့် မြေတစ်ကွက်လုံး ပြည့်သွားတော့သည်။ ကိုကိုနိုင်၏ အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ယောက္ခမတော် အရှင်မိဖုရားခေါင်ကြီး၏ အုတ်နန်းပြာသာဒ်တော် တောင်ဘက် အုတ်ခုံပေါ်တွင် သွင်းနှံထားသည်ဟု အထက်က ရေးခဲ့သည်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com

မှာ ထိုစဥ်က ကိုကိုနိုင်၏ အရိုးပြာကို ယောက္ခမတော် အရှင်မိဖုရားခေါင်ကြီး၏ အုတ်နန်းပြာသာဒ်တော်တွင် မသွင်းနံ့ဘဲ မော်လမြိုင်ရှိ စတုတ္ထသမီးတော် အုတ်နန်းပြာသာဒ်တော်တွင် သွင်းနံ့လိုက်က သူတို့မောင်နှံ တစ်ဂူထဲ စံကြရမည်။ ယခုမှာမူ တစ်မြို့စီစံနေကြရသည်။

ကိုကိုနိုင်သည် ယခင်က ရဟန်းဖြစ်၏။ ဘွဲ့မည်မှာ ဦးဇောတိကဖြစ်သည်။ သူတို့မောင်နှံ ကံဆုံသည်ကို ဖော်ပြရပေမည်။ အိန္ဒိယတွင် စာသင်နေသော မြန်မာပြည်မှ ရဟန်း ဦးဇောတိကသည် ရတနာဂီရိတွင် ဒုက္ခရောက်နေသော မိဖုရားခေါင်ကြီးနှင့် သမီးတော်များကို အကူအညီပေးရန် စတုတ္ထသမီးတော်ထံ စာနှင့် ဆက်သွယ်ခဲ့ဖူးသည်။ ဦးဇောတိက ရတနာဂီရိသို့ ရောက်လာခဲ့သည်ဆို၏။ မိဖုရားခေါင်ကြီးနှင့်လည်းကောင်း၊ စတုတ္ထသမီးတော်နှင့်လည်းကောင်း တွေ့ဆုံသည်။ စံအိမ်တော် ဝင်းအတွင်းရှိ ဘုရားကျောင်း၌ သီတင်းသုံးစေသည်။ ဆွမ်းကိုမူ စံအိမ်တော် အပေါ်တွင် ဆက်ကပ်သည်ဆို၏။ ထိုစဥ်က ထူးဆန်းသည့် အဖြစ်အပျက်နှင့် ပတ်သက်၍ တော်တော်(တော်ဘုရားကလေး)က စာရေးသူအား -

"တစ်နေ့ တရားနာနေတုန်းမှာ လေသာပြတင်းက လေကြမ်းတစ်ချက် ဝင်မွှေ့လိုက်တယ်၊ အရှင်ဘုရား(မယ်တော်ကို ဆိုလိုသည်)ရဲ့ ပဝါလွင့်သွားတယ်၊ ကိုယ်တော်ရဲ့ လည်ပင်းမှာ သွားပတ်မိနေတယ်လို့ ဆိုတယ်။ တစ်နေ့မှာတော့ အရှင်ဘုရား ရေစက်ချနေတဲ့ ရေစက်ခွက်ထဲက ရေဟာ ပြည့်လျှံပြီး တရားပေးနေတဲ့ ကိုယ်တော်ထိုင်ရာဆီသို့ တည့်တည့်မတ်မတ် စီးသွားတယ်လို့ အရှင်ဘုရားက တော်တော့်ကို ပြောဖူးတယ်"ဟု ပြောပြပါသည်။

စတုတ္ထသမီးတော်နှင့် ဦးဇောတိက(ကိုကိုနိုင်)တို့၏ ထူးထူးခြားခြား ဆန်းဆန်းပြားပြားဖြစ်ပုံကို မြင်တော်မူလိုက်သော အရှင်မိဖုရားခေါင်ကြီးသည် နောင်အခါ စတုတ္ထသမီးတော်နှင့် ကိုကိုနိုင်တို့ကို လက်ဆက်ပေးသည့်တွင် ဤအဖြစ်အပျက်များသည် ဖူးစာမှန်၍ ဖြစ်ပျက်ခဲ့သော နိမိတ်ပုံများပင် ဖြစ်သည်ဟု စတုတ္ထသမီးတော်အား မိန့်ကြားတော်မူဖူးသည် ဆိုပါ၏။

၁၉၂၁ ခုနှစ်တွင် ရန်ကုန်မြို့၊ ချာချီလမ်း (၂၃-ဘီ) စံအိမ်တော်တွင် အရှင်မိဖုရားခေါင်ကြီးက ကြည်ဖြူစွာဖြင့် စတုတ္ထသမီးတော်နှင့် ကိုကိုနိုင်တို့ကို ခမ်းနားစွာ စုလျားရစ်ပတ် လက်ထပ် ထိမ်းမြားပေးတော်မူခဲ့သည်။ သမီးတော် ၄ ပါးတွင် အရှင်မိဖုရားခေါင်ကြီးက စတုတ္ထသမီးတော်တစ်ပါးကိုသာ ကြည်ဖြူစွာဖြင့် လက်ထပ်ပေးတော်မူခဲ့ခြင်းဖြစ်၏။



မော်လမြိုင်မြို့မှ စတုတ္ထသမီးတော်၏ သင်္ချိုင်းတော်ပြာသာဒ်

နောက်ပိုင်းတွင် စတုတ္ထသမီးတော်က အင်္ဂလိပ်အစိုးရနှင့် ဆန့်ကျင်သည့်စာများကို ရေးသောကြောင့် မော်လမြိုင်တွင် နယ်နှင်၍နေစေခဲ့ခြင်းဖြစ်သည်။ စတုတ္ထသမီးတော်သည် ၁၉၃၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကံကုန်တော်မူသည်။ အပြင်းဖျားပြီး ဝက်သက်မထွက်နိုင်ဘဲဖြစ်၍ ကံကုန်တော်မူရခြင်းဖြစ်သည်ဟု သားတော်တစ်ပါးဖြစ်သည့် တော်ဘုရားက စာရေးသူအားပြောပြဖူးပါသည်။ စတုတ္ထသမီးတော်၏ အလောင်းတော်ကို မော်လမြိုင်မြို့၊ နာဂဝိသတောင်တန်းပေါ် ကျိုက်သလ္လံ စေတီတော်ကြီးနှင့် မဟာမြတ်မုနိဘုရား ခြေတော်ရင်းဝပ်စင်းနေသော တောင်ရိုးတန်း လမ်းကွေ့ပေါ်တွင် ယာယီအားဖြင့် အုတ်နန်းပြာသာဒ်တော်သွင်း၍ သင်္ဂြိုဟ်တော်မူခဲ့သည် ဆိုသော်လည်း ယာယီမှ ယနေ့အထိ အတည်ဖြစ်သွားရသည်။

ယခုအခါ စတုတ္ထသမီးတော်၏ အုတ်နန်းပြာသာဒ်တော်တွင် ရဟန်းဘဝဖြင့် မော်လမြိုင်၌ ပျံတော်မူသော တော်ဘုရားငယ်၏ အရိုးပြာကိုလည်းကောင်း၊ ရန်ကုန်၌ ကံကုန်တော်မူသော သမီးတော် ထိပ်စုဖုရားထွေး၏ အရိုးပြာကိုလည်းကောင်း သွင်းနံ့ထားသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် ကိုကိုနိုင်၏ အရိုးပြာကို ယောက္ခမတော် အရှင် မိဖုရားခေါင်ကြီး၏ အုတ်နန်းပြာသာဒ်တော်တွင် မသွင်းနံ့ဘဲ မော်လမြိုင်ရှိ စတုတ္ထ သမီးတော် အုတ်နန်းပြာသာဒ်တော်တွင် သွင်းနံ့လိုက်က သူတို့မောင်နှံတစ်ဂူထဲ



www.burmeseclassic.com

www.burmeseclassic.com

စံကြရမည်ဟု အထက်က ဆိုခဲ့ခြင်းဖြစ်ပါသည်။ ယခုမူ ကိုကိုနိုင်နှင့် စတုတ္ထသမီးတော်တို့ မောင်နှံသည် "တစ်မြို့စီ နေ"ရသည့်ဘဝဖြစ်နေသည်။

"တစ်ပြည်စီခြား"ဆိုသည်ကမူ သီပေါမင်းတရားနှင့် အရှင်မိဖုရားခေါင်ကြီးတို့၏ အုတ်နန်းပြာသာဒ်တော်များ ရှိနေရသည့် အခြေအနေကို ဆိုလိုပါသည်။ သီပေါမင်းတရားသည် ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့၊ ည ၁၂ နာရီတိတိအချိန်တွင် နတ်ရွာစံတော်မူသည်။ သီပေါမင်းတရားထက်စော၍ ကံကုန်တော်မူသောရမည်းသင်း စုဖုရားကလေး၏ အလောင်းတော်ကို စံအိမ်တော် အောက်ထပ်ရှိ အခန်းတစ်ခန်းတွင်ပင် သိမ်းဆည်းထားရာ သီပေါမင်းတရား၏ အလောင်းတော်ကိုလည်း ထိုအခန်းထဲတွင်ပင် သွင်းနှံထားလိုက်သည်။ အရှင်မိဖုရားခေါင်ကြီးက တစ်နေ့မြန်မာပြည်သို့ ပြန်ရလျှင် ယူဆောင်သွားရန် ဖြစ်၏။ သို့သော် အင်္ဂလိပ်အစိုးရ၏ ဇွတ်အတင်း တိုက်တွန်းမှုကြောင့် စံအိမ်တော်ဝင်းအတွင်းတွင်ပင် အလောင်းတော်နှစ်ခုကို သင်္ဂြိုဟ်ထားလိုက်ရသည်။ ၁၀.၄. ၁၉၁၉ နေ့တွင် မိဖုရားခေါင်ကြီးနှင့် သမီးတော်များ မြန်မာပြည်သို့ ပြန်တော်မူကြရသည်။ ထိုသို့မပြန်ရခင်က အင်္ဂလိပ်အစိုးရက သီပေါမင်းတရားနှင့် ရမည်းသင်း စုဖုရားကလေးတို့၏ အလောင်းတော်များကို ရတနာဂီရိမြို့ပြင်သို့ ယူဆောင်သွားပြီး သင်္ဂြိုဟ်လိုက်ကြသည် (ယခု သင်္ဂြိုဟ်ထားသည့် နေရာတွင်ဖြစ်၏။)။ ထိုစဉ်က မိဖုရားခေါင်ကြီးနှင့် သမီးတော်များ သင်္ဂြိုဟ်ရာသို့ လိုက်ပါမသွားကြဟု ဆိုပါသည်။ ယခင်က မြို့ပြင်တွင် သင်္ဂြိုဟ်ထားသည့် သီပေါမင်းတရားနှင့် မိဖုရားငယ် ရမည်းသင်း စုဖုရားကလေးတို့၏ သင်္ချိုင်းတော်များမှာ ယခုအခါ မြို့လယ်သို့ ရောက်နေပါသည်(နှစ်ပေါင်းများစွာအတွင်း ရတနာဂီရိမြို့ တိုးတက်ကျယ်ပြန့်လာခြင်းကြောင့်ဖြစ်၏)။ အုတ်ဂူများမှာ ရတနာဂီရိမြို့၏ ကရိုဇာဂျီ နဂါးအရပ်တွင် တည်ရှိသည်။ သီပေါမင်းတရား ဂူတော်နှင့် အခြားတစ်ဖက်တွင် ပထမသမီးတော်ကြီး၏ ဂူတော်ရှိသည်(အရိုးပြာမထည့်ရသေးပါ)။ ထိုဂူတော်များရှိရာ မြေကွက်သည် အတော်အတန် ကျယ်ဝန်းသော်လည်း အစိုးရဝန်ထမ်းများ အိမ်ရာပတ်လည်၏ အလယ်တွင် ရောက်နေသည်။ သီပေါမင်းတရားသည် ရတနာဂီရိတွင် ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် နတ်ရွာစံရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် နှစ် ၁၀၀ ပြည့်ပါသည်။ ရာပြည့်ပွဲသို့ စာရေးသူအား ဖိတ်ကြား၍ ရတနာဂီရိသို့ ဒုတိယအကြိမ်ရောက်ခဲ့ရသည်။ ပထမအကြိမ် ရောက်ခဲ့သည်မှာ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန် ရတနာဂီရိသို့သွား၍ စာရေးသူအား ယဉ်ကျေးမှု ဒုတိယဝန်ကြီးအနေဖြင့် ခေါ်ဆောင်သွားသဖြင့် ရောက်ခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူသည် ပထမအကြိမ် အမျိုးသားလွှတ်တော်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဘဝက သီပေါမင်းတရားနှင့် မိဖုရားငယ် စုဖုရားကလေးတို့၏ အလောင်းတော်များကို မြန်မာပြည်သို့ ပြန်လည်သယ်ရန် ၃၀.၇. ၂၀၁၂ နေ့တွင် အဆိုသွင်းခဲ့ဖူးပါသည်။ သို့သော် မအောင်မြင်ပါ။



ကိုကိုနိုင်နှင့် စတုတ္ထသမီးတော်

မိဖုရားခေါင်ကြီး(စုဖုရားလတ်)သည် မြန်မာပြည်သို့ ပြန်လာပြီး ရန်ကုန်မြို့၊ ချာချီလမ်း(ယခု ကိုယ့်မင်းကိုယ့်ချင်း လမ်း)၊ အိမ်နံပါတ် ၂၃/၂၄ စံအိမ်တော်တွင် စံနေရသည်။ ဗဟန်းရဲဌာနနှင့် မျက်နှာချင်းဆိုင်(ယခု ဇီဝိတဒါန သံဃာ့ဆေးရုံ အဆောက်အဦ အနောက်ဘက်ရှိ တောင်ကုန်းပေါ်မှအိမ်)တွင် ဖြစ်သည်။ ၎င်းစံအိမ်တော်တွင်ပင် မြန်မာသက္ကရာဇ် ၁၂၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ (၂၄.၁၁. ၁၉၂၅) နံနက် ၄း၅၀ အချိန်တွင် နတ်ရွာစံတော်မူသည်။ သက်တော် ၆၆ နှစ်ပြည့်ရန် ၁၀ ရက် အလိုတွင် ဖြစ်သည်။

ဈာပနကော်မတီက မန္တလေးသို့ ယူဆောင်ပြီး သင်္ဂြိုဟ်လိုသော်လည်း ဗြိတိသျှအစိုးရ၏ ဖိအားပေးမှုကြောင့် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းတွင် ဂူသွင်းသင်္ဂြိုဟ်လိုက်ရခြင်းဖြစ်သည်။

ယခုအခါ အထက်၌ ရေးခဲ့သလို သီပေါမင်းတရား၏ ဂူတော်က အိန္ဒိယပြည်၊ ရတနာဂီရိမြို့၌ တည်ရှိပြီး အရှင်မိဖုရားခေါင်ကြီး၏ သင်္ချိုင်းပြာသာဒ်တော်မှာ မြန်မာပြည်၊ ရန်ကုန်မြို့၌ တည်ရှိနေ၍ အရှင်နှစ်ပါးတို့၏ "တစ်ပြည်စီခြား" စံရသည့်ဘဝကို တွေးမိခြင်းဖြစ်ပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည် ၈/ဆုံး





www.burmeseclassic.com

www.burmeseclassic.com

၁၉၅၉ ခုနှစ်။

မိဘဘိုးဘွားများ၊ သားချင်းများဇာတိ ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့ကလေးသို့ ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နွေကျောင်းပိတ်ရက်များကျမှသာ ကျွန်တော် ရောက်ဖြစ်တော့သည်။ ရန်ကုန်မှာ အနေကြာခဲ့ပြီမို့ ကျောင်းတက်တော့ ရန်ကုန်မြို့ အလုံရပ်ကွက်ရှိ ကရင်အမျိုးသားရပ်ကွက်မှ ကျောင်းတွင် တက်ခဲ့သည်။ ကျောင်းအမည်က ပဲခူး ကရင်တန်းမြင့်ကျောင်း။ ဆရာ၊ ဆရာမအများစုသည်လည်း ကရင်တိုင်းရင်းသူ၊ တိုင်းရင်းသားများ ဖြစ်ကြသည်။ ကျောင်းအုပ်ဆရာကြီး ဦးအားမောင်ကလည်း ကရင်အမျိုးသားကြီးတစ်ယောက်ပင် ဖြစ်သည်။ စနေ၊ တနင်္ဂနွေကျောင်းအားရက်များတွင် တစ်တန်းတည်းအတူ စာသင်ဖော် စာသင်ဖက် သူငယ်ချင်း ဖော်ဝင်းတို့အိမ်သို့ ကျွန်တော် ရောက်နေတတ်သည်။ ကျွန်တော်က ဂီတကို ခံစားတတ်သော်လည်း ဘောလုံးအားကစားနှင့် ရေကူးအားကစားဘက် ပိုပြီး စိတ်ဝင်စားနေသဖြင့် ဖော်ဝင်းလိုတော့ စန္ဒရားတီး မသင်ဖြစ်ခဲ့ပေ။





www.burmeseclassic.com

www.burmeseclassic.com

ဇော်ဝင်းတို့ အိမ်တွင် စန္ဒရား ရှိသည်။ ရန်ကုန် အလုံရပ်ကွက် နော်မံကျောင်းလမ်းထဲတွင် သူတို့တစ်အိမ်တည်းသာ စန္ဒရားတွေ၊ ဗုံတွေ၊ တယောတွေ၊ မယ်ဒလင်တွေ စုံစုံလင်လင်ရှိနေပြီး အလက်ာကျော်စွာဘွဲ့ရ ဂီတဆရာကြီး ရွှေပြည်အေးကလည်း ဇော်ဝင်းတို့ အိမ်မှာ အားလျှင်အားသလို လာနေတတ်သည်။

"ဘာဟင်းလေးနဲ့များ ဒီနေ့ ခံတွင်းတွေ့အောင် ထမင်းမြိန်မြိန်စားချင်လဲရှင့်"

ဟု ဒေါ်လေး ဒေါ်မြကျင်က မေးလျှင် ဆရာအေးတို့၊ ဆရာရွှေတို့က သူတို့စားချင်တာလေးတွေ ပြောတတ်မြဲ။ ဒေါ်လေး ဒေါ်မြကျင်က ကျွန်တော်တို့သူငယ်ချင်း ဇော်ဝင်း၏ အဒေါ်အရင်း၊ နာမည်ကျော် အငြိမ့်မင်းသမီးချောကြီး "တလိုင်းမြကျင်" ဖြစ်သည်။ သူတို့အိမ်သို့ မကြာခဏ လာရောက်တတ်သူတွေထဲတွင် ဆိုင်းဆရာ၊ သီချင်းရေးဆရာဖြစ်သော ဦးလေးကြီး ကောလိပ်ရွှေလည်း အပါအဝင်ဖြစ်၍ အိမ်မှာစည့်သည်စုံလျှင် ဒေါ်လေးမြကျင်က သူကိုယ်တိုင်ဈေးဝယ်ပြီး ဖွယ်ဖွယ်ရာရာ ချက်ကျွေးတတ်မြဲပင်။

"ပုစွန်ချဉ်သုပ်ကလေးနဲ့ ပိန်းဥဟင်းခါးလေးဆိုကောင်းပါလေ့ဗျာ"

ဆရာ ရွှေပြည်အေးက မျက်နှာချိုချိုနှင့် တောင်းဆိုတတ်သည်။

"ကျုပ်တော့ဖြင့် မမြကျင်လက်ရာ ကကတစ်ငါး ရေချိုချက်ကလေးစားပြီး ဟင်းဂလာချဉ်ဖတ်၊ ငါးပိ

b m;r , ƒa‹ \
jyu Gtq ef?
u ,u Gtfq ef smu
t hcefygay
pepepm;pm;
b m;u RfESh
t u u kd
t q jkn mESyg
w a&u f
w i fq u faejci f
ygay
w Dkdf
q kdf0kdfESh w l
q &nB D
au mv ydka&T
a&pyfb D kd
ay;x m;ao m
]t mZnen f
o Dsfo Hl
[ efx Gtf mo n f

ရည်ဖျော်နဲ့ဆို လုံလောက်ပါပြီဗျာ"

ဦးလေးကြီး ကောလိပ်ရွှေကလည်း သူစားချင်တာလေး ပြောသည်။

"ကဲ လာကြဟေ့၊ ဈေးဘက်လျှောက်ကြဦးစို့"

ဒေါ်လေး ဒေါ်မြကျင် အသံပြုပြီဆိုသည်နှင့် ကျွန်တော်က ဈေးခြင်းတောင်း လက်ထဲမှာ ဆွဲပြီးသား။ ဈေးဝယ်ဖော်လေးတစ်ယောက်က ပါ အရိပ်ပမာ ယှဉ်တွဲပါနေကျ။ သူကလေးနာမည်က မော်လီတဲ့။ ဇော်ဝင်းနိုင်တို့အိမ်နှင့် ခြေရင်းဘက် အိမ်ချင်း ကပ်လျက်မှာနေသည့် အင်္ဂလိပ် ကပြားမကလေးပါ။ အဖေက အင်္ဂလိပ်လူမျိုး အကောက်ခွန်အရာရှိဟောင်း။ အမေက ကြေးတိုင်နှင့် မြေစာရင်း မင်းကြီးရုံးတွင် ဌာနခွဲစာရေးကြီး။ သို့သော် သူတို့မိသားစု နေတာထိုင်တာ မြန်မာဆန်လှသည်။ မော်လီသည် အမြဲလိုလိုပင် မြန်မာမလေးနှယ် ဝတ်စားဆင်ယင်တတ်၏။ သနပ်ခါး နှစ်သက်တတ်၏။ စံပယ်ကုံးကလေးကို မွေးကြူတတ်၏။ မှတ်မှတ်ရရ သွားတိုက်တာက အစ ဆားကို သုံးလေ့ရှိသူမှန်း ကျွန်တော် နီးနီးကပ်ကပ် သိနေ၏။ ရန်ကုန်၊ အလုံရပ်ကွက်ရှိ ဆင်မင်းကွက်သစ် ဈေးထဲမှာ ဝယ်ချင်တာလေးတွေ ဒေါ်လေး ဒေါ်မြကျင် ဝယ်သည့်အခါ အဖော်လိုက်လာကြသော မော်လီနှင့် ကျွန်တော်က ဈေးခြင်းတောင်းကို တစ်လှည့်စီဆွဲရလေသည်။ ဒီနေ့ ဒီအရွယ်အထိ ကျွန်တော် ဈေးဝယ်တတ်အောင် မြင်ဆရာအဖြစ် သင်ကြားပေးသွားသူကား ဒေါ်လေး ဒေါ်မြကျင်ပင်တည်း။

❑

ဧည့်သည်တွေရော အိမ်သားတွေပါ နေ့လယ်စာ ထမင်းဟင်းစားသောက်ပြီးကြသည်နှင့် ဆရာ ရွှေပြည်အေးဆီမှာ မော်လီနှင့်ဇော်ဝင်းတို့က စန္ဒရားအတီးသင်ယူကြသည်။ ကျွန်တော်ကတော့ ဒေါ်လေး ဒေါ်မြကျင်တို့ အငြိမ့်အဖွဲ့သူ၊ အဖွဲ့သားများ စုပေါင်းအငြိမ့်တိုက်ကြရာ ရန်ကုန်၊ ကြည့်မြင်တိုင် ဘော်ဂါတန်းရပ်ကွက်နေ ဦးကြီးသိန်းဖေတို့ ခြံကလေးသို့ အဖော်အဖြစ် လိုက်သွားလေ့ရှိသည်။ အဲသည်မှာ ဆိုင်းဆရာ၊ ဇာတ်သမားများ စုံတတ်သည်။ အားလုံး ပျော်ပျော်ပါးပါးပါပဲ။ တစ်ခါတစ်ခါကျတော့လည်း ခင်မင်စရာကောင်းသော နောက်ထပ် ဒေါ်လေးတစ်ယောက်က ဒေါ်လေး ဒေါ်မြကျင်တို့အိမ်သို့ ရောက်လာပြီး ဆရာကြီး ကောလိပ်ရွှေ ရေးစပ်ပေးသည့် သီချင်းစာသားလေးတွေ နှုတ်တိုက်အလွတ်ကျက်သည့်နေ့မျိုးဆိုလျှင်တော့ ဒေါ်လေး ဒေါ်မြကျင်ကလည်း ကြည့်မြင်တိုင် မသွားဖြစ်တော့ပေ။

"ကဲ··· ရေနွေးကြမ်းပူပူလေးနဲ့ စားကြပါဦး၊ ဖျာပုံဘက်က ပုစွန်ခြောက် အကောင်ကြီးတွေ လက်ဆောင်ရလို့ ကြက်သွန်နီနဲ့ ပဲဆီစိမ်းဆမ်းပြီး ငရုတ်သီးစိမ်းလေးတစ်တောင့်၊ နှစ်တောင့် ထည့်လို့ သုပ်ထားတာလေ"

ဟု ဒေါ်လေး ဒေါ်မြကျင်က ဧည့်သည်ဖြစ်သူ ဒေါ်လေး ဒေါ်ကြွေနှင့် တေးရေးဆရာ၊ ဆိုင်းဆရာ ကောလိပ်ရွှေတို့အား အိမ်ရှင်ဝတ္တရား ကျေပွန်စွာ ဧည့်ဝတ် ပြုပါ၏။ ခဏနားကာ စားဖွယ်ရာလေးတွေ စားပြီးမှ ဒေါ်လေး ဒေါ်ကြွေက သီချင်းတိုက်သည်။

"မောင်ဇော်ဝင်းတို့၊ မော်လီတို့၊ ကိုလတ်တို့ စာကြိုးစားသင်ကြနော်။ ဒေါ်လေးကြွေဆိုရင် ငယ်ငယ်တုန်းက စာကောင်းကောင်း မသင်ခဲ့ရဘူး။ အခု ဆရာရွှေရေးပေး



www.burmeseclassic.com

www.burmeseclassic.com

တဲ့ သီချင်းစာသားတွေကို မဖတ်တတ်ဘူး။ ဆရာရွှေနှုတ်က ရွတ်ပြတာကို မှတ်ဉာဏ်ကောင်းကောင်းနဲ့ လိုက်မှတ်ပြီး အလွတ်ကျက်ပြီး ဆိုနေရတာသာကြည့်တော့။ စာသင်ခွင့်ရကြတုန်းမှာ မင်းတို့တစ်တွေ ပညာကြိုးစားကြ၊ စာတတ်မှ ဖြစ်မှာနော်'

ဟု ဒေါ်လေး ဒေါ်ကြွေ ပြောတော့ ဇော်ဝင်း၊ မော်လီနှင့် ကျွန်တော် ထပ်တူထပ်မျှ စိတ်မကောင်းဖြစ်ကြရ၏။

❑

တစ်ရက်။

ဆရာကြီး ရွှေပြည်အေးမှ လွဲ၍ တခြားဧည့်သည်များ ရောက်မလာကြသည့်နေ့။ ဇော်ဝင်းနှင့် မော်လီကတော့ ဆရာကြီးနှင့်အတူ စန္ဒရားတီးသင်နေကြသည်။ ဒေါ်လေး ဒေါ်မြကျင်က နာမည်ကျော် အငြိမ့်မင်းသမီးကြီးဆိုသော်လည်း အိမ်မှာ အားလပ်သည့်အခါ သရက်သီးသနပ်က အစ သူကိုယ်တိုင်လုပ်ပြီး သိမ်းဆည်းတတ်သူ ဖြစ်သည်။ သရက်သီးစိမ်းများကို ခွဲစိတ်ကာ နေလှန်းသည်။ ရက်အတန်ကြာတော့ မုမဆလာ၊ ဇီယာ၊ မုန်ညင်းစေ့ စသည့် အမွှေးအကြိုင်စုံစုံလင်လင်ကို ညက်နေအောင် ထောင်းပြီး ဆီသတ်သည်။ နေလှန်းထားသော သရက်သီးစိတ်များနှင့် ရောမွှေသည်။ ဆားသကြားသင့်ရုံ ထည့်သည်။ ဆီစိမ်သရက်သီး အစိမ်းသနပ်ကို အအေးခံကာ ပုလင်းတွေထဲ မထည့်မီ ကြက်သွန်ဖြူ ခပ်များများဖြင့် ရောမွှေရသေးသည်။ သကြန်တွင်း စားဖို့တဲ့။ ထိုနေ့က ဒေါ်လေး ဒေါ်မြကျင် သရက်သီးသနပ်လုပ်နေတုန်းမှာပင် တစ်ရပ်ကွက်တည်းနေသူ တိုင်းရင်းဆေးဆရာကြီး ဦးဟုတ်စိန်က အိမ်ပေါ်တက်လာရင်း–

'သြော်··· ဆရာအေး ရောက်နေတာကိုး'

ဟု ဆရာကြီး ရွှေပြည်အေးကို နှုတ်ဆက်သည်။

'ကောလိပ်ရွှေတို့၊ ဘားမယ်ကြွေတို့ ဒီနေ့ သီချင်းတိုက်မလာကြဘူးလားဗျ'

ဟုလည်း ဒေါ်လေး ဒေါ်မြကျင်ကို မေးသည်။ ဒေါ်လေး ဒေါ်မြကျင်၏ အငြိမ့်မင်းသမီးနာမည်က 'တလိုင်းမြကျင်' ဖြစ်သလို ဒေါ်လေး ဒေါ်ကြွေ၏ ဇာတ်သဘင်ပညာရှင်အမည်ကလည်း 'ဘားမယ်ကြွေ' ဖြစ်သည်။

'ဒီနေ့ သူတို့ မလာကြဘူးရှင့်'

ဟု ဒေါ်လေးက ပြောကာ ဆရာကြီး ဦးဟုတ်စိန်ကို ကော်ဖီ၊ မုန့်များဖြင့် ဧည့်ဝတ်ပြုသည်။

'ဟောဒီမှာဗျာ၊ ကျွန်တော်ကိုယ်တိုင် ရေးထားတဲ့ ရွှေကိုယ်လေးဘွဲ့တေးထပ်ဗျ။ ဘားမယ်ကြွေတို့အဖွဲ့ နယ်လှည့်ရင် ဒီတေးထပ်လေးဆိုပြီး ကျွန်တော့်ဆေးကြော်ငြာပေးဖို့ မေတ္တာရပ်ခံချင်လို့ပါ။ ဆရာအေး ရောက်နေတုန်း အတော်ပဲ။ ကျွန်တော့် တေးထပ်လေး ဆိုပြရဦးမယ်'

ဟု ဆရာကြီး ဦးဟုတ်စိန်က ပြောရင်း ဟန်ကျပန်ကျ ဆိုပြပါတော့သည်။ ဆရာကြီး ရွှေပြည်အေးနှင့် ဒေါ်လေး မြကျင်တို့က စိတ်ဝင်တစား နားစွင့်နေခိုက် လူငယ်လေးတွေသာ ဖြစ်သော ဇော်ဝင်း၊ မော်လီနှင့် ကျွန်တော်တို့ကတော့ နည်းနည်းပြုံးမိကြသည်။ ဆေးကြော်ငြာတေးထပ်ပေကိုး။

*'ရွှေကိုယ်လေး မင်းအဆက်ဆက်က၊ ဆင်းသက်၍ပေါ်လာ၊ ယွင်းမပျက်လျော့ပါသည်၊ တော်မဟာဝင်လို့ အာယုဝဍ္ဍချက်ဆေးဟာကို လက်မနှေးစွာ စားလိုက်ပါရှင့်၊ ဦးဟုတ်စိန် စီမံပါသည်၊ ပြည်မြန်မာသာဖို့ တည်ဖန်ကာ အရာအချို့က တရုတ်တို့နည်းမှီ၊ မီးယပ်ဆို မီးကင်းသန့်အောင် ဆီးကင်းခန့် စားတော့အတည်၊ စားကောင်းလို့ အိပ်ပျော်သည်၊ စိတ်တော်ကြည်ခန့်ညားလို့၊ အုံ့တစ်ပါး ဒီဇမ္ဗူ၊ နတ်ဆေးနဲ့တူ၊ တရုတ်ဆေးချိုအေးကြူသည်၊ ပျိုလေးဖြူဖြူ ဝ,ဦးမယ် ကွယ့်လေး'*

တေးထပ်ကို ဆရာကြီး ဦးဟုတ်စိန် ဆိုပြပြီးတော့ ဆရာကြီး ရွှေပြည်အေးက–

'ကောင်းပါတယ်ဗျ'

ဟု ထောမနာပြုသည်။ ဒေါ်လေး ဒေါ်မြကျင်ကလည်း–

'ဟုတ်ပါ့၊ ဆရာကြီး တေးထပ်က မယ်ကြွေ့ဆိုပုံဆိုပေါက်နဲ့ဆိုရင်လည်း လိုက်ဖက်ညီမှာပါ' ဟု မှတ်ချက်ချသည်။ ဆရာကြီး ဦးဟုတ်စိန်သည် အလုံရပ်ကွက်တွင် နာမည်ကြီး ဆေးဆရာကြီးဖြစ်ပြီး သူကိုယ်တိုင် အိမ်မှာပင် ဆေးဝါးများဖော်စပ်သည်။ 'ရွှေကိုယ်လေး ဆေးတိုက်'ကို ဖွင့်ထားကာ ဖြန့်ချိရောင်းချသည်။

❑

'ဒေါ်လေးတို့ ဇာတ်သဘင်ပညာရှင်တွေထဲမှာ ပရိသတ်ကို ကိုယ်တတ်သမျှနဲ့ ဖျော်ဖြေရင်း တစ်ဖက်တစ်လမ်းကလည်း အခုလို တေးထပ်တွေ၊ တေးသွားတွေနဲ့ လူထုကျန်းမာရေးအတွက် အဆိုရော၊ အတီးပါ ပေါင်းစပ်ပြီး ကြော်ငြာပေးတာ ဒေါ်လေးသူငယ်ချင်း ဘားမယ်ကြွေတစ်ယောက်ပဲ ရှိပါတယ်'

ဆရာကြီး ဦးဟုတ်စိန် နှုတ်ဆက်ပြီး ပြန်သွားချိန်၌ ဒေါ်လေး ဒေါ်မြကျင်က ကျွန်တော့်ကို ပြောပြသည်။

'ဟုတ်လား ဒေါ်လေး၊ တခြား ဘာဆေးကြော်ငြာတွေများ သူက ဆိုရင်း က, ရင်းနဲ့ ကြော်ငြာပေးခဲ့သေးလို့လဲ'

ဟု ကျွန်တော်က မေးမိသည်။ ဒေါ်လေး ဒေါ်မြကျင်က ပြောပြသည်။

'ရိုသေးတာပေါ့ ကိုလတ်ရဲ့၊ မယ်ကြွေဆိုတဲ့ ကြော်ငြာသီချင်းလေးတစ်ပုဒ်ဆိုရင် ကြော်ငြာပေးခအတွက် တစ်ညကို ညကြေးအနေနဲ့ ငွေအစိတ်တောင်မှ ရခဲ့တာရှိတယ်'

ဟု ပြောပြသည်။ ဇော်ဝင်းနှင့် မော်လီကို စန္ဒရားတီးသင်ပေးနေရာမှ–

'ဟုတ်တယ်ကွ၊ အာယုဒီဃဆေးကြော်ငြာသီချင်းအတွက် မယ်ကြွေရတဲ့ ငွေဟာ နည်းတာမှ မဟုတ်ဘဲ'

ဟု ဆရာကြီး ရွှေပြည်အေးကလည်း လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီသီချင်းလေး ရရင် ဆိုပြပါလား ဒေါ်လေး"

ဟု ကျွန်တော်က ဒေါ်လေး ဒေါ်မြကျင်ကို အပူကပ်မိသည်။

"ဒီ သီချင်းကို လည်း စောစောက လာလည်သွားတဲ့ ဦးဟုတ်စိန် လိုပဲ အာယုဒီဃ ဆေးတိုက်ပိုင်ရှင် ဦးတန်ဆိုင် ကိုယ်တိုင်က ရေးစပ်ပေးတာလေ။ သီချင်းနာမည်က လည်း *အာယုဒီဃ* တဲ့"

ဟု ဒေါ်လေး ဒေါ်မြကျင်က ပြောပြသည်။

"သီချင်းကို တော့ အကုန်လုံး မရဘူး။ နည်းနည်းပါးပါးပဲ ရတယ်။ မယ်ကြေ့ လာလည်တဲ့နေ့ကျမှ မင်းတို့က ဆိုပြခိုင်းကြည့်ပေါ့"

ဟု ဒေါ်လေးက ပြောပြီး သရက်သီးသနပ်များကို ဇလုံကြီးထဲကတစ်ဆင့် ဖန်ပုလင်းများထဲသို့ ဇွန်းနှင့် ခပ်ထည့်နေသည်။

❑

တနင်္ဂနွေတစ်ရက်မှာတော့ ဇော်ဝင်းတို့အိမ်မှာ ကျွန်တော် ရှိနေစဉ် ဒေါ်လေး ဒေါ်ကြေ့ ရောက်လာကာ ဆရာကြီး ဦးဟုတ်စိန်လည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာပြီး ယခင် တစ်ပတ်ဆီက ဆရာကြီးကိုယ်တိုင် ရေးစပ်ယူလာသည့် ရွှေကိုယ်လေးဘွဲ့ တေးထပ်ကို လိုက်ဆိုရင်း မှတ်ဉာဏ်ဖြင့် မှတ်သည်။ ပွဲခွင်ရှိသည့်အခါ ကြော်ငြာပေးပါ့မည်တဲ့။ သည့်အတွက် ထိုက်သင့်သည့် ငွေလည်း ဆရာကြီး ဦးဟုတ်စိန်က ကြိုတင်ချီးမြှင့်ပါသည်။ တေးထပ်ကိုစွပြီး၍ အလုပ်ရှိသေး

jr ef nh
o b i fav mu
t Ndfav mu B D
onf v nf
jr ef nhkyk&Sf
av mu B D d b
u sq i f
o Gcfao m
t arfSnf
u mv B D dSn
b mnS
b 0t mncbsi f
r &SSnao m
yn n&Sf
t rsKd r B D
w pfD
yBgfv bf n f v n f
w pfx u fw pf
aysnu f Gb Gcb
&ygau m

ကြောင်းပြောကာ ဆရာကြီး ဦးဟုတ်စိန် ပြန်သွားတော့ ကျွန်တော်တို့၊ မော်လီတို့၊ ဇော်ဝင်းတို့က "အာယုဒီဃ သီချင်းလေးဆိုပြပါလား ဒေါ်လေးကြေ့"

ဟု တောင်းဆိုကြသည်။ ရုပ်ဆင်းရူပကာ ဖြူစင်ကြည်လင်သလို အမြဲတမ်း မျက်နှာချိုသော ဒေါ်လေးဒေါ်ကြေ့ကား တီးဝိုင်းများမပါဘဲနှင့်လည်း အလွတ်ဆိုရမှာပင် သူ့အသံက လွင်လို့နေလေသည်။

*"လှတစ်မျက်နှာ ရွှင်ချိုပြုံး၊ ယဉ်တစ်ကိုယ်လုံးချောတဲ့ ရူပကာ၊ ကိုးဆယ့်ခြောက်ဘယာကင်းပျောက်စေသပ၊ ထွန်းတောက်နေလ အခြေကျမကွာ၊ ဂုဏ်ထူးနဲ့ ရွှေတံဆိပ် မဟာပေးတာ ဆေးဆရာ၊ အမည်သညာ ဦးတန်ဆိုင် အဆွေတော်မဟာ၊ မြို့ပေါ်မှာ စီးရေးနေရှာ၊ ကြင်စဉ်းခေါ် ဆရာရှင် ဆေးကြော်ငြာ၊ ဝေဒနာပေါ်လာရင် သီတညာဏ ညီမျှစေရ၊ အာယုဒီဃ ပီယဆေးတော်မဟာ၊ ဣတ္ထိရူပကာ၊ နမူနာသုံးကာ၊ လှစေမကြာ "မ,ကြေ့"ပါ။ ဆေးအဝေရာ၊ အေးစေမကြာ၊ အာယုဒီဃ ပုလင်းတံဆိပ် ဆေးတော်မဟာ၊ ကုမ္ပဏီ သူငယ်မတို့၊ သုံးပန်လှ လေးဝတော်ဝင်၊ ရွှင်ပြုံးသမို့ လှစေချင်ရင်၊ ပုလင်းတံဆိပ်ကို အမှန်သုံးကြ၊ ဘုံနှစ်ဖြာစိုးတဲ့ နတ်ဒေဝါ၊ နယ်သုံးတဲ့ ကုမ္ပဏီ၊ ဝယ်ကြပါမနှေး၊ အပင်ကြီးတွေစုံအညီ ဖော်စပ်တဲ့ဆေး၊ ထူးလှပေသည်။ မြန်မာပြည်၊ ကြင်နာအောင် မင်္ဂလာဆောင်၊ ဘယ်သူမဆို၊ ရွှေတိုင်အေးနေ၊ ဆရာရှင် အလို ကြေ့ချစ်တဲ့ ကိုလူပျို၊ ဂီတအဆွေ၊ ညီမျှပလေ၊ သဘောကျအောင်ပ ထွင်ပါသလေ၊ လူပျိုစစ်ရင်လှ၊ ခင်ကြေ့ချစ်တာဖြင့် ဝယ်ကာပေးမယ်ဘုရာ့၊ အတူပင်နေ၊ စီကာရေး ပီယဆေး၊ ရှင်းလင်းဖော်စပ်သလေ၊ မယ်ကြေ့ ဝယ်မပေါ၊ ပုလင်းတံဆိပ်နဲ့ အာယုဒီဃအဆွေ၊ မယုံကြည်နိုင်၊ ကုမ္ပဏီအပိုင်၊ ဘုရားကျောင်းဒကာ ဆရာကြီး ဦးတန်ဆိုင်"*

ကောင်းလိုက်တဲ့ သီချင်းလေး။ ဆေးကြော်ငြာသီချင်းဆိုသော်ငြား စာသားလေးတွေက လှလိုက်တာ။ ကာရန်နဘေဝေဆာလိုက်ပါဘိတော့တယ်။ ကျွန်တော်တို့တစ်တွေလည်း စိတ်ပါလက်ပါဆိုကာ ပြနေသော ဒေါ်လေး ဒေါ်ကြေ့ကို ငေးကြည့်နေမိသည်။ ထိုစဉ်က ကျွန်တော့်ရင်ထဲတွင် နှိုင်းယှဉ်ချက်တစ်ခု ဖျတ်ခနဲ ပေါ်မိခဲ့ဖူးသေးသည်။ လူငယ်လေးတစ်ယောက်၏အတွေး။ ဉမမည်စာမမြောက် ပီဘိကလေးတစ်ယောက်၏အတွေး။ အဲဒါကတော့ အနုပညာရှင်တွေခမျာ ပရိသတ်အလိုကျ တတ်နိုင်သမျှ တာဝန်ကျေကြရတာပါပဲလားဆိုသည့် အတွေး။

❑

ကျောင်းအားရက် တစ်မနက်ခင်းမှာလည်း ရန်ကုန်မြို့ အလုံရပ်ကွက်၊ ဆင်မင်းကွက်သစ်ဈေးထဲမှာ ဒေါ်လေး ဒေါ်မြကျင် ဈေးဝယ်တော့ သူငယ်ချင်း မော်လီနှင့် ကျွန်တော်တို့က ထုံးစံအတိုင်း ဈေးခြင်းတောင်း ဆွဲကာ အဖော်လိုက်လာခဲ့ကြသည်။ ဈေးဝယ်ကြပြီး နောက် ဈေးတန်းတစ်နေရာရှိ ကျိုက်လတ် ဒေါ်စန်းသီ၏ မုန့်ဟင်းခါးဆိုင်မှာ ဝင်စားကြသည်။

"မမြကျင် နေကောင်းတယ်နော်"

နံဘေးရှိ ထိုင်ခုံတစ်လုံးတွင် ထိုင်ကာ မုန့်ဟင်းခါး စားနေသော ဦးလေးတစ်ယောက်က ဒေါ်လေး ဒေါ်မြကျင်ကို လှမ်းပြီး နှုတ်ဆက်စကားပြောလိုက်သဖြင့် ဒေါ်လေးက ပြန်ကြည့်ရင်း-

"သြော်… ကိုသိန်း



www.burmeseclassic.com

www.burmeseclassic.com

မောင်'

ဟု အံ့အားတသင့် ဆိုလိုက်သည်။

'ဟုတ်ကဲ့ နေကောင်းပါတယ်၊ ကိုသိန်းမောင် ဘယ်မှာ နေပါလဲရှင်'

ဟုလည်း မေးလိုက်သည်။

'ကျွန်တော် အညာဘက်မှာ နေပါတယ်။ ရန်ကုန်ကို အရောင်းအဝယ်ကိစ္စနဲ့ လာတာပါ။ ဒီရပ်ကွက်ထဲက ဆင်ရေကန်လမ်းမှာ နေတဲ့ မိတ်ဆွေတစ်ယောက်အိမ်မှာ ခဏတည်းပါတယ်။ မနက်ဖြန် ပြန်မှာပါ'

ဟု ဦးသိန်းမောင်ဆိုသူက ပြောသည်။ ခဏကြာတော့ နှုတ်ဆက်ပြီး ထ,ပြန်သွားလေသည်။ ဈေးခြင်းတောင်းဆွဲပြီး အိမ်ပြန်ရောက်ကြတော့ အိမ်မှာနေသည့် အမျိုးသမီးနှစ်ယောက်ကို ဘယ်ဟင်းလျာ ဘယ်လိုချက်မယ် စသဖြင့် ဒေါ်လေးက စီမံခန့်ခွဲပေးရင်း ကျွန်တော်တို့အတွက်ပါ ကော်ဖီဖျော်ပေးဖို့ ပြောလိုက်သည်။ ဒေါ်လေးက ဈေးမှပြန်လာလျှင် ဧည့်ခန်းတွင် ကော်ဖီသောက်ရင်း နေ့စဉ်ထုတ် သတင်းစာတချို့ကို ဖတ်နေကျ ဖြစ်သည်။ သူငယ်ချင်းဇော်ဝင်းကတော့ နော်မံကျောင်းလမ်းထဲမှာပင် နေကြသော ကျောင်းနေဖက် ဖြူဖြူတင်တို့၊ ဝင်းဝင်းအေးတို့ အိမ်မှာ ကျောင်းစာအုပ်တစ်အုပ် ခဏသွားငှားနေသည်။ ဒေါ်လေး ဒေါ်မြကျင်က မော်လီနှင့် ကျွန်တော့်အတွက် ကော်ဖီနှင့်တွဲပြီး အချိုတည်းဖို့ 'ဆန်းကဖီး' မုဝယ်သည့် ကိတ်မုန့်တစ်ခုစီ ပါပေးရင်း ပြောပြသည်။

'စောစောတုန်းက ဈေးထဲမှာ ဒေါ်လေးနဲ့ စကားပြောသွားတဲ့လူဟာ မင်းတို့ဒေါ်လေး ဒေါ်ကြွေနဲ့ ဖူးစာမဆုံလိုက်ရတဲ့ လူတစ်ယောက်ပဲကွဲ့'

ဟု ပြောပြသည်။

'အို…ဟုတ်လား ဒေါ်လေး၊ ဘယ်လို ဖူးစာမဆုံလိုက်ရတာလဲ ဟင်'

မော်လီက မေးသည်။

'ဒီအိမ်ကို ဒေါ်လေးဒေါ်ကြွေ အဝင်အထွက်ရှိနေတတ်တယ်လို့ ကျွန်တော်တို့ ပြောလိုက်ရင် အဲဒီဦးလေးတော့ အံ့ဩသွားမှာပဲနော် ဒေါ်လေး'

ဟု ကျွန်တော်ကပါ ပြောလိုက်မိသည်။

'ပြောမပြပေမဲ့ သူသိကောင်းသိမှာပါကွယ်။ ဘာကြောင့် လဲဆိုတော့ ဒေါ်လေးတို့ သဘင်လောကဆိုတာက တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆက်စပ်ပတ်သက်နေတတ်ကြတာကိုး။ ဒါ့အပြင် မယ်ကြွေနဲ့ ဒေါ်လေးနဲ့က ဟိုးတုန်းကတည်းက အတွင်းသိ အစဉ်းသိ အလွန်ရင်းနှီးခဲ့ကြတဲ့ ငယ်ပေါင်းတွေဆိုတာလည်း ကိုသိန်းမောင် သိထားတယ်လေ။ အင်း… မယ်ကြွေ၊ မယ်ကြွေ၊ သဘင်သည်ချင်း တူကြပေမဲ့ ဘဝကံစီမံရာချင်း မတူရရှာတဲ့ သူငယ်ချင်း'ဟု ဒေါ်လေးမြကျင်က ပြောနေသည်။ ပြီးမှ စိတ်လိုလက်ရပင် သူငယ်ချင်း၏ ဖြစ်အင်ကို မော်လီနှင့် ကျွန်တော့်အား ပြောပြရှာသည်။

❑

'ဒေါ်လေးတို့ ဇာတ်သဘင်လောကမှာ ဇာတ်ပွဲကန်ထရိုက်တာ ဦးမောင်ရွှေဆိုတာ ရှိတယ်။ ဦးမောင်ရွှေရဲ့ ရင်းနှီးတဲ့ အသိုင်းအဝိုင်းထဲက လူငယ်တစ်ယောက်ဖြစ်တဲ့ ကိုသိန်းမောင်က ဒေါ်လေးရဲ့ သူငယ်ချင်း မယ်ကြွေနဲ့ နီးစပ်မှုရအောင် ဦးမောင်ရွှေကို အကူအညီတောင်းခဲ့တယ်။ ကိုသိန်းမောင်က မယ်ကြွေရဲ့ အနုပညာတွေကို တန်ဖိုးထားတယ်။ ဇာတ်သဘင်လောကမှာ မိန်းကလေးထဲက ရှားရှားပါးပါး စွန့်စွန့်စားစားနဲ့ ဘားကျွမ်းပညာကို အသုံးပြုပြီးက,ပြဖျော်ဖြေနေတဲ့ မယ်ကြွေက ရုပ်ရည်လည်း ချောမောလွန်းတော့ သူ့ကို နှစ်သက်တဲ့ အမျိုးသားတွေ ဝိုင်းဝိုင်းလည်နေတယ်။ အဲဒီအတားအဆီးတွေ ကြားထဲမှာပဲ သူတို့နှစ်ယောက် နီးစပ်သွားခဲ့ကြတယ်။ ဒါပေမဲ့ မယ်ကြွေရဲ့ အမေ ဒေါ်ငြိမ်းက သမီးလေးကို အိမ်ထောင်မပြုစေချင်သေးဘူး။ ကိုသိန်းမောင်နဲ့လည်း သဘောမတူဘူး။ ဒါကြောင့် မယ်ကြွေက စိတ်ညစ်ပြီး သူ့ကိုယ်သူ အဆုံးစီရင်ဖို့ ကြံစည်ခဲ့သေးတယ်။ ကန်ထရိုက်တာ ဦးမောင်ရွှေ သိသွားလို့ မယ်ကြွေမသေခဲ့ဘူး။ မယ်ကြွေ့အမေလည်း တုန်လှုပ်ချောက်ချားသွားတာပေါ့။ နောက်ပိုင်းမှာတော့ မယ်ကြွေဟာ သူ့အမေ စိတ်ဆင်းရဲမှာစိုးတာနဲ့ ကိုသိန်းမောင်နဲ့ လမ်းခွဲလိုက်တယ်'

ဟု ဒေါ်လေးဒေါ်မြကျင်က ပြောပြသည်။

'ဒေါ်လေး ဒေါ်ကြွေမှာ အဖေ ရှိသေးလား'

မော်လီက မေးသည်။ ဒေါ်လေး ဒေါ်မြကျင်က-

'မယ်ကြွေ ခုနစ်နှစ်သမီးအရွယ်ကတည်းက သူ့အဖေ ဦးညွန့် ဆုံးသွားတာလေ။ သူ့အမေက ရန်ကုန်နဲ့ ဆေးတဲ့ ထားဝယ်ဇာတိ။ မယ်ကြွေ့ကို မွေးတာက ရန်ကုန် တစ်ဖက်ကမ်း ခနောင်တိုမှာ မွေးတာတဲ့'

ဟု ပြောပြသည်။

'ဇာတ်သဘင်ထဲကို ဘယ်လိုရောက်လာတာလဲ ဒေါ်လေး'

ဟု ကျွန်တော်ကမေးတော့-

'သူ့အဖေမရှိတော့တဲ့ နောက်ပိုင်းမှာ စားဝတ်နေရေး မပြေလည်တော့တာနဲ့ သားအမိနှစ်ယောက် ထားဝယ်ကို ပြန်သွားကြတယ်။ ဟိုမှာ နေကြရင်းနဲ့ သူတို့မြို့ကို ဇာတ်တစ်ဖွဲ့ လာက,တယ်။ မန္တလေးက ဆရာ ကျော်တဲ့။ သက်စွန့်ဆံဖျား ကျွမ်းဘားကစားရင်း သဘင်၊ ဂီတနဲ့ တွဲပြီး ဖျော်ဖြေတဲ့ဆရာပေါ့။ မယ်ကြွေက ဇာတ်ပွဲကြည့်ရင်း ကျွမ်းဘားအကကို သဘောကျသွားတယ်။ သူ့အမေကို ပူဆာတယ်။ ဇာတ်ထဲကို လိုက်ချင်တယ်ပေါ့။ အမေက တားတယ်။ ငယ်သေးတယ်။ အသက်အန္တရာယ်များတဲ့ အလုပ်မို့ ခွင့်မပြုဘူး။ နောက်ဆုံးမှာ ဆွေမျိုးသားချင်းတွေကလည်း ဒီကလေးဒီလောက် ဝါသနာပါနေတာ သူလုပ်ချင်တာ လုပ်ခွင့်ပေးလိုက်ပါလို့ ဝိုင်းပြောတာနဲ့ ဆရာ ကျော့်ဆီ ရောက်သွားတယ်။ ဆရာကျော်ကလည်း ကလေး



www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်ကောင်းတစ်ယောက်တော့ တိုးပြီဆိုပြီး ဝမ်းသာအားရနဲ့ လက်ခံလိုက်တယ်။ ကျွမ်းဘားပညာတွေ အခြေခံကစပြီး သင်ပေးတယ်။ အကပညာလည်း သင်ရတယ်။ ငယ်ငယ်လေးနဲ့ နာမည်ကြီးသွားတာကတော့ ပထမဆုံး စင်ပေါ်မှာ ဖျော်ဖြေရတဲ့ စည်ပိုင်းအကကြောင့်ပဲ။ ထားဝယ်နယ်မှာရှိတဲ့ လက်ခတ်တောင် ဘုရားပွဲတော်မှာ က,ခဲ့ရတာ"

ဟု ပြောပြသည်။

"ဇာတ်အဖွဲ့ဆိုတာက နယ်စုံသွားရတော့ မယ်ကြွေတို့သားအမိလည်း လျှောက်လိုက်ရတော့တာပေါ့။ ဒါကြောင့် သူဟာ စာမတတ်ခဲ့ရှာဘူး။ ကျောင်းနေရမယ့် အရွယ်ကတည်းက စာမသင်ခဲ့ရဘဲ ဇာတ်ထဲလိုက်နေခဲ့ရတာကိုး။ ဆရာကျော့် ဆီမှာ ကျွမ်းဘားပညာနဲ့ အကပညာတွေ ဆက်သင်ရင်း ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ လေ့ကျင့်ခဲ့ရတယ်။ အသက်ဘေးအန္တရာယ်နီးတဲ့ ပြကွက်တွေပါ ပြနိုင်လာတော့ ပရိသတ်က အားပေးကြတယ်။ စိတ်သဘောထားကောင်းပြီး ရုပ်ရည်ချောတော့ ချစ်ကြခင်ကြတယ်။ ညကြေးတွေလည်း ပိုပြီးရလာတယ်။ သားအမိနှစ်ယောက် စုမိဆောင်းမိလာကြတယ်။ ဒါနဲ့ သူ အရွယ်ရောက်လာတဲ့အခါမှာ ကိုယ်ပိုင်ဇာတ်ပွဲ ထောင်နိုင်ခဲ့တယ်"

ဟု ပြောပြသည်။

ဇာတ်အဖွဲ့အမည်မှာလည်း "အာဇာနည် ဘားမယ်ကြွေ" ဖြစ်ကြောင်း သိရသည်။

pi jri fhSm
v Gjaw rnuI tfpfOu
o pm;&r n h
t pm;t pmrSm
r emv twl w b l sn;
t q ydcw c&r Sm
pk;
]pm;Opm;eYaecdI }
at mif v twl v tv l
v Sdkdu m;
av noI "twl &m;r sn;
ESh w l o l sn;
pm;u i fpm;u sef
yefu ef
cGuf, noI f sn;u ykg
aq ;aMum
ay;o G&&Gao m
t Bmv m
r au mify k;Mu jki h
u Bfaw mfv bd
jr ef rnjyn f Sm
jr ef naw G bD*
, lw w fMl ygv

ဒေါ်လေးဒေါ်မြကျင်က ဆက်ပြီး ပြောပြရာတွင်-

"သူက သက်စွန့်ဆံဖျား ဘားကျွမ်းကစားရင်း သီချင်းလည်းဆို၊ က,ကွက်ဆန်းတွေ က,ပြတော့ နာမည်ကြီးလာတာပေါ့။ အဲဒီတုန်းကတည်းက ဆိုင်းဆရာကောလိပ်ရွှေရေးပေးတဲ့ *အာဇာနည် သီချင်း*၊ *ဂါဝန်တို* သီချင်း ၊ *ကြိုးတန်းလျှောက်* သီချင်း၊ *လှပျံ့က* သီချင်းနဲ့ *ဒေါင်း* သီချင်းတွေကို လူကြိုက်များခဲ့တယ်။ ဒေါ်လေးနဲ့ မယ်ကြွေဟာ သူငယ်ချင်းဆိုပေမဲ့ သူက အသက်နဲ့ရင်းပြီး စွန့်စားရတယ်။ ဒေါ်လေးက အငြိမ့်ကရုံသက်သက်ပဲ။ သူ့လို အသက်မစွန့်ရဘူး။ ပြီးတော့ သူ့လို အိမ်ထောင်ရေးသောကလည်း ဒေါ်လေးမှာ မရှိခဲ့ဘူး"

ဟု ယခုအချိန်အထိ တစ်ကိုယ်တည်းသမား ဖြစ်နေသေးသော ဒေါ်လေးက ပြောပြသည်။

"ဒေါ်လေးဒေါ်ကြွေက ဦးသိန်းမောင်နဲ့ ဖူးစာမဆုံခဲ့ဘူးဆိုပြီး ဘာကြောင့် အိမ်ထောင်ရေးသောကတွေ ရှိခဲ့ရတာလဲဟင် ဒေါ်လေး"

ဟု မော်လီက မေးသည်။

"ပျဉ်းမနားမြို့က ကိုဘထွန်းဆိုတဲ့ လူနဲ့ အိမ်ထောင်ကျခဲ့သေးတယ်လေ။ သားသုံးယောက် မွေးခဲ့ပေမဲ့ ရောဂါဘယတွေဖြစ်ပြီး ဆုံးကုန်ကြတယ်။ ကိုဘထွန်းနဲ့လည်း အိမ်ထောင်ကွဲခဲ့တယ်။ ကံဆိုးပါတယ်လေ"

"ဒါဆိုရင် အခု ဘယ်သူနဲ့ နေလဲဟင်"

"နောက်အိမ်ထောင် မပြုတော့ဘဲ အမေကို လုပ်ကိုင်ကျွေးမွေးခဲ့တယ်ကွယ့်။ အမေကြီး ဆုံးရှာပြန်တော့ သူ့တပည့်တပန်းတွေနဲ့ပဲ အဖော်ပြုပြီး ဇာတ်အဖွဲ့နောက် လျှောက်လိုက်နေတော့တာပဲ"

ဟု ပြောဆိုနေကြဆဲမှာပင် ဖြူဖြူတင်တို့ အိမ်ဘက် ခဏသွားသော ဇော်ဝင်းနှင့်အတူ ဆရာကြီး ရွှေပြည်အေးပါ အိမ်ပေါ်တက်လာကြသည်။

"လမ်းထဲအဝင်မှာ မောင်ဇော်ဝင်းနဲ့ တွေ့လာကြတာ"

ဟု ဆရာကြီးက ပြောသည်။

"ဘာတွေများ စကားကောင်းနေကြလဲ" ဟု ဇော်ဝင်းက လှမ်းမေးတော့ ဒေါ်လေးက-

"မင်းဒေါ်လေး ဒေါ်ကြွေအကြောင်း သိပ်မသိသေးတဲ့ သူတို့ကို ဒေါ်လေးက ပြောပြနေတာပါ"

ဟု ပြောသည်။ ဧည့်ခန်းမှာဝင်ထိုင်ရင်း ဆရာကြီး ရွှေပြည်အေးကလည်း-

"ဘားကျွမ်းပညာရှင်တွေ လောက၊ ဇာတ်သဘင်လောကမှာ တကယ့် အာဂအမျိုးသမီးပေါ့ကွာ။ သူက နာမည်ကြီး ဇာတ်မင်းသားတွေနဲ့လည်း တွဲက,ခဲ့သေးတော့ ဂရိတ်ဦးဖိုးစိန်တို့၊ ဦးဗလစိန်၊ ဦးစပယ်တင်၊ ဦးအောင်မောင်း၊ ဦးအောင်ငြိမ်း၊ အမယ်ကြီးအို အောင်စိန်၊ မော်လမြိုင် ရွှေသိန်း၊ စာတော်ပြန် ရွှေတုတ်၊ စက္ကင်းစိန်၊ မန္တလေး ကြီးရွှေ၊ ဦးစပယ်အုံ၊ ဦးစိန်ကတုံးတို့လို ပညာသည်ကြီးတွေဆီကပါ ပညာတွေ ရလိုက်တယ်။ မယ်ကြွေ့ကို ချစ်တဲ့သူများသလို မနာလိုလို့ လုပ်ကြံမှာလည်း စိုးရိမ်ပြီး သူ လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့အချိန်တုန်းကဆိုရင် ဇာတ်ထဲမှာ "**စားဦးစား**" တောင်မှ ခေါ်ထားခဲ့ရဖူးတယ်"

ဟု ပြောပြတော့ မော်လီက စိတ်ဝင်တစားဖြင့်-

"**စားဦးစား** ဆိုတာ ဘာများပါလိမ့် ဦးလေးအေး" ဟု မေးသည်။ ဒေါ်လေးဒေါ်မြကျင်က ဝင်ပြောပြသည်။

"နာမည် ကျော်



www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးဆိုတော့ အစာအဆိပ်ခတ်ခံရမှာစိုးပြီး သူမစားသေးခင်မှာ သူစားမယ့်မုန့်ပဲသရေစာ၊ ထမင်းဟင်းကအစ အရင်ဆုံး စားဦးစားဖျား စားကြည့်ပေးရတဲ့လူကို ထိုက်သင့်တဲ့ငွေကြေးပေးပြီး ငှားထားရတယ်လေ။ အဲဒီလူကို **'စားဦးစား'** လို့ ခေါ်တာပေါ့။ တစ်ခါမှာတော့ မယ်ကြွေတို့ ဇာတ်အဖွဲ့ဟာ အင်္ဂလိပ်အစိုးရ အုပ်ချုပ်တဲ့ခေတ်တုန်းက တိုင်းပြည်လည်း လွတ်လပ်ရေးမရသေးတဲ့အချိန်မှာ ရေနံချောင်းမြို့ကို သွားက,ကြတယ်။ အလုပ်အကိုင်မရှိတဲ့ အင်္ဂလိပ်လူငယ်လေးတစ်ယောက်က အလုပ်လာလျှောက်တယ်။ မယ်ကြွေက ဒီကောင်လေးကို လစာငွေ တစ်ရာပေးပြီး စားဦးစားအလုပ် ပေးလိုက်တယ်။ ဒီကောင်လေးဟာ ဇာတ်ထဲမှာ အောက်ခြေသိမ်းလုပ်ရင်း မြန်မာစကားတတ်အောင် ကြိုးစားသင်တယ်။ မြန်မာ့ဇာတ်သဘင် အဆိုအက ပညာတွေကိုပါ မယ်ကြွေက သင်ပေးတော့ တတ်လာတယ်။ ဒါကြောင့် မယ်ကြွေက ဒီလူငယ်လေးရဲ့ဘဝ တိုးတက်အောင် သူ့ကို **'အင်္ဂလန်စိန်'** လို့ နာမည်ပေးပြီး ဇာတ်ထောင်ပေးလိုက်တာ အောင်မြင်တဲ့ မင်းသား ဖြစ်သွားတယ်'

ဟု ပြောပြပါသည်။

'ကျွန်တော်တို့အိမ်ကိုသာ ဒေါ်လေးဒေါ်ကြွေက ဝင်ထွက်နေပေမဲ့ သူ ဘားကျွမ်း ကစားပြတာ၊ က,တာဆိုတာ တစ်ခါမှ မကြည့်ဖူးသေးဘူး။ ကြုံတဲ့အခါ လိုက်ပြပါနော် ဒေါ်လေး' ဟု ဇော်ဝင်းက ပြောသည်။

❑

ရန်ကုန်တစ်ဖက်ကမ်း သန်လျင် ကျိုက်ခေါက်ဘုရားပွဲတော်က စည်ကားလှသည်။ ကျွန်တော်တို့လည်း သာယာသော ညရိပ်ဝေဝေတွင် ဇာတ်ရုံကြီးထဲ ရောက်နေကြ၏။ ဒေါ်လေး ဘားမယ်ကြွေ၏ ပြကွက်ဆန်း၊ က,ကွက်ဆန်းများက အံ့မခန်းပါပေ။ စွန့်စွန့်စားစား ဘားကျွမ်းနှင့် အကကို အဆိုပညာနှင့်ပါ တွဲဖက်တင်ဆက်နေခြင်းပါပေ။ တီးဝိုင်း၊ ဆိုင်းဝိုင်းနှင့်အတူ ဆရာကြီးကောလိပ်ရွှေ ရေးစပ်သီကုံးပေးထားသော **'အာဇာနည်'** သီချင်းသံက ဟိန်းထွက်လာသည်။ ကြည့်နေရင်း ကြက်သီးမွေးညင်းများပင် ထ,မိသေးတော့၏။

'*ဘားမယ်ကြွေ လာပါပြီ၊ အေးချမ်းတော့မည်။ အာဇာနည်ဘားမယ်ကြွေ လာပါပြီ၊ အေးချမ်းတော့မည်။ တစ်ဖုံနွဲ့လို့ တစ်နဲ့ဆင်သည် ရှုမြင်သူအများတို့ စိတ်ကြည်၊ ကြွလာသမျှ ဆုတောင်းပါသည်၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ...။ တိုင်းနိုင်ငံ မြန်မာပြည် အေးချမ်းပါတော့မည်။ စိတ်ကြည်လက်ကြည် ချမ်းသာတော့မည်၊ ဘားမယ်ကြွေ ဆုမွန်တောင်းခဲ့ပြီ၊ စုံစုံညီညီ က,ရပါတော့သည်။ တစ်ဖုံစီနွဲ့ခဲ့ပြီ၊ လာပါပြီ အာဇာနည်၊ တာတာရှည်၊ မြန်မာပြည် လာပါပြီ၊ အာဇာနည်၊ ကြာကြာလေ ပေါင်းလေသစ်မည်၊ ဘားမယ်ကြွေ ဆုမွန်တောင်းခဲ့ပြီ၊ သြော်... ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ... မြန်မာပြည်ကြီး စည်ကားပါလို့ ရွှေမိုးရွာမည်၊ သြော်... သုခချမ်းသာ ဘေးဘယာဝေးကွာသည်၊ ပြည်လုံးနယ်လုံး အေးမြကြည်၊ ထူးပါတဲ့ ဆန်းပါတဲ့ စာကို ရေးကာစီ၊ ဘားမယ်ကြွေ ဆုမွန်တောင်းခဲ့သည်။ သြော် ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ၊ ဇွဲ ဖြာ ရန်ဘယာကင်းသည်၊ တို့မြန်မာပြည် အလွန်ပဲ တကယ်ပဲ သာယာစည်၊ ဘားမယ်ကြွေ ခါတိုင်းနှစ်နှင့် မတူပါပြီ။ များမေတ္တာရည် တစ်ဖုံစီနွဲ့ခဲ့ပြီ၊ စုံလင်ပါပေသည်။ က,ရပါတော့မည်၊ ပြရပါတော့မည်၊ တစ်ကမ္ဘာလုံး အေးကြည်ကြည်*'

ဒေါ်လေး ဒေါ်မယ်ကြွေက မြင့်မားလှသည့် ကြိုးတန်းပေါ်မှာ တုတ်ရှည်ကြီးကိုင်ရင်း ခပ်ဖွဖွနင်းပြီး လျှောက်ပြလိုက်၊ ကျွမ်းဘားကစားပြလိုက်၊ က,ပြလိုက်နှင့် သီဆိုဟစ်ကြွေးသွားလေသော သည်တေးသံနှင့် အတူ သူ ဆုခြွေတောင်းသလို တောင်းဆုတွေ ဆက်လက်ပြည့်ပါဦးမည်လား။

❑

အမိ မြန်မာပြည်ကား စီးပွားပျက်ကပ်ဆိုးကြီးများ အစပြုခဲ့ရပြန်ချေပြီ။ ၁၉၆၂။ ပုဂ္ဂလိကလုပ်ငန်းများအားလုံး နီးပါး ပြည်သူပိုင် အသိမ်းခံလိုက်ကြရပြီ။ ပါလီမန်ဒီမိုကရေစီခေတ်ကြီး နိဂုံးကမ္ပတ်အဆုံးသတ်ရတော့မှာလား။ ထိုနှစ်က ကျွန်တော် ကျောင်းပြောင်းနေခဲ့တာ ၂ နှစ်ပြည့်ခါစ။ ဇော်ဝင်း၊ မော်လီတို့ကား အလုံ ပဲခူး ကရင်တန်းမြင့်ကျောင်းမှာပင် ကျန်ရစ်ခဲ့ကြသလို ကျွန်တော်က စိန့်ဂျွန်းယောကျ်ားကလေးကျောင်းမှာ ရောက်နေခိုက် ပုဂ္ဂလိကကျောင်းတွေ၊ သာသနာပြုမစ်ရှင်ကျောင်းတွေ အားလုံး ပြည်သူပိုင် အသိမ်းခံလိုက်ရပေပြီ။ ဟံသာဝတီခရိုင်အတွင်း ဆန်စပါးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း လုပ်နေကြသော ကျွန်တော်တို့ အသိုက်အဝန်းကလေးလည်း စနစ်၏ဒဏ်ကို အလူးအလဲ ခံခဲ့ကြရပြီ။ သတင်းမီဒီယာလုပ်ငန်းများ၊ အနုပညာလုပ်ငန်းများပါ အခြေအနေတွေ ကတိမ်းကပါး ဒယိမ်းဒယိုင်ဖြစ်လာခဲ့ရပြီ။ အနုပညာသည်တွေ အချင်းချင်းမှာပင် တောင်မင်းမြောက်မင်းမကယ်ဆယ်၊ မစောင့်ရှောက်နိုင်တော့သည့်ဘဝ။ ဆွေမျိုးသားချင်း တောင့်တောင့်တင်းတင်း ကျောထောက်နောက်ခံကင်းဝေး၊ အားကိုးအားထား သားထောက်သမီးခံကင်းမဲ့၊ လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် ဘားကျွမ်းမယ် ကခြေသည် ဒေါ်လေးဒေါ်ကြွေလို အမျိုးသမီးကြီးတွေမှာ ကျန်းမာရေး ရုတ်တရက် ဖောက်ပြန်ကာ အိပ်ရာထဲ လဲချိန်မှာတော့ များစွာ အထိနာခဲ့ရရှာပါပေသည်။ ထိုအချိန်တွင် အနီးကပ် ဖေးကူဖို့ ရပ်ဝေးဆီမှ မြေးတော်စပ်သော ကလေးမလေးတစ်ယောက်က ရောက်လာပြန်သော်လည်း ကြုံရာကျပန်း အိမ်တွင်းမှုလုပ်ငန်းလေးများတွင် လက်ခစားဝင်လုပ်ရင်း ဘွားအေကြီးကို


www.burmeseclassic.com

www.burmeseclassic.com

ပြည့်ပြည့်ဝဝ မစောင့်ရှောက်နိုင်ခဲ့။ သူ့မိတ်ရင်း ဆွေရင်းတွေထဲမှ အနုပညာလောကသားတချို့ကလည်း လုပ်ငန်းတွေ ကျဆင်းလာသည့်ကြားမှ တတ်နိုင်သမျှတော့ ခရီးသွားဟန်လွှဲ လက်ထဲ မှျတထည့်ပေးသွားကြတာမျိုးလေးတွေလည်း ရှိပါရဲ့။ တချို့လည်း မလွှဲသာ မကင်းသာ သင်္ခါရသဘောတရားအတိုင်း တဖြုတ်ဖြုတ် ကြွေလွင့်သွားကြသည်လည်း ရှိ၏။ ကျန်းမာရေးလေး နည်းနည်းထူထူထောင်ထောင်ဖြစ်လာတော့ မြေးမလေး ရှာဖွေရတာနှင့် မလောက်ငမှန်း သိသဖြင့် ဒေါ်လေးဒေါ်ကြွေခမျာ သူကိုယ်တိုင် လုပ်နိုင်တာလေးတွေ လျှောက်လုပ်သည်။ သည်လို လှုပ်ရှားသွားလာနေဆဲမှာပင် မထင်မှတ်ဘဲ ကျွန်တော်နှင့် ပြန်ဆုံစည်းလိုက်ရခြင်းပင်။

❑

၁၉၇၂။ ထိုနှစ်က စက်ပြင်သမားဘဝနှင့် အယ်လ်စီဂျီ(LCG)သင်္ဘောဖြင့် ကျွန်တော် မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ‘မြိတ်’တွင် ခဏရောက်နေခိုက် ‘ဆိပ်ငယ်တံတား’မှာ ခရီးသည်တင် ကြယ်ငါးပွင့်သင်္ဘောကြီးတစ်စီး လာရောက်ဆိုက်ကပ်သည်နှင့် ကြုံရ၏။ အဆိုပါသင်္ဘောပေါ်တွင် ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်း ‘မြတ်စံ’က အွိုင်လာ(Oiler)ခေါ် ဆီထိုးသမားလုပ်ရင်း ပါလာသည်။ သူ့သင်္ဘောပေါ် တက်ကြည့်ရင်း သင်္ဘောပွဲပိုင်းရှိ ထမင်းဆိုင်တွင် ဒေါ်လေးဒေါ်ကြွေကို မမျှော်လင့်ထားဘဲ တွေ့လိုက်ရသည်။

‘ရန်ကုန် ကြည့်မြင်တိုင် ဘူတာနားမှာ ဒေါ်လေးတို့ မြေးအဘွား နေကြတာလေ။ မြေးလေးက ထားဝယ်ပြန်ချင်သတဲ့။ ဒါနဲ့ သင်္ဘောမှာ ကန်ထရိုက်နဲ့ ထမင်းဆိုင်ဖွင့်ထားတဲ့သူက အလုပ်ပေးတာနဲ့ ဝိုင်းကူလုပ်ပေးရင်း ထမင်းကြွေး၊ လခပေးစနစ်နဲ့ လိုက်လာကြတာ။ ထားဝယ်အဝင်ဝမှာ သင်္ဘောကျောက်ချတော့ ကူးတို့လှေနဲ့ မြေးလေးကို ထားဝယ်မြို့ထဲ ပြန်နိုင်းပြီး ဒေါ်လေးတစ်ယောက်တည်း ဒီမှာ ကျန်ရစ်ခဲ့ရတာလေ’

ဟု ပြောပြရှာသည်။

‘သား သူငယ်ချင်း မောင်ဇော်ဝင်းတို့၊ မော်လီတို့နဲ့ တွေ့ကြသေးလား’

ဟု မေးသည်။

‘ဇော်ဝင်းလည်း ကျွန်တော့်လိုပဲ အလုပ်ဝင်လုပ်နေပြီ ဒေါ်လေး။ သူက မီးရထားဌာနမှာပါ။ မော်လီကတော့ သူ့အဖေနဲ့အတူ အင်္ဂလန် ရောက်သွားပြီ။ သူတို့မသွားခင် သူ့အမေ ဆုံးတယ်။ နောက်ပိုင်းမှာ ဇော်ဝင်းနဲ့လည်း မတွေ့တာကြာပြီ ဒေါ်လေး’

ဟု ကျွန်တော်ပြောကာ ပါလာသည့်ငွေထဲက မှျတ၍ ကြုံကြိုက်တုန်းမို့ ဒေါ်လေးကို ကန်တော့လိုက်သည်။ ထိုစဉ်က ကျွန်တော့်လစာငွေမှာ တစ်ရာ့တစ်ကျပ်နှင့် နှစ်ဆယ့်ငါးပြားမျှသာ။

‘ငယ်ငယ်တုန်းကတော့ အရမ်းသန်စွမ်းတဲ့ ခန္ဓာကိုယ်နဲ့ လုပ်ချင်တဲ့ ဘားကျွမ်းပြကွက်ဆန်းတွေ က,ခဲ့၊ ပြခဲ့တဲ့ ဒေါ်လေးဟာ ခုတော့ မကျန်းမာတော့ဘူးလေ။ သယ်ဆောင်နေရတဲ့ ခန္ဓာဝန်ကိုပါ ငြီးငွေ့လာတာပေါ့။ ဒီအလုပ် မလုပ်ခင်ကဆိုရင် နေ့စဉ် စားစရိတ်လေးရအောင် ဟံသာဝတီဘူတာနဲ့ ကြည့်မြင်တိုင်ဘူတာကြားက ရထားလမ်းဘေးမှာ အလေ့ကျပေါက်နေတဲ့ ဆေးဖက်ဝင် အပင်လေးတွေ လျှောက်ခူးပြီး ဈေးထဲသွားသွင်းခဲ့ဖူးသေးတယ်။ သင်္ဘောကြီး ထမင်းဆိုင်မှာ ဝိုင်းလုပ်ဝိုင်းစားဆိုပေမဲ့ ကျန်းမာရေးက သိပ်စိတ်မချရသေးတော့ ရာသီဥတုဆိုးရင် လှိုင်းလေဒဏ်လည်း သိပ်မခံနိုင်တော့ဘူးသားရဲ့။ ဒီတစ်ခါ ရန်ကုန်ဆိပ်ကမ်း ပြန်ဝင်ရင်တော့ ဆိုင်ပိုင်ရှင်ဆီက ရသင့်တဲ့အခလေးယူပြီး ဆင်းကျန်ရစ်ခဲ့တော့မယ်လို့ စိတ်ကူးတာပဲကွယ်။ မသေခင် ကြုံသလို လုပ်ကိုင်စားနိုင်လိမ့်ဦးမယ်ထင်တာပဲ သားရယ်’

ဟု မချိတင်ကဲ ပြောသည်။ ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။

‘နေတော့ ကော ဒေါ်လေးကြွေ…’ဟု မေးကြည့်မိ၏။

‘ကြည့်မြင်တိုင် ဘူတာတားနားမှာ တဲလေးရှိသေးတယ်။ ဘေးကလူတွေကို အပ်ထားခဲ့တယ်လေ’တဲ့။

ရင်ထဲတွင် ပိုမို၍ ‘ကျဉ်’ခနဲ ခံစားလိုက်ရပြန်သည်။

❑

နှစ်တွေကြာခဲ့ပေပြီ။ မြန်မာ့သဘင်လောက၊ အငြိမ့်လောကကြီးသည်လည်း မြန်မာ့ရုပ်ရှင်လောကကြီးကဲ့သို့ ကျဆင်းသွားခဲ့ရသော အမှောင်ကာလကြီးထဲမှာ ဘာမှ ဘဝအာမခံချက် မရှိခဲ့ရှာသော ပညာရှင် အမျိုးသမီးကြီးတစ်ဦး၏ ပုံရိပ်တို့သည်လည်း တစ်စထက်တစ်စ ပျောက်ကွယ်သွားခဲ့ရပါပကော။

*‘မြန်မာများတို့အဆွေ၊ ဒေါင်းအိုးဝေ၊ ဇမ္ဗူဒီပါတောင်ကျွန်းဖွေ နိမိတ်ထွန်းသလေ၊ အောင်ပါစေ ဘားမယ်ကြွေ၊ မေတ္တာရေ အိုးဝေ… အိုးဝေ… ဒေါင်းမင်းငယ်မှ အိုးဝေ… တောင်ဟုန်သံပေးလိုက်ပါတဲ့ ဆူညံဆူညံ ဘာသာဘာဝ ပျော်မြူးပါပေ… ဟေမဝန်ဂနိုင် သေလာဂီရိစုံ ရွှေမြိုင် သာလွန်းသည့် နေရာအိုင်၊ ပန်းခိုင်နန်းကြိုင်၊ ပန်းမြိုင်မှာ နေထိုင်ပေ၊ လာပြန်ပလေ ဘားမယ်ကြွေ’*

သည်လို ဇာတ်သီချင်းလေးတွေနှင့် အသွင်တင့် စင်မြင့်မှာ လျှမ်းတောက်ခဲ့စဉ်က သူ စားရမည့် အစားအစာမှာ မနာလိုတတ်သူများ အဆိပ်ခတ်ခံရမှာစိုး၍ ‘**စားဦးစားနဲ့ နေခဲ့သူ**’ အောင်လံတလူလူ လှပျံ့ဖြူကား လောကဓံတရားများနှင့်အတူ သူများစားကြွင်းစားကျန် ပန်းကန်ခွက်ယောက်များကိုပါ ဆေးကြောပေးသွားရရှာသော အိုဇာတာမကောင်းပုံမျိုးကိုဖြင့် ကျွန်တော်တို့ မြန်မာပြည်မှာ မြန်မာတွေ သံဝေဂယူတတ်ကြပါလေတော့။ ■

**ဆောင်းဝင်းလတ်**



www.burmeseclassic.com

www.burmeseclassic.com

## မိချမ်းဝေ

# တစ္ဆေမီးရထားစက်ခေါင်းပေါ်က ခရီးသည်

'မေမေ'
သမီးက
တစ်စုံတစ်ရာကို
ပြောလိုက်သည်။ ကျွန်မ
မကြား၊ ဖတ်လက်စ
ကဗျာက
ဆွဲဆောင်အားကောင်းနေ
သည်။ ကမ်းရိုးတန်းကဗျာ
ဆရာ ပိုင်၏ အေဒီ
၁၉၆၅ က ပေါ်သည့်
**တစ္ဆေမီးရထား စက်ခေါင်း**

ကြာပေါ့။ အခု ဘယ်လိုပုံဖြစ်
နေမှာပါလိမ့်။ ဝဝကြီးပဲလား၊
ပိန်သွားပြီလား။ အသက်က
ရ၊ လူက ဝ,လာတော့ ရောဂါ
က ခပ်ထွေထွေရယ်။ ညီမ
အကြောင်းတွေးနေရင်း ကျွန်မ
မျက်လုံးတွေ ကဗျာစာသား
တွေဆီ ရောက်သွားမိသည်။

ကဗျာ။ ခေါင်းစဉ်က
ဆွဲဆောင်အား ရှိလှသည်။
'မေမေ… သမီး
ပြောတာ နားထောင်ပါဦး။
ဒီသကြံန်မှာ သမီး
သီလရှင်ဝတ်ရင်
အန်တီမီက သူလည်း
တရားစခန်းလိုက်ဝင်မလို့တဲ့။
အဲဒါ အကြို့နေ့မတိုင်ခင်
ရန်ကုန်တက်လာမှာ'
'ဪ… အေးလေ၊
ကောင်းတာပေါ့။
တရားစခန်းဝင်တာ
ဘာပြဿနာမှ မရှိပါဘူး။
ရန်ကုန်တက်လာခဲ့လို့
ပြန်ပြောလိုက်'
မြစ်ဝကျွန်းပေါ်
မြို့ကလေးမှာနေသော
ညီမက ကိစ္စရှိလျှင် ဖုန်းကို
ကျွန်မဆီ ဘယ်တော့မှ
တိုက်ရိုက်မဆက်။
သူ့တူမဆီသာ
ဆက်လေ့ရှိသည်။
ပြောစရာရှိ သူ့တူမနှင့်
ပြောသည်။
အင်း… ပြောပြောဆိုဆို
ညီမနှင့် မတွေ့တာတောင်


*'ကျွန်တော်ဟာ*
*မီးခိုး*
*တအူအူထွက်နေတဲ့*
*မီးရထားပေါ်*
*ခုန်တက်လိုက်ပြီးမှ*
*ထိုင်ခုံအမှတ်က*
*'ဝ' ဖြစ်နေတဲ့လူ*
*ကိုယ့်ရဲ့*
*ဘိုင်အိုဂရပ်ဖီကို*
*မေ့ကျန်ရစ်တဲ့လူ*
*ကျွန်တော့်မှာ*
*လူတစ်ယောက်*
*ဖြစ်တယ်ဆိုတဲ့*
*အချက်ကလွဲပြီး*
*တခြားဘာမှ*
*ပါမလာခဲ့ဘူး။*
*ဒါပေမဲ့*
*ရထားက ထွက်ခဲ့ပြီ'*
အဲဒီ မီးခိုးတအူအူထွက်
နေသည့် မီးရထားပေါ်ပါလာ
သောလူသည် ညီမလည်း
ဖြစ်သည်။ ညီမက ကျွန်မတို့
မောင်နှမ လေးယောက်ထဲ
မှာ အငယ်ဆုံး၊ အရည်အချင်း





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အညံ့ဆုံး၊ စဉ်းစားတွေးခေါ်မှု အနည်းဆုံးဟု ပြောရမည် ထင်သည်။

ဤသည်မှာလည်း အဖေ၊ အမေတို့ အတွေး အခေါ်နှင့် ဆိုင်မည် ထင်သည်။ အဖေတို့အမေတို့က ရှေးရိုးစွဲဆန်သည်။ သားသမီးကို အုပ်အုပ်စီးစီး ထိန်းထားချင်သည်။ အိမ်ထဲမှာပဲ ထားကာ ပတ်ဝန်းကျင်နှင့် ထိတွေ့ခွင့်မပေး၊ ကျောင်းနှင့် အိမ်ကလွဲလျှင် ဘာမှမသိအောင် လုပ်ထားသည်။

အနည်းငယ် ကံကောင်းချင်တော့ အဖေက အိမ်မှာပျော်အောင် စာအုပ်တွေ ဝယ်ထားပေးသည်။ ကလေးဂျာနယ်၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်။ ကျွန်မ စာအုပ်ပုံထဲ ခေါင်းစိုက်ဝင်သလောက် ညီမက စာဖတ်ဝါသနာမပါ။ အဆော့သန်သည်။

စာအုပ်စာပေက ကျွန်မကို ကမ္ဘာအနှံ့ ခေါ်ဆောင်သွားသည်။ အတွေးပြတင်းတွေကို တွန်းဖွင့်ပေးသည်။ ကျွန်မတို့ကို အိမ်ထဲမှာ လှောင်ပိတ်ထားတာ မဟုတ်သေးဘူးဆိုသော သဘောတရားကို သိလာသည်။ ကျွန်မ အပျိုပေါက်ဖြစ်လာတော့ လမ်းစဉ်လူငယ် အဖွဲ့အစည်းပေါ်လာသည်။ အများနှင့် စုပေါင်းနေထိုင်လုပ်ဆောင်ရန် လိုအပ်သည်ဟူသော အသိကြောင့် ကျွန်မ လမ်းစဉ်လူငယ်အဖွဲ့အစည်းထဲဝင်သည်။ အဖေရော အမေပါ မကြိုက်။ ဒါတွေဟာ အပိုအလုပ်တွေဟု ယူဆသည်။ အဖွဲ့အစည်းထဲကတော့ ပြန်မထွက်နိုင်။

b 0q ladv m
au nou fu spfv bl
r [8x m,
pu facgf;B ,D&x J
ÓP f sn,w bl
zd r n;eY
v u fajzmin fv bl
ao ew fb r n;Ml m,
a&nou 8&Se&w bl
t ajct aew pfckJ
r[ kwv fv m,
r wd faq G

သို့နှင့် ကျွန်မ နားပွင့်၊ မျက်စိပွင့် လူရည်လည်ခဲ့ရသည်။

ညီမကတော့ အဖေ၊ အမေတို့စိတ်ကြိုက် ကြီးပြင်းလာသည်။ သူက အိမ်မှာ အငယ်ဆုံးမို့ ခပ်ပျင်းပျင်းရယ်။ ပျင်းတော့ ဖျင်းပြန်ရော။ ဘာတာဝန်ပေးပေး ဖြစ်အောင်မလုပ်နိုင်။ လူကြီးတွေ အလုပ်များနေ၍ တန်းဆွမ်းလောင်းခိုင်းလျှင် ပုံမကျ၊ ဆွမ်းထမင်းတွေ ဖိတ်ကျသဖြင့် ဆရာတော်ကြီးတွေ ဆွမ်းတွေတက်နင်းမိတာမျိုး ကြုံရသည်။

ကျွန်မ ဆယ်တန်းအောင်တော့ အဖေ၊ အမေတို့ စိမ့်တာကိုပင် မခံတော့။ တနင်္သာရီတိုင်းကို ဆွဲခန့်ဆရာမအဖြစ် လျှောက်ထားပြီး အိမ်က ထွက်တော့သည်။ ညီမက အထီးကျန်အဖော်မဲ့ ခပ်ငေါင်ငေါင်ကျန်ရစ်သည်။ အစ်ကိုနှစ်ယောက်မှာ ညီမ အငယ်ဆုံးလေးနှင့် ဘယ်လိုမှ အဖော်မဖြစ်။ အဖေ၊ အမေတို့ ဘောင်ထဲမှာ ပိတ်မိနေသည့် သနားစရာ ညီမငယ်။

ကျွန်မ ပေါင်ပေါ်တင်ထားသော ကဗျာစာအုပ်ကို ကိုင်မိပြန်သည်။

*"ကျွန်တော်စီးရမယ့်*
*မီးရထား*
*ဟုတ်၊ မဟုတ်*
*သံသယဖြစ်လာမိ။*
*မီးရထားက*
*သူ့နာမည်ကိုအော်ပြီး*
*ထွက်ခဲ့ပြီ၊*
*မီးရထား*
*မောင်းသမားဟာ*
*သေနတ်တစ်လက်ကို*
*တိုက်ချွတ်နေပြီး -*
*မီးရထားစီးသမား*
*အချို့ဟာ*
*ဖဲကစားနေကြတယ်။*
*ကျွန်တော်ဟာ*
*ကုတ်အင်္ကျီနဲ့*
*ဦးထုပ်ဆောင်းထားတဲ့*
*သူတို့ကို*
*နောက်ကျောဘက်ကပဲ*
*မြင်နေရ။*
*ကျွန်တော့်*
*လက်ပတ်နာရီကို*
*ငုံ့ကြည့်လိုက်တော့*
*ကျွန်တော် ထွက်လာတဲ့*
*အချိန်မှာပဲ ရပ်တန့်လို့"*

ဒါတွေပြန်တွေးလျှင် ကျွန်မ ညီမကို တော်တော်သနားသည်။ အဖေ၊ အမေတို့၏ ဘောင်ကျဉ်းကျဉ်းလေးထဲမှာ ဘာဆိုဘာမှမသိ။ သူငယ်ချင်းအပေါင်းအဖော်လည်းမရှိ၊ နှစ်တွေမကြာခင် ညီမ ဆယ်တန်းအောင်သည်။ တက္ကသိုလ် ရောက်သည်။ ကျွန်မ သက်မကို ဟင်းခနဲချမည်ကြံဆဲ ဒုတိယနှစ်တက်နေဆဲမှာ ညီမ ချစ်သူနောက် လိုက်ပြေးသတဲ့။

ကြားရသည့်သတင်းက တကယ့်မိုးကြိုးရှစ်စိတ်ကွဲသတင်း။ ကြားစက ကိုယ့်နားကိုယ် မယုံနိုင်။ အဖေ၊ အမေတို့အုပ်သလောက် ငြိမ်နေသည့် ညီမ တက္ကသိုလ်ရောက်မှ ဘယ့်နှယ်ဖြစ်တာပါလိမ့်။ ပြောရမည်ဆို ညီမဟာ ဘဝဆိုသည့် မီးရထားကြီးပေါ်ရောက်သွားရော ဆိုပါစို့။ ကဗျာဆရာက သူ့မီးရထားကို ဘယ်လိုပြောထားပါလိမ့်။

*"မီးရထားကတော့...*
*မီးရထားအပြင်ဘက်မှာ*
*မီးရထားကလွဲ*
*ဘာမှမရှိပါလား။*
*ကောင်းကင်၊*
*မြေပြင်၊*
*ရှုခင်း၊*
*မြို့၊*
*ဘူတာရုံ၊*
*ရာသီဥတု*
*ဘာတစ်ခုမှ*
*မရှိပါလား။*
*ဘုရားသခင်...*
*မီးရထားကြီးမှာ*
*အချိန်၊ နေရာ ဆိုတဲ့*
*သတ်မှတ်ချက်ကြီးတောင်*
*မရှိတော့ဘူးလား။*
*ဒါတွေ တစ်ခုမှမရှိဘဲ*
*ဒီမီးရထားကြီးက*
*သွားနေတယ်လို့ကော*



www.burmeseclassic.com

www.burmeseclassic.com

*ပြောနိုင်ပါ့မလား။*
*မီးရထားကိုယ်တိုင်က*
*အဲဒီခြောက်ကပ်ကပ်*
*ကမ္ဘာကြီးထဲက*
*လွတ်မြောက်ဖို့*
*အော်ဟစ်ရုန်းထွက်နေပုံ။*
*ဒါပေမဲ့*
*မီးရထား*
*မောင်းသမားက*
*သေနတ်ကို*
*အေးတိအေးစက်*
*တိုက်ချွတ်နေဆဲ"*

ညီမ အိမ်ထောင်ကျသွားတာ အဖေ၊ အမေတို့အတွက် ကမ္ဘာပျက်သလိုပါပဲ။ ကျောင်းမပြီးသေး၊ ကျသည့် အိမ်ထောင်ဖက်က ဂုဏ်ခနအဆင့်အတန်းမရှိ၊ မိဘ နောက်ခံမရှိ၊ ဆယ်တန်းမအောင်၊ အဆိုးဆုံးက အလုပ်မရှိ၊ လက်ကြောမတင်းရသည့်အထဲ ပွေပွေရှုပ်ရှုပ်နှင့် မိန်းမတစ်ယောက် (တရားမဝင်) ရထားသတဲ့။

တစ်သက်လုံး မြို့မျက်နှာဖုံးအနေနှင့် ဂုဏ်နှင့် ဒြပ်နှင့်နေလာသည့် အဖေ၊ အမေတို့ ကမ္ဘာပျက်ပြီပေါ့။ ဆရာမကြီးသမီး ကလေကချေနှင့် ဆိုသည့်စကားက မိဘတွေ၏ရင်ကိုသာမက ရှေ့နေဖြစ်သော အစ်ကိုကြီး၏ ဂုဏ်ကိုပါ ထိခိုက်လေတော့ အားလုံးဟာ ညီမကို ကြဉ်ထားကြတော့သည်။ သားဦးကိုယ်ဝန်မပေါ့မပါးနှင့် ယောက္ခမအိမ်မှာ မရှိတစ်ခါ၊ ရှိတစ်ခါနှင့် အိမ်ထောင်ဦး ဒုက္ခသည် လှလှကြီး ရောက်ချလာတော့သည်။

ထိုသူမှာ မိန်းမရှုပ်ထားမှန်းမသိအောင် အ,သော ညီမသည် ပတ်ဝန်းကျင် စကားတင်းကြား ခေါင်းမဖော်နိုင်၊ အဆင့်အတန်းမရှိသော မိန်းမရှုပ်သူ၏ အော်ဟစ်ဆဲဆိုပြူစူစောင်းမြောင်းခြင်းနှံ့မှာ နစ်ပြီးရင်းနစ်၊ နောက်ဆုံး မွေးခါနီး မမာမကျန်းဖြစ်ကာ အမေ့အိမ် ပြန်ရောက်လာတော့ အမေက လက်မခံ၍ မဖြစ်တော့။ သမီးကို လက်ခံမှတော့ သမက်ကို ချန်ထား၍ မရ။ ဒီလိုနှင့် အခြေခံမတူသော ဘဝနှစ်ခုပေါင်းစပ်ခြင်းသည် မည်သို့မျှ မလှပနိုင်။

ဒီကြားထဲ ညီမ၏ မီးရထားမောင်းသမားက သေနတ်ကို အေးတိအေးစက် တိုက်ချွတ်နေသေးသည်။

အလုပ်ကို လက်ကြောတင်းအောင်မလုပ်၊ နေညို့လျှင် လေပြိုကြာ အရက်ကလေးတမြမြ၊ လောင်းကစားကလည်း "ဇ"ရှိ၊ ညီမမှာတော့ ကလေးတစ်ဖက်နှင့် ဖတ်သီဖတ်သီ။ အမေက ဒီလိုတော့ သမီးကိုပစ်မထား၊ ကလေးဝိုင်းထိန်းကာကျောင်းကို စာပေးစာယူ(အဝေးသင်) ဖြင့် ဆက်တက်စေသည်။

ယောကျ်ားအသုံးမကျသဖြင့် ပညာရေးမဆုံး၍မဖြစ်။ ပညာရှိထားမှ ရှေ့ရေးအေးမည်ဆိုသည်မှာ အမေ့ အယူအဆ။ ကျွန်မ နွေကျောင်းပိတ်၍ အိမ်ပြန်လာလျှင် အမေက ညီမဒုက္ခကို မျှခံနေတာ မမြင်ချင်ဘဲ မြင်နေရသည်။

ဒီလိုနှင့် ညီမ ကျောင်းဆရာမလေးဖြစ်လာသည်။ တစ်ပြိုင်နက်တည်းမှာပင် ဒုတိယသားလေးကို ထပ်ရပြန်သည်။ တကယ်ဆို ဘာစီးပွားရေးမျှ မည်မည်ရရ မရှိသော လင်၏ဦးဆောင်မှုတွင် သားသမီးများများ မယူသင့်။ ညီမသည် ထိုသို့ ဘာလုပ်ရမည်ဆိုတာ မသိအောင် အ,သူဖြစ်သည်။

ကဗျာဆရာ၏ ဇာတ်ကောင် ကျွန်တော်သည် ညီမလိုပင် အ,သူ ဖြစ်သည်။ ကိုယ်စီးသည့်မြင်း အထီး၊ အမ မသိဆိုတာလို ကိုယ်စီးသည့် မီးရထား ဘယ်လို မီးရထားမှန်း မသိသူ။

*"မီးရထားကို*
*ထပ်လေ့လာလိုက်တော့*
*ဘုရားရေ…*
*အတွဲတွေလည်း*
*တစ်ခုမှ ပါမလာခဲ့။*
*လက်စသတ်တော့*
*ကျွန်တော်ဟာ*
*မီးရထားယောင်*
*ဆောင်ထားတဲ့*
*မီးရထား*
*စက်ခေါင်းကြီးတစ်ခုရဲ့*
*လှည့်ဖြားမှုကို*
*ခံလိုက်ရသူ*
*ကျွန်တော်ဟာ*
*အရေးတကြီးလေသံနဲ့-*
*"ကျုပ်တို့*
*စက်ခေါင်းကြီး*
*တစ်ခုတည်း*
*ထွက်လာမိပြီဗျ" လို့*
*အော်လိုက်ပေမဲ့*
*မီးရထား*
*မောင်းသမားက*
*သေနတ်ကိုပဲ*
*တိုက်ချွတ်နေဆဲ။*
*မီးရထား*
*စီးသမားများကလည်း*
*ဖဲကစားနေဆဲ။*
*သူတို့*
*ဘာရည်ရွယ်ချက်နဲ့*
*ဒါတွေလုပ်နေကြတယ်*
*ဆိုတာ*
*ကျွန်တော်*
*တွေးလို့မရဘူး"*

လောကကြီးမှာ ရိုးတိုင်း မကောင်းဘူး။ အ,တိုင်း မကောင်းဘူး။ ကိုယ့်မှာ အရည်အချင်းနည်းလျှင် တစ်ဖက်သား ဖိသလောက် ခံရတော့တာပေါ့။ မိဘအိမ်မှာ နေစရာ၊ စားစရာပေးထားတာတောင် ဂီတာတဒေါင်ဒေါင်နှင့် အချိန်ဖြုန်းနေရာကနေ အသိုင်းအဝိုင်းမတူတော့ ရေထဲက ငါး ကုန်းမှာ တင်သလို ဖျပ်ဖျပ်လူးနေရင်းနှင့် ညီမ၏ တာဝန်မသိ အိမ်ဦးနတ်ကြီးက စည်းဖောက်လာပါရော။ အရင်မိန်းမနှင့် ပြန်ဆက်သွယ်သလိုလို၊ အခြားတစ်ယောက်ကိုပဲ ဖန်နေသလိုလိုနှင့် နောက်ဆုံးသည်းမခံနိုင်ဖြစ်လာတော့မှ လင်မယားကွဲချင်တယ် ဖြစ်ပါရော။

ထိုအခါမှ အိမ်ထောင်ကျကတည်းက စကားမပြောသော အစ်ကိုကြီးက တကယ်စိတ်ကုန်ပြီလား၊ တကယ်ပြတ်ပြီလား အခါခါမေးပြီး တရားရုံးမှာ ကွာရှင်း၍ရအောင် ဆောင်ရွက်ပေးတော့သည်။ အစ်ကိုကြီးက ရှေ့နေဖြစ်ပေ၍၊ မဟုတ်လျှင် ဟိုလူက ရှောရှောရှူရှူ ကွာခွင့်ပေးမည် မဟုတ်။

မီးရထားပေါ်က လူလိုပဲ ညီမသည် လောက ပရိယာယ်ကို နားမလည်။ သူ အူတူတူနိုင်သလောက် သားချင်းတွေလိုက်ပါရသည့်အဖြစ်။ မိဘအသိုင်းအဝိုင်းရှိ၍ လမ်းဆောမရောက်တာ မဟုတ်လား။ မီးရထားမောင်းသမားက သေနတ်ကိုပဲ တိုက်ချွတ်နေသလို ကံကြမ္မာလက်မည်း


www.burmeseclassic.com

www.burmeseclassic.com

ရိုင်းက ညီမကို မညှာတာခဲ့ပါ။ လင်နှင့် ကွဲပြီးခါစ ရင်ပူဆိုက်ချိန်မှာပဲ သားအငယ်လေးကို ဆေးရုံတင်လိုက်ရသည်။

သွေးလွန်တုပ်ကွေး တဲ့။ ထိုရောဂါကို တိတိပပ မသိသေးသောကာလ။ ခြံကြီးဝန်းကျယ်ထဲမှ အပင်ရိုင်းတွေကို မခုတ်ထွင်နိုင်သော အဖေ၊ အမေတို့၏ အိုမင်းမှု။ ခြံထဲက ခြင်တွေက သားငယ်လေးကို ဒုက္ခပေးခဲ့လေသလား။ ကလေးငယ်အတွက် ခြင်ဟာ ရောဂါပိုးကို သယ်ဆောင်လာသည်ဟူသော အသိတရား ကျယ်ကျယ်ပြန့်ပြန့် မဖြစ်သေးသောကာလ။

နွေကျောင်းပိတ်ရက်မို့ ခေတ္တခဏ အိမ်ပြန်ရောက်နေသော ကျွန်မပါ ညီမအပူထဲ ဝင်ပါရတော့သည်။ ညီမအဖြစ်က ကဗျာထဲက လူ၏အဖြစ်လိုပါပဲ။ ဖြစ်လာသမျှကို လည်စင်းခံရုံအပြင် ဘာရှိတော့မှာလဲ။

*"ကျွန်တော့်အတွက်*
*မီးရထား*
*အပြင်ဘက်က*
*သတ်မှတ်ချက်မဲ့*
*ခြောက်ကပ်ကပ်*
*ကမ္ဘာကြီးထဲ*
*ခုန်ချလိုက်ဖို့ကလည်း*
*မဖြစ်နိုင်ဘူး။*
*ဒါကြောင့်*
*ကျွန်တော်ဟာ*
*ဒီစက်ခေါင်းကြီးကိုပဲ*
*သေသေချာချာ*
*ပြန်လေ့လာမိခဲ့"*

စက်ခေါင်းကြီးက လောကကြီးနှင့် တော်တော်တူသည်။ မကောင်းတာဆိုလျှင် တစ်ခုတည်းပင် မလာ၊ အဖော်နှင့် အပေါင်းနှင့်။ ညီမသည် လင်ကွဲဟူသော ဘွဲ့ကို ရပြီးသောအခါ သားသေဟူသော ဘွဲ့ကို ထပ်ရပြန်သည်။ ဆေးရုံတင်ပြီး ငါးရက်မြောက်နေ့တွင် သားငယ်လေးဆုံးသည်။

အိမ်မှာ ဒီလို ဆုံးရှုံးမှုမျိုး မဖြစ်ဖူးတော့ အားလုံးဟာ ရူးမတတ်ပါပဲ။ ညီမဆိုတာ မပင်္ဂလက်သစ်ဖြစ်သွားလေ၏။ ကလေးအလောင်းကို ဆေးရုံက သင်္ချိုင်းကို ယူသွားသည့် အလုပ်သမား(သုဘရာဇာ)လက်ထဲက သူ့သားကို အိမ်ရှေ့က ထွက်လုသည့် ပွဲဟာ ဘယ်မှာလုနိုင်ပါ့မလဲ။ သားကို ချစ်သောဇောသည် ဆင်ခြင်တုံမဲ့ အမှောင်တိုက်တွင်းဆုံးထဲ ထိုးချလိုက်သလို ညီမအတွက် ပိန်းပိတ်နောက်ကျုနေသော ရက်တွေပဲ ဖြစ်သည်။

အမေက သူ့သမီး ပုံမှန်ဖြစ်ဖို့ သူကိုယ်တိုင်လည်း တရားဟော၊ အဘိဓမ္မာသင်တန်းကိုလည်းပို့၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုသည့် သဘောတရားကို မြင်အောင် ရှုခိုင်းခဲ့သည်။

ဒီလိုနှင့် သားကြီးက အရွယ်ကလေးမရောက်တရောက် ဖြစ်လာသည်။ သားကြီးက သူ့အဖေတူသလို သွေးလည်း ပိုများသည်ထင့်။ လမ်းတော်တော်ကြိုက်သည်။ လက်ဖက်ရည်ဆိုင်ထိုင်သည်။ ယမကာကို မြည်းစမ်းချင်သည်။ ကလေးတစ်ယောက် လမ်းမှာပျော်လျှင် အန္တရာယ်ကို ဖိတ်ခေါ်နေပြီ မဟုတ်လား။ အထိန်းရခက်သည့် အရွယ်၊ အဖေ ထိန်းကျောင်းလျှင် ပိုသင့်တော်မည့်အရွယ်မှာ အဖေက တစ်ပါးသူရင်ခွင်မှာ ပျော်မောနေပြီပေါ့။ ညီမလည်း ရာထူးတိုးနှင့် နယ်ထွက်သွားချိန် သားကြီး အလွတ်ကြီး လွတ်နေတော့သည်။

အဘိုးအဘွားတွေ၏ စည်းကမ်းဆိုတာ သားကြီးအတွက် လိုက်နာဖွယ်ရာ မဟုတ်။ မလုပ်နှင့် ဆိုတာကိုမှ ဇွတ်တိုးလုပ်ချင်သည့် အရွယ်။ နယ်ကျောင်းမှာ စာသင်နေရင်း သားကြီးသတင်း ရောက်လာတော့ ညီမမှာ မတ်တတ်က ပြိုလဲမတတ်၊ ဘုရား… ဘုရား။

*"ကျွန်တော်*
*ဘုရားသခင်ကို*
*နောက်တစ်ကြိမ်*
*တ,လိုက်မိတာ*
*ဖဲဝိုင်းကြောင့်ပါပဲ။*
*ဖဲဝိုင်းဟာ*
*လူနှစ်ယောက်*
*တစ်ပွဲကစားရပြီး*
*နိုင်တဲ့လူက*
*ရှုံးတဲ့လူကို*
*စားပစ်လိုက်တဲ့*
*စနစ်ကြီးပါလား။*
*ဖဲဝိုင်းမှာ*
*တစ်ယောက်တည်း*
*ကျန်တဲ့လူဟာ*
*ဖဲထုပ်ကြီးကိုင်ပြီး*
*ကျွန်တော့်ကို*
*ကြည့်လိုက်တော့*
*ဝံပုလွေ မျက်နှာကြီး။*
*ကျွန်တော်ဟာ*
*သူကမ်းပေးတဲ့*
*မှောက်ဖဲတစ်ချပ်ကို*
*ယူဖို့ ငြင်းဆန်နေဆဲမှာ*
*မီးရထား*
*မောင်းသမားကလည်း*
*သူ့သေနတ်ကြီးနဲ့*
*ကျွန်တော့်ကို*
*ချိန်လိုက်တယ်"*

ဝံပုလွေ။

ဟုတ်သည်။ လောကကြီးမှာ ကောက်ကျစ်သည့် ဝံပုလွေတွေ ပေါလှသည်။ သားကြီးတစ်ယောက် လက်ဖက်ရည်ဆိုင်မှာ ရန်ဖြစ်ပြီး ရိုက်ပွဲဖြစ်သတဲ့။ လေးယောက်နှင့် တစ်ယောက်ပွဲက ဘယ်လိုမှ မလှ။ အားလုံး အချုပ်ထဲ တန်းစီထည့်ခံရတော့သည်။ ပိုဆိုးသည်မှာ နာသည့်ကလေးက ဆရာဝန်ကြီးသား၊ ပြီးပါလေရော။ ကလေးက အခြားမြို့ကြီးတစ်မြို့မှာ ကျောင်းတက်နေပြီ။ ဆေးစာထဲမှာတော့ အတိတ်မေ့သယောင် အမှုကို လေးပင်အောင် လုပ်ထားသည်။ နောက်ဆုံး အစ်ကိုကြီးရှေ့နေပင် သူ့တူကို မကယ်နိုင်။ အလိုက်ကောင်းသဖြင့် ရဲဘက်စိုက်ပျိုးရေးစခန်းသို့ ရောက်သွားတော့၏။

ပန်းကောင်းအညွန့် ကျိုးချေပြီ။ ကျောင်းကနေ ခွင့်ယူကာ စိုက်ပျိုးရေးစခန်းရှိရာ မြို့အထိ သားအတွက် စားစရာ သွားပို့ပေးသော ညီမ ပုံစံက ဘယ်လိုမှ စမတ်မကျနိုင်။ သူ့ကြွေးရှိကကျေအောင် ဆပ်ပေရော့။ လောကကြီးက ဒီလိုပဲ ကောက်ကျစ်စဉ်းလဲတာတွေနှင့် ဖွဲ့စည်းထားသည်။

ဒီလိုနှင့် ညီမသည် တဖြည်းဖြည်း ရင့်မာလာသည်။ သားကြီး ပြစ်ဒဏ်မှ လွတ်တော့ သံပန်းပညာသင်ယူစေပြီး မလေးမှာ အလုပ်သွားလုပ်စေသည်။ ယခုဆိုလျှင် နိုင်ငံတကာ အတွေ့အကြုံလည်းရ၊ သားကြီးလည်း ရင့်ကျက်၊ အသက်



www.burmeseclassic.com

www.burmeseclassic.com

ပင် မငယ်တော့။ တစ်လော က မင်္ဂလာဆောင်သည်။

ညီမ သားကြီးကို တစ်စိတ်တစ်ပိုင်း စိတ်ချသွားပြီ ထင်သည်။ ယခု နွေကျောင်း ပိတ်ရက် သူ့တူမ သီလရှင် ဝတ်မည့်ကျောင်းတွင် သူလည်း တရားစခန်းဝင်မည် ဆိုပါလား။

လောကဓံ၏ အဆိုး အကောင်း၊ အလှည့်အပြောင်းကို ညီမ ကောင်းစွာ လက်ခံ ဖြတ်ကျော်နိုင်ပြီ ထင်ရ၏။ တရားသံဝေသည် ဝေးဝေးမှာ ရှာစရာမလို၊ ညီမ ဖြတ်သန်းမှုထဲတွင် တခမ်းတနား ဖူးငုံ ပွင့်အာနေကြသည်။ သံဝေဂ အခံရှိနေသဖြင့် တရားကျင့်လျှင် တရားရမြန် ပေလိမ့်မည်။

ဒီနှစ် ညီမ ပင်စင်ယူတော့ မည်ဆိုတော့ ဘဝက လည်း အနားသတ်နေပြီလေ။

ကျွန်မ ဆရာပိုင်၏ကဗျာ အဆုံးသတ်ကလေးကို နှစ်သက်မြတ်နိုးစွာ သဘောတူလက်ခံလိုက်မိသည်။ ကဗျာ၏ အဆုံးသတ်လေးက ဒီလိုပါ။

*"ဒီလိုပါ*
*ဘဝဆိုတာ*
*ကောက်ကျစ်တဲ့*
*မီးရထား*
*စက်ခေါင်းကြီးထဲ*
*ဉာဏ်များတဲ့*
*ဖဲသမားနဲ့*
*လက်ဖြောင့်တဲ့*
*သေနတ်သမားကြား*
*ရောက်ရှိနေရတဲ့*
*အခြေအနေတစ်ခုပဲ*
*မဟုတ်လား မိတ်ဆွေ"*
*တဲ့။*

■

**မိချမ်းဝေ**





**ဇာတ်တူသားစားသူများ** စာအုပ်က ခေတ်ပြိုင်ဘာသာပြန် လက်ရာများကို မျှော်လင့်နေကြတဲ့ စာဖတ်ပရိတ်သတ်များ စိတ်ကျေနပ်မှု ရရှိစေမယ့် စာအုပ်ဖြစ်ပါတယ်။

၁၉၉၄ ခုနှစ်ဟာ တောင်အာဖရိကနိုင်ငံရဲ့ အထူးခြားဆုံး နှစ်ကာလအပိုင်းအခြားပါ။ အဆိုပါကာလမှာ တောင်အာဖရိကနိုင်ငံရှိ လူသားတိုင်း မဲပေးပိုင်ခွင့်ရရှိခဲ့ပြီး နှစ်ပေါင်းများစွာ စိုးမိုးခြယ်လှယ်ခဲ့တဲ့ လူဖြူတွေကို တွန်းလှန်နိုင်ခဲ့ပါတယ်။ လူဖြူ-လူမည်း အသားအရောင် ခွဲခြားမှုကို တိုက်ဖျက်ခဲ့ပြီး ဒီမိုကရေစီနည်းကျ အစိုးရတစ်ရပ်ကို မဲပေးရွေးချယ်ခဲ့ပါတယ်။

ဒါပေမဲ့ ခေတ်ဆိုး၊ စနစ်ဆိုးရဲ့ အကျွင်းအကျန် ပြဿနာပေါင်း သောင်းခြောက်ထောင်တို့နဲ့အတူ တောင်အာဖရိက ဒီမိုကရေစီဟာ ပြည်သူများအတွက် ခက်ခဲကြမ်းတမ်းမှုတွေ၊ သွေးမြေကျမှုတွေ ခေါ်ဆောင်လာခဲ့ပါတော့တယ်။

အခုစာအုပ်ဟာ အဆိုပါနှစ်ကာလကို ဖြတ်သန်းခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားတစ်ဦးရဲ့ ဘဝကို အခြေပြု ရေးဖွဲ့ထားတာပါ။ စည်းကမ်းမဲ့ပြည်သူတွေ၊ ဗိုလ်ကျ အနိုင်ကျင့်လေ့ရှိတဲ့ ရဲတွေ၊ လူမိုက်အဖွဲ့တွေ၊ ထစ်ခနဲရှိ တုတ်ဆွဲဓားဆွဲ ဘတ်စ်ကား မောင်းသူတွေကြားမှာ ထွက်ပေါက်မဲ့နေတဲ့ကျောင်းသားတစ်ယောက်အကြောင်းပါ။ ဒီစာအုပ်ရဲ့ အထူးခြားဆုံးအချက်ကတော့ စာအုပ်ကိုဖတ်နေရင်း တောင်အာဖရိကမှ ဟုတ်ရဲ့လား။ ယနေ့ခေတ် မြန်မာ ပြည်အကြောင်းရေးနေတာလားလို့ ထင်မှတ်မှားရလောက်အောင် အဖြစ်အပျက်များစွာတို့က ထပ်တူညီနေပါတယ်။

NIQ MHLONGO ရေးသားတဲ့ **Dog Eat Dog** ကို **ဝင်းငြိမ်း** မြန်မာပြန်ဆိုတဲ့ **ဇာတ်တူသားစားသူများ** စာအုပ်ကို ငါတို့စာပေကနေ ဖြန့်ချိပါတယ်။ ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့ ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့ မက်ဆေ့ချ်ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်။

■

NDSP

Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။ www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁။

သူက စာရေးဆရာ
ဖြစ်သည်။
ပြဿနာက ရှာနှင့်စ၏။
အုပ်စုအုပ်ချုပ်ရေးမှူး
ရွေးပွဲတွင် စာရေးဆရာအား
ရှေ့တင်၍ သူကြီးပြိုင်ပွဲ
ဝင်နွှဲရန် သူကြီးရောဂါ
တစ်ကျော့ပြန်
နာလန်ထကြရာက၊ သူက
ရာအိမ်မှူးတစ်ဆင့်
ဈေးဆစ်၍ ဈေးတည့်ရာက
ကြုံခဲ့ရခြင်းဖြစ်၏။
ခေတ်ကို တွက်လျှင်
ဒီမိုကရေစီခေတ်
ရာအိမ်မှူး သူကြီးဘဝ
ပိုင်ပိုင်နိုင်နိုင်ရ၏။
ကျေကျေနပ်နပ် တင်မြှောက်
ကြ၏။ မတတ်နိုင်
လုပ်ရကိုင်ရချေပြီ။
❑

# အရည်ပျော်
# မြေပဲစေ့များ

စောင်ဖြိုးကျော်
ပစ္စုဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com

၂။

စာကလေးတစ်ပုဒ် ရေးရကောင်းနိုး အကြောင်းအမျိုးမျိုးတွေးနေချိန်။ ဝင်လာသည့် လူစုလူဝေးက မနည်းလှ။ ရှာတောင်ပိုင်းက ရေခဲမုန့်ရောင်းသည့် ဇော်ဝမ်းလင်မယားက ရှေ့ဆုံးက။ ပြီးတော့ သူ့ညီတော်မောင်နှင့် ခယ်မဖြစ်သူ မိဆားတို့လင်မယား။

“ဟာ၊ မနည်းပါလား။ ထောက်ခံစာ လာတောင်းတာလား၊ ထိုင်ကြ”

သူကြီးသက် မရင့်သေးသည့်အတွက် ဝင်လာသူကို အမှုသည်မှန်း သူ လားလားမျှ အကဲမခတ်တတ်။

“ထောက်ခံစာ လာတောင်းတာ မဟုတ်ဘူး။ မိဆားလင်မယား ကွဲချင်တာ။ အဲဒါ ကလေးကို ကျွန်မတို့ မွေးစားဖို့ ပေးမလိုတဲ့။ ကျွန်မက ဒီတိုင်းမရဘူး၊ လူကြီးအိမ် စာချုပ်နဲ့ မွေးဖို့ ပေးမှရမယ်ဆိုပြီး လာကြတာ”

“ဟာ”ခနဲ အသံမထွက်အောင် သူ ထိန်းလိုက်ရသည်။

ပူပူနွေးနွေး ရာအိမ်မှူးကလေးဘဝ ပြဿနာဖြင့် စ,ချေပြီ။ မိဆားက မျက်ရည်စစနှင့် ဖြစ်သော်လည်း မျက်နှာက မာလှသည်။ ကလေးက လမ်းလျှောက်တတ်ခါစမို့ ပြဿနာကို နားလည်ဟန်မတူ။ ဖွင့်ထားသည့် TV ရှေ့မှာ ရောက်သည်နှင့် မခွာတော့။

“ဘယ်က စ,ဖြစ်တာတုံး”

မိဆားလင်သားက သူ့အား မျက်လုံးလှန်ကြည့်သည်။

“မင်္ဂလာဆောင်တုန်းက ရတဲ့ ဗီရိုတွေ၊ ပန်းကန်တွေ သူ အကုန်ရိုက်ခွဲလို့ ကုန်ပြီ”

v pnu
b mn&w m
r[ kw b !
r pm;av nu b l;
ajynaew m
MI mv S;D
a, nu f;rjzpfy;D
o I s;o m;o r D
0,v i fat mf
&Sn au ;Rcs f
v u fa;M m
r w i f;r Sw nh
n w n&S f
t ylf u f s;w ny/J
w kd kdJy w fv m
au mf;w , f

အလို၊ ပြောင်းပြန်ကြီးပါလားဟု သူ တွေးမိပြန်သည်။

“မိဆား”

သူ့ခေါ်သံဆုံးတော့ မျက်လုံးပင် လှန်မကြည့်။

“နင် တကယ် ခွဲပစ်တာလား”

“ခွဲတယ်၊ ခွဲတာမှ အကုန်၊ တစ်ခုမှ မကျန်ဘူး”

“ဘုရားရေ”လို့ စိတ်ထဲက တ,မိရ၏။ လင်မယားရန်ဖြစ်သည့်ကိစ္စ မိန်းမသားကစ၍ အိုးခွက်ပန်းကန်၊ ဗီရိုပါမကျန်အောင် ခွဲခြင်းသည် ရှာသမိုင်းတွင် ဒီတစ်ခါ အစပြုခြင်းဖြစ်သည်။ သူ ခေါင်းပူမတတ် ပြဿနာဖြေရှင်းရန် အကြံထုတ်ရပြီ။

“ထားတော့၊ ကွဲဖို့ဆို လွယ်လွယ်မထင်နဲ့။ စာချုပ်တွေ ပါကြလား။ ကလေးမွေးစားတဲ့စာချုပ်က တစ်စောင်၊ လင်မယားကွဲဖို့က စာချုပ်နှစ်စောင်”

သူ့စကားဆုံးတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြ၏။

“မပါဘူး”

ဖြေသံက ပြိုင်တူနီးပါး။

“မပါရင် မိုးလင်းမှ စာချုပ်တွေဝယ်ပြီး ပြန်လာခဲ့ကြ။ ဒီညတော့ ဆိုင်တွေပိတ်လောက်ပြီ”

မိဆားက ဦးဆုံး မတ်နေအောင်ထ,ပြီး ဦးအောင်ထွက်ချသွားပြီ။ ကလေးအား စွေ့စွေ့မျှလှည့်မကြည့်။ ပြီးတော့ လင်ဖြစ်သူက ကောက်ကောက်ပါအောင် ထ,ထွက်ပြန်၏။ ကလေးအား ငဲ့ငဲ့မျှ မကြည့်။

TV ကြည့်နေသည့် ကလေးနှင့် အစ်ကိုလင်မယားသာ ကျန်ရစ်တော့မှ -

“လင်မယားဆိုတာ ဒီလိုပါပဲကွာ၊ သွေးပူနေလို့။ မိုးလင်းရင် စိတ်ပြေသွားမှာ။ ဒီညတော့ ကလေးကို မင်းတို့ လင်မယား ခေါ်ထားလိုက်”

ဇော်ဝမ်းလင်မယားကား စကားပြန်မရဘဲ ကလေးလက်ဆွဲပြီး ခပ်လေးလေး ထွက်သွားမှ သူ သက်ပြင်းချနိုင်သည်။

“တောက်၊ လပ်ကီးမကောင်းလိုက်တာကွာ၊ ငါ့နှယ်။ သူကြီးရာထူးအစ လင်မယားကွဲချင်တဲ့အမှုနဲ့မှ ညားရတယ်လို့”

သူ ညည်းတွားသံအဆုံးမှာ TV ရှေ့က စာရေးဆရာမ ပေါက်စနက ပြုံးပြုံးကြီး လှည့်ကြည့်တော့ လန့်သွားရ၏။ “ဘုရား ဘုရား၊ သူ့ကုန်ကြမ်းမှာ ငါလည်း လွတ်ပါ့မလား”ဟု ရင်ဘတ်အသာဖိရတော့၏။

❑

၃။

ညက အက်ဆေးတစ်ပုဒ် အဆုံးသတ်ရင်း သန်းခေါင်ကျော်သည်မို့ မနက်ခင်း မိုးစင်စင်လင်း၊ ၆ နာရီ မတ်တင်းမှ သူ အိပ်ရာက ထ,နိုင်တော့သည်။ နေပင် အတန်မြင့်ပြီ။ ပြတင်းပေါက်မရှိသော အပေါက် နေရောင်က သူ့အိပ်ရာပေါ် တစ်စွန်းတစ်စကျတော့မှ ထ,ဖြစ်သည်။

ညက ပြဿနာကို အမှတ်ရတော့ ပြုံးချင်ချင်ဖြစ်မိ၏။ ဘယ်ရမလဲ၊ သူကြီးအသစ်ကို လာမစမ်းနဲ့၊ လင်မယားရန်ဖြစ်တာလောက်များ တစ်ညသိပ်လိုက် ပြီးပျောက်။ ငါ့လာ အလုပ်ရှုပ်တဲ့ဟာတွေ ဟင်း။ သည်နှယ် တွေးရင်း မျက်နှာသစ်ရသည်။ ပြီးတော့ ထုံးတမ်းစဉ်လာအတိုင်း။ ဒီလိုအချိန် ဆေးလိပ်လေးဖွာ ဇိမ်ကျရတာက ဘာနဲ့မှ မလဲနိုင်တဲ့ နံနက်ခင်း အရသာလေး။

“ဆရာ…ဆရာ”

အဆက်မပြတ် ခေါ်သံက အိမ်သာနားထိ ရောက်လာခဲ့သည်။

“ဘယ်သူတုံးကွ၊ အလိုက်ကန်းဆိုး မသိတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကောင်တွေ"

သူ ပြန်အသံပြုရင်း စိတ်ထဲ နည်းနည်းတော့ တင်းသွားမိသည်။

"ကျွန်တော်တို့ပါ၊ စာချုပ်တွေ ဝယ်လာခဲ့ပြီ"

ဘုရားရေ မိဆားလင်။ သူ အသံကို ကျက်မိသွားခဲ့သည်။ ညက ပြဿနာက အိမ်သာဝမှာ ပြန်စပြန်လေပြီ။

"လာခဲ့မယ်ကွာ၊ ခဏစောင့်"

ဝေးသွားသည့် ခြေသံက သူ့နားဝမှာ မသက်သာလှ။ ဒီလင်မယားက ဖွဲ့ကောင်းလှသည်။ တစ်ညနှင့် စိတ်မပြေလေတကား။ အချိန်အတော်ကြာ သည်လင်မယား ပြဿနာကို အကြံထုတ်ယူရသည်။

စားပွဲပေါ်က စာချုပ် ၃ စောင်သည် သူ့အား ငုံ့လင့်လျက်ရှိ၏။

"ကိုင်း…သူကြီးမင်း၊ ဘယ့်နှယ်ရှိစ" ဟု သူ့အား မျက်စပစ်ပြနေချေပြီ။

"လင်နဲ့မယားပဲကွာ၊ မင်းတို့ဟာ မဟုတ်သေးပါဘူး။ ကလေးက ရှိသေးတယ်"

သူ လေပြေကလေး စထိုးဖြစ်သည်။

"ကလေးက ပူစရာမရှိဘူး၊ သူ့အစ်ကိုက မွေးစားမှာ"

မိဆား အသံက ပြတ်ပြတ်သားသား ရှိလှချေ၏။ ခက်ချေပြီ။

"နင် တကယ်ပြောတာနော် မိဆား။ လင်မယားကွဲတဲ့ စာချုပ်က ကိုယ်ချင်းနောက်မှ အဆင်ပြေရင် ဖြပ်စ်လိုက်လို့ရတယ်။ ကလေး

ei fw bdf
ADD ksw G udf
t 'JD
Zmw fv r fr ksaw G
jr i Zl
Ml n Zltw , aemf
t 'JD
Zmw Oi cefaw G
a&mu 8i f
r i fo m,
r i fo r Daw G
o em,NfD
ei fw bdf
i Ml w , f
r [ kwfv m,
r q m,q D
t i beJ
½bl b bl pcsu f
x Gfv nc,NfD

မွေးစားဖို့ ပေးတာက စာချုပ်ချုပ်ပြီးလို့ ဒီအိမ်ဝိုင်းထဲက ခြေတစ်လှမ်းစ,တာနဲ့ ပြင်မရဘူး။ စဉ်းစားဦး"

"ကျွန်မတို့ကတော့ စာချုပ်ပြီးတာနဲ့ ပြန်မပေးဘူးနော် သူကြီး။ ပြတ်ပြတ်သားသား တစ်ခါတည်းလုပ်"

သူ့ ခြောက်လုံးကို လင်ညီအစ်မကပါ ဝင်ထောက်တော့ စကားအားက ပိုကောင်းသွားခဲ့သည်။ မိဆားက မဲ့ပြုံးတစ်ချက် ပြုံးချေပြီ။ ပြီးတော့ နှုတ်ခမ်းကို ဖိကိုက်တစ်ချက်ကိုက်၏။ ပြီးမှ-

"စိတ်ချ၊ ပြန်မတောင်းဘူး။ မိဆားတဲ့ တစ်ဆားတည်းရှိတယ်"

သေချာပါ၏။ မိဆားလိုနှစ်ဆားရှိလျှင် တစ်ရွာလုံး ငန်ကုန်နိုင်သည်။

"ဟ၊ နင်တို့ဟာက မလွယ်ပါလား။ ကိုင်း ဘယ်က စ,ဖြစ်ကြတာတုံး၊ ပြော"

"ကျွန်မ အိမ်ခွဲနေဖို့ပြောတယ်၊ မရဘူး။ ကလေးက ကြီးလှပြီ။ အဲဒီရေတင်မြောင်းတံခါးအဖွင့်အပိတ် မလုပ်နဲ့။ လစာက ဘာမှရတာ မဟုတ်ဘူး။ မစားလောက်ဘူးပြောနေတာကြာလှပြီ။ ယောကျ်ားဖြစ်ပြီး သူများသားသမီး ဝ,လင်အောင် ရှာမကျွေးချင်။ လက်ကြောမတင်းမှတော့ ညတာရှည် အိပ်မက်များတာပဲ။ တိုတိုနဲ့ပြတ်တာကောင်းတယ်"

လောကဓံနှင့် သည်လင်မယား အသားမကျသေးသည့် ပြဿနာပေတကားဟု သူ တွေးမိ၏။

"ဒုက္ခပဲ မိဆားရာ နင်နဲ့တော့။ မွေးစားသူ မရှိရင် ဘယ်လိုလုပ်ပ"

"ရှင်းရှင်းပဲ သူတို့မမွေးစားရင် ကျွန်မ တံတားအောက် သွားလွှင့်ပစ်မှာ"

ပြဿနာကား သူ့ခေါင်းအား ကြီးစေပြီ။

"အောင်မာ၊ ငှက်ပျောသီး အခွံနွှာစားတာကျနေတာပဲ လေပေါက်က။ ကိုယ့်သားသမီးဆို နင်ထင်တိုင်းလုပ် ရမှတ်နေလား။ ဥပဒေရှိသေးတယ်၊ နင် ထောင်ကျသွားမှာပေါ့"

သူ့စကားအဆုံးမှာ မိဆားကား မီးဝင်းဝင်းတောက် ပို၍ ငန်တောက်လာခဲ့သည်။

"ကိုယ့်သားသမီးကိုယ် လွှင့်ပစ်တာ ဘယ်သူ့ဘာသွားလုပ်တာမှ မဟုတ်ဘူး။ လာခဲ့စမ်းပါ၊ ကြိုက်တဲ့ ဥပဒေ"

အောင်မာ၊ အောင်မာ၊ ဆားပါး၀,လိုက်တာလို့ သူ တွေးဖြစ်သည်။ မရတော့၊ မိဆားကား ငန်ချင်တိုင်း ငန်ချေပြီ။

"ကိုင်း ဒီလိုလုပ်။ မနက်ဖြန် အုပ်စုရုံးဖွင့်မယ်၊ ငါ ဥက္ကဋ္ဌ ဖုန်းဆက်ထားမယ်။ နင်တို့က တကယ်ဖြစ်နေကြတော့ စာချုပ်မှာ ဥက္ကဋ္ဌ တံဆိပ်တုံးပါမှ ရတော့မှာ။ မနက်ဖြန် ၁၀ နာရီ အုပ်စုရုံးလာခဲ့ကြ"

သူ့ အသံပါ နည်းနည်းမာသွားမိ၏။

"ဒီတင် လုပ်မရဘူးလားတော့"

"မရဘူး၊ လျှာမရှည်နဲ့"

❑

၄။

ညက သူ အုပ်ချုပ်ရေးမှူး နန်းထွေးဆီ မိဆားတို့ကိစ္စ ကြိုပြောထားရသည်။ ကွဲလို့မဖြစ်၊ မင်းရော ငါပါ မိဆားကို အငန်ပေါ့အောင် ရေရောမှ ရမည်ဟု ကြိုဇာတ်တိုက်တော့ အုပ်ချုပ်ရေးမှူး အသစ်ကလေးဆီက ရယ်သံထွက်ချလာသည်။

"ကျွန်တော့် ဆီမှာလည်း အဲဒါမျိုးက ၃ မှုတောင် ရှိတယ်" ဆိုတော့ ဖြစ်ရလေကွာလို့ ပြောရင်း ဖုန်းကို ပိတ်ဖြစ်သည်။ ခုတော့ မိုးစင်စင်လင်းပြီ။ မိဆားနှင့် သူ၏ ဒုတိယည အလွန်။ မိဆားက ၉ နာရီမထိုးမီ သူ့ဆီ ရောက်ချလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

'သူကြီး ဆိုင်ကယ် နောက်က ကျွန်မ လိုက်မှာ၊ အဲဒါတွေ မျက်နှာကို မမြင်ချင်တော့ဘူး'

'ဟဲ့၊ အတူသွားရမှာ ပေါ့ဟ၊ နင့်မလဲ ဒုက္ခ'

'သွားကုန်ကြပြီ၊ ကျွန်မ မလိုက်ချင်လို့ နေခဲ့တာ'

မိဆားက ငန်ဆဲ။ သူ ဆိုင်ကယ်ကိုထုတ်ပြီး လမ်းပေါ် မောင်းထွက်လိုက်ရသည်။ ရုံးသို့ သွားရာလမ်းတစ်လျှောက် သူ နှုတ်ဆိတ်နေလိုက်မိသည်။ မိဆားကလည်း တစ်ခွန်းတစ်ပါဒမျှ မဟ။

❑

၅။

ရုံးအတွင်းဝင်သည်နှင့် အုပ်ချုပ်ရေးမှူးလေး ကိုနန်းထွေးက အပြုံးဝင့်ဝင့်ဖြင့် သူ့အား ကြိုလင့်သည်။

'လာ ဗျို့၊ စာရေးဆရာ'

သူ ရုံးဆီ တစ်ချက်ကြည့်ပြီး မိဆားဘက် ပြန်လှည့်ကာ စူးစူးကြည့်မိသည်။

'ဘယ်မတုံး နင်တို့ဟာတွေ၊ နင်ပြောတော့ သွားပြီဆို မိဆား'

'ကျုပ်ရှေ့တင် ထွက်သွားတာပဲ၊ လမ်းဘယ်နားသေနေကြမှန်း မသိဘူး'

သူ မျက်ခုံးအစုံ မြင့်တက်သွားမိသည်။

'လာတယ်ဗျ၊ စာချုပ်တွေ မေ့လို့ ပြန်အယူသွားကြတာ။ အဲသာထား ဆရာရေ့၊ ရှေ့က မနတို့အမှု အရင်ဖြတ်ရအောင်'

သည်တော့မှ ရုံးထဲ စေ့စေ့စပ်စပ် သေချာကြည့်မိသည်။ ဖိုးချက်မယား သူ့ဝမ်း

a[ mhD
u av ;av ;
t &Gfa&mu f v h
o r Da&v h
ei fac r &i f
u av ;u
b m
ckS r D J
ypf w kef u
ypfk m,Nyfaw mh
ckS
v mn aw mfeY
&Sfu
u Ref t ar
r[ kw f b lv h
ajymcGi f
t JD
a0' emu k
ei fw h
cbh;Ekf b v m,

ကွဲနှမက မျက်နှာမသာမယာနှင့် ငူငူကြီးထိုင်နေတာ မြင်ရသည်။

'နင်က ဘာဖြစ်တာတုံး'

'အိမ်ရောက်ခဲ့သေးတယ်။ မောင်မောင်က ရုံးသွားတယ်ဆိုလို့ ဒီလိုက်လာတာ'

'ထား- ထားတော့၊ ဘာဖြစ်တာတုံး၊ ပြော'

သူ့ အငမ်းမရ အမေးကို ညီမဖြစ်သူက မဖြေ။ ဥက္ကဋ္ဌဆီက 'ပြဿနာက ဒါကြီးပဲ ဆရာရေ့'ဆိုသည့် အသံအဆုံး သူ စားပွဲဆီ လုံးလုံးကြည့်မိသည်။

ဥက္ကဋ္ဌ စားပွဲပေါ်က ပုဆိုးပုံကို လှန်အပြမှာ သူ လန့်ပြီး ကြက်သေ သေသွားမိတော့သည်။

❑

၆။

'ကျွန်တော့်ဆီ အဲဒါကြီးရင်ဘတ်ထဲပွေ့ ရောက်လာတာပဲ ဆရာရေ့'

ဥက္ကဋ္ဌအသံက ရယ်သံဟဟ စွက်နေခဲ့သည်။

'သူ့သား လောက်လေးနဲ့ပစ်တာ ငါကိုယ်တိုင်မြင်လို့ ဆုံးမရအောင် သွားတိုင်တာ၊ မဆုံးမတဲ့အပြင် တိုင်ချင်ရာ တိုင်တဲ့ မစိန်နီက။ အဲသာ မကျေနပ်လို့ ရုံးလာတာ။ ငါ့ကြက်က တိုက်ကြက်၊ ခြေကျိုးသွားပြီ'

သူနှင့်ဥက္ကဋ္ဌ အကြည့်ချင်း ဆုံမိကြ၏။ ဥက္ကဋ္ဌက ရယ်လုလုမျက်နှာနှင့်။ မိဆားတို့ ဇာတ်ကားကြား မိနုကြက်က ကြော်ငြာအရင်ဝင်နှင့်သည်။

❑

၇။

'ဆိုတော့ကာ၊ မိဘပေးစားလို့ နင်တို့ ရကြတာလည်းမဟုတ်ဘူး။ ကိုယ်ကြိုက်လို့ ကိုယ်ယူထားကြတာ။ ကလေးကလည်း ကြီးစပြုပြီ။ ပြီးတော့ မိန်းကလေး။ အလွယ် ကျွန်တော်တော့ မဆုံးဖြတ်စေချင်ဘူး'

ဥက္ကဋ္ဌက ၁၅ မိနစ်သာသာ မိဆားကို ရေထိုးပြီးတော့ ပြောစရာ ကုန်ဟန်နှင့် သူ့ဆီ တစ်ချက်ကြည့်သည်။ ဆရာ ဝင်လို့ရပြီဆိုသည့် သဘော။ သူ မိဆားမျက်နှာ တစ်ချက် အကဲခတ်သည်။ ဒီမျက်နှာက ဥပဒေဆိုတာတွေ တဖွဖွ ရွတ်ပြလို့ရသည့် မျက်နှာမဟုတ်။

'မိဆား'

သူ့ခေါ်သံကို နှုတ်ပြန်မထူး။ မျက်လုံးအကြည့်နှင့်သာ ထူးသည်။

'နင် လက်မှတ်ထိုးပြီးတာနဲ့ နင့်သမီးကို မပိုင်တော့ဘူးနော်'

'သိတယ်'

သူ ပြုံးလိုက်မိသလို ရှိ၏။

'ပြီးတော့ နင်တို့ လင်မယား အပြီးကွဲသည်ဖြစ်စေ၊ ပြန်ပေါင်းသည်ဖြစ်စေ သေချာတာက နင်တို့သမီးကို နင်တို့ ပြန်မရတော့ဘူး'

'သေချာတယ်။ ကျွန်မတို့ကလည်း စာချုပ်နဲ့ မွေးပြီးမှတော့ မပေးနိုင်ဘူး'

ဇော်ဝမ်းမယား မိဆား လင်ညီအစ်မက သွက်သွက်လက်လက် စကားထောက်၏။

'နင်တို့ သမီးက ကြီးလာပါပြီတဲ့၊ အရွယ်ရောက်ပြီဆိုပါတော့၊ ထားပါ၊ မွေးစားမယ့်သူက ဦးလေးအရင်းဆိုတော့ မဟုတ်မဟတ်တော့ တွေးစရာမလိုဘူး။ ဒါပေမဲ့'

မိဆားမျက်နှာ အမာလျော့ကျသွားတာ မြင်ရသည်။ ပြီးတော့ စိတ်ဝင်စားဟန် ပြလာသည်။

'ကလေးက အရွယ်ရောက်လို့ နင်တို့ သူ့ကို စွန့်ပစ်ခဲ့တာသိပြီးရင် စိတ်အကြီးအကျယ် နာမှာတော့ သေချာတယ်။ ပြီးတော့ အဖေလို့၊ အမေလို့ သူ ခေါ်ချင်မှ ခေါ်မယ်နော်'

မိဆား အင်းအဲမလှုပ်၊ အရည်ပျော်စပြုပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ကလေးက ချစ်ဖို့လည်း ကောင်းလာမယ်။ အဲဒီတော့မှ ညည်းတို့က သမီးလို့ခေါ်ရင် ကလေးက လှည့်ကြည့်ချင်မှ ကြည့်မှာ"

မိဆား မျက်ရည်တွေ ဝိုင်းစပြုချေပြီ။

"နင်တို့ ဗီဒီယိုတွေထဲမှာ အဲဒီဇာတ်လမ်းမျိုးတွေ မြင်ဖူးကြည့်ဖူးတယ်နော်။ အဲဒီဇာတ်ဝင်ခန်းတွေရောက်ရင် မင်းသား မင်းသမီးတွေ သနားပြီး နင်တို့ ငိုကြတယ်မဟုတ်လား"

မိဆားဆီက အင့်ခနဲ ရှိုက်သံတစ်ချက် ထွက်လာခဲ့ပြီ။

"အေး၊ အဲဒါကဇာတ်လမ်း။ အဲဒီလိုဇာတ်လမ်းမှာတောင် နင်တို့ ခံစားရသေးရင် ဒီတစ်ခါ အဲဒီနေရာမှာ နင်တို့ကိုယ်တိုင် သရုပ်ဆောင်ရမှာနော်"

မိဆားဆီက အစ်အစ်ပါငိုသံ ထွက်လာခဲ့သည်။

"ဟောဒီ ကလေးလေး အရွယ်ရောက်လို့ သမီးရေလို့ နင်ခေါ်မိရင် ကလေးက ဘာခုမှ သမီးလဲ၊ ပစ်တုန်းက ပစ်ထားပြီးတော့။ ခုမှလာမတော်နဲ့၊ ရှင်က ကျွန်မအမေ မဟုတ်ဘူးလို့ ပြောခဲ့ရင် အဲဒီဝေဒနာကို နင်တို့ ခံစားနိုင်သလား"

"အဟင့်- အဟင့် ဟီး"

မျက်နှာလက်ဝါးနှင့်အုပ်၍ ငိုသံအဆုံးမှာ မိဆား အရည်ပျော်ကျသွားခဲ့သည်။ မိဆားလင် စန်းဗိုလ်က "လာပြန်မယ်"ဆိုတော့ နှုတ်ပင်မဆက်ကြ။ ဥက္ကဌစားပွဲပေါ်တွင် စာချုပ် ၃ စောင်ကသာ…။

"ပိုင်ချက်ကတော့ ဆရာရယ်၊ စာရေးဆရာ ပီသပါပေ့ဗျာ"

နန်းထွေး အသံက ရယ်ဟဟရှိသည့်တိုင် မရွှင်။

"ကျွန်မကတော့ ဇာတ်ကားကြည့်နေရသလိုပဲ"

ဥက္ကဋ္ဌကတော်ဆီက အသံကလည်း တိုးဖျော့ဖျော့နိုင်လှသည်။ အပြင်တွင် ဖွဲဖွဲလေးကျလာသော မိုးရေစက်တွေကို သူ ငေးနေမိသည်။ သူကိုယ်တိုင် ဒီလိုနေ့မျိုး တစ်နေ့ကို သမီးငယ်ငယ်က တစ်ခါကြုံလုလုနီးနီး ဖြစ်ခဲ့ရဖူးသည်ကို သတိရမိစဉ်…။

❑

၈။

တစ်ပတ်လောက် အကြာမှာ မ·ယ·က ရုံးရှေ့က လက်ဖက်ရည်ဆိုင် သူထိုင်နေစဉ် ရွေးကောက်ပွဲပြီးကတည်းက မတွေ့ဖြစ်တာ အတော်ကြာပြီဖြစ်သည့် တိုင်း (၁) အမတ်က သူ့ကိုမြင်တော့ ကားပေါ်မှ ဆင်းချလာခဲ့သည်။

"အလို သူကြီးမင်း"

"ထိုင်ဗျာ အမတ်ကြီး"

စကားအဆုံးမှာ ပြိုင်တူရယ်ဖြစ်ကြသည်။

"ဆရာ နေကောင်းရဲ့လား"

"ကောင်းပါတယ်"

အမတ်က စားပွဲထိုးလေးကို ပေါ့ဆိမ့်နှစ်ခွက်ဟု မှာရင်း ရေနွေးကြမ်းပန်းကန်တွေ ဆေးရင်း "ဘယ့်နှယ်တုံး၊ ရွာရပ်အခြေအနေတွေ" ဟု မေးစဉ် သူ ပြုံးနေမိသေးသည်။

မိဆားတို့အကြောင်း ပြောပြီး စကားစ အသတ်မှာ အမတ်ဆီက ရယ်သံတစ်ချက်ထွက်ပြီး ၎င်းလက်စ ရေနွေးကြမ်းက ခွက်ဘေးစဉ်ကျသွားတော့၏။

■

**အောင်ဖြိုးကျော်၊ပခုက္ကူ**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# မှန်ပြတင်းတစ်ဝင်းဖြင့်

နှင်းနိုင်

၁။

လမ်းကြားထဲသို့
ကားကို ချိုးကွေ့လိုက်စဉ်
အုပ်ချုပ်ရေးမှူး
ဦးမြမောင်က လမ်းပေါ်မှ
လက်ပြတားနေ၍ ကားကို
အရှိန်လျှော့လိုက်ရသည်။
မှန်တံခါး အောက်ချပြီး
ခေါင်းပြူကြည့်လိုက်
သောအခါ "ကိုသက်နိုင်ရေ၊
ခရီးရောက်မဆိုက်
ပြောရမှာတော့
အားနာတယ်ဗျာ၊
ခင်ဗျားကောင်လေးတွေ
ခင်ဗျားခရီးသွားနေတုန်း
အကြီးအကျယ် ရန်ဖြစ်ကြတယ်။
ဘာကြောင့်လဲလို့
မေးတော့လည်း မဖြေဘူး။
ခင်ဗျားညီ ဖိုးစီကလည်း
အူတူတူဆိုတော့
သူလည်း ဒီကိစ္စကို
မဖြေရှင်းနိုင်ဘူး။
အဲဒါနဲ့
ကျုပ်တို့လူကြီးတွေပဲ
ရပ်ကွက်ရုံး
ခေါ်ရှင်းပေးလိုက်ရတယ်။
လောလောဆယ်တော့
ပြဿနာက အေးသွားပါတယ်။
ဒါပေမဲ့ ကောင်လေး
နှစ်ယောက်ကတော့
တစ်ယောက်နဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ရန် စောင်နေကြတုန်းပဲဗျ။ ခင်ဗျားလည်း ဂုဏ်သရေရှိ လူကြီးတစ်ယောက်ဆိုတော့ ခင်ဗျားသိက္ခာကျမှာစိုးလို့ အသိပေးထားတာပါ'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'

ကျွန်တော့်ရင်သည် ရှမ်းပြည်မှ ပြန်လာခဲ့သည့် လမ်းတစ်လျှောက် ချမ်းမြေ့ကြည်နူးနေခဲ့သည်မှာ အမှန်ပါ။ ခုတော့ ရွာတော့မည့် မိုးလို ချက်ချင်း အုံ့မှိုင်းသွားခဲ့ရပါတော့သည်။

ကားကို အဆောင်ရှေ့တွင် မရပ်တော့ဘဲ ခြေရင်းဘက်မှ ကွေ့၍ နောက်ဘက်ရှိ အိမ်သို့ တန်းမောင်းလာခဲ့သည်။ ကျွန်တော် ကားရပ်ပြီး ကားပေါ်မှ ဆင်းသောအခါ ဖိုးစီ အိမ်ထဲမှပြေးထွက်လာသည်။ ကျွန်တော့် ခရီးသွား ဝန်စည်စလယ်တွေကို မနိုင်မနင်း သယ်ဖို့လုပ်သည်။ ထိုအချိန် အဆောင်မှချာတိတ်တွေ ပြေးထွက်လာပြီး-

'ဟာ လေးလေး ပြန်ရောက်လာပြီ။ လာဟေ့၊ လေးလေး ဝန်စည်စလယ်တွေ ကူသယ်ပေးရအောင်၊ လေးလေး ကျွန်တော်တို့ဖို့ ရှမ်းပြည်ပြန် လက်ဆောင်တွေ ပါတယ်မဟုတ်လား'

ကျွန်တော်လည်း ကြည်စင် ဝင်းပနေသည့် သူတို့လေးတွေ မျက်နှာကြည့်ပြီး ပြောချင်သည့် စကားကို မျိုသိပ်ပြီး တံတွေးတစ်ချက်ကို မျိုချလိုက်ရသည်။

'အေးပါကွာ၊ ပါလာပါတယ်။ ထုံးစံအတိုင်း ဝတ္တရားတော့ ဘယ်အပျက်ခံပါ့မလဲ၊ ပြီးရင် လာယူကြလေ'

'ဟုတ်ကဲ့ လေးလေး'

❑

ကျွန်တော် ဆက်တီခုံပေါ် ထိုင်ပြီးတာနှင့်-

'ဖိုးစီ၊ ငါသွားတုန်း ဘယ်လိုဖြစ်ရတာတုံး။ ဒီကလေးတွေကို ခဏတောင် မင်း မထိန်းနိုင်ဘူးလား။ ရပ်ကွက်ရုံးတောင် ရောက်တယ်ဆိုတော့ တော်တော်လေးတော့ လွန်တယ်။ ဒီဘော်ဒါဆောင်တွေ၊ ကမ်းနားက ပွဲရုံတွေဟာ မင်းပိုင်တဲ့ ပစ္စည်းတွေနော်။ ငါက မင်းကိုယ်စား လုပ်ပေးနေရတာ။ တစ်နေ့ မင်းလက်ထဲကို ငါလွှဲပေးတော့မယ်ဆိုတာ မင်းသိသိကြီးနဲ့ကွာ'

'အစ်ကိုကြီးရယ် ဒီလိုမပြောပါနဲ့။ ဒီပစ္စည်းတွေ ကျွန်တော့် စိတ်ထဲ မရှိပါဘူး။ ခုကိစ္စက ကျွန်တော် ဒီချာတိတ်တွေကို ဝင်တားပါတယ်။ ဘယ်လိုမှ တားမရလို့ ရပ်ကျော်ရွာကျော် ဖြစ်သွားတာပါ'

ဖိုးစီက ပြောရင်းမှ ငိုမဲ့မဲ့ဖြစ်လာသည်။ ဒီလို စိတ်သဘောထားနူးညံ့ပြီး ရိုးကြောင်ကြောင် ကျုပ်မပြည့်သည့်ပုံစံမို့ ကျွန်တော် ရင်လေးနေရပါသည်။ ကျွန်တော် ရှေ့လျှောက်မည့် ဘဝလမ်းမှာ နောင့်နှေးလေးဖင့်နေရခြင်းဖြစ်သည်။

'အေး၊ ဒီလိုရန်ဖြစ်ကြတဲ့ ကောင်တွေက ဘယ်သူတွေတုံး'

'ပြည့်စုံနဲ့ ရဲနောင်ပါ'

ကောင်းကြရောပေါ့။ ဒီချာတိတ်နှစ်ယောက်မှာ ညီအစ်ကိုအရင်းလို ချစ်ကြသည့် သူတွေ။ ပြီးတော့ ကျွန်တော် ယုံကြည်စိတ်အချရဆုံး။ ပြောရလျှင် ကျွန်တော် သံယောဇဉ် အရှိဆုံး ချာတိတ်နှစ်ယောက်။ ခုတော့ ဒီချာတိတ်နှစ်ယောက်က-

'ဒါနဲ့ ဖိုးစီ သူတို့ နှစ်ယောက်က ဘာကိစ္စနဲ့ ရန်ဖြစ်ကြတာလဲ၊ ရည်းစားကိစ္စလား'

မေးမယ့်သာ မေးရတာပါ။ တကယ်ကျ ချာတိတ်နှစ်ယောက်မှာ ရည်းစားသနာရှိသည်ဟု မကြားမိပါ။ အကယ်တန္တု ရည်းစားရှိသည်ပဲထား မိန်းကလေးတစ်ယောက်ကို နှစ်ယောက်ပြိုင်ကြိုက်မိကြ၍ ရန်ဖြစ်ကြသည် ဆိုသည်မှာ ယုတ္တိတန်လွန်းသည်။

'ဖိုးစီ၊ ဘယ်လိုဖြစ်တာလဲ ငါမေးနေတယ်လေ'

ဖိုးစီလည်း ကျွန်တော့်ကို ကြောင်စီစီ မျက်နှာပေးနှင့် ကြည့်နေပါသည်။

'အဲဒါကို မေးလို့မရတာပါ အစ်ကိုကြီး။ ကျွန်တော်နဲ့ သူတို့က အရွယ်ချင်း မတိမ်းမယိမ်းမို့လို့ မေးတာ မပြောချင်ဘူးဘဲထား၊ ရပ်ကွက်လူကြီးတွေ မေးတော့လည်း မပြောဘူး။ အဲဒါကို ကျွန်တော်လည်း ခေါင်းစားနေတာ။ ဘာကိစ္စကြောင့် ရန်ဖြစ်မှန်းကို မသိဘူး'

ကျွန်တော် နေရာမှ ချက်ချင်းထပြီး အဆောင်ဘက် လျှောက်လာခဲ့သည်။ ဧည့်ဆောင်ထဲရောက်တော့ သန်းထိုက်ဆိုသည့် ချာတိတ်ကို တွေ့သဖြင့်-

'သန်းထိုက် ဟိုရန်ဖြစ်တဲ့ နှစ်ယောက်ကို ခေါ်ခဲ့စမ်းပါ'

ဟု တင်းတင်းမာမာ ပြောဖြစ်သည်။ သန်းထိုက် ထွက်သွားပြီး တစ်အောင့်လောက်ကြာမှ ပြည့်စုံနှင့် ရဲနောင်တို့ တရွတ်ဆွဲနေသည့် ခြေလေးတွေနှင့် ရောက်လာသည်။ ကျွန်တော့်ရှေ့က ဆက်တီခုံမှာ ခပ်ယို့ယို့ဝင်ထိုင်ကြသည်။

'ငါ တော်တော် ဝမ်းနည်းတယ်ကွာ သိလား။ မင်းတို့ကို စီးပွားရေးအရ ဘော်ဒါဆောင်ဖွင့်ပြီး လက်ခံထားတယ်ဆိုပေမဲ့ မင်းတို့ကို ငါ့ မိသားစုတွေလို၊ ငါ့တူငါ့သားတွေလို သဘောထားတာပါ။ မင်းတို့ကို သံယောဇဉ်အရှိဆုံးဆိုတာလည်း မင်းတို့ သိပြီးသား။ ဒါတောင်မှ မင်းတို့'

ပြောရင်းမှ ကျွန်တော့် စကားသံတို့က ထွက်မလာ။ တိမ်ပျောက် တိုးဝင်သွားသည်။ သူတို့နှစ်ယောက် ကျွန်တော့်ကို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်ပြီး ချက်ချင်း ခေါင်းပြန်ငုံ့သွားကြသည်။

ခဏကြာမှ-

'ကျွန်တော် မှားသွားပါတယ်'

ရဲနောင်က တောင်းပန်စကားကို ခပ်တိုးတိုး စ,ဆိုပါသည်။

'ကျွန်တော်လည်း မှားသွားပါတယ် လေးလေး။ ရုတ်တရက်ဆိုတော့ အရင် စိတ်အခံနဲ့ ဘယ်လိုဒေါသတွေ လွတ်ပေါက်ကွဲသွားတယ် မသိဘူး'

ပြည့်စုံကပါ နောင်တရစကားကို သွက်သွက်ဆိုလာ



www.burmeseclassic.com

www.burmeseclassic.com

ပါလေတော့သည်။ ထိုရောအခါ ကျွန်တော် သက်ပြင်းမောတစ်ခုကို ချဖြစ်ပါသည်။

‘ဟုတ်ပါပြီ။ ကဲ ဘယ်လိုကြောင့် ဒီလောက်ထိ ဖြစ်ရတာလဲဆိုတာ ရှင်းပါဦး’

ရဲနောင်က ဖျတ်ခနဲ ပြည့်စုံကို လှမ်းကြည့်ပါသည်။ ပြည်စုံက ဘာမျှ မပြော၊ တုဏှိဘောပုံစံနှင့် တုံ့ပြန်သောအခါ -

‘တမြန်နေ့က ပြည့်စုံ ကျောင်းသွားနေတုန်း အဆောင်ကို လူကြီးတစ်ယောက် ရောက်လာပါတယ်။ သူ့ပုံစံက စုတ်ချာချာနဲ့ဆိုတော့’

ပြည့်စုံက ဆတ်ခနဲ လှမ်းကြည့်သဖြင့် ရဲနောင် စကားမဆက်ဘဲ တန်းလန်းရပ်နေသည်။ ပြည့်စုံ ဘာမျှ မပြောမှ -

‘အဲဒီလူကြီးက သူ့ကိုယ်သူ မိတ်ဆက်ပြီး ပြည့်စုံ အဖေလို့ ပြောတယ်။ ပြည့်စုံကို တွေ့ချင်လို့လို့ ပြောတယ်၊ ပြီးတော့’

ရဲနောင် ပြည့်စုံမျက်နှာကို လှမ်းကြည့်ပြန်သည်။ ပြီးမှ -

‘သူက ခုမှ ထောင်က ထွက်လာတာတဲ့။ သူ့သားနဲ့ တွေ့ချင်လွန်းလို့ လာခဲ့ရတာပါတဲ့။ အဲဒါနဲ့ ကျွန်တော်လည်း ပြည့်စုံ ကျောင်းက ပြန်လာတော့ မင်းအဖေ ထောင်ထွက်က မင်းကို ဧည့်လာတွေ့တယ်၊ စားစရာတွေ အစုံပဲ ပါတယ်၊ ဘာညာနဲ့ ပေါက်ကရတွေ လျှောက်ရှီးလိုက်တာ ပြည့်စုံ အနာပေါ် တုတ်နဲ့ရိုက်သလိုဖြစ်သွားခဲ့တယ်။ အမှန်က ကျွန်တော် သူ့ကို ပျော်စေချင်ခဲ့တာပါ။ ကျွန်တော့်လုပ်ရပ် မှားသွားလို့၊ သူ ရုတ်တရက် ဒေါသထွက်ပြီး တုံ့ပြန်လို့ တုတ်တပြက် ဓားတပြက်နဲ့ ခုလို အုတ်အော်သောင်းတင်း ဖြစ်သွားတာပါ’

ရဲနောင်က နောင်တရစကားကို အမှန်ဆိုသည်ဟု ထင်ပါသည်။ ထိုအတွက် ပြည့်စုံလည်း ခွင့်လွှတ်ချင်စိတ် ပေါက်လာဟန်တူပါသည်။ ဒီကောက်ချက်က ကျွန်တော် လိုရာဆွဲတွေးသည့် အတွေးတစ်စလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

‘အေး၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့က တစ်ဆောင်တည်းနေတဲ့ သူငယ်ချင်းတွေ။ ငါ ခံယူချက်အရပြောရရင် ရေးရေစက်ဆိုတဲ့ ကံအကြောင်းအရ နားခိုရာ ဘော်ဒါဆောင်ဆိုတဲ့ မိသားစု အိမ်ကြီးတစ်အိမ်မှာ သူငယ်ချင်းမိသားစုတွေ လာဖြစ်ရတာ။ ဘာလို့ ဒေါသတရားတွေနဲ့ ရှင်းချင်ကြတာလဲ။ မင်းတို့ နှစ်ယောက်အကြောင်းကို ငါသိပြီးသားနော်’

‘ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ မှားသွားပါတယ်။ ခုလည်း ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်ဖို့ တောင်းပန်ပြီးပါပြီ။ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ တောင်းပန်ပါတယ် လေးလေး’

နှစ်ယောက်သား ကြမ်းပြင်၌ ကျုံ့ကျုံ့လေးထိုင်ပြီး ရှိခိုးတောင်းပန်နေကြသည်။

တူ၊ သား အရင်းလို မေတ္တာတွေ မျှဝေနေသည့် ကျွန်တော်က ကြာကြာစိတ်မဆိုးရက်ပါ။ ဘယ်လိုအမုန်းနှင့် တင်းခံနိုင်မည်ပါလိမ့်။ နောက်ဆုံးကျ ကျွန်တော်ပဲ ခွင့်လွှတ်လိုက်ရပါတော့သည်။ ထို့နောက် ကျွန်တော်လည်း အိမ်သို့ ပြန်လာခဲ့ပါသည်။ ဒီနေရာမှာ စာရှုသူက မေးကောင်း မေးနိုင်ပါသည်။ အဆောင်စည်းကမ်းအရ ရန်ဖြစ်လျှင် အဆောင်က ထုတ်ပယ်သည်ပဲထား၊ ပိုက်ဆံပေးပြီး ဘော်ဒါဆောင် လာနေတာပဲ၊ ဒီအဆောင်မနေရလည်း တခြားအဆောင် သွားနေရင်လည်းဖြစ်တာပဲ။ ပိုက်ဆံပေးရင် ကြိုက်တဲ့ အဆောင် နေလို့ရတယ်ပေါ့။ သူတို့ဘာကြောင့် ကျွန်တော့်ကို ခယယ တောင်းပန်ပြီး ကျွန်တော့် ဘော်ဒါဆောင်မှာ နေချင်ကြတာပါလိမ့်။

❑

၂။

ပြည့်စုံကို ကျွန်တော့် ဘော်ဒါဆောင်သို့ သူ့အဘွားလိုက်အပ်တော့ ပြည့်စုံ ပုံစံက စိတ်ရောဂါဝေဒနာရှင်လို၊ ဆေးစွဲနေသည့် လူငယ်တစ်ယောက်လို ငေးငေးငူငူ၊ ပြောချင်ရာပြော ဦးတည်ချက်မရှိ။ ကျွန်တော်က -

‘ဖြစ်ပါ့မလား အဒေါ်’

ဟု စိုးရွံ့ရွံ့ အနေအထားဖြင့် မှတ်ချက်ပြု ပြောသောအခါ ပြည့်စုံအဘွား ဒေါ်ကြည်တင်က မျက်ကလဲဆန်ပျာဖြင့် တောင်းပန်ရှာပါသည်။

‘ဟို မငြင်းပါနဲ့ ငါ့တူရယ်၊ အဒေါ် တောင်းပန်ပါတယ်။ မြေးလေးပုံစံနဲ့က ငါ့တူလို ဘော်ဒါဆောင်မှူးမျိုးရှိတဲ့ အဆောင်မှ အဆင်ပြေမှာမို့ပါ’

ကျွန်တော် ခေါင်းခါမိသည်။

‘အဒေါ်ရယ် အဲဒီလိုချည်းလည်း မဟုတ်ပါဘူး။ တက္ကသိုလ် ဘော်ဒါဆောင်အားလုံးက စည်းကမ်းရှိကြတာချည်းပါပဲ’

‘တက္ကသိုလ်ဘော်ဒါဆောင်အားလုံးက စည်းကမ်းရှိတယ်ဆိုတာ အဒေါ်မငြင်းပါဘူး။ ဒါပေမဲ့ မတူဘူး ငါ့တူ။ ငါ့တူ ဘော်ဒါဆောင်ကိုက နားခိုရာလေ၊ အဆောင်နေတဲ့ ကျောင်းသားလေးတွေကို မိသားစုလို ညီအစ်ကိုရင်းချာလို နွေးထွေးတဲ့မေတ္တာတွေ ပေးဝေပြီး မှန်ကန်တဲ့လမ်းကြောင်းကို ညွှန်ပြတာ ကလား။ မငြင်းလိုက်ပါနဲ့ ငါ့တူရယ်’

ပြည့်စုံအဘွား ဒေါ်ကြည်တင်ကတော့ ကျွန်တော့်ကို သာသာထိုးထိုး မြှောက်ပင့်ပြီး သူ့မြေးကို ကျွန်တော့် ဘော်ဒါဆောင်မှာ လက်ခံရန် အခန်းငှားနေလေပြီ။ တကယ်ကျ မစွမ်းရင်းရှိသည့် ကျွန်တော်က ဒီလို စရိုက်မျိုးရှိသည့် လူငယ်တွေကို စိတ်ဝင်စားသည်။ ဒီလို လူငယ်မျိုးတွေကိုမှ ပြုပြင်ပဲ့ကိုင်ပေးချင်မိသည်။ လူငယ်ဆိုတာ အနာဂတ်၏ သားကောင်းရတနာတစ်ပါးမဟုတ်ပါလား။ အနာဂတ်၏ ကြယ်တစ်ပွင့်။

‘ဟုတ်ပါပြီ အဒေါ်ရယ်၊ ကျွန်တော် အဒေါ့်မြေးကို လက်ခံပါ့မယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်အဒေါ်။



www.burmeseclassic.com

www.burmeseclassic.com

အဒေါ်မြေးအကြောင်းကိုတော့ ကျွန်တော့်ကို သေသေချာချာ ပြောပြထားဖို့တော့ လိုတယ်"

"အို ပြောပြပါ့မယ် ငါ့တူရယ်၊ အဒေါ်မြေးက"

ပြည့်စုံ၏ ဘဝက စိတ်ဝင်စားစရာတော့ အတန်ကောင်းပါသည်။ ဒါပေမဲ့ အထူးအခြားကြီးတော့မဟုတ်ပါ။ ပြည့်စုံဘဝလိုအဖြစ်မျိုးတွေ တခြားသူတွေမှာလည်းရှိကြပါသည်။ ပြည့်စုံက မိဘမေတ္တာငတ်မွတ်နေသည့် လူငယ်လေးပါ။ သူ၏အဖေနှင့် အမေက သူငယ်ငယ်ကတည်းက ကွဲကွာနေကြသည်ဟုသိရသည်။ ပြည့်စုံ အဖေက လူပေါ်ကြော့၊ သောက်သောက်စားစား သမား၊ အမေဖြစ်သူက အရမ်းချမ်းသာချင်သည့်သူ။ ဒီတွင် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ကာ သူ့မိဘနှစ်ပါး ကလေးတစ်ယောက်ရပြီးချိန်တွင် ကိုယ့်လမ်းကိုယ်ဖောက်ခဲ့ကြခြင်းဖြစ်သည်။ နို့ဂုံးကမွတ် ဆိုရသော် အရွယ်မရောက်သေးသော ပြည့်စုံခမျာ ရပ်ရွာထဲတွင် အတန်အသင့် ကြေးရတတ်ဖြစ်သော (သူ့အမေ၏အမေ) သူ့အဘွားဒေါ်ကြည်တင်နှင့် အတူနေထိုင် ကြီးပြင်းခဲ့ရပြီး အခြားသူများနှင့် ရောရောနှောနှော မနေဘဲ တစ်ယောက်ထီးတည်း ကြီးပြင်းခဲ့ရသတတ်။

ရဲနောင်ကတော့ ပြည့်စုံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ရဲနောင်ကို သူ့ဦးလေး ကိုထွန်းကျော် လာအပ်တော့ ကျွန်တော် ရဲနောင်ကို ကောင်းကောင်း အကဲစမ်းမိသည်။

"မင်းက ငါ့အဆောင်မှာ နေချင်စိတ်ရှိလို့လား"

"နေသင့်ရင်တော့ နေမှာပေါ့"

ပြောပေါက်။ ဒီကတည်းက ရဲနောင်ပုံစံက ထောင့်မကျိုးမှန်း သိသာလွန်းခဲ့ပါသည်။ လူကြီးသူမတွေကို ရိုသေကိုင်းရှိုင်းရမှန်း မသိ။ ကျွန်တော့်ရှေ့ ဆက်တီခုံမှာ ထိုင်ပြီး ခြေကလိမ်ချိတ်ထိုင်ကာ ဒူးနန့်နေသည်။ ပါးစပ်ကလည်း သီချင်းတစ်ပုဒ်တေးသွားကို လိုက်ညည်းနေသည်။ နားတွင် နားကြပ်တန်းလန်း။ ဒီကတည်းက ကျွန်တော် ပြုံးမိပါသည်။

"လာပြန်ပြီဟ အကွက်ဆန်းကလေး" ဟု။

ရဲနောင် မိဘတွေက ချမ်းသာကြပါသည်။ သို့ပေမဲ့ သူတို့ စီးပွားရေးလုပ်ငန်းတွေနှင့်ပဲ ချာချာလည်နေသည်။ ကြီးပွားချင်စိတ်က အထွတ်အထိပ်။ ဒီတော့ကာ သားဖြစ်သူ ရဲနောင်က အပယ်ခံ။ မြေစာပင်။ ဦးလေးဖြစ်သူ မိသားစုနှင့် နေအိမ်တွင် တစ်ယောက်တည်း အထီးကျန်စွာနေပြီး ဘဝကို ရတာမလိုလိုတာမရနှင့် ဖြတ်သန်းကြီးပြင်းလာခဲ့ရသည်။ သူ့ဦးလေး ကိုထွန်းကျော်က–

"ကိုသက်ခိုင်လို အဆောင်မှူးမျိုးနဲ့မှ ဖြစ်မှာမို့လို့ပါ။ ဒီကောင့်ပုံစံက ကိုသက်ခိုင် မြင်တဲ့အတိုင်းပဲ။ မိဘမေတ္တာ ငတ်မွတ်နေတဲ့ ကလေးပါ။ ကျွန်တော်လည်း ကျွန်တော်တို့မြို့မှာ ပွဲရုံလုပ်ငန်း လုပ်တယ်လေ။ ကိုသက်ခိုင်နဲ့ စီးပွားတူ၊ အကူအညီအများကြီး ပေးနိုင်ပါတယ်" နှင့် အတင်း သူ့တူကို လက်ခံခိုင်းခဲ့သည်။ ဒီလိုနှင့် ရဲနောင်လည်း ကျွန်တော့်ဘော်ဒါဆောင်မှာ အဆောင်နေ တက္ကသိုလ်ကျောင်းသားစာရင်းဝင်တစ်ဦး ဖြစ်ခဲ့ပါသည်။

အစတုန်းကတော့ ကိုင်တွယ်ရ လွယ်မည်ဟု ထင်ခဲ့သည်။ ဒါပေသိ တကယ်လက်တွေ့ကျ သူတို့စရိုက်နှင့်သူတို့ လိမ့်နေသည်။ လူ့စရိုက်ဆိုသည်မှာ ပြင်လို့ရစေအခက်သားကလား။ မိဘမေတ္တာ ငတ်မွတ်နေကြသူချင်းမို့ သူတို့နှစ်ယောက်ကို အခန်းချင်းကပ် ကျွန်တော်ထားခဲ့သည်။ ဒီတွင် ပြဿနာက မကြီးထွားသင့်ဘဲ ကြီးထွားခဲ့ရသည်။ ပြည့်စုံက အေးအေးနေချင်သူ၊ ရဲနောင်က ဆူဆူနေချင်သူ။ ပြည့်စုံက မပွင့်တပွင့်၊ ရဲနောင်က သွက်သွက်လက်လက်။ ဒီတော့ သူတို့ နှစ်ယောက် ကိုယ့်လမ်းကြောင်းနှင့်ကိုယ် လျှောက်ရင်း ခလုတ်တိုက်ကြသည်။ ရန်စောင်ကြသည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီမဖြစ်။ သူတော်ချင်းသတင်းမလွှေ့။ ဒီတော့ အဆုံးသတ် နိဂုံး၌ လူဆိုးစာရင်းဝင် ကလေးနှစ်ယောက်ပါတကား။ နောက်ဆုံး ကျွန်တော် ဆုံးဖြတ်လိုက်သည်။ သူတို့နှစ်ယောက်ကို ကျွန်တော့် တိုက်ခန်းသို့ ခေါ်၍ အေးအေးဆေးဆေး တွေ့ပြီး ကျွန်တော့်တစ်သက် ဘယ်တော့မှမပြောဘူးဟု ဆုံးဖြတ်ထားသော ဘဝကန့်လန့်ကာ တစ်ခုကို လှစ်ဟပြခဲ့ရသည်။

"အေးကွာ၊ ထိုင်ကြပါဦး။ မင်းတို့အကြောင်းကို မင်းတို့အုပ်ထိန်းသူတွေ ပြောပြလို့ အတန်အသင့်တော့ ကိုယ်သိပါတယ်။ မင်းတို့က မိဘမေတ္တာကို ငတ်မွတ်နေတဲ့သူတွေပါ"

ဒီစကားကို ကြားတော့ နှစ်ယောက်စလုံး ရှုံ့ရှုံ့ရွဲရွဲနှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်းတို့ မငြင်းနဲ့၊ ငြင်းဖို့မကြိုးစားနဲ့။ မင်းတို့ မင်းတို့ မိဘတွေကို မုန်းတယ်၊ စိတ်နာတယ်၊ မတွေ့ချင်ဘူး။ ဘယ်လိုပဲပြောပြော မင်းတို့ မသိစိတ်ထဲမှာ မိဘနှစ်ပါးရဲ့ နွေးထွေးတဲ့မေတ္တာ၊ နွေးထွေးတဲ့ အကြင်နာတွေကို မျှော်လင့်နေကြတယ်၊ ငံ့လင့်တောင့်တနေကြတယ်ဆိုတာ မင်းတို့ရဲ့ မျက်လုံး၊ မင်းတို့ အမူအရာတွေမှာ ပေါ်လွင်နေပါတယ်။ ကိုယ် မင်းတို့လို လူငယ်တွေကို အများကြီး ကိုင်တွယ်ခဲ့ပြီးပါပြီ၊ ဟုတ်တယ်မဟုတ်လား"

ကျွန်တော့်စကားဆုံးတော့ နှစ်ယောက်သား မျက်ရည်ဝဲလာကြသည်။ စိတ်သဘောထား နူးညံ့လွယ်သော ပြည့်စုံက မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလာသည်။ စိတ်ကြွပ်ဆတ်သော ရဲနောင်က နှာရည်ယိုရွှဲဖြစ်သည်။

"အေး၊ အဲဒါပဲ။ ယောကျာ်းဆိုတာ ခံစားချက်ကို ဖုံးကွယ်မထားသင့်ဘူး။ ချစ်ပြင်းပြင်း မချစ်တင်းတင်းပေါ့ကွာ။ အေး၊ ပြောရင် ယုံမလားတော့ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

မင်းတို့မှာက အဖေအမေ သက်ရှိထင်ရှား ရှိပါသေးတယ်။ အဖေဘယ်သူ၊ အမေဘယ်သူဆိုတာ သိရသေးတယ်။ မဖြစ်သာလို့ မိတကွဲဖတကွဲ ရောက်ပေမဲ့ အဖေ့မေတ္တာ၊ အမေ့မေတ္တာကို ကိုယ်က ခံယူတတ်ရင် ကြည်နူးခွင့်ရှိသေးတယ်။ ဒါပေမဲ့ ကိုယ့်ဘဝမှာတော့ အဖေဆိုတာ ဖြူသလား မည်းသလား၊ အမေဆိုတာ လှသလား အကျည်းတန်သလား။ အို ကုန်ကုန်ပြောမယ်ကွာ၊ အဖေအမေ နာမည်တောင် မသိခဲ့ရတဲ့ဘဝ။ ကိုယ်ငယ်ငယ်ကတည်းက မိဘနှစ်ပါးက စွန့်ပစ်ခဲ့လို့ ရှမ်းပြည်၊ အေးသာယာမြို့က ဘကကျောင်းမှာ ကြီးပြင်းလာခဲ့ရတာကွ။ ဆရာတော်က မိဘမဲ့ကလေးတွေကို မေတ္တာ၊ ကရုဏာ၊ အကြင်နာတွေနဲ့ သားသမီးတွေလို ပြုစုပျိုးထောင်ပေးခဲ့လို့ တောင်ကြီးမြို့က ကောလိပ်မှာ ကိုယ်ဘွဲ့တစ်ခုရခဲ့တယ်။ ပြီးတော့ ဆရာတော့်ဒကာ ဦးတောက်ထိန်ရဲ့ ကျေးဇူးနဲ့ ကိုယ် ဒီမြို့ကိုရောက်ပြီး ခုလိုဘဝရောက်ခဲ့ရတာ။ မင်းတို့ အစ်ကို၊ ကိုယ့်ညီ ဖိုးစီက ဦးတောက်ထိန်ရဲ့ တစ်ဦးတည်းသောသား။ ဦးလေး ဦးတောက်ထိန် ဆုံးသွားတော့ ကိုယ် ဦးလေး စီးပွားတွေကို ဆက်လုပ်ရင်း ဖိုးစီကို စောင့်ရှောက်လာခဲ့တာ ဒီနေ့ထိပဲ။ မိဘဆိုတာ သက်ရှိထင်ရှားရှိတုန်း ခေါ်ကြ၊ ပြောကြ၊ ချစ်ကြ၊ ရှိသေကြ၊ ပြုစုလုပ်ကျွေးကြ၊ ကျေးဇူးဆပ်ကြပေါ့ကွာ"။ ကျွန်တော့်စကားဆုံးတော့ နှစ်ယောက်သား မျက်ရည်စွေစွေ အပြုံးဝေဝေနှင့် ကျွန်တော့်ကို ထိုင်ကန်တော့လျက်သားတွေ ဖြစ်နေကြပါရော။

❑

၃။

ဒီလိုနှင့် ရာသီစက်ဝန်းတစ်ပတ်လည်၍ ပြည့်စုံနှင့်ရဲနောင်တို့ စာမေးပွဲနောက်ဆုံးရက်ပင်ရောက်ခဲ့ပေပြီ။ ဒီစာမေးပွဲပြီးလျှင် ပြည့်စုံနှင့်ရဲနောင်တို့ ဘွဲ့ယူရပေတော့မည်။ ကာယကံရှင် သူတို့ဆို အဘယ်ဆိုဖွယ်ရာမသိ၊ ကျွန်တော်ကမူ အတိုင်းမသိ ပျော်ရွှင်နေခဲ့သည်။ ဥယျာဉ်မှူးတစ်ယောက်၏ပီတိ။

စာမေးပွဲဖြေပြီး ပြည့်စုံနှင့် ရဲနောင်တို့ အဆောင်ပြန်ရောက်၍ အိမ်ပြန်ကြဖို့ ပြင်ဆင်နေကြစဉ်၊ ဧည့်ဆောင်၌ ဆွတ်ပျံ့လွမ်းလျဖွယ် နှုတ်ဆက်နေကြစဉ် ကျောင်းသားတစ်ယောက်က-

"ဟာ ဟိုမှာ ပြည့်စုံအဘွား၊ ဟော နောက်မှာ အန်တီကြီးတစ်ယောက်နဲ့ အန်ကယ်ကြီးနှစ်ယောက်"

ကျွန်တော်နှင့် ဖိုးစီ အပါအဝင် ပြည့်စုံနှင့် ရဲနောင်တို့ အဆောင်ပေါက်ဝသို့ လှမ်းကြည့်ကြသည်။

"အဘွား"

ပြည့်စုံအော်ပြီး အဘွားဒေါ်ကြည်တင်ထံ ပီဘိကလေးတစ်ယောက်လို ပြေးသွားခဲ့သည်။ သူ့အဘွားက သူ့ကို မက်မက်မောမော ဖက်သည်။ ခဏကြာမှ ကိုယ်ချင်းခွာပြီး နောက်မှ လူကြီး ၃ ယောက်ကို လက်ညှိုးညွှန်ပြီး-

"သား၊ အဲဒါ မင်းအဖေနဲ့ မင်းအမေလင်မယားပဲ"

ပြည့်စုံ ရုတ်တရက်တော့ ကိုယ်ရှိန်သတ်သွားသည်။ ပြီးနောက် ကျွန်တော့်ထံ တစ်ချက်လှမ်းကြည့်ပြီး ပိုင်ပိုင်ဆုံးဖြတ်ချက်ချဟန်တူသည်။

"အဖေ၊ အမေ"

ဟု အော်ပြီး သူ့အဖေ၊ သူ့အမေ၊ သူ့ပထွေးတို့ကို ကျစ်ကျစ်ဖက်သည်။

ပသို့ဆိုစေ ချစ်စရာမြင်ကွင်းတစ်ခုပင် မဟုတ်ပါလား။ ထိုစဉ်-

"ဟာ ရဲနောင်၊ ဟိုမှာ မင်းဦးလေး၊ မင်းအဖေနဲ့ မင်းအမေလည်း ပါလာတယ်"

ဟု ကျောင်းသားတစ်ယောက်က ထ,အော်သဖြင့် ရဲနောင် အဆောင်ရှေ့သို့ စူးစိုက်ကြည့်သည်။ ချက်ချင်းပင်-

"အဖေ၊ အမေ သားကို လာကြိုတယ်နော်၊ ပျော်လိုက်တာ မာတာပိတုတို့ရယ်"

ရဲနောင်ကတော့ သိသည့်အတိုင်း ဘွင်းဘွင်းသမား၊ စိတ်ကြွပ်ဆတ်သူက ဟာသဖောက်၍ မိဘနှစ်ပါးကို ပြေးဖက်သည်။ ကျွန်တော် ပျော်လိုက်သည့်ဖြစ်ခြင်း။ ရင်တွင် အပြုံးပွင့်တို့ အနမတဂ္ဂ။ ကျွန်တော် ရဲနောင်မိဘတွေဆီ ဖုန်းနှင့်ဆက်သွယ်ပြီး သားတစ်ယောက်၏ မိဘမေတ္တာငတ်မွတ်နေပုံကို နားလည်လက်ခံအောင် ရှင်းပြခဲ့ရတာတွေ၊ ပြည့်စုံအမေဆီ ဖုန်းနှင့်ဆက်သွယ်ပြီး အလားတူ ပြောပြခဲ့ရတာတွေ၊ ပြည့်စုံအဖေ အဆောင်ကိုလာပြီး သူ့သားကို ချောင်းနေတာကို တွေ့လို့ ကျွန်တော့် ပွဲရုံ တိုးတိုးတိတ်တိတ် ခေါ်ပြီး သားတစ်ယောက်ဖြစ်ချင်တဲ့၊ ချစ်တတ်တဲ့ သံယောဇဉ် စတာတွေကို ပြောပြ၊ မမောတမ်း ရှင်းပြခဲ့ရတာတွေ ခုတော့ အကျိုးအပွင့်အသီးတွေ ခံစားရပြီပေါ့။ သြော် ပျော်စရာ လူ့ဘဝ။ ကျွန်တော် အပြုံးနှင့် ခေါင်းငိုက်စိုက်ကျသွားပါသည်။ ဒဏ်ရာဟောင်းက အကြောင်းဆိုက်လျှင် လာရောက် တိုက်ခတ်တတ်သော လေပွေလိုပါကလား။

"ကျေးဇူးတင်ပါတယ် ကိုသက်ခိုင်ရယ်။ ကျွန်တော်တို့ အရွေးမှန်သွားပါတယ်။ ကိုသက်ခိုင်လို ဘော်ဒါဆောင်မျိုးတွေ ကျွန်တော်တို့ နိုင်ငံမှာ အများကြီးလိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီတစ်သက် ကျွန်တော်တို့သားရဲ့ မေတ္တာကို တုံ့ပြန်မရတော့ဘူးလို့ မှတ်ယူထားတာ။ ကိုသက်ခိုင် ကျွန်တော့်ဆီ ဆက်သွယ်ပြီး ကျွန်တော်တို့ သားရဲ့ လိုအပ်ချက်၊ ကျွန်တော်တို့မိဘတွေရဲ့ လိုအပ်ချက်တွေကို မိသားစုဝင်တစ်ယောက်လို အသေးစိတ်ဆွေးနွေး အကြံပေးခဲ့လို့၊ ကျွန်တော်တို့ လိုက်နာခဲ့လို့၊ ကျွန်တော်တို့သားကလည်း နားလည်လက်ခံခဲ့လို့ ခုလို နွေးထွေးတဲ့ မိသားစုဘဝလေးကို ရယူပိုင်ဆိုင်ရတာပါ။ ကျေးဇူးအနန္တပါ ကိုသက်ခိုင်"

ရဲနောင်နှင့် ပြည့်စုံ မိဘ

*စာမျက်နှာ(၁၂၃)သို့...*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အမေဆုံးပြီတဲ့။ ဒီမနက်
ဝေလီဝေလင်းကပင်
ဤအမင်္ဂလာသတင်းဆိုးကြီးက
အိမ်တံခါးကို လာခေါက်၏။
ခါတိုင်းလိုဆိုလျှင်
မနက် ရှစ်နာရီတင်းတင်းလောက်မှ
အိပ်ရာထနေကျပါ။ အမေနှင့်
အတူနေသည့် မောင်လေးက
ဖုန်းအကြိမ်ကြိမ်ခေါ်လာသဖြင့်
ဖွင့်ကြည့်လိုက်သောအခါ သတင်းကို
သိလိုက်ရပြီး ပြန်အိပ်၍လည်း
မဖြစ်နိုင်တော့။
ချက်ချင်းသွားရအောင်လည်း…။
ကိုယ့်အကြောင်း ကိုယ်တွေးမိပြီး
သက်ပြင်းသာ အကြိမ်ကြိမ်ချနေမိသည်။
'နာရေးအတွက် လိုတဲ့ငွေ
သုံးလိုက်ပေါ့ကွာ၊ ငါတော့
အားမှာ မဟုတ်ဘူး'

# ပင်မြင့်မျိုး

## လှမြင့်အောင်၊ ဟောင်ကုတ်၊

ကိုကြီးစိုးကို
သတင်းပေးလိုက်သည့်အခါ
အိပ်ရာထက်က မထဘဲ
အိပ်မှုန်စုံမွှားနှင့် စောင်ခေါင်းမြီးခြုံထဲက
ပြန်ပြောသည်။ ဒီကိန်းမျိုး
ဆိုက်လာမည်ကို နဂိုကတည်းက
သိထားပြီးသားမို့
ထူးထူးခြားခြား ခံစားရတာမျိုး
မရှိနိုင်ဟု ကိုယ့်ကိုယ်ကို
ယုံကြည်သည့်ကြားက ရင်မှာ
တစစ်စစ်နှင့် လှိုက်တက်လာသည်။
အိပ်ခန်းထဲက ထွက်ခဲ့ပြီး ဧည့်ခန်းမှာ
ထိုင်နေကြည့်သည်။ တစ်ခုခုပဲ
ထ,လုပ်လိုက်ရတော့မလိုလိုနှင့်
နောက်ဘက် ထွက်လာပြန်၏။
အငယ်ထွေးက စောစောက
ထ,ကာ ထမင်းအိုး တည်နေပြီ။
ဒီနေ့ဆွမ်းပို့ရမည့်အလှူည့်ကို



www.burmeseclassic.com

www.burmeseclassic.com

သတိရသွားပြီး သူ့ကိုရောက် တတ်ရာရာ စကားများပြော နေလျှင် နှောင့်ယှက်ရာကျ မည်ကြောင့် အိမ်ရှေ့ထွက်ဖို့ ပြင်သည်။ ကိုကြီးစိုးရှိရာ အိပ်ခန်းထဲသို့ ပြန်ဝင်သွား လျှင်ကော စကားပြောအဆင် ပြေပါ့မလားဟု တွေးကာ ခြေတုံ့သွားပြန်၏။ ကိုယ့်အိမ် ထဲကိုယ် ခွေးနေရာမရသည့် အဖြစ်မျိုး။ တံခါးပွင့်နေသော အငယ်ထွေး၏ အိပ်ခန်းထဲသို့ တစ်ချက်ငေးကြည့်ပြီး အလို လို ခြေလှမ်းမိလျက်သားဖြစ် သွား၏။ လောလောဆယ် ကိုယ်တစ်ယောက်တည်း နေ ချင်စိတ်သာဖြစ်ပေါ်နေသည်။ ပြီးလျှင် အငယ်ထွေးအခန်းထဲ က အလှပြင်သစ်သားခုံလေး က စိတ်ကိုဆွဲဆောင်သွားတာ လည်းပါသည်။ အဖေ့လက် ရာ အကြွင်းအကျန် မှန်တင်ခုံ ကလေးကို စူးစူးစိုက်စိုက် ကြည့်နေရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာ၏။ ❑

ဤမှန်တင်ခုံကလေး က ကိုယ့်ဘဝသမိုင်းအစဆီ ဆွဲခေါ်သွားနိုင်စွမ်းရှိပါပေ ၏။ ကိုယ့်ဘဝမှာ အမေဆို တာကို မျက်ဝါးထင်ထင် တွေ့ထိ သိမြင်လိုက်ရသည့် တိုင် အချိန်ကြာကြာ ပြည့် ပြည့်ဝဝကြီး မဟုတ်ခဲ့ပါ။ ကိုယ်နှင့် နှစ်နှစ်သာသာ ကလေးမျှ ကွာသည့် မောင် လေးကို မွေးဖွားစဉ် အမေက မီးတွင်းထဲမှာ ဆုံးခဲ့သည်။ အမေသေတုန်းကဆို ဝမ်း နည်းရကောင်းမှန်းတောင် ထင်ထင်ရှားရှား မခံစား တတ်။ သေခြင်းဆိုတာ ရော် ဘာပူဖောင်းမှုတ်သကဲ့သို့

orQ bl/ nB D
v n&i f
x Dpf , f
o mq bl/ m
"mjzpf , f
t ckM n h
i gB
r ckbl
x Bb , f
v rfc&DB
aw mx Gzbl
"m&b , f
i g uf
jyn pkl b aw mif
i gv mu f
r jyn pkl ;

တစ်လုံးကွဲသွားလျှင် နောက် တစ်လုံး ထပ်မှုတ်၍ရသလို ထင်ခဲ့သည်။ အမေအိပ်နေစဉ် လူတစ်အုပ်က ဖျာနှင့် လိပ် ပတ်သိမ်းထုပ်ကာ အဝေးသို့ ယူဆောင်သွားခဲ့သည်ကိုပဲ မှတ်မိသည်။ တကယ်ဆိုလျှင် အမေက ကိုယ့်ကို စောင်နှင့် သိမ်းထုပ်၍ ပုခက်လွှဲသိပ် နေကျမို့ အမေ့ကိုလည်း သူ တို့က ချော့သိပ်နေသည်ပဲ မှတ်နေ၏။ အမေနိုးလာလျှင် မောင်လေးနှင့်အတူ နို့လုစို့ဖို့ ဖွဲနပဲပင်တင်းလျက် အမေ့ ဘေးမှာ တစ်ချိန်လုံး လဲ လျောင်းနေခဲ့သည်။ အမေ့ကို ဖက်အိပ်ဖို့လုပ်သည့်အခါ လူ ကြီးများက ဆွဲထားကြသည်။ အဖေက ခပ်ဝေးဝေးမှာနေ ရင်း အဘယ်သို့ ပျောက်နေခဲ့ သည် မသိခဲ့။ အမေ့ကို လူ များက ဝိုင်းဝန်းသယ်ဆောင် သွားစဉ် အိမ်နားက ကစား ဖော်တစ်ယောက်နှင့်အတူ သကြားလုံးစား ကျန်ရစ်ခဲ့ရ တာပဲ မှတ်မိနေသည်။

ထိုနေ့ကစ၍ အမေ့ကို မမြင်ဖူးတော့။ တော်တော် ကြီးသည်အထိ အမေနှင့်တူ သည့် မိန်းမကြီးများကို လိုက် ကြည့်ရင်း အိပ်မက်ဆိုးများ ကြားမှာ နေ့ညတာရှည်ရှည် ရှင်သန်ခဲ့ရသည်။ အမေ့နေရာ အဖေက မောင်လေးကို နို့ဘူး တိုက်တိုင်း ကိုယ့်ကိုလည်း နို့တစ်ခွက် ဖျော်တိုက်ခဲ့ သည်။ ကစားချိန်မှာ ကစား နေတတ်ခဲ့ပြီ။ ထမင်းစားချိန် ပြန်လာတတ်သည့် အခါ အဖေက ရွာလယ်က ဆွေမျိုး အိမ်ကနေ မောင်လေးနှင့် ကိုယ့်ကို ခေါ်လာကာ ထိုအိမ် က တစ်ပါတည်းယူလာခဲ့ သော ထမင်းချိုင့်ကို ကိုယ့် အိမ်မှာ ဖွင့်စားကြသည်။ ချေး စော်တနံ့နံ့နှင့် အဖေ့ရင်ခွင်မှာ မောင်လေးနှင့်အတူ အိပ်ချင် အိပ်ပစ်တတ်သည်။ နောင် တွင် ရွာလယ်က အိမ်က အမေ့ညီမအိမ်ဟု သိလာရ သည်။ ထမင်းကိုလည်း လပေးစားခြင်းဖြစ်၏။ အဖေ့ အလုပ်၊ အဲဒီ အဖေ့အလုပ်က အဖေ့လက်ဝါးပြင်များကို အဝတ်လျှော်ပြုပ်အသွားများ နှယ် ထူပိန်းကြမ်းရှစေခဲ့ သည်။

မြို့နှင့် ချောင်းတစ်ဖက် ခြားသည့်ရွာမှာ ကိုယ်တို့ ဘဝစ,ခဲ့သည်။ ချောင်းက အတော်ကျယ်သည်။ ဟို ဘက်ကမ်းမှာ ကိုယ့်မိသားစု ဝင်တစ်ဦးဦး ရပ်နေသည်ကို ဒီဘက်ကမ်းက မမှတ်မိနိုင် သည်အထိ ကျယ်၏။ ပြီး လျှင် မိုးရာသီမှာ တောင်ကျ ချောင်းရေ ပြင်းပြင်းထန်ထန် ကျလေ့ရှိသည်။ နွေရာသီဆို ပြန်လျှင်လည်း ပင်လယ်ဒီရေ တက်၍ ဒီအတိုင်းဖြတ်ကူးလို့ မရသည့် ချောင်းမျိုး။ ကိုယ့် ရွာပတ်ဝန်းကျင်မှာ အခြား သောရွာများလည်း ဆယ်ရွာ ခန့် ရှိပါသေးသည်။ ထို့ ကြောင့် မြို့သားများရော၊ ရွာ သားများပါ သာရေးနာရေး ကိစ္စများဖြင့် ချောင်းကို မဖြစ် မနေဖြတ်သန်းဖို့ ကြုံရတတ် သည်။ အဖေက အဆိုပါ ချောင်းကို ကူးချည်သန်းချည် သွားလာရေးမှာ မရှိမဖြစ် လိုအပ်သည့် ကူးတို့ပို့သမား။ အဖေက ဒီဒေသခံမဟုတ်ဘဲ အခြားတစ်နယ်တစ်ကျေးက ရောက်လာပြီး အမေနှင့် တွေ့ဆုံကာ အိမ်ရာထူထောင် ခဲ့ခြင်းဖြစ်သည်။ ကူးတို့ သမားအလုပ်က နွေနွေ၊ မိုး မိုး၊ ဆောင်းဆောင်း နားရ သည် မရှိပါ။ သို့သော် နိစ္စ ဓူဝ ငွေရှင်သည်။ အချို့ လယ်သမားများက တစ်နှစ် တာအတွက် သတ်မှတ်နှုန်း သီးနှံအရေအတွက်ဖြင့် ပေး ပြီး စီးသည်။ ထို့ပြင် ရွာတွေ မှာ ဘုရားပွဲ၊ နတ်ပွဲ၊ ဘုန်း ကြီးပျံ စသည်ဖြစ်လျှင် အကူး အသန်းများသောကြောင့် မြိုးမြိုးမြက်မြက်ရတတ်၏။ ထို့ကြောင့် အဖေ အလုပ်ပင် ပန်းသော်လည်း မိသားစု စားဝတ်နေရေးအတွက် လောက်လောက်လားလား ဖူလုံသည်ဆိုရမည်။ သို့ပေ သည့် လက်လုပ်လက်စား ကူးတို့သမားတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com

စီးပွားတက်ပုံမျိုးကား နောက်ထပ် လှေတစ်စီးတိုးတက်ဝယ်ယူနိုင်ခြင်းသာတည်း။ လှေတစ်ယောက်ထပ်ခေါ်ကာ လှေလှော်ခိုင်းနိုင်သည်ကြောင့် လူအထိုက်အလျောက် သက်သာတာပဲရှိသည်။ ခရီးသည်က ပွားစီးလာစရာအကြောင်းမရှိ။

ဒီလိုနှင့် ကိုယ်က ကျောင်းနေရမည့်အရွယ်ရောက်လာသည်။ နောက်တစ်နှစ်မှာ မောင်လေးကလည်း ကျောင်းနေရတော့မည်။ ဝင်ငွေရှာသူက အဖေတစ်ယောက်တည်း။ သို့သော် အဖေ နောက်မဆုတ်ခဲ့။ သူ့လက်ထက်မှာ အဖေ စာမတတ်၍ ပင်ပန်းသည်ဆိုကာ သားသမီးများကို စာတတ်အောင်သင်မည်ဟု ကြိမ်းဝါးနေခဲ့သည်။

'ဟော့ သမီးဆိုတာ ကြီးလာရင် ထီးဖြစ်မယ်၊ သားဆိုတာ ဓားဖြစ်မယ်။ အခုကြည့် ငါ့မှာ မိုးခိုဖို့ ထီးရှိတယ်၊ လမ်းခရီးမှာ တောထွင်ဖို့ ဓားရှိတယ်။ ငါ့ထက်ပြည့်စုံတဲ့သူတောင် ငါ့လောက်မပြည့်စုံဘူး။ အမိုးလုံတဲ့ ထီးတစ်ချောင်းနဲ့ ထက်မြက်တဲ့ ဓားတစ်လက်ဖြစ်ဖို့ ထောက်ပံ့ပေးရမှာပေါ့'

အခြေအနေအရ သားသမီးကို သေစာရှင်စာလောက်တတ်ရုံသင်ဖို့ အဖေ့ကို တိုက်တွန်းကြသည့် မိတ်ဆွေများကို ပြန်လှန်တွန်းကန်နေကျစကားလုံးများ။ အဖေက သူ့ပြောစကားအတိုင်း တစ်သဝေမတိမ်း အကောင်အထည်ဖော်သည်။ ကိုယ်က ဆယ်တန်းအောင်ပြီ၊ သို့သော် မောင်လေးက ကျောင်းထွက်ခဲ့သည်။ အဖေမှာ ဝမ်းသာတစ်ဝက်၊ စိတ်ပျက်တစ်ခြမ်းနှင့် ချီးမွမ်းကန့်ကျောက်အဖြစ်မျိုး။ မောင်လေးက စာစိတ်မဝင်စားဘဲ တစ်တန်းကို နှစ်နှစ်တက်ဖြင့် ထုံ့ပိုင်းထုံ့ပိုင်း လုပ်ခဲ့သည်ကိုး။ ဒီတော့ ကိုယ်က တက္ကသိုလ်တက်ခဲ့ရသည်။ အဝေးသင်တက္ကသိုလ် မဟုတ်ခဲ့။ နေ့ကျောင်းတက်ကာ ပညာထူးချွန်လျှင် တက္ကသိုလ်ဆရာမ ပြန်လုပ်နိုင်အောင် ကြိုးစားဖို့ အဖေက ရည်ရွယ်သည်။ မောင်လေးက အဖေ့ဆီမှာ လှေထိုးသမားအဖြစ် ကူးပြောင်းသည်။

'ငါ့ သမီးက တက္ကသိုလ်မှာ ဆရာမ ဖြစ်မှာ။ သူငယ်ချင်းတွေ လာရင် မျက်နှာမငယ်ရအောင် သူ့အခန်းနဲ့သူ နေရမယ်၊ မြို့ဘက်ကမ်းက ပရိဘောဂဆိုင်မှာ အလှပြင်စားပွဲ တွေ့ခဲ့တယ် ဟ၊ ဝယ်လို့တော့ မပေးနိုင်ပါဘူး သမီးရယ်။ အခုရက်ပိုင်းမှာ လှေပြင်ဖို့ သစ်တွေဝယ်ရလိမ့်မယ်။ အဲဒီအခါ အလှပြင်စားပွဲခုံတစ်လုံးစာ ပိုဝယ်ပြီး အဖေကိုယ်တိုင် လုပ်ပေးမှာ သိလား၊ ဟား ဟား ဟား ဟား'

အဖေက သူသိသမျှ ဗဟုသုတလေးနှင့် တက္ကသိုလ်ကျောင်းသူ အပျိုဖားဖားကြီးအတွက် မိခင်တစ်ယောက်ကဲ့သို့ ဆောင်ရွက်ပေးသည်။ ဟုတ်တော့လည်း အဟုတ်သား။ ထိုအချိန်က စ၍ အဖေကိုယ်တိုင်ပြုလုပ်သည့် အလှပြင် စားပွဲခုံဖြင့် ကျောင်းပြီးသည်အထိ ဖြတ်သန်းခဲ့ရသည်။ ယခု ဤစားပွဲခုံကလေးမှာ ကိုယ်သနပ်ခါးလိမ်းခဲ့စဉ် လွင့်စဉ်ပေကျံခဲ့သော သနပ်ခါး အစက်အပြောက်များက မပျက်မပြယ် စွန်းထင်းနေတုန်း။

တက္ကသိုလ်နောက်ဆုံးနှစ်လောက်မှာ အဖေ့အတွက် ကြမ္မာငင်လာသည်။ မြို့ဘက်ကမ်းကနေ ရွာဘက်သို့ တံတားကြီးထိုးတော့မည်။ အဖေ့ကူးတို့လှေက အသုံးမဝင်နိုင်တော့ချေ။ ကိုယ်တို့သိတတ်ကတည်းက တစ်သက်တာလုံး နေပူမရှောင်၊ မိုးရွာမရှောင် ကုန်းရုန်းခဲ့ရသည့် ခန္ဓာကိုယ်ခွန်အားများကလည်း ကြွခိုင်မှုယိုယွင်းလာချေပြီ။

'ဘာမှပူစရာမရှိဘူး သမီးရေ၊ မောင်ငယ်ကို အခြားအလုပ်တစ်ခုခု လုပ်ခိုင်းမှာပေါ့။ လှေနှစ်စင်းကို ရောင်းရရင် တစ်နှစ်လောက်တော့ ထိုင်စားလို့ ရတယ် သိလား'

အဖေ့နှစ်သိမ့်စကားက လက်မောင်းကြွက်သားများ ပျဉ်းတွဲကျနေသော အလောင်းစည်သူမင်းကြီး၏ ကြုံးဝါးသံနှယ် ဘေးကကြည့်ရသူများအဖို့ အားမရှိလှ။ မောင်လေးစိတ်ထဲမှာမူ မည်သို့ သဘောထားခံယူသည် မသိပါ။ မကြာမီ လမ်းလုပ်သားအဖြစ် အလုပ်ပြောင်းသွားတော့သည်။

ထိုအခြေအနေမှာ ကိုယ့်ဘက်က မီးစင်ကြည့်ကဖို့ စဉ်းစားလာရတော့သည်။ တက္ကသိုလ်အဆောင်မှာ ညည ခေါင်းချသော်လည်း အိပ်မပျော်ခဲ့။ အမေ့ကို ဖျာလိပ်နှင့် ပတ်ယူသွားသောလူတစ်စုနှင့် မကြာခဏ တွေ့ပြီး ဒေါသတကြီးလိုက်ရင်း မမီမကမ်းဖြစ်ရာမှ မောပြီး ကျန်ရစ်ခဲ့ရသည့် အိပ်မက်ဆိုးများ အထပ်ထပ်။ ကြာတော့ ကျန်းမာရေးပါ ချို့တဲ့လာခဲ့သည်။ ဆေးရုံတက်ရသည်အထိ အခြေအနေဆိုးလာသော်လည်း အဖေ့ကို အကြောင်းကြားဖို့ မဖြစ်နိုင်။ အဖေ့ထီးတစ်ချောင်းက အကြမ်းထည်လောက်မှာတင် ယိမ်းယိုင်ချင်ပါပြီ။ အဖေ့ကိုလား၊ အမေ့ကိုလား၊ နှစ်ယောက်စလုံးကိုလား မသိ။ တမ်းတမ်းတတ ငိုကြွေးမြည်တမ်းခဲ့ရသည့် ငရဲခန်းနေ့ရက်များစွာ။

❑

'အမယ်လေး လန့်လိုက်တာ မမရယ်၊ ဆရာမေးတာနဲ့ ကျွန်မတို့ လိုက်ရှာနေတာ တစ်မနက်လုံးပဲ။ ဖုန်းကိုလည်း ထားခဲ့တယ်ဆိုတော့ အားလုံးခေါင်းခြောက်နေကြတာ။ ဘယ်မှမတွေ့တော့ ဆရာပဲ အပြင်ထွက်သွားလေရဲ့၊ ကျွန်မ အခန်းထဲတော့ ဘယ်တွေးမိပါ့မလဲ။ အခု ဆွမ်းပို့သွားမလို့ အဝတ်လဲဖို့ ဝင်လာခဲ့တာ။ ပြန်ရောက်မှပဲ သန့်ရှင်းရေးလုပ်မယ်။ စောင်တွေ နေပူလှန်းဖို့တော့ တန်းတွေပေါ် တင်ထားပြီ၊ ဘာခိုင်းဦးမလဲဟင် မမ'

အခန်းထဲ ရုတ်တရက်ဝင်လာသော အငယ်ထွေးက အလန့်တကြားနှင့် ရင်ဘတ်ဖိကာ မျက်လုံးအပြူးသားနှင့် ကြည့်လျက်ပြောသည်။ တွေတွေစီးကျနေသော မျက်ရည်များကို လုံချည်စနှင့် သုတ်



www.burmeseclassic.com

www.burmeseclassic.com

ကာ လက်စသိမ်းလိုက်၏။ အပြင်ထွက်ဖို့ ထ,လိုက်တော့ မူးမူးဝေဝေ ဒယီးဒယိုင်။ အငယ်ထွေးက လက်မောင်းကို ဖမ်းထိန်းထားပြီး ထွက်လိုက်လာသည်။ ပေါ်တီကိုရောက်မှ ဖိနပ်စီးဖို့ သတိရပြီး ပြန်အလှည့်၊ အငယ်ထွေးက ဘူးထဲက ဖိနပ်ကို ဖုန်သုတ်ပေးသည်။ ခြံထဲဆင်းလမ်းလျှောက်သည့် ရော်ဘာဖိနပ်ကိုစွပ်လိုက်တော့ အငယ်ထွေး ပါးစပ်အဟောင်းသား။

"ဆရာက နိုင်ငံခြားသားတွေနဲ့ တွေ့စရာရှိလို့တဲ့ မမ၊ ရှေငါးကို သူကိုယ်တိုင်မောင်းသွားတယ်။ စက်ရုံဆီဆက်သွားမှာကြောင့် ညမှ ပြန်လာမယ်တဲ့။ ကျွန်တော့်ကိုတော့ မမခိုင်းစရာရှိမှာကြောင့် ထားရစ်ခဲ့တယ်။ လင်ခရူဇာကို ထုတ်လိုက်မယ်နော် မမ"

ထွန်းမောင်ကို လက်ကာပြလိုက်သည့်အခါ စကားရပ်ပြီး အိုးတိုးအတနှင့် အကဲခတ်နေ၏။

"ဒါ အငယ်ထွေး ဆွမ်းသွားပို့ဖို့ လုပ်ထားတာမဟုတ်လား၊ ကဲ သွားမယ်"

"ဗျာ၊ ဟုတ်"

ထွန်းမောင်က စကားထစ်ထစ်ငေါ့ငေါ့နှင့် ရပ်ထားသည့် ဟိုက်ဂျက်ကားပေါ် ပြေးတက်၏။

စီးနေကျကားထက် နေ့ကွေးသော်လည်း ဒီလိုနေ့မှာ ဒီကားမျိုးနှင့် လိုက်လျောညီထွေရှိပေမည်။ ကားလေးက အဝေးပြေးလမ်းပေါ်မှာ ကိုယ့်စိတ်အစဉ်ကဲ့သို့ပင် လေးလေးပင်ပင် လူပ်ရှားရုန်းကန်နေရရှာ၏။

ကိုယ့်ဘဝ၏ အကျဉ်းအကျပ်ကာလမှာ သူငယ်ချင်းများကို အားကိုးနေရစဉ် ကိုယ့်အပေါ် ဂရုတစိုက်ရှိသည့် ကိုကြီးစိုးနှင့် ပိုမိုနီးစပ်ခဲ့၏။ အတန်းထဲ အသက်အကြီးဆုံးမို့ ကိုစိုးနောင်ကို သူငယ်ချင်းများက ကိုကြီးစိုးဟု ခေါ်သည်။ သူက မြို့ခံဖြစ်သည့်အပြင် မိဘများက ပွဲရုံလုပ်ငန်းနှင့် ကြီးပွားကြသူများဖြစ်သဖြင့် အစစအရာရာ ပြည့်စုံပြီးသား။ သူ့ကိုတိမ်းညွတ်သူတွေက ဒုနှင့်ဒေး။ ဒီကြားထဲမှာ ကိုယ့်ကိုရွေးပြီး ချစ်ခွင့်ပန်၏။ ပညာရေး ရည်မှန်းချက်ကြီးမားဆဲ ကာလမှာ လှေလှော်ရင်းတက်ကျိုးသည်ဆိုမလား။ ပန်းတိုင်မရောက်မီ တက်ထောင်သည်ဆိုရမလား။ ကိုကြီးစိုးနှင့် ဘွဲ့နောက်ဆုံးနှစ် ဖြေအပြီးမှာ လက်ထပ်လိုက်ကြသည်။ သူငယ်ချင်းများကတော့ ကံအကောင်းဆုံးလူသားအဖြစ် ထောမနာပြုခဲ့ကြ၏။ သို့သော်…။

ဘဝကို ပုံသေမတွက်နှင့်ဟု ပညာရှိတို့ ဆိုခဲ့ကြသည်က သွေးထွက်အောင်မှန်သည်။ ကိုယ်က သူဌေးသားနှင့် အိမ်ထောင်ဖက်ရသောကြောင့် ယခင်ဘဝနှင့် မတူအောင် ပြောင်းလဲသွားသည်က တစ်ကဏ္ဍ။ အိမ်ထောင်ရေးမှာ ဈေးကွက်စီးပွားရေးကဲ့သို့ အကျိုးအမြတ်ကို ချည်း မှန်းဆကောင်းပါရဲ့လား။ ကိုကြီးစိုးက ကိုယ့်ရုပ်ရည်နှင့် ပညာရေးလောက်သာ ထည့်တွက်ခဲ့သူပါ။ နှစ်ကိုယ်တူချစ်သမျှကို စာဖွဲ့ရာတွင် နှစ်ဖက်မိဘဆွေမျိုး၏ အခြေအနေကိုပါ ပစ်ပယ်၍ မရစကောင်းဟူသော ဘဝစာမျက်နှာကျမ်းကို လုံးစေ့ပတ်စေ့မဖတ်ခဲ့။ အဖေ၏ ကျန်းမာရေးကို ကြည့်ရှုဖို့ အိမ်ခေါ်ထားစဉ် ပထမပိုင်းက အဆင်ပြေသော်လည်း နောက်ပိုင်းမှာ ခက်ခဲလာသည်။

"မင်းအဖေကို ဆီပုံးတွေ စီခိုင်းတာ မဟုတ်ဘူးကွ၊ အလုပ်သမားတွေလုပ်တာကို ကြည့်ခိုင်းတာ။ ဒါလေးတောင် တည့်တည့်ကျအောင် မကြီးကြပ်တတ်ရင်…"

"ကားရေဆေးတာမှာ နည်းနည်းပါးပါး ကြည့်ပြောပေါ့ကွာ၊ အခုဟာက ဖုန်တွေရေစိုရုံလေးတင်…"

နားပိတ်ထားသည့်ကြားက အချွန်တွေနှင့် ထိုးဖောက်ပြီး အတင်းဝင်လာသည့်အသံများ။ "အဖေက ဒါမျိုးတွေနဲ့ ဝေးတယ်ရှင့်" ဟု အကဲဆတ်ဆတ်နှင့် ပြောသည့်အခါ "ဘာတွေနဲ့ နီးစပ်သလဲ" ဟု စကားနာထိုးတာပဲ ခံရသည်။ အိမ်ထောင်တိုင်းမှာ မိန်းမဘက်က ကြီးစိုးသည် ဆိုကြ၏။ လင့်မျက်နှာကမ္ဘာမှတ်ရသည့် ကိုယ့်ကို ထည့်မတွက်ခဲ့ကြ။

"ရှင်လည်း အဖေပဲလေ၊ ဝင်္ဂလည်လိမ့်မယ်" မမြင်ရသည့်အကြောင်းပြချက်ဖြင့် ခြိမ်းခြောက်ကြည့်ခဲ့၏။

"ငါက နိုင်ငံခြားမှာ အဆင့်မြင့်ဘွဲ့ကြီး သင်ယူနေတဲ့ သားရဲ့ အဖေပါကွ၊ တူပါ့မလား"။ မဆီမဆိုင် ပိတ်ကန်ငြင်းဆန်ခြင်းဖြင့် အဆုံးသတ်စမြဲ။ အပ်နှင့်ထွင်းရုံကလေးမှာ ရပ်သလိုမျိုး အဖေ့ကို မောင်လေးဆီ ပြန်ပို့လိုက်သည်။

လင်ယောကျ်ားသေလျှင် နောက်တစ်ကြိမ် ထပ်ယူလို့ရနိုင်သည်။ မိဘသေလျှင် နောက်တစ်ကြိမ် လိုချင်၍ မရဟု ကြားဖူးသည်။ အခုဟာက ဒီဘဝမှာ နောက်တစ်ကြိမ်ထပ်မရတော့သည့် အဖေ။ တစ်နည်းအားဖြင့် အမေပါ ကွယ်ပျောက်သေဆုံးခဲ့ရတာ။ ထီးလှလှမဖြစ်ခဲ့ဘဲ မီးတစ်စသာ ဖြစ်လေမည့် သမီးကို အဖေ ခွင့်လွှတ်ပါမည်လား။ အောင့်ထားသည့် ကြားက ရင်မှာ တစစ်စစ်နာကျင်ကာ အိခနဲ မျက်ရည်တို့ ပြိုဆင်းလာပြန်၏။

"ဆရာ မောင်နှစ်သိမ့် (တောင်ကုတ်)က သောတရှင်တွေအတွက် ကဗျာလက်ဆောင် ရွတ်ပြပါဦး"

*"ရေကြည် မြေဆီ၊*
*ပင်စည်တို့စား*
*ပန်းများလန်းပွင့်၊*
*မြင့်သထက်မြင့်ချိန်။*
*ဆစ်မြစ်များစွာ၊*
*မြေလွှာရဲ့အောက်*
*ထိုးဖောက်နှစ်မြှေ*
*ရေကြည်မွေ့စုပ်*
*မြုပ်သထက်မြုပ်။"*

စိတ်ရှုပ်ရသည့်အထဲ အသံကျယ်လှသော အက်ဖ်အမ်ရေဒီယိုကို လှမ်းပိတ်လိုက်သည်ကြောင့် ထွန်းမောင်က စွေကြည့်သည်။ မည်သို့ဆိုစေ လမ်းလုပ်သား စခန်းတဲစုဆီသို့ မိုင်နှစ်ဆယ် ခရီးနှင်ရပေဦးမည်။ ■

လှမြင့်အောင်
၊တောင်ကုတ်၊



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၁၇)မှ...*

တွေ၏ ရင်တွင်းစကားတို့က ထပ်တူညီနေကြသည်။ ကျွန်တော် အပြုံးဖြင့်သာ လက်ခံငြိမ်သက်နေခဲ့မိပါသည်။ တကယ်ကျ ကျွန်တော်သည် ရသေ့စိတ်ဖြေဖြင့် ကျွန်တော်ဖြတ်သန်းခဲ့သည့် ဘဝအဆစ်အပိုင်းအရ ကျွန်တော်တတ်နိုင်သည့်ကဏ္ဍက ဆရာတော်၏ ဘဝကျောင်းကို ကူညီ၍ တစ်ဖက်တစ်လမ်းဖြင့် လူငယ်တွေ၏ဘဝကို ပံ့ကိုင်ပေးနေခြင်း တစ်ခုမျှသာ မဟုတ်ပါလော။ ထိုစဉ်-

'ဟော ဟိုမှာ လေးလေး ကြည့်ပါဦး၊ ဘယ်သူလဲလို့'

ပြည့်စုံ အာမေဍိတ်သံကြောင့် ကျွန်တော့်ဦးခေါင်းငေါက်ခနဲ မတ်သွားသည်။ အဆောင်ပေါက်သို့ လှမ်းကြည့်ဖြစ်သည်။

'ဟာ မြတ်'

'ဟုတ်တယ်လေ၊ လေးလေးအချစ်ဟောင်းကြီးပေါ့၊ ဟဲဟဲ'

ရဲနောင်ကပါ ငါးခူပါးစပ် ပြုံးဖြဲဖြဲနှင့်။ ကျွန်တော် စဉ်းစားမရဖြစ်နေသည်။

'ဘာမှ စဉ်းစားမနေပါနဲ့ လေးလေး။ လေးလေးညီကိုဖိုးစီ ကောင်းမှုနဲ့ ကျွန်တော်တို့ ပထမနှစ်ဝက် ကျောင်းပိတ်ရက်က ကျွန်တော်နဲ့ရဲနောင် တိုင်ပင်ပြီး အေးသာယာကိုဒိုးသွားကြတာ။ ဟိုမှာ လေးလေး ငယ်ဆရာတော်ကိုလည်းတွေ့တယ်။ လေးလေးဘဝရဲ့ ဖုံးကွယ်ထားတဲ့ နှလုံးသားလျှို့ဝှက်ချက်ကိုသိခဲ့ရတယ်။ လေးလေး တောင်ကြီးတက္ကသိုလ်က ဘွဲ့ရတယ်။ အဲဒီမှာ အန့်တီ ဒေါ်နန်းမြတ်မြတ်သင်းနဲ့တွေ့ပြီး ချစ်သူတွေဖြစ်ကြတယ်။ နောက်တော့ အန့်တီက လေးလေးရဲ့ ဘဝမှန်ကိုသိပြီး လေးလေးကို လမ်းခွဲသွားတယ်လို့ လေးလေး ထင်ထားတယ်။ ဒါပေမဲ့ လေးလေး မသိသေးတဲ့ အကြောင်းတစ်ခု ရှိသေးတယ်'

ပြည့်စုံစကားကြောင့် ကျွန်တော် ဆတ်ခနဲ ခေါင်းထောင်သွားရသည်။

'အန့်တီက ယနေ့ထိ လေးလေးကို ချစ်နေတုန်းပါပဲ။ တောင်ကြီးတက္ကသိုလ်မှာ ကထိကဘဝနဲ့ တာဝန်ထမ်းဆောင်ရင်း လေးလေးကို မျှော်လင့်လျက်ပါပဲ။ အန့်တီ့မိဘတွေက လေးလေးကို ရန်မူမယ်ဆိုလို့ မိဘစကားမပယ်ရှားနိုင်တာနဲ့ လေးလေးကို မုန်းချင်ယောင်ဆောင်ပြီး လမ်းခွဲစကား ဆိုခဲ့တာပါ'

ကျွန်တော် စိတ်လှုပ်ရှားစွာ မြတ်ကို လှမ်းကြည့်လိုက်မိသည်။

'မြတ် တကယ်'

မြတ်က အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

'ဝမ်းသာလိုက်တာ မြတ်ရယ်'

ကျွန်တော် မရှက်နိုင်တော့ပါ။ မြတ်ထံ ပြေးသွားပြီး လှိုက်လှိုက်မောမော တင်းတင်းကျပ်ကျပ် ဖက်မိသည်။

'အို မောင်ကလည်း ဟိုမှာ လူတွေနဲ့'

'ဟေး ကျွန်တော်တို့မှာ မျက်လုံး နား မပါဘူး'

ဟု ဖိုးစီက ထ,ဖောက်လိုက်မှ အားလုံး မပြုံးဘဲ ဝါးလုံးကွဲအောင် ဝါးခနဲ ထ,ရယ်ကြပါတော့သည်။

ခုတော့ ဘဝကန္တာရမှာ အထီးကျန်ကဏ္ဍတွေ နိဂုံးသတ်ပြီး နားခိုရာအိုအေစစ် မေတ္တာမြို့ကလေး အစွမ်းကုန် ဖူးပွင့်နေပါရောလား မိတ်ဆွေ။ ■

**ပန်းတောင်း**
**တင်ဝင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေထက်ပျစ်သော မျက်ရည်စက်

ကျော်ဆင်း
(ဂျူး)



သွေးသည် ရေထက် ပျစ်သော်လည်း အဖေ့အကြောင်း တွေးမိ၍ မျက်ရည်ကျလာပါက ကျွန်တော့် မျက်ရည်တို့သည် သွေးထက်ပင် ပျစ်နေတတ်ကြောင်း ကျွန်တော်သိသည်။

❑

အဖေ့ကို ကျွန်တော်ချစ်သည်။ ငယ်ငယ်က ဆိုလျှင် အဖေထမင်းစားမှ ကျွန်တော် စားသည်။ အဖေရေချိုးလျှင် ကျွန်တော်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

လိုက်ချီးသည်။ အိပ်လျှင်လည်း အဖေနှင့် အတူတူအိပ်၍ ပုဆိုးဝတ်လျှင်ပင် အဖေ့နယ် တိုတို သေသေသပ်သပ် ဝတ်တတ်ခဲ့သည်။ သို့သော် ကျွန်တော် အလယ်တန်းကျောင်းသားဘဝတွင် အဖေနှင့် သဘောထားတချို့ ကွဲလွဲလာသည်။

ကျွန်တော်တို့ မိသားစုသည် အဖေ၊ အမေနှင့် ကျွန်တော်တို့ သုံးဦးသာရှိသည်။ အဖေသည် တေးသီချင်းရေးစပ်သူ ဂီတစာဆိုတစ်ဦးဖြစ်ပြီး အမေက သက်နန်းတိုက်ပိုင်ရှင်ဖြစ်သည်။ ထိုသက်နန်းတိုက်နှင့် ကျွန်တော်တို့အိမ်သည် အမေ့ မိဘဘိုးဘွားများမှ ထားရစ်သော အမွေဖြစ်သည်။ အမေသည် သူ့သက်နန်းတိုက်ကို ကောင်းစွာ စီမံအုပ်ချုပ်နိုင်သည်။ အမေသည် အဖေသီချင်းရေး၍ ရသမျှကို အဖေ့မိဘများထံ အပ်နှံခဲ့သလို အဖေ့မိဘများ ဆုံးပါးသောအခါ စုဆောင်းထားသော အဖေ့လုပ်အားခအား နှစ်စဉ် ဒါနပြုပေးသည်။ တစ်နည်းဆိုသော် အမေသည် အဖေ့လုပ်အားခ၊ အဖေရှာသော ငွေကြေးထက် အဖေ့ကိုသာ မက်မောတွယ်တာသူဟူ၍ ဆိုရပေမည်။

ကျွန်တော်ငယ်စဉ်ကမူ အဖေသီချင်းရေးရင်း စန္ဒရားဖြင့် အသံရှာ၊ နှုတ်ဖြင့် အသံညည်း။ စာရွက်ပေါ် နုတ်များ ချရေးနေတတ်သောအခါ ဘေးမှ ငေးနေတတ်သည်။ ပြီးလျှင် အဖေ့နယ် သီချင်း ညည်းပါက "ကိုကို့သားက ကိုကို့အတိုင်းပဲ" ဟု အမေပြောလျှင် ဂုဏ်ယူတတ်

t az
r&Sw nb n h
aenu fykdfw Gf
rdkbr bl
a0' eno n f
rnf Qlyf fp&m
au mi fr Ef
u Bfaw mf
o vd no n f
, ci fu
u Bfaw mf
t dfyef
aenu fu sv Qf
t &u fu av ;
ax Bx ESh
w btg0w Gf
x kdfaew w fao m
t azb kd
jri fa, mi f d n f

သည်။ အမေသည် ကိုယ်၌က စီးပွားရေးသမားဖြစ်သော်လည်း အနုပညာကို တန်ဖိုးထားသူဟု ဆိုရပေမည်။ ကျွန်တော်သည်လည်း အမေ့လိုပင် သီချင်းများကို ချစ်ပါသည်။ အထူးသဖြင့် အဖေ့သီချင်းများကို အားလုံးနီးပါး အလွတ်ရခဲ့သည်။ သို့သော် တေးရေးခဟူ၍ အဖေရသော ငွေကြေးမှာ ဘာမှ မပြောသာဘဲ အဆိုတော်များက ပိုပိုလျှံလျှံလည်းရသလို တောရော မြို့အနှံ့ပါ အောင်မြင် ကျော်ကြား၍ လူသိများနေသောအခါ ကျွန်တော် စိတ် မအီမသာဖြစ်ရသည်။

"အဖေလည်း သီချင်းဆိုပါလား"

"ဟေ . . . ဘာလို့ လဲ သားရ"

"သား သူငယ်ချင်းတွေက ပြောတယ်။ တေးရေးဆရာဆိုတာ လူမသိဘူး။ ပြီးတော့ ငွေရလည်း နည်းတယ်တဲ့"

"မတူဘူးသားရဲ့၊ ဆိုတယ်ဆိုတိုင်း အောင်မြင်ဖို့ မလွယ်သလို တေးရေးတိုင်းလည်း မအောင်မြင်ဘူး။ သူ့အကျိုးပေးနဲ့သူပါ။ အဖေကတော့ ရေးရတာပဲ ကြိုက်တယ်သားရဲ့"

ထိုစဉ်က ကျွန်တော် အလယ်တန်း အရွယ်မျှသာ ရှိသေးသည်။ အဖေ့ရှင်းပြချက်ကိုလည်း ပြည့်ပြည့်ဝဝ နားမလည်ပါ။ သို့သော် သီချင်းတွေ ဖန်တီးသူချင်း အတူတူ မထင်မရှားဖြစ်နေသည့် အဖေ့ကို အားမလို အားမရ ဖြစ်မိသည်။ ပို၍ဆိုးသော အချက်မှာ အမေသည် သူ့အရောင်းအဝယ်လုပ်ငန်းမှ နေ့စဉ်ရသော အမြတ်ငွေကို မကြာခဏ ရေတွက်နိုင်ငြား အဖေ့ဝင်ငွေမှာ တစ်လတစ်ခါပင် ပုံမှန်မရှိသည့်အနေအထားဖြစ်သည်။ ထို့ကြောင့် အဖေ့ပီတိကို ကျွန်တော်မျှဝေခံစား၍ မရပါ။ ထိုအခါ အဖေနှင့် အဖေ့သီချင်းများကို ချစ်သော်လည်း ကူညီဝိုင်းဝန်းစရာရှိလျှင် အမေ့လုပ်ငန်းကိုပဲ ကျွန်တော်ကူညီတတ်သည်။

ကျွန်တော် တတိယနှစ်သို့ အရောက်တွင်မူ နှလုံးရောဂါဖြင့် အမေကွယ်လွန်သည်။ အမေမရှိသဖြင့် သက်နန်းတိုက်ဦးစီးသူသည် ကျွန်တော်ဖြစ်လာသည်။ ပထမတွင် ကျောင်းတစ်ဖက်နှင့်ဖြစ်၍ ကသီသော်လည်း ကျောင်းပြီးသောအခါ ကောင်းစွာ ကြီးကြပ်နိုင်ခဲ့သည်။ အဖေကမူ အမေ ရုတ်တရက် ဆုံးပါးသည်နှင့် အရက်ကိုသာ အဖော်ပြုတော့သည်။

အဖေသည် အမေရှိစဉ်ကလည်း အသောက်အစား ရှိသည်။ သို့သော် မျက်စောင်းကလေးဝင့်၍ "ကိုကို နော် . . . များနေပြီ" ဟုဆိုလျှင် အဖေ တန့်သွားတတ်သည်။ အမေမရှိသော အခါတွင်မူ ကျွန်တော် တားသော်လည်း နေ့ရောညပါ အဖေ သောက်သည်။ ထို့အပြင် သီချင်းများနှင့်ပါ ဝေးစပြုလာသောအခါ အဖေ့ကို ကျွန်တော် စိတ်ပျက်စပြုလာသည်။ ကျွန်တော့်ဆန္ဒက အမေပါ နှစ်သက်သည့် အဖေ့ဝါသနာကို မရပ်တန့်စေချင်ပါ။ အမေဖြစ်စေချင်သလို သီချင်းအသစ်ကလေးများ အဖေ့ထံမှ ထွက်ပေါ်စေချင်သည်။ အမေ့ကို လွမ်းစိတ်အား အရက်ဖြင့် မဖြေဖျောက်ဘဲ သီချင်းကလေးများနှင့် ဖြေဖျောက်စေချင်သည်။

"အဖေ့ ဝါသနာကို နောက်မတွန့်တမ်း လုပ်ခွင့်ပေးတဲ့ မိန်းမကွ။ အဖေ့ဘဝဖော်အစစ်ပါ။ အဖေ စိတ်မပါလို့ သီချင်းမရေးနိုင်ရင်တောင် အနားကနေ အားပေးနေတဲ့သူ။ သူ့အားပေးမှုကြောင့် အဖေ့သီချင်းတွေ ဖြစ်



www.burmeseclassic.com

လာတာ၊ အဖေ ဘယ်လို မေ့လို့ရမှာလဲ''

အမေ့ကို တမ်းတရင်း အဲဒီလို အဖေပြောလျှင် ကျွန်တော် သနားစိတ်ဝင်မိတာတော့ အမှန်ပါ။ ခက်သည်မှာ အရက်နှင့် အလွမ်းဖြေတာကို မကြိုက်ခြင်းသာ ဖြစ်သည်။

''ဒီ သီ ချင်း လေး က ဘယ်သူနဲ့လိုက်တယ်၊ ဟိုတစ်ယောက်ကို ဟိုသီချင်းပေး စသဖြင့် အကြံကောင်းတွေလည်း မင်းအမေက ပေးတတ်တယ်။ သူပြောသလိုပါပဲ လိုက်ဖက်လို့ ကျော်ကြားခဲ့တဲ့ သီချင်းတွေများ အများကြီး။ ခုက အမေ့မှာ ညာလက်ရုံး ပြုတ်သွားတာကွ''

အောင် မြင် သည့် ယောကျ်ားတစ် ယောက်နောက်မှာ ထက်မြက်သော မိန်းမတစ်ယောက်ရှိကြောင်း၊ ဘယ်ညာတက်တစ်စုံ အပြိုင်လော့သည့်လှေ ပိုမြေးကြောင်း ကျွန်တော် သိပါသည်။ သို့သော် ထမင်းမေ့ ဟင်းမေ့ အရက်သောက်သည်ကို မူ အားမပေးလိုပါ။ အပွင့်လင်းဆုံးပြောရလျှင် ကျွန်တော် ကျင်လည်ရာ စီးပွားရေးလုပ်ငန်းသည် ရဟန်းသံဃာများနှင့် ဆက်ဆံရသည်။ ထို့ကြောင့် အဖေ့ကို အရက်သမားကြီးအဖြစ် ကျွန်တော် ချမပြလိုပါ။ တစ်ဖန် ကျွန်တော့်တွင် ချစ်သူရှိနေပြီဖြစ်သည်။ ''နွယ်ဦးမွန်'' အမည်ရှိ ကျွန်တော့်ချစ်သူသည် ကျွန်တော်တို့နှယ် သက်နီးရောင်းဝယ်ရေးနယ်ပယ်မှဖြစ်သည်။ သူတို့က တစ်ခုသာသော အချက်မှာ ရန်ကုန်မြို့ထဲတွင် ပင် ဆိုင်ခွဲပေါင်း ငါးဆိုင်ခန့်

jv a&mfat mu tu
t dfu av ;}
onf
t azESh ar
r*F nOD
u mv rSm
t az
a&jci fjzpf nf
omo rD
ajr ;jr pfaw G
&o n fwkdf
at ;csfaysmfpGm
aeMzl
ñ etfq kd m;ao m
aw ;jzpf nf

ရှိနေသည်။ ထိုဆိုင်များကိုလည်း နွယ်ဦးမွန်ကိုယ်တိုင် ဦးစီးသည်။ နွယ်ဦးမွန်နှင့် ကျွန်တော် တက္ကသိုလ်ကတည်းက ဆုံခဲ့ကြသည်။ ထိုစဉ်ကလည်း ''ယူက... ဂီတစာဆို ဖေညွန့်ဝေရဲ့သားဆို''ဟု သူကိုယ်တိုင်လာရောက် မိတ်ဆက်ရာမှ ကျွမ်းဝင်ခဲ့ကြခြင်းဖြစ်သည်။ သူ့အပြောအရဆိုလျှင် သူတို့မိသားစုအားလုံး အဖေ့သီချင်းများနှင့် ရင်းနှီးနေကြသည်။ သို့ဖြစ်၍ နွယ်ဦးမွန်နှင့် အဖေတို့ တွေ့ဆုံစေသည့်အခါ ဂီတစာဆိုတစ်ဦးအဖြစ်နှင့်သာ ကျွန်တော် ပေးတွေ့ချင်သည်။ အရက်သမားကြီးအဖြစ် သူ မမြင်စေချင်ပါ။

ကျွန် တော့် အတွက် ဝမ်းသာစရာကောင်းသော အချက်မှာ နွယ်ဦးမွန်နှင့် ကျွန်တော့် အနေအထားအား သူ့သူငယ်ချင်းတစ်ယောက်ကြောင့် အဖေသိသွားသော အချက်ဖြစ်သည်။

''သားမှာ ချစ်သူရှိနေပြီဆို''

''ဟုတ်''

''အဖေ့ကို ဘာလို့ မပြောသေးတာလဲ''

''ဟိုလေ...''

သောက်စားပြီး အချိန်ပြည့်မူးနေသော အဖေ့အခြေအနေကြောင့်ဟု ကျွန်တော် မပြောသော်လည်း အဖေ သိပုံရသည်။ ထိုအသိကြောင့် ပင်ဖြစ်မည်ထင်သည်။ နွယ်ဦးမွန်အကြောင်း သိပြီးနောက် အဖေ အရက်ဖြတ်တော့သည်။

အဖေသည် အရက်ကို တုံးတိဖြတ်သဖြင့် ဖြတ်ခါစတွင် လွန်စွာခံစားရသည်။ အသားများ တဆတ်ဆတ်တုန်ခြင်း၊ မျက်ရည်ပူများကျခြင်း၊ အစာဝင်ပြီးတိုင်း အန်ခြင်း ဖြစ်သည့်အပြင် ညသန်းခေါင်အချိန် ဝူးဝူးဝါးဝါး အော်သံများ အဖေ့အိပ်ခန်းမှ ထွက်ပေါ်လာတတ်သည်။ ထို့ကြောင့် နားလည်ကျွမ်းကျင်သော အဖေ့သူငယ်ချင်း ဆရာဝန်ကို ကျွန်တော် ပင့်ဖိတ်ရတော့သည်။

''ယတိပြတ်ကြီး မလုပ်နဲ့ကွာ၊ မျှဉ်းပြီးဖြတ်။ ဆေးဝါးလည်းကူ။ မဟုတ်ရင် မင်းခံနိုင်မှာ မဟုတ်ဘူး''

အဖေသည် သူငယ်ချင်း ဆရာဝန်၏ စကားကို မနာခံပေ။ ယတိပြတ် ဖြတ်ဖို့သာ ကြိုးစားသည်။ ကျွန်တော်ကမူ အဖေသာ အရက်ပြတ်ပါက အားပြည့်စေသော အစာနှင့်ဆေးများ ကူပေးမည်ဟု ဆုံးဖြတ်ထားမိသည်။ သို့သော် မမျှော်လင့်သော နေ့တစ်နေ့တွင် အစာကိုအန်ရင်း သွေးများပါ ရောနှောပါလာပြီး အဖေ ကွယ်လွန်သွားသည်။ အဖေသည် နောက်ဆုံး ထွက်သက်တွင် တစ်စုံတစ်ရာအား ကျေနပ်သွားပုံဖြင့် ကျွန်တော့်ကို ပြုံးပြသွားသည်။

အဖေ မရှိတော့သည့်နောက်ပိုင်းတွင် မိမဲ့ဖမဲ့ ဝေဒနာသည် မည်မျှခံပြင်းစရာကောင်းမှန်း ကျွန်တော် သိလာသည်။ ယခင်က ကျွန်တော် အိမ်ပြန်နောက်ကျလျှင် အရက်ကလေးထွေထွေနှင့် တံခါးဝတွင် ထိုင်နေတတ်သော အဖေ့ကို မြင်ယောင်မိသည်။ ကျွန်တော့် ညစာအတွက် ထမင်းဆိုင်မှ ဟင်းလျာကို ဖုန်းတစ်လုံးဖြင့် မှာယူပေးသော အဖေ၊ အဝတ်အစားမှ အိပ်ရာခင်းအထိ ပင်းမင်းဆိုင်နှင့် ဆက်သွယ်၍ လျှော်ဖွပ်ပြင်ဆင်ပေးသော အဖေ၊ အိမ်အပြန် နောက်မကျဖို့ အမြဲသတိပေးသော အဖေ စသော အဖေ့ပုံရိပ်များသည် ကျွန်တော့်ကို ခြောက်လှန့်နေသလိုရှိသည်။ ထို့ကြောင့် အလုပ်မှာပင် ထမင်းစား၍ ညစာကိုလည်း အပြင်မှာသာ ကျွန်တော် ဝယ်စားသည်။ ကျွန်တော်တို့အိမ်သည် အမြဲလိုလို တိတ်ဆိတ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ငြိမ်သက်လျက်သာရှိသည်။

တစ်ရက်တွင်မူ ကျွန်တော်ငယ်စဉ်က ပညာသင်ကြားခဲ့သော အ.ထ.က (---)၏ ဆရာကန်တော့ပွဲ ဖိတ်ကြားစာတစ်စောင် ကျွန်တော်ရရှိသည်။ ငယ်သူငယ်ချင်းများ လာ၍ ဖိတ်ကြားခြင်းဖြစ်သည်။ ကျွန်တော်သည် ငယ်သူငယ်ချင်းများ၊ ငယ်ဆရာများနှင့် တွေ့ဆုံရမည်ဟူသော အသိကြောင့် ထိုပွဲသို့ ရောက်ခဲ့သည်။

ထိုပွဲတွင် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပြီးနောက် မိတ်ဆုံစားပွဲပါ ပါသဖြင့် ကျွန်တော် ပျော်ရွှင်ရသည်။ အထူး ပျော်စရာကောင်းသော အချက်မှာ မိတ်ဆုံစားပွဲ၌ ဖျော်ဖြေရေး အစီအစဉ်ပါသဖြင့် တစ်ယောက်ပြီးတစ်ယောက် တေးသီချင်းများနှင့် ဖျော်ဖြေကြသောအချက်ဖြစ်သည်။ ထိုဖျော်ဖြေမှုသည် တီးဝိုင်းမှာလည်း သူငယ်ချင်းများ၊ အဆိုမှာလည်း ကျောင်းသားဟောင်းများ၊ ပရိသတ်သည်လည်း ငယ်ကရင်းများသာဖြစ်၍ လွတ်လပ်ပေါ့ပါးလှသည်။ ဖျော်ဖြေမှု တစ်ဝက်ခန့် အရောက်တွင်မူ တီးဝိုင်း ခေါင်းဆောင်ဖြစ်သော ကျွန်တော့်သူငယ်ချင်းသည် စင်ပေါ်မှ ဆင်းလာပြီး ကျွန်တော့်ကို လာ၍ ခေါ်သည်။

"ကျောင်းသားဟောင်းတစ်ဦးလည်းဖြစ်၊ ဂီတစာဆို ဖေညွန့်ဝေရဲ့သားလည်းဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်းကလည်း ဖျော်ဖြေပေးပါဦး

ao @Gnf
a&x uf
ysþb nfu m;
r@Sf
o Mao mf
t azbl kd
wrfwwkdf
u Sy mao m
u &Saw mf
rsI &n b nf
ao @Guf
ysaMM mif
u &Saw mf
0efcyf;b nf

မယ်ခင်ဖျား"

သူသည် ကျွန်တော့်လက်ကို ပြုတ်တူနှင့်ညှပ်သလို ကိုင်ရင်း ဆွဲခေါ်ခဲ့သလို စင်မြင့်ပေါ်ရောက်သောအခါ အထက်ပါအတိုင်း ကြေညာပြီး "မိုက်စတန်း" ရှေ့၌ ကျွန်တော့်ကိုထားခဲ့သည်။ ထို့ကြောင့် စင်မြင့်ပေါ်တွင် ငေါင်ငေါင်ကြီး ကျွန်တော် ရပ်နေမိသည်။

အပွင့်လင်းဆုံး ပြောရလျှင် ဂီတစာဆိုတစ်ဦး၏ သားဖြစ်ပါလျက် ယခုလိုမျိုး ကျွန်တော် သီချင်းမဆိုဖူးပါ။ အဖေ့တေးသီချင်း အားလုံးနီးပါးကို ရင်းနှီးနေပါလျက် ဆိုင်းနှင့်ဝိုင်းနှင့် မဆိုခဲ့ဖူးပါ။ ကျွန်တော်သည် အဖေ့ကြောင့် စည်း သိသည်။ ဝါးကို နားလည်သည်။ အသံအရစ် အဝဲအငေ့အဝိုက်တွေကို လည်းလိုက်၍ကျင့်ဖူးသည်။ သီချင်းများနှင့် မဝေးသော်လည်း ဆိုပြဖို့ရာမှာ ခက်နေသည်။ ထို့ကြောင့် ငြင်းပယ်၍ မရသော အနေအထားတွင် ဘယ်သီချင်းကို ဆိုရပါ့ဟု အလျင်အမြန် စဉ်းစားသည်။ ထိုစဉ်အခိုက် အဖေက စန္ဒရားတီးပြီး အမေ့ကို ဆိုစေသော သီချင်းတစ်ပုဒ်ကို အမှတ်ရလိုက်သည်။ "*လရောင်အောက်က အိမ်ကလေး*" ဟူသော သီချင်းဖြစ်သည်။

အမေ့ စကားအရ ဆိုလျှင် "*လရောင်အောက်က အိမ်ကလေး*" သည် အဖေနှင့် အမေ မင်္ဂလာဦးကာလမှာ အဖေရေးခြင်းဖြစ်သည်။ သားသမီး မြေးမြစ်တွေရသည့်တိုင် အေးချမ်းပျော်ရွှင်စွာနေကြဖို့ ညွှန်းဆိုထားသော တေးဖြစ်သည်။ ထိုသီချင်းကို ကျွန်တော်ငယ်စဉ်က အိပ်မပျော်လျှင် အဖေရော အမေပါ ဆို၍ သိပ်တတ်သော ကျွန်တော့်အဖို့တော့ အမေ၏ သားချော့တေးပင်ဖြစ်သည်။ ထို့ကြောင့် ငယ်ကရင်းသော ထိုသီချင်းကို ဆိုပြဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

အဆိုတော် တစ်ဦးပြီး တစ်ဦး လက်ဆင့်ကမ်း၍ ပြန်ဆိုဖူးသော *လရောင်အောက်က အိမ်ကလေး* သည် ပရိသတ်နှင့်လည်း များစွာရင်းနှီးသော တေးသီချင်းဖြစ်သည်။ သို့သော် ထိုညက အံ့သြဖွယ်ကောင်းသည်မှာ အစောပိုင်းက ဆူညံနေသော ပရိသတ်သည် ကျွန်တော့် တေးသံကြားတွင် ငြိမ်သက်သွားခြင်းဖြစ်သည်။ မိုက်ကရိုဖုန်းမှတစ်ဆင့် ဟိန်းထွက်လာသော ကျွန်တော့် အသံအောအောကြီးတွင် ပါနေသည့် ရှိုက်သံကိုပင် ကျွန်တော် ပြန်ကြားနေရသည်။ ကျွန်တော်သည် အဖေ့ထံမှ ကြားနာ ထားရသည့်အတိုင်း စည်းမလွတ်အောင်ထိန်းရင်း အသံကို ဝေ့ဝိုက်ဆိုသည်။ အသံအနိမ့်အမြင့်ကို အဖေဆိုသလို ဆိုသည်။ ပရိသတ်သည် ကျွန်တော့် အသံလှိုင်းကြား မျောပါနေမှန်း ကျွန်တော် မသိပေ။ သီချင်းဆုံး၍ အတီးရော အဆိုပါ တဖြည်းဖြည်း ရပ်သွားချိန်တွင်လည်း ပရိသတ်က ငြိမ်သက်မြဲသာ ဖြစ်သည်။ ကျွန်တော်သည် သီဆိုမှုကို သူတို့လက်မခံသည်လော သို့တည်းမဟုတ် နှစ်ခြိုက်လောက်သော အဆိုမျိုးမဟုတ်၍ လက်ခုပ်သြဘာပင် မပေးကြသလောဟု ထင်နေမိသည်။ သို့သော် ကျွန်တော့်အတွေး မှားသွားသည်။ "မိုက်"ကို "မိုက်စတန်း"၌ နေသားတကျ ကျွန်တော်ပြန်ထည့်နေချိန်တွင် အစောပိုင်းက မှင်တက်မိသလိုဖြစ်နေသော ပရိသတ်ကြီးသည် ခုမှ အသိဝင်သလို ဝေါခနဲ လက်ခုပ်တီးကြတော့သည်။

"ကောင်းလိုက်တာဟယ်"

"နှင့် သီချင်းကို နား



www.burmeseclassic.com

www.burmeseclassic.com

ထောင်ရင်း ရင်ထဲမှာ ဆို့လာတာ”

“လျှို့ထားတာလား၊ မရဘူး နောက်တစ်ပုဒ်”

“စည်းဝါး ပိုင်လိုက်တာကွာ”

စင်အောက်သို့ ကျွန်တော် ပြန်ရောက်ချိန်တွင် ချီးမွမ်းစကားများက ကျွန်တော့်ကို ပီတိဖြစ်စေသည်။ အရိုးသားဆုံး ဝန်ခံရလျှင် ထူးခြားဆန်းပြားသော “လက်ခုပ်သံ”၏ အရသာကို ကျွန်တော် စားသုံး၍ မဝ, အောင် ဖြစ်ခဲ့ရသည်။

နောက်တစ်နေ့တွင်မူ တီးဝိုင်းခေါင်းဆောင်လည်းဖြစ်၊ ငယ်သူငယ်ချင်းလည်းဖြစ်သော တီးဝိုင်းဆရာသည် ကျွန်တော့်ထံ ရောက်လာသည်။

“ငါ စီးရီးထုတ်မယ်၊ လောလောဆယ် မင်းအဖေ သီချင်းတွေ ပြန်ဆိုပေး”

“မင်းက ဇ ရှိတယ်၊ လုပ်ပါကွာ”

လက်ခုပ်သံ၏ အရသာကို မြည်းစမ်းခဲ့ဖူးသော ကျွန်တော်သည် သူငယ်ချင်းက ဆွတ်သည်နှင့် ညွတ်တော့သည်။ မကြာမီတွင် အဖေ့တေးသီချင်းအချို့သည် ကျွန်တော့်အသံ အောအော ကြီးနှင့်အတူ လေထဲ၌ လွင့်ပျံ့လာသည်။ ကျွန်တော်သည်လည်း မြို့ရောတောပါ အားပေးသည့် အဆိုတော် တစ်ဦးဖြစ်လာသည်။ တစ်ဆင့် တက်သော် စတိတ်စင်တော်တော်များများတွင် ကျွန်တော် နေရာရလာသည်။ မိုးသီးမိုးပေါက်ပမာ မြည်ဟည်းသော လက်ခုပ်သံများကို ရသည်ထက် ရလာခဲ့သည်။ ထိုအခါမှပင် အဖေ့ အရိပ် မည်မျှကြီးမားသည်ကို ကျွန်တော်သိ လိုက်သည်။

ပြောရမည်ဆိုလျှင် အဖေ သီချင်းရေးခိုက် လိုက်ပါနာယူခဲ့သော စည်းဝါး၊ အဖေ့အကျင့်အတိုင်း လိုက်ဆိုမိသော အသံအနိမ့် အသံအမြင့် စသည်တို့သည် ကျွန်တော့်အား ငယ်နုစဉ်ကတည်းက လေ့ကျင့်ပေးခဲ့သလိုရှိနေသည်။ နေ့စဉ် ကြားနာရင်း အမှတ်မထင် တတ်မြောက်လာသော ပညာရပ်တို့ကို ယခု ကျွန်တော် ထုတ်သုံးနေမိပြီ။ တစ်ဖန် ရာနှင့်ချီ၍ အဖေ ရေးခဲ့သော တေးသီချင်းများသည် အမေထားခဲ့သော စီးပွားနှင့် မတူ။ ဆွတ်ယူစားသုံး၍ မကုန်နိုင်အောင် ရှိနေသည်။ ကျွန်တော်သာမဟုတ် စားသုံးတတ်လျှင် သားစဉ်မြေးဆက်အထိ ကုန်နိုင်ဖွယ် မရှိသည်ကို စဉ်းစားမိသည်။

ထိုအခါ “....ခုနေများ အဖေရှိရင်...”ဟူသော အတွေးက ဖျတ်ခနဲ ဝင်လာသည်။ ဖြစ်နိုင်လျှင် “အယ်လ်ကိုဟော”ဓာတ်ဖြင့် အသက်ဆက်နေလျှင်လည်း ကျွန်တော် လက်ခံမည်။ အဖေရှိနေရင် ပြီးရောဟူသော အတွေးသည် ရုတ်ခနဲ ပေါ်လာသောအခါတိုင်း ကျွန်တော့်မျက်ဝန်းတွင် မျက်ရည်များ စို့တက်စေသည်။ “အဖေရယ်”ဟုလည်း ဆွေးဆွေးမြည့်မြည့် တ,မိသည်။

❑

သွေးသည် ရေထက်ပျစ်သည်ကား မှန်၏။ သို့သော် အဖေ့ကို တမ်းတတိုင်း ကျလာသော ကျွန်တော့်မျက်ရည်သည် သွေးထက်ပျစ်ကြောင်း ကျွန်တော် ဝန်ခံပါသည်။ ။ ■

**မောင်အင်း၊ဥက္ကံ၊**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကစားသူရဲ့ ကောင်းကင်


ကြယ်လွှဲမိုး

ပြာလဲ့လဲ့ ညအိပ်မီးလုံး၏
အရောင်အောက်က
မျက်နှာနုနုငယ်ငယ်လေးကို
ကျွန်တော် ငေးကြည့်နေမိ
တော့သည်။ နဖူးစပ်မှာ
ဝဲကျနေသည့်
ဆံစလေးတွေကို
ကျွန်တော့်လက်ချောင်းတွေနှင့်
ဖွဖွလေး ပင့်သပ်လိုက်ပြီး
သူ့နဖူးပြင်လေးကို မွှေးမွှေး
ပေးလိုက်တော့ ရန့်က
ကလေးနံ့လေးပင်
မပျောက်သေး။
တစ်ဆယ့်ခြောက်နှစ်
ဆိုသည့် အရွယ်သည်
မိဘရင်ခွင်ကို ခွဲခွာဖို့
လုံလောက်သည့်အရွယ်
ဖြစ်ပြီလား။
ကျွန်တော့်
အတွေးအိမ်သည်
ခဲတစ်လုံးပစ်ချခံလိုက်
ရသည့် ရေကန်တစ်ခုလို
ဂယက်တွေမဆုံး ရှိနေတော့
သည်။ အချိန်တန်လျှင်
သားတစ်ယောက်
ဖခင်အနေဖြင့် ကြုံတွေ့
လာနိုင်သည့် ကိစ္စတွေကို
သည့်ထက်မက ကြိုတင်
တွေးတောထားပေမဲ့
တကယ်တမ်းရောက်တော့
ကျွန်တော်
ချောက်ချားမိသည်။
ခွဲခွာသွားမှာ၊
ချန်ထားရစ်ခဲ့မှာ ဆိုသည့်
အတွေးစိတ်တို့သည်
ရင့်ကျက်သည်ဟု
တွေးထင်ထားပါသော
ကျွန်တော့်စိတ်အား
ဖြိုခွဲပစ်လိုက်ပြီ
ထင်သည်။
အိပ်မောကျနေသော
သားလေးကို ကျွန်တော်
ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မွှေးမွှေးထပ်ပေးလိုက်ပြီး သားလေး၏ အိပ်ခန်းထဲကနေ ခပ်ဖွဖွလေး ပြန်ထွက်ခဲ့လိုက်သည်။ ညသည် အိပ်စက်ပစ်လိုက်ရုံဖြင့် အနိုင်ရစတမ်းဆိုပါလျှင် ကျွန်တော်လည်း အိပ်စက်ပြီး အနိုင်ယူလိုက်ချင်ပါသည်။ သို့ပေသည့် ကျွန်တော် မအိပ်စက်နိုင်။ အိမ်ရှေ့ဝရန်တာလေးမှာ တစ်ကိုယ်တည်း ရပ်နေပြီး စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် ထုတ်ဖွာနေမိသည်။

'မ'ရော သိနေလား။

'မ'သိလျှင် ကျွန်တော့်လိုပဲ ခံစားရမည်လား။ ကျွန်တော့်ထက်ပင် ကြေကွဲနေမည်လား။ ဒါမှမဟုတ် သဘာဝတရားကို အရှိအတိုင်း တည်ငြိမ်စွာ ရင်ဆိုင်နေမည်လား။ ကျွန်တော် မိခင်တစ်ယောက်၏ မေတ္တာကို ကြိုတင်မခန့်မှန်းနိုင်ပေသည့် 'မ'လည်း ကြေကွဲလိမ့်မည်ဟုတော့ ထင်မြင်မိပါသည်။

w pfq , ajcmu EpSf
q kd n f
t &G fb n f
r bd &if tGu kd
c Gtzat Mf
v kdv nu fb n f
t &G fjzpfyMD m,
u Bfaw mf
t aw ,fG dfb n f
cWvpfv kH
ypfcsvHkd &o n f
a&u efwpfckk d
*, u faw fGq kH
&Seaw mb n f

သက်ပြင်းတွေနှင့် အတူ ရှိုက်ထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့တို့သည် ညအမှောင်ထဲတွင် တိုးဝင်ပျောက်ကွယ်သွားသည်။ ညအမှောင်ထဲကနေ ဆေးလိပ်မီးခိုးတန်းလေး ပြန်ထွက်မလာနိုင်မှန်းသိလျက်နှင့်၊ ကျွန်တော် ရူးသွပ်စွာ မျှော်နေမိသည်။ ထို့နောက် တစ်နေ့က သားလေးပြောခဲ့သော စကားသံတို့သည် ကျွန်တော့်နားထဲသို့ အထပ်ထပ် ပြန်ကြားယောင်လာသည်။

'ဖေဖေ ကျောင်းမှာ သားချစ်သူ ရှိတယ်'

သားလေးသည် ထိုနေ့က ကျွန်တော့်ကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခဲ့တာပဲဖြစ်သည်။ အရာရာကို ရင်းနှီးပွင့်လင်းစွာ ပြောရဲဆိုရဲရှိဖို့ ကျွန်တော်ကိုယ်တိုင် သွန်သင်ပေးခဲ့သည်ပဲလေ။

ဆယ်ကျော်သက်လူရွယ်လေးတစ်ယောက်၏ ကြီးကောင်ငင်နေသောစိတ်ကလေးသည် ပေါ့ပါးလွင့်ပျံ့နေပါမည်။ အရာရာကို ရှုးစမ်းချင်သောစိတ်တွေနှင့် ပြည့်နှက်နေပါမည်။ သည်လိုဆယ်ကျော်သက်အရွယ်လေးတွေကို လေပြည်တိုး၍ လှုပ်ခတ်နေသော သစ်ရွက်ကလေးကို ကြည့်ပြီး ရင်ခုန်လှုပ်ရှား စိတ်ကစားတတ်သည့်အရွယ်ဟုပင် တင်စားပြောကြသည်ကို ကျွန်တော်လည်း ကြားဖူးခဲ့သည်ပဲလေ။ သားလေး စိတ်ကစားတာပဲ ဖြစ်ပါစေတော့ဟု ကျွန်တော် ဆုတောင်းနေမိသည်။

ကျွန်တော်နှင့် သားလေး၏ ကြားမှာ မိဘဆိုသည့် အဟန့်အတားစည်းကို ကျွန်တော်က ဖျော့ထားသည်။ ဖခင်ဆိုသည့်နေရာက တစ်မျိုး၊ သူငယ်ချင်းလိုတစ်မျိုး ကျွန်တော်က နေထိုင်ခဲ့သည်။ တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ်သာမက ရင်ဖွင့်ဖော်ရင်ဖွင့်ဖက်၊ တိုးတိုးဖော် တိုးတိုးဖက်အဆင့်အထိ ကျွန်တော် ဖွင့်ပေါင်းခဲ့သည်။ ဒါမှသာ ဆေးလိပ်၊ မူးယစ်ဆေးဝါး၊ လိင်ပိုင်းဆိုင်ရာစသည်ဖြင့် သားလေးတိမ်းညွတ်နေသော အရာမှန်သမျှကို လွန်လွန်ကြူးကြူး မဖြစ်အောင် အချိန်မီ ထိန်းသိမ်းနိုင်မည်ဟု ကျွန်တော်က ယုံကြည်ထားသည်လေ။

မနက် အိပ်ရာက ကျွန်တော် နိုးတော့ 'မ'က ခါတိုင်းလိုပင် ရုံးကိုသွားပြီ။ မနက်စာစားဖို့ အဆင်သင့်ပြင်ဆင်ပေးထားခဲ့သည့် ထမင်းကြော်ကို သားအဖနှစ်ယောက်စားနေရင်း 'မ'ကို ကျွန်တော် သနားလာမိသည်။ ကျွန်တော်တို့ မိသားစု၏ စီးပွားရေးကို 'မ'ကပင် ဦးဆောင်နေသည်သာမက အိမ်မှုကိစ္စများကို လည်း မလစ်ဟင်းအောင် စွမ်းဆောင်ရှာသည်။ သားလေးကျောင်းစတက်သည့်အချိန်ကတည်းကဆိုတော့ တကယ်ပင် 'မ' ပင်ပန်းရှာပါလိမ့်မည်။

အစိုးရဝန်ထမ်းဖြစ်သည့် ကျွန်တော်က အလုပ်မှ ထွက်ကာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်ဖြစ်သော 'မ'က မိသားစုစားဝတ်နေရေးကို ဆက်လက်ဦးဆောင်ခဲ့သည်မှာလည်း သဘာဝတော့ကျပါသည်။ အစိုးရဝန်ထမ်းလစာနှင့် ကုမ္ပဏီဝန်ထမ်းလစာက မိုးနှင့်မြေလို ကွာဟလွန်းလှသည်ပဲလေ။ အဲဒီတုန်းက 'မ' ပင်ပန်းမှာပေါ့လို့ ကျွန်တော်ပြောတော့ 'မ'သည် ကျွန်တော့်ပါးတစ်ဖက်ကို သူ့လက်ချောင်းသွယ်သွယ်လေးတွေနှင့် ခပ်ဖွဖွကလေးဆွဲညှစ်ကာ 'မင်းတို့ သားအဖနှစ်ယောက်ကို 'မ' လုပ်ကျွေးနိုင်ပါတယ်ကွ'ဟု ပြောခဲ့သည့် စကားတွေသည် ယခုတိုင် ကျွန်တော့်ရင်ထဲတွင် ပီတိတွေနှင့် လှိုက်ခါနေသည်။

'မ'သည် စာရင်းကိုင်ပီသစွာ စည်းကမ်းကြီးသည်။ အစိုးရိမ်ပိုသည်။ ဒေါသလည်း ကြီးပါသည်။ ထို့ကြောင့်ပင် သားလေးသည် သူ့မေမေကို ချစ်သည့်စိတ်ထက် ကြောက်သည့်စိတ်က ပိုကဲနေရှာပြီး ကျွန်တော့်အပေါ်တွင်သာ ဆိုးနွဲ့ကာ ပိုပြီးခင်တွယ်နေသည်။ ကုမ္ပဏီပိတ်ရက်များတွင်သာ အိမ်တွင် တစ်နေ့လုံးနေခွင့်ရသော 'မ'ထက် ကျွန်တော်က သားလေးအပေါ် လက်သာခွင့်ရခဲ့သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

o m,av ;o n f
jyw i f,aygi fav ;
u ae
, r kyi ko m
u av ;r
acsaacsu av ;u kd
ai ;ar m
Mln faeyg n f
u Bfaw nfu
o m,av ;u kd
ai ;Mln faer d
o n f
o m,av ;
&i fckafaeo n f v m,
u Bfaw nfa&m
&i fu skd rMyD m,

ဒီနေ့ သားလေးကို ကျောင်းပို့သွားရမည်ကိုတွေးပြီး ကျွန်တော် စိတ်တွေလှုပ်ရှားနေမိသည်။ "မနက်ဖြန်ကျောင်းရောက်ရင် ဖေဖေ့ကိုသားချစ်သူ ပြမယ်"ဟု ညကသူ့မေမေ မကြားအောင် တိုးတိုးကလေး ပြောလိုက်ချိန်ကတည်းက စိတ်တွေလှုပ်ရှားနေခဲ့သည်ပဲလေ။

ဟော… ကြည့်။

သားလေးကတော့ ရေချိုးခန်းထဲက ထွက်လာရင်း ကျွန်တော် မကြားဖူးသည့် ရက်(ပ)သီချင်းစာသားတွေကို မြူးထူးစွာ ရွတ်ဆိုနေသည်။ ထို့နောက် ကျောင်းဝတ်စုံကို အကျအနဝတ်ဆင်နေရင်း ကြည့်မှန်ရှေ့မှာ ဘယ်ညာငဲ့ကာ ကိုယ်ကို တစ်ပတ်ပြီးတစ်ပတ် လှည့်နေလေသည်။ ထို့နောက် သူ့ပါးမို့မို့လေးတစ်စုံကို မျက်နှာလိမ်းခရင်(မ) ခပ်ပါးပါးလိမ်းခြယ်ကာ လက်စသတ်လိုက်ပြီး ကျွန်တော့်ဘက်ကို လှည့်ကြည့်လိုက်သည်။

နုငယ်သော မျက်နှာလေးသည် ရက်စိတ်ကြောင့်ထင်သည်၊ နှင်းဆီရောင်လွှမ်းနေပြီး အပြုံးနုနုလေးကတော့ ချိုကြည်လွန်းနေသည်။ အရွယ်၏ နုပျိုခြင်းမှာ အချစ်စိတ်ကြောင့် လန်းဆန်းနေသော သားလေးကိုကြည့်ပြီး ကျွန်တော် ရင်မောနေပါတော့သည်။

ကျောင်းဝင်းထိပ်ရောက်တော့ လွယ်ပိုးလာသော ကျောပိုးအိတ်လေးကို လက်ပြောင်းပေးလိုက်သည်။ သားလေးက ကျောပိုးအိတ်လေးကို လွယ်ပိုးနေရင်း "ဖေဖေ မေ့နေပြီလား"ဟု ပြုံးပြုံးကလေး စကားဆိုလာသည်။ ကျွန်တော်လည်း ပြုံးလျက်ပင် ခေါင်းကို ဖြည်းဖြည်းလေး ယမ်းခါပြလိုက်သည်။

"လာ ဖေဖေ ဒီအချိန်ဆိုယမုံ ရောက်လောက်ပြီ"

သားလေးသည် ကျွန်တော့်လက်မောင်း တစ်ဖက်ကို ခိုနွဲ့ကာ ကျောင်းဝင်းထဲကို ခေါ်သွားသည်။ နည်းနည်းစောသေးလို့ ထင်သည်။ ကျောင်းဝင်းထဲမှာ ကျောင်းသားတွေ မစုံသေး။ ဟိုတစ်စု၊ ဒီတစ်စုဖြင့် ကစားခုန်စား မြူးထူးနေကြသော ကလေးငယ်လေးတွေကိုသာ တွေ့နေရသည်။

သားလေးက စာသင်ခန်းလေးတစ်ခုအနားရောက်တော့ ရပ်တန့်လိုက်ပြီး ပြတင်းပေါက်ဆီကို လက်ညှိုးညွှန်ကာ-

"ဖေဖေ ဟိုမှာလေ၊ သားပြောတဲ့ ချစ်သူပေါ့"

သားညွှန်ပြသော ပြတင်းပေါက်မှတစ်ဆင့် ကျွန်တော်ကြည့်လိုက်တော့ နုနုငယ်ငယ်ကလေးမလေးသုံးယောက် စာသင်ခန်းထဲမှာ စကားတွတ်ထိုးနေသည်ကို လှမ်းတွေ့ရသည်။

"သားပြောတဲ့ ယမုံဆိုတာ ညာဘက်အစွန်က ဆံကုပ်အဝါလေးနဲ့လေ"

"ဪ…"

ကျွန်တော့်ရင်ထဲမှာ နင့်သွားသည်။ ကလေးမလေးကို ငေးကြည့်နေသော ကျွန်တော့်အကြည့်တွေက မျက်ရည်တွေ စို့လာ၍ ထင်သည် ဝေဝါးလာသည်။ ယုန်နားရွက်ကလေး တစ်စုံလို ချစ်စဖွယ် ဆံကုပ်ဝါဝါလေးကို ခေါင်းမှာ တွယ်ချိတ်ဆင်မြန်းထားသော ကလေးမလေး၏ မျက်နှာလေးသည် ပီဘိကလေးငယ်လေးအတိုင်းပင်။ နုသော၊ ငယ်သော၊ ရွယ်သော ကလေးမလေး၏ မျက်နှာလေးသည်လည်း အပြစ်ကင်းစင်လှပါသည်။

"ဖေဖေ ပြန်တော့မယ်နော်"

သားလေးသည် ပြတင်းပေါက်လေးကနေ ယမုံဆိုသော ကလေးမချောချောကလေးကို ငေးမောကြည့်နေပါသည်။ ကျွန်တော်က သားလေးကို ငေးကြည့်နေမိသည်။

သားလေး ရင်ခုန်နေသည်လား။

ကျွန်တော်ရော ရင်ကျိုးသွားပြီလား။

ဒုတိယအကြိမ် ကျွန်တော် သားလေးကို နှုတ်ဆက်လိုက်သည်။ ဒီတစ်ခါတော့ ကျွန်တော့်အသံက အနည်းငယ်ကျယ်လောင်သွားမည် ထင်သည်။

"သား ဖေဖေ ပြန်တော့မယ်"

❑

အချစ်ဆိုသည်မှာ လူသားတိုင်းကြုံတွေ့ရမည့် အရာတစ်ခုပဲလေ။

သို့ပေသည့် သားလေးတို့အရွယ်အတွက်တော့ အချစ်ကို တိတိပပ ခွဲခြားနားလည်နိုင်ဖို့ စောလွန်းသည်ဟု ကျွန်တော်ထင်မြင်မိသည်။ အချစ်နှင့် ရမ္မက်ဆိုသည်ကလည်း ခွဲခြားမရအောင် ယှဉ်တွဲနေတတ်သည်မို့ ဆယ်ကျော်သက်အရွယ်တွေအတွက် စိုးရိမ်စရာတစ်ခုပင်။ အချစ်မှာ မျက်စိမရှိလို့ ဆိုကြပေမဲ့ ရမ္မက်မှာတော့ မျက်စိရော၊ ဦးနှောက်ရော ရှိရမှာပဲ ဖြစ်သည်။

အချစ်ဆိုသည်မှာ လူငယ်တစ်ယောက်၏ နှလုံးသားကို ရှင်သန်စေနိုင်သည့် ဆေးလည်းဖြစ်သလို ညှိုးနွမ်းခြောက်ခန်းစေတတ်သည့် ဘေးလည်း ဖြစ်တတ်သည်မို့ သားလေးတို့အတွက် ကျွန်တော် စိုးရိမ်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com

သားလေးတို့ရော၊ အချစ်နှင့် ရမ္မက်ကို အတူတူပဲဟု ထင်နေကြပြီလား။ ဘာမှ မဆန်းပါဘူးဟု တွေးပြီး မိုးခါးရေ သောက်ချင်စိတ်တွေ ဖြစ်နေကြပြီလား။ ကိုယ်လုံးပုံမှ ယုံအပ်သည့် အချစ်ဟု ထင်မြင်နေကြပြီလား။ ကျွန်တော့် အတွေးအိမ်ထဲတွင် သားလေးနှင့် ယမုံဆိုသော ဆယ်ကျော်သက် ကလေးမတို့၏ အကြောင်းတွေသည် စဉ်းစားရင်းဖြင့် အတွေးတို့ ဆူလောင်လာလေသည်။ သူတို့လေးတို့၏ အဖြစ်သည် ဘယ်အဆင့်ထိ ရောက်နေကြပြီလဲဆိုသည့် အတွေးပူပူတို့သည် ကျွန်တော်၏ ညကို အိပ်စက်မရနိုင်အောင် ရုပ်တန့်ပစ်လိုက်သည်အထိ တောက်လောင်နေလေသည်။ ညသည် နက်သထက်နက်လာသည့်အခါ ကျွန်တော့်စိတ်တွေသည် ဝေဝေဝါးဝါး။ အိပ်ပျော်သွားသည်လည်း မဟုတ်၊ အိပ်မပျော်သည်လည်း မဟုတ်။ ထိုအခြေအနေမျိုးတွင် အိပ်မက်မဟုတ်သော အတိတ်က အဖြစ်အပျက်တချို့သည် ကျွန်တော့် အာရုံတွင် ထင်ဟပ်လာတော့သည်။

❑

ကျောင်းနံရံကို လက်သီးဖြင့် တရစပ်ထိုးနေသော ကျွန်တော့်လက်သီးချက်တွေသည် နာကျင်ရုံမှ တစ်ပါး အညို့ကို မုန်းမေ့သွားလောက်အောင် အထိတော့ မစွမ်းဆောင်နိုင်။

"ဟေ့ကောင် မင်းမင်း၊ ရူးပါ့ကွာ၊ မိန်းမတစ်ယောက် အတွက်နဲ့များ"

o m;av ;w b&m
t cpf ESh
&r® f u b
t w l w y J k
x i f aeM N D m,
b m n S
r q e f y g b I [ k
aw G N D
r k d c g a &
ao m u f c s i p f w d f
aw G
j z p f aeM N D m,
u k d f v k y f k S
, k H y b n h
t cpf [ k
x i f j r i f aeM
N D m,

နောက်ကနေ သိုင်းဖက်ကာ လက်သီးချက်တွေကို ရပ်တန့်ဖို့ ကြိုးစားနေသော သူငယ်ချင်း အောင်နိုင်ထွေးကို ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ကျွန်တော့် မျက်ဝန်းမှာ မျက်ရည်တွေ သီသီဝေနေတာ တွေ့တော့ အောင်နိုင်ထွေးက "ကျွတ်... စိတ်ပျက်စရာကွာ"ဟု ဆိုကာ ကျွန်တော့်ကို မချိတင်ကဲဆိုသည်။

"ဒီမှာ သူငယ်ချင်း မင်းက အညို့ကို မိန်းမတစ်ယောက်အဖြစ်ပဲ သာမန်မြင်တာကွ။ ငါ့အတွက်တော့ ညိုဟာ မျှော်လင့်ချက်၊ ညိုဟာ အိပ်မက်အနာဂတ်၊ ပြီးတော့ ညိုဟာ ငါ့အတွက် ဘဝတစ်ခုပဲ။ ညို... ညို လုပ်ရက်တယ်ကွာ"

"အေးလေ၊ မင်းရဲ့ ညိုကလည်း တခြားတစ်ယောက်နဲ့ဖြစ်သွားတာမှ မဟုတ်တာ။ သူဟာ မင်းအပေါ် စိတ်ကစားမိတာပါတဲ့"

"ဘာ... စိတ်ကစားတာ ဟုတ်လား၊ သိပ်ရယ်ရတာပဲ။ ညို ကစားသွားတာ ငါ့ဘဝကွ၊ ငါ့မျှော်လင့်ချက်၊ ငါ့အိပ်မက်၊ ငါ့အနာဂတ်ကိုပါ အပျော်ကစားသွားတာ"

ထိုနေ့မှစပြီး ညိုရှိနေမည့် စာသင်ခန်းဆီ ကျွန်တော် မရောက်ဖြစ်တော့။ မြို့အပြင်ဘက်ဆီ ဦးတည်နေသည့် ကျွန်တော့်စက်ဘီးလေးသည် ညိုရှိနေမည့် စာသင်ခန်းလေးကိုလည်းကောင်း၊ မြို့လေးကိုလည်းကောင်း ကျွန်တော် နေ့စဉ် ကျောခိုင်းနှင်းချန်ထားခဲ့သည်။ ကျွန်တော် ဆုပ်ကိုင်စီးနင်းနေသော စက်ဘီးလက်ကိုင်လေးသည် ညို့ပခုံး ပြေပြေကလေးဖြစ်လိုဖြစ်၊ လွယ်သိုင်းထားသော ကျွန်တော့် ကျောင်းလွယ်အိတ်ကလေးသည်လည်း သိုင်းဖက်ထားသော ညို့လက်တစ်စုံဖြစ်လိုဖြစ်ပေါ့။ လွမ်းသောစိတ်တို့သည် ညိုနှင့်ဝေးရာဆီ ဘယ်လိုပဲ ပြေးထွက်ပြေးထွက် နာနေသောရင်ကိုတော့ သက်သာရာမရခဲ့။

ထိုစဉ်က ကျွန်တော်၏ အလွမ်းဖြေစခန်းသည် မြို့လေးနှင့် နှစ်မိုင်ခန့်ဝေးသော မူးမြစ်ကမ်းပေါ်က အဝေရာပင်တောအုပ်ကလေး ဖြစ်သည်။ ထိုတောအုပ်ကလေး ထဲတွင် တစ်နေကုန် လွမ်းသည်။ လွမ်းသည်ထက် လွမ်းလာသည့်အခါ ကျောင်းစာအုပ်ထဲက စာရွက်ကလေးတွေကို ဆုတ်ခွာကာ စွန်ကလေးတွေခေါက်ပြီး မူးမြစ်ပြင်ဆီ ကျွန်တော် အားကုန်လွှဲပစ်တတ်သည်။ ကျွန်တော့် စွန်လေးတို့သည် မြစ်ရေပြင်ထဲ နစ်မြုပ်ပျောက်ကွယ်သွားခဲ့သည်ချည်းပဲ ဖြစ်ပါတော့သည်။ ထိုမှတစ်ဖန် ကျွန်တော်၏ အလွမ်းခန်းသည် မြို့လေးထဲက အရက်ဖြူဆိုင်လေးဆီ ဦးတည်လာခဲ့သည်။ အရက်ဖြူ နှစ်ရာဖိုးဝယ်ကာ ချောင်ကျကျ ဆိုင်အတွင်းထဲမှာ အလွမ်းတွေ ဖြေဖျောက်ရင်း ဘဝသည်လည်း ညို့ဆံနွယ် တစ်ချက်အယမ်းမှာ သွက်သွက်ခါ သွားခဲ့တော့သည်။

ထိုနှစ်က ကျွန်တော် ဆယ်တန်းကျရှုံးခဲ့သည်။ ကျွန်တော့်ညီသည် ဂုဏ်ထူးလေးဘာသာဖြင့် အောင်မြင်ကာ သူသိပ်ဖြစ်ချင်သော အိုင်တီပညာရှင်ကြီးဖြစ်ဖို့ ဘဝခရီးကို စတင်လေပြီ။ ကျွန်တော့်မှာတော့ သူတက်ခဲ့သည့်ကျောင်း၊ သူထိုင်ခဲ့သည့် စာသင်ခုံ၊ သူသွားခဲ့သည့် မုန့်ဈေးတန်းလေး၊ သူလျှောက်ခဲ့သည့် ကျောင်းလမ်းကလေးတွေကို လွမ်းလို့ မဝနိုင်ရှိနေရစ်တော့သည်။ ဆယ်ကျော်သက်အရွယ်တွင် ကြုံတွေ့ခဲ့ရသောအချစ်သည် ကျွန်တော့်အတွက် အထိ



www.burmeseclassic.com

www.burmeseclassic.com

အခိုက် အကျအရှုံးများခဲ့သည်။ ရင်နင့်အမျှ ခံစားခဲ့ရသည်မို့ အချစ်သည် နေရာမမှား၊ နှလုံးသားရှိရာ အရပ်မှာပဲ တည်ရှိခဲ့ပါလိမ့်မည်။ သို့ပေမဲ့ အရွယ်မှားခဲ့သည်ဟုတော့ ဆိုနိုင်သည်။ အင်နှင့်အားနှင့်၊ ထုနှင့်ထည်နှင့် အားကောင်းသော အချစ်တို့သည် နုနယ်သောအရွယ်ပေါ် တည်မှီလာခဲ့သည့်အခါ အဆင်သင့် မဖြစ်သေးသော ဆယ်ကျော်သက် ဘဝသည် တိမ်းယိုင်ခဲ့တာပဲ ဖြစ်ပါတော့သည်။

❑

မနက်လင်းတော့ အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်ရင်း အိမ်တံစက်မြိတ်ကနေ ခိုတွဲကျနေသော နှင်းရည်စက်ကလေးတွေကို ဘာရယ်မသိ ငေးကြည့်နေမိသည်။ နှင်းရည်စက်ကလေးတွေက ခုပဲ ပြုတ်ကျတော့မလို လိုနှင့် အသည်းယားစရာကောင်းနေသည်။ ညက နိုးတစ်ဝက်၊ အိပ်တစ်ဝက်ဖြင့် စိတ်မှာ ထင်ဟပ်ခဲ့သောအရိပ်တို့သည် ရုပ်ရှင်ပြကွက်တွေလို စိတ်ထဲမှာ အတိုင်းသားပင် ကျန်နေသေးသည်။

"မောင်"

"မ"၏ နူးညံ့ထွေးအိသောလက်တစ်စုံက ကျွန်တော့်ခါးကို ရစ်သိုင်းဖက်တွယ်လာသည်။ ထို့နောက် အနမ်းနွေးနွေးလေးက ကျွန်တော့်လည်တိုင်ဆီ တစ်ပွင့်၊ နှစ်ပွင့်ခြွေလာသည်။ ထိုအခါမှာတော့ ကျွန်တော့်စိတ်တွေ ကြည်လင်လာသည်။ "မ"ဆီ လည်ပြန်ငဲ့ကြည့်လိုက်တော့ နှင်းဆီရောင်နှုတ်ခမ်းဖူးဖူးလေးက စကားရိပ်တို့ ဆင်နေသည်။

"မ ပြောလေ၊ ဘာပြောချင်လို့လဲ"

"မင်း မျက်နှာသိပ်ဖတ်တတ်တာပဲနော်"

ကျွန်တော် "မ"ကို တစိမ့်စိမ့်ကြည့်ရင်း ချမ်းမြေ့စွာပြုံးနေလိုက်သည်။

"အလုပ်ကိစ္စပါမောင်၊ ဒီလကုန်ရင် ရန်ကုန်ရုံးခွဲကို "မ" ပြောင်းရမယ်လို့ ပြောမလို့ပါ"

"ဩော်"

"အဲဒါ သားလေး ကျောင်းပြောင်းဖို့ကိစ္စ မောင်ပဲ စီစဉ်လိုက်နော်"

ကျွန်တော် ရှိုက်မိသည်။ မိဘတွေပြောင်းရွှေ့ရာ သားလေးလိုက်ပါရတော့မည်။ သားလေး စိတ်ဆင်းရဲသွားမည်လား၊ ပြီးတော့ သားလေး၏ အသည်းတွေ ကွဲကြေသွားမည်လား၊ ပြီးတော့... ပြီးတော့ ကျွန်တော့်လိုပဲ စိတ်တွေလေလွင့်သွားမည်လား ကျွန်တော် ဆက်၍ပင် မတွေးရဲတော့၊ "မ" ရင်ခွင်ထဲမှာပဲ ခိုးရှိုက်နေမိတော့သည်။

❑

သားလေးကတော့ ဘာမှ မသိရှာ။ အခါတိုင်းလိုပင် ကျောင်းဝင်းထဲသို့ ရွှင်မြူးစွာ ဝင်ရောက်သွားသည်။ တူညီဝတ်စုံ ဝတ်ဆင်ထားသော ကျောင်းသားလေးတွေထဲ တိုးဝင်ပျောက်ကွယ်သွားသည်အထိ ကျွန်တော် ငေးနေမိသည်။

ဆွေးရပြန်လေပြီ။

ခံစားကြေကွဲရတော့မည်မှာ သားလေးဆိုပေသည့် ရင်မှဖြစ်သောသားပေမို့ ကျွန်တော်သည်လည်း ကြေကွဲရတော့သည်။ သားလေးကို ကျောင်းပို့ပြီး အိမ်သို့ မပြန်ဖြစ်။ သားလေးတို့ ကျောင်းဝင်းကို အပြင်ဘက်ကနေ တစ်ပတ် ပတ်လျှောက်ကာ မြို့ဦးစေတီလေးဆီ ထွက်ခဲ့လိုက်သည်။ ဆည်းလည်းသံလေးတွေသည် အဝေးမှပင် ကြားနေရသည်။ ရင်ပြင်တော်ပေါ်အထိ မတက်တော့ဘဲ ဖိနပ်ချွတ်ကာ အဝေးမှပင် ဖူးမြော်လိုက်သည်။ ထိုမှတစ်ဆင့် မီးရထားသံလမ်းကို ကျော်ကာ မြို့ပြင်လယ်ကွင်းတွေဆီ ဦးတည်လိုက်မိပြန်သည်။

ကျွန်တော့် စိတ်တို့သည် လေနှင်ရာလွင့်နေသည့်အလား။ စိတ်ကူးတည့်ရာကိုပင် ဦးတည်နေမိတော့သည်။ ခပ်ပြင်းပြင်းတိုက်ခတ်နေသော လေရူးတွေကြောင့် ထင်သည်၊ ရွှေရောင်စပါးခင်းတို့သည် တအိအိဖြင့် လှိုင်းတွန့်နေသည်။ လယ်ကွင်းပြင်ကြီးတွေသည် ဟိုးခပ်ဝေးဝေးဆီအထိ တစ်မျှော်တစ်ခေါ်ကြီး ကျယ်ပြန့်ပြီး အဆုံးမှာတော့ မိုးကုပ်စက်ဝိုင်းကိုပင် ထိစပ်နေသည့်အလား။ ယမုံဆိုသော ကလေးမလေး၏ ပုံရိပ်ကိုလည်းကောင်း၊ သားလေး၏ ပုံရိပ်ကိုလည်းကောင်း ထိုစပါးခင်းကြီးထဲတွင် မြင်ယောင်လာသည်။ ထို့နောက်မှာတော့ ပျောက်ကွယ်သွားပြန်လေသည်။

ကျွန်တော် မြို့ထဲဆီ ဦးတည်လိုက်သည်။ စပါးခင်းကြီးတွေ၏ ပုံရိပ်သည် ကျောခိုင်းလိုက်သည်နှင့် ပျောက်ကွယ်သွားသော်လည်း သားလေးတို့၏ ပုံရိပ်တွေကတော့ မျက်ဝန်းထဲမှာ ပျောက်ပြယ်မသွားပေ။

မခံစားနိုင်တော့သည့်အဆုံး မြို့စွန်လေးမှာရှိသော အရက်ဆိုင်ထဲ ကျွန်တော် ဝင်ထိုင်ပစ်လိုက်သည်။

တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်သောက်ချပစ်လိုက်သည်။ ပို၍ပင် လွမ်းလာသည်။ ယမုံရှိသော စာသင်ခန်းလေး၊ ယမုံလျှောက်သော ကျောင်းမုန့်ဈေးတန်းလေး။ အို... ယမုံထိုင်သော ခုံပြာတန်းကလေးနှင့် သူကလေး ချိတ်တွယ်ထားသော ယုန်နားရွက်ကလေးတစ်စုံလို ချစ်စဖွယ် ဆံကုပ်ဝါဝါလေး။ ပန်းရောင်ပြေးနေသော သားလေး၏ ပါးမို့မို့လေးပေါ်မှာလည်း မျက်ရည်စတွေ၊ အို... ကျွန်တော့်ပါးပြင်မှာလည်း မျက်ရည်စတွေနှင့်ပါလား။

❑

"မ"ပြောင်းရွှေ့ရမည့် ရန်ကုန်ကို ကျွန်တော်တို့ မီးရထားနှင့်ပင် သွားဖို့ စီစဉ်လိုက်ပါသည်။ အိမ်ထောင်မှုပစ္စည်းတွေကိုတော့ လက်ဆွဲတန်ဆာဌာနတွင် အပ်နှံလိုက်ပြီး ကျွန်တော်တို့ သားအဖသုံးယောက်အတွက်တော့ အိပ်ခန်းတွဲမှာ သီးသန့်တစ်ခန်းဖြတ်လိုက်သည်။ ကျွန်တော် သားလေး၏ မျက်နှာကို အကဲခတ်နေမိသည်။ သားလေး၏ လှုပ်ရှားဟန်တို့သည် ပုံမှန်ထက် မပို၊ တစ်ခါတစ်ခါ ဘူတာရုံအဝင်ဝဆီ လှမ်းမျှော်ကြည့်ရုံမှတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

သူ့ဟန်းဆက်လေးဖြင့် ဂိမ်းဆော့လိုက်၊ ချောကလက်ဝေဖာ ချောင်းလေးတွေကို ကောက်ဝါးလိုက်နှင့် တည်ငြိမ်နေသည်။ ရထားထွက်ဖို့ ဆယ့်ငါးမိနစ်ခန့်အလိုမှာတော့ ဘူတာရုံထဲ ယမုံဆိုသော ကလေးမကလေးနှင့် သူ့သူငယ်ချင်း ကလေးမလေး နှစ်ယောက် ဝင်လာသည်ကို လှမ်းတွေ့လိုက်ရသည်။ သားလေးသည် ဝင်လာနေသော ယမုံတို့ကို တစ်ချက်ခေါင်းငဲ့ ကြည့်လိုက်ကာ ဂိမ်းဆက်ဆော့ကစားနေသည်။

‘ဟဲ့ မင်းမာန် ဖက်တီးပုတ်၊ ငါတို့ နင့်ကို လာနှုတ်ဆက်တာ’

‘အေး သိပါတယ်၊ ယမုံမရယ် ဟားဟား’

‘ဟဲ့ ငါ နင့်ကိုပေးစရာရှိလို့၊ နင်ရန်ကုန်ကို အပြီးသွားနေတော့မှာဆိုတော့ မပေးလိုက်ရမှာစိုးလို့’

ကျွန်တော့် ရင်ထဲမှာ ဆွေးသွားပြန်သည်။ အမှတ်တရတစ်ခုခုလေးပဲဖြစ်မည်ဟု မှန်းဆကာ ရင်ထဲမှာ နင့်နေသည်။ သားလေးကတော့ ဂိမ်းဆော့နေလျက်ပင် ‘ဘာလဲ ပေးလေ’ဟု ခပ်ပေါ့ပေါ့ပင် စကားဆိုလိုက်သည်။

‘ငါလေ ညက အေပီကေက ဆော့ဝဲကနေ ဂိမ်းအသစ်ဒေါင်းထားတာ မိုက်တယ်ဟ၊ နင့်အကြိုက် အက်ရှင်ဂိမ်းဟ’

‘ပေး ပေး၊ ငါ့ကို ဇာပြာနဲ့ ပို့ပေး’

‘ကောင်စုတ် ဟီဟိ’

ရထားကြီးသည် ဘူတာရုံထဲကနေ စ,ထွက်ဖို့ အချက်ပေးလိုက်သည်နှင့် ဥသြရှည်ကြီးတစ်ချက် ဆွဲငင်နေလေသည်။ ထိုမှတစ်ဖန် တဖြည်းဖြည်းနှင့် ရထားကြီး စတင်ထွက်ခွာလေပြီ။ ယမုံတို့ကလေးမလေးအုပ်စုသည်လည်း ရယ်ကာမောကာဖြင့် ကျန်နေရစ်ခဲ့တော့သည်။ သားလေးသည် မျက်ရည်မလည်၊ ဆွေးရိပ်မသန်း၊ လွမ်းရိပ်မဆင် ပကတိ မျက်နှာလေးသည် ကြည်လင်ရွှင်ပျစွာဖြင့် သူ့မေမေ ရင်ခွင်ထဲတိုးဝင်ကာ ဂိမ်းဆော့နေလေသည်။ ရထားကြီးသည်လည်း တဖြည်းဖြည်း အရှိန်ရလာလို့ ထင်သည်။ သံလမ်းတွေဆီမှ တဖြောင်းဖြောင်း မြည်အောင်ပင် ခုတ်မောင်းနေသည်။

ကျွန်တော် သားလေးနှင့် ‘မ’တို့ကြား ဝင်ရောက်တိုးဝှေ့ကာ နှစ်ဦးစလုံးအား ဖက်တွယ်ထားလိုက်သည်။ အထိအခိုက်မရှိ၊ အကျအရှုံးမရှိ၊ နာကျင်မှုကင်းမဲ့နေသော သားလေးမျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်ကာ–

‘သား သား’

‘ဗျာ၊ ဖေဖေ’

‘ဟိုလေ သားချစ်သူ ယမုံနဲ့ ခွဲလာရတာ သားမလွမ်းဘူးလား၊ မခံစားရဘူးလားဟင်’

ထင်မှတ်မထားသော စကားကြောင့် သားလေးက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်လာသည်။ ထို့နောက်မှာတော့ ဂိမ်းဆက်ဆော့ကစားနေသည်။ ပြီးတော့–

‘အစကတော့ ချစ်သလိုပါပဲ ဖေဖေ၊ သေချာတွေးကြည့်တော့ မချစ်ပါဘူး။ ယမုံကိုတောင် သားက နင့်ကို အစက ငါချစ်သလိုလိုပဲ၊ အခုတော့ မချစ်တော့ဘူးလို့ ပြောတော့ ယမုံတောင် ရယ်နေသေးတယ်’

‘ဩော်’

‘...’

ကျွန်တော် သားလေးနှင့် ‘မ’ရင်ခွင်ထဲကနေ ရုန်းထ,ကာ တစ်ဖက်ခုံဆီ ပြန်ထိုင်လိုက်သည်။ ထို့နောက် သတင်းစာကို ခရီးဆောင်အိတ်ထဲကနေ ဆွဲထုတ်ကာ ဖတ်ချင်စိတ်မရှိပါဘဲ ငေးကြည့်နေမိသည်။ ထိုမှတစ်ဖန် ပုံရိပ်တို့ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းလဲနေသော ရထားပြတင်းပေါက်ဆီ ငေးရီနေမိပြန်သည်။

ဖြူစင်ခဲ့သော၊ အခုလည်း ဖြူစင်နေသော သားလေးတို့ နှလုံးသားလေးတွေသည် ရိုးရိုးကလေးတွေပဲ ဖြစ်ပါလိမ့်မည်။ အရောင်မစွန်းသောကလေးတို့ ကောင်းကင်တွင် ကျွန်တော်သည်သာ အရောင်တွေခြယ်နေရော့သည်။ သေချာပါသည်။ ကျွန်တော် လွမ်းဖူးသော၊ ကျွန်တော် ကြေကွဲဖူးသော၊ ဆွေးမြည့်ဖူးသော အတိတ်တွေသည် အခုတိုင် လွမ်းဆွေးကြေကွဲနေခဲ့သည်ပဲလေ။ တကယ်တော့ ကျွန်တော် လွမ်းဆွေးနေခြင်းသည် ကျွန်တော့်အတွက်သာဖြစ်ကြောင်း ထင်ရှားလာသည်။

စိတ်သည် အတွေးတို့ဖြင့် မျောလွင့်နေစဉ် ကျွန်တော့်လက်ထဲက သတင်းစာလေးသည် အပိုင်းပိုင်းပြတ်ကာ စက္ကူစွန်လေးတစ်ခု ဖန်တီးမိလျက်သားဖြစ်နေသည်။ လက်ထဲက စက္ကူစွန်လေးကို ပျံသန်းစေနိုင်ရန် အတောင်ပံလေးတစ်စုံကို ဖွင့်လိုက်ပြီး ကျွန်တော် ချိန်ဆနေမိသည်။ ထိုအချိန်တွင် သားလေးသည် သူ့မေမေရင်ခွင်ထဲကနေ ရုန်းထ,လာပြီး ကျွန်တော့်လက်ထဲက စက္ကူစွန်လေးကို ဖမ်းယူကာ ရထားပြတင်းပေါက်ကနေ အားကုန် လွှင့်ပစ်လိုက်တော့သည်။ ပြတင်းပေါက်ကနေ ပျံဝဲသွားသော စက္ကူစွန်လေးက ပြေးလွှားနေသော ရထား၏ အရှိန်ကို ကျော်လွှန်ကာ တောတန်းကလေးတစ်ခုဆီကို ဦးတည်သွားသည်။ ထိုမှတစ်ဆင့် ချောင်းရိုးလေးထဲသို့ စိုက်ကျသွားသည်။

‘အို’

ထွက်ပေါ်လာသော သားလေး၏ စိုးရိမ်စိတ်ကလေး မဆုံးမီမှာပဲ စွန်ကလေးက လေကြောင်းမိသွား၍ ထင်သည်၊ ကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး ပျံတက်သွားတော့သည်။

ချောင်းရေတို့မှ လွတ်မြောက်သွားသော စွန်ကလေးကိုကြည့်ပြီး သားလေးသည် လက်ခုပ်လက်ဝါးတီးကာ မြူးထူးအော်ဟစ်နေလေသည်။ ‘မ’သည် ကျွန်တော်တို့ သားအဖနှစ်ယောက်ကို ကြည့်ကာ ပါးကွက်ကလေးတစ်စုံ တွန့်သွားသည်အထိ ပြုံးနေသည်။ ကျွန်တော်ကတော့ တစ်ချိန်က မူးမြစ်ပြင်မှာ နစ်မြုပ်သွားခဲ့ဖူးသော စက္ကူစွန်ကလေးတွေကို အမှတ်ရနေမိသဖြင့် ‘မ’ကို အားနာနေမိတော့သည်။ ■

ကြယ်လွဲမိုး



www.burmeseclassic.com

www.burmeseclassic.com

# ဂျိုးပိန်

ခင်ခင်ထူး




(ယခင်လမှ အဆက်…)

၄။

'အောင်ချမ်းသာ တစ်ရက်က မင်းဝယ်ပေးတဲ့ ရှမ်းခေါက်ဆွဲကလေး တော်တော်ကောင်းတာပဲ။ ကော်ရည်နဲ့ အကြော်နဲ့ဟာလေ၊ ဘယ်ဆိုင်ကလဲ'

'ဘယ်ဆိုင်ကများပါလိမ့်၊ ရှမ်းခေါက်ဆွဲဆိုင်က တစ်လမ်းလုံး ရှစ်ဆိုင်လောက်ရှိတာ ဆရာမရဲ့'

'ဩော်၊ မင်းနှယ် တစ်နေ့ကမှ မင်းပဲ ဝယ်ပေးတာလေ'

'ဘယ်ဆိုင်များပါလိမ့်'

ဂျိုးပိန်ကို မနက်စောစောကလေး စားချင်လို့ ဝယ်ခိုင်းရတာတွေကလည်း ကျွန်မတို့အဖို့ရာ စွန့်စားမှုပါ။ မနက်မိုးလင်း အိမ်မှာစားစရာ အဆင်မပြေရင်



www.burmeseclassic.com

www.burmeseclassic.com

ဂျုံးပိန်ကိုဝယ်နိုင်ပြီး စားကြရတယ်။ ကျွန်မတို့က တစ်ယောက် တစ်ပေါက် မှာတတ်ကြတာတော့လည်း ပါမှာပေါ့။ ရှမ်း ခေါက်ဆွဲ စားချင်သူက စားတယ်။ တစ်ယောက်က လက်ဖက် ရည်နဲ့ ထပ်တစ်ရာ။ တစ်ယောက်က ကောက်ညှင်းပေါင်းနဲ့ အကြော်ပေါ့လေ။ မုန့်တီသုပ်ဆိုတာမျိုး၊ မန္တလေးပဲကြော်လို့ ခေါ်တဲ့ ပဲစာဥကြော်ဆိုတာမျိုးကလည်း ပါသေးရဲ့။ ကျွန်မတို့ မှာတဲ့အခါတိုင်း တခြားအမယ်တွေသာ မပြောင်းမလဲ ပါချင် ပါလာလိမ့်မယ် ရှမ်းခေါက်ဆွဲကတော့ တစ်ခါဝယ်တစ်မျိုး။ ဝယ်တော့လည်း မင်းသွားရင် အပေါ်ထပ်ပိုက်ဆံတက်ယူလှည့် ဆိုရင် ကျုပ်စိုက်ခဲ့မယ်တဲ့။

ရှမ်းခေါက်ဆွဲက ငရုတ်ဆီများတဲ့ဆိုင်၊ ကော်ရည်ပျစ်ချွဲချွဲ နဲ့ဆိုင်၊ ကြာညို့တွေ ညို့နေအောင် ထည့်ထားတဲ့ဆိုင် စသဖြင့် ဝယ်တိုင်းလည်း တစ်ခါမှာတစ်မျိုး ပါလာတတ်တာဆိုတော့ ရှမ်းခေါက်ဆွဲရယ်လို့ တစ်လုတ်တစ်ဆုပ်စားရတာကပဲ သိပ် မသေချာဘူး။ စားချင်တော့လည်း စွန့်စားရတာပါပဲ။

'အောင်ချမ်းသာ ရှမ်းခေါက်ဆွဲက ကော်ရည်တွေများလွန်း တော့လည်း စားမကောင်းဘူး။ ကြာညို့တွေမထည့်နိုင်းနဲ့။ မုန်ညင်းချဉ်တွေ ခေါက်ဆွဲသားထဲ ရောထည့်မလာနဲ့ ချဉ်စော် သိုးစော်နံတယ်။ ငရုတ်ဆီရှောင်၊ အချိုမှုန့် လုံးဝမထည့်နဲ့လို့ ပြော'

သည်လိုများ ရှောင်ရန်တွေများလာရင် ဂျုံးပိန်နဖူးကြော က မှုန်ကုပ်သွားတော့တာပါ။ စိတ်ထဲမနည်းလိုက်မှတ်နေရာ က ဘယ်လိုမှမမီတော့သလို မျက်နှာမျိုးလုပ်ထားတတ်တယ်။ တစ်ခါတလေတော့လည်း ခင်ဗျားတို့နှယ် သည်လောက်ကြေး များနေရင်လည်း မစားကြပါနဲ့လားဗျာ၊ မုန့်ဖတ်ရေနွေးပြုတ် ချည်း စားကြရောပေါ့ဆိုတဲ့ပုံ။ ကျွန်မကသာ မှာတာပါ။ ဆိုင်

မင်းနယ်. . . သစ္စာပန်း၊ ဂန္ဓမာပန်း၊ သပြေပန်းတွေ ကိုယ့်တိုင်းပြည်ကစိုက်တဲ့ပန်း ဝယ်ခဲ့ရောပေါ့လို့လည်း မကွန့်ဝံ့ဘူး။ နောင် ခိုင်းမရဘဲနေမှာစိုးလို့ပါ။ ဝယ်ပေးတာ ကျေးဇူးတင်ရသေးကို။ 'အေးပါ ငါ့တူရယ်၊ မင်းပန်းတွေက လှပါတယ်။ ဘာ ပန်းခေါ်သတဲ့တုံး'ဆိုတော့ မပြောတတ်ပေါင်ဗျာတဲ့။ 'ဒို့ဖြင့် မင်းက ဘာဖြစ်လို့ ဝယ်လာတာတုံး'ဆိုတော့ 'ရွှေချည်ငွေချည် ကလေးတွေ လက်နေလို့ ဆရာမတော့ ကြိုက်မှာပဲဆိုပြီး ဝယ်လာတာ'တဲ့




၂၀၁၈ ဒီဇင်ဘာ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း မှ

www.burmeseclassic.com

www.burmeseclassic.com

က ပြင်ပေးလိုက်တဲ့အတိုင်း ပါလာတာချည်းပါပဲ။ ငရုတ်ဆီတွေက ရဲလို့၊ ကြာညို့တွေကမည်းလို့၊ မုန့်ညင်းချဉ်တွေက ခဲလို့။ စားနိုင်ရင်စားပေတော့၊ မစားနိုင်ရင်လည်း သူ့သာပြန်ပေးလိုက်တော့။ အိမ်ကဆရာက မနက်စောစောနိုးတတ်တော့ တစ်ခါက ပဲစာဥကြော်ကြိုက်တယ်။ တစ်ခုကို ဘယ်လောက်ရောင်းတာလဲဆိုတော့ သူတို့က ယူချင်သလိုယူတာတဲ့။ အောင်ချမ်းသာရဲ့ဘယ့်နှယ် ယူချင်သလိုယူရမှာတုံး။ တစ်ခုတစ်ရာဖြင့်တစ်ရာ၊ ငါးဆယ်ဖြင့်ငါးဆယ် ဖြစ်ရမှာပေါ့လို့ဆိုရင် စကားမပြန်တော့ဘူး။ တော်တော်ကြီးကြာမှ ဟုတ်ထင်ပါရဲ့တဲ့။ မျက်နှာက ခင်ဗျားတို့ယုံရင်လည်းခိုင်း၊ မယုံရင်လည်းမခိုင်းနဲ့ဆိုတဲ့ မျက်နှာ။ တကယ်က စားချင်တဲ့အရေအတွက်နဲ့ ပေးရမယ့်ပိုက်ဆံကို တွက်ချင်လို့မေးတာပါ။ ဆိုပါတော့ တစ်ခု ငါးဆယ်ဆိုရင် လေးခုဝယ်တော့နှစ်ရာ၊ လက်ဖက်ရည်ကထားတော့ လေးရာ၊ ဆိုတော့ခြောက်ရာ။ သည်တော့ တစ်ထောင်တန် တစ်ရွက်ပေးရင်လောက်တယ်။ သည်လိုတွက်ချင်လို့မေးရတာပါ။ သူ့မုန့်ဖိုး(သူက မုန့်စားမစားတော့ မသိဘူး၊ ကွမ်းယာတော့ ခါးပုံစထဲ ထည့်ထားတတ်တယ်) ဆိုတာက သတ်သတ်ပေးရမယ်။ မုန့်စားချင်စား ကွမ်းစားချင်စားပေါ့။ တစ်ခါတလေ ကျွန်မက ငါးထောင်တန်တစ်ရွက်ပေးလိုက်ပြီး အနားမှာရှိတဲ့ ဟင်းသီးဟင်းရွက်ဈေးကို လွှတ်တတ်တယ်။ ခရမ်းချဉ်သီးက ငါးဆယ်သားလောက်၊ ဘုရားပန်းက တစ်စည်းလောက်၊ နံနံပင်က တစ်စည်းနှစ်စည်းလောက်၊ ကန်စွန်းရွက်က ငါးစည်းလောက်၊ မှိုကအစိတ်သားလောက် စသဖြင့် စာရွက်ပိုင်းကလေးနဲ့ ရေးပေးလိုက်တယ် ဆိုပါတော့။ ဘုရားပန်းချည်း လေးထောင်ဖိုးလောက် ဝယ်လာတာဆိုတော့ ကျန်တာမပါတော့ဘူး။

"ပန်းကဈေးကြီးသွားလို့ ပိုက်ဆံကကုန်သွားတာ၊ တရုတ်ပြည်က လာတဲ့ပန်းတဲ့။ တစ်စည်း လေးထောင်လို့ ပြောတာပဲ"

သည်ဘက်ခေတ်မှာ ဘယ်ကဘယ်လိုတီထွင်လိုက်တယ် မသိ ဘုရားပန်းတွေမှာ ရွှေမှုန်ငွေမှုန်ဆေးတွေမှုတ်ပြီး ရောင်းနေကြတာလေ။ လေးထောင်တန်ပန်း(တရုတ်ကဝင်တဲ့ ပေါ်ပီပန်း) ပြိုးပြိုးပြက်ပြက် ဝယ်လာလို့လည်း မငေါက်ရဲဘူး။ မင်းနှယ်…သစ္စာပန်း၊ ဂန္ဓမာပန်း၊ သပြေပန်းတွေ ကိုယ့်တိုင်းပြည်ကစိုက်တဲ့ပန်း ဝယ်ခဲ့ရောပေါ့လို့လည်း မကွန့်ဝံ့ဘူး။ နောင်ခိုင်းမရဘဲနေမှာစိုးလို့ပါ။ ဝယ်ပေးတာ ကျေးဇူးတင်ရသေးကိုး။ "အေးပါ ငါ့တူရယ်၊ မင်းပန်းတွေက လှပါတယ်။ဘာပန်းခေါ်သတဲ့တုံး" ဆိုတော့ မပြောတတ်ပေါင်ဗျာတဲ့။ "နို့ဖြင့်မင်းက ဘာဖြစ်လို့ ဝယ်လာတာတုံး" ဆိုတော့ "ရွှေချည်ငွေချည်ကလေးတွေ လက်နေလို့ ဆရာမတော့ ကြိုက်မှာပဲဆိုပြီး ဝယ်လာတာ" တဲ့။ တကယ်လည်း ပေးရလောက်ပါရဲ့။ ဈေးကိုနှစ်ခါမခိုင်းချင်တော့ အဲသည်နေ့က လက်ဖက်သုပ်နဲ့ ပြီးရတာပါ။ ဘာဝယ်ဝယ် တစ်ခါနဲ့တစ်ခါကလည်း ဈေးမတူဘူး။ လက်ဖက်သုပ် ဝယ်ခိုင်းတော့လည်း တစ်ပွဲကို ငါးရာပြောလိုက်၊ ခုနစ်ရာပြောလိုက်။

လက်ဖက်သုပ်ဆိုပါတော့။ တစ်ခါလောက်ဝယ်လာတာ အဆင်ပြေလို့ နောက်တစ်ခါမှာရင် ဒါမျိုးမဟုတ်တော့ဘူး။ လက်ဖက်သားကောင်းကောင်း၊ ခရမ်းချဉ်သီးနိုင်နိုင်နဲ့ ဟုတ်ချင်မှဟုတ်တော့တာ။ "အောင်ချမ်းသာရယ် မင်းဟာက လက်ဖက်သုပ်မှ မဟုတ်ဘဲ၊ ပဲခြမ်းကြော်သုပ်ဖြစ်နေပါပကော" လို့ များဆိုရင် မျက်နှာမကောင်းတော့ဘူး။ ကျုပ် ဝင်သုပ်လို့ရရင်တော့လည်း အကောင်းသားလေတဲ့။ ကျွန်မက "ဈေးဆိုင်တွေကို ပြောတာပါကွာ။ လောကထဲ လက်ဖက်တွေ သည်လောက်ပေါနေတာ လက်ဖက်သားမပါလို့ပြောတာ" ဆိုတော့ "ကျုပ်တို့ရွာတွေဘက်တော့ လက်ဖက်ရှားပါ့ဗျာ။ နဘူးညွှန့်အချဉ်သိပ် စားကြရတာများ ရှိးလှပေါ့" တဲ့။

"မဟုတ်ဘူးဟဲ့၊ အရင်တစ်ခါဝယ်လာတာ လက်ဖက်သား များများနဲ့ ပတ်ပတ်နပ်နပ်ရှိတာကိုပြောတာ"

"အဲ၊ ပတ်ပတ်နပ်နပ်က ဘယ်လိုဟာတုံး"

"ဟော်တော်။ ပတ်ပတ်နပ်နပ်ဆိုတာ လက်ဖက်ရယ်၊ အကြော်ရယ်၊ ခရမ်းချဉ်သီးရယ်၊ ကျန်တဲ့အဆာတွေရယ် စီးစီးထွေးထွေးကလေး သုပ်ထားတာကိုပြောတာ"

"စီးစီး ထွေးထွေး"

မောလွန်းလို့ လက်ဖက်သုပ်ကိစ္စ သည်မှာပဲရပ်၊ ဝယ်လာတာ စားကြေးစနစ်နဲ့ သွားရတာ များလှပေါ့။

တစ်ခါများ ငါးစားချင်လို့ ဈေးခိုင်းလိုက်တာ ငါးမြင်းဝယ်တာတော့အဟုတ်။ ဝမ်းပျဉ်းသားချည်း ဝယ်ခဲ့ဆိုလည်း ရဲလို့ လတ်လို့။ အသားနဲ့ဗိုက်သား မျှဝယ်ခဲ့ဆိုလည်း ကွက်တိ။ ငါးခူအကောင်ကြီးကြီး လေးငါးကောင်ပါအောင်ဝယ်ခဲ့၊ အချိန်စီးသလောက်ပေါ့ ဆိုပြန်တော့လည်း ဟန်ကျလို့။ ငါးဝယ်တာကမှ အဆင်ပြေနေတော့ ကျွန်မတောင် အံ့သြမိတယ်။ ငါးသည်က သူ့နဲ့ခင်နေလို့များလား တွေးမိသေးတယ်။ နောက်

]r i faw nhv ÷ÁefyMÁDy ögr i fajynaw nh
t ysÁ ÅD o Gacgw , fq Éajcw pfzu fr o eb ¡q kd
t ck kd saw nho tY ay;pnenay;o l?
ar w åx m;o l&Åw nh n f0r fo myg Gå
][ kw fw , fq &m/
o |Y w ld aw nh kefjcpfr 0, &aw nh l}
u Ref w pcgI o bY kenu fw du m;u kyefajynaev Ð
u Ref r Bn&, Cs fv kd fw mr ajynefw nh



www.burmeseclassic.com

www.burmeseclassic.com

မှသိရတာက ဂျိုးပိန်က ငါးခူလည်းမသိဘူး၊ ငါးမြင်းလည်း မသိဘူး။ ဒါဖြင့် ဘယ်လိုဟုတ်နေတာလဲ။

ကျွန်မတို့ကို အဝတ်လျှော်ပေးတဲ့ မအိုးက တစ်ရက် အဝတ်တွေလာပေးရင်း 'ကျွန်မ ဂျိုးပိန်နဲ့ ဈေးလိုက်ဝယ်ပေး တာတွေ အဆင်ပြေရဲ့လားဆရာမ' ဆိုတော့မှ သိရတာပါ။ ဒါတောင် မအိုးက မရဲတရဲ မေးတာပါ။ 'ဂျိုးပိန်က ကျွန်မ လိုက်ဝယ်ပေးတာလို့ မပြောရဘူး မှာထားလို့ဆရာမ။ ဂျိုးပိန် ကိုတော့ သွားမပြောနဲ့နော်' တဲ့။ ကျွန်မတို့က သားငါးမှာရင် မအိုးကို ပြေးခေါ်သတဲ့။ သားငါးရတဲ့ဈေးက လှမ်းတော့ လှမ်းထိပ်က ဆိုင်ကယ်ကယ်ရီနဲ့ တင်ခေါ်သွားသတဲ့။ မအိုးကို ငါးရာ၊ ဆိုင်ကယ်သမားကို ငါးရာ သူ့ပိုက်ဆံထုတ်ပေးသတဲ့။ သည်လိုကြားတော့ စိတ်မကောင်းဖြစ်ရလို့ နောက်တော့ သား ငါး မဝယ်ခိုင်းဖြစ်ပါဘူး။ တစ်ခါဝယ်ခိုင်းတိုင်း သူက ပိုက်ဆံ တစ်ထောင်ကုန်နေတာမဟုတ်လား။ နောင်အခါ ဘယ်လိုမှ မဖြစ်လို့ ခိုင်းချင်ရင်တောင် ငွေတစ်သောင်းလောက် ဈေးဖိုး ပေးပြီး ပိုတာ မင်းသုံးလိုက်တော့ လုပ်ရတယ်။ ဂျိုးပိန်က အဲသလိုရယ်။

ကျွန်မတို့ကဈေးမှာရင် နှစ်မျိုးရှိတတ်တယ်။ ဖုန်းဆက်ပြီး ဘာတွေတော့ဖြင့် ဝယ်ခိုင်းချင်တယ်ဆိုတာနဲ့ သူ့ပိုက်ဆံနဲ့သူ စိုက်ဝယ်လာတာရှိသလို အပေါ်ထပ်တက်ပြီး ပိုက်ဆံလာယူ တာလည်းရှိတယ်။ သဘောက သူ့လက်ထဲမှာ ပိုက်ဆံရှိခြင်း၊ မရှိခြင်းအပေါ် မူတည်တာပါ။ မှာပြန်တော့လည်း နားကျပါး ကျ နားမထောင်တတ်ဘူး။ မှာပြီးတာနဲ့ ဇွတ်ခနဲ ထ,ပြေးတော့ တာပဲ။ ပြန်လာတော့ မှာတာနဲ့ဝယ်လာတာ တည့်ချင်လည်း တည့်တယ်၊ မတည့်ချင်လည်းမတည့်ဘူး။ တည့်တာက မှာတာနဲ့ ဝယ်လာတာ အဆင်ပြေတာ။ မတည့်တာက သူ့ စိတ်ကူးထဲရှိတာ သူဝယ်လာတာ။

တစ်ခါတော့ ကျွန်မတို့နှစ်ယောက်က ဟောပြောပွဲက ပြန်လာတာ မိုးလင်းမှအိမ်ပြန်ရောက်ကြတယ်။ ဗိုက်ဆာလာ ကြတာနဲ့ ဂျိုးပိန်ကို အနားက လက်ဖက်ရည်ဆိုင်က မုန့်တီ နှစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက်ဝယ်ပေးဖို့ ဖုန်းဆက်မှာလိုက် တယ်။ ပိုက်ဆံတက်ယူလေ အောင်ချမ်းသာဆိုတော့ ကျုပ် စိုက်ဝယ်ခဲ့မယ်တဲ့။ သူ့မှာ ပိုက်ဆံရှိနေတဲ့သဘော။ မုန့်တီနှစ်ပွဲ လက်ဖက်ရည် တစ်ခွက်နော် တဲ့။ ဟုတ်ပါ့တော်ဆိုတော့ ဖုန်း ချပြီး ပြေးရော။ ပြန်လာတော့ လက်ဖက်ရည်ကနှစ်ခွက်၊ မုန့်တီကတစ်ပွဲ။ အောင်ချမ်းသာရယ် လုပ်ပြန်ပြီဆိုတော့ လက်ဖက်ရည်က ပိုထည့်ပေးလိုက်တာ၊ မုန့်တီက တစ်ပွဲစာပဲ ကျန်တော့လို့တဲ့။ ကိုင်း မခက်လား။

တစ်ရက် ရှမ်းခေါက်ဆွဲမှာတော့ အခုဆိုင်သစ်ထွက်နေ တာ ကောင်းတယ်တဲ့။ 'ဟုတ်လားဟဲ့၊ ကောင်းတယ်ဆိုလည်း ဝယ်ခဲ့ကွာ ကြက်သားနဲ့နော်' ဆိုတော့ သိပါတယ်တဲ့။ ပြန်လာ တော့ အဟုတ်သား။ ကြာညို့မပါတဲ့ ဖြူဖပ်ဖြူရော် ရှမ်း ခေါက်ဆွဲတစ်ပွဲ ပါလာတယ်။ သည်တစ်ခါတော့ ရှားရှား ပါးပါး လူကလည်းပြုံးထားလိုက်တာ သွားတွေတောင်ပေါ်လို့ ကိုး။ ဘယ်ဆိုင်ကလဲဆိုတော့ အပျိုကြီးဆိုင်ကတဲ့။ မပြုံးစဖူး ပြုံးထားတာရော အပျိုကြီးဆိုင်ကဆိုတာရော နှစ်မျိုးပေါင်းပြီး ကျွန်မသဘောပေါက်လိုက်တယ်။ ကိုယ်တော်က အူခွေ့နေတဲ့ပုံ ကိုး။

'အလိုတော်၊ ဘယ်က အပျိုကြီးများပါလိမ့်၊ ဧကန္တ တော့…'

'ဟီး ဟီး ကျုပ်ဝယ်စားရင် ပိုက်ဆံမယူဘူး။ အခု တောင် ဆရာမတို့ ဝယ်ခိုင်းတာပြောလို့ ပိုက်ဆံယူတာ'

'အေးပေါ့ဟယ်… မင်းကတော့ လူပျိုကိုးကွယ့်၊ အလ ကား ကျွေးမှာပေါ့'

'သူက အပျိုကြီးဆိုပေမဲ့ လင်မရှိလို့ အပျိုကြီးခေါ်ကြ တာ'

'ဘယ်လိုရယ်၊ အပျိုကြီးဆိုမှတော့ လင်ရှိပါ့မလား။ အေးလေ၊ ဘယ်အရွယ်ရှိပြီတုံးဟဲ့'

'လေးဆယ်ကျော်လောက်ပြီ'

'လေးဆယ်ကျော်တော့ကော ဘာဖြစ်တုံး၊ မင်းထက်ကြီး ရင် နည်းနည်းပေါ့။ အပျိုကြီးက ချောသလား'

'သွားခေါ်တယ် ဆရာမ'

'အရေးကြီးတာက ရုပ်ချောဖို့ထက် စိတ်နှလုံးလှဖို့ပါ ကွာ။ သွားခေါ်တော့ အုန်းခြစ်မဝယ်ရတော့ဘူးပေါ့'

ကျွန်မက သည်လိုနောက်တာကို ဂျိုးပိန်က နားမလည် ဘူး။ ဘယ်ကအုန်းခြစ် ပါလာရပြန်ပါလိမ့်ဆိုတဲ့ပုံနဲ့ စွေကြည့် တယ်။ ကျွန်မက ရှမ်းခေါက်ဆွဲ ဘယ်လောက်လဲဆိုတော့ ငါးရာတဲ့။ ဟဲ့ ငါးရာရလို့လားဆိုတော့ ရတယ်တဲ့။ နောက်နေ့ လည်း ဝယ်ပေးမယ်တဲ့။ ကျွန်မက 'အေးပါ၊ မင်း ခဏခဏ သွားဝယ်တော့ အပျိုကြီးနဲ့ နီးစပ်တာပေါ့' ဆိုတော့ ကျုပ်က သနားတာပါတဲ့။ မျက်နှာက မချိုမချဉ်နဲ့။

'အေးလေ၊ သည်လိုသနားရာက စ,တာပဲ အောင်ချမ်း သာရဲ့'

'ကျုပ် သနားတာက ခြေတစ်ဖက်မသန်လို့'

ကျွန်မလေ ဒေါသတောင်ဖြစ်တယ်။ သက်သက်များ ကန့်လန့်တိုက်ပြောနေသလိုပဲ။ ဇာတ်ထဲအငြိမ့်ထဲ လူရွှင်တော် တွေ တစ်ယောက်နဲ့တစ်ယောက် ဖနောင့်နင်းကြသလို ဖြစ်နေ တော့ အသာငြိမ်နေလိုက်ရတယ်။ ကျွန်မလည်း တစ်ထောင် တန် တစ်ရွက်ပေး၊ ပိုတာ မင်း ကွမ်းစားဆိုမှ ပိုက်ဆံယူပြီး အသာဆင်းသွားလေရဲ့။ သည်ကတည်းက ကျွန်မတို့ရဲ့ မနက် စာဟာ အပျိုကြီးဆိုင်က ရှမ်းခေါက်ဆွဲချည်းဖြစ်ရပြန်ရော။ ဂျိုးပိန်က ကွန်ပျူတာထဲ ဆော့ဖ်ဝဲတစ်ခုထည့်ထားသလို ဒါဆို ဒါပဲ။ တစ်ခါလည်း အိမ်ကဆရာက မန္တလေးပဲကြော်ကြိုက် တယ် ပြောမိတဲ့နေ့ကစပြီး မန္တလေးပဲကြော်ချည်း ဝယ်တော့ တာ။ သည်အရပ်က မန္တလေးပဲကြော်က ပျော့ပျော့ပျောင်း ပျောင်းနဲ့ ကြက်သွန်နီနိုင်နိုင်ကြော်ထားတာဆိုတော့ ကောင်း


www.burmeseclassic.com

www.burmeseclassic.com

တာလည်း အမှန်ပါ။ ဒါပေသိ စားနိုင်ရင် တစ်ခု နှစ်ခုပေါ့။ ဂျိုးပိန်က ကြိုက်တယ်ပြောမိကတည်းက မနက်တိုင်း သူ့သဘောနဲ့သူ ဆယ်ခုလောက်ဝယ်ပြီး ဆရာနေ့အခန်းအပြင်ဘက်က တံခါးဘုမှာ ချိတ်ချိတ်ထားတော့တာပါ။ ဆရာနေအိပ်ရာကထလို့ တံခါးဖွင့်လိုက်ရင်ပဲ မန္တလေးပဲကြော်ထုပ်က အမြဲချိတ်လျက်သား။ ကြာတော့ ဂျိုးပိန်ကို တားရတော့တာပေါ့။ မင်းဟာက နေ့တိုင်း မန္တလေးပဲကြော်ချည်းလားကွာ ဆိုတော့ ဆရာကြီးပဲ ကြိုက်လှချည့်ဆိုတဲ့။ ကြိုက် ကြိုက်ပါဦးတော့ နှစ်ခုသုံးခု တော်ပြီပေါ့ကွလို့ ညည်းရင် "ဒါတော့ ကျုပ်က ဆရာကြီး ခန္ဓာကိုယ်နဲ့ ချင့်ချိန်ဝယ်ရတာပဲ" တဲ့။ ဘာပြောဖြစ်မှာတုံး။ ဆရာနေက ပိုက်ဆံခေါ်ရှင်း၊ ပိုတဲ့အကြော်သူ့ကို ပေးလိုက်လို့လည်း ငါစားရချည့်သေးဆိုတဲ့စိတ် မရှိရာဘူး။ မင်း ယူသွားတော့လို့များဆိုရင် အဝတ်လျှော်တဲ့ မအိုးတို့၊ မတိုးတို့ကို ခေါ်ပေးလိုက်တာ များသတဲ့။

ကျွန်မတို့မှာလည်း ဂျိုးပိန် အပျိုကြီးဆိုင် ဓာတ်ကျနေသရွေ့ အာဖရိကဒုက္ခသည်စခန်းမှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ဝေတဲ့ အာဟာရဘီစကစ်ခြောက်ချည်း စားနေကြရသလို တခြား ဘာမှမစားကြရတာကြာပြီ။ တစ်မနက်မှာတော့ အပျိုကြီး ရောင်းတဲ့ ရှမ်းခေါက်ဆွဲဝင်္ကက ကျွတ်ပြီ ပြောရမလားပဲ။ ကြာညို့နှိုင်းချင်းနဲ့ ရှမ်းခေါက်ဆွဲတစ်ထုပ်ကို တူတစ်စုံညှပ်ပြီး တက်လာလေရဲ့။ ကျွန်မက သိလိုက်ပြီ။ ဒါပေမဲ့ ဂျိုးပိန်ကပဲ စ,ပြောတာပါ။

"တခြားဆိုင်က ဝယ်လာတာဆရာမ၊ အပျိုကြီးက လင်ယူသွားပြီ"

"မင်းတော့ လွဲပြန်ပြီပေါ့။ မင်းပြောတော့ အပျိုကြီးက သွားခေါ်တယ်ဆို၊ ခြေတစ်ဖက်မသန်ဘူးဆို။ အခုလိုကျတော့ သူ့အပေါ်စာနာပေးသူ၊ မေတ္တာထားသူရှိတော့လည်း ဝမ်းသာပေါ့ကွာ"

"ဟုတ်တယ်ဆရာမ။ သူ့ယူတဲ့လူတော့ အုန်းခြစ်မဝယ်ရတော့ဘူး"

ကျွန်မ တစ်ခါက သူ့ကိုနောက်တဲ့စကားကို ပြန်ပြောနေလို့ ကျွန်မမှာ ရယ်ချင်လိုက်တာမပြောနဲ့တော့။ ဂျိုးပိန် မနက်ဘက် မနက်ခင်းစာ ဝယ်ဆေးတာတွေ ရေးလို့မကုန်နိုင်ပါဘူး။ ကျွန်မတို့မှာလည်း ကိုယ့်အရပ်ဒေသ မဟုတ်တာကတစ်ကြောင်း၊ သုံးထပ်တိုက်ပေါ် ရောက်နေတာကတစ်ကြောင်း၊ ကျွန်မတို့ နဂိုအိမ်မှာတုန်းက အိမ်ကိုလာကူနေကျ အဒေါ်ကြီးက သည်အရပ်ဘက်ကို ပါမလာနိုင်တာကတစ်ကြောင်း၊ ကျွန်မကိုယ်တိုင်က ဟောပြောပွဲထွက်ရ စာရေးရနဲ့ အိမ့်မီးဖိုချောင်ကို မနက်စောစော မစီမံနိုင်တာကလည်းတစ်ကြောင်းဆိုတော့ ဂျိုးပိန်မှမကယ်ရင် ငတ်ဖွယ်ရာရှိတော့တာကိုး။

သည်လမ်းမကြီးက အရှည်ကြီး။ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ များပါလျက်ကနဲ့ တစ်ခါလာလည်း သည်ဆိုင် သည်နားကချည်း ဝယ်လာရသလား၊ ခပ်ဝေးဝေးကဆိုင်ကလေးတွေလည်း စနည်းနာရင်း လျှောက်ပါဦးတော့လို့ ပြောမိတယ်။ အဲသည်ကတည်းက မုန့်ဝယ်ရယ်လို့ လွှတ်လိုက်ရင် ကိုယ်တော်က တစ်နာရီကျော်လို့လည်း ပေါ်မလာ၊ နှစ်နာရီရှိလို့လည်း ရောက်မလာလို့ မေးရသေးတယ်။ သူကတော့ ခပ်အေးအေး ဖြေတာပါပဲ။

"ဆရာမပဲ ခပ်ဝေးဝေးများ လျှောက်ပါဦးတော့ဆို။ ကျုပ်ဖြင့် လမ်းအရှေ့ထိပ်အနောက်ထိပ်လျှောက်တာ ခြေတိုလှပေါ့" တဲ့။

အဲသည်လိုမနက်ဆိုရင် ကျွန်မတို့သားအဖတစ်တွေ ဘာမှကို မစားလိုက်ရပါဘူး။ တချို့မနက်တွေမှာတော့ ဂျိုးပိန်ကို ဘယ်လိုမှ ဖမ်းမမိတာ။ သူ့ဖုန်းက မေတ္တာပို့သံ။ ရှောခ်သီချင်းသံတွေသာ ဆူလှယ်နဲ့မြည်ချင်မြည်မယ်။ ကိုယ်တော်က ဖုန်းမကိုင်ဘူး။ ကိုဂျော်နီကို ဆက်ရအောင်ကလည်း တစ်ခါတလေ နေမြင့်မှ ရောက်လာတတ်သူဆိုတော့ ခေါ်မနေတော့ပါဘူး။ သည်လိုအခါမျိုးမှာ သားအဖသုံးယောက် အခန်းတံခါးသော့ခတ်ပြီး သုံးထပ်တိုက်ပေါ်ကဆင်း၊ အနားက လက်ဖက်ရည်ဆိုင် သွားထိုင်ကြရင်လည်း ဖြစ်သားပဲ။ တကယ်တမ်း မသွားဖြစ်ကြပါဘူး။ ထမင်းအိုးတစ်လုံး ကောက်တည်ပြီး ကြက်ဥကလေးကြော်၊ ညကကျန်တဲ့ ဟင်းကလေးနွေးစား ကြရတော့တာပဲ။ စားသောက်ပြီးလို့ အစာကြေလောက်ပြီဆိုမှ ဂျိုးပိန်ဆီက ဖုန်းဝင်လာတယ်။

"သူဌေးက ဝမ်တို့ ကနေ့နေ့လယ် လာမယ်ဆိုလို့ သူတို့အထပ်က ဖုန်တွေလှည်း၊ အခန်းရှင်း၊ အိပ်ရာတွေခင်း လုပ်နေလို့ ဆရာမ"

"ဖုန်းခေါ်တာ တို့ဖြင့်မောလို့၊ ဖုန်းမြည်ရင်တော့ ကိုင်ပါမှပေါ့"

"ဖုန်းက မြက်တောထဲ ကျန်ရစ်ခဲ့တာ။ မနက်က မြက်ရှင်းတုန်း ဘေးချထားတာ ရှာမတွေ့လို့"

ဒါကိုကြားတော့ အိမ်ကဆရာက ဂျိုးပိန်ကို ဖုန်းတစ်လုံး ထပ်ဝယ်ပေးရဦးမယ် ထင်ပါရဲ့ကွာတဲ့။ ကျွန်မက ဂျိုးပိန်ပြောတာကို ယုံပါတယ်။ ဂျိုးပိန်က မလိမ်တတ်ဘူး။ သူစိတ်ပါရင် လုပ်ပေးမယ်၊ စိတ်မပါရင် ဆင်ခြေများမယ်။ ဒါပါပဲ။ ညစ်တာတော့မရှိဘူး။ မနက်စောစော အဆောက်အဦကြီး နောက်က ဗျိုက်တောကြီးထဲမှာ မြက်တွေ ဒူးလောက်ရှည်နေတာဆိုတော့ ဂျိုးပိန်က မြက်ရှင်းရင်း ဖုန်းကို တစ်နေရာချထားခဲ့ပုံရတယ်။ ဧည့်သည်ကလည်း လာမယ်ဆိုတော့ အရေးကြီးတာ အရင်လုပ်ရရှာတာ နေမှာပါ။

နောက်တော့ ဖုန်းကို မြက်တောထဲသွားရှာလို့ တွေ့ထင်ပါရဲ့။ တွေ့ပြန်လို့ ပြန်ဆက်တာလည်းကြည့်ပါဦး။ ဆရာမတို့ မနက်စာ ဘာစားချင်ကြလဲတဲ့။ ဂျိုးပိန်ဖုန်းဆက်တော့ နေ့ခင်းတစ်ချက်သာသာ ရှိနေပါပြီ။ နေ့ခင်းစာ ထမင်းကြီးတောင် စားပြီးကြပေါ့ဟာ။

❑



www.burmeseclassic.com

www.burmeseclassic.com

၅။

'နေပါဦး အောင်ချမ်းသာရဲ့။ မင်းက ရွာက ရွာကနဲ့ ပြောပြောနေတာ ဘယ်ရွာကတုံး၊ ဘယ်နယ်ကတုံး'

တစ်မနက် အောက်ထပ်မှာရောက်နေတဲ့ သတင်းစာတွေ မဂ္ဂဇင်းတွေ တက်ပေးတဲ့ ဂျိုးပိန်ကို အိမ်ကဆရာကမေးတာပါ။ ဂျိုးပိန်က မတ်တတ်။ ဒါလည်း သူ့အကျင့်ပဲ။ ကျွန်မတို့ အပေါ်ထပ်ကို တက်လာရင် ဘယ်တော့မှ ခုံလွတ်တစ်လုံးလုံးမှာ ဝင်မထိုင်လေ့ဘူး။ မတ်တတ်ပဲ။ ဆီတပြောင်ပြောင်လိမ်းထားရုံမက မိုးပွင့်တွေပါလူးထားတာဆိုတော့ မျက်နှာကဖွေးလို့။ သည်တစ်ခါတော့ တီရှပ်မဟုတ်ဘူး။ လက်လေးလုံးစီ လောက်ခြားပြီး အနီအစိမ်းအပြာအဝါ အရောင်တွေ စပ်ချုပ်ထားတဲ့ စပို့ရှပ်နဲ့။ ပုဆိုးကတော့ ရင်ခေါင်းစည်းပါပဲ။ ဂျိုးပိန်က မြင်းခြံဘက်ကလို့ ခပ်ဝါးဝါးဖြေတယ်။

'မြင်းခြံတော့ ဟုတ်တာပေါ့။ တောင်လက်လား မြောက်လက်လား၊ ဘယ်ရွာကတုံး'

'မြင်းခြံအဝင်ကပါ'

'နွားထိုးကြီးကပေါ့'

'မဟုတ်ဘူးရယ်၊ ဟိုဘက်အထွက်'

'တောင်သာပေါ့'

ဂျိုးပိန်က မြင်းခြံဘက်ကဆိုတော့ ကျွန်မကလည်း မြင်းခြံသူဖြစ်တဲ့အကြောင်း၊ ရွာချင်းတောင် နီးချင်နီးနိုင်သေးတဲ့အကြောင်း၊ မြင်းခြံနယ်က ရွာတွေကို တော်တော်များများ သိကြောင်း ဝင်ပြောမိတယ်။

'မင်းဟာက နထိုး၊ မြင်းခြံ၊ တောင်သာဆိုတာက နယ်ချင်းဆက်နေတာလေကွာ။ မြင်းခြံဖြင့် မြင်းခြံ၊ တောင်သာဖြင့် တောင်သာပေါ့ကွ'

'နယ်စပ်ကြားနေမှာပဲ'

'ဘယ်လိုနယ်စပ်ကြားတုံးဟ၊ ကဲပါလေ ရွာနာမည်က ဘာတဲ့တုံး'

'အဖေ့ရွာလား အမေ့ရွာလား'

'အဖေ့ရွာက ဘာရွာတုံး'

'မရိုးကုန်း'

'ဟုတ်ပြီ၊ အမေ့ရွာကကော'

'ခံစပ်ကုန်း'

'အေး ကြားဖူးတယ်။ မင်းပြန်တော့ ဘယ်ရွာကို ပြန်တာတုံး'

'ဘယ်ရွာမှမပြန်ဘူး ကြာပြီ'

'မဟုတ်ဘူးလေ။ အခု မင်းတို့မိသားစုက ဘယ်မှာ အခြေကျနေကြတာတုံး။ မင်းပဲ အမေနဲ့ ဖုန်းပြောချင်ဆို'

'ရောက်တောကုန်း'

'ရောက်တောကုန်းက ဘယ်နားမှာတုံး။ နွားထိုးကြီးနားလား၊ မြင်းခြံနားလား၊ တောင်သာနယ်ထဲကလား'

'တရော်ပင်ကုန်းနားမှာ'

ခုအထိတော့ ဘယ်မြို့ဘယ်ရွာ ပါမလာဘူး။ ဂျိုးပိန်ပြောတဲ့ မရိုးကုန်းတို့၊ ခံစပ်ကုန်းတို့၊ ရောက်တောကုန်းတို့၊ တရော်ပင်ကုန်းတို့ဆိုတာကကော တကယ်ရှိတာလား။ ပါးစပ်ထဲရှိတာ ပြောနေတာလား။ ဂျိုးပိန်ကတော့ ရိုက်စစ်လို့တောင် ပေါ်မယ့်ကိန်းမရှိဘူးလေ။ ကျွန်မကတော့ သည်လောက် အူရ၊ အ,ရသလားရယ်လို့ ရအောင်မေးမယ်လို့ ပိုင်းဖြတ်လိုက်တယ်။ ဘယ့်နှယ် ကိုယ့်ရွာကိုယ့်ရပ်ဆိုတာ ဘယ်သူဖြစ်ဖြစ် သိကြတာချည်း၊ ပြောနိုင်ကြတာချည်းမဟုတ်လား။ အိမ်ကဆရာကတော့ တစ်မျိုးလှည့်မေးတယ်။

'မင်းအစ်မဝမ်းကွဲဆိုတာကကော အခုဘယ်မှာနေကြသလဲ'

'တမာကုန်းမှာ'

'တမာကုန်းက ဘယ်နားမှာလဲ'

'ပေပင်ကုန်းနားမှာ'

ကျွန်မတို့မလည်း မောတာသာ အဖတ်တင်တယ် ပြောပါတော့။ နောက်ထပ် 'ကုန်း' နှစ်ကုန်းတောင် ထပ်တိုးလာသေး။ ဆက်မေးရင် ကုန်းကိုးဆယ်ပြည့်ရော့မယ်။ ဆရာနေက စကားပြောင်းလိုက်ပြန်တယ်။ သူ့နာမည်ကိစ္စပါ။

'နေဦး၊ ဂျိုးပိန်ဆိုတာ ငယ်နာမည်လား'

'ဟုတ်ပါ့။ အလွယ်ခေါ်ရာက တွင်တာပါဗျာ။ နာမည်ရင်းက ရွာကို အောင်ကျော်သန်းဇာတ် လာကတော့ ပြဇာတ်မင်းသားက ကျော်ထင်တဲ့။ ဒါနဲ့ အမေက ကောက်သွင်းနှစ်ပြည်ပေါင်းပြီး ကိုးဂဏန်းဖြစ်အောင် ကျော်ထင်ပြောင်းတာ မရပါဘူး၊ ဂျိုးပိန်ခေါ်ကြတာပဲ'

'အောင်ကျော်သန်းက ကိုးဂဏန်း။ ကျော်ထင်ကလည်း ကိုးဂဏန်း၊ ဂျိုးပိန်က ခုနစ်'

'အဲဒါကြောင့် အောင်ချမ်းသာလို့ ပြောင်းလိုက်တာ ဆရာကြီး'

'ဘာလို့ ပြောင်းတာလဲ'

'အမေက အိပ်မက်ပေးတာလေ၊ ပြောပြီးပြီလားလို့။ အောင်ချမ်းသာက ကိုးဂဏန်း'

'ကိုးဂဏန်းကြိုက်တဲ့သူမှ ဂျိုးပိန်ဖြစ်ရသလားကွာ။ကိုးဂဏန်းဖြစ်အောင် ဂျိုးပိန်ခြောက် ခေါ်မှပါ'

အဲသလိုစ,တော့ သဲ့သဲ့ကလေးပြုံးလေရဲ့။ အခုတော့ ဘုံဆွမ်းလောင်းအသင်းကလူတွေ၊ ဆိုင်ကယ် ကယ်ရီသမားတွေ၊ အဝတ်လျှော်တဲ့မိန်းမတွေက အောင်ချမ်းသာခေါ်ကြတယ်လို့လည်း ဆက်ပြောနေတာပါ။ သူ့နာမည်သူပေးထားပုံ ရပါရဲ့။သူ့ဟာသူလည်း ကျေနပ်နေပုံရပါရဲ့။ သူပြောနေပုံတော့ အဖေက မရှိရှာတော့ဘူး၊ အမေကရှိသေးသတဲ့။ အမေက ဘယ်ရွာမှာလဲ မေးပြန်တော့ လာပြန်ပြီ သည်ရွာနာမည်ဆိုတဲ့ပုံနဲ့ မှုန်သွားပြန်ရဲ့။

'အမေက ရွာရိုးကိုးပေါက် လျှောက်သွားနေတာဆိုတော့ ဘယ်ရွာရောက်နေသလဲ မပြောတတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

"ဆွေမျိုးတွေဆီလျှောက်သွားနေတာလား။ တစ်ခေါက်တစ်ကျင်းတော့ ပြန်ချေဦးလေ ငါ့တူရဲ့။ မင်းပြန်ရင် လမ်းစရိတ် ပေးလိုက်မယ်။ မင်းအမေကိုကန်တော့ဖို့ ထဘီကလေး၊ မုန့်ကလေး ထည့်ပေးလိုက်မယ်၊ ရွာပြန်မယ်ဆိုရင် ပြော"

ကျွန်မက အဲသလိုပြောတော့ မျက်နှာချက်ချင်းညှိုးကျသွားတယ်။ ဘာဖြစ်လို့ပါလိမ့်။ ကျွန်မတို့က မေးလို့သာ ရပ်စကားပြောနေရတာ၊ လူက လှည့်ပြန်ချင်လို့ ရွစိထိုးနေတာ အကဲခတ်မိတယ်။ သူ့ကြည့်ရတာကိုက အနေကျပ်သလိုဖြစ်နေတာ မြင်နေရရဲ့။

"မင်း သည်မှာ ဘာတွေလုပ်ရတာလဲ"

"အစုံပဲ"

"အစုံတော့ ဟုတ်တာပေါ့၊ အဓိကလုပ်ရတာကိုပြောတာ"

"မြက်ရှင်းရတယ်၊ ဝင်းကြီးရှေ့ တံမြက်စည်းလှည်းရတယ်၊ ပန်းပင်စိုက်ရတယ်၊ နေ့ခင်းဘက်ကျတော့ ရေစက်မောင်းရတယ်။ ဒါတောင် ခွေးနှစ်ကောင်မရှိလို့၊ ရှိရင် ခွေးတာဝန် ယူရတယ်"

"ခွေးနှစ်ကောင်၊ ဘယ်မှာလဲ ခွေးတွေ မတွေ့မိပေါင်"

"ရှိတယ်ဆရာမ။ အခုတော့ ဦးမိုးတို့အိမ်မှာထားတာ။ ဦးမိုးတို့ကပဲ ညမနက် ခွေးထမင်းကျွေးရတာဆိုတော့ အဲသည်မှာပဲ ထားတယ်"

"ဘယ်သူ့ခွေးတွေလဲ"

"ဦးဝမ်ရဲ့ခွေးတွေ။ အထီးတစ်ကောင်၊ အမတစ်ကောင်"

ဦးဝမ်ဆိုတာ သည်အဆောက်အဦကြီးရဲ့ အလယ်ထပ်မှာ နေကြတဲ့ တရုတ်အရာရှိသုံးယောက်ထဲက တစ်ယောက်ပါ။ နှစ်ရက်၊သုံးရက်လောက် နေကြသတဲ့။ နေရင်လည်း ကားတစ်စီးနဲ့ နေကုန်ထွက်ကြပြီး ညဘက်မှပြန်အိပ်ကြသတဲ့။ ဝမ်က သူမွေးထားတဲ့ ခွေးကြီးနှစ်ကောင်တော့ ဦးမိုးအိမ်က ခေါ်ခေါ်တွေ့တယ်။

"ဦးဝမ်က ရောက်စက အုတ်ကန်တိမ်တိမ်လေးလုပ်ပြီး ရွှေငါးမွေးတာ သေကုန်တယ်။ နောက်တော့ ငှက်လှောင်အိမ်ဝယ်ပြီး ငှက်ကလေးတွေမွေးပြန်ရော။ ကြက်တူရွေးအနီရောင်တွေ၊ အဝါရောင်တွေ၊ အစိမ်းရောင်တွေ မွေးတာပါ"

"နောက်တော့ကော"

"သေကုန်တာပေါ့"

ဟုတ်တာလောက်တယ်။ အောက်ထပ်မှာ ငှက်လှောင်အိမ်လေး၊ငါးလုံးရှိသေးတာဆိုတော့ ဝမ်ရဲ့ငှက်တွေမွေးတုန်းက လှောင်အိမ်တွေပဲနေမှာ။ ဂျိုးပိန်ပြောတာတော့ ကြက်တူရွေးနှစ်ကောင်က တရုတ်လို ပြောတတ်နေပြီတဲ့။ ငှက်မွေးတုန်းက ဝမ်တို့က သည်မှာ နှစ်ချီပြီးနေခဲ့ကြတာဆိုတော့ ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တာပေါ့။ နောက်တော့ ဝမ်တို့တစ်ဖွဲ့လုံး ပြောင်းသွားကြတော့ ကြက်တူရွေးတွေက ဗမာစကား ပြန်သင်ရသလိုဖြစ်ကြထင်ပါရဲ့။ ဘယ်လိုမှ အသံမထွက်ဘူးဆိုတာလည်းပါရဲ့။ တစ်ကောင်ကတော့ နည်းနည်း အသံထွက်လာသတဲ့။

"ကျုပ်က ကျုပ်နာမည် ဂျိုးပိန် ဂျိုးပိန်လို့သင်တော့ တစ်ကောင်က လိုက်ခေါ်သေးတာ။ နောက်တော့ ငှက်တွေလည်း သေကုန်တာ ဆရာမ"

"ခွေးတွေအကြောင်း ပြောပါဦး"

"တစ်ကောင်က ဂျက်လီတဲ့၊ တစ်ကောင်က ဂျက်မတဲ့။ ကိုဂျော်နီတို့ပေးထားတဲ့ နာမည်တွေပါ။ ဦးဝမ်ကတော့ တရုတ်လိုခေါ်တာ ဘယ်သူဆိုလား"

ဂျိုးပိန်က အောက်ထပ်က ဖုန်းခေါ်လို့ ပြန်ဆင်းသွားလေရဲ့။ ဂျိုးပိန်ပြန်သွားတော့ ကျွန်မတို့နှစ်ယောက် စကားတွေပြောဖြစ်ကြတယ်။ ရွာနာမည်တွေ မေးတော့ စိတ်အိုက်နေတာ၊ အမေအကြောင်းရောက်တော့ မပြောချင်တာပဲလား၊ မအေကို လွမ်းတာပဲလား မသိရတဲ့ မျက်နှာမျိုးဖြစ်နေတာတွေကို ပြောဖြစ်ကြတာပါ။ ဂျိုးပိန်က စိတ်ကောင်းရှိသူ၊ ရိုးသားသူဆိုတာ အမှန်ပါပဲ။ တောသူတောင်သားပီပီ မြို့ရောက်တာကြာပြီဆိုတာတောင် ပြောပုံဆိုပုံက ရွာမှာ တောမှာ ပြောသလိုပြောတုန်း။ မြို့က စီးပွားရေးလုပ်ငန်းတစ်ခုမှာ အလုပ်ရနေတာဆိုတော့ သန့်ပြန့်နေရမယ်ဆိုတာလည်း သိပုံပေါ်ပါရဲ့။ တီရှပ်နဲ့ သရီးကွာတား ဘောင်းဘီ ဝတ်ချင်ဝတ်တယ်။ ပုဆိုးကို ရင်ခေါင်းရောက်အောင်ဝတ်တယ်။ ခေါင်းကဆီတရွှဲရွှဲ၊ မျက်နှာက ဖြူမွဲမွဲ၊ ရေမွှေးနံ့တွေက

]zkefu jru fawmx Ju se&pfcbwm/reu fu jru f&Sfwkef ab ;csx m;w m&Sm aw G jyf
'gi bMl m;aw mht dfu q &nu *sKyefu bz kefw pfv kH
x yfD, fay;&OD, fx i fyg&Ul Gav Bu Ref u *sKyef
ajymw nu kd kyfgw , f*sKyefu rv dfw w b l/o l
pwf fyg&i fv kfay;r , f?pwf f y g&i fq i fajcr sn;r , f
'gyg/Jh pfw naw mh&S f|

အားလုံးက မစွတာဝမ်ခေါ်ကြပေသိ ဂျိုးပိန်ကတော့ မခေါ်တတ်လို့ပဲလား၊ မခေါ်ချင်လို့ပဲလားတော့ မပြောတတ်ဘူး ဦးဝမ်လို့ သုံးတယ်။ သည်မှာက ဝမ်ရယ်၊ ဝေရယ်၊ ဝေါင်ရယ် တရုတ်လူမျိုး အင်ဂျင်နီယာ သုံးယောက်ရှိတော့ ဦးဝမ်၊ ဦးဝေ၊ ဦးဝေါင်လို့ ခေါ်ပုံရတယ်။ သဘောကောင်းကြသလားဆိုတော့ ဦးဝမ်က ပိုသဘောကောင်းတယ်တဲ့။ မင်းတို့ချင်း ဘယ်လိုပြောကြသလဲဆိုတော့ ကိုဂျော်နီက တရုတ်စကားတတ်တော့ တစ်ဆင့်ပြောပြသတဲ့။ တရုတ်အင်ဂျင်နီယာသုံးယောက်က အမြဲရှိတာတော့ မဟုတ်ဘူး။ တစ်ခေါက်တစ်ကျင်းပြန်လာရင်



www.burmeseclassic.com

www.burmeseclassic.com

တထောင်းထောင်းဖြစ်နေတာကိုက မြို့သားတစ်ယောက် ကြော့ရှည်မော့ရှည်နေတာမျိုး ပုံဖမ်းထားရှာတာပါ။

"ဒီကောင် ရှာနာမည်တွေမေးတော့ ဗယီးဗယားဖြေတာ သတိထားမိတယ်။ သူပြောတဲ့ရှာနာမည်တွေက စိတ်ထဲပေါ် တာတွေ ဖြစ်ချင်ဖြစ်မယ်။ သူ သိဖူး ရောက်ဖူးတဲ့ ရှာနာမည် တွေ ဖြစ်ချင်ဖြစ်မယ်။ ဟုတ်ပုံတော့မရဘူး။ တစ်ခုခုကို လွဲချင် နေတာ ထင်ပါရဲ့"

"ဘာသဘောများပါလိမ့်"

ဆရာနေကလည်း ဒါပဲပြောပြီး တိတ်သွားတာပါ။ ပြီး တော့မှ မပြောချင်လို့နေမှာပေါ့တဲ့။ ကျွန်မကတော့ တစ်ခုခု လွဲချင်နေတာနေမှာပေါ့ ဆိုတာကိုပဲ သိချင်နေမိတယ်။ ဘာ သဘောများပါလိမ့်လို့ တွေးရုံကလွဲလို့ ဂျိုးပိန်ကို ကျွန်မတို့ လည်း မခန့်မှန်းတတ်ပေဘူး။

၆။

ကျွန်မတို့နေရတဲ့ သုံးထပ်အဆောက်အဦကြီးအကြောင်း ပြောချင်သေးတယ်။ အဆောက်အဦကြီးက အရှေ့အနောက် တန်းတန်းကြီး ဆောက်ထားတာပါ။ နေလျှောက်ခေါ်တာပေါ့။ အဆောက်အဦများ အိမ်ဖြစ်ဖြစ်၊ ကျောင်းဖြစ်ဖြစ် တောင်နဲ့ မြောက် တန်းဆောက်ရင် နေကျော်ခေါ်ကြတယ်။ အရှေ့ အနောက် တန်းဆောက်ရင် နေလျှောက်။ အခုဟာက နေလမ်း ကြောင်းအတိုင်း ဆောက်ထားတဲ့သဘောပေါ့။ ကျွန်မတို့နေတဲ့ အပေါ်ဆုံးထပ်ဖွဲ့စည်းပုံက လှေကားကတက်တက်ချင်း အလယ်ခန်းမကျယ်ကြီးထဲရောက်တယ်။ အလယ်ခန်းမ ကလည်း တော်တော် ကျယ်ကျယ်ဝန်းဝန်းပါ။ ခန်းမရဲ့ အရှေ့ ဘက်မှာ အခန်းနှစ်ခန်း ရှိတယ်။ အရှေ့ဖျားဆုံးမှာ ဆရာနေ နေတယ်။ ကပ်လျက်အခန်းမှာ ကျွန်မတို့ပါလာတဲ့ စာအုပ်တွေနဲ့ နောက်ပိုင်းထပ်ဝယ်တဲ့စာအုပ်တွေထားတယ်။ ဒါပဲ။ ခန်းမကြီး ရဲ့ အနောက်ဘက်ခြမ်းမှာလည်း လူနေနှစ်ခန်းပဲ။ တစ်ခန်းက ကျွန်မတို့သားအမိ နေကြတယ်။ တစ်ခန်းက ကျွန်မမောင် လာနေတဲ့အခါ အိပ်တဲ့အခန်း။ ကျွန်မတို့အိပ်ခန်းနှစ်ခန်းနဲ့ တစ်ခြမ်းတွဲထားတာက သုံးခန်းရှိပြန်တယ်။ ဝင်ဝင်ချင်း မှန်ချပ်ကြီးတွေကာထားတဲ့ ဧည့်ခန်းကျယ်ကြီး၊ နောက်ထမင်း စားခန်း၊ အနောက်ဘက်အစွန်က မီးဖိုခန်း။ ဧည့်ခန်းမှာ တီဗွီ တွေ၊ စာအုပ်တွေနဲ့အတူ စားပွဲကုလားထိုင်တွေ သုံး၊လေးလုံး ရှိတော့ ကျွန်မတို့ ဧည့်သည်စောင်သည်လာရင် ဧည့်ခံတဲ့နေရာ ပါ။ သည်လိုဆိုတော့ မျက်စိထဲ မြင်လောက်ပြီထင်ပါရဲ့။

သဘောက ဆရာနေက အဆောက်အဦကြီးရဲ့ အရှေ့ဖျား မှာ၊ ကျွန်မတို့သားအမိက အနောက်ဖျားမှာ။ အရှေ့ခြမ်းမှာရော၊ အနောက်ခြမ်းမှာပါ လုံခြုံရေးအရကာထားတဲ့ မှန်ချပ်ကြီးတွေ ရှိတယ်။ ပြောချင်တာက ဟိုဘက်သည်ဘက် ကူးချင်ရင်(တစ် ဖက်ဖက်က ညဘက် သော့များခတ်ထားရင်) တယ်လီဖုန်း ဆက်ပြီး ဖွင့်ခိုင်းရတယ်။ သည်တော့ လူခေါ်ခေါင်းလောင်း (Door Bell)တပ်ဖို့ ဖြစ်လာတယ်။ မိသားစုသုံးယောက်မှာ နှစ်ယောက်က အနောက်ဖျားမှာ၊ တစ်ယောက်က အရှေ့ဖျားမှာ ဆိုတော့ အရေးရယ်အကြောင်းရယ် မီးရေး ထင်းရေးကအစ ခေါ်နိုင်အောင်ရယ်လို့ စဉ်းစားကြတာပါ။ သည်လိုနဲ့ မြို့ထဲက တရုတ်ပြည်လုပ် Door Bell တစ်စုံ ဝယ်လာခဲ့ကြတယ်။ တစ်လုံးက ကျွန်မတို့အခန်းရှေ့ မှန်တံခါးမှာတပ်၊ တစ်လုံးက ဆရာနေ့အခန်းရှေ့က မှန်တံခါးမှာတပ်။ နှိပ်ခလုတ်ကို နှစ်ဖက် ကပ်တိပ်နဲ့ အခန်းဝမှာတပ်ထားပေသိ အသံထွက်ခွက်က အခန်းတွေထဲမှာ တပ်ရတာဆိုတော့ အပြင်ကခလုတ်နှိပ်လိုက် ရင် တရုတ် Door Bell က တီးလုံးတွေ ကျယ်ကျယ်လောင် လောင်ကြီး ထွက်လာရော။ ခေါင်းလောင်းမြည်သံကြားတိုင်း ထကြည့်ကြရုံကိုး။ သို့ပေသိ သည် Door Bell က သုံးရက်ပဲ ခံတယ်ပြောပါတော့။ အသံမထွက်အောင် ဓာတ်ခဲတွေပြန်ဖြုတ် ထားလိုက်ရတာလေ။

ဂျိုးပိန်က ခါတိုင်းဆိုရင် ညပိုင်းက တစ်ခုခုဝယ်ခိုင်းထား တာရှိရင် မိုးစင်စင်လင်းမှပြေးဝယ်ပြီး တံခါးဘုမှာချိတ်ထား နေကျ။ ဆရာနေက မှာတာဆိုရင် ဆရာ့နေအခန်းဝက တံခါး ဘုမှာချိတ်တယ်။ ကျွန်မက မှာထားတာရှိရင် ကျွန်မတို့အခန်း တံခါးဘုမှာချိတ်ခဲ့တာချည်းပဲ။ မနက်ခုနစ်နာရီ ရှစ်နာရီ ကျွန်မ တို့နိုးရင် ဖြုတ်ယူနေကျ။ သူက ပိုက်ဆံစိုက်ထားရင် ဖုန်းနဲ့ ခေါ်ပေးနေကျ။

အဲသလိုရှိရာက အခန်းဝတွေမှာ Door Bell တပ်ထားတာ လည်းတွေ့ရော ဂျိုးပိန်က ခါတိုင်းလို အခန်းတံခါးဘုမှာချိတ် မထားခဲ့တော့ဘဲ ခေါင်းလောင်းခလုတ်ကိုနှိပ်တော့တာပါ။ တရုတ်ခေါင်းလောင်းတွေက "တိန်တောင်"လို့ နှစ်ချက်တည်း သံပြတ်မြည်တာမျိုးမဟုတ်ဘူးလေ။ သံစုံတီးနေတာ အကြာ ကြီး။ နောက်တစ်ချက်နှိပ် Melody တစ်ခုပြောင်းပြီး မြည်ပြန် ရော။ ဂျိုးပိန်က တစ်မျိုးအသံစဲတာနဲ့ ထပ်ကာထပ်ကာနှိပ်နေ တော့ အိပ်ရာက မထ,လို့မရတော့ဘူး။ စက်သေနတ်နဲ့ ပစ်နေ သလို အသံတွေက အတောမသတ် ထွက်နေတော့တာမဟုတ် လား။ အိပ်မှုန်စုံမွှားထပြီး အခန်းဝသွားရပ်တော့တောင် ဂျိုးပိန် က နှိပ်နေတုန်း။

"ဘာတုံးဟဲ့ အောင်ချမ်းသာ၊ ကျီးတောင် နိုးသေးရဲ့ လား"

"ဆရာမ ညဦးကမှာထားတဲ့ ခရမ်းသီးနဲ့အာလူး လာပို့ တာပါ"

"မနက်လေးနာရီ ငါးနာရီ ဈေးဖွင့်လို့လား"

"အပြင်သည်တွေမှ အများကြီး၊ မီးခွက်နဲ့ရောင်းကြတာ ဆရာမ။ ဈေးထဲက သူတို့ဆီက ယူရောင်းရတာ"

"အေးပါ၊ ဟုတ်ပါပြီ။ ခါတိုင်းလို တံခါးဘုမှာချိတ်ထား ခဲ့ရင် ရရဲ့သားနဲ့"

"ချိတ်မလို့ပဲ ဆရာမ၊ လူခေါ်ခလုတ်တွေ့လို့ နှိပ်လိုက် တာ"



www.burmeseclassic.com

www.burmeseclassic.com

"ခလုတ်တွေ့တာနဲ့ နှိပ်ရရောလား၊ အစောကြီးရှိသေးမင်းနယ်"

"ဘယ်လိုအသံထွက်တုံး သိချင်လို့ရယ်"

ဒါပါပဲ။ ပြောပြောပြေးပြေးနဲ့ အောက်ထပ်ဆင်းသွားတော့တာပါ။ ကျွန်မလည်း ကောင်းကောင်းတောင် မငေါက်လိုက်ရပါဘူး။ ဝယ်လာတဲ့ ခရမ်းသီးနဲ့အာလူးတွေ ရေခဲသေတ္တာထဲထည့်၊ ပြန်အိပ်မယ်ရယ်လို့ အိပ်ရာထဲဝင်တော့ မရတော့ပါဘူး။ ပြဿနာက သည်မှာတင်မပြီးဘူး။ ကျွန်မအခန်းဝက ခလုတ်နှိပ်ရင် ဆရာနေ့အခန်းကပါ သွားမြည်လေတော့(သတ်မှတ် အကွာအဝေးအတွင်း စက်ကွင်းကျနေတော့) သူပါ အခန်းဝမှာရပ်ပြီး လှမ်းကြည့်နေလေရဲ့။

နောက်တစ်နေ့လည်း သည်လိုပါပဲ။ ကျွန်မတို့က မနက်စောစောစီးစီး မတီးပါနဲ့ မမှာလိုက်ရလေတော့ မြည်ပြန်ရော။ ကျွန်မအခန်းထဲက ထွက်ပြီး လှမ်းကြည့်တော့ ဆရာနေ့အခန်းဝမှာ အထုပ်တစ်ထုပ်ပေးနေတာ လှမ်းမြင်ရတယ်။ ဆရာနေမှာတဲ့ ကောက်ညှင်းပေါင်းလာပို့တာတဲ့လေ။ တစ်ရက်က မှာဖူးတာ ခေါင်းထဲပေါ်လာလို့တဲ့၊ စောစောစီးစီး စားရအောင်လို့တဲ့ ပြောသေးသတဲ့။ ဘယ့်နှယ်လုပ်မလဲ၊ ငေါက်ရအခက် ပြုရအခက်။ ကျွန်မတို့အခန်းဝကို မနက်ငါးနာရီရောက်ဖို့ ဈေးသည်ဆီကို သူ လေးနာရီခွဲလောက် ထပြေးရမှာမဟုတ်လား။ဆရာနေလည်း ကျွန်မတို့အခန်းဘက်ကူးလာ၊ ကောက်ညှင်းပေါင်းကို ဆီကလေးဆမ်းပြီး အတူစားကြတယ်။

"ဂျိုးပိန်နဲ့တော့ ခက်နေပြီ။ မနက်ဖြန်မနက်တော့ ဘာမှ မဝယ်နဲ့လို့ ပြောထားပါဦးကွာ"

နောက်တစ်နေ့မနက်။

အဆက်မပြတ်မြည်နေတဲ့ ခေါင်းလောင်းက ဂီတတီးလုံးသံကြောင့် စောစောစီးစီး အိပ်မောကျနေရာက နိုးရပြန်တယ်။ သည်တစ်ခါတော့ ကျွန်မတို့ဘက်က Door Bell ကို အဆက်မပြတ် တီးနေတာပါ။ ကျွန်မကတော့ မထ,တော့ဘူး။ နိုးတာတော့ ကျွန်မရောသမီးပါ နိုးနေကြရပါပြီ။ ဆရာနေကတော့ အိပ်ရာကထပြီး ငေါက်နေလောက်ပြီ။ ခေါင်းလောင်းမြည်သံ ရှည်ကြီးတိတ်သွားလို့ ကျွန်မတွေးကြည့်နေတာပါ။ မနက်မိုးလင်းလို့ ဧည့်ခန်းမှာ သားအဖတစ်တွေဆုံကြတော့ ဆရာနေက မငေါက်တဲ့အပြင် စိတ်ထဲမကောင်းလို့တဲ့။ ထ,တာတော့ ငေါက်လိုက်ငမ်းလိုက်မဟဲ့ရယ်လို့ ထ,တာပဲတဲ့။ ဂျိုးပိန်ပြောလိုက်တဲ့ စကားကြောင့် မပြောရက်တော့တာတဲ့။ မင်းကွာ ဘာဖြစ်လို့ စောစောစီးစီး ထ,ထနှိပ်ရတာလဲဆိုတော့ ပြောသတဲ့။

"ဆရာကြီးတို့တပ်ထားတဲ့အသံကို ကျုပ်သိပ်ကြိုက်တာရယ်၊ ရွာကဘုန်းကြီးကျောင်းမှာ ဆရာတော်က သည်လိုအသံမျိုးပါတဲ့နာရီဝယ်ထားတာ အချိန်ထိုးတိုင်း မြည်တာပဲ။ညဘက်ပိတ်ထားတာ။ မနက်မိုးလင်း လေးနာရီဆို ဖွင့်လိုက်တာနဲ့ တစ်နာရီခြား ထထ,မြည်တာပဲ။ ကျုပ်တို့ဘုန်းကြီး သည်နာရီဝယ်လာတော့ ကျုပ်တို့ရွာက ပျော်လိုက်ကြတာ။ အခု သည်မှာ အဲသလိုအသံကြားရတော့ ကျုပ်က မနက်ဆို သိပ်ကြားချင်လို့ လာလာတီးတာပါ။ ဆရာကြီးတို့ အပြင်သွားရင်လည်း ကျုပ်က ရွာကိုလွမ်းရင် အပေါ်ထပ်တက်ပြီး တီးနေတာပဲ။ အဲဒါမျိုး ကျုပ် ဝယ်ဦးမယ်ရယ်" တဲ့။

ပြောခဲ့ပါပကော။ ရွာကသံစုံနာရီကိုလွမ်းတိုင်း တီးချင်နေသူဆိုတော့ ဘယ်လိုငေါက်ငေါက် မနက်စောစော လာနှိပ်နေတော့မှာလေ။ ကျွန်မတို့ဘက်ကလည်း သည်သံစုံဂီတသံကိစ္စက မသေးလှလေတော့ ဓာတ်ခဲဖြုတ်ထားလိုက်ရတော့တာပါပဲ။ ဆရာနေ့အခန်းက တစ်စုံကိုပါ ဓာတ်ခဲနဲ့တကွ ဖြုတ်ပေးလိုက်တော့ တပွေ့ပွေ့နဲ့ကိုင်ဆင်းသွားလေရဲ့။ ရွာကနာရီသံတောင် လွမ်းတယ်ဆိုမှတော့ မအေကိုလည်း လွမ်းရှာမှာပဲ။ ဂျိုးပိန်က အဲသလိုရယ်။

သူ့ဘဝကို သူပြောတဲ့စကားတွေထဲက ကောက်ရသလောက်တော့ ရဟန်းဝတ်ဖူးတယ်၊ မတိုင်ခင်က ထန်းတက်ဖူးတယ်၊ နယ်စုံလိုက်ပြီး ထန်းလျက် ပေါက်ပေါက်ဆုပ်ကအစ ထမ်းဆိုင်းနဲ့ ရောင်းဖူးတယ်၊ ပခုက္ကူစောင် ရောင်းဖူးတယ်၊ ကာလသားခေါင်း လုပ်ဖူးတယ်။ လုပ်ဖူးတာတွေများလွန်းလို့ ဟုတ်လေသလား၊ မဟုတ်လေသလား မသိပေသိ မှတ်တောင် မမှတ်မိတော့ပါဘူး။ အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်တော့ မလုပ်ဘူးလို့လည်း ဆိုရဲ့။ ကြက်ဝိုင်းသွားငေးလို့ ရေနံချေးသုတ် ဒဏ်ခံခဲ့ရဖူးတာကလွဲလို့ ရွာမှာ ငေါ်းစင်းစင်းကြီးပြင်းခဲ့ရပုံပေါ်ရဲ့။ မအေအကြောင်းပြောပေသိ တခြား ညီအစ်ကို မောင်နှမအကြောင်းတွေ ပြောသံ မကြားလေတော့ အရင်းအချာရယ်လို့လည်း ရှိပုံမရပေဘူး။

ဂျိုးပိန်က စိတ်ထွေထွေရယ်ဆိုလို့ ကယောက်ကယက်တော့လည်း မဟုတ်ရှာပါဘူး။ တစ်ခါတလေ ပါးလွန်းလှပ်လွန်းလို့တောင် အံ့သြယူရတယ်။ ဒါပေသိ စိတ်က နောက်တစ်လှည့် ကြည်တစ်လှည့်တော့ရှိရဲ့။ မျက်နှာကမှုန်ဆန်ဆန်နဲ့ မျက်ခုံးတွေ ရှုံ့ထားလားထားရဲ့။ သီချင်းတအေးအေးရှိလားရှိရဲ့။ ဆရာ နေက ဘယ်အဆိုတော်ကြိုက်သလဲမေးတော့ "အနိုင်"တဲ့။ အမျိုးသမီးအဆိုတော်တွေထဲကကောဆိုတော့ စိုးစန္ဒာထွန်းတဲ့။ ဘယ်သီချင်းကြိုက်တာလဲဆိုတော့ ရွာဓာတ်စက်ကဖွင့်တာ အကုန်ကြိုက်တာပဲတဲ့။ ဆရာနေက ခပ်တည်တည်နဲ့နောက်တယ်။

"မင်း ဟိုသီချင်းတော့ မကြားဖူးလောက်ပါဘူး"

"ဘယ်သီချင်းလဲ"

"*ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးရွားလှတာ××× မညှာတာ ဘယ်သူ့မှမထောက်ပါ××× သူခိုးဓားပြထက်ဆိုးတဲ့ရန်သူ*ဟာ ဆိုတာကွာ။ နေပါဦး၊ တွံတေးသိန်းတန်လား ဟသ်ာတထွန်းရင်လား ဆိုတာ"

ဂျိုးပိန်က မျက်လုံးတွေနဲ့ ပြုံးနေလေရဲ့။ ဆရာနေ့ကိုလည်း မဟုတ်တာပြောရော့မယ် ဆိုတဲ့ပုံနဲ့။



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ ကိုထွန်းရွှေရယ်…ကျုပ်တို့ရွာမယ် ညနေ လေကျ တိုင်း ဖွင့်တာ အဲဒီသီချင်းပေါ့။ မီးကြွင်းမီးကျန်တွေ ချက်ချင်း ငြိမ်းရတဲ့သီချင်း'

ရွာအကြောင်းရောက်သွားလို့ ဘယ်ရွာလဲလို့တော့ မမေး လေနဲ့။ ချက်ချင်း ဝေ့လည်ကြောင်ပတ်လုပ်တော့တာ။ ဒါပေ သိ ရွာမှာ ရည်းစားရှိခဲ့သလားဆိုရင်တော့ ရှိတယ်လို့ ချက်ချင်း ဖြေတော့တာပါ။ နာမည်က တိုးငွေတဲ့၊ ပဲတောင်သူ့သမီးတဲ့။ ညီအစ်မသုံးယောက်မှာ အလတ်မတဲ့။ မင်းကကြိုက်တာလား၊ ကောင်မလေးကကော ပြန်ကြိုက်ရဲ့လားဆိုတော့ သူ့မိဘတွေ က ချမ်းသာတော့ မုဆိုးမသားရယ်လို့ သူ့ကို အဖက်မလုပ်ချင် တာလည်းပါရဲ့။ မိန်းကလေးကို မင်းက မေတ္တာရှိကြောင်း ပါးစပ်နဲ့ပြောတာလား၊ စာပေးတာလားဆိုတော့ စာပါကူရတာ ဆိုလို့ ကျိတ်ရယ်မိတယ်။ ကျွန်မက ကြားဖြတ်ပြီး စာကျတော့ ဘယ်သူရေးပေးတာလဲဆိုတော့ ရွာကျောင်းက ဦးဇင်းတေတဲ့။

'မဟုတ်တဲ့စကားပြောရှာ့မယ်၊ ဦးဇင်းက ရေးပေးပ့် မလား မင်းနယ်'

'ဦးဇင်းတေက လူထွက်ပြီးပါပြီ။ ရွာက နုတ်ကျိုးနေကြ လို့ပါ။ ရေးပေးလို့မှ ဦးဇင်းတေရေးတဲ့စာနဲ့ ညားကြတာ ရွာမှာ မနည်းတော့ဘူး'

'ပါးစပ်နဲ့က ဘယ်လိုပြောတာလဲ၊ ကောင်မလေးက စိတ်မဆိုးဘူးလား'

'မဆိုးဘူး။ ကာလသားတကာ ပြောနေကြတာဆိုတော့ ရိုးနေပေါ့'

'မင်း မေတ္တာရှိကြောင်းပြောတော့ ဘာပြန်ပြောလဲ'

'ရည်းစားစကားပြော သင်ချေဦးတဲ့၊ သည်လောက်နဲ့ မရဘူးတဲ့'

'မင်းက သင်ရောလား'

'မသင်ပါဘူး၊ တစ်ခါပြောတော့မပေါ့'

'အေးပေါ့ကွ၊ မာနရှိရမှာပေါ့။ ကြိုက်တယ်ကွာ၊ မင်းက ဖွင့်ပြောတယ်ကွာ၊ ကျန်တာမိန်းကလေးအလုပ်လေ၊ ဟုတ် တယ်နော'

'ကျုပ်က ကြိုက်တယ်ရယ် မဟုတ်ပါဘူး၊ သူတကာ တွေပြောသလို ပြောကြည့်တာရယ်'

'မိုက်ပ့်ကွာ၊ မင်းကို ပါးမှမရိုက်တယ်'

ကျွန်မကကြားဝင်ပြီး 'စာပေးတာဟုတ်ပါပြီ၊ စာထဲမှာ ဘယ်လိုရေးထားတာလဲ'ဆိုတော့ ရှက်နေလေရဲ့။ ဦးဇင်းတေ က စာရေးကောင်းလို့လားဆိုတော့ ဗလာစာအုပ်မှာ တစ်ပုဒ် တည်းရေးထားတာ။ လိုချင်သူက ကိုယ့်စာရွက်နဲ့ကိုယ် သွား ကူးရတာတဲ့။ ဒါဆို ရွာမှာ သည်တစ်ပုဒ်တည်းနဲ့ ကြိုက်နေကြ တာပေါ့ဆိုတော့ ဟုတ်ပါ့တဲ့။ မှတ်မိသလောက် ပြောစမ်းကွာ ဆိုတော့ မျက်နှာက ဥသျှစ်သီးမှည့်လို ဝါပုပ်ပုပ်အရောင်တွေ ထွက်နေလေရဲ့။ မှတ်မိသလောက်ဆိုတော့မှ ရွတ်ပြတယ်။

'အနှစ် ကိုးကမ္ဘာတိုင်တိုင် အချစ်မိုးကြီး ဖြိုင်ဖြိုင်ရွာ လောက်အောင် အလှဖြိုးဝေပါသော မတိုးငွေ မိန်းမမြတ်ကိုဖြင့် အဲသလိုပါတာ'

'မတိုးငွေက ဘယ်သူတုံး'

'ပဲတောင်သူ့သမီး အလတ်'

'မင်းကြိုက်တဲ့ မိန်းကလေးပေါ့'

'ကျုပ်က ကြိုက်တာရယ်'

'မတိုးငွေမဟုတ်ဘဲ တခြားနာမည်နဲ့ မိန်းကလေးကျ ဘယ့်နှယ်လုပ် သည်စာပေးဖြစ်မှာတုံးကွ'

'တခြားမိန်းကလေးဆိုရင်လည်း အဲသည်နားလေးတင် စာသားပြောင်းလိုက်ရုံပဲရယ်'

ဂျိုးပိန်က စကားဝိုင်းက မြန်မြန်ထ,ပြေးချင်လို့သာ ဒါတွေပြောနေတာပါ။ လူက ရှက်လှပါပြီ။ မျက်နှာတောင် မမော့တော့ပါဘူး။ ရည်းစားရှိတာမရှိတာ သေချာဂန မသိရ ပေသိ ရှက်တတ်ရွံ့တတ်လိုက်တာ မပြောပါနဲ့တော့။ တစ်ဖက် က နောက်ရင် စ,ရင် ရယ်စရာပြောသကောရယ်လို့ မစဉ်းစား ဘူး။ တစ်ခါက ခေါင်းမှာ ဆီမွှေးတွေရွှဲနေအောင် လိမ်းလာလို့ ဆရာနေက မင်းခေါင်းလည်း ကြည့်ပုလင်း မှောက်ကျနေပါ ပကောလို့ ပြောတာကို သဘောမပေါက်ဘူး။ မျက်လုံးပြူးကြီး နဲ့ ပြန်ကြည့်ပြီး ဆီမွှေးပါတဲ့။ ဘာဆီမွှေးတုံးဆိုတော့ မသိဘူး၊ ဦးဝမ်ပေးခဲ့တာလို့ပြောတယ်။ တရုတ်အင်ဂျင်နီယာတွေက သူတို့သုံးမယ့်အထဲက ဆပ်ပြာ၊ သွားပွတ်တံ၊ မျက်နှာသစ် ခရင်၊ Body Lotion, ရေမွှေး စသည်ဖြင့် ပေးတတ်ကြသတဲ့။ ကျွန်မမောင်ပြောတာတော့ အောက်ဆုံးထပ်က ဂျိုးပိန်ရဲ့အခန်း ထဲမှာ သံသေတ္တာလေးတစ်လုံး ရှိသတဲ့။ အပေါ်က တဘက် သန့်သန့်ခင်းပြီး ဗုဒ္ဓဘုရားပုံတော်တစ်ဆူနဲ့ ဘုရားပန်းအိုး တစ်လုံး အမြဲရှိသတဲ့။ ပစ္စည်းပစ္စယတွေကိုတော့ တခြား သေတ္တာတစ်လုံးပေါ်မှာ စီစီရီရီထားတတ်သတဲ့။ သူ့အဝတ် အစားတွေကို အနားကရေမြောင်းမှာ အဝတ်လျှော်ကြတဲ့ မအိုး တို့၊ မတိုးတို့က ဖွပ်လျှော်ပေး၊ မီးပူတိုက်ပေးကြသတဲ့။တစ်ခါ တလေ ထမင်းဟင်းတောင် သူတို့အိမ်တွေက ချိုင့်နဲ့ ထည့်ယူ လာပြီး ကျွေးကြတာလည်းရှိသတဲ့။ အဲသလိုကောင်း နေရာက အဝတ်ဟောင်းတွေပေးလေ၊ ဖွပ်ရအောင်ဆိုရင် မယူနဲ့ ကိုယ့် ဟာကိုယ် ဖွပ်နိုင်တယ်လို့ မျက်နှာဆိုးကြီးနဲ့ အော်တာလည်း ရှိတယ်ဆိုလို့ အံ့သြရတယ်။ တစ်ခါတော့ ကျွန်မတို့ အဝတ် အစားတွေ ဖွပ်လျှော်မီးပူတိုက်ပေးတဲ့ မအိုးကို ဂျိုးပိန်အကြောင်း မေးမိတယ်။

'အခုတလော စိတ်က ဘယ့်နှယ်ဖြစ်တယ် မပြောတတ် ပါဘူး ဆရာမရယ်။ လာမယူနဲ့၊ မဖွပ်နဲ့ လုပ်ချင်လုပ်တာ။ ထမင်းထည့်လာတော့လည်း ကျုပ်ကို အဆိပ်မခတ်နဲ့ဆိုလို့ မယူလာဝံ့တော့ဘူး။ ကျွန်မတို့က ဟဲ့ ဘယ်လိုအဆိပ်တုံးဆို တော့ ခင်ဗျားတို့ ပီယဆေးတွေ ထည့်ချင်ထည့်မှာဆိုလို့ ရယ်ရ သေးတာလေ။ ကျုပ်တို့ ကလေးအမေတွေကိုပြောတဲ့ စကား တဲ့ ဆရာမရေ'

***စာမျက်နှာ(၂၃၈)သို့…***



www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ်ကူးတဲ့ည

ဂါ:ကျ | ဆေး-မင်း

၁။


ကြွေပြားကပ် အုတ်ခုတင်ပေါ်မှာ ဝတ်လစ်စားလစ် အနေအထားနဲ့ အမျိုးသမီးခန္ဓာကိုယ်တစ်ခု ရှိနေတယ်။ အခန်းထဲဝင်ဝင်ချင်း နှာခေါင်းထဲ တိုးဝင်လာတဲ့ ညှီစို့စို့အနံ့ကြီးက အော်ဂလီဆန်ဖို့ကောင်းတာကြောင့် မောင်ညို့ကို ပြတင်းပေါက်တွေ အမြန်ဖွင့်ခိုင်းလိုက်ရတယ်။ ဖွင့်လိုက်တဲ့ ပြတင်းတံခါးကနေ နံနက်ခင်း နေခြည်နုနုဟာ အခန်းကျဉ်းလေးထဲ တိုးဝင်ဖြာကျနေတယ်။

အမျိုးသမီးရဲ့ ညာဘက်လက်ဟာ ခုတင်အစွန်းမှာ မသိမသာ တွဲလျားကျနေတယ်။ အမျိုးသမီးရဲ့ မျက်လုံးတွေဟာ ခုချိန်ထိ ပွင့်နေတုန်းပဲ ရှိသေးတယ်။ ဖွာလန်ကြဲနေတဲ့ ဆံစတချို့မှာ သွေးတွေနဲ့ စေးထန်းနေတာကို တွေ့ရတယ်။ ထူထူအမ်းအမ်း နှုတ်ခမ်းဖူးဖူးလေးတွေပေါ်က မပျက်မယွင်းသေးတဲ့ ကြက်သွေးရောင် နှုတ်ခမ်းနီလေးတွေကို မြင်လိုက်တဲ့အခါ 'ဒီမိန်းမ သေပြီးတာတောင် လှနေတုန်းပဲ' လို့ သူ တွေးဖြစ်အောင် တွေးမိလိုက်သေးတယ်။

❑

၂။

ဘဝမှာ ဒီလိုအလုပ်မျိုး လုပ်ဖြစ်လိမ့်မယ်ဆိုပြီး သူ တစ်ကြိမ်တစ်ခါမှ အိပ်မက်မမက်ခဲ့ဖူးတာတော့ သေချာတယ်။ အတွေ့အကြုံမရှိခင် အချိန်တုန်းကဆို သူ ကြိမ်ဖန်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

များစွာ အန်မိတယ်။ တစ်ခါ အန်ပြီးတိုင်းလည်း ဝမ်းဗိုက် ကြွက်သားတစ်ပြင်လုံး နာကျင်ကိုက်ခဲရသလို ခန္ဓာကိုယ်တစ်ခုလုံး အားအင်ကုန်ခန်းသွားသလို နုံးချည့်ပျော့ခွေသွားရမြဲ။

အဲဒီအချိန်တုန်းက အတွေ့အကြုံမရှိသေးတာ အပြင် ရင်ခုန်စိတ်လှုပ်ရှားမိတာကြောင့်လည်း ပါတယ်။ အသက်မဲ့အလောင်းကောင်တွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ခွဲစိတ်ဓားပါးပါးကလေးနဲ့ လှီးဖြတ်ဖို့ဆိုတာ တယ်မလွယ်ကူခဲ့တဲ့ကိစ္စတစ်ခုပါပဲ။ စ,လုပ်ခါစအချိန်မှာ ဓားကိုင်ထားတဲ့ သူ့လက်တွေဟာ သိသိသာသာ တုန်ယင်နေခဲ့တယ်။ ခုတင်ပေါ်က မလှုပ်မယှက် အလောင်းကြီးတွေကို ကြည့်ပြီး ကျောထဲကနေ စိမ့်အေးလာသလိုလို၊ ထွက်ပဲ ပြေးချင်သလိုလို ခံစားခဲ့ရတယ်။ အခုတော့ ဒီအလုပ်ကို သူ ထမင်းစားရေသောက်သလိုပဲ လွယ်လွယ်ကူကူ လုပ်နိုင်ခဲ့ပြီ။ စ,လုပ်ခဲ့ချိန်က တလွဲ တချော်ဖြစ်ရပ် တချို့ကိုလည်း အခုချိန်မှာ ရယ်ပွဲဖွဲ့ပြောဆိုနိုင်ခဲ့ပြီ။

အလုပ်လုပ်ပြီးချိန်တိုင်းမှာ ချက်ချင်းရေမိုးချိုးရတယ်။ ဆံပင်တွေကိုလည်း ခေါင်းလျှော်ရည်နဲ့ လျှော်ပစ်ရတယ်။ အဲဒီလိုမှ မလုပ်ရင် သူ့တစ်ကိုယ်လုံးမှာ လူသေနံ့ဟာ တစ်နေကုန် စွဲကျန်နေတတ်တယ်။ ဆောင်းတွင်းချိန်တွေမှာ မနက်စောစော ရေချိုး၊ ခေါင်းလျှော်ရတာကို

t rsSnf r[DaU
n nb u fv u f[ m
ckwi f pef;r Sm
ro do m
w Gef;tu aew , f
t rsSnf r[DaU
rSi f v kdaw Gm m
ck;sdk d
yGef;aew kefyJ
&Sdo ;w , f
zGef;eDaM uaew bd
q pbw csKd;Sm
ao q;aw Gef;Y
ap;x efaew rnu kd
aw q;w , f
x k t rf;t rf
Ew tcr f
z|z|av ;aw ef;yu
rysi f , iGeo ;w bd
M u fao q;&nif
Ew tcr fe&v ;
aw G kd
jri fv kd fw bl cg
]' Delfr
ao NyD;w naw nif
v Sew kefyJ;v kd
o l
aw ;pfat nif
aw Gbd kd fao ;
w , f

တော့ သူ တကယ် စိတ်ပျက်မိတယ်။

သူ့အမေက သူ့ကို မီးဖွားရင်း မီးတွင်းထဲမှာပဲ သေတယ်။ အဖေက သူ့ကို ကံကြမ္မာဆိုးတွေ သယ်ယူခဲ့တဲ့ ဂြိုဟ်ကောင်လို ဆက်ဆံတယ်။ ဖခင့်မေတ္တာကို ငတ်မွတ်တောင့်တရကောင်းမှန်း မသိခဲ့လောက်အောင် အဖေဟာ သူ့အပေါ် သွေးအေးခဲ့တယ်။ သူ့စိတ်နဲ့ပဲ အဖေဟာ ယစ်ထုတ်ကြီးဘဝနဲ့ သူ့ကို ထာဝရ နှုတ်ဆက်ခွဲခွာသွားခဲ့တယ်။

အဖေမရှိတော့ အဖေ့အစ်မဖြစ်တဲ့ အဒေါ်အိမ်မှာ ကပ်နေရပြန်တယ်။ အဒေါ်ဟာ သူ့ကို ခိုင်းကောင်းလို့ အိမ်မှာခေါ်ထားသလား၊ မကောင်းတတ်လို့ အိမ်ပေါ်ခေါ်တင်ထားသလားဆိုတာ သူ ကွဲကွဲပြားပြားမသိဘူး။ သေချာတာတစ်ခုကတော့ အဒေါ့်အိမ်မှာ သူ မပျော်ဘူး။ အိမ်မှာရှိတဲ့ လူအားလုံးက သူ့ကို နည်းမျိုးစုံနဲ့ အခွင့်အရေးယူ အနိုင်ကျင့်ကြတယ်။ ဆယ်တန်းမအောင်ဘဲ ရပ်ကွက်ထဲ လတ်လျားလတ်လျားလုပ်နေတဲ့ သူ့ကို အဒေါ်က ဆေးရုံမှာ အလုပ်သွင်းပေးခဲ့တယ်။ သူ့ရာထူးက အထွေထွေလုပ်သား။ ဘာပဲဖြစ်ဖြစ် အလုပ်နဲ့အကိုင်နဲ့ဆိုတော့ အဒေါ့်အိမ်မှာ ထမင်းတစ်လုတ်တစ်ဆုပ်အတွက် သိပ်မျက်နှာပူစရာ မလိုတော့ဘူးလို့ သူ ခံယူလိုက်တယ်။

ပြောရရင် သူ့ဘဝမှာ ငြိတွယ်စရာ သံယောဇဉ်ဆိုတာ တကယ့်ကို နည်းပါးလှပါတယ်။ သံယောဇဉ်မရှိတာတော့ မဟုတ်ဘူး။ ရှားရှားပါးပါး သူငြိတွယ်မိတဲ့ သံယောဇဉ်ကြိုးကလေး တစ်ချောင်းတော့ ရှိတယ်။ အဲဒီကြိုးကလေးဟာ သူ့ကမ္ဘာကြီးထဲမှာ နောက်ထပ်တစ်ရက် အသက်ဆက်လက် ရှင်သန်စေဖို့ ခိုင်လုံတဲ့အကြောင်း ပြချက်တစ်ခုလည်း ဖြစ်တယ်။

❑

၃။

ဖြိုးကို သူ သိပ်ချစ်တယ်။ ပြုံးမြနေတဲ့ နှုတ်ခမ်းဖူးဖူးကလေးတွေနဲ့ "ဖြိုးကလေ၊ ဖြိုးကလေ" ဆိုတဲ့ စကားပြောဟန်ကလေးကလည်း သိပ်ချစ်ဖို့ကောင်းတယ်။ ဖြိုးရဲ့ လက်ချောင်းသွယ်သွယ်လေးတွေဟာ သိပ်ကိုလှတယ်။ ဖြိုးရဲ့ မျက်လုံး ဝိုင်းဝိုင်းကလေးတွေဟာ သူ့အိပ်မက်တွေထဲအထိ မကြာမကြာ ရောက်လာတတ်ကြတယ်။

"ဖြိုးရဲ့ ပါးပေါ်က သွေးကြောစိမ်းစိမ်းကလေးတွေကိုလည်း သိပ်ချစ်တယ်" လို့ သူပြောတော့ ဖြိုးက တခစ်ခစ်ရယ်မောပြန်တယ်။ ဖြိုးက ရယ်လိုက်တဲ့အခါ ပိုပြီး ချစ်ဖို့ကောင်းသွားပြန်ရော။ ဖြိုးက သူ့ကို "အရူးကောင်" လို့ ခဏခဏခေါ်တယ်။ ဖြိုးရယ်နေတာ မြင်ရရင် သူ တကယ်ပျော်မိတယ်။ "ဖြိုးကို တစ်သက်လုံး ရယ်မောပျော်ရွှင်အောင် စွမ်းဆောင်နိုင်သူဟာ ကိုယ်ပဲဖြစ်ချင်တယ်" လို့ ပြောတော့ ဖြိုးမျက်နှာက ရုတ်တရက် တည်သွားပြန်တယ်။ ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

ဟာ တစ်ခါတလေ အဲဒီလိုပဲ နားလည်ရခက်တဲ့ မိန်းကလေး။

ဇယ်စက်သလို လှုပ်ရှားနေတဲ့ ဖြိုးရဲ့ လက်ချောင်းဖြူဖြူသွယ်သွယ်ကလေးတွေဟာ ကွမ်းယာခုံပေါ်မှာ နေကုန်နေခန်း လွန်းထိုးပြေးလွှားနေတတ်ကြတယ်။ အညှာခြွေပြီးသား ကွမ်းရွက်စိမ်းတွေကို ထုံးပွတ်ပြီး ညီညီညာညာ ဖြန့်ခင်းလိုက်ပုံ၊ ရေစိမ်ထားတဲ့ ကွမ်းသီးစိတ်ကလေးတွေကို ခပ်မြန်မြန် တင်လိုက်ပုံတွေဟာ တကယ်ကြည့်လို့ သိပ်ကောင်းတယ်။ “မင်းရဲ့ လက်ချောင်းကလေးတွေကိုလည်း ကိုယ်ချစ်တယ်”လို့ ပြောရင် ဖြိုးက ဟက်ဟက်ပက်ပက် ရယ်တတ်တယ်။

ဖြိုးရယ်နေတာကို သူ သဘောကျပေမဲ့ ဖြိုးကို သူ စိတ်မချဘူး။ “တွေ့သမျှ ယောကျ်ားတွေနဲ့ အီစီကလီ လုပ်နေတာမဟုတ်လား”လို့ သူပြောလိုက်ရင် ဖြိုးက ချက်ချင်း နှုတ်ခမ်းစူပြီး သုံးရက်လောက် သူ့ကို စကားမပြောဘဲ နေတော့မယ်ဆိုတာကိုလည်း သူ ကောင်းကောင်း သိနေတယ်။ ဖြိုးစိတ်ကောက်တဲ့နေ့တွေဟာ ကမ္ဘာပျက်တဲ့နေ့တွေပဲ။ အဲဒီလိုနေ့ရက်တွေမှာ သူတကယ် နေမပျော်ဘူး။ တကယ်ဆို ဖြိုးက သူ့ကို “ချစ်တယ်”လို့ အဖြေပေးပြီးသား။

“ဖြိုးက ပြုံးဖို့လိုတယ်လေ ကိုရဲ့။ ကိုယ့်ဆိုင်မှာ လာအားပေးတဲ့ ဖောက်သည်တွေကို ဖြိုးက အလိုက်အထိုက်တော့ ပြုံးပြရယ်ပြရမှာပဲ။ အဲဒီလို မလုပ်ရင် ဖြိုးတို့ ထမင်းငတ်သွားမှာပေါ့”

တစ်ခါတလေ စိတ်လိုလက်ရရှိတဲ့အခါ ဖြိုးက သူ့ကို အဲဒီလို ပြောတတ်တယ်။ ဒါပေမဲ့ ဖြိုးပြောတဲ့ အလိုက်အထိုက်ဆိုတဲ့ အတိုင်းအတာထက် ပိုနေတယ်ဆိုတာ သူသိတယ်။ ကာလသားတွေနဲ့ ရယ်ပွဲဖွဲ့နေတတ်တဲ့ ဖြိုးဟာ သူ့ကို တွေ့လိုက်ရင် ရုတ်တရက် မျက်နှာတည်သွားတတ်တယ်။ သူ့ရှေ့မှာ ကွမ်းဝယ်သူတွေက စ,သလို၊ နောက်သလိုနဲ့ သားပြောမယားပြော ပြောတဲ့အခါမှာလည်း ဖြိုးမျက်နှာက အပြုံးမပျက်ဘူး။ “အဲဒါတွေ ကိုယ်မကြိုက်ဘူး”ဆိုပြီး နှစ်ကိုယ်ကြား ပြောပြန်တော့လည်း “ဖြိုးက ကွမ်းယာရောင်းနေတာလေ” လို့ ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ပြန်ဖြေတယ်။

ဖြိုးနဲ့သူက ဘဝတူတွေ။ ဖြိုးတို့လည်း ဆင်းရဲတယ်။ ဆင်းရဲခဲ့တယ်လို့ ပြောရင် ပိုပြီးတော့ မှန်မယ်။ အခုတော့ ဖြိုးရဲ့ ကွမ်းယာဆိုင်လေးက လူစည်စပြုပြီ။ ရုံးဆင်းချိန်ဆို ဖြိုးရဲ့ ဆိုင်ကလေးဟာ လက်မလည်အောင် ရောင်းချနေရပြီ။ ဒါပေမဲ့ ဆယ့်ရှစ်နှစ်အရွယ် မိန်းမပျိုတစ်ယောက် ထမ်းရွက်ထားရတဲ့ ထမင်းအိုးက ကြီးလေးတယ်။ ဖြိုးမှာ လေဖြတ်ပြီး အထူးကုဆေးခန်းမှာ ပုံမှန်ပြသနေရတဲ့ ဖခင်တစ်ယောက်ရှိတယ်။ ဖြိုးရဲ့ မောင်လေးနှစ်ဦးနဲ့ ညီမထွေးလေးဟာ ကျောင်းတက်နေကြတုန်း။ ဖြိုးကို ကူညီလုပ်ကိုင်ပေးနေတဲ့ အဒေါ်အပျိုကြီးတစ်ယောက်လည်း ရှိတယ်။

“ဖြိုး မဆင်းရဲချင်ဘူး။ ဆင်းရဲရတဲ့အရသာကို ဖြိုး ကောင်းကောင်းသိတယ်။ ဆင်းရဲရမှာကို ဖြိုး ကြောက်တယ်။ ဒီအခြေအနေထက် ပိုပြီး လူတမ်းစေ့နေနိုင်ဖို့ ဖြိုးကတော့ ကြိုးစားရမှာပဲ။ ပြုံးပြလိုက်လို့ ဖြိုး အသားပဲ့ပါသွားတာမှ မဟုတ်တာ”

ဖြိုးက အဲဒီလို အကြောင်းပြချက် လှလှလေးတွေကိုလည်း သူ ယုံကြည်လောက်အောင် ပြောပြတတ်သေးတယ်။ အဲဒီလို ကျပြန်တော့လည်း ဖြိုးရှေ့မှာ သူ အရည်ပျော်ကျရပြန်တယ်။

သူ့ကိုယူဖို့ စဉ်းစားထားရင် ပိုက်ဆံစုဖို့ ဖြိုးက ပြောတယ်။ လူတမ်းစေ့မထားနိုင်တဲ့ ယောကျ်ားမျိုးကို ဘယ်တော့မှ ယူဖို့ မစဉ်းစားဘူးလို့ ဖြိုးက ပြောတယ်။ ဖြိုးစကားကို သူ နားထောင်တယ်။ သံထည်စုဘူးဝိုင်းလေးထဲမှာ သူ လစဉ်စုထားတဲ့ ပိုက်ဆံခေါက်လေးတွေရှိတယ်။ သူ သိပ်ကြိုက်တဲ့ ပေါ့ဆိမ့်လက်ဖက်ရည်ကိုလည်း ခွက်ရေလျှော့ပြီး သူ သောက်တယ်။ ညနေတိုင်း မှီဝဲနေကျ အရက်ကိုလည်း ယတိပြတ် ဖြတ်ချလိုက်ပြီ။ အဒေါ်ကို ထမင်းဖိုးပေးပြီး အများစုကို စုဘူးထဲ ထည့်တယ်။ စုဘူးကလေး ပြည့်ဖို့ နီးစပ်လာတာနဲ့အမျှ သူ့အိပ်မက်တွေ ပြည့်မြောက်ဖို့ နီးစပ်လာသလို သူ ခံစားရတယ်။ စုဘူးကလေးအကြောင်း ဖြိုးကို ပြောပြတော့ ဖြိုးက သူ့ဝသီအတိုင်း ဟက်ဟက်ပက်ပက် ရယ်မောပြန်တယ်။

ကွမ်းယာဆိုင်လေးထဲမှာ သနပ်ခါးရည်ကျဲလေးနဲ့လှနေတဲ့ ဖြိုးရဲ့ ပါးတစ်ဖက်ကို ခိုးနမ်းရင်း “ဖြိုးပါးကို တခြားလူတွေနမ်းရင် လူသတ်မိမှာပဲ”လို့ သူ ပြောလိုက်မိတယ်။ သူ့ရင်ခွင်ထဲက တွန်းဖယ်ရုန်းထွက်ပြီး “ကိုက ဖြိုးကို မယုံဘူး”ဆိုပြီး တသိမ့်သိမ့် ရှိုက်ငိုပြန်တယ်။ ဟုတ်တယ်။ ဖြိုးဟာ အဲဒီလိုပဲ တစ်ခါတလေ နားလည်ရသိပ်ခက်တဲ့ မိန်းကလေး။

❑

၄။

သေခြင်းတရားကို ကိုယ်တိုင် မမြင်တွေ့ခင်တုန်းက သူ တွေးတွေးပြီး ထိတ်လန့်တုန်လှုပ်ခဲ့ဖူးတယ်။ ငယ်ငယ်ကဆို ညမှောင်မှောင်မှာ အသုဘအိမ်နားဖြတ်လျှောက် မသွားရဲဘူး။ သူ့မျက်စိရှေ့မှာ လူတွေ ခဏခဏ သေကျေပျက်စီးနေတာကို တွေ့ရတော့ သေဆုံးခြင်းဆိုတဲ့ အကြောင်းအရာဟာ သူ့အတွက် မထူးဆန်းတော့သလို ခံစားရတယ်။ အိမ်ဘေးကပ်လျက်က ဦးလေးကြီး ကွမ်းယာထွက်ဝယ်ရင်း


www.burmeseclassic.com

www.burmeseclassic.com

ငါးမိနစ်မပြည့်ခင် လမ်းထိပ်မှာ ကားတိုက်ခံရပြီး သေတာလည်း မအံ့သြမိတော့ဘူး။

အမျိုးသမီးဟာ ဆေးရုံကို ညသန်းခေါင်ယံအချိန်မှာ ရောက်လာခဲ့တယ်။ ဆိုင်ကယ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်ကြတာ တဲ့။ မျှော်လင့်တကြီး စောင့်စားနေကြတဲ့ မျက်ဝန်းတွေကို "အသက်ပါမလာတော့ဘူး" ဆိုတဲ့ အဖြေက မျက်ရည်စို စွတ်စေခဲ့တယ်။ လုံးဝန်းတင်းရင်းနေတဲ့ ရင်သားနှစ်မွှာရဲ့ အောက်ဘက်ဆီမှာ နံရိုးအရာလေးတွေကို အတိုင်းသား မြင်နေရတယ်။ အခန်းကျဉ်းလေးထဲ အလှအယက် တိုးဝင်နေဆဲ နေရောင်အောက်မှာ ဗိုက်သား ရှပ်ရှပ်ကလေးပေါ်က မွေးညင်းနုနုကလေးတွေကိုပါ မြင်နေရတယ်။ သူ တံတွေးတစ်ချက် မျိုမိတယ်။ သူ့ ခေါင်းထဲ ရုတ်တရက်ဝင်ရောက်လာတဲ့ အတွေးရိုင်းတွေကို ခေါင်းထဲကနေ ချက်ချင်း မောင်းထုတ်ပစ်လိုက်ရတယ်။

"ကဲ… စ,မယ်"

ဆရာက အချက်ပြလိုက်တာနဲ့ လက်အိတ်စွပ်ထားတဲ့ သူ့လက်တွေလည်း လျှင်လျှင်မြန်မြန် လှုပ်ရှားသွားကြတယ်။ နားရွက်နှစ်ဖက်ကို ဆက်သွယ်ထားတဲ့ စိတ်ကူးယဉ် မျဉ်းဖြောင့်အတိုင်း လက်ထဲက ခွဲစိတ်ဓားနဲ့ ဖိခြစ်ပစ်လိုက်တယ်။ ဦးရေပြားအောက်ဘက် ညာနဖူးပြင်ပေါ်မှာ သွေးစတချို့ စိမ့်ထွက်လာကြတယ်။ ဦးရေပြားကို ဆွဲလှန်ပြီးတဲ့နောက်မှာ ဆရာက "ခဏ" လို့ ပြောတယ်။

မျက်ခုံးအထက် ညာဘက်နဖူးပြင်ပေါ်မှာ အချင်းတစ်လက်မလောက်ရှိတဲ့ ချိုင့်ခွက်ရာတစ်ခုကို ထင်ထင်ရှားရှား တွေ့ရတယ်။ ဆရာက ခွဲစိတ်ခန်းသုံး ညှပ်တစ်ချောင်းနဲ့ အဲဒီနေရာကို ထောက်ပြတယ်။ ဘေးမှာ မတ်တတ်ရပ်စောင့်ဆိုင်းနေတဲ့ တာဝန်ကျရဲတပ်ကြပ်က သူ့ကင်မရာနဲ့ ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ယူတယ်။ ဆရာက "ညာနဖူးပေါ်မှာ ဦးခွံရိုးကျိုးသွားတာ" ဆိုပြီး သူ့ကို ခပ်တိုးတိုး ပြောပြတယ်။

အဲဒီနောက် ဦးခေါင်းခွံရိုးကို ဆက်ဖွင့်ဖို့ သူ ဆက်လုပ်ရတယ်။ လုပ်ကိုင်နေရင်းမှာပဲ ဆရာပြောပြဖူးတဲ့ စကားတစ်ခွန်းကို သူ အမှတ်ရမိသွားပြန်တယ်။

"သေခြင်းတရားဆိုတာ သဒ္ဒါနည်းကျကျ ပြောရရင် ဖူးစတော့တစ်ခုပဲ"

ဆရာက သူဖတ်ဖူးတဲ့ ဗြိတိန်ကဗျာဆရာတစ်ဦးရဲ့ စာတစ်ကြောင်းကို ရင်ခွဲရုံထဲမှာ မှတ်မှတ်ရရ ရွတ်ပြခဲ့ဖူးတယ်။ သေဆုံးခြင်းဆိုတာ အင်္ဂလိပ်သဒ္ဒါမှာပါတဲ့ ဖူးစတော့ (full stop) တစ်ခုလိုပဲတဲ့။ လူဖြစ်ရခြင်းရဲ့ ကိစ္စဝိစ္စအားလုံး ရပ်တန့်ပြီးဆုံးသွားခြင်းပဲတဲ့။ သေပြီးတဲ့နောက် အရာအားလုံးကို ချန်ထားရစ်ခဲ့ရတယ်ဆိုတာ သိပ်ကိုမှန်တယ်။

တချို့ရှိသေးတယ်။ လူသေကို ခွဲစိတ်စစ်ဆေးတဲ့အခါ မျက်နှာအလှမပျက်အောင် ခွဲပေးပါဆိုပြီး တောင်းဆိုတတ်ကြတယ်။ ဖြစ်နိုင်ရင် ချုပ်ရိုးမပေါ်အောင် ချုပ်ပေးပါဆိုတာတွေတောင် ရှိသေးတယ်။ မကြာခင်မှာပဲ မြေကြီးထဲကိုရောက်ရတော့မယ့်ကိစ္စ။ လူသေကောင်ရဲ့ မျက်နှာဟာ လှပကြည့်ကောင်းနေတော့ရော ဘာတွေများပိုပြီး ထူးခြားကောင်းမွန်သွားမှာမို့လဲ။ အလကား အပိုအလုပ်တွေ။ ကမ္ဘာလောကကြီးထဲ လူတစ်ယောက် ရှင်သန်နေထိုင်ခဲ့ဖူးတယ်ဆိုတာကို မကြာခင်မှာ မေ့ပျောက်သွားကြမှာပါပဲ။ ဒီအလုပ် လုပ်ပြီးကတည်းက လူတွေကို စက်ဆုပ်ရွံရှာဖွယ် အပုပ်ကောင်အစုအဝေးကြီးတစ်ခုလိုပဲ သူ မြင်တတ်နေပြီ။

အခန်းထဲမှာ ဒိုင်းလွှတစ်ချောင်းရဲ့ တဂျစ်ဂျစ်ပွတ်တိုက်သံသာ ထွက်ပေါ်နေတယ်။ တိတိရိရိ ပြတ်သွားတဲ့ ဦးခွံရိုးကို ခွာလိုက်တယ်။ ဆရာက သူ့လက်နဲ့ ဦးနှောက်တစ်ခုလုံးကို အပြင်ထုတ်လိုက်တယ်။ ပြီးတော့ လင်ပန်းတစ်ခုထဲမှာ ဦးနှောက်တစ်လွှာချင်းကို ဆရာကိုယ်တိုင် ခွဲစိတ်စစ်ဆေးတယ်။

လူသေအလောင်းကို ခွဲစိတ်စစ်ဆေးရတဲ့ အဓိကအကြောင်းအရင်းက ဘာကြောင့် သေဆုံးရတယ်ဆိုတာကို ဖော်ထုတ်ရှာဖွေဖို့ပဲ။ သေဆုံးရတဲ့အကြောင်းကို သိရပြီဆိုရင် ကျန်တဲ့အပိုင်းတွေကို ခပ်သုတ်သုတ်လုပ်လို့ရပြီ။ ထူးထူးခြားခြား တွေ့စရာ မကျန်တော့တဲ့အတွက် အချိန်အများကြီး ကုန်စရာမလိုတော့ဘူး။

"မောင်စိုး၊ မင်း ခဏနားမယ်။ ကျန်တဲ့အပိုင်းကို မောင်ညိုလုပ်ပါစေ"

ဒီကောင်က အလုပ်ဝင်တာ မကြာသေးတော့ ကောင်းကောင်း မလုပ်တတ်သေးဘူး။ သူ့လက်ထဲက ခွဲစိတ်ဓားကို မောင်ညို့ကို ပေးလိုက်တယ်။ ဒီကောင့်ကို "ဟေ့ကောင်၊ မကြောက်နဲ့နော်၊ သေချာလုပ်" ဆိုပြီး အားပေးရသေးတယ်။ မောင်ညို့လက်တွေ တုန်ယင်နေမလားဆိုပြီး လှမ်းကြည့်ရသေးတယ်။ သူ အလောင်းစ,ခွဲတဲ့နေ့တုန်းကလည်း သူ့လက်တွေ သိသိသာသာ တုန်ယင်နေခဲ့ဖူးတယ်။

မောင်ညို့အနားမှာ ရပ်စောင့်ပေးနေရင်း သူ့အကြည့်တွေ အမျိုးသမီးရဲ့ ညာဘက်လက်ချောင်းတွေဆီ အမှတ်မထင် ရောက်ရှိသွားပြန်တယ်။ လက်သည်းချွန်ချွန်ကလေးတွေပေါ်မှာ ပုံဖော်ထားတဲ့ ပန်းပွင့်ပုံ လက်သည်းနီလေးတွေလည်း အကောင်းပကတိ ရှိနေသေးတယ်။ အဲဒီအချိန်မှာ သူ့စိတ်က တစ်စုံတစ်ယောက်ကို ပြင်းပြင်းပြပြ သတိရမိသွားပြန်တယ်။

❑

၅။

ဖြိုးက သူ့လက်ချောင်းကလေးတွေကို ကိုင်ပြီးဆော့



www.burmeseclassic.com

www.burmeseclassic.com

တာ လုံးဝမကြိုက်ဘူး။ သူကလည်း ဖြိုး အနေရခက်လေ ဖြိုးရဲ့ လက်ချောင်းကလေးတွေကို ကိုင်ချင်လေ။ လက်ချောင်းကလေးတွေကို ရုန်းဖယ်ပြီး ဖြိုးဆီကနေ လွင့်ထွက်လာတတ်တဲ့ မျက်စောင်းလှလှလေးကိုလည်း သူချစ်တယ်လေ။ နှုတ်ခမ်းစူစိတ်ကောက်နေတတ်တဲ့ ဖြိုးပုံစံကိုကြည့်ပြီး သူ တဟားဟား အော်ရယ်မိတယ်။

ညနေခင်းတစ်ခုမှာ ဖြိုးကို သူ အမှတ်မထင် တွေ့လိုက်ရတယ်။ ဆိုင်ကယ်မောင်းနေသူရဲ့ ခါးကို ဖြိုးက ခပ်တင်းတင်း ဆွဲဖက်ထားတယ်။ ကမ္ဘာပေါ်မှာ သူတို့နှစ်ဦးပဲ ရှိနေသလို ရယ်မောပျော်ရွှင်လို့။ ဖြိုးရဲ့ ဆံနွယ်တွေဟာ လေထဲမှာ လွင့်ဝဲနေကြတယ်။ သူ့ရှေ့က ဖြတ်မောင်းသွားတဲ့ ဆိုင်ကယ်တစ်စီးကို မျက်စိတစ်ဆုံးလိုက်ငေးရင်း သူ တစ်ခုခုကို အမှန်တကယ် ဆုံးရှုံးလိုက်ရပြီဆိုတာ ခံစားနားလည်မိတယ်။

အဲဒီနေ့ညနေမှာ သူ့ကိုမြင်တော့ ဖြိုးမျက်နှာက ဆောက်တည်ရာမရအောင် ပျက်ယွင်းသွားခဲ့တယ်။ ပိုပြီးဝမ်းနည်းဖို့ကောင်းတာက ဒီတစ်ကြိမ်မှာ ဖြိုးဟာ သူ့ဇွပ်စွဲချက်တွေကို ငြင်းဆိုဖို့ နည်းနည်းမှ မကြိုးစားခဲ့ဘူး။ မျက်ရည်တွေနဲ့ ဖြိုးဟာ "ကို့ကိုလည်း ဖြိုးချစ်တယ်" ဆိုတဲ့ နားမလည်နိုင်စရာ စကားတစ်ခွန်းကို ဆိုခဲ့ပြန်သေးတယ်။

အဲဒီနေ့ညနေမှာ သူတို့နှစ်ဦးကြားက နှစ်ရှည်လများ တည်ဆောက်ထားခဲ့တဲ့ ပတ်သက်ဆက်နွယ်မှုတစ်ခုဟာ ပြတ်တောက်သွားခဲ့ရတယ်။ လမ်းခွဲကြဖို့ သူကိုယ်တိုင်ပဲ ဖြိုးကို တောင်းဆိုလိုက်တယ်။ ထင်မှတ်မထားတဲ့ ဟန်နဲ့ ဖြိုးရဲ့မျက်နှာပေါ်မှာ မျက်ရည်တွေ စီးကျလာတယ်။ သူ ဖြိုးရဲ့ မျက်ရည်တွေကို ဒီတစ်ကြိမ်မှာ ဥပေက္ခာပြုနိုင်ခဲ့တယ်။ ဖြိုးရဲ့ မျက်ရည်တွေကို သူ မယုံကြည်တော့ဘူးဆိုတာ သေချာသွားခဲ့ပြီပဲ။ ❑

၆။

"ဖွီ…လခွမ်းလိုပဲ"

သူ မောင်ညိုကို ပျစ်ပျစ်နှစ်နှစ် ဆဲရေးပစ်လိုက်တယ်။ ပုပ်အဲ့အဲ့အနံ့ဆိုးကြီးက အဆုတ်တွေထဲကို အလုအယက် တိုးဝင်လာတာကြောင့် သူ ပျို့ချင်အန်ချင်သလို ဖြစ်သွားတယ်။ အစာအိမ်ကို ကြိုးနဲ့ ချည်ပြီးမှ ဖြတ်ပါဆိုတာကို သေသေချာချာ ပြောထားလျက်နဲ့ ဒီကောင်ဓားနဲ့ နမော်နမဲ့ ထိုးခွဲပစ်လိုက်တယ်။ စောင့်ကြည့်နေတဲ့ ဆရာက တလွဲလုပ်တဲ့ မောင်ညိုကို ကြည့်ပြီး ရယ်နေသေးတယ်။

ဆရာ ကြိုတင်တွက်ဆထားတဲ့အတိုင်းပဲ။ အမျိုးသမီးဟာ ဦးခေါင်းမှာ ရရှိတဲ့ ဦးနှောက်ထဲမှာ သွေးထွက်လွန်ပြီး သေသွားခဲ့တာ။ ခွဲစိတ်တဲ့ကိစ္စ ပြီးဆုံးသွားပြီမို့ ဆရာက လက်အိတ်ချွတ်ပြီး ထွက်သွားပြီ။ သူနဲ့ မောင်ညိုက ခွဲစိတ်ထားတဲ့ နေရာတွေကို ပြန်ချုပ်ပေးရဦးမှာ။

ခုတင်ပေါ်က အမျိုးသမီးရဲ့ မျက်လုံးတွေက တစ်ဝက်တစ်ပျက် ပွင့်နေကြတုန်းပဲ ရှိသေးတယ်။ ပွင့်နေတဲ့ မျက်လုံးအစုံနဲ့ ခပ်ဟဟ နှုတ်ခမ်းတွေက တစ်ခုခုကို ပြောပြချင်နေပုံပဲလို့ သူ တွေးလိုက်မိသေးတယ်။ ဒါပေမဲ့ ဒီမိန်းကလေးဟာ ဘယ်သူ့ကိုမှ၊ ဘယ်အကြောင်းအရာကိုမှ ပြောပြခွင့်ရတော့မှာ မဟုတ်ပါဘူး။ သူ့နားထဲမှာတော့ မိန်းကလေးရဲ့ အဒေါ်ဖြစ်သူ မျက်ရည်စက်လက်နဲ့ ပြောလိုက်တဲ့ စကားကိုပဲ ထပ်တလဲလဲ ကြားယောင်နေမိတယ်။

"တစ်အိမ်လုံးကို သူပဲ လုပ်ကျွေးနေတာပါကွယ်။ လူငယ်ဆိုတော့လည်း အခက်သားလား။ ဒီတစ်ညလေးပဲ အပြင်ထွက်လည်ဖို့ တောင်းဆိုခဲ့တာ။ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံမယ်မှန်းသိရင် အဒေါ်ကြီး မရ၊ ရအောင် တားမိမှာပါကွယ်" ❑

၇။

ဆိတ်ငြိမ်ဆဲ ညရဲ့ ကောင်းကင်မှာ ကြယ်ပွင့်ကလေးတွေ မှိတ်တုတ်မှိတ်တုတ်လင်းလက်နေကြတယ်။ အဲဒီညနေမှာ မသောက်တာ ကြာပြီဖြစ်တဲ့ အရက်ကို ပြန်သောက်မိတယ်။ ပြန်နေကျ လမ်းကျဉ်းကလေးပေါ်မှာ လရောင်ဟာ ဝိုးတဝါးဖြာကျနေတယ်။ "ဖြိုးကလေ၊ ဖြိုးကလေ"လို့ ပြောတတ်တဲ့ နှုတ်ခမ်းထူထူလေးတွေကို သတိရလိုက်မိတော့ အမှောင်ရိပ်ထဲမှာ သူ တစ်ကိုယ်တည်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိတော့တယ်။ ■

**ရဲရင့်လှိုင်၊ဆေး-မန်း၊**


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

# မြစ်ဖျားနှင့် မြစ်ဝဒေလ်တာ

## နေသန့်

ထာဝရဘုရားက
ကြည့်ရှုလော့။
လူတစ်မျိုးတည်း၊
စကားတစ်မျိုးတည်းရှိသည်ဖြစ်၍၊
သူတို့သည် ဤအမှုကို အဦးပြုကြ၏။
ယခုကြံစည်သမျှတို့ကို
အဆီးအတားမရှိ သူတို့ပြုကြလိမ့်မည်။
လာကြ၊ ဆင်းသက်ကြကုန်အံ့။
သူတို့သည်အချင်းချင်း နားမလည်စေခြင်းငှာ၊
သူတို့စကားကို ရှုပ်ထွေးကြကုန်အံ့ဟု
မိန့်တော်မူ၏။
**(ကမ္ဘာဦးကျမ်း ၁၁း ၆-၇)**
သူ ဘာသာစကားက ပေးအပ်သော



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပြစ်ဒဏ်ကို စတင်ကျခံရချိန်တွင် သူ့အမေ သူ့အနားတွင် ရှိနေခဲ့ပါသည်။

သူ သူ့အမေကို “အမေ၊ ကိုးဆောင်ကျောင်းက ဘုန်းကြီး သေပြီတဲ့” ဟု လှမ်းပြောခဲ့သည်။ “ဟဲ့… ပျံလွန်တော်မူတယ်လို့ သုံးရတယ်ကွဲ့” ဟု သူ့အမေက ဟန့်ခဲ့သည်။ ထို့နောက် ဘာသာစကားက သူ့ကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။

သေဆုံး၊ ကွယ်လွန်၊ နတ်ရွာစံ၊ နတ်သက်ကြွေ၊ ဘဝနတ်ထံပျံလွန်တော်မူ၊ နတ်ထီးစံ၊ ပရိနိဗ္ဗာန်စံ၊ ခရစ်တော်၌ အိပ်ပျော်၊ အလ္လာအရှင်မြတ်၏ အမိန့်တော်ခံယူ၊ မာလကီးယား၊ ဂန့်၊ ကြွ၊ အိပ်စ်၊ လျှော၊ အနိစ္စရောက် စသဖြင့် လူနတ်ပုဂ္ဂိုလ်ဘုရား အခြေအနေတို့ကို မူတည်၍ သေဆုံးခြင်းကို ဖော်ညွှန်းသည့် ဝေါဟာရများစွာရှိသည့်အနက် သူ “ဘုန်းကြီး” နှင့် “သေ” ကို တွဲသုံးခဲ့(မိ)သည်။ သည်းထိတ်ရင်ဖိ သရဲကားများတွင် တမလွန်လောကနှင့် သက်ရှိလောကကြား စည်းကို ချိုးဖောက်ခဲ့သူများ သေခြင်းတရားနှင့် ကြုံတွေ့ရသလိုပင်ဖြစ်မည်။ ဘာသာစကားက သူ့ကိုစည်းဖောက်မှုနှင့် ပြစ်ဒဏ်ပေးခဲ့သည်။

“အမေ၊ ကျွန်မ GYM သွားမလို့”

အမေက သူ့ကို မယုံနိုင်သော မျက်လုံးများနှင့် ကြည့်သည်။ ဘာလို့လဲဆိုသော အဓိပ္ပာယ်နှင့် သူ ပခုံးပင့်ပြသည်။ ထို့နောက် သူ သတိထားမိသွားပြီး ပါးစပ်ကို လက်နှစ်ဖက်နှင့် ပိတ်သည်။

]&Sfu Ref u kd
r, kdl{v m}
o ygpyb l
r, Ekdf
jzpb Ggo n f
o Ygpb lv n f
o Ym;o l
r, EkdJzpb Gq ef
&S n f
b no npu m;\
jypf P b n f
B ]av ;v Gev SypG
yx remfpm;
v Gcsm{kd i f u
' kw d emfpm;x d
u lpu b Geav MD
r Mm Do l
emf?B d m
em0edo o e
B d m0edo o e
ypö fr sn;ygw v G
x Gv naw mhn f

သူ အိမ်မှ ကမူးရှူးထိုး ထွက်ချလာခဲ့သည်။ (လျှာခလုတ်တိုက်သွားတာနေမှာပါ။)

သူ ယောကျ်ားတစ်ယောက်ဖြစ်ပါသည်။

အလေးမ အားကစားရုံ ရောက်ရောက်ချင်း သူ အဝတ်လဲခန်းထဲ ဝင်သည်။ အဝတ်လဲခန်းမှ ချောင်းကြည့်တော့ သင်တန်းဆရာရယ်၊ အမျိုးသားတစ်ယောက်ရယ်၊ အမျိုးသမီးနှစ်ယောက်ရယ်ပဲ ရောက်သေးသည်။ သူ ပုဆိုးကို ခါးတွင် ပတ်ရင်း ဂျင်းဘောင်းဘီကို ချွတ်သည်။ အားကစားဘောင်းဘီတိုကို ဝတ်သည်။ သူ့ခြေသလုံးမွေး ရှည်ရှည်များ ပေါ်လာသည်။ (ငါ ယောကျ်ားပါကွ။)

သူ အဝတ်အစားများကို လော့ကာထဲထည့်ပြီး အားကစားခန်းမထဲ ဝင်လာသည်။ အင်္ဂလိပ်သီချင်းသံ မြူးမြူးကြွကြွက သူ့နားထဲ ထိုးစိုက်ဝင်လာသည်။ သူ မြူးလာသည်။ သူ လမ်းလျှောက်စက်ပေါ်တက်ပြီး အမြန်နှုန်းကို ချိန်သည်။ သင်တန်းဆရာက သူ့ကို လှမ်းပြုံးပြသည်။ သင်တန်းဆရာ သူ့နား ရောက်မလာပါစေနှင့် ဆုတောင်းသည်။ ထို့နောက် သူ့အာရုံကို ခြေသလုံးသားများဆီ ပို့သည်။

ဆယ့်ငါးမိနစ်ခန့် ပြေးပြီးနောက် သူ ပျင်းသွားသည်။ သူ မမောဘဲ ရေဘူးကိုဖွင့်ပြီး မော့သောက်သည်။ ချွေးများ စို့လာသည်။ ဒီနေ့ ဗိုက်ရိုက်ရမည့်နေ့လား၊ အောက်ပိုင်းဆော့ရမည့်နေ့လား သူ မမှတ်မိတော့။ သို့နှင့် သူ တွေ့ကရာ အလေးခဲကို ကောက်ပြီး မ,နေလိုက်သည်။

“ညီလေး၊ အဆင်ပြေလား”

သောက်ကျိုးနည်း။ သင်တန်းဆရာ သူ့နားရောက်လာသည်။ သူ နှုတ်ခမ်းဟ၍ မဖြစ်။ ထို့ကြောင့် သူ ခေါင်းညိတ်ပြလိုက်သည်။

သို့သော် သင်တန်းဆရာ အနားမှ ခွာမသွားသေးပေ။ ယခင်နေ့များက သင်တန်းဆရာနှင့် စကားဖောင်ဖောင်ပြောခဲ့မိသော သူ့ကိုယ်သူသာ အပြစ်တင်ရပေတော့မည်။

“ဒီနေ့ ဘာကစားမှာလဲ”

“ကျွန်မ မမှတ်မိလို့”

ကျယ်လောင်သော သီချင်းသံကြောင့်လားမသိ၊ သင်တန်းဆရာ၏ မျက်နှာပေါ်တွင် အံ့ဩရိပ် မတွေ့ရပေ။ သို့သော် သူ တော်တော်စိတ်ညစ်သွားသည်။ “ကျွန်တော်” ဟု ထွက်လာအောင် စိတ်ထဲ အတန်တန်ကြိုးစားခဲ့သော်လည်း အထမမြောက်ခဲ့ပေ။

သူ “မိန်းမ” အသွင်ပြောင်းသွားသည် မဟုတ်တာ သေချာသည်။ သူ ကိုယ်လုံးပေါ်မှန်ရှေ့ သွားရပ်သည်။ သူ့လက်မောင်းကြွက်သားများကို ညှစ်ကြည့်သည်။ အင်္ကျီကို အပေါ်လှန်ကြည့်သည်။ ဝမ်းဗိုက်ကြွက်သား အဖုအထစ်များ။ သူ ကျားကျားလျားလျားရှိလွန်းသော ယောကျ်ားတစ်ယောက်ဖြစ်သည်။ သူ့မျက်နှာတွင်လည်း မိန်းမဆန်မှု စိုးစဉ်းမျှမရှိ။ မေးရိုးကားကား၊ နှာခေါင်းကြီးကြီး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရေးတေးတေး၊ ပါးမြိုင်းမွေးတချို့၊ တိုနံ့နံ့ဆံပင်၊ ညိုမှောင်သော အသားအရေ။ သူ့ယောကျ်ားတစ်ယောက်ဆိုတာ သိပ်ကို သေချာပါသည်။(“ကျွန်မ” ဟု ကိုယ့်ကိုယ်ကို သုံးနှုန်းသော ယောကျ်ားတစ်ယောက်။) သူ ရယ်မောပစ်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်ပေ။

မည်သို့ပင်ဖြစ်စေ၊ ဘာသာစကား၏ ပြစ်ဒဏ်က သူ့ကို လိင်အင်္ဂါတော့ ပြောင်းပစ်နိုင်မည်မဟုတ်ပါ။ သူ့ပေါင်ကြားတွင် အလုံးအထည်တစ်ခုကို ခံစားသိနေသေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ (နေပါဦး၊ သူ့တင်ပါးတွေ ကြီးလာသလား။) သူ မှန်ကို ကျောပေးပြီး လည်ပြန်ပြန်ကြည့်သည်။

ထိုစဉ် သူ့တင်ပါးပေါ် လက်တစ်စုံရောက်လာသည်။ သူ့အသားများ ကျဉ်စပ်သွားသည်။

“ငါ့ကောင်၊ ဘာတွေ စဉ်းစားခန်းဝင်နေတာလဲ”

သူ့ သူငယ်ချင်း မင်းဇော်။

“ဒီလိုပါပဲကွာ”

သူ ရုတ်ခြည်းထွက်လာသော ဒေါသကိုမျိုချပြီး ပြန်ဖြေသည်။ သူ နာမ်စားမသုံးရမည့်ဝါကျများ သုံးဖို့ ဆုံးဖြတ်လိုက်သည်။

“မင်း ဒီည အာကြီးပွဲ ကြည့်မှာလား”

သူ စနေ၊ တနင်္ဂနွေ ညများတွင် လက်ဖက်ရည်ဆိုင်၌ သူငယ်ချင်းများစုပြီး ဘောပွဲ ကြည့်တတ်သည်။ သူငယ်ချင်း လေး၊ငါး၊ ခြောက်ယောက်လောက်နှင့် နာမ်စားရှောင်ဝါကျများ အဆင်ပြေမည် မဟုတ်ပေ။ သူ မင်းဇော်ကို ခေါင်းခါပြသည်။ မင်းဇော်က သူ့ပခုံးကို ပုတ်သည်။

“အေး… ကျွန်… ကျွန်…ဒီည မအားလို့ မကြည့်နိုင်တော့ဘူးကွာ”

*“ကျွန်မသာ ယောကျ်ားလေးတစ်ယောက်ဖြစ်ခဲ့ရင်…”*

ကျယ်ကျယ်လောင်လောင် ဟစ်အော်လိုက်သော ဘီယွန်စေး၏အသံကို သူ မုန်းသည်။ *“ကျွန်မသာယောကျ်ားလေးတစ်ယောက်ဖြစ်ခဲ့ရင်… ယောကျ်ားကောင်းတစ်ယောက်ဖြစ်စေရမယ်၊ ကျိန်ပြောရဲ*တယ်” သီချင်းက သူ့ကို လှောင်ပြောင်နေသလိုပင်။ ဘာသာစကား၏ပြစ်ဒဏ်မှာ ဆေးသေးသေးမဟုတ်ကြောင်း သူ တဖြည်းဖြည်းရိပ်မိလာသည်။

“ကိုးဆောင်ကျောင်းက ဘုန်းကြီး ပျံလွန်တော်မူသွားပြီတဲ့ အမေရေ”

“ကိုးဆောင်ကျောင်းကဘုန်းကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီတဲ့ အမေရေ”

သူ စိတ်ထဲ ဆယ်ကြိမ်မက ရေရွတ်သည်။ သူ “ဘုန်းကြီး” နှင့် “ဘဝနတ်ထံ ပျံလွန်တော်မူ”တို့ကို တော်တည့်မှန်ကန်စွာ သုံးစွဲခဲ့ပြီ။ သူ ဘာသာစကားကို အယူခံလွှာတင်သွင်းခြင်းပင်။

“ကျွန်မ စိတ်ညစ်လာပြီကွာ”။ သူ တစ်ကိုယ်ရေကြားလောက်ရုံ ရေရွတ်လိုက်သော်လည်း ထို “ကျွန်မ”ကို သူ ကောင်းကောင်းကြားလိုက်သည်။ နာမ်စားတစ်ခုမည်မျှအရေးပါမှန်း သူ သိနားလည်လာပြီ။ သို့သော် ကြိယာတစ်ခု မှားယွင်းသုံးစွဲခဲ့မှုကြောင့် သူ့ကို ဆန့်ကျင်ဘက်လိင်ဟု ထင်မှတ်စေသည့် နာမ်စားတစ်ခု သူ့နှုတ်ခမ်းမှ ထွက်ပေါ်စေခြင်းမှာ ဘာသာစကား၏ တရားမမျှတသော ပြစ်ဒဏ်တစ်ခုဖြစ်သည်။

သူ မင်းဇော် တရစပ်မေးသော မေးခွန်းများကို လျစ်လျူရှုပြီး အဝတ်လဲခန်းထဲ ပြေးဝင်ခဲ့သည်။ အဝတ်အစားအမြန်လဲသည်။ ဆိုင်ကယ်ပေါ် အမြန်ပြေးတက်သည်။ နှုတ်ခမ်းမှလည်း “ကိုးဆောင်ကျောင်းက ဘုန်းကြီး ပျံလွန်တော်မူသွားပြီတဲ့ အမေရေ” ဆိုသော စကားကို တဖွဖွရွတ်သည်။

သူ အအေးဆိုင်ထဲ ဝင်သွားတော့ သူ့ချစ်သူ ရောက်နှင့်နေပြီဖြစ်သည်။ သူ ဆိုင်အတွင်းထဲ ဝေ့ကြည့်သည်။ စားပွဲဝိုင်းတစ်ခုကျော်က မိသားစုသုံးယောက်မှလွဲ၍ လူရှင်းသည်။ လေအေးပေးစက်ကို ဒစ်ကုန်ဖွင့်ထားသည်ဖြစ်မည်။ ဆိုင်ထဲတွင် အေးစက်နေသည်။ ချွေးစို့နေသောသူ အအေးမိမည်ကို စိုးရိမ်သွားသည်။

သူ ထိုင်ခုံကို ဆွဲယူပြီး ထိုင်သည်။ သူ့ချစ်သူက ပဟေဠိအကြည့်နှင့် နှုတ်ဆက်သည်။ စားပွဲထိုးကောင်မလေးတစ်ယောက် မီနူးစာရွက်လာချသည်။ ဆိုင်ထဲ သီချင်းသံမကြားရသည်မို့ သူ စိတ်ချမ်းသာရသေးသည်။

သူ မီနူးစာရွက်ကို အကြာကြီး စိုက်ကြည့်သည်။ “ဘုန်းကြီး ပျံလွန်တော်မူပြီ” ဟုလည်း စိတ်ထဲ တဖွဖွ ရွတ်နေသည်။ စားပွဲထိုးကောင်မလေး ချောင်းဟန့်တော့မှ သူ ထောပတ်သီးဖျော်ရည်တစ်ခွက် မှာလိုက်သည်။

ထို့နောက် သူ့ကိုစိုက်ကြည့်နေသော သူ့ချစ်သူ၏ မျက်လုံးများနှင့် တိုးတိုက်မိသည်။ သူ ခေါင်းကို ငိုက်စိုက်ချသည်။ သက်ပြင်းတစ်ချက် ခိုးချသည်။ “ပြဿနာဖြစ်နေတယ်ဆို။ ဘာဖြစ်တာလဲ”။ သူ့ချစ်သူ၏လေသံက အနည်းငယ်ဆောင့်အောင့်နေသည်ဟု သူ ထင်မိသည်။ သူ့မျှော်လင့်ချက်တချို့ ပြုတ်ကျသွားသည်။ သူ ခေါင်းကုတ်သည်။

သူ လွန်ခဲ့သော နာရီဝက်ခန့်က သူ့ချစ်သူ၏ဖုန်းဆီ မက်ဆေ့ချ်တစ်စောင်ပို့ခဲ့သည်။ သူ့အဖြစ်ကို ရင်ဖွင့်ပြောပြဖို့ အသင့်တော်ဆုံးလူဟု ယူဆ၍ဖြစ်သည်။ သူ့ထင်မြင်ချက်ကို သူ့ချစ်သူ တစ်ရှူးစက္ကူတစ်စလို စုတ်ဖြဲခဲ့ပြီလား သူ ဝမ်းနည်းပန်းနည်း တွေးမိသည်။

သူ့ချစ်သူနှင့်တွေ့လျှင် ပြောဖို့၊ ဆိုင်ကယ်ပေါ်မှာကတည်းက သူ စာစီလာခဲ့သည်။ သို့သော် သူ နဖူးတွေ့ဒူးတွေ့ တွေ့ရသောအခါ ဘာတစ်ခုမျှ ထွက်မလာတော့ပေ။

“ဘယ်က စ,ပြောရမှန်းကို မသိတော့ပါဘူးကွာ”။ သူ ခေါင်းတစ်ချက် ကုတ်ပြန်သည်။ “တစ်ခုခု ပြောလိုက်တိုင်း ကျွန်… ကျွန်မလို့ ထွက်နေတယ်။ မနက်ကတည်းကပဲ။ ကျွန်မတော့ သေချင်တာပဲ”

သူ့ချစ်သူ မျက်လုံးအပြူးသားဖြစ်သွားသည်။ သူ့မျက်နှာသေကြီးကို ကြည့်သည်။ ထို့နောက် ရယ်သည်။ ရယ်သံ အနည်းငယ်ကျယ်သွားသောကြောင့် တစ်ဝိုင်းကျော်က အဒေါ်ကြီး သူတို့ကို လှမ်းကြည့်သည်။

“ကိုရယ်… နောက်စရာရှားလို့ကွယ်”

ပြောပြောဆိုဆိုနှင့် သူ့လက်မောင်းကို ထုသည်။ သူလည်း အတူရယ်မောလိုက်ချင်သည်။

“ကျွန်မ အတည်ပြော



www.burmeseclassic.com

www.burmeseclassic.com

နေတာ ချစ်”

သူ့အသံ တိမ်ဝင်သွားသည်။ သူ့ချစ်သူ အရယ်ရပ်သွားသည်။ တစ်ဝိုင်းကျော်က ကလေးငိုသံ ထွက်လာသည်။ သူ ခေါင်းကို အောက်ငိုက်စိုက်ချပြန်သည်။

သူ့ချစ်သူက သူ့လက်မောင်းကို လာကိုင်သည်။ သူ့လက်မောင်းပေါ် ခေါင်းမှီသည်။ သက်ပြင်းတစ်ချက် မှုတ်ထုတ်သည်။

“ကို… ထိုင်းသွားပြီး ပြောင်းခဲ့တာလား”

သူ ရယ်ချင်သွားသည်။ သူ့ချစ်သူ ဟာသလုပ်နေသည်များလား သူ ထင်မိသည်။ သို့သော် သူ့ချစ်သူ၏ မျက်နှာပေါ်တွင် လေးနက်မှုကိုသာ တွေ့ရသည်။ သူ တစ်နေရာကို ခုတ်ခဲ့သော်လည်း တခြားတစ်နေရာကို ရှခဲ့လေပြီ။

သူ မတ်တတ်ထရပ်ပြီး အင်္ကျီကို အပေါ်ဆွဲလှန်သည်။ ဝမ်းဗိုက်ကြွက်သား အဖုအထစ်များ အမြောင်းလိုက်ပေါ် လာသည်။ “ဒီမှာကြည့်၊ မင်းတွေ့လား။ ကျွန်မ အခြောက်မဟုတ်ဘူး”။ သူ့ချစ်သူ ရယ်ချင်စိတ်ကို ထိန်းနေဟန်တူသည်။

အရပ် ငါးပေဆယ့်တစ်လက်မကျော်ကျော်၊ ဗလတောင့်တောင့် ယောကျ်ားတစ်ယောက်၏ နှုတ်ခမ်းမှ ထွက်လာသော “ကျွန်မ အခြောက်မဟုတ်ဘူး”ဆိုသည့် စကားသည် အော်ဟစ်ရယ်မောဖို့ကောင်းသော ပြက်လုံးတစ်ခုနှင့် တူနေခဲ့ပါလိမ့်မည်။

စားပွဲထိုး ကောင်မလေး ဖျော်ရည်လာချသောအခါ သူလည်း ထိုင်ခုံတွင် ပြန်ထိုင်သည်။ “ကျွန်မ မင်းကို ချစ်တာတော့ ယုံ၊ ဟုတ်ပြီလား”။ သူ မဆီမဆိုင် ပြောချလိုက်သည်။ သူ့ချစ်သူ ဘာမှ ပြန်မပြောပေ။

“ကျွန်မ အရင်GYMကနေ ဘာလို့ပြောင်းလာခဲ့သလဲ မင်းသိတာပဲ”

ယခင် သူသွားနေကျ GYMတွင် အဝတ်လဲခန်းထဲ၌ မိန်းမလျာတစ်ယောက်က သူ့ငယ်ပါကို ဆွဲပြီး တစ်ခုခုလုပ်ဖို့ ကြိုးစားသောကြောင့် ထွက်လာခဲ့ခြင်းဖြစ်သည်။ (ငယ်ပါလို့ သုံးလိုက်တာ မှန်တော့မှန်ရဲ့လား။ ဖွားဖက်တော်လား၊ ဒါမှမဟုတ်။) သူ အတွေးထဲတွင် အသောဖောက်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ပေ။ “လူတွေလည်း ဝိုင်းကြည့်နေကြပြီ။ တခြားတစ်နေရာရာ သွားရအောင်”။ သူ့ချစ်သူက ပြောရင်းဆိုရင်း ပိုက်ဆံရှင်းဖို့ လက်ထောင်ပြသည်။

“ရှင် ကျွန်မကို မယုံဘူးလား”

သူ့ပါးစပ်သူ မယုံနိုင်ဖြစ်သွားသည်။ သူ့ချစ်သူလည်း သူ့နားသူ မယုံနိုင်ဖြစ်သွားဟန်ရှိသည်။ ဘာသာစကား၏ ပြဿနာသည် ကြီးလေးလွန်းလှပေစွ။ ပထမနာမ်စား လွဲချော်ရုံတင်မက ဒုတိယနာမ်စားထိ ကူးစက်သွားလေပြီ။ မကြာမီ သူ နာမ်၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ပစ္စည်းများပါ တလွဲထွက်လာတော့မည်။ ထိုအခါ သူ့ဆိုလိုရင်းနှင့် သူ့နှုတ်ထွက်စကား တခြားစီဖြစ်တော့မည်။ ထို့နောက် သူ ရူးသွားပြီဟု အများက သတ်မှတ်ကြတော့မည်။

သူ့ချစ်သူ ဆိုင်ထဲက စူစူအောင့်အောင့် ထွက်သွားပြီ။ သူ အပြေးကလေးလိုက်သွားရမလား၊ နောက်ကျန်နေရစ်ခဲ့ရမလား ဝေခွဲမရတော့ပေ။ စားပွဲထိုးကောင်မလေးများ သူတို့အတင်းအုပ်နေလောက်ပြီ။

သို့သော် သူ့နှုတ်ခမ်းမှ စကားတစ်ခွန်း ပြောထွက်ဖြစ်အောင် ထွက်သွားသေးသည်။

“ကျွန်မ ဘဝတော့ ပျက်ပါပြီကွာ”

သူ တစ်နေကုန် မြို့ထဲ လျှောက်ပတ်မောင်းနေပြီး မိုးစုံးစုံးချုပ်မှ အိမ်ပြန်လာခဲ့သည်။ အိမ်တွင် သူ့အမေ၏ အရိပ်အယောင် မတွေ့ရပေ။ အိမ်အပေါ်ထပ်တွင် ဘုရားဝတ်ပြုနေခြင်းဖြစ်လောက်သည်။ “အမေရေ၊ ကိုးဆောင်ကျောင်းကဘုန်းကြီး ပျံလွန်တော်မူပြီတဲ့ဗျို့”။

သူ အကြိမ်ကြိမ် ရေရွတ်သော်လည်း ဘာသာစကား၏ပြဿနာမှာ ပျက်ပြယ်မသွားပေ။ တစ်ခါတည်း မှားရုံနှင့် တစ်သက်တာ ပြဿနာကျခံရမည်လား။ ဝမ်းဗိုက်ကို ထိုးစိုက်ထားသော ဓားချွန်ကို ဆွဲနုတ်ရုံနှင့် သေသူ ပြန်မရှင်နိုင်သကဲ့သို့၊ မုဒိမ်းကောင်၏ လိင်အင်္ဂါကို အပြင်ထုတ်လိုက်ရုံနှင့် မုဒိမ်းသားကောင်၏ စိတ်ဒဏ်ရာ ပြန်မကျက်နိုင်သကဲ့သို့ ကျွံပြီးသားစကား ပြန်နုတ်မရဟု ဘာသာစကားက ဆိုလိမ့်မည်။ သို့သော် လူသတ်မှု၊ မုဒိမ်းမှုများပင် ပြဿနာ နှစ်အကန့်အသတ်ရှိသကဲ့သို့ သူလည်း တစ်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်ရသင့်သည် မဟုတ်လား။

ထိုစဉ် ကြေးစည်သံ ကြားရသည်။ ထို့နောက် လှေကားထက်က အမေ၏ ခြေသံများ ကြားရသည်။ သူ ဧည့်ခန်းထိုင်ခုံပေါ်တွင် ငုတ်ရိုက်ထားသလို ထိုင်ရာမထ နေနေဆဲ။

“ခင်ဗျား ပြန်လာပြီလား”

သူ မော်ကြည့်သည်။ သူ့အထင်မမှားပါ။ သူ့အမေမှ သူ့အမေအစစ် ဖြစ်ပါသည်။ သူ ခေါင်းကိုခါယမ်းသည်။

“အမေ၊ မနောက်နဲ့ဗျာ”

သူ့ပါးစပ်က နာမ်စားများ တလွဲထွက်ရုံတင်မက သူ့နားကပါ နာမ်စားများ တလွဲကြားနေပြီလား။ သို့မဟုတ် သူ့အမေပါ နာမ်စားများ တလွဲထွက်နေပြီလား။

“ကျွန်မ တောင်းပန်ပါတယ် အမေရာ”

“ခင်ဗျား တောင်းပန်ရမှာ ကျုပ်ကို မဟုတ်ဘူး၊ ဘုရားကို”

အမေက သူ့ကို ချိုချို သာသာပြောသည်။

“မဟုတ်ဘူး အမေ။ ကျွန်မ ဘုရားကို မစော်ကားခဲ့ဘူး၊ မပြစ်မှားခဲ့ဘူး”

“ခင်ဗျားကို ဘုရားရိုက်တာ”

(အယ်…အမေတော့ ဘာသာစကားရဲ့ ပြဿနာ သင့်တော့မှာပဲ။ ဘုရားက ရိုက်စရာလား။ ရိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ လူတွေလုပ်တာ မဟုတ်လား။ ကိလေသာ ကင်းစင်သွားတဲ့ ဘုရား ဘယ်လိုလုပ် ဒေါသထွက်မလဲ။ ဒေါသမထွက်ရင် ရိုက်တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲ။)

ထို့နောက် သူ ဉာဏ်အလင်းပွင့်သွားသည်။ ဘာသာစကား၏ပြစ်ဒဏ်ဟု သူ တစ်လျှောက်လုံး ယူဆနေခဲ့သည်။ ဘာသာတရား၏ ပြစ်ဒဏ်ဖြစ်နေနိုင်သည်။ ဘာသာတရားအရ တစ်ဆင့်မြင့်သော ဘုန်းကြီးကို လူသားတို့တွင်သုံးသော 'သေ' ဟူသည့် ကြိယာနှင့် တွဲသုံးခဲ့မှုကြောင့် သူ့ကို ဘာသာတရားအရ တစ်ဆင့်နိမ့်သော မိန်းမ (သို့မဟုတ်) မိန်းမလျာ အသွင်တူအောင် ဒဏ်ပေးနေခြင်းလား။

သူ အမေ့ကို ဧည့်ခန်းထဲ ထားခဲ့ပြီး အပေါ်ထပ် တက်လာခဲ့သည်။ ဘုရားခန်းထဲ ချက်ချင်းဝင်သည်။ ဘုရားစင်ရှေ့ထိုင်သည်။ အမွှေးတိုင်အနံ့များ ဟောင်းဟောင်းထနေသည်။ မီးပူဖော်ထားသော လျှပ်စစ်မီးလုံးများ တလက်လက် လင်းနေသည်။ ဘုရားစင်နားတွင် ပုံထားသော တရားစာအုပ်အထပ်လိုက်ကို တွေ့သည်။

သူ လက်အုပ်ချီသည်။ သစ်သီးဆွမ်းကပ်ထားသော ပန်းသီးသုံးလုံးအပေါ်မှ ဘုရားဆင်းတုတော်ကို တစ်ဝက်တစ်ပျက် ဖူးမြော်သည်။ သူ မျက်လုံးမှိတ်ပြီး အာရုံပြုသည်။

မျက်လုံးပြန်ဖွင့်သော အခါ တည်ငြိမ်အေးဆေးသော ရုပ်ပွားတော်က သူ့မျက်လုံးထဲ ထိုးဝင်လာသည်။ သူ ဘုရားဆင်းတုတော်ကို မမြင်တော့ပေ။ ဘာသာစကား အဆောက်အအုံတစ်ခုဟုသာ မြင်တော့သည်။ မဟော်သဓာ၊ ဝေဿန္တရာ၊ အရှင်မောဂ္ဂလာန်၊ အာဠာဝက၊ ဒေဝဒတ် စသဖြင့် အားလုံးတို့သည် ဘာသာစကား၏ တည်ဆောက်မှုများသာဟု သူ မြင်လာသည်။ ဘာသာစကားနွံထဲ သူ နစ်နေပြီ။ ရုန်းထွက်မရတော့ပေ။

ဟင့်အင်း။ သူ လွတ်မြောက်မှုဖြစ်မည်။ မနက်ဖြန် သူ အလုပ်ရှိသည်။ သူသည် အစိုးရလုပ်ငန်းများ၊ အန်ဂျီအိုသင်တန်းများတွင် ဘာသာပြန်သူအဖြစ် အသက်မွေးသည်။ ကျား၊ မ ခွဲခြားမသုံးသော အင်္ဂလိပ်ဘာသာစကားအတွက် အဆင်ပြေသော်လည်း မြန်မာဘာသာပြန်ဆိုလျှင် 'ကျွန်မ'သည် လူရယ်စရာဖြစ်လိမ့်မည်။ ဘာသာစကားက သူ့အရှက်ကို သို့မဟုတ် သူ့ထမင်းအိုးကို သို့မဟုတ် နှစ်ခုလုံးကို ခွဲရန် ကြံရွယ်ခြင်းဖြစ်မည်။ သူ စိတ်လွတ်ကိုယ်လွတ်နှင့် ဦးချသည်။ တစ်ကြိမ်… နှစ်ကြိမ်…သုံးကြိမ်… လေးကြိမ်…ငါးကြိမ်… ခြောက်ကြိမ်…ခုနစ်ကြိမ်… ရှစ်ကြိမ်…ကိုးကြိမ်…။

သူ့ရှေ့တွင် ပြိုးပြိုးပြက်ပြက်အရောင်များ လက်လာသည်။

'ချစ်သား၊ ဘာသာစကားဟာ BLACK HOLE တွေလိုပဲ။ သူ့မှာ မင်းတို့လူသားတွေ မသိသေးတဲ့ အမှောင်ဘက်ခြမ်းတွေ ရှိတယ်'

အသံရှင်ကို သူ မမြင်ရပေ။ ဂေါတမမြတ်စွာဘုရားလည်းဖြစ်နိုင်သည်။ စတီဖင်ဟော့ကင်းလည်း ဖြစ်နိုင်သည်။ ယုတ်စွအဆုံး ခြောက်တန်းတုန်းက သိပ္ပံဆရာဦးထွန်းမောင်လည်း ဖြစ်နိုင်သည်။

သူ့ခေါင်း ချာချာလည်နေသည်။ သူ သတိလစ်မေ့မြောတော့မည်ထင်သည်။ ပြန်နိုးလာလျှင် အရာရာပြောင်းလဲသွားလိမ့်မည်ဟု သူ မျှော်လင့်နေသည်။ ထို့နောက် သူကြည့်ဖူးသော ရုပ်ရှင်တစ်ခု သူ့ခေါင်းထဲ ရောက်လာသည်။

သတိလစ်မေ့မြောပြီး ပြန်နိုးထအလာတွင် မိန်းမတစ်ယောက်အသွင် ပြောင်းလဲခံလိုက်ရသော ယောကျ်ားတစ်ယောက်အကြောင်းဖြစ်သည်။ ထိုယောကျ်ား အဓမ္မပြုကျင့်ခဲ့သော မိန်းကလေး၏ ဖခင်က လက်စားပြန်ချေခဲ့သည့် ရုပ်ရှင်ဖြစ်သည်။ ရုပ်ရှင်အမည်မှာ **"THE SKIN I LIVE IN"** ဟူ၍ ဖြစ်သည်။ '**ကျွန်ုပ်နေထိုင်ရာ အရေပြားတစ်ထောက်စာ**' ဟု အနီးစပ်ဆုံး ဘာသာပြန်ရမည် ထင်သည်။

ဘယ်သူပြောနိုင်မလဲ၊ သူလည်း ရုပ်ရှင်တစ်ခုထဲ ရောက်နေတာ ဖြစ်နိုင်တာပဲ။ သူ့ရုပ်ရှင်အမည်မှာ **"THE VOCAL CORD I SPEAK WITH"** ဟူ၍ ဖြစ်ကောင်း ဖြစ်နိုင်သည်။

ဟာသလုပ်လိုက်သော်လည်း သူ မရယ်နိုင်ပေ။ သူ ရယ်မရဖြစ်နေသည်။ သူ အာခေါင်ကိုခြစ်ပြီး အော်ရယ်ဖို့ ကြိုးစားသည်။ မျက်ရည်ပူများသာ ကျဆင်းလာသည်။

သူ မေ့မြောသွားတော့မည်ထင်သည်။

သူ တွန်းလှည်းပေါ် ကျောက်တုံးများကို တင်သည်။ သူတို့ ရဲတိုက်တစ်လုံး တည်ဆောက်နေကြခြင်းဖြစ်သည်။ ကောင်းကင်ဘုံသို့မီသော ရဲတိုက်တစ်လုံး။

ထို့နောက် သူတို့ကို ဘုရားသခင် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သူတို့ တစ်ယောက်၏ ဘာသာစကားကို တခြားတစ်ယောက် နားမလည်တော့ပေ။ ဘာသာစကားများ ကွဲပြားသွားသည်။ ထို့နောက် ဆူးလေလမ်းမပေါ်တွင် သူတို့ ဖြိုခွင်းခံခဲ့ရသည်။

**"JE VEUX MOURIR"**

"नहीं, तुम नहीं करते।"

"是的，我願意"

'ကိုးဆောင်ကျောင်းကဘုန်းကြီး ပျံလွန်တော်မူသွားပြီတဲ့ အမေ'

'ကိုးဆောင်ကျောင်းကဘုန်းကြီး ပျံလွန်တော်မူသွားပြီတဲ့ အမေ'

သူ ထပ်ကာထပ်ကာ ရေရွတ်ရင်း စိတ်ပေါ့ပါးလာသည်။ လွတ်မြောက်မှု။ နိဗ္ဗာန်။ ကောင်းကင်ဘုံ။ ထို့နောက် သူ ဖန်အိမ်ကန့်ထဲတွင် ထွက်ပေါက်မရှိဟု လက်ခံလိုက်သော အလှမွေးငါးတစ်ကောင်ကဲ့သို့ ငြိမ်ကျသွားလေတော့သည်။ ။


■

**နေသန်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နောက်လင်ပဲ
ကြားဖူးပါတယ်…။
နောက်အမေရယ်လို့
ရှိပါ့မလားရယ်လို့…။
မဟုတ်ဘူး။ ဖခင်
ဖြစ်သူက
နောက်အိမ်ထောင်
ထူထောင်လိုက်ရင်
နောက်အမေတစ်ယောက်
ဖြစ်လာတာပေါ့လို့
ဆင်ခြေပေးကောင်း
ပေးလိမ့်မယ်။ ဒါလည်း
လုံးလုံးလျားလျား
နောက်အမေ
မဟုတ်ပြန်ဘူး။
ဘာဖြစ်လို့လဲဆိုတော့
အမေဆိုတဲ့
ဂုဏ်ပုဒ်ကြီးက
နည်းနည်းနောနောမှ
မဟုတ်တာ။
ဝမ်းနဲ့လွယ်မွေးရတယ်
ဘာညာဆိုတာ…
မှတစ်ပါးအခြား
မရှိပြီဆိုတဲ့ဟာမျိုး။
ဘယ်လောက်ကောင်းကောင်း
ဘယ်သူလိုက်မီမှာလဲလို့။

ဘယ်သူမဆို အမေတစ်
ယောက်တည်းက ကိုယ်ပိုင်
မွေးထုတ်လိုက်ကြတာချည်း
ပါပဲ။ နောက်တော့ ကျောင်း
နေအရွယ်ရောက်တယ်။
ကျောင်းမှာ ဆရာ၊ ဆရာမ
တွေက ထိန်းကျောင်းပဲ့ပြင်
ဆုံးမပေးတယ်။ ဒါ ဆရာ
ဂိုဏ်းဝင်အဆင့်ပဲ ရှိပါလိမ့်
မယ်။ အမေအဆင့်တော့
တက်လှမ်းလို့ မဖြစ်သေး။
ဘယ်လောက်ကောင်းကောင်း
ပေါ့။ အဲဒီမှာ မူလတန်း၊
အလယ်တန်း၊ အထက်တန်း၊
ကျူရှင်ခန်းက ဆရာ၊ ဆရာမ၊
အိမ်မှာခေါ်သင်တဲ့ ဆရာ၊
ဆရာမ၊ ရပ်ကွက်ပတ်ဝန်း
ကျင်က ဝိုင်းဝန်းကြည့်ရှု
ဆုံးမ သွန်သင်ကြသူတွေ၊
သီတင်းကျွတ်ရောက်ရင်သာ
ကန်တော့ရင် ကန်တော့မယ်။
အမေနေရာနဲ့ ယှဉ်ပြီးတော့
ဘယ်သူ့ကိုမှ မထားနိုင်ပါ
ဘူး။ အဲ… အထက်တန်း
ပြီးမြောက် အောင်မြင်လို့
တက္ကသိုလ်ကျောင်းသားဖြစ်

'သေနာကောင်တွေ
အရည်ဝင်ပြီး
မူးမယ်ရမ်းမယ်တော့
မကြံနဲ့နော်
ကြိုက်တတ်လို့
လာသောက်ပြီးရင်
ပိုက်ဆံကုန်ရကျိုး
နပ်အောင်
ကိုယ့်အိမ်ပြန်
ဇိမ်ခံနေလိုက်
ငါ့ဆိုင်က
သောက်လာပြီး
ပြဿနာ
ဖြစ်တယ်လို့
အသံမကြားချင်ဘူး'



www.burmeseclassic.com

မှ နောက်အမေဆိုတာ ဒက်ထိကြီးပေါ်လာရတယ်လို့ ဘယ်လိုမှ ငြင်းလို့မရတဲ့ မေတ္တာတရားတွေ အုံနဲ့ကျင်းနဲ့…။

❑

လှည်းတန်းပတ်ဝန်းကျင်ဆိုတာ တက္ကသိုလ်ကျောင်းသားတွေရဲ့ ခြေရာချင်းထပ်ရာနယ်မြေ၊ ရပ်ကွက်အတွင်းပိုင်းက အိမ်တစ်အိမ်မှာ အခမ်းအနားတစ်ခု တိတ်တဆိတ်လုပ်ဖို့စီစဉ်ကြတယ်။ ကျောင်းသားကြီးတွေ ဦးဆောင်ပြီး ကိုယ်တွေလိုကျောင်းသားငယ်တွေက အခမ်းအနား ပြင်ဆင်ရေးပိုင်းမှာ ခုံသယ်၊ စာလုံးကပ် ဒီအဆင့်။ ကျောင်းသားခေါင်းဆောင် ကိုဖုန်းမော် နှစ်ပတ်လည်ပွဲ။ တကယ်လုပ်မယ့်ရက်ကျတော့ အခမ်းအနားပြင်ဆင်ရေးကနေ လုံခြုံရေးတာဝန် ပြောင်းသွားတယ်။ ဘာနားလည်မှာလဲ၊ လုပ်ရပြီးရော၊ ပါရပြီးရော။

အခမ်းအနားလုပ်မယ့်အိမ်နားတောင် မကပ်ရပါဘူး။ အတွင်းဘက် လမ်းဆုံတစ်ခုက လက်ဖက်ရည်ဆိုင်ထဲမှာ စမူဆာပျော့စိစိဝါးပြီး ဒန်ရေနွေးကရားထဲက လက်ဖက်ခြောက်ဖတ်တွေ နှိုက်စားနေတာပေါ့။ ကိုယ်တွေကိုထိန်းကျောင်းမယ့် ကျောင်းသားကြီးတစ်ယောက်လည်းပါတယ်။ သူက မျက်စိလျင်တယ်။ လက်ကုတ်ပြီးပြေး… ပြေးဆိုတော့ ပြေးရတာပေါ့။ လမ်းမတန်းထိပ်ဘက်ကနေ တီအီးအလဲဗင်းစစ်ကားကြီးတွေ ထိုးဆိုက်လာတယ်။ ကားပေါ်ကဘက်နက်တပ် သေနတ်ကိုင်

at ;...
i g kdfu kdw mh
r, kdu feY
ao Gw kdv mprfeY
rdwif EÐwkd
rau mifw pH m
v kpmw, f
q kdw mv n f
w p&yfu G f v kH
o dw, f
t m,v kH kd n f
t q i fajyat mif
ay;au R m,w d
Mum,u
jyó em
&Gm, fq &Ji faw mh
t o u f csfv XD
B kpi f
w u ó Gv kd f, f
b m Wf v J

ထားတဲ့ စစ်သားသုံးယောက် ကိုယ်တွေ ပြေးတဲ့ဆီ တည့်တည့် သုတ်သုတ်လျှောက်လာတာမြင်တော့…။

ပြေးမိပြေးရာ ပြေးတာပဲ။ ကျောင်းသားကြီး ဦးဆောင်ရာပြေးပေမဲ့ နောက်လှည့်ကြည့်လိုက်တော့ လိုက်လာတဲ့ စစ်သားကြီးတွေနဲ့ တဖြည်းဖြည်းနီးလာပြီ။ မတော် လှမ်းပစ်ထည့်လိုက်ရင် သေမှာ။ ဒါနဲ့ တွေ့ရာလမ်းသွယ်ထဲ ချိုးချလိုက်မိတယ်။ ကံဆိုးတာလား၊ ကံကောင်းတာလားရယ် မပြောတတ်ဘူး။ စစ်သားသုံးယောက်က ဟိုနှစ်ယောက်နောက် မဲပြီးလိုက်သွားတယ်။ ကံဆိုးတာက ခြေလှမ်းနှစ်ဆယ်စာလောက်ပဲ ပြေးရသေး၊ လမ်းက ဆုံးသွားပြီ။ တစ်ဖက်ပိတ် လမ်းတိုလေး။ တွေ့ရာ အိမ်ထဲ စွတ်ဝင်လိုက်တာ ကံကောင်းတယ်ပြောရမလားပဲ။ မျက်မှန်နဲ့ ဦးကြီးတစ်ယောက်က အခြေအနေကို ရိပ်စားမိပုံနဲ့ အိမ်နောက်ဖေးဆွဲခေါ်သွားတယ်။ တံခါးဖွင့်ပြီး အပြင်တွန်းလွှတ်လိုက်တော့ ပြီးပါလေရော။ တံခါးကို အတွင်းက ဂျက်(ချက်) ထိုးပိတ်သံကြားရတော့ ဘဝက ဆုံးပြီ။ အိမ်နောက်ဖေးမှာက အိမ်သာရယ်၊ တစ်ရပ်သာသာမြင့်တဲ့ အုတ်တံတိုင်းကြီးရယ် ဒါပဲရှိတယ်။ စိတ်ကူးဉာဏ်တစ်ချက် လက်ခနဲပွင့်ပြီး အိမ်သာ ခေါင်မိုးပေါ်ကုတ်ဖွဲ့တက်လိုက်တယ်။ ဝိုး… အုတ်တံတိုင်းရဲ့ ဟိုဘက်မှာ ကွင်းပြင်ကျယ်ကြီးပဲ။ အိမ်သာခေါင်မိုးက တစ်ဆင့် အုတ်တံတိုင်းပေါ်ကူးပြီး တစ်ဖက်ခြမ်းကို ခုန်ချလိုက်တော့တယ်။ မြက်ပင်ရိုင်းတွေပေါက်နေတဲ့ ကွင်းပြင်ကျယ်ကြီး။ ဟိုး တစ်ဖက်ခြမ်းကပ်ကပ်မှာတော့ ဝန်ထမ်းတန်းလျားလို အိမ်စုစုကလေး။ ဖြစ်ချင်ရာဖြစ် အဖြေတော့ရှိမှာပဲဆိုပြီး အုတ်တံတိုင်းဘေး ကပ်လျှောက်လာလိုက်တာ ထောင့်ချိုးအဆုံးမှာ ကားလမ်းမကျယ်ကြီး ဘွားခနဲ ပေါ်လာတော့တာပဲ။ လူတစ်ယောက်စာသာသာ သံတိုင်တွေနဲ့ လုပ်ထားတဲ့ တံခါးက စေ့ထားရုံရှိတာမို့ သူလိုကိုယ်လို ခပ်တည်တည်ထွက်လာခဲ့တယ်။ ကားအသွားအလာ ကျဲပါးတဲ့ လမ်းမကြီးက သူ ဘာမှမသိသလို စန့်စန့်ကြီး လဲလျောင်းလို့။ ကိုယ်လည်း ဘာမှမဖြစ်သလိုစိတ်မွေးရင်း ဖြစ်ခဲ့ရာဘက် ကျောခိုင်းလျှောက်လာခဲ့တယ်။

❑

ရွာက အမေသိရင် ဆွေ့ဆွေ့ခုန်နေမှာ။

အခုတော့ ခေါင်းပေါင်းကြီးပေါင်းပြီး သီးပင်စားပင်တွေကြား ရောက်နေမှာပေါ့။

လက်နက်ကိုင် တော်လှန်ရေးလုပ်မယ်ဆိုတဲ့ အကြောင်းကိုပါ။ သေနတ်ကြီးမြင်တာနဲ့ ကြောက်ပြီး ပြေးရတာလေ။ အဖမ်းခံရတဲ့ အစ်ကိုတွေ အများကြီးပါသွားတယ်။ ဒါကြောင့် ကိုယ်တွေမှာသာ လက်နက်ရှိနေရင် ဘာမှကြောက်စရာမလိုဘူးဆိုတဲ့အတွေး၊ ဒီလောကနဲ့ ဆက်စပ်ပေးတဲ့ အစ်ကိုတစ်ယောက်က ဦးဆောင်ပြီး နာရီရောင်း၊ ဆွဲကြိုးရောင်းပြီး မော်လမြိုင်ထိ ရောက်ခဲ့ကြတယ်။ ပြီးတော့ ဘားအံဘက် ကူးတယ်။ ဒေါနတောင်တန်းကြီးပေါ်ရောက်အောင် သွားနိုင်ရင် ကျောင်းသားတပ်မတော်နဲ့ တွေ့ရပြီဆိုပဲ။ လမ်းပြငှား ဘာငှားနဲ့ အန္တရာရောက်တော့ ပေါ်တာဆွဲတာနဲ့တိုးလို့ ခဏရှောင်နေရသေးတယ်။ ဂျိုင်းတံတားအစပ်မှာ စစ်တပ်နဲ့တိုးပြီး လမ်းပြတခြား၊ ကိုယ်တွေတခြား ပြေးလိုက်ရတာ။ ကိုယ်တွေ သွားဖူးလာဖူးရှိတဲ့ ရန်ကုန် မဟုတ်ဘူးလေ။ ကိုယ်တစ်ယောက်ပဲ နောက်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းပြန်ပြေးမိလျှက်သား ဖြစ်နေတယ်။ ဒါနဲ့ ဘားအံပြန်ရောက်သွားရော ပြောပါတော့။ ကိုယ့်အတွက်ကတော့ ကယ်တင်ရှင် အမြဲတမ်းကြုံရတယ်။ သဃ်န်းကျွန်းဘက်မှာ ကျောင်းဆရာ လာလုပ်ဖူးတဲ့ ခြေတစ်ဖက်မသန်တဲ့ ဦးလေးကြီး။

"ဟော့ကောင် ကျောင်းသားတပ်ဖွဲ့ဆိုတာလည်း ဟိုက ထားရာနေ၊ စေရာသွား၊ မင်းတို့ လုပ်ချင်တာတွေကို သူတို့က ကူလုပ်ပေးမယ် ထင်လို့လား။ သူတို့က သူတို့နယ်မြေအတွက်ပဲ ဦးတည်ချက်ထားတာ။ ဒီတော့ မင်း ဟိုကိုပြန်၊ မြေပေါ်က တရားဝင်လုပ်၊ ငါ စီစဉ်ပေးမယ်"

ပိုက်ဆံလည်း တစ်ပြားမှမရှိတော့ဘူး။ ဘယ်သွားလို့ ဘယ်ပြေးရမှန်းမသိတော့တဲ့အခြေအနေမှာ ဦးလေးကြီး စီစဉ်တဲ့အတိုင်း လိုက်နာရတော့တာပေါ့။ ဒါနဲ့ပဲ နောက်အမေဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ရတယ်။

❑

ကလေးတွေ၊ ခွေးတွေ ဗုံစီသလို ပေါများပြီး အသီးအပွင့် အကိုင်းအခက်တွေ ရှုပ်ယှက်ခတ်နေတဲ့ ပျံကျရပ်ကွက်တစ်ခုပါပဲ။ ဆိုက်ကားဆရာနဲ့ လက်လုပ်လက်စားတွေ သူ့တင်ကိုယ်တင် ငြိမ်းခဲ့ကြတယ်။ "စံပျော်ရာ" ဆိုတဲ့ ဆိုင်တော်မဟာကြီးမှာ မဒမတိုင်ထူပြီး ထရံကာ သွပ်မိုးရဲ့ အတွင်းပိုင်းမှာ ခြေထောက်လေးချောင်းနဲ့ ခပ်မြင့်မြင့် ရှည်မျောမျော စားပွဲခုံတွေ၊ သစ်သားနဲ့လုပ်ထားတဲ့ ညစ်တီးညစ်ပတ်ကုလားထိုင်တွေ၊ ကြွေရည်သုတ်သောက်ရေခွက်တွေ၊ ရောက်သီးစိတ်တွေ၊ ငှက်ပျောဖူးပုလင်းတွေနဲ့အတူ ဒရင်းဘက်လို့ အင်္ဂလိပ်နာမည်တပ် ဇိမ်ခံပစ္စည်းပေါ်မှာ သနပ်ခါးအဖွေးသားနဲ့ ပုံ့ပုံ့ကြီးလဲလျောင်းနေတာ။ ဟုတ်တာပေါ့၊ အဲဒါ ကိုယ်တွေရဲ့ နောက်အမေ ဒေါ်တင်ညွှန့်ကြီး။ ပျော်စံရာရဲ့ အရှင်သခင်ဖြစ်သလို ရပ်ကွက်ကလေးရဲ့ မီးခိုးတိတ်စရိတ်ငြိမ်းစေသူဆိုလည်း မမှားပါဘူး။

"သေနာကောင်တွေ အရည်ဝင်ပြီး မူးမယ်ရမ်းမယ်တော့ မကြံနဲ့နော်။ ကြိုက်တတ်လို့ လာသောက်ပြီးရင် ပိုက်ဆံကုန်ရကျိုးနပ်အောင် ကိုယ့်အိမ်ပြန်ဇိမ်ခံနေလိုက်၊ ငါ့ဆိုင်က သောက်လာပြီး ပြဿနာဖြစ်တယ်လို့ အသံမကြားချင်ဘူး"

အပြောကြမ်းတယ်၊ အပေးအကမ်းရက်ရောတယ်။ ပြဿနာကို ဖြေရှင်းနိုင်တယ်။ တစ်ရပ်ကွက်လုံးကို လွှမ်းမိုးထားနိုင်တယ်ဆိုတဲ့ အားက ရပ်ကွက်လူကြီး မလုပ်ချင်လို့ ပြောရမယ့်ပုံ။ စံပျော်ရာ ဆိုင်းဘုတ်ရဲ့နောက် ကျောကပ် နှစ်ထပ်အိမ်ကြီးပေါ်မှာ ကိုယ်တွေ စတည်းချရတယ်၊ နှုတ်ခမ်းနီပါးနီ ညီစိုစိုမိန်းမတွေနဲ့ ရောပြီး။ ဒီမိန်းမတွေက လမ်းမထွက်နေကြတာ များပါတယ်။ ညဘက်လည်း လူစုံတက်စုံ မရှိတာများတယ်။ ပြောမယ်ဆို အပေါ်ထပ် ခေါင်းရင်းခန်းမှာ ကိုယ်တစ်ယောက်တည်းရယ်။

"ဟိုဟာမတွေနော်၊ ငါ့သားအခန်းနားကို ယောင်လို့တောင်မကပ်ကြနဲ့။ ငါ့သားက ပညာတတ်တက္ကသိုလ်ကျောင်းသား၊ ညည်းတို့နဲ့ လားလားမှ မသက်ဆိုင်ဘူး။ ထင်ယောင်ထင်မှား တွေ့မိလို့ကတော့ ငါ့အဆိုးမဆိုနဲ့"

လုပ်စာကိုင်စာ တစ်ပြားသားမှကို မရှိဘဲ အလကားမတ်တင်းနဲ့ ထမင်းပွဲရှေ့ရောက် စားသောက်နေထိုင်ရတာ၊ သေချာတာကတော့ အမေ ဒေါ်တင်ညွှန့်မှာ သားထောက်သမီးခံ မရှိဘူး။ ယောကျ်ားရှိခဲ့ဖူးသလားဘာလားလည်း မသေချာ။ ပညာတတ် လူရည်မွန်သားကလေးတစ်ယောက်တော့ ဆာလောင်နေတာ သေချာတယ်။ မော်လမြိုင်က ခြေတစ်ဖက်နိမ့် ကျောင်းဆရာ ဦးလေးကြီးနဲ့တော့ တစ်နည်းတစ်ဖုံပတ်သက်နေတာ မြေကြီး လက်ခတ်မလွဲ။

❑

"ကျွန်တော် အလုပ်တစ်ခုလုပ်မလို့ အမေ"

"အမေ ငွေထုတ်ပေးရမှာလား၊ ဘယ်လောက်လဲ"

"မဟုတ်ဘူး အမေ၊ ငွေစိုက်ထုတ်ပေးမယ့် အဖွဲ့အစည်းတစ်ခု ရှိတယ်။ ကျွန်တော်တို့က ရန်ကုန်အထိုင်နဲ့ ဂျာနယ်တစ်စောင် ထုတ်ပေးရမယ်"

"အဲဒါတွေတော့ အမေလည်း နားမလည်ဘူး ငါ့သားရယ်၊ တစ်ခုရှိတာက ငါ့သားက လူသိခံလို့ဖြစ်တာ မဟုတ်ဘူးနော်၊ ဒီမှာတောင် မကောင်းတာတွေကြားထဲ ရောထားလို့ မျက်စိမှောက်နေတာ"

"ဟုတ်ကဲ့ပါ၊ အခုလုပ်မှာကလည်း အမေ့အိမ်မှာ လုပ်ချင်လို့။ ဟို လူအများကြီး ဝင်ထွက်သွားလာမှာ မဟုတ်ဘူး အမေ။ အမေ့ဆိုင်ကို လာသောက်တဲ့စားတဲ့လူထဲကပဲ မသိမသာ အိမ်ပေါ်တက်လာမှာ။ နေရာလည်း အကျယ်ကြီးမလိုဘူး။ နောက်ဖေးခန်းလောက်ဆိုလည်း ရတယ်။ လုပ်မှာက ကျွန်တော်တစ်ယောက်တည်း ဒိုင်ခံလုပ်မှာ"

"အမြတ်အစွန်း ငွေကြေးကြောင့် လုပ်မှာလား သားလေး၊ အဲဒါဆိုရင်တော့ မလိုဘူးနော်၊ သားလေးထက် အမေက ပိုပြီး ငွေရှာတတ်တယ်"

"အမြတ်အစွန်းကတော့ ရမှာမဟုတ်ဘူး အမေ၊ စိုက်ထုတ်ပြီး အကုန်အကျခံပေးမယ့် အဖွဲ့အစည်းရှိတယ်။ ပြည်သူတွေ သိသင့်တာတွေ သိသွားတယ်ဆိုရင်ပဲ လုပ်ရကျိုးနပ်တယ်ခေါ်ရမှာပါ။ အဲဒီလိုအလုပ်မျိုး"

လက်နက်ကိုင် တော်လှန်ရေးဆီ မရောက်ဘဲ ပြန်လာတဲ့သူရယ်၊ တပ်လန်ပြီး ပြေးလာတဲ့သူရယ်၊ လက်ရှိအခြေစိုက် လှုပ်ရှားနေတဲ့သူရယ် ပေါင်းပြီး အခြားအဖွဲ့အစည်းတစ်ခုရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ လုပ်ငန်းစတင်ကြတယ်။ ကွန်ပျူတာဆိုတာကို အဲဒီကျမှ ဒေါ်တင်ညွှန့် သေသေချာချာ မြင်ဖူးတော့တာ။ တယ်လီဖုန်းလို ဆက်သွယ်လို့ရတဲ့ စကားပြောတဲ့ဟာတွေလည်း တွေ့ရတယ်။ ပျော်စံရာအရက်ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com

နောက်က ဘုလုံးကြီးပါတဲ့ တီဗွီမျက်နှာပြင်ကျယ်ကြီး ထားပေမဲ့ ရပ်ကွက်ရေစီးကြောင်းအရ ဒီနေ့ထွက် ကားသစ်နဲ့ အင်္ဂလိပ်ကားတွေပဲ အရုပ်၊ အသံ ပြပေးတာ၊ ဒါနဲ့ ချိတ်ဆက်မှုမရှိတဲ့ စလောင်းဗန်းကြီးတစ်ခု ဒေါ်တင်ညွန့်ကြီးရဲ့အိမ် နောက်ဖေး ခေါင်မိုးစောင်းမှာ တိတ်တဆိတ် ပန်ဆင်ထားလေရဲ့၊ ဆေးအမည်းတွေသုတ်ပြီး။

ကိုယ်တွေ လုပ်ချင်ရာလုပ်ပြီး နောက်အမေဘက် ပြန်မကြည့်တာ မေတ္တာတရားကို စော်ကားတာ။ ထောက်လှမ်းရေးခေတ်မှာ ဘေးလွယ်အိတ်တွေ ခြေရှုပ်လာတယ်။

"ဟေ့ ငါ့ဆိုင်ထဲကို အရက်သမားစစ်စစ်တွေပဲ အဝင်ခံတယ်နော်။ ဒီရပ်ကွက်မှာ ငါဘာလုပ်စားတယ်ဆိုတာ အားလုံးသိ၊ ခိုးကြောင်ခိုးဝှက် ဘယ်တော့မှ မလုပ်ဘူး။ မကျေနပ်ရင် ငါ့ကို ဖမ်းသွား၊ သူခိုးကျင့်သူခိုးကြံတော့ မကြံနဲ့"

သတင်းတင်ဆက်မှုတွေ ပေါက်ရောက်တယ်။ ဂျာနယ်တစ်စောင်ကတော့ ပုဇွန်တောင်စက်ဆန်းဘက်ကနေ ပုံမှန်ထွက်နေတယ်။ အယ်ဒီတာအဖွဲ့ထဲမှာ ကိုယ်တွေမပါ၊ စာပေလောကမှာ လူသိထင်ရှားရှိတဲ့ အယ်ဒီတာတွေ၊ သူတို့လည်း စိတ်ရှိလို့သာ ကူညီကြတာပေါ့။ အပေးအယူကို စံပျော်ရာ အရက်ဆိုင်ထဲမှာပဲ လုပ်ကြတယ်။ တစ်ရက်တော့ အမေညွန့်ကိုယ်တိုင် အိမ်မှာရှိတဲ့ မိန်းမတစ်ယောက်နဲ့ ထည့်ပေးလိုက်တယ်။ ကိုယ်လည်း ဂဃနဏ မသိဘူး။ မြို့သစ်ဘက်က တည်းခိုခန်းတစ်ခုမှာ သွားအိပ်ချိန်၊ အိမ်ကို ဧည့်စာရင်းဝင်တယ်ဆိုပဲ။ ခြေရာလက်ရာတွေ တွေ့သွားရင်တော့ ပါပြီမှတ်တာ။ နောက်တစ်နေ့ မနက်မှာ အမေညွန့်က ပြန်ခေါ်တယ်။ သူ ပတ်ကြမ်းတိုက်ထုတ်လိုက်တာနဲ့ ကိုယ်တွေ စတည်းချတဲ့ အခန်းဆီ မရောက်လိုက်ဘူး ပြောတာပဲ။

❑

စိတ်ပြင်းပြရင် ဦးတည်ချက်ဆီ မတ်မတ်သွားတယ်။

ခေတ်အခြေအနေက သွေးထိုးရင် ပိုပြီးသွေးဆိုးလိမ့်မပေါ့။

ဧရာမခေါင်းစဉ်ကြီး တစ်ခု နိုင်ငံတကာ သတင်းဌာနကနေ လွှင့်တင်ဖော်ပြအပြီးမှာ အမေ ဒေါ်တင်ညွန့်အပိုင်ထဲကို အလုံးအရင်းနဲ့ ဝင်မွှေတော့တာပဲ။ ပျော်စံရာထဲရောက်နေမှန်း အမေ သိတာနဲ့ ရပ်ကွက်ထဲက ပင်တိုင်အသောက်သမားတွေကို ရန်ရှာတော့တာ။ အော်ဟယ်ဟစ်ဟယ်အသံထွက်နဲ့။ နောက်ဖေးအိမ်ကူးမယ့် အပေါက်ကို ပိတ်ပြီး "မသာတွေ၊ သေခြင်းဆိုးတွေ၊ ငါ အရက်ရောင်းနေတယ်ဆိုတာ နင်တို့ ငတ်ငတ်ပြတ်ပြတ်နဲ့ ယင်းမထအောင် လုပ်ပေးနေတာဟဲ့။ လိုင်စင်နဲ့ဘာနဲ့ တရားဝင်ရောင်းရအောင် နင့်အမေလင်တွေက မတန်တဆတောင်းတာ။ ငါလည်း မပေးနိုင်ဘူး။ ဒီလို ခိုးဝှက်ရောင်းနေမှန်း တစ်ရပ်ကွက်လုံး သိတယ်။ ငါလည်း ရပ်ရေးရွာရေးမှာ လက်နှေးတဲ့ သူမဟုတ်ဘူးနော်။ အေး… ငါ့ဆိုင်ကိုတော့ မယုံသင်္ကာနဲ့ သွေးတိုးလာမစမ်းနဲ့၊ မိတင်ညွန့်တို့ မကောင်းတဲ့ဟာ လုပ်စားတယ်ဆိုတာလည်း တစ်ရပ်ကွက်လုံး သိတယ်။ အားလုံးကိုလည်း အဆင်ပြေအောင် ပေးကျွေးထားတဲ့ကြားက ပြဿနာရှာမယ်ဆိုရင်တော့ အသက်ချင်းလဲပြီး ကြိုးစင်တက်သွားလိုက်မယ် ဘာမှတ်လဲ"

ကိုယ်တွေအတွက် ရှောင်ချိန်တိမ်းချိန်ရလိုက်တယ်။ အမေညွန့်ရဲ့ အော်ကြီးဟစ်ကျယ်အသံထွက်က အချက်ပေးခေါင်းလောင်းသံ။ အပေါ်ထပ် ပြတင်းပေါက်ကနေ ကျော်ချပြီး တစ်ဖက်ခြံထဲကနေ အသာလျှိုထွက်လိုက်တယ်။ ဖိနပ်မပါတော့ တွေ့ရာဆိုက်ကားပေါ်တက်၊ ရပ်ကွက်အတွင်းလမ်းတွေက ထွက်ခဲ့ပြီးနောက်…။ လက်စမရှင်းနိုင်ခဲ့တာ စာရွက်စာတမ်းတွေရယ်၊ ကွန်ပျူတာထဲက မှတ်တမ်းမှတ်ရာတွေရယ်၊ နိုင်ငံတကာ ချိတ်ဆက်ထားတဲ့ ဖုန်းရယ် သိမ်းဆည်းခံရပြီးတဲ့နောက်တော့ အမေညွန့်လည်း တရားခံ လက်ခံထားသူတစ်ယောက်အဖြစ်နဲ့ ထောင်ထဲရောက်ခဲ့ရတော့တယ်။

ဒါတွေကို ရွာက အမေဘာမှ မသိနားမလည်ပေမဲ့ ကိုယ်တွေရင်ဘတ်ထဲမှာတော့ အမေညွန့်က နောက်အမေတစ်ယောက်ပဲဆိုတဲ့ အသိနဲ့ ရုံးချိန်းမှာ ဖြစ်တဲ့နည်းနဲ့ သွားတွေ့မယ်လို့ ဆုံးဖြတ်ရင်း…။

■

**အဲလိုထူး**

**အယ်ဒီတာအဖွဲ့**
အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com




[illegible] ရုပ်စုံမဂ္ဂဇင်း ဒီဇင်ဘာ ၂၀၀၈

www.burmeseclassic.com

www.burmeseclassic.com



# မော်ကွန်းသစ္စာ

မင်းလပြည့်၊ ဟားခါး၊

မှိုင်းပြာပြာ တောင်စွယ်ပေါ်တွင် မြူနှင်းငွေ့များ ဝေနေသည်။ နံနက်ခင်းဖြစ်၍ နေလုံးနီနီက ထွက်ပေါ်ရန် အားယူဆဲ၊ စိမ်းစိုသော တောအုပ်ကြီးထဲက ညောင်ပင်ကြီးပေါ်မှာ ငှက်အော်မြည်သံများက သံစုံတီးနေသည့်အလား ထင်မှတ်ရသည်။ ငှက်မောင်နှံအချို့ အစာရှာဖို့ ပျံတက်သွားကြပြီ။ သူတို့ငှက်မောင်နှံက သစ်ကိုင်းထက်မှာ တူယှဉ်တွဲလျက်။ ညောင်ပင်များ၊ ကျီးအာသီးပင်များ ပေါများသည့် တောမြိုင်ကြီးတစ်ခု၊ နေပြောက်မထိုးသော သစ်တောအုပ်၏ အပေါ်တွင် အပြာရောင် မိုးသားကောင်းကင်ကြီး ရှိနေသည်။ ငှက်အော်သံများက ရုတ်တရက် ဆူညံစွာ ထွက်ပေါ်လာသည်။ ရန်သူ အန္တရာယ်ရှိကြောင်း အချက်ပြခြင်းဖြစ်သည်။ တူမီးသေနတ်၊ ဒူးလေး ကိုင်ဆောင်ထားသော လူနှစ်ယောက်ကို ငှက်တစ်ကောင်က တွေ့လိုက်သည်။ ငှက်တွေကို ပစ်လေ့မရှိပေမဲ့ တချို့က ပစ်ခတ်စားသောက်ကြသည်။ အချို့ ငှက်များက အမြင့်သို့ ပျံတက် ရှောင်ရှားကြပြီ။ မြေပြင်၌လည်း ယုန်၊ ချေငယ်၊ ဆတ်သတ္တဝါတို့ ပြေးလွှားကုန်သည်။

အထိတ်တလန့် ဖြစ်ကုန်ကြပြီ။ သူတို့ငှက်မောင်နှံလည်း သစ်ပင်အုပ်မှ ဖောက်ထွက်ပျံတက်ခဲ့သည်။ ဟိုအဝေးမှ ရွာကလေးတွေ၊ ခဝဲရွာ၊ ပြိုင်စိုရွာ၊ ကျွန်းချောင်းဝရွာ၊ လက်ပံ့ကိုင်းရွာ၊ ဆက်ချောင်းဝ၊ စိမ်းစိုပြန့်ပြူးသော လယ်ကွင်းပြင်တွေ၊ လေစီးကြောင်းတစ်ခုက ငှက်မောင်နှံ တို့ကို တိုက်ခတ်ပင့်တင်လိုက်သည်။ လေအဟုန်ကြောင့် အပေါ်သို့ အလိုက်သင့် မြောက်တက်သွားသည်။ လေထု၌အတူ ပျံတက်ခဲ့သော ငှက်ဖိုက ကြင်ဖော် ငှက်မလေး အနားမှမခွာ၊ အနီးကပ် ထိန်းကျောင်းပျံသန်းပေးနေသည်။ ငှက်မလေးမျက်နှာ ရဲနေပြီ။ ကောင်းကင်အောက်မှာတော့ လူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ၊ လယ်ထဲကလူတွေက အကုန်မြင်နေရသည်။ လေဟုန်စီးနေသော အခြားငှက်



www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း ကောင်းကင်မှာ လူတွေ ကစားနေတဲ့ စွန်ကလေးများသဖွယ် အနှံ့ခဲပျံနေသည်။ မိုးပြာရောင်ကောင်းကင်ကြီးနဲ့ နီးလာပြီ။ အရောက်ချင်ဆုံး မိုးကုပ်စက်ဝိုင်းကြီးက ဘယ်မှာစ ,လို့ ဘယ်မှာဆုံးခဲ့တာလဲမသိ။ ကြင်ဖော်ငှက်မလေး ကတော့ မောပန်းနေပြီ။ ဝေးဝေးမပျံနိုင်တော့။ မျိုးဆက်သစ်လေးတွေသားပေါက်ဖို့ ဥ ရဦးမည်။ ဥ ပြီးလျှင် ဝပ်၍ သား ပေါက်ရဦးမည်။ ငှက်မ ဝပ်ချိန်တွင် သူ၏ ခန္ဓာကိုယ်မှ အမွေးအတောင်များကို ကုန်အောင်နုတ်ပြီး ဥအား ဖုံးအုပ်ကာ ဝပ်ကြသည်။ သားပေါက်သောအခါ သားပေါက်များနှင့်အတူ အတောင်ပေါက်သည်အထိ နေသည်။ သားပေါက်များနှင့်အတူ အပျံသင်သည်။ ပျံတက်လေ့ရှိသည်။ ဥ ရမည့်အချိန်က နီးလာပြီ။ ဧပြီလမှစပြီး မေလအချိန်ထိဖြစ်သည်။ နေရှိန်က တဖြည်းဖြည်း မြင့်လာသည်။ ငှက်ဖိုမောင်နှံတို့က တစ်နာရီခန့် ပျံသန်းပြီးပြီမို့ နွမ်းလျနေသည်။ ငှက်မလေးကျွေးဖို့ အစာရှာရဦးမည်။ သစ်သီးသည် အဓိကအစာဖြစ်ပြီး ပုရွက်ပျံ၊ လင်းနို့၊ ပိုးကောင်၊ ဖွတ်၊ ပုတ်သင်ညို၊ ကြွက်၊ မြွေတို့က သူတို့အစာဖြစ်သည်။ တောအုပ်ထဲ ပြန်ရောက်တော့ ငှက်ဖိုက အစာကို တွေ့လိုက်သည်။ သစ်ပင်ပေါ်သို့ ရစ်ပတ်တက်လာသော မြွေတစ်ကောင်။ လုံးပတ်က ကျပ်ဆေ့အရွယ်လောက်၊ ထင်းချောင်း တစ်ချောင်းလောက် အရှည်။ ငှက်ဖိုကရုတ်တရက်ပျံပြီး မြွေခေါင်းကို ပေါက်၍ နှုတ်သီးဖြင့် သယ်ဆောင်လာသည်။ ဝိညာဉ်မဲ့နေသော မြွေက လေထဲမှာ အခြားငှက်တွေက တွေ့ပေမဲ့ ရန်မမူ။ ငှက်တို့၏ စည်းကမ်း၊ လုစား၍မရ။ အစာကိုယ်စီ ရှာစားရတာ ငှက်တို့၏ဘဝ၊ ငှက်ဖိုက ငှက်မလေးကို နှုတ်သီးဖြင့် ခွံ့ကျွေးသည်။ ငှက်ဖို၏ ဦးခေါင်း ခြေထောက်ကတိုသည်။ တောင်ပံရှည်သလို အမြီးကလည်း ရှည်သည်။ ပုံမကျသလို ထင်ရပေမဲ့ ငှက်မျိုးရိုး ဘိုးဘွားအမွေအနှစ်ပုံစံတစ်ခု။ ငှက်ဖိုက ပင်စည်ကြီးသော သစ်ပင်တစ်ပင်ကို လိုက်ရှာသည်။ ညောင်ပင်အနီး ကြီးမားသည့် ခမောင်းပင်တစ်ပင်၊ ငှက်မလေးအတွက် အသိုက်ဆောက်ရန် အသင့်တော်ဆုံး။ နှုတ်သီးဖြင့် ပင်စည်ကိုဖောက်၍ အသိုက်လုပ်ပေးရမည်။ မုတ်သုံမိုး မရောက်မီ အသိုက်ကို အပြီးဖောက်လုပ်ပေးရမည်။ ငှက်မလေးကို အလွန်ချစ်ရသည်။ တခြားငှက်တွေလည်း အလုပ်ရှုပ်နေကြသည်။ ငှက်မလေးတွေဥဖို့ ပင်စည်ဖောက်သံ တတောက်တောက် ကြားနေရသည်။ ဒါက ငှက်ဖိုတိုင်း၏ တာဝန်။

နေ့စဉ်ရက်ဆက် နှုတ်သီးဖြင့် ထိုးဖောက်လိုက်သည်။ ခန္ဓာကိုယ်ဝင်နိုင်သော အနေအထား အသိုက်ဝပ်ကျင်းရပြီ။ ငှက်မ ဥ လို့၊ ဝပ်လို့၊ သားပေါက်လို့ ရပြီ။ ငှက်မလေးကို ဝပ်ကျင်းထဲသို့ ပို့ဆောင်ပေးသည်။ အခြားငှက်များ မတွေ့စေရန် ရွှံ့ဖြင့် ပိတ်၍ အစာကျွေးရန် နှုတ်သီးပေါက်နေရာ ချန်ထားလိုက်သည်။ ငှက်မလေးအား နေ့စဉ် အစာရှာကျွေးရမည်။ ပုရွက်ပျံ၊ လင်းနို့၊ ပိုးကောင်၊ ဖွတ်၊ ပုတ်သင်ညို၊ ညောင်သီးနှင့် ကျီးအာသီးတို့က သူတို့၏အစာ။ ညောင်ပင်သစ်ကိုင်းခွမှာ အနီရောင် ပုတ်သင်ညိုကြီးတစ်ကောင် တွေ့ရသည်။ အစာရပြီ။ နှုတ်သီးဖြင့် ခေါင်းကိုပေါက်၍ ပုတ်သင်ညိုအသေကို နှုတ်သီးဖြင့် ကိုက်လာသည်။ ဥ ဥနေသော ငှက်မလေးကို အစာခွံ့ကျွေးသည်။ အဟိတ်တိရစ္ဆာန်ဖြစ်ပေမဲ့ တုနှိုင်းမရသော အချစ်ကို သူတို့ငှက်မျိုးသာ တွေ့နိုင်သည်။ သူတို့လို ငှက်မျိုး နေရာတိုင်းမရှိ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ နာဂတောင်တန်း၊ ပဲခူးရိုးမဒေသ ရှိသည်။ အချိန်က တားဆီးမရ၊ မြန်ဆန်လှသည်။ ဧပြီလသို့ ရောက်ခဲ့ပေပြီ။ ငှက်မတွေ ရင်သွေးလေး ပေါက်ဖွားဖို့အချိန် ၂ လကြာခန့် ဥ ရန် အသိုက်ထဲ၌ ရှိနေသည်။ ဥ ပြီးပါကလည်း ဇွန်လမှ စက်တင်ဘာလအထိ အကောင်ပေါက်ရန် ရင်ငွေ့လေး ဝပ်ရပေမည်။ သည်လိုအချိန်တွင် ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းရှိပြီး မုန်တိုင်းကျသည်။ သားဝပ်စဉ် ရေမထိရန်၊ လုံခြုံစေရန်၊ လေမုန်တိုင်းဒဏ် မခံရစေရန် ငှက်ဖို၌ တာဝန်ရှိသည်။ မုတ်သုံမိုး ရောက်ရှိလာ၍ မိုးက ရွာလာသည်။ လေမုန်တိုင်းကြောင့် သစ်တောအုပ်တစ်ခုလုံး ယိမ်းထိုးလှုပ်ရှားနေသည်။ အရွက်စိပ်သော ညောင်ပင်အောက်မှာ ငှက်ဖိုအတွက် ခန္ဓာကိုယ်လုံပေမဲ့ မိုးစက်များကြောင့် အမွေးများသို့ ထိတွေ့စိုစွတ်နေသည်။ ငှက်မလေးအတွက် ဝပ်ကျင်းလုံ၍ တော်သေးသည်။ မိုးတိတ်သွားတော့ မုန်တိုင်းကင်းစင်သော ကောင်းကင်က ကတ္တီပါကော်ဇောပြာ ခင်းထားသလို ပြန့်ပြူးနေသည်။ ၅ ရက်ကြာ လေမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် ညောင်သီးများက မြေပြင်မှာ ဖြန့်ကြဲထားသလို ကြွေကျနေသည်။ ငှက်များက အားပါးတရ စားသောက်ကြရသည်မှာ ပွဲတော်ကြီးတမျှ စည်ကားလှသည်။ သစ်ရွက်တွေ၊ သစ်ကိုင်းကျိုးတွေက မြေပြင်မှာ လဲလျောင်းအိပ်စက်နေဆဲ။

သစ်တောအုပ်အတွင်း အေးလာသည်။ မြောက်ပြန်လေ တိုက်စပြုပြီ။ ငှက်ဖို၏ အနက်ရောင်ခန္ဓာကိုယ်၊ ဖြူသောရင်အုပ်မှာ အမွေးတွေကြောင့် ဆောင်းရာသီ၌ နွေးစပြုစေသည်။ အသိုက်ထဲရှိ ငှက်မက ဥပြီးသည်နှင့် သားပေါက်ရန် ဝပ်လျက်ရှိသေးသည်။ ရင်သွေးငယ်ကို မြင်ရန် မဝေးတော့။ ငှက်ဖိုလေး အစာကျွေးတာကို ယောင်ယင်ငှက်ဖိုက မြင်သည်။ တောအုပ်ထဲက အမျိုးတူငှက် ၉ မျိုး၊ မျိုးကွဲပေါင်း ၄၅ မျိုး ရှိသည်တဲ့။ ယောင်ယင်ငှက်ဖိုက အချစ်သည်းနေသော ငှက်ဖိုကို ကျီစယ်လို၍လား၊ မျက်စိနောက်၍လား မသိ။ ဘယ်ငှက်မှ မမြင်ခင် ဥဝပ်နေသော ငှက်မလေး၏ ပိတ်ထားသော ရွှံ့ပေါက်ကို



www.burmeseclassic.com

www.burmeseclassic.com

ခြေရာများဖြင့် ကုတ်ခြစ်လိုက်သည်။ ငှက်များ မသိလိုက်ကြ။

အသိုက်ထဲရှိ ငှက်မလေးကတော့ အစာဆာနေပြီ။ ခုလိုအချိန်ဆို သူ့ကို အစာခွံ့ကျွေးနေကျ။ ဒီနေ့မှ နောက်ကျနေ၍ တစ်ခုခုဖြစ်နေပြီလား စိုးရိမ်စိတ်က အထွတ်အထိပ်။ မုဆိုးတချို့ အောက်ချင်းငှက်ကို တူမီးသေနတ်ဖြင့် ပစ်သည်။ တစ်ကောင်သေသည်တဲ့။ ငှက်အချင်းချင်း ပြောသံကို သတိရမိသည်။ ငှက်ဖိုလေးရော သေနတ်ဖြင့်အပစ်ခံရပြီလား။ စိုးရိမ်စိတ်က မြင့်တက်လာသည်။ ကြင်ဖော် ငှက်ဖိုလေးသာ တစ်ခုခုဖြစ်သွားလျှင်၊ သူ့ကိုအစာမကျွေးတော့လျှင် ရင်သွေးနှင့်အတူ သေပွဲဝင်ရန်သာရှိသည်။ လေတိုက်သဖြင့် သစ်ရွက်လှုပ်သံများ ကြားရသည်။ ငှက်ဖိုလေးလည်း အစာရှာ၍ ပြန်လာပေပြီ။

ငှက်မလေး အစာဆာနေပေရော့မည်။ ငှက်မလေးက အချစ်ရဆုံးအဖော်မွန်။ အသက်ပေး၍ ချစ်ရဲသော သတ္တိ ငှက်ဖိုလေးမှာရှိသည်။ အချစ်အတွက်ဆို ဘာမဆို တူယှဉ် သေပွဲဝင်ရန် သတ္တိက အပြည့်။ ကြင်ဖော်ငှက်မလေး ဗိုက်ဆာ၍ မျှော်နေမည်ကို မလိုလား။ ဖြစ်နိုင်လျှင် တောင်းပန်ချင်သည်။ ငှက်မလေးကို အမြန် အစာခွံ့ကျွေးချင်သည်။ အစာကျွေးရန် အချိန်နောက်ကျနေပြီ။ ယခင်က အစာရရန် သောင်ပင်နှင့် နီးနီးနားနား။ အခုတော့ ငှက်မုဆိုးကြောင့် ငှက်များ ထိတ်လန့်ကုန်ပြီ။ နေရာသစ်ဆီ သွားပြီး အစာရှာရသည်။ မြားဦးပုံ အုပ်စုဖွဲ့ ပျံသန်းနေသော ငှက်မျိုးတူများကို ယခင်ကလို မမြင်ရတော့။ ကုက္ကိုပင်၊ ရေသဖန်းပင် ကျော်လာတော့ ငှက်မလေး နေရာဆီသို့ ငှက်ဖိုပျံသန်း ရောက်ရှိဖို့ နီးလာပေပြီ။ အနားရောက်တော့ သူ့မျက်လုံးများက ဒေါသကြောင့် အရောင်တောက်လာသည်။ သူ၏ ပိတ်ထားသော ရွှံ့ပေါက်နေရာတွင် ငှက်တစ်ကောင်၏ ခြေရာတစ်ခုကို မြင်လိုက်ရသည်။ ဒေါသစိတ်များကြောင့် ခန္ဓာကိုယ် ပူနွေးလာသည်။ သစ္စာမရှိတဲ့ ငှက်မ၊ အခြားငှက်တစ်ကောင်နဲ့ သစ္စာမဲ့ပြီလား။ စေတနာနှင့်မတန်။ အချစ်ရဆုံး ငှက်မလေးက သစ္စာဖောက်ခဲ့ပြီ။ ငှက်မုဆိုး၏ ကျည်ဆန်ထိမှန်သည့်တိုင် သေရမည်ကို မကြောက်တော့။ ငှက်မလေး အသိုက်အနီးမှ နောက်ကြောင်းလှည့်ပြန်သည်။ ပင်ပန်းစွာ ရှာလာသော အစာကို မကျွေးလိုတော့။ မြေပြင်သို့ ထွေးထုတ်ပစ်ချလိုက်သည်။ သူပျံသန်းနေသည်က ကမ်းစပ်ဆီသို့။ ရွှံ့မာများကို နှုတ်သီးဖြင့် သယ်၊ သစ္စာမဲ့သူ၏ သွားရာလမ်းအဖြစ် အပေါက်ကို ပိတ်ပစ်မည်။ သူ၏ အချစ်ကို တန်ဖိုးမထား။

ငှက်မလေးမှာလည်း ငှက်ဖို၏ တောင်ပံခတ်သံကို ကြားရသည်။ ငှက်ဖိုကို မမြင်ရတော့။ အစာမကျွေးဘဲ လှည့်ပြန်သွားသည်က ထူးဆန်းနေသည်။ အစာခွံ့ကျွေးသော နေရာကို ရွှံ့များဖြင့် ပိတ်နေ၍ အံ့အားသင့်ရသည်။ သူ့ကို သေစေလို၍လား၊ အခြားငှက်မတစ်ကောင်နှင့် တွဲဖက်လို၍လား စဉ်းစား၍မရ။ ငှက်ဖိုအပေါ် သစ္စာရှိသော ငှက်မအဖြစ် သက်သေထူမည်။ သူ၏ ရင်သွေးနှင့်အတူ သစ္စာရှိကြောင်း သေပွဲဝင်ရဲသည်။ ငှက်ဖိုက ဝပ်ကျင်းနေရာအဝကို ရွှံ့ဖြင့် ပိတ်လိုက်သည်။ ငှက်မမှာ အသက်ရှူကျပ်၍ သေဆုံးသွားသည်။ အချစ်ရဆုံး ငှက်မ မရှိသည့်နောက် ဘာမှ မထူးခြားတော့။ ငှက်ဖိုမှာ ကောင်းကင်ပေါ်သို့ ရှိသည့်အားမာန်ဖြင့် အရှိန်ဖြင့် ပျံတက်လိုက်သည်။ ငှက်မအပေါ် ထာဝရ သစ္စာရှိသော အချစ်အဖြစ် သက်သေထူမည်။ ငှက်မလေး သေဆုံးသကဲ့သို့ သူလည်း တောအုပ်အတွင်းမှာ အထီးကျန် မရှိလိုတော့။ ကောင်းကင်ထက်မှ မြေပြင်အောက်သို့ တောင်ပံဖြန့် ထိုးစိုက်သေဆုံးကာ သစ္စာရှိကြောင်း ပြသလိုက်သည်။ ငှက်ဖို၏ ဦးခေါင်းမှာ မြေကြီးဖြင့် ထိရိုက်သေဆုံးသဖြင့် သွေးများမှာ ရဲရဲနီနေသည်။

'ဟာ…ဟိုမှာ သေနေတဲ့ ငှက်တစ်ကောင်ပါလား'

ကလေးငယ်က အဖော်ဖြစ်သူ၊ သူ့အဖေကို ပြောလိုက်သည်။

'အဲဒါ အောက်ချင်းငှက်လို့ခေါ်တယ်သားရဲ့။ သူတို့ဟာ သစ္စာအလွန်ရှိတဲ့ ငှက်ဖြစ်တယ်။ ငှက်ဖို၊ ငှက်မ တစ်ကောင်ကောင်က သစ္စာမဲ့ရင် မြေပေါ်ကို ထိုးစိုက်သေပွဲဝင်တဲ့ ထူးခြားတဲ့ ငှက်ဖြစ်တယ်။ ချက်ချင်း မသေရင်လည်း သူတို့ရဲ့ လှပတဲ့ အမြီးတွေ၊ တောင်ပံတွေကို ကိုက်ဖြတ် ချိုးပစ်လေ့ရှိတယ်။ ပင်ကိုအလှနဲ့ ပင်ကိုယဉ်ကျေးမှုကို တစ်ပါးလက်ဝယ် အရောက်မခံတဲ့ မျိုးချစ်ငှက်ပဲဖြစ်တယ်။

'ပလက်ဝမြို့မှာ အောက်ချင်းငှက်ကို(ဆီကရုတ်) သစ္စာငှက်လို့ ခေါ်ကြတယ်။ ချင်းတိုင်းရင်းသားတွေက သစ္စာရှိတဲ့ ငှက်အဖြစ် တန်ဖိုးထားပြီး အောက်ချင်းငှက်တံဆိပ်ကို အမျိုးသားအလံအဖြစ် သုံးစွဲကြတယ်'

'ဒါဆိုရင် သားတို့ အောက်ချင်းငှက်ရဲ့ အသားကို မစားတော့ပါဘူး။ သစ္စာရှိတဲ့ငှက်အဖြစ် ကျင်းတူးပြီး မြေမြှုပ်ဂုဏ်ပြုလိုက်ရအောင် ဖေဖေ'

'ကောင်းတာပေါ့ သားရယ်။ အောက်ချင်းငှက်တွေကို ပြန့်ပွားလာအောင် ထိန်းသိမ်းဖို့ တို့တိုင်းရင်းသား အားလုံးမှာ တာဝန်ရှိတယ်ကွာ'

'ဟုတ်ကဲ့၊ သားတို့အားလုံး ထိန်းသိမ်းစောင့်ရှောက်တော့မယ်'

တောအုပ်အတွင်းရှိ လူသားနှစ်ဦးကား တောင်ယာတဲဆီသို့ တရွေ့ရွေ့ သွားနေကြသည်။

အောက်ချင်းငှက်များ ကျက်စားလျက်ရှိသော တောအုပ်ကား ငှက်သံများဖြင့် ဆူညံလျက် ပုံမှန်အတိုင်း သီးခြားကမ္ဘာလေး တစ်ခုအဖြစ် ရှိနေပါတော့သည်။ ■

**မင်းလပြည့်(ဟားခါး)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မိသားစု
ငါးယောက်ရှိသည်။
ကျွန်တော်တို့တွင်
နေထိုင်စရာ အိမ်မရှိ။

❑

အမေက ကျွန်တော်တို့
မောင်နှမသုံးယောက်ကို
ထမင်းစားခိုင်းတော့
ဟင်းက
ကျွန်တော့်အကြိုက်
တညင်းသီးပြုတ်နှင့်
ငါးပိရည်ကျို။ ကျွန်တော်
ဗိုက်ဆာဆာနှင့် အများကြီး
စားပစ်လိုက်သည်။
နှစ်ပန်းကန်မောက်မောက်
ပြောင်သွားသည်။
အစ်ကိုကြီးက
တစ်ပန်းကန်ပင် မကုန်။
ညီမလေးပင် တစ်ပန်းကန်
ကုန်သည်။
'ဗိုက်ကို တင်းသွားတာပဲ။
အမေရော စားပြီးပြီလား'
မျက်နှာချင်းဆိုင်မှာ
ထိုင်နေသည့် အစ်ကိုကြီးက
ကျွန်တော့်ကို
မျက်မှောင်ကုတ်ပြီး
ကြည့်သည်။
'ငါတို့ မစားပြီးဘဲနဲ့
အမေ ဘယ်နှခါ
စားဖူးလို့လဲ။ ဒါနဲ့
အဖေနဲ့ အမေက
ဘာစားကြမလဲ'
အစ်ကိုကြီးက နောက်ဆုံး
စကားကို အမေ့ဆီ
လှမ်းကြည့်ရင်း ပြောသည်။
ဟုတ်သားပဲ။ အိုးထဲတွင်
ထမင်းမရှိတော့။
ချိုးတွေကိုတောင်
ကျွန်တော် ခြစ်ခွာပြီး
စားထားလိုက်ပြီ။
အစ်ကိုကြီး မေးခွန်းကြောင့်
အမေ အိုးတိုးအမ်းတမ်း
ဖြစ်သွားသည်ကို
မြင်ရတော့မှ ကျွန်တော်
အပြစ်ရှိသလို
ခံစားမိသွားသည်။
အမေ ကျွန်တော့်အား
တစ်ချက်
လှမ်းကြည့်သွားသည်ကို
ကျွန်တော်မြင်လိုက်ချိန်
အမေက
ကျွန်တော်တို့စားပြီးသား
ပန်းကန်တွေကို စုထပ်နေပြီ။
'အမေတို့ စားဖို့လည်း
သတ်သတ်ခွဲထားပြီးသားလေ
သားရဲ့'
အမေက ပန်းကန်ခွက်
ယောက်တွေဆီ အာရုံရောက်
နေဟန်ဖြင့် ခပ်ပေါ့ပေါ့
ဖြေသည်။ အမေ့မျက်လုံးကို

# ငတ်မွတ်အိမ်

မိုးဦးနေ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၈ ဒီဇင်ဘာ ရွှေအမြုတေ ချပ်စုံမဂ္ဂဇင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မြင်ချင်ပေမဲ့ အမေ့နဖူးပြန့်ပြန့်နှင့် နှာခေါင်းထိပ်ဖျားလေးကိုသာ တွေ့နေရသည်။

‘အခန်းထဲမှာ ဘာပန်းကန်မှ မတွေ့ဘူးနော် အမေ။ ပြီးတော့ ဆန်ကုန်သွားတာ သား သိတယ်’

အစ်ကိုကြီးကို အမေက ခဏတော့ စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ပြီးလျှင်-

‘အမေ ခွဲထားတယ်ဆို ခွဲထားတယ်ပေါ့ သားကြီးရယ်။ သွား သွား၊ သား စာဖတ်မှာဖြင့် သွားဖတ်တော့လေ။ ဟိုအငယ်နှစ်ယောက် ခြံထဲဆော့မှာဖြင့် သွားဆော့’

ကျွန်တော်နှင့် ညီမလေးလည်း ခြံဝင်းကြီးထဲ လစ်ထွက်လာခဲ့သည်။ ခြံဝင်းထောင့် ပတ်ပတ်လည်တွင် တညင်းပင်၊ ပိန္နဲပင်၊ သရက်ပင်များ စီရရီရှိသည်။ ရှောက်ပင်၊ မာလကာပင်တို့လည်းရှိသည်။ စံပယ်ရုံ၊ နှင်းဆီရုံ၊ ဇီဇဝါရုံတို့ကလည်း အနံ့။ အများအားဖြင့် မြက်ပင်တွေ ပိုပေါသည်။ ခြံဝင်းကြီးထဲတွင် စိမ်းနောက်နောက် ရေကန်ကျယ်ကြီး တစ်ကန်လည်း ရှိသေးသည်။

ခြံကြီးကို တစ်ပတ်ပြည့်အောင် လျှောက်မိလျှင် တော်တော် ညောင်းလိမ့်မည်။ အစ်ကိုကြီးနှင့် အဖေကတော့ ညဦးပိုင်းတစ်ကြိမ်၊ ညဥ့်နက်ပိုင်းတစ်ကြိမ် အမြဲလိုက်စစ်ဆေးတတ်ကြသည်။

ကျွန်တော်တို့မိသားစုက သည်ခြံကို စောင့်ကြပ်ပေးရသည်။ လခတော့ မရ။ ကျွန်တော်တို့အိမ် အပေါင်ဆုံးသွားသဖြင့် သည်ခြံပိုင်ရှင်က အကူအညီပေးထားခြင်း ဖြစ်သည်။ ခြံက ကျယ်သလို ချုံနွယ်ပိတ်ပေါင်းတွေလည်း များလွန်းလှသည်။ ကျွန်တော်တို့ငါးယောက် တစ်ပတ်တစ်ခါတော့ ရှင်းကြရသည်။

ကျွန်တော်နှင့် ညီမလေးက ရှင်းကူသည်ထက် ဆော့နေသည်က များသည်။ ညီမလေးက နောက်တစ်နှစ်တွင် ငါးတန်းတက်မည်။ ကျွန်တော်က ခုနစ်တန်းတက်မည်။ အစ်ကိုကြီးက စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်။ သည်လကုန်တွင် ကျောင်းသွားတော့မည်။

အစ်ကိုကြီးက စာဖတ်သူ။ ဖတ်ပြီး ထိုင်တွေးနေတတ်သူ။ အပေါင်းအသင်းလည်း မလို။ ကျွန်တော်နှင့် ညီမလေးတို့ကမူ အပေါင်းအသင်း မက်ကြသော်လည်း အပေါင်းအသင်းမရှိ။ သည်တောင်ကုန်းပေါ်က ခြံကြီးထဲကို တကူးတကတက်လာပြီး လာဆော့မည့်သူသည် အခုထိ မရှိ။

‘ဟိုကလေးနှစ်ယောက် နေပူထဲ မဆော့ကြနဲ့လေ။ ခြေပါးကင်းပါးလည်း သတိထားဦး’

အဖေက မြက်ရိုင်းတော အစပ်မှနေ၍ လှမ်းအော်သည်။ အဖေ ကျောက်ရှာပြန်လာပြီ။ ပို့င့်ဖိနပ်၊ ဂျင်းဘောင်းဘီရှည်၊ အင်္ကျီလက်တို၊ လွယ်အိတ်တစ်လုံးနှင့် ခမောက်ဆောင်းထားသော အဖေသည် ရှိရင်းစွဲအသက် ၄၅ နှစ်ထက် ပိုပြီးရုပ်ရင့်နေသည်။ ကျွန်တော်နှင့် ညီမလေးသည် ရေကန်ကြီးဘေးရှိ နေပူသောကန်အစပ်မှာ ရေတွင်းတူးတမ်း ဆော့နေရာမှ ထ,ပြေးလာခဲ့ကြသည်။ အဖေက ကျွန်တော်တို့နှစ်ယောက်ကို ရပ်စောင့်နေသည်။ အဖေ ပြုံးနေ၏။

‘အဖေ ပိုက်ဆံရခဲ့လား’

အဖေ့ဘေး တစ်ဖက်စီမှာ ရပ်မိကြသည်နှင့် ညီမလေးက ဝမ်းသာအားရ မော့ကြည့်ပြီး မေးသည်။ ကျွန်တော်လည်း သိချင်သည်။ ကျွန်တော် အဖေ့ကို ရယ်ပြနေမိ၏။ အဖေက လမ်းကျဉ်းလေးအတိုင်း ဆက်လျှောက်လာလျက်မှ ညီမလေးကို ငဲ့၍ ငုံ့၍ ကြည့်ပြီး-

‘သမီးက ဘာလိုချင်လို့လဲ’

‘ဘာမှ မလိုချင်ပါဘူး အဖေ။ ဒီအတိုင်း သိချင်လို့ မေးတာ။ သမီး သူငယ်ချင်းတွေလည်း သူတို့အဖေတွေ ပြန်လာရင် အဲလို မေးကြတယ်တဲ့’

အဖေက ဟက်ခနဲ ရယ်ပြီး ကောင်းကင်ကိုမော့ကြည့်နေပြန်သည်။ ကျွန်တော် တစ်ခုခုကို မေးလိုက်ဖို့ ချီတုံချတုံဖြစ်နေ၍ လမ်းဘေးတစ်ဖက်တစ်ချက်မှ မြက်တွေကို ငေးပြီး လျှောက်လာလိုက်သည်။

‘ဒီသားအဖတွေ လသာနေတယ် ထင်နေကြသလား။ အမြန်လျှောက်ကြလေ’

အိမ်ဘက်မှ အမေ့အသံသဲ့သဲ့ကို ကြားလိုက်တော့ အဖေက ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်ပြီး မျက်ရိပ်ပြသည်။ ထို့နောက် အဖေက ‘လာပြီဗျို့’ ဟု ပြန်အော်ပြီး ညီမလေးကို ဇွေ့ခနဲ ကောက်ပွေ့ကာ အမေ့ဆီပြေး၏။ ညီမလေးက တခစ်ခစ်ရယ်ရင်းပါသွားသည်။ ကျွန်တော်ပါ ပျော်လာပြီး အဖေ့နောက် ပြေးလိုက်တော့သည်။

အမေရှိရာ တံစက်မြိတ်နှင့် တော်တော်လှမ်းသည့်နေရာတွင် အဖေက ညီမလေးကို အောက်ချပြီး ခေါင်းလေးကို မနာအောင် ပုတ်သည်။ ကျွန်တော့်ကိုလည်း ရယ်ပြသေးသည်။ ပြီးမှ-

‘မိန်းမရေ…၊ ထမင်းပြင်ထားတော့ကွာ’

ဟု လှမ်းပြောပြီး တညင်းပင်ကြီး သုံးပင်တန်းပေါက်နေသည့် ဘက်သို့ လျှောက်သွားသည်။ ထိုနေရာမှာ အစ်ကိုကြီး ထိုင်ခုံတစ်လုံးနှင့် စာဖတ်နေသည်။ ထိုနေရာမှာ အစ်ကိုကြီး ရေဖြည့်ထားသော ပီပါပုံးလည်းရှိသည်။ အစ်ကိုကြီး ထိုသို့ အလိုက်သိလိမ္မာ၍ သူကျောင်းတက်ရခါနီးတိုင်း အဖေ ကျောက်ရတတ်သည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော်နှင့် ညီမလေးလည်း အိမ်ထဲမဝင်ဘဲ စောစောက ရေကန်ကြီးဆီသို့ ဦးတည်၍ အလိုလို ပြန်လျှောက်လိုက်မိစဉ် အမေ တညင်းသီးတွေ ခူးခပ်နေသည်ကို လှမ်းကြည့်မိသေးသည်။

‘ကိုလေး၊ အခုတူးထားတဲ့ ရေတွင်းနားမှာ ဒီရွှေအိုးလေး မြှုပ်မယ်နော်။ နောက်နှစ်မှ ပြန်ဖော်ကြမယ်’

ညီမလေးက သူ့လက်ဖဝါးထဲက ကစားစရာ ရွှေအိုးသေးသေးလေးကို ဖြန့်ပြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုရွှေအိုးထဲမှာ ရွှေရောင်အမှုန်လေးတွေရှိမှန်း ကျွန်တော် သိသည်။

“ဘာလုပ်ဖို့လဲ။ ပျောက်သွားမှာပေါ့ကွာ”

ကျွန်တော် သူ့အစား နှမြောသည်။

“မပျောက်ပါဘူး။ သမီး အဲ့ဒီနေရာကို မှတ်ထားမှာပေါ့လို့။ ပြန်ဖော်တဲ့အခါ ရွှေအစစ်တွေ ဖြစ်ချင်ဖြစ်နေမှာ”

ကျွန်တော် ရယ်မိသဖြင့် ညီမလေး နှုတ်ခမ်းစူသွားသည်။ သို့ပေမဲ့ ရွှေအိုးလေးကို မမြှုပ်ဖြစ်ကြ။ ရေကန်ကြီးဘေး ရောက်လာသည့်အချိန် မိုးတွေ ဖြန်းခနဲ ရွာချလာ၍ အမေတို့ဆီ အမြန်ပြေးခဲ့ကြသည်။

အိမ်ထဲရောက်လျှင် အစ်ကိုကြီး၏ ရှုပ်ပုပ်ပုပ် မျက်နှာကို ပထမဆုံး သတိထားမိသည်။ သူက မင်းသိခ်ဝတ္ထုကို လက်ညှိုးနှင့် ထိုးညှပ်၍ ကိုင်ထားသည်။

ဝရန်းသုန်းကားပြေးလာသည့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကို အဖေနှင့် အမေက ရယ်ကြသည်။ ညီမလေးနှင့် ကျွန်တော်လည်း တခိခိ တဟားဟား။

စင်စစ် နေပူပူမှာ မိုးရွာခြင်းကို ကျွန်တော် မကြိုက်တတ်ပါ။ ယခုတော့ ပျော်နေမိပြန်သည်။ အစ်ကိုကြီး၏ မကျေမနပ် မျက်နှာသည်လည်း ချစ်ဖို့ကောင်းနေသည်။ အမေ တဘက်သုတ်ကြမ်း လွှန်းသဖြင့် မျက်နှာပေါ်က အစိတ်အပိုင်းတွေ ရွဲ့တိရွဲ့စောင်းဖြစ်ကာ တစ်ကိုယ်လုံး ယိမ်းခါနေရသည့် ညီမလေးသည်လည်း ချစ်ဖို့ကောင်းသည်။ “သား ရေချိုးလိုက်တော့နော်” ဟု ကျွန်တော့်ကို ပြောလာသည့် အမေသည်လည်း ချစ်ဖို့ကောင်းသည်။ ကျွန်တော့်ကို ပုဆိုးတစ်ထည် လှမ်းပစ်ပေးလာသော အဖေသည်လည်း ချစ်ဖို့ကောင်းနေသည်။

ရင်ထဲမှာ တနွေးနွေး တငြိမ့်ငြိမ့်ဖြစ်နေ၏။ ကျွန်တော် အိမ်ထဲမှ ထွက်မလာခင် အဖေ့ရှေ့က ငါးပိရည်ကျိုခွက်လေးနှင့် တည်င်းသီးပန်းကန်ကြီးကို ဖျတ်ခနဲ မြင်မိသေးသည်။

❑

ကျွန်တော်တို့မိသားစု လေးယောက် ကျန်သည်။ ကျွန်တော်တို့မှာ နေစရာအိမ် ရှိခဲ့ပြီ။

❑

“နင် တစ်လမ်းလုံး ငုံ့ငုံ့ငုံ့ငုံ့နဲ့ ဘာတွေရှာနေတာလဲ”

“ဩ··· ရွှေဆွဲကြိုးလေး၊ နားကပ်လေးများ ကျကျန်ခဲ့ကြမလားလို့ လိုက်ရှာနေတာပါ ကိုလေးရဲ့။ ဒီနေ့ လူသွားလူလာ များတယ်လေ။ ဟီးဟီး”

ဒီနေ့ သီတင်းကျွတ်လပြည့်နေ့ဖြစ်၍ မိဘနှစ်ပါးကို ကန်တော့ရန် ပစ္စည်းပစ္စယတွေ ဝယ်ပြီး ပြန်လာကြစဉ် ညီမလေးက ရွှေငုံ့ရှာနေသည်။ သည်ကလေးမ လွန်ခဲ့သော နှစ်တွေကအတိုင်း မပြောင်းလဲသေး။ စိတ်ကူးက ယဉ်တတ်နေတုန်းပင်။

ယခုဆို ရေကန်အကြီးကြီးရှိသော တောင်ပေါ်က ခြံကျယ်ကြီးကို ကျွန်တော်တို့မိသားစု စောင့်ကြည့်ရန် မလိုတော့ပေ။ အဖေ ရခဲ့သည့် ကျောက်က နေစရာအိမ် တစ်လုံး ပိုင်ဆိုင်ရရုံတော့ လုံလောက်ခဲ့သေးသည်။

ထိုကျောက်ရပြီး ကတည်းက အဖေနှင့် အမေတို့က ကျွန်တော့်ညီမလေးကို ရွှေနားကပ် အကြီးကြီးတစ်ရန် ဆင်ပေးမည်ဟု တဖွဖွ ပြောတတ်သည်။ မနေ့ကပင် ပြောနေကြသေး၏။ သို့သော် ကျွန်တော်ရော ညီမလေးပါ ရိုးအီနေပြီ။ ညီမလေးနားရွက်တွင် ဖန်စီနားကပ်တွေမှတစ်ပါး ရွှေမှုန်ပင် မကပ်ခဲ့။

သို့သော် ယခုလို အသက်တွေကြီးလာကြသည် အထိ မျှော်တော့လည်း မျှော်လင့်မိကြသေးသည်။ အဖေက ငွေရှာနိုင်ဆဲ မဟုတ်လား။ သည်နှစ်တွေမှာ ငွေရနည်းပါးခဲ့သော်လည်း အဖေရှာနိုင်စွမ်း ရှိသေးသည်။ ငါးဆယ်ကျော်ဟူသော အရွယ်ကို မျှော်လင့်ချက် တစ်လှေကြီးနှင့် ကျားကန်ထားနိုင်သေးသည်။

တစ်ခုရှိသည်က အဖေ ငွေရနည်းပါးသည့်နေ့တွင် အဖေ့ထက် အမေက ပို၍ ငွေရနည်းသွားတတ်လေသည်။ အဖေရလာသည့် ငွေတွေထဲမှ သုံးပုံတစ်ပုံလောက်သာ အမေ့ကို အပ်တတ်၍ ဖြစ်သည်။ အမေသည် အဖေ အမှန်ပင် ထိုမျှသာ ရလာခဲ့သည်အထင်နှင့် အဖေသုံးရန် ငွေတချို့ အတင်းပြန်ပေးတတ်၏။ ကျန်ငွေနှင့် မနက်ညစာရအောင် ချက်ကျွေးတတ်သည်။

အမေ မသိတော့ဘဲ ပိုလာသောငွေကို အဖေက ကျွန်တော့်ကိုအပ်သည်။ ကျွန်တော်က အမေနှင့် ညီမလေး မသိမမြင်နိုင်အောင် သိုသိုဝှက်ဝှက် သိမ်းသည်။ သို့သော် အဖေက ညီမလေးကို ရွှေဆင်မည့်ကိစ္စအကြောင်း သတိရတိုင်း ထုတ်ပြောတတ်မြဲ။

“မနှစ်က သမီးသူငယ်ချင်းလည်း အဲ့ဒီလိုရှာတာ နားကပ်တစ်ဖက် ကောက်ရတယ်တဲ့။ နောက်ပိတ်တော့ မပါဘူးတဲ့”

ကျွန်တော် သူ့ကို “အရူးမ” ဟု ပြောပစ်လိုက်သည်။ သူက ကျွန်တော် စ,နေသည် ထင်၍ တခစ်ခစ် ရယ်ပြ၏။ အိမ်ရောက်၍ မိဘတွေကို ကန်တော့ပြီးချိန်တွင်လည်း ညီမလေးက တခစ်ခစ် ရယ်ကာ မုန့်ဖိုးတောင်းတော့သည်။ အဖေက လက်ထဲတွင် တစ်ပြားမှမရှိကြောင်းပြောပြီး ရှက်ရယ်ရယ်၏။ ကျွန်တော့်ကိုတော့ ငွေတစ်သောင်း ကြိုပေးထားပြီး ဖြစ်သည်။

အမေကတော့ ကျွန်တော်တို့နှစ်ယောက်ကို တစ်ယောက်ငါးထောင်စီ မုန့်ဖိုးပေးပါသည်။ အမေ ပျော်နေ၏။ ညီမလေးလည်း ပျော်နေ၏။ ကျွန်တော်နှင့် အဖေ အံ့ဩသွားသည်။ (နောက်ပိုင်းတွင် အမေ့ထံ၌ ငွေများများစားစား ရှိနေသည်ကို ခဏခဏ တွေ့လာရပါသည်။)

“သားကြီးကိုလည်း ကျွန်မ ပေးချင်လိုက်တာ။ တစ်ကိုယ်ကောင်းဆန်တဲ့ ကလေး။ သူ အခု ကျွန်မတို့ကို ကန်တော့ချင် ကန်တော့နေမှာ”

အမေက နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

ငါးထောင်တန်တစ်ရွက်ကို ပွတ်သပ်ပြီး ငိုင်သွားသည်။ အဖေက “မင်းမလည်းတရားရှိစမ်းပါ”ဟု ခပ်ငေါက်ငေါက် ပြောသည်။ ကျွန်တော် အနည်းငယ် စိတ်မကောင်းဖြစ်သွားပါသည်။

တက္ကသိုလ်မှ ယာယီအောင်လက်မှတ်ရသည်နှင့် အလုပ်လုပ်တော့မည်ဟုဆိုကာ အိမ်မှ ပျောက်ခြင်းမလှ ပျောက်သွားသော အစ်ကိုကြီးကို ကျွန်တော်တော့ သတိပင်မရ။ နောက်ဆုံးအဆက်အသွယ်ရသည့်နေ့က “အဖေတို့၊ အမေတို့လုပ်ပုံနဲ့ ကျွန်တော် ဘယ်တော့မှ သူဌေးဖြစ်မှာမဟုတ်ဘူး။ သူဌေးဖြစ်မှ ပြန်လာတော့မယ်”ဟု ပြောသွားသည်။ အမေ ထိုစကားကို ခံစားရဟန် တူသည်။

“ဒါဆို အမေ အဲဒီ ငါးထောင်ရော သမီးနဲ့ ကိုလေးကို ခွဲပေးလိုက်ပါလားဟင်။ အစ်ကိုကြီးမှ မရှိတော့တာ”

ညီမလေးက တက်တက်ကြွကြွ ပြောသည်။ လူကလည်း အငြိမ်မနေ။ အမေ့လက်ထဲကငွေကို ဆွဲလုခမန်း လှုပ်ရှားနေသည်။ အဖေက သဘောတကျ ရယ်၏။ အမေက ယောင်ယောင်လေး ပြုံးလာသည်။

ကျွန်တော်လည်း နှစ်ထောင့်ငါးရာ ထပ်လိုချင်ပါသည်။ အမေက ညီမလေးကို ပိုက်ဆံလှမ်းပေးလိုက်တော့မှ ပျော်သွားရတော့သည်။ တစ်သောင်းခုနစ်ထောင့်ငါးရာ ရပြီ။ ခဏနေ တပည့်လေးတွေ လာကန်တော့လျှင် တစ်ယောက် ငါးရာလောက်တော့ ပေးနိုင်မည်။ အရှက်မကွဲတော့။

“ကဲ…ကဲ…အခုလို မိဘကိုကန်တော့တဲ့ အကျိုးကြောင့် အမေ့သမီးလေး ဆယ်တန်းမှာ နှစ်ချင်းပေါက် အောင်မြင်ပါစေကွယ်။ ကြိုးစားနော် သမီး”

အမေက မျက်ရည်ဝေ့လျက် ဆုတောင်းပေးသည်။ အဖေက “ငါ့သမီးက အောင်မှာကွ။ သူ့ကိုလေး တစ်ယောက်လုံး ရှိနေတာပဲ”ဟု ပြောသည်။

“အေးကွယ်။ အမေ့သားလေးလည်း လိုရာဆန္ဒမှန်သမျှ အမြန်ဆုံး ပြည့်ဝပါစေ၊ ဟုတ်လား”

အဖေက ခေါင်းသာ ညိတ်ပြသည်။ ကျွန်တော် အဖေနှင့် အမေ့ကို ကြည်နူးစွာ ကန်တော့လိုက်မိပါသည်။ ❑

အဖေသည် အသက်ရလာသည်နှင့်အမျှ တရားအလုပ်ကို ဖိ၍လုပ်လာသည်။ ကျွန်တော်နှင့် စကားစပ်မိလျှင် သူ့တရားအကြောင်းတွေ မမောနိုင်ဘဲ ပြောပြတတ်သည်။

“ဝင်လေ ထွက်လေကို လိုက်မှတ်နေရတာ အရမ်းခက်တယ် သားရ။ တရားထိုင်နေတုန်း တခြား ဆူဆူညံညံအာရုံတွေ ဝင်လာရင် ဒေါသက ထွက်လာရော”

အဖေက သူ အလုပ်ပြန်လာသည့် ညနေပိုင်းတွင် တရားအထိုင်များသည်။ ကျွန်တော်ကလည်း ကျောင်းဆင်းသည့် ထိုညနေပိုင်းမှစ၍ ညရှစ်နာရီအထိ အိမ်မှာ စာသင်ရသည်။ ထို့ကြောင့် အဖေ့စကားက ကျွန်တော့်အတွက် စိတ်အနှောင့်အယှက်ဖြစ်သွားစေသည်။ အဖေက ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး ခပ်မြန်မြန် ဖြည့်ပြောလာသည်။

“သားနဲ့ သားတပည့်တွေကို ပြောတာမဟုတ်ဘူးနော်။ သားအမေနဲ့ သားညီမကို ပြောတာ”

အဖေသည် အခုနောက်ပိုင်း အမေ့ကို ရန်စကားတွေ ပြောတတ်လာသည်။ ညီမလေးကိုလည်း “မိန်းကလေးလို မနေလို့”တဲ့။ ခဏခဏ ဆူလေ့ရှိလာသည်။ အဖေသည် ကျွန်တော်မှလွဲ၍ အခြားလူကို စိတ်လိုလက်ရ စကားပြောသည်ဟူ၍ မရှိ။ အဖေ အခြားသူကို စကားပြောလျှင် ဆဲဖို့ဆူဖို့သာ ဖြစ်နေတတ်သည်။

“အဖေက တရားထိုင်တယ်လည်း ပြောသေးတယ်၊ ဒေါသက ဘာလို့ ကြီးနေရတာလဲ”

ညီမလေးက ကြက်ဥကြော်ပန်းကန်ကို ဆောင့်ချလိုက်သည်။ အဖေကတော့ ညီမလေးကို ငေါက်ပြီးသည်နှင့် အိမ်ပေါ်တက်သွားပြီ။ ဟုတ်လည်း ဟုတ်သည်။ ကြက်ဥက ဆားငန်လွန်းသည်။

“ဟွန့်… သူ စိတ်ကြည်နေတဲ့အခါများ ငါ့သမီး ချက်ချင်သလို ချက်ပါစေလို့ ပြောမှာ”

အမေက နှာခေါင်းရှုံ့ပြီးမှ ပြောသည်။ အဖေသည် ယခုဆို အမေနှင့် အတူမအိပ်သည်မှာ ကြာပြီ။

“ဟင်းမကောင်းတာကိုလည်း သူက ပြောချင်နေသေးတယ်။ သူက ဘာတွေများ ရှာထားပေးလို့ ငါက ဘာတွေ ဘယ်လို ကောင်းအောင် ချက်ပေးရမှာလဲ”

အမေ့လေသံက ရင့်သီးနေသည်ဟု ထင်သည်။ ကျွန်တော် မကျေနပ်။ ထမင်းဝိုင်းမှ ထ,ထွက်လာခဲ့သည်။

“တော်ပြီလား သား။ ငါ့သား ထမင်းစားနည်းလိုက်တာကွယ်။ နေပါဦး၊ အမေသားအတွက် ညနေစာ ကောင်းကောင်း ချက်ကျွေးပါဦးမယ်”

ကျွန်တော့် အပေါ် ကြင်နာသော အမေ့ကို “ဟုတ် အမေ”လို့ ခေါင်းညိတ်ပြုံးပြရင်း ပြောမိသည်။ အမေသည် အဖေ့ကို ခံစား၍မရဘဲ ဖြစ်နေဟန်ရှိသည်။

သို့သော် အဖေနှင့်အမေတို့ ကျွန်တော့်အပေါ် အဘယ်ကြောင့် ကောင်းကောင်းမွန်မွန် ဆက်ဆံနေကြသည်ကိုတော့ ကျွန်တော် သိသလိုရှိသည်။ ကျွန်တော် ပြုံးလိုက်၏။ အပြုံးက မခိုးမခန့်ပုံစံပေါက်နေလောက်သည်။ အင်းလေ။ အိမ်မှာက ကျွန်တော်တစ်ယောက်တည်း ပုံမှန်ဝင်ငွေ ရှိတာကိုး။

ကျွန်တော် ရသမျှ အတော်များများကို ဘဏ်ထဲ ထည့်ထားသည်။ ကျောင်းပြီးသော် သင်တန်းတက်ဖို့၊ ကွန်ပျူတာဝယ်ဖို့၊ ဆိုင်ကယ်ဝယ်ဖို့ စသော အကြောင်းပြချက် ခိုင်ခိုင်လုံလုံနှင့် ငွေစုသည်။ အဆင်ပြေသည်က အဝေးသင်စရိတ်ကို ထိုဘဏ်စုငွေထဲမှ အနည်းငယ်သာသုံးရပြီး ကျန်ဝေယျာဝစ္စများကို



www.burmeseclassic.com

www.burmeseclassic.com

အဖေနှင့်အမေက ဖြည့်ဆည်းပေး တတ်ကြသည်။ စင်စစ် ကျွန်တော် သင်တန်းလည်း မတက်ချင်ပါ။ ကွန်ပျူတာလည်း မဝယ်ပါ။ ဆိုင်ကယ်လည်း မစီးချင်ပါ။

အိမ်မှာ ငွေထားထားလျှင် အိမ်စရိတ်နှင့် သာတဖြည်းဖြည်း ကုန်လိမ့်မည်။ တော်ပြီလေ။ တစ်လ ငါးသောင်းပေးနေပြီပဲ။

ထိုအချိန် အမေ့ဇည့်သည် အန်တီကြီးတွေ ရောက်လာ၍ တွေးလက်စ အတွေးကိုဖြတ်၊ သောက်လက်စ ကော်ဖီခွက်ကို ကိုင်ပြီး အိမ်ပေါ်တက်လာခဲ့သည်။ "နှင့်သားက တော်လိုက်တာ။ မိဘတွေကို လုပ်ကျွေးနေတဲ့သား" ဆိုသော စကားလုံးတွေကို မကြားချင်၍ ဖြစ်သည်။ လေ့ကားပေါ်မှာ အင်္ဂလိပ်သီချင်း စာသားတစ်ကြောင်းကို အော်ဟစ်ပစ်လိုက်ပြီးမှ နှုတ်ဘရိတ်ခ် အမြန်အုပ်လိုက်ရသည်။ စိတ်လည်း ကျဉ်းကျပ်သွား၏။ အဖေ အိမ်ပေါ်မှာ တရားထိုင်နေနိုင်သည်။

❑

ကျွန်တော်တို့မိသားစု နှစ်ယောက် ကျန်သည်။ ကျွန်တော်လည်း မနေချင်တော့။

❑

ညီမလေး ခိုးရာလိုက်ပြေးသွားသည်ဟု သိလိုက်ချိန်တွင် အမေငိုသည်။ အဖေက ဓားကြိမ်း ကြိမ်းသည်။ ကျွန်တော်တော့ ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်။ အမှန်အတိုင်းဝန်ခံရလျှင် ရှာကျွေးစရာ ပါးစပ်ပေါက် တစ်ပေါက် လျော့သွား၍ ကျေနပ်သလိုတောင် ဖြစ်မိသည်။

သည်ကောင်မလေး ရွှေပန်းထိမ်ဆိုင်က အလုပ်သမားတစ်ယောက်နှင့် ပါသွားသည်ဟုတော့ ဝေဝေဝါးဝါး သိထားရသည်။ ရွှေဆိုင်က အလုပ်သမားဟု သိလျှင် သိချင်း ကျွန်တော် ပြုံးတောင်ပြုံးမိသည်။

တစ်ဖန် ဆယ်တန်းကိုပင် ဆုံးခန်းတိုင်အောင် တက်မသွားသော ညီမလေးကိုယ်စား နမြောမိသည်။ ယူကျုံးမရဖြစ်သည်အထိတော့လည်း မခံစားရ။

ထိုနေ့ညမှာပင် အဖေက အမေ့ကို လည်ပင်းညှစ်၍ ပါးကိုတစ်ချက် ရိုက်ပုတ်ပစ်လိုက်သည်။ ကျွန်တော် အလိုအလျောက် ဝင်တားမိသဖြင့် ဒုတိယရိုက်ချက်က အမေ့ကို မထိဘဲ ကျွန်တော့်ကျောကို ထိသွားသည်။

အဖေ သည်မျှ စရိုက်ကြမ်းလာသည်ကို ကျွန်တော် နားမလည်စွာ အံ့သြရသည်။ အမေက အဖေ့ကို မုန်းမုန်းတီးတီး စိုက်ကြည့်ရှာသည်။ အမေ့အသက်ရှုသံပြင်းပြင်းတွေက ကျွန်တော့်စိတ်ကို နှောင့်ယှက်သည်။ အမေ့မျက်လုံးတွေထဲမှာ ကြောက်လန့်ခြင်းတွေကိုပါ ကျွန်တော်မြင်ရ၏။ ကျွန်တော် အဖေနှင့် အမေ့ကို စိတ်ပျက်သည်။ စိတ်လည်း ကုန်သွားသည်။

"မရှိရင် ရှိတာနဲ့ စားမှာပေါ့ဟ။ နင်ကိုက လက်ဖွာတာ။ အခု နင်ဘယ်လိုရှင်းမလဲ၊ ပြောစမ်း"

အဖေက အိမ်ထရံကို ခပ်ကြမ်းကြမ်း ရိုက်ပစ်လိုက်သည်။ ပြီးလျှင် အိပ်ခန်းထဲ ဟောဟော ဒိုင်းဒိုင်း ဝင်သွားလေ၏။ အဖေ့စကားတွေက ညီမလေး ယောကျ်ားနောက်လိုက်ပြေးသည့်ကိစ္စနှင့် မဆီဆိုင်မှန်းကို နောင်တစ်ချိန် အမေ စုကြေးငွေတချို့နှင့် ထွက်ပြေးသွားသည့်အခါမှ ကျွန်တော် သဘောပေါက်သွားသည်။ ဤသို့ဆိုလျှင် စုကြေးစုသဖြင့်သာ အမေ ကျွန်တော့်ကို ဟင်းကောင်းချက်ကျွေးနိုင်ခြင်းဖြစ်မည်။ အမေ့ထံတွင် တွေ့တွေ့နေရသော ငွေတချို့ကို လှည့်ပတ်တောင်းယူမိခဲ့သည့်အတွက် စိတ်မကောင်းမိ။

သို့သော် ခဏမျှသာ။ အမေလည်း ယောကျ်ားတစ်ယောက်နှင့် လိုက်ပြေးသွားသည်ဟု ဓာတ်ပုံနှင့်တကွ အတိအကျ သိလိုက်ရသည့်အခါ ကျွန်တော် အမေ့ကို စက်ဆုပ်မိသွားသည်။ ထိုဘိုးတော်သည် အမေ့ကို အားရှိပါးရှိ ဖက်ထားသေး၏။ နောက်တစ်ပုံတွင် ထမင်းပင် ခွံ့ကျွေးနေသေးသည်။

ကျွန်တော် ထူပူရှက်ရွံ့သွား၏။ ဒေါသထွက်သွား၏။ တစ်ပြိုင်တည်းတွင် အမေ့ကို ကျွန်တော် မနာကြည်းနိုင်။

အမေနှင့် စုကြေးစုကြသော အန်တီကြီးတွေ အိမ်မှာ လာအော်ဆဲကြတော့ ကျွန်တော် အမေ့ကို မုန်းမိပြန်သည်။ ကျွန်တော် တုန်တုန်လှုပ်လှုပ် ဖြေရှင်းခဲ့ရသည်။ သိမ်သိမ်ငယ်ငယ် တောင်းပန်ခဲ့ရသည်။

သို့သော် အမေနှင့်ညီမလေးမသိအောင် အဖေ ခိုးစုပေးထားသော၊ အဖေတို့ သုံးယောက်စလုံး မသိအောင် ကျွန်တော် ခိုးစုထားသော ငွေတွေကို ပေးလျော်လိုက်သည်အထိတော့ ကျွန်တော် တာဝန်မယူခဲ့ပါ။ ဒါ အမေ့ကိစ္စ၊ အမေနဲ့ ညှိပါဟုသာ ပြောခဲ့သည်။

ပြောရလျှင် အမေရော ညီမလေးပါ အိမ်ကထွက်သွားကြသည်ကို စိတ်ထဲမပေါ့ပါးကောင်း ပေါ့ပါးနေသည်။ တစ်ချိန်မှာ ကျွန်တော်က ဦးစွာထွက်ခွာဖို့ ကြိုတင်ကြံစည်ခဲ့ပေမဲ့ ဖြစ်မယ့်ဖြစ်တော့ သူတို့က စောစီးစွာ သွားဖြစ်ကြသည်။

ယခု ကျွန်တော့်အလှည့်။ ကျွန်တော့်ကို မျှော်ကိုးအားထားပြီး ငွေစုကူခဲ့မှန်းသိသော်လည်း အဖေ့ကို ကျွန်တော် ဖွင့်ပြောနှုတ်ဆက်ခဲ့ချင်သေးသည်။ ကျွန်တော် ရေကြည်ရာ မြက်နုရာကို ရှာဖွေတော့မည်။

ကျွန်တော် အဖေ့ရှေ့ ရောက်လာတော့ အဖေက တရားထိုင်နေရာမှ ကျွန်တော့်ကို တည်ငြိမ်သော မျက်လုံးအစုံနှင့် ကြည့်သည်။ ထို့နောက် ကျွန်တော် ပါးစပ်ပြင်လိုက်စဉ်–

"အဖေ ဘုန်းကြီးဝတ်တော့မယ် သား။ ဒီအိမ်ရဲ့ သောက်ပြဿနာတွေထဲမှာ အဖေ မနစ်မွန်းချင်ဘူး"

❑

ကျွန်တော်တို့အိမ်တွင် အိမ်မရှိ။ အိမ်ကြီးပေါ်၌ ကျွန်တော်တစ်ယောက်တည်း။ ကျွန်တော် ဆာလောင်နေတတ်ပြီထင်သည်။ ။

■

**မိုးဦးနေ**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးတောင်းပန်လို့ ဆောင်ကြဉ်းပေါ်..

သင်းအောင်သန်း

ကိုယ်တာဝန်ယူရတဲ့ ဘယ်လုပ်ငန်းမဆို တာဝန်ခံမှု၊ တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုတွေ ရှိခဲ့မယ်ဆိုရင် ခံစားသင့်၊ ခံစားထိုက်တဲ့ရလဒ်ကို တရားမျှတစွာ အပြည့်အဝရမှ လောကကြီးဟာ လှပလိမ့်မယ်။ ဒီလိုဆိုရင် ကျုပ်ကို တစ်ယူသန်လို့ ပြောကြမလား မသိဘူး။ တကယ်တော့ စွန့်လွှတ်ပေးဆပ်ရမှုတွေ ရှိလို့သာ တစ်ယူသန်မှုတွေ ပေါ်ပေါက်လာရတာလို့ ကျုပ် ရဲရဲကြီး အာမခံပြောရဲပါတယ်ဗျာ။

❑




၁။

စစ်အင်နဲ့ သီပေါက ၁၁ မိုင်လောက်ဝေးပေမဲ့ ရထား အတက်အဆင်း ခရီးသည် အမြဲရှိတာမို့ တပ်မတော်သား တွေနဲ့အတူ ကျုပ်တို့ BCA သံချပ်ကာ ကားလေးစီးပြီး နေ့စဉ် အတက်အဆင်း ရထားတွေမလာခင် ကြိုတင်ရောက် နေရတာ။ ဒေသခံ တိုင်းရင်းသားတွေနဲ့ ကုန်ပစ္စည်းတွေ တန်ဆာလုပ်ပေးရ၊ လက်မှတ်ရောင်းပေးရ၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဝင် အထွက် ရထားတွေ စီစဉ်ပေးရနဲ့ အချိန်တိုအတွင်း ထောင့်စေ့အောင်လုပ်ပေးရတဲ့ အလုပ်တွေက ကျုပ်တို့ တာဝန်ပါ။ လုံခြုံရေး ဘယ်လောက် ယူထားယူထား၊ တစ်ခါတလေ အဆင်းရထားဖြစ်ဖြစ်၊ အတက်ရထားဖြစ်ဖြစ် အပြင်အလံတိုင်မှာ ရပ်ထားရတာ အကြိမ်ကြိမ်ပါပဲ။ ရောင်စုံ သောင်းကျန်းသူတွေက အဲဒီခေတ်မှာ မီးရထားကို ဒုက္ခအပေးဆုံးဖြစ်လို့ပါ။ ရှမ်းပြည်နယ်မြောက်ပိုင်း မပြောနဲ့၊ ရန်ကုန်-မန္တလေး လမ်းပိုင်းမှာပဲ ပဲခူးကနေ တောင်ငူ မရောက်မချင်း ကြားထဲက လမ်းခရီးမှာ ရှေ့ပြေးကင်း ရထား လွှတ်ပေမဲ့ နောက်ကကပ်ပါလာတဲ့ လူစီးအမြန်ရထားတွေ မိုင်းထိတာ အကြိမ်ကြိမ်ပါပဲ။ စစ်အင်လိုဘူတာသေးသေးလေးမှာ လုံခြုံရေးတာဝန်ယူထားတဲ့ တပ်မတော်သားတွေနဲ့အတူ ကျုပ်တို့ ရင်မြေကတုတ်လုပ်ပြီး ကြံ့ကြံ့ခံတွန်းလှန်ခဲ့လို့ ဒီနေ့အထိ အသက်ရှင်နေသေးတာပေါ့ဗျာ။ စစ်သားမဟုတ်ပေမဲ့ စစ်ထိုးစစ်ခင်းတဲ့ နည်းပရိယာယ်ကို ယူတတ်ပြီး အတူယှဉ်တွဲ တိုက်ပွဲဝင်ခဲ့လို့လည်း သေမင်းနှုတ်ခမ်းဝက လွတ်လာတာပေါ့။ ခုပြော ခုထိ ကျောချမ်းတုန်း။ ကျုပ်လည်း ဘာထူးမှာလဲ။ အတူဆင်း၊ အတူတက်၊ အတူတိုက်ခဲ့ရတာ။ အဲဒါ ဖဆပလခေတ်ရဲ့ လက်ထောက် ရုံပိုင်အဖြစ်နဲ့ မီးရထားခရိုင်ဖြစ်တဲ့ မေမြို့မှာ စတင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကပါ။ ပြောလို့သာ ပြော

Oya'
ab mif wiGju
pn ju r jpepfw u s
t v kyaw Gkycd bd
OD v d sq bdv bl
emn n fajymi &ND
v lw bdf
EBacgf¼bdw m
cbBw m
ySOr em,b lw mnBh
]u } w ef
¼kykdf jzpbY
w n0efu sv kefu
t ayu q &naw G
at nu fu
w yn faw Gm,v kH
0kdfyND
pnt kyB D r m,
v bd
ax mnenjyKl w m

ရတာပါ။ အဲဒီရောင်စုံ သူပုန်တွေကြောင့်သာ မီးရထားကြီး စိတ်လုံခြုံရေးအားနည်းခဲ့တာ၊ ခရီး သွားလာရေးမှာ အဲဒီအချိန်က မန္တလေးက မနက် ၅ နာရီ ထွက်လာတဲ့ ၁၀၁ အဆန် ရထားဟာ မေမြို့ကို မနက် ၈ နာရီဆို ရောက်ပြီ။ ဘူတာရဲ့ ဓားလွယ်ခုတ်မှာ တည်ရှိနေတဲ့ စိန့်အယ်လ်ဗတ်ကျောင်းရဲ့ ခေါင်းလောင်းသံနဲ့ ရထားဥသြသံက တစ်ထပ်တည်းကျနေတာဟာ နေ့စဉ်မှန်ကန်တဲ့ ချိန်သီးမြည်သံလေးလို့ဆိုရင် မမှားနိုင်ပါဘူး။

ခရီးသွားပြည်သူတွေအတွက် အချိန်မှန်ရုံတင် မကပါဘူး။ သန့်ရှင်းသပ်ရပ်မှု၊ သက်သောင့်သက်သာ ခရီးသွားလာမှုရှိတာကလည်း မယုံရင် ပုံပြင်ပမာလို့ ပြောရမလိုပါပဲ။ ဝန်ထမ်း အငယ်ဆုံးကနေ ဝန်ကြီးဌာန အမြင့်ဆုံးပုဂ္ဂိုလ်များအထိ တာဝန်သိမှု၊ တာဝန်ခံမှုတွေ ရာနှုန်းပြည့်ရှိခဲ့သလို လူမှန်နေရာမှန် တာဝန်ထမ်းဆောင်ခဲ့ကြလို့လည်း မီးရထားကြီး ရွှေခေတ်ရောက်ခဲ့တာပါ။ လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ပွေလီရှုပ်ထွေးနေတဲ့ ဒီနေ့အချိန်အခါမှာ အဲဒီခေတ်၊ အဲဒီအခါက ကြားတောင် မကြားဖူးတဲ့ သတင်းပါ။ သီပေါက လိမ္မော်သီးစားချင်လို့၊ လားရှိုးက ခေါပုပ်၊ တိုဟူးခြောက်၊ ကြက်သွန်ချဉ် စားချင်လို့၊ ကျောက်မဲက လက်ဖက်ခြောက်ကောင်းကောင်းသောက်ချင်လို့ တောဘူတာလေးတွေဖြစ်တဲ့ ဆီးပင်ကြီးတို့၊ စတုတ္ထလွန်းထိုးတို့က မှာလိုက်ရင် ပေးချင်ကမ်းချင် ကျွေးချင်ကြတဲ့ ကုန်သည်တွေက တာဝန်ကျ ရုံပိုင်မိသားစုတွေအတွက် စေတနာဗရပွနဲ့ ပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ လာဘ်သပ်ပကာမျှော်ကိုးပြီး ကျွေးခဲ့ပေးခဲ့တာ မဟုတ်ပါဘူး။

တာဝန်ယူမှုဆိုလို့ လူဝါတောင်မှာ တာဝန်ကျတုန်းက ရထားတွေအချိန်မှန် အတက်အဆင်းလုပ်စေချင်တဲ့ စေတနာအမှန်နဲ့ ဆောင်ရွက်ခဲ့တာ စေတနာမှန်လို့ ထောင်နန်းမစံရတာ။ ကျုပ်ဆီက အတက်ဒီဇယ်ခေါင်းတွဲ လွှတ်ပေးချင်ပေမဲ့ ဆီးပင်ကြီးနဲ့ အဆက်အသွယ်ပြတ်သွားတာကြောင့် စက်ခေါင်းသက်သက် လမ်းရှင်းလွှတ်လိုက်တာပေါ့ဗျာ။ တစ်ဘူတာနဲ့ တစ်ဘူတာကလည်း ၁၂ မိုင်လောက်ဝေးတော့ ဆက်သွယ်ဖို့ အချိန်စောင့်နေရင်း ရထားတွေပါ ပိတ်ဆို့ကုန်မှာ စိုးတာနဲ့ မီးရထားဥပဒေနဲ့အညီ စက်ခေါင်းမောင်းကို ဟွန်းမပြတ်တီးပြီး အရှိန်ထိန်းနိုင်တဲ့နှုန်းနဲ့ သွားလာဖို့ သတိချပ်လွှာပေးပြီး မောင်းခွင့်ပြုလိုက်တာ။ ဆီးပင်ကြီးဘူတာမှာလည်း လက်တွန်းထော်လီနဲ့ လမ်းဗိုလ်လေးက သူ့တာဝန်သူယူပါမယ်ဆိုပြီး အလုပ်သမားငါးယောက်နဲ့ ကျုပ်ဆီ ဆင်းလာတာ။ ဆင်းလာတဲ့ အကြောင်းက ကျုပ်ဘူတာနဲ့ ပထမလွန်းထိုးအကြားမှာ သံလမ်းပေါ် တောင်ပြိုကြာကျောက်တုံးကြီးကျပြီး ပိတ်ဆို့နေလို့ ဖယ်ရှားဖို့ ဆင်းလာတာ။ ဖြစ်ချင်တော့ စတုတ္ထလွန်းထိုးအလွန် လိုဏ်ဂူအဝင်မှာ မမျှော်လင့်ဘဲ စက်ခေါင်းနဲ့ ထော်လီ ဆုံပါလေရောဗျာ။ အဲဒီမှာ သံလမ်းအလုပ်သမားသုံးယောက် အသက်ဆုံးရှုံးပြီး လမ်းဗိုလ်လေးနဲ့ ကျန်တဲ့ အလုပ်သမားတွေ ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားကြတယ်။ ဆီးပင်ကြီးဘူတာရုံပိုင်ရော၊ ကျုပ်ပါ ရာထူးချခံရပြီး ပထမ ဌာနဆိုင်ရာ စစ်ဆေးတာခံရတယ်။ လမ်းဗိုလ်လေးက သူ့မှာ တာဝန်ရှိပါတယ်ဆိုပြီး သူ့တာဝန်သူယူသွားတယ်။ လုပ်သက်လေးငါးနှစ်အတွင်း တစ်ခါမှ ဒီလိုမဖြစ်ဖူးတော့ စားမဝင်အိပ်မပျော်ဖြစ်ပြီး ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း ရဲအချုပ်ကို အာမခံနဲ့ နေရတဲ့အချိန်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဌာနတွင်းစစ်ဆေးတဲ့အခါမှာ ရထားပို့ဆောင်ရေးချုပ်သာ မပါတာ၊ တိုင်းက ပို့ဆောင်ရေး၊ အင်ဂျင်နီယာစက်မှုတို့ရဲ့ မန်နေဂျာတွေကိုယ်တိုင်ဆင်းစစ်တာ။ မီးရထားဥပဒေနဲ့အညီ စစ်ဆေးပြီး ကျေနပ်လောက်မှ အပြစ်မရှိဘူးလို့ စီရင်ချက်ချခဲ့တာပါ။ ဌာနဆိုင်ရာစစ်ဆေးပြီးပေမဲ့ မြို့နယ်နဲ့ တိုင်းတရားရုံးမှာ ဆက်လက်ပြီးအမှုကို ရင်ဆိုင်ခဲ့ရပါတယ်။ တရားရုံးတွေကလည်း တိတိကျကျကွင်းဆင်းစစ်ဆေးပြီးမှ ကျုပ်ရော ဆီးပင်ကြီးရုံပိုင်ကိုပါ အမှုကကွင်းလုံးကျွတ် လွတ်စေခဲ့တာပါ။ မဖြစ်မနေအရေးပေါ် လုပ်ငန်းစီမံချက်အတိုင်း တာဝန်ထမ်းဆောင်ခဲ့တဲ့ လမ်းဖိုလ်လေးကိုတော့ တရားရှင်နဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါတယ်။ ပြောရရင် ဘုရားတရား မိဘဆရာသမားတို့ရဲ့ မေတ္တာနဲ့ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့တာ။ အဲဒီလောက် ရထားစီးခရီးသည်တွေအပေါ် အချိန်မှန်မှန် ခရီးသွားစေချင်တာ။ အဲဒီစေတနာမှန်လို့ ဒီနေ့အထိ ခလုတ်မထိ ဆူးမငြိခဲ့တာပေါ့ဗျာ။

❑

၂။

ဥပဒေဘောင်အတွင်းက စည်းကမ်းစနစ်တကျ အလုပ်တွေလုပ်ခဲ့လို့ ဦးတိကျဆိုတဲ့ နာမည်ပြောင်ရပြီး လူတိုင်း နှာခေါင်းရှုံ့တာခံခဲ့ရတာ။ ပျဉ်းမနားဘူတာမှ "က" တန်း ရုံပိုင်အဖြစ်နဲ့ တာဝန်ကျတုန်းက အပေါ်က ဆရာတွေ၊ အောက်က တပည့်တွေအားလုံး ဝိုင်းပြီး စာအုပ်ကြီးသမားလို့ ထောမနာပြုကြတာ။ ရေလိုက်ငါးလိုက်မရှိတဲ့ လူ့ခွစာလို့ မှတ်တမ်းတင်ထားကြတာ။ တစ်ရက်မှာ နေ့အမြန် ရထားအချိန်မှန် ဝင်လာပြီး အချိန်မှန်ပြန်ထွက်ဖို့ အားလုံး စီစဉ်ပေးထားပြီးမှ စက်ဖိုလ်နဲ့ ဂတ်ဖိုလ်ကို လက်မှတ်စစ်က တန်ဆာမဲ့ပစ္စည်းတွေ ပါနေလို့ စစ်ဆေးပြီး ဒဏ်ရိုက်ဖို့အတွက် ရထားရပ်ခိုင်းထားတယ်။ ကျုပ်သိတာပေါ့ဗျာ။ ဘယ်သူ ခြေဘယ်လောက်လှမ်းလိုက်ရင် ဘယ်အထိရောက်မယ်ဆိုတာ သိပြီးသား။ ပြီးတော့ အဲဒီအချိန်က ရထားလမ်းတွေက ဒွေးလမ်းမပေါက်သေးဘူး။ တောင်ငူအထိပဲ ရှိသေးတာ။ လောဘူတာမှာ စောင့်နေမယ့် အမှတ် ၃ အစုန်အမြန်ရထားကလည်း အဓိပ္ပာယ်မရှိဘဲ နောက်ကျသွားမှာ။ တန်ဆာမဲ့ဆိုရင် တန်ဆာကို ရထားသွားရင်း ဆောင်ခိုင်း ရတာပဲ။ ခွင်ဆင်တာ၊ ညစ်တာ၊ ပစ္စည်းတွေချခဲ့မယ် ဘာမယ်ဆိုပြီး ရထားရပ်ပြီး ခြိမ်းခြောက်တာ။ ဒီပွဲကို ကျုပ်က တာဝါပေါ်ကနေပြီး အသံချဲ့စက်နဲ့ ရထားထွက်ဖို့ လမ်းရှင်းလက်မှတ် ပေးထားပြီးဖြစ်ကြောင်းနဲ့ ရှေ့ဘူတာမှာ ရထားချင်းဆုံဖို့ရှိကြောင်း ကြေညာပြီး အမြန်ဆုံး ရထားထွက်သွားဖို့ အမိန့်ပေးလိုက်ခါမှ တာဝါပေါ်ကို လက်မှတ်စစ်ချုပ်ကြီး ပျာပျာသလဲ ခြေကားရား လက်ကားရားနဲ့ တက်လာပြီး ရုံပိုင်ကြီး ဘယ်လိုလုပ်လိုက်တာလဲ၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ ဘာလုပ်မယ် ညာလုပ်မယ် ဖြစ်ကုန်တာပေါ့ဗျာ။ ကျုပ်ကလည်း ကိစ္စမရှိဘူး။ ဆရာ ရှေ့ကသွားရင် ကျွန်တော် နောက်က လိုက်ခဲ့ပါမယ်ဆိုပြီး စိန်ခေါ်လိုက်တာ ပွဲပြီးတော့ ကျုပ်က ရန်ကုန်တာဝါ ရုံပိုင်ကြီးအဖြစ်နဲ့ တာဝန်ဆက်ထမ်းရသလို အဲဒီဆရာကြီးက သာစည်ဘူတာ ရောက်သွားတယ်။ ကျုပ်က TI(Traffic Inspector) သွားလာရေးအုပ်အဖြစ် ရာထူးတိုးသွားမှ အဲဒီအကြောင်း ပို့ဆောင်ရေးချုပ်က ခေါ်ပြောလို့ သိရတာ။ အဲဒီရထားမှာ သူပါလာတာ ဘယ်သူမှ အသိမပေးဘဲ တိတ်တဆိတ် စီးနင်းလာတဲ့အကြောင်း၊ လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တဲ့အတွက် ရန်ကုန် တာဝါရုံပိုင်ဖြစ်ပြီး မကြာခင် ရာထူးတိုးပေးတဲ့အကြောင်း သိရတာ။ ရထားတစ်စီး အချိန်မှန်ဖို့၊ အန္တရာယ်ကင်းရှင်းစေဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျုပ်ဆောင်ရွက်ချက်က မီးမောင်းထိုးပြလိုက်တာလို့ ပြောတဲ့အခါ ကျုပ် ဘယ်လောက်နေရထိုင်ရခက်တယ်မှတ်လဲ။

(တာဝန်ကျရာနေရာတိုင်းမှာ နာမည်တစ်လုံးနဲ့ ကျန်ခဲ့တဲ့ မောင်ဆိုတော့ စမ်းချင်တဲ့ ဝန်ထမ်းရှိသလို အကျွမ်းတဝင် ဝင်လုံးချင်တဲ့ ကုန်သည်တွေကလည်း ဒုနဲ့ဒေး တွေ့ဆုံခဲ့ရတာပေါ့ဗျာ)။ သူတစ်ဝက်၊ ကိုယ်တစ်ဝက် အသက်ချင်း အလဲအထပ် လုပ်ခဲ့ရတဲ့ မော်ဟန်နဲ့ ကာဒူကြားမှာ မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထား မိုင်းနင်းမိတဲ့နေ့ကပေါ့ဗျာ။ မိုးယံးညှင်းအထိုင်က တပ်မတော် လုံခြုံရေးနဲ့အတူ မီးရထားဝန်ထမ်းအဖွဲ့ ၃ ဖွဲ့ ပေါင်းပြီး ၂၄ နာရီအတွင်း ရထားတွေသွားလာနိုင်အောင် လုပ်ခဲ့ရတာ။ အဲဒီအချိန်က ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါက်သေးဘူး။ မီးရထားပဲ အားကိုးနေရတာဆိုတော့ အဖွဲ့ပေါင်းစုံ အင်နဲ့အားနဲ့ ဝိုင်းလုပ်ကြတာ။ အဆင်းအတက် ရထား ၂ စီးလုံး ထွက်သွားပြီးမှ မိုးယံးညှင်း ပြန်ရတာ။ ပြန်တော့ အချိန်က သန်းခေါင်ယံချဉ်းကပ်နေပြီ။ အတော်လည်း ခိုက်ခိုက်တုန်အောင်ချမ်းနေပြီ။ ဇောနဲ့ဆိုတော့ အလုပ်သာလုပ်နေတာ၊ အဝတ်အစား ထူထူထဲထဲမပါတာ ဂရုမထားမိသလို အစာရေစာကလည်း ဖြစ်သလို မျှတစားခဲ့ရတာကိုလည်း ဂရုမပြုကြဘူး။ RGC ပေါ်ရောက်မှ ဝန်ထမ်းပေါင်းစုံ ခေါင်းချင်းဆိုင်ပြီး ပြောကြတာပေါ့ဗျာ။ ထားပါလေ၊ အနွေးထည်မပါတာ၊ အစားအသောက်တွေ မပါတာအကြောင်းမဟုတ်မှန်း လေးငါးမိုင်လောက်သွားပြီးမှ သတိရှိကြတယ်။ ကျုပ်တို့မှာ ဘာလုံခြုံရေးအဖွဲ့မှ မပါတော့ဘူး။ လုံခြုံရေးအဖွဲ့တွေက အဲဒီမိုင်းနင်းမိတဲ့နေရာမှာ တာဝန်ဆက်ယူရတယ်။ ကျုပ်တို့က ဆယ်မိုင်လောက်သွားရဦးမှာ။ နီကြင်ကြင်မီးလေးနဲ့ မောင်းနေတဲ့ RGC သံလမ်းပြေးယာဉ်ဟာ ဘယ်ကလောက် လုံခြုံမှုရှိမှာလဲ။ ဒီလိုညဥ့်နက်အချိန်ကြီးမှာ ဘယ်ကို အကူအညီတောင်းခံ


www.burmeseclassic.com

www.burmeseclassic.com

ရမလဲ စဉ်းစားရင်း အဖွဲ့တွေ ချွေးပြန်လာတယ်။ ဒီနေရာက အနက်ရောင်နယ်မြေလေ။ အချိန်မရွေး ထပေါက်ကွဲနိုင်တယ်။ မတတ်နိုင်ဘူး။ ဘုရားတရားအာရုံပြု၊ ရသမျှ အန္တရာယ်ကင်းဂါထာတွေ အာခြောက်အောင်ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ လာခဲ့ရတာ။ အရဏ်ဦး ရောင်ခြည်သန်းချိန်မှာ မိုယ်းညွှင်းကို ရေးရေးလေး မြင်လိုက်ရတော့မှ အသက်နဲ့ ခန္ဓာကိုယ် အိုးစား မကွဲသေးဘူးဆိုတာ စစ်အင်ပြီးရင် ဒီတစ်ကြိမ်ဟာ ဒုတိယအကြိမ် သေမင်းခံတွင်းဝက လွတ်ခဲ့တာပါ။ ခရီးသည်တွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ဖို့အတွက် အမြဲအဆင်သင့်ရှိနေတဲ့ ကျုပ်ကိုယ်ကျုပ်လည်း ခြေဖဝါးက မြေမှုန့်နဲ့ နဖူးသုတ်ရတာ အခါခါပါပဲ။

တဒုန်းဒုန်း တဒိုင်းဒိုင်း တဝုန်းဝုန်းနဲ့ အသက် ဖက်နဲ့ထုပ်ခဲ့ရပြီးမှ တိုင်း(၈) ဟသ်ာတကို ရောက်ခဲ့တဲ့ ကျုပ်ကို ရောက်ရောက်ချင်း သည်းထန်တဲ့မိုးတွေ၊ မြစ်ရေချောင်းရေတွေက တဝုန်းဝုန်းနဲ့ ဆီးကြိုပြန်တယ်။ ပုသိမ်-ဟသ်ာတကြားက တံတားပေါင်းစုံရဲ့ ရေကြီးတိုက်စားမှုဒဏ်ကို အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းပေးရတဲ့ တာဝန်ဟာ နောက်ဆုံး တံတားထိပ်ခေါင်းအုံးအိပ်ရတဲ့ ညများကလည်း ဝသန်ကာလတစ်လျှောက်လုံးလို့ ဆိုရမှာပါ။ ဧရာဝတီမြစ်ရေတက်မှ သာရဝေါ ဟိုဘက်ကမ်းကနေ ဇက်နဲ့ ဒီဘက်ကမ်းကို ရထား

i 0efjr p&W
[ efa[ rnu f l
'P f u kd
c&w bl
ppf w iG u
i 0efjr pfzw f
w kd n;B D
u v n f
u s&W
ES kd du kd
ao G S fyw f l
&yf q kd f
av rnu fat rnf
u kd fk i fycJ m
ckjym
ck
Mu b Dzefzef
x , r ydgo ;w , f

တွဲဆိုင်းတွေ ကူးရတာ၊ ဒီဇယ်ခေါင်းတွဲတွေ ကူးရတာ၊ ဟသ်ာတစ်ဖက်ကမ်းကလည်း တွဲပျက်ခေါင်းပျက်တွေ ပြန်ပို့ရတာ၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို လုပ်ငန်းအသစ်တွေရဲ့ အတွေ့အကြုံတွေဟာ ထာဝရ အမှတ်တရရှိခဲ့တာပါပဲ။ ဝေန်မြစ်ရဲ့ ဟိန်းဟောက်မှုဒဏ်ကို ခံရတဲ့ စစ်အတွင်းက ဝေန်မြစ်ဖြတ်တံတားကြီးကလည်း ကျုပ်ရဲ့ နှလုံးအိမ်ကို သွေးလှည့်ပတ်မှုရပ်ဆိုင်းလောက်အောင် ကိုယ်ထင်ပြခဲ့တာ ခုပြော ခု ကြက်သီးဖြန်းဖြန်းထ,မိပါသေးတယ်။

❑

၃။

မြစ်ရေဝိုင်းနေတဲ့ ဧရာတိုင်းက ပြန်လာတဲ့ ကျုပ်ရဲ့ ပြည်တော်ပြန်ခရီးက အမောမပြေရပါဘူး။ တိုင်းအမှတ် ၄ ပျဉ်းမနားမှာ နှစ်နှစ်လောက် တာဝန်ထမ်းဆောင်နေရချိန်ဟာ မီးရထားဝန်ထမ်း ကျုပ်ဘဝရဲ့ ပတ်စာခွာဖျာလိပ်၊ ကတ္တီပါကားလိပ်ချခဲ့ရတဲ့ နေဝင်ချိန်ပါ။ နေဝင်ချိန်တို့ ထုံးစံအတိုင်း ညီအစ်ကို မသိတသိအချိန်မို့ အဲဒီမသိတသိကို အကြောင်းပြုပြီး ပထမအကြိမ် ATM (Assistant Traffic Manager) ရာထူးအတွက် အင်တာဗျူးမှာ ဘီပိုးစီပိုးတွေကို မကျော်လွှားနိုင်လို့ နဂိုနေမြဲအဖြစ်နဲ့ ကျန်ရစ်ခဲ့ရတယ်။ မီးရထားအကြောင်း နကန်းတစ်လုံးမှ မသိတဲ့လူတွေ နေရာရသွားတာ ကျုပ်ရင်ထဲ ခံပြင်းလွန်းလှတယ်။ ဒီလို မိုးပေါ်ကနေကျလာလို့ မိုးကျရွှေကိုယ်လို့ ခေါ်ကြတာလည်း မဆန်းပါဘူး။ သူတို့ နကန်းတစ်လုံးနားမလည်ဘူး ဆိုတာလည်း ကျုပ် အတင်းအဖျင်းပြောနေတာ မဟုတ်ရပါဘူး။ အမှတ် ၁၈ အထူး အမြန်ရထားမှာ VIP ပါလာတဲ့ တစ်ညပေါ့ဗျာ။ ကျုပ်တို့ ဘူတာရောက်မှ Vacuum ကျပြီး ရထားမထွက်နိုင်ဘူးဖြစ်နေတယ်။ သိကြတဲ့အတိုင်း လူကြီးပါလာတယ်ဆိုတော့ ဘူတာတွင်းက ရုံပိုင်ချုပ်ဧည့်ခန်းမှာ မီးရထားတိုင်းအဆင့်အရာရှိကြီးတွေ အဆင်သင့်ရှိနေကြတယ်။ ရထားထွက်ချိန်ကျနေပြီဖြစ်ပေမဲ့ ရထားမထွက်တဲ့အခါ ဘာလို့မထွက်တာလဲလို့ မေးလာတဲ့ မိုးကျရွှေကိုယ် ကိုဂျမဒါလေးက Vacuum ကျနေလို့ပါလို့ ဖြေလိုက်တော့ မိုးကျရွှေကိုယ်တော်ဟာ "မင်းတို့က သိပ်ညံ့တာပဲ၊ ကျနေတာ ပြန်ရှာကောက်ပြီး ထည့်လိုက်ပေါ့ကွ" လို့ ခပ်မာမာကြီး မာန်ပါလေရောလား။ ဒီစကားကို ရွှေကိုယ်တော်က ကျုပ်နဲ့ တစ်တိုင်းလုံးက အကြီးအကဲတွေရှေ့မှာ ပြောခဲ့တာ။ အမှန်တော့ Vacuum ဆိုတာ လေဘရိတ်ဖမ်းတဲ့ ကိရိယာပေါ်က ဒိုင်ခွက်ဇယားထဲ ပြတဲ့ ကိန်းဂဏန်းတွေပါ။ အဲဒီကိန်းဂဏန်းတွေ လေပေါင် ပြည့်၊ မပြည့် အမြဲပြနေတာ။ လေပေါင်ပြည့်မှ မီးရထားကြီး ထွက်လို့ရတာ။ တစ်ခုခုဖြစ်လို့ ရထားရပ်ဖို့ ဘရိတ်ဆွဲချင်ရင် Vacuum မရလို့ကတော့ ရထားတစ်စီးလုံး သွားရော့လဟယ်ပဲ ဖြစ်သွားမှာ။ စစ်ရမှာက ရထားတွဲဆိုင်းအဆက်တွေက လေပိုက်တွေကို စစ်ရမှာ။ ဟာနေရင်၊ ပေါက်နေရင် အသစ်လဲသင့်လဲရမယ်။ သေသေချာချာ ပြန်ပြီး ချည်နှောင် ချိတ်ဆက်ရမှာပေါ့ဗျာ။ အဲဒါပြောတာ နကန်းတစ်လုံးမှမသိဘဲ ဆရာကြီးလုပ်တော့ လူပုံအလယ်မှာ ဖြန်းဖြန်းကြီး အရှက်ကွဲတာပေါ့။

နိုင်ငံ့တာဝန်ထမ်းတဲ့ ဘယ်ဝန်ထမ်းမဆို အသက်မှ မဟုတ်ဘူး၊ ဘဝပါပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြတာချည်းပါ။ ငါမှ သူမှရယ်လို့ ခွဲခြားပြီးပြောလို့ မရပါဘူး။ လက်ထဲမှာ မြေဖြူလေးတစ်



www.burmeseclassic.com

www.burmeseclassic.com

တောင့်ပဲရှိတဲ့ ကျောင်းဆရာလေး ကျောင်းခန်းထဲမှာ စာသင်နေရင်း အသက်ပေးဆပ်ခဲ့ရတဲ့ သာဓကတွေ ရှိဖူးပါတယ်။ ကဲ… စစ်အင်နဲ့ ကာဒူတို့၊ မော်ဟန်တို့ကြားမှာ တာဝန်ကျလုံခြုံရေးဝန်ထမ်းတွေနဲ့အတူ ကျုပ်တို့တစ်တွေ သေမယ့်ဘေး ပြေးတွေ့ပြီး တာဝန်ထမ်းဆောင်ခဲ့ရတာပဲ မဟုတ်လား။ ပြောချင်တာက ငါကမှ တိုင်းပြည်ကို တကယ်ချစ်တာမို့လို့ အခွင့်အရေးကိုလည်း ငါပဲ အရင်ရသင့်တာလို့ ပြောဖို့ မသင့်ဘူးဆိုတာပါ။ ခုဟာက ရွှေကိုယ်တော်တွေဟာ ဒီလိုနဲ့ အထက်စီးကနေ လုပ်ငန်းအကြောင်းဘာမှမသိဘဲ ဟောက်ဟယ်ငေါက်ဟယ်နဲ့ အခန့်သားနေရာယူသွားကြတော့ ကျုပ်တို့လို တစ်သက်လုံးဘဝတွေ နှစ်မြှုပ်ပြီး လုပ်ကိုင်လာခဲ့တဲ့လူတွေက အလကားနေရင်း မစ္ဆရိယပွားနေကြရသလို ဖြစ်ကြရတယ်။ အဲဒီတုန်းက ဝန်ကြီးရဲ့ ယောက်ဖ အလယ်တန်းပြကျောင်းဆရာတစ်ယောက်ဆို ကျုပ်ရာထူးနေရာမျိုးကို တိုက်ရိုက်ခန့်လိုက်တာလည်း ရှိခဲ့ဖူးသေးတယ်။ ဒီလိုပြောတော့ ကျုပ်က မုဒိတာမပွားနိုင်သူကြီးဖြစ်ရလေရော။ အမြင်မတော် ဆင်တော်နဲ့ခလောက် ဆိုသလိုဖြစ်သင့်၊ မဖြစ်သင့် ပြောတာပါ။ ကိုလိုနီဘဝက ရထားသံလမ်းတံခါးပိတ်တဲ့ ဘဝကနေ တစ်ဆင့်ပြီးတစ်ဆင့် ရုံပိုင်ချုပ်ကြီးထိ ဖြစ်သွားခဲ့ဖူးသူတကယ်ရှိဖူးပါတယ်။ ဒီလိုပြောရင်လည်း ခင်ဗျားတို့က ကျုပ်ကို ကျွန်စော်မပျောက်သေးတဲ့စိတ် ရှိနေတယ်လို့ ပြောကြမယ်။ လက်သင့်ရာ စားတော်ခေါ်ရာက မီးရထားအကြောင်း ဂဃနဏမသိဘဲ ဆရာကြီးဝင်လုပ်တဲ့ ပုဂ္ဂိုလ်တွေလက်ထဲမှာ ရထားကြီးတစ်စင်းလုံးရဲ့ ဝိတ်ချိန်မခန့်မှန်းနိုင်ဘဲ လောဘဇောနဲ့ တင်ခဲ့တဲ့ ကုန်ချိန်တွေကြောင့် မဲဇာအတက်မှာ ရထားကြီးနောက်ကျွမ်းပြန်ကျပြီး မဲဇာတံတားအောက် စုံးစုံးမြုပ်ခဲ့ရတာ ဘယ်လောက်ရင်နာဖို့ကောင်းလဲ။ တန်ဖိုးကြီးမားတဲ့ခေါင်းတွဲနဲ့ ရထားတွဲဆိုင်းတွေဟာ နိုင်ငံခြားငွေတွေနဲ့ ဝယ်ထားရတာပါ။ ဒါ့အပြင် လူတွေရဲ့ အသက်ပေါင်းများစွာ စတေးခဲ့ရသလို ပစ္စည်းတွေလည်း ဆုံးရှုံးခဲ့ရတယ်။ ဒီလိုဖြစ်ခဲ့ရတာ ရွှေကိုယ်တော်တွေရဲ့ လက်ချက်လို့ ပြောရင် ကျုပ်တစ်ဇွတ်ထိုး ပြောတယ်လို့ ထင်ကြဦးမယ်။

ချိန်ခွင်တစ်ဖက်တစ်ချက်စီမှာ ကျုပ်ရဲ့ မီးရထားလုပ်သက် ၃၅ နှစ်အတွင်း တာဝန်ကျေခဲ့တဲ့ဘက်နဲ့ တာဝန်မကျေတဲ့ဘက်ကို ထိုးချိန်ကြည့်လိုက်။ ဘယ်ဘက်က သာမလဲလို့။ အဲဒီလိုပဲ ကျုပ်နဲ့ မိုးကျမောင်တွေနဲ့ ဘဝမှာ ပေးဆပ်ခြင်းနဲ့ ရယူစံစားခြင်းဆိုတာကို ညီမျှခြင်း ထိုးကြည့်လိုက်။ ချိန်ခွင်ညီမျှခြင်းတွေရဲ့ ဟိုဘက်ခြမ်း၊ ဒီဘက်ခြမ်းဟာ ညီနေမယ်ဆိုရင် ကျုပ်ဟာ စပျစ်သီးမစားရလို့ ချဉ်တယ်ပြောတဲ့ မြေခွေးလိုမျိုးလည်း ဖြစ်လာစရာ မရှိဘူးပေါ့။

❑

၄။

ဒါကြောင့် ခင်ဗျားကို ကျုပ်ပြောခဲ့ပါတယ်။ တစ်ယူသန်ခြင်းရဲ့ အခြားတစ်ဖက်မှာ ပေးဆပ်ခြင်းရှိနေတယ်ဆိုတာကို…။ ■

**သင်းအောင်သန်း**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

# စကားလုံး ယဉ်ကျေးမှု

**မင်းဦးအောင်**

မနက်စောစောဆိုရင် မြန်မာ့အသံ ရေဒီယိုလေးဖွင့်ပြီး နားထောင်ဖြစ်ပါတယ်။ အဓိက,ကတော့ "သတင်း" နားထောင်ချင်တာပါ။ အခုတစ်လော အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ တင်းမာမှုကလည်း စိုးရိမ်စရာ၊ စိတ်ဝင်စားဖွယ် ရာပဲလေ။ မနက် ၈ နာရီ သတင်းလာအပြီး လွှင့်တာတွေ ဆက်နားထောင် ဖြစ်တော့ ဆရာ မောင်ခင်မင်(ဓနုဖြူ) ရေးသားတဲ့အပေါ်မှာ မှီငြမ်းပြီး အမျိုးသမီးနှစ်ဦး စကားပြောတဲ့ပုံစံနဲ့ ထုတ်လွှင့်တဲ့ "မြန်မာစာ၊ မြန်မာစကား" အစီအစဉ်ပါ။ မြန်မာစာကို စိတ်ဝင်စားသူ၊ လေ့လာနေကြသူတို့အတွက် လေးနက်တဲ့ အစီအစဉ် ကောင်းလေးပါပဲ။ ကျွန်တော်တို့ ငယ်ငယ်ကလည်း အဆိုတော် "မင်းမင်းလတ်"ကြီးရဲ့ **လမ်းပေါ်က ဝေါဟာရများ** စာအုပ်ကို တစ်ခါ ဖတ်ကြည့်ဖူးပါတယ်။ မင်းမင်းလတ်ပုံနဲ့ ခေတ်ပေါ် ပြောနေကျ လူငယ်စကားလုံးတွေကို စုစည်းထားတာပါ။ နောက်တော့ စိစစ်ရေးက လိုက်သိမ်း နေတယ်ကြားလို့ စာအုပ်လည်း မတွေ့ရတော့ပါဘူး။ နှမြောစရာပါပဲ။ အခု ဆရာ့ဆောင်းပါး ကို မြန်မာ့အသံက ဝန်ထမ်းအမျိုးသမီး ပညာရှင်ညီအစ်မတို့ နှစ်ယောက်အပြန် အလှန် ဆွေးနွေးကြတာဟာလည်း မြန်မာစကား၊ မြန်မာသတ်ပုံတွေအတွက် တော့ စာရေးဆရာကြီး မောင်ခင်မင် (ဓနုဖြူ)ရဲ့တင်ပြထားမှုတွေက တကယ် ကို အရေးပါလွန်းပါတယ်။

❑

ဖတ်ဖြစ်တာတော့ ကြာခဲ့ပါပြီ။ ကလျာမဂ္ဂဇင်းမှာပဲ ထင်ပါရဲ့။ စာရေး ဆရာ၊ ရုပ်ရှင်သရုပ်ဆောင် ကိုသုမောင် ရေးထားတာပါ။ တစ်နေ့တော့ သူ့အိမ် ကို ဖုန်းလာလို့ ကိုင်ဖြစ်လိုက်တော့ "ဆရာ ကိုသုမောင်လား"လို့ မေးတဲ့ အတွက် "ဟုတ်ပါတယ်"လို့ ဖြေတော့ တစ်ဖက်က စကားပြောသူက "ကျွန် တော် မြို့နယ်မဂ္ဂဇင်းကို တာဝန်ယူနေ ရပါတယ်။ စာမူလေးတစ်ပုဒ်လောက် ချီးမြှင့်ပါ" ဆိုတာနဲ့ ကိုသုမောင်က "ဘယ်သူပါလဲ"လို့ မေးလိုက်တော့ စာရေးဆရာ၊ ကဗျာဆရာကြီး "မင်းသု ဝဏ်"ဖြစ်နေပါတယ်။

ကိုသုမောင်က လန့်သွားပြီး "ဟာ… ဆရာကြီး၊ ဟော့ကောင် ဗလ၊ ကလေးတွေအတွက် ငါ စာမူလိုချင် တယ်။ မြန်မြန်ရေးပေးစမ်းကွာလို့ ခိုင်း ရင် ချက်ချင်းရေးပေးပါ့မယ်။ ဆရာကြီး နဲ့ ဖေဖေ(စာရေးဆရာသာခု)က ရင်းနှီး တဲ့ မိတ်ဆွေတွေပဲ မဟုတ်လား"လို့ ရှင်းပြတော့ ဆရာကြီး မင်းသုဝဏ်က "ကျွန်တော့်သားသမီးအရွယ်နဲ့ မဆိုင် ပါဘူး။ ကျွန်တော်က ကိုသုမောင်ရဲ့ "စာရေးဆရာ" ဆိုတဲ့ ဂုဏ်သိက္ခာကို လေးစားလို့ပါ။ စာဖတ်တဲ့သူတွေ အတွက်လည်း အကျိုးရှိစေချင်လို့ပါ။ ဒါကြောင့်"ဆရာ"လို့ သုံးနှုန်းတာပါ"လို့ ရှင်းပြပါတယ်။ ကိုသုမောင်က မြန်မာ ပီသပြီး စကားလုံး အသုံးအနှုန်းတွေပေါ် မှာ တန်ဖိုးထားတဲ့ ဆရာကြီး မင်း သုဝဏ်အကြောင်းကို ဂုဏ်ပြုရေးသား ထားတာပါ။ အလုပ်သဘောအရရော၊ အနုပညာအနေနဲ့ပါ လေးစားသမှု ရှိ ခြင်းကို တန်ဖိုးထား ရေးသားဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာပဲ ဖြစ်ပါတယ်။

❑

ကြာတော့ ကြာခဲ့တဲ့ ကိစ္စပါပဲ။ လွန်ခဲ့သော နှစ်နှစ်ဆယ်ဝန်းကျင်လောက်က ဖြစ်ပါလိမ့်မယ်။ အဲဒီတုန်းက 'ရွှေအမြုတေမဂ္ဂဇင်း'က ၃၃ လမ်း အပေါ်ဘလောက် ထိပ်စွန်းဘက်မှာပါ။ စာရေးဆရာမ မြနှောင်းညို အဲဒီတိုက်မှာ ထိုင်လေ့ရှိတာကိုလည်း မှတ်မိပါသေးတယ်။ ကျွန်တော် က ဒါရိုက်တာတွေ ဖန်တီးမှု အနုပညာ အကြောင်းကို 'ဖန်တီးသူတို့ နှလုံးသား' အမည်နဲ့ လစဉ်ရေးဖြစ်နေတဲ့ အချိန်ပါ။ လစဉ်အချိန်မီ ပြီးစီးရေး အတွက်လည်း ဆရာ ဦးဝင်းငြိမ်းက အမြဲပြောပါတယ်။ ဒါရိုက်တာတွေကလည်း ကိုယ့်အကြိုက်ကို တော်တော်လေး စုံခဲ့ပါပြီ။

တစ်လမှာတော့ ဆရာ ဦးဝင်းဖေကို တွေ့ဆုံဖို့ ဖြစ်လာပါတယ်။ ဆရာကြီးက မန္တလေး ပန်းချီကျောင်းအုပ်ကြီး၊ ပန်းချီဆရာ၊ စာရေး ဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာအနေနဲ့ အောင်မြင်မှု အားကြီးသူပါ။ ရန်ကုန်မှာတော့ ဘောက်ထော်၊ ပြည်သာယာဘက်မှာနေတာကို မှတ်မိနေပါသေးတယ်။ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ ဧည့်ခန်းထဲမှာ သမီးဖြစ်တဲ့ အဆိုတော် မီမီဝင်းဖေ ထိုင်နေတာကို တွေ့ရပြီး ဆရာကြီး ထွက်လာတော့ 'လာဗျာ၊ ဟိုဘက်မှာ စကားသွားပြောရအောင်' လို့ ဆိုပြီး တစ်ဖက်ကပ်လျက်မှာ သစ်သားအိမ်ပုံစံမျိုး အခန်းလေးထဲမှာ ပန်းချီကားတွေ၊ ဆေးတွေ၊ စုတ်တံတွေနဲ့ သစ်သားကုလားထိုင်ခုံလေးတွေ ချထားပါတယ်။ ဆရာကြီးရဲ့ အနုပညာအလုပ်ခန်း ဖြစ်ပါလိမ့်မယ်။

စကားပြောကောင်းတဲ့ ဆရာ ဦးဝင်းဖေဟာ အကြောင်းအရာတိုင်းကို လေးလေးပင်ပင်၊ စေးစေးပိုင်ပိုင်နဲ့ စိတ်ဝင်စားအောင် စကားပြောကောင်းတဲ့သူပါပဲ။ ပန်းချီဆရာဘဝ၊ ပန်းချီကျောင်းအုပ်ကြီးဘဝ၊ စာရေးဆရာ ဖြစ်လာခဲ့ပုံ၊ ဇာတ်ညွှန်းရေးဆရာ ဖြစ်လာခဲ့ပုံ၊ ရုပ်ရှင်ကား ရိုက်ကူးဖြစ်လာခဲ့ပုံတွေကအစ တစ်ဆင့်ချင်း ပီပြင်အောင် စိတ်ဝင်စားဖွယ်ရာဖြစ်အောင် ပြောပြသွားခဲ့တာပါ။ ကားရိုက်ဖို့ မင်းသားရက်ကျပ်တဲ့အတွက် အနုပညာအရ အဆင်ပြေအောင် ဖန်တီးဖြစ်ခဲ့ပုံ၊ ကင်မရာတစ်လုံးတည်း ရိုက်နေတဲ့ခေတ်မှာ ပြင်ဦးလွင်မှာ မင်းသား ပြေငြိမ်းနဲ့ ရိုက်တော့ နှစ်လုံးနဲ့ ရိုက်၊ နောက်ပိုင်း သုံးလုံးအထိ ကင်မရာခွင်ကို ပီပြင်အောင် ချထားနိုင်ခဲ့ပုံတွေကအစ ဇာတ်လမ်းတစ်ပုဒ် ဖန်တီးဖြစ်ပုံ၊ ဇာတ်ကားကို စိတ်ဝင်စားအောင် အမည်ပေးဖြစ်ပုံတွေ၊ ပရိသတ်ကို ပေးနိုင်မယ့်အကြောင်းအရာ စသည်ဖြင့် စုံလင်အောင် ပြောပြခဲ့တာပါ။

ဒါရိုက်တာဆိုတာ 'ရိုက်ကွင်းဘုရင်'ဆိုတဲ့ စကားပြဿနာကိုလည်း ရှင်းပြပါသေးတယ်။ အနုပညာအကြောင်းအရာတစ်ခုကို ပူးပေါင်းလုပ်ဆောင်ကြတဲ့အကြောင်း၊ နားမလည်သေးရင် နားလည်အောင် ခံစားသက်ဝင်လာအောင် ရှင်းပြတတ်ရမယ့် အကြောင်း၊ ငါပြောသလိုလုပ် ဆိုတာမျိုး မဖြစ်သင့်တဲ့အကြောင်း။ **မိုးပေါ်ရောက်မယ့် လူနှစ်ယောက်** ဗီဒီယိုကို ကျော်ဟိန်း၊ ခန့်ဝင်းတို့နဲ့ ရိုက်ဖြစ်တော့ ဇာတ်သိမ်းခန်းမှာ သီချင်းဆိုရင်း ကျော်ဟိန်း ကွယ်လွန်ရမယ့် အခန်းကို ဦးဝင်းဦး ရိုက်ခဲ့တဲ့ **မုံရွေးရှည်** နဲ့ ဇာတ်သိမ်းပုံ တူနေသဖြင့် ဦးကျော်ဟိန်းကို ဇာတ်လမ်းသဘောအရ ဇာတ်သိမ်းအထိ ဖြစ်လာခဲ့ပုံများကို ပီပြင်အောင် ရှင်းပြပြီးမှ ဦးကျော်ဟိန်းက ခံစားသက်ဝင်ပြီး ပီပြင်အောင် ရိုက်ပေးဖြစ်ခဲ့ကြောင်း ရှင်းပြပါတယ်။

ဆရာကြီး ဦးဝင်းဖေနဲ့ တွေ့ဆုံမေးမြန်းခဲ့တာမှာ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်၊ ရုပ်ရှင်ကားကောင်းတစ်ကားကို ကြည့်နေရသလိုမျိုး ခံစားမိခဲ့ရတယ်။ အနုပညာ အားကောင်းသူတွေမှာ စကားပြောလည်း ကောင်းသလို စကားလုံး သုံးနှုန်းပုံတွေကလည်း သေသပ်လှပလှပါတယ်။ ဆရာကြီးသားအရွယ် ကျွန်တော့်ကိုတောင် 'ခင်ဗျား'၊ 'ကျွန်တော်' အသုံးအနှုန်းတွေ လေးလေးစားစား ပြောဆိုဆက်ဆံနေတာကို ခံစားရတော့ ကိုသုမောင်က ဆရာကြီး မင်းသုဝဏ်အကြောင်း လေးလေးစားစားနဲ့ ဂုဏ်ပြုဖော်ပြရေးသားခဲ့တာလေးကိုလည်း သတိတရ ရှိမိခဲ့တယ်လေ။ မြန်မာစာ၊ မြန်မာစကားဆိုတဲ့အတိုင်း ယဉ်ကျေး သိမ်မွေ့မှုနဲ့အတူ စိတ်ဝင်စားအောင်ပြောပြနိုင်တာ၊ အကျိုး ဖြစ်ထွန်းစေတာ၊ အနုပညာ ရသမြောက်စေတာ ဟာလည်း၊ ကိုယ်ပြောဆိုလိုက်တဲ့ အမူအရာဟန်ပန်နဲ့ သုံးနှုန်းတဲ့ စကားလုံးယဉ်ကျေးမှုဟာလည်း အလွန်ကို အဓိပ္ပာယ် ရှိနေတာကို ခံစားနားလည်မိလိုက်ပါတော့တယ်။

■ **မင်းစိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို အတော်မုန်းသော ပုဂ္ဂိုလ်များရှိသည်ဟု ကျွန်တော် သိပါသည်။ ကျွန်တော် သူတော်ကောင်းကြီး မဟုတ်ပါ။ သို့သော် ကျွန်တော်တော့ သူတို့အပေါ် မေတ္တာမပျက်ပါ။ ဘာကြောင့် မေတ္တာမပျက်ရလဲ မေးပါမူ ကျွန်တော့်စာများသည် ဖတ်ချင်သူဖတ်၊ ကြိုက်လျှင်ယူ၊ မကြိုက်လျှင် ပယ်ရုံသာမက ခြေဖြင့်နင်းခြေပစ်နိုင်ဖို့အတွက် ဖြစ်သည်။ ကျွန်တော့် စေတနာ အလျောက် ကျွန်တော်ရေးချင်တာ ကလေးတွေကို ရေးတတ်သလို ရေးပြလိုက်ရလျှင် ကျွန်တော့်ဘက်က ကိစ္စပြီးပါပြီ။ ကင်လိုကင် ဖုတ်လိုဖုတ်-ဆိုသလို လုပ်ချင်ရာ လုပ်ပစ်လိုက်နိုင်ပါသည်"

# အုတ်လှေကားကလေးတွေ

**'ရွှေစင်နှင်းဆီနှင့် အက်ဆေးများ'** စာအုပ်အမှာစာတွင်လည်း ဆရာသည် ဤသဘောမျိုးရေးခဲ့သည်ဟု အောက်မေ့မိပါသည်။ စာရေးဆရာ ဘာကြောင့် စာရေးသလဲ။ လူသည် သူတွေ့တာ၊ မြင်တာ၊ တွေးတာ၊ ယုံတာ၊ မယုံတာ၊ ဖတ်မိတာ၊ ခံစားမိတာတွေကို ပြန်ပြောချင်တတ်သည်။ အများသူငါက နှုတ်ဖြင့် ပြန်ပြောသည်။ လူအများ ကြားစေချင်သည့်အခါ အသံကျယ်ကျယ် ပြောသည်။ အော်ပြောသည်။ အသံချဲ့စက်၊ မိုက်ခရိုဖုန်း စသည်တို့ဖြင့် ပြောသည်။ပို၍ကျယ်ကျယ်လောင်လောင် ပြောချင်သည့်အခါ စာရေး၍ ပြောပါသည်။ ထို့ကြောင့် စာရေးဆရာတစ်ယောက် ရေးလိုက်သော စာသည် 'အများပိုင်ပစ္စည်း' မဟုတ်စေကာမူ 'အများနှင့်သက်ဆိုင်သောပစ္စည်း' ဖြစ်လာရပါသည်။

ခေါင်းဆောင်အပေါ် ဝေဖန်ချက်၊ တရားရုံး၏ ဆောင်ရွက်မှုအပေါ် ဝေဖန်ချက်၊ စာရေးဆရာ၊ အနုပညာသည်တို့ အပေါ် ဝေဖန်ချက်တို့အား အသရေဖျက်မှုမှ ကင်းလွတ်ခွင့်ပေးထားခြင်းမှာ 'အများနှင့်သက်ဆိုင်သောကြောင့်' ဖြစ်ပါသည်။ ဆရာသည် ပင်ကိုရေးဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး၊ ဘာသာပြန်များ အပြင် 'အင်္ဂလိပ်-မြန်မာ အဘိဓာန်' ကိုပင် ရေးသားပြုစုခဲ့သော စာရေးဆရာကြီးတစ်ဦး

အမှတ် ၃၄၄၊ ဒီဇင်ဘာ၊ ၂၀၁၈

ရုပ်စုံမဂ္ဂဇင်း

## အက်ဆေးအကြောင်း အက်ဆေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်ကို အများသိကြပါသည်။

ဆရာငယ်စဉ်က ရေးခဲ့သည့် **'ဘဝနှင့်စာပေ'** စာအုပ်ကြီးကို ဟိုတုန်းက အားကိုးအားထားပြုခဲ့ရသကဲ့သို့ ခုထိတိုင်လည်း အိပ်ရာနံဘေးမှာထား၍ လှန်လှောဖတ်ရှုရဆဲဖြစ်ပါသည်။ မြန်မာစာပေနယ်တွင် ဆရာကြီးမှိုင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ ကျေးဇူးကတစ်မျိုး၊ ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ တိုက်စိုး၊ တက်တိုးတို့၏ ကျေးဇူးကတစ်မျိုး၊ ဆရာဇန်းမော်တင်အောင်၊ ဒဂုန်တာရာ၊ မြသန်းတင့်၊ တက္ကသိုလ် ဘုန်းနိုင်တို့၏ ကျေးဇူးကတစ်မျိုး ဖြစ်ပါသည်။

သူ့တန်ဖိုးနှင့်သူ၊ သူ့အလင်းနှင့်သူ ကျေးဇူးကြီးသူများချည်း ဖြစ်ပါသည်။

'အုတ်လှေကားကလေး' တွင် ဆရာ တက်တိုးက သူ့ကို မကြာခဏ စာပေဆောင်းပါးများရေးခိုင်းကြောင်း၊ စာရေးဆရာတစ်ယောက်သည် သူ့ဘဝ၊ သူ့အမြင်၊ သူ့ဝါဒ-တစ်ခုရှိပြီး ထိုတစ်ခုကို အခြေပြုကာ စာများကို တသောသော ရေးလေ့ရှိကြောင်း၊ ဝါဒဆိုသည်မှာ နိုင်ငံရေးဝါဒတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ လူ၏ အရေးအရာများတွင် အကျိုးဝင်သော ထင်မြင်ယူဆချက်၊ ယုံကြည်ချက်ကိုဆိုလိုကြောင်း၊ ထို အချက်မှာလည်း စင်စစ် စာရေးဆရာက တသီးတသန့် တီထွင်၊ တည်ဆောက်ခဲ့ခြင်းမဟုတ်ဘဲ သူရေးသမျှ စာများ(ဘဝအမြင်များ)ကို လွှမ်းခြုံလျက် စာဖတ်သူ(အထူးသဖြင့် ဝေဖန်သူ)များက ကောက်ချက်ချခြင်း ဖြစ်မည်ထင်ကြောင်း။

ထို့ပြင် ဆရာက စာရေးဆရာအဖြစ်ကိုရယူရသဖြင့် ကျေနပ်မိကြောင်း။ အကြောင်းမှာ မိမိ၏ဆန္ဒ၊ အတွေးတို့ကို ဖော်ပြချင်သည့် 'စာရေးချင်စိတ်'သည် အခြားသော စိတ်ဆန္ဒများထက် ပိုကဲသောကြောင့်ဖြစ်ကြောင်း သူ့ကိုယ်သူ ပြန်စိစစ်ပါသည်။

jr ef nponaye, fw iGf
q &nB Dbuf
aZmf;S
ri fo kP fwWf
au sZJu w pf;kd
q &nB Ja&Ta' gif
yDkei f
w kd pkd
w u fw kdv Wf
au sZJu w pf;kd
q &mAefarmfw i fat mif
' *kefw m&m?
jro efw i fh
w u úod fb kef;EdkiftwWf
au sZJu w pf;kd
jzpfygon f
o WefzdkEiSb l
o lY v i fEiSb l
au sZL;BD oltrsm;csn f
jzpfygon f

*'စာရေးဆရာဟူ၍သာ အခေါ်ခံရပါသည်။ ကျွန်တော့်မှာ အခြား အခြားသော စာရေးဆရာကြီးငယ်တို့၏ ထက်မြက်ဆန်းကြယ်၍ မက်စဖွယ် အတွေးအခေါ် စိတ်ကူးစိတ်သန်းများ မရှိလှကြောင်း ကျွန်တော့်ကိုယ်ကျွန်တော် သိပါသည်။ ကျွန်တော်၏ စာရေးသက်သည် အတော်ပင် ရှည်လျားခဲ့လေပြီ။ သို့ရာတွင် ကျွန်တော်ရေးသော စာများသည် စာဖတ်ပရိသတ်ကို သိမ့်သိမ့်တုန်သွားအောင် သိမ်းကျုံးဆွဲဆောင်မှု မပြုနိုင်ခဲ့ချေ။ တစ်နည်းဆိုသော် ကျွန်တော်သည် အောင်မြင်သော စာရေးဆရာ မဟုတ်ခဲ့ပါ။ ယခုလည်း မဟုတ်ပါ။ နောင်လည်း ဟုတ်နိုင်မည်ဟု မမျှော်လင့်ပါ'*

ဆရာက သူ့ကိုယ်သူ ပြန်ကြည့်၍ 'အောင်မြင်သောစာရေးဆရာ မဟုတ်' ဟု ပြတ်ပြတ်ရှင်းရှင်းကြီးကိုပဲ အကဲဖြတ် သုံးသပ်ခဲ့ပါသည်။ အကဲဖြတ်ချက် မှန်ခြင်း၊ မမှန်ခြင်းထက် သူ့အတွက်ကိုသူ သံယောဇဉ်ဖြတ်လိုက်နိုင်ခြင်းကို ကျွန်တော်က သဘောအကျကြီး ကျနေမိပါသည်။ ဖုန်၊ သဲ၊ ခဲတို့ ပါဝင်ခဲ့သည်လည်းမဟုတ်ပါဘဲ တစ်သက်ပန်လုံး၊ သည်မျှ စာတွေအများကြီး အားထုတ်ရေးသားခဲ့သော စာရေးဆရာကြီးက သူ့ကိုယ်သူ သာသာထိုးထိုးမဟုတ်ဘဲ စီရင်ချက်ချလိုက်သည့် လွတ်လပ်ပွင့်လင်းမှုမျိုးကို စာရေးဆရာတိုင်းတွင် တွေ့နိုင်သည်မဟုတ်ပါ။

*'ကျွန်တော် စာရေးသည်မှာ ရေးချင်လွန်း၍ ရေးခြင်းပင်ဖြစ်သည်။ ကျွန်တော်ပြောချင်တာကလေးတွေကို ပြောလိုက်ချင်၍သာ ဖြစ်သည်။ ကျွန်တော် ပြောသမျှကို နှစ်သက်လက်ခံလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့ပါ။ လက်ခံခြင်း၊ လက်မခံခြင်းတို့သည် စာဖတ်သူတို့ ပိုင်ဆိုင်သော အခွင့်အရေးကြီးပင် ဖြစ်သည်။ ထိုအခွင့်အရေးကို ဖိစီးတွန်းပို့ခြင်း ပြုပိုင်ခွင့် ကျွန်တော့်မှာ မရှိပါ'*

*'ကျွန်တော်၏ ထင်မြင်ယူဆချက်များ၊ ကျွန်တော်၏ ယုံကြည်ချက်များသည် စာပေလောကတွင် ခေတ်အလျောက် ပေါ်ထွန်းနေသော ဝါဒကြီးများနှင့် ကိုက်ညီစေဖို့ ကျွန်တော်ဘယ်သောအခါမျှ မမျှော်မှန်းမိခဲ့ပါ။ ကိုက်ညီအောင်လည်း မကြိုးပမ်းမိခဲ့ပါ'*

သစ္စာတရား ဖြစ်ပါသည်။ သစ္စာတရားပင် ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော် ယခု ကိုးကားနေသည်မှာ 'ရွှေပြေးစာပေ'က စာရေးဆရာကြီးများ၏ စာမူများကို စုစည်းထုတ်ဝေခဲ့သည့် **'သူတို့ရေးသောစာ'** စာအုပ်ထဲမှ ဆရာ၏ စာတစ်ပုဒ်ဖြစ်ပါသည်။ ပုံနှိပ်မှတ်တမ်းစုတ်ပြဲနေသဖြင့် မည်သည့်ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည်ကို မသိပါ။ ဆရာက 'ခေတ်အလျောက် ပေါ်ထွန်းနေသောဝါဒကြီးများ' ဆိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် တစ်ခေတ်တစ်ခါက ရေပန်းစားခဲ့သည့် Art for people's sake နှင့် Art for art's sake ဆိုသည့် မြန်မာစာပေလောက၏ ငြင်းခုံပွဲ သို့မဟုတ် စာပေတိုက်ပွဲများကို သတိရ လွမ်းဆွတ်လိုက်မိပါသည်။

အောက်တိုဘာ တော်လှန်ရေးပြီးသည့်နောက် အရှိန်အဟုန်ပြင်းပြင်းနှင့် စီးဆင်းလာသည့် "အနုပညာသည် ပြည်သူ့အတွက်" ဆိုသော စာပေဝါဒတစ်ခုသည် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ကျွန်တော်တို့ဌာနေ၌ အားကောင်းမောင်းသန် ဖြစ်လာခဲ့ပါသည်။ ထိုအချိန်တွင် "အနုပညာသည် အနုပညာအတွက်" ဘက်၌ ဆရာ တက်တိုး၊ ဆရာ တင့်တယ်တို့ ရှိသည်ဟု အောက်မေ့မိပါသည်။ ထိုဆရာများအား ပြည်သူကို မျက်ကွယ်ပြုသည့် "ခေတ်နောက်ပြန်ဆွဲနေသော စာရေးဆရာများ" ဟုပင် ပြောဆိုခံခဲ့ရပါသည်။ "ပြည်သူနဲ့နေ၊ ပြည်သူနဲ့သွား၊ စားလည်း ပြည်သူနဲ့" ဆိုသော ကဗျာမျိုးက ခေတ်စားနေချိန်ဖြစ်ရာ "အနုပညာသည် အနုပညာအတွက်" ဆိုသော ဆရာတို့ဘက်သို့ ခေါင်းမဖော်နိုင်အောင် အတိုက်အခိုက်ခံရသည်ကို မှတ်မိနေခဲ့ပါသည်။

ယခုသော် "ပြည်သူနဲ့နေ၊ ပြည်သူနဲ့သွား၊ စားလည်းပြည်သူနဲ့" ဆိုသည့် ဆရာခများလည်း သူ့ပြည်သူနှင့်အတူ စားမဦးချ မနေနိုင်တော့ပါ။ "အနုပညာသည် ပြည်သူ့အတွက်" ဆိုသံတို့လည်း တိုးတိမ်သွားခဲ့ပါပြီ။ "အနုပညာသည် ဘာအတွက်မှမဟုတ်" ဆိုသူများပင် ရှိနေခဲ့ပါပြီ။ "စာပေသင်္ခါရ၊ အယူအဆဝါဒ သင်္ခါရ" ဆိုသည်ကဲ့သို့ အနတ္တသဘောမျှ ဖြစ်ပါသည်။ အစဉ်စီးဆင်းနေသော ရေအလျဉ်တွင် အပြောင်းအလဲများမှာ ရှိနေစမြဲဖြစ်ပါသည်။ "ခေတ်အလျောက် ပေါ်ထွန်းနေသော ဝါဒကြီးများနှင့် ကိုက်ညီစေဖို့ မကြိုးပမ်းခဲ့ပါ" ဟုဆိုသော ဆရာ၏ ခိုင်ကျည်စွဲမြဲမှုကိုမူ လေးလေးစားစား အသိအမှတ်ပြုချင်ပါသည်။

*"ကျွန်တော်စာရေးသည့်အခါ တတ်နိုင်သမျှ ကြိုးစား၍ ကျွန်တော့်စေတနာကို မှန်ကန်အောင်ထားပြီးလျှင် ကျွန်တော် သိသမျှ၊ မြင်သမျှ၊ ထင်သမျှတို့ကို အကြောင်းအားလျော်စွာ ရေးလိုက်သည်။ ဝါဒကြီးများကို ကိုင်စွဲလျက်ရှိသော ဝေဖန်သူများက ကျွန်တော့်ကို ပြစ်တင်ရှုတ်ချသည့်အခါ ကျွန်တော်တော့ ငုံ့၍ခံနေပါသည်။ ဖောက်ပြန်သည်၊ ဘယ်သို့ဘယ်ပုံဖြစ်သည်ဟူသော ဆုံးဖြတ်ချက်များကို ကျွန်တော်တော့ ခွန်းတုံ့မပြန်လိုပါ၊ အယူမခံလိုပါ"*

ရံဖန်ရံခါ ပြင်းထန်စွာ ကဲ့ရဲ့ပြစ်တင်သည်များကို ဆရာက မတုန်လှုပ်ဟု မဆိုနိုင်စေကာမူ မိမိ၏စေတနာကိုသာ ပြန်၍ စစ်မေးလေ့ရှိကြောင်း၊ မိမိကို မုန်းသည်ဟုသိစေကာမူလည်း မေတ္တာမပျက်ဘဲ ကြိုက်လျှင်ယူ၊ မကြိုက်လျှင် ပယ်ရုံဖြစ်ကြောင်း။

ဆရာသည် ဝေဖန်သူများက ပေးသောဝေဒနာကို အတော်အတန်ခံစားခဲ့ရပုံ ပေါ်ပါသည်။

သို့သော် ထိုဝေဒနာကို ဆရာခံယူခဲ့ပုံက တော်တော်လှပါသည်။ သဘောထားပုံကလေးမှာ တော်တော့်ကို နှစ်လိုစရာ ကောင်းပါသည်။ ဆရာက အုတ်လှေကားကလေးလှူဖြစ်သည့်အကြောင်းကို ပြောပြပါသည်။

*"တစ်ခါက ကျွန်တော်နှင့် ဇနီးတို့သည် သံဃာတော်များ ကျောင်းတိုက်တစ်တိုက်သို့ သွားကြရာတွင် တောင်ကုန်းပေါ်ရှိ ကျောင်းတိုက်သို့ ရောက်အောင် ရွှံ့ချောချောနှင့် အသွားအလာခက်လှသည့်လမ်းကလေးဖြင့် ကုတ်တွယ်တက်ကြရပါသည်။ ထိုသို့အခက်အခဲရှိသော လမ်းကလေးကို တက်ရင်းပင် ကျွန်တော့်ဇနီးက စတင်၍ ထိုလမ်းကလေးကို အုတ်လှေကားခင်းပေးလိုက်ရလျှင် ဥဒဟိုသွားလာနေသူတို့အဖို့ သက်သာစရာဖြစ်မည်ဟု အဆိုပြု၍ ကျွန်တော်ကလည်း ဝမ်းမြောက်စွာလက်ခံပြီးလျှင် ဆရာတော်၏ ခွင့်ပြုချက်ကိုယူ၍ အုတ်လှေကားကလေး ဆောက်လုပ်လှူဒါန်းကြပါသည်"*

ကြည်နူးစဖွယ် ဒါနအလှူကလေးတစ်ခုဖြစ်သည်ဟု ဆိုရပါမည်။ သို့ရာတွင် ဤမြေကမ္ဘာ၌ ကောင်းသောအရာကို လုပ်သည့်အခါတိုင်း ဝေနေယျအပေါင်းတို့က ကောင်းချီးပေးခဲ့ကြသည် မဟုတ်ပါ။ ကောင်းတာလုပ်ပါလျက် အငြိုငြင်ခံခဲ့ရသူတွေ တစ်ပုံတစ်ပင် ရှိပါသည်။ အုတ်လှေကားပြီးသည်နှင့်တစ်ပြိုင်နက် အနီးအနားရှိ ကျောင်းတစ်ကျောင်းက ထိုလမ်းမြေနေရာသည် သူတို့ပိုင်ဖြစ်သည်၊ အုတ်လှေကားမှာ ကျူးကျော်၍ ဆောက်လုပ်ထားခြင်းဖြစ်သည်ဟု အာဏာပိုင်တို့ထံ တိုင်ကြားလျက် အုတ်လှေကားကို ဖျက်ဖို့ ကြိုးပမ်းကြသည်တဲ့။ ထိုသို့သော အနှောင့်အယှက်ကြောင့် စေတနာကွက်မည်စိုးသဖြင့် ဆရာတော်က တရားပြလေရာ ဆရာက ဤသို့ ပြန်ပြောပါသည်။

*"တပည့်တော်တို့ ဒီအုတ်လှေကားကို ဆောက်လုပ်စဉ်က တာဝန်ယူပြီး ဆောက်တာမှန်ပေမဲ့ ရေစက်ချပြီး အလှူအထမြောက်ပြီးကတည်းက တပည့်တော်တို့နဲ့ ဘာမှမဆိုင်တော့ပါ။ စတုဒိသာအလှူဖြစ်ပါတယ်။ အုတ်လှေကားကို ဘယ်သူက ဘယ်လိုနည်းနဲ့ပဲ အသုံးပြုပြု တပည့်တော်တို့နဲ့ လုံးဝ မသက်ဆိုင်ပါ။တပည့်တော်တို့ရဲ့စိတ်မှာ စိုးစဉ်းမျှ အနှောင့်အယှက် မရှိပါ"*

ဆရာက ဖြူစင်သောသဒ္ဓါတရားကို ရိုးရိုးလေး ပြသလိုက်ခြင်းဖြစ်ပါသည်။ ထို့အတူ ဆရာ့စာ အဆုံးသတ်ပုံမှာလည်း တိကျသေသပ်ပါသည်။

*"ကျွန်တော်တော့ ကျွန်တော်ရေးသမျှ စာများကိုလည်း ထိုအုတ်လှေကားလိုပင် သဘောထားပါသည်။ အုတ်လှေကားကို တက်ဆင်းသွားလာ၍ လိုရာခရီးသို့ရောက်ကြပါမူ ကျွန်တော် ဝမ်းမြောက်ကျေနပ်ပါသည်။ အုတ်လှေကားကို အမြင်ကတ်၍ ဖျက်ဆီးသူ*



www.burmeseclassic.com

www.burmeseclassic.com

*ပေါ်ထွန်းလာလျှင် ကျွန်တော် ဝမ်းနည်းမိမည်သာ၊ ဝမ်းနည်းရုံသာ ရှိပါချေမည်။ ကျွန်တော် ဆောက်လုပ်ပေးသော အုတ်လှေကားမှာ အများပိုင်ဖြစ်သည်။ အများသုံးချင်သလို သုံးနိုင်သည်"*

ဆရာ့စာက ဤမျှသာဖြစ်ပါသည်။

ဆရာ၏စကားပြေက ရိုးရှင်းပြေပြစ်ပါသည်။ ဆရာသည် "အုတ်လှေကားကလေး"ကို အက်ဆေးတစ်ပုဒ်အဖြစ် ရည်သန်ရေးခဲ့ခြင်း ဖြစ်ဟန်မတူပါ။ သို့သော် အက်ဆေးတစ်ပုဒ်ကဲ့သို့ သေသပ်တိကျ၍ လှပနေပါသည်။ ဆရာ၏ စကားပြေမှာ အကောင်းစားကြီးဟု မဆိုနိုင်စေကာမူ ဆရာ၏ စေတနာမှာ အကောင်းစားဖြစ်ပါသည်။ ဆရာ၏ သဒ္ဓါတရားမှာ အကောင်းစားဖြစ်ပါသည်။

ဆရာက သူ၏စေတနာအလျောက် သူရေးချင်တာကလေးတွေကို ရေးတတ်သလို ရေးပြလိုက်ရလျှင် သူ့ဘက်က ကိစ္စ ပြီးပြီဟု ဆိုခဲ့ပါသည်။ ကင်လိုကင် ဖုတ်လိုဖုတ်-လုပ်ချင်ရာ လုပ်ပစ်လိုက်နိုင်သည်ဟု ဆိုခဲ့ပါသည်။ စာရေးဆရာအနေဖြင့် မိမိ၏ ဖန်တီးတည်ဆောက်မှုတစ်ခုအပေါ် မည်သို့မည်ပုံ သဘောထားခဲ့သည်ကို ရိုးရိုးရှင်းရှင်း ဖော်ပြခဲ့ခြင်းပဲ ဖြစ်ပါသည်။ စာပေဝေဖန်သူ သို့မဟုတ် အကဲဖြတ်သူက သူလေ့လာဆည်းပူးထားသည့် ဝမ်းစာ၊ အတတ်ပညာအလျောက်၊ သူ၏ ခံစားနိုင်စွမ်းအလျောက် ကောင်းမကောင်း၊ သင့်မသင့်၊ လျော်မလျော် ဝေဖန်ချက်၊ ထောက်ပြချက်များ ပြုလုပ်နိုင်ပါသည်။

ထိုသို့ ဝေဖန်ထောက်ပြခြင်းအမှုကို ပြုလုပ်ခွင့်ရှိပါသည်။ ဆရာက အများပိုင်ပစ္စည်းဟု ဆိုပါသည်။ ကျွန်တော်က ထိုသို့မထင်ပါ။ စာပေအနုပညာသည် "အများနှင့်ဆိုင်သော" အသိဉာဏ်ပညာပစ္စည်းတစ်ခုပဲ ဖြစ်ပါသည်။

စာရေးဆရာ အနုပညာသည်များ၏ ဖန်တီးမှု၊ တရားရုံးများ၏ ဆုံးဖြတ်ချက်၊ နိုင်ငံရေးခေါင်းဆောင်တို့၏ အပြုအမူတို့ကို အကျိုးသင့်၊ အကြောင်းသင့် ဝေဖန်ထောက်ပြခွင့်ရှိနေရခြင်းမှာ အများနှင့်သက်ဆိုင်သောကြောင့် ဖြစ်ပါသည်။ စာပေအနုပညာ ဖန်တီးမှုတစ်ခုခုကို ဝေဖန်ထောက်ပြတိုင်း အသရေဖျက်မှု မဖြစ်နိုင်ပါ။ တရားရုံး၏ စီရင်ဆုံး ဖြတ်ချက်ကို ဝေဖန်ထောက်ပြတိုင်း "တရားရုံးကို မထီမဲ့မြင်ပြုမှု"မဖြစ်နိုင်ပါ။ နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ အပြုအမူကို ဝေဖန်ထောက်ပြတိုင်း "အစိုးရကို အကြည်ညိုပျက်စေသည်" ဟု မှတ်ယူရန် မဖြစ်နိုင်ပါ။

အကဲဆတ်တတ်လျှင် သို့မဟုတ် စိတ်သဘောရင့်ကျက်မှုမရှိလျှင် အများနှင့်ဆိုင်သောကိစ္စတွင် မပါဝင်သင့်ပါ။ လူသည် မိမိကိုယ်ကို အဟုတ်ကြီး ထင်တတ်ပါသည်။ သူတစ်ပါးကို အပြစ်မြင်လွယ်တတ်ပါသည်။ ထို့ကြောင့်လည်း အလွယ်ကူဆုံးအလုပ်ကို လွယ်လွယ်ပဲ လုပ်တတ်ကြပါသည်။ ဤမြေကမ္ဘာ၌ အလွယ်ဆုံးအလုပ်မှာ သူတစ်ပါးကို အပြစ်ဖို့ခြင်းဖြစ်ပြီး မလွယ်ဆုံးအလုပ်မှာ မိမိ၏ချို့ယွင်းအားနည်းချက်ကို မြင်အောင်ကြည့်နိုင်ခြင်း ဖြစ်ပါသည်။ မိမိအပြစ်ကို တွေ့မြင်သိရှိ၍ ဝန်ခံဖြောင့်ဆိုရသော အလုပ်မှာ ပို၍ပင် ခက်ခဲပြီး "သူတော်ကောင်းစိတ်" ရှိသူများနှင့် အောင်မြင်သော နိုင်ငံရေးသမား အနည်းအကျဉ်းကသာပဲ လုပ်နိုင်ခဲ့ပါသည်။

ဝေဖန်သူ၊ အကဲဖြတ်သူတို့သည် ကျယ်ပြန့်သော အသိအမြင်၊ အတတ်ပညာရှိဖို့ လိုပါသည်။ သို့မဟုတ် ရှိနေသင့်ပါသည်။ မိမိဝေဖန်သော၊ အကဲဖြတ်သောအရာသည် အုတ်လှေကားလော၊ အုတ်တံတိုင်းလော ဆိုသည်ကို သိမြင်နားလည်နိုင်စွမ်းရှိဖို့လည်း လိုမည်ထင်ပါသည်။

လှေကား သို့မဟုတ် တံတိုင်းဆောက်သူတို့၏ စေတနာကိုလည်း ဆင်ခြင်ကြည့်သင့်ပါသည်။

အုတ်ဖြင့် တည်ဆောက်ထားသည်ချည်း ဖြစ်စေကာမူ လှေကားနှင့်တံတိုင်းတို့တွင် ကွဲပြားသော ရည်ရွယ်ချက်၊ ခြားနားသော စေတနာတို့ ရှိနိုင်ပါသည်။ လှေကားဆောက်သူ၌ အပေါ်သို့တက်ဖို့ရာ ပို၍လွယ်ကူစေလိုသည့် စေတနာကောင်းရှိမည်မှာ မြင်သာသောအချက်ဖြစ်ပါသည်။ တံတိုင်းဆောက်သူ၌မူ စေတနာ အကောင်း၊ အဆိုး ရှိနိုင်ပါသည်။ မတော်မမှန်သော နည်းလမ်းဖြင့် ကျူးကျော်မှုတို့ကို အကာအကွယ်ပြုလိုခြင်းမှာ စေတနာကောင်း ဖြစ်ပါသည်။ ဖြောင့်မှန်စွာ ဖြတ်သန်းသွားလာမှုကို အဆီးအတားပြုလိုခြင်းမှာ အကာအကွယ် မဟုတ်ပါ။ စေတနာကောင်း မဟုတ်ပါ။ စေတနာဆိုး ဖြစ်ပါသည်။ လှေကားသည် တံတိုင်းမဟုတ်ပါ။ လှေကားကိုတံတိုင်းအဖြစ် ရှုမြင်လျက် ဖြိုဖျက်ဖို့ ကြိုးပမ်းမှုများသည် ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။ နာကျင်ဖွယ်ရာဖြစ်ပါသည်။ အနုတ်လက္ခဏာဖြစ်ပါသည်။ စေတနာဖြူစင်စွာ ပြဋ္ဌာန်း၍တည်ဆောက်ထားသည့် အုတ်လှေကားကလေးများတွင် နာကျင်ခံစားမှုရှိနိုင်မည်လားဟု ယခု ကျွန်တော်တွေးနေမိပါသည်။

ကျွန်တော်တို့သည် ဘဝတွင် လှေကားများစွာ တွေ့ခဲ့ရပါသည်။ သူ့အကူအညီဖြင့် တက်ခဲ့ဖူးပါသည်။ သူ့အကူအညီဖြင့် ဆင်းခဲ့ဖူးပါသည်။ တက်သည်ဖြစ်စေ၊ ဆင်းသည်ဖြစ်စေ လှေကားကလေးများသည် သက်သာလွယ်ကူအောင် ဆောင်ကြဉ်းပေးတတ်ပါသည်။ အချို့လှေကားကလေးများမှာ ဟောင်းနွမ်းသွားပါပြီ။ ဆွေးမြည့် ပျက်စီးသွားပါပြီ။ သို့သော် လှေကား၏ ကျေးဇူးနှင့် လှေကားဆောက်သူ၏ စိတ်စေတနာကို မမေ့မလျော့ အောက်မေ့ဆင်ခြင်ရန် ဆရာ၏ အုတ်လှေကားကလေးက သတိပေးလိုက်နိုင်သည်ဟု နှစ်သိမ့်ကျေနပ်နေမိပါသည်။ ॥ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

**ရည်ညွှန်း။** ။အုတ်လှေခါးကလေး (ဆရာတက်တိုး)၊

သူတို့ရေးသောစာ၊ ရှေ့ပြေးစာပေ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အယဉ်မျိုးဆက်
# ခင်စန္ဒာညွန့်

'ကျွန်တော်တို့နှစ်ယောက်သား
တောအကြောင်းတွေ ပြောကြတယ်။
ကျွန်တော်တို့ဟာ ဒါမျိုးတွေပြောမယ့်
နောက်ဆုံးမျိုးဆက် ထင်ပါရဲ့'

တနင်္ဂနွေ နေ့လယ်ခင်းမှာ ဆရာ
တာ(ကိုတာ)၏ **ယဉ်အောင်လုပ်ခြင်း**
စာအုပ်က လူကိုတကယ်ပဲ
ယဉ်အောင် လုပ်နိုင်စွမ်းရှိနေသည်။
ဆရာ တာ ငယ်ငယ်က
တောနှင့် တောင်နှင့်
တင့်တင့်တယ်တယ်
နေခဲ့ပုံတွေကို ပြောပြသည်။
ဆရာ့ငယ်ဘဝမှာ
ချင်းတွင်းမြစ်ကြီးနှင့်
ရွှေမြင်တင်တောင်ရှိသလို
ကျွန်မငယ်ဘဝမှာလည်း
ဧရာဝတီမြစ်ကြီးနှင့်
ကြက်ဖြူတောင်ရှိသည်။
ပြန်အောက်မေ့စရာတွေ
ရှိနေတော့ ဘာကို
ကျေးဇူးတင်မှန်းမသိဖြစ်ရသည်။
အောက်မေ့တာတွေထဲမှာမှ
မြေကြီးနှင့် သစ်ရွက်တွေ၊
ပန်းတွေနှင့် အကောင်လေးတွေ
ထွေးရောယှက်တင်နေခဲ့ရတာတွေကို
ပို၍အောက်မေ့မိသည်။ ဒါဟာ
ယဉ်ခြင်းဖြစ်မည်။

❑

၁။

ရန်ကုန်မြို့၏ တက္ကစီ
ကားပေါ်မှာ ဘေးဘီဝဲယာကြည့်ရင်း
ပန်းကလေးများ
ပွင့်တော့မည့်
ဖူးတံဝင့်လို့ချီ
နေခြည်မှာ
ရွှေရည်လောင်း
ငါ့ဝတ္ထု
'စာသင်ကျောင်း'
ဆိုသည့်
ကဗျာလေးကို
လုံးစေ့ပတ်စေ့
နားလည်ပါလေစ
ပုံနှိပ်စာအုပ်ထဲက
အကြောင်းအရာ
တွေကို
သင်အံ
ရွတ်ဖတ်သည့်
နေရာကို
စာသင်ခန်း
ဟုခေါ်၍
ထိုထို
စာသင်ခန်းများ
အစုအဝေးကို
ကျောင်းဟု
ခေါ်လေသလား

ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရသည့် သူငယ်ချင်းတစ်ယောက်က ပြောဖူးသည်။ "ခုံးစရာ ပန်းမရှိ၊ ပြေးစရာကွင်း မရှိတဲ့ စာသင်ကျောင်းက စာသင်ကျောင်း မဟုတ်ဘူး"။ ကျွန်မ ငယ်ငယ်က ကျောင်းသွားလျှင် ဝန်ထမ်းအိမ်ရာတွေဘက် ခြောက်ခြောက်သွေ့သွေ့ လမ်းဖြူးဖြူးကနေမသွား၊ အိမ်ခေါင်းရင်းဘက် တောရိုင်းထဲကနေ တိုးလျှိုးပြီး နေကြာခင်း၊ ပဲခင်းတွေဖြတ်ပြီး ကျောင်းကိုသွားသည်။ ကျောင်းနှင့်အိမ်က ရှေ့နောက်တည့်တည့်ပင်။ ကြားမှာ အပင်ရိုင်း၊ မြေရိုင်း၊ စိုက်ခင်းတွေရှိသည့် မြေပြန့်ပြန့်တောတစ်ခုသာ ကြားခံနေသည်။ ထိုတောကို ကျွန်မ ချစ်သည်။ ခုံးပြီး ခြေလိုက်လျှင် လက်သည်းနီဆိုး၍ရသည့် ပန်းအရိုင်း အနီလေးတွေရှိသည်။ ဘာရယ်မဟုတ် ခုံးပြီး စာအုပ်ကြားထဲ အညှပ်ခံကြရရှာသည့် ရိုးတံသေးသေး ရှည်ရှည် ပန်းဝါဝါပင်လေးတွေ အုပ်လိုက်ရှိသည်။ ချဉ်ဖြုံးဖြုံး တောပဲလျှော် ဆီးသီးပင်တွေရှိသည်။ အဲဒီတောလေးကိုဖြတ်ပြီးလျှင် ကျွန်မ၏ အလယ်တန်း ကျောင်းခွဲလေးကိုရောက်ပြီ။ ကျောင်းရှေ့တွင် ကုက္ကိုပင်ကြီးကို အလယ်ကောင် ဗဟိုပြုထားသည့် သဲမြေအေးအေးနှင့် ကစားစရာ မြေတလင်းရှိသည်။ ကျွန်မတို့ နယ်ဘက်မှာတော့ ကျောင်းတိုင်းတွင် ကုက္ကိုပင်နှင့် မြေတလင်းရှိသည်။ ဒါဟာ ဇကန်မုချ ကျောင်းပင်။ ရန်ကုန်ရှိ အထပ်မြင့်တိုက်ခန်း စာသင်ကျောင်းများကို မြင်ရသည့်အခါ အတော်ကို စိတ်မသက်သာလှ။ သဘာဝပတ်ဝန်းကျင်နှင့် နီးနှောမှုမရှိသော ကျောင်းကို ဘယ်လိုများ ကျောင်းဟု သတ်မှတ်ပါလိမ့်။ "*ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း*" ဆိုသည့် ကဗျာလေးကို လုံးစေ့ပတ်စေ့ နားလည်ပါလေစ။ ပုံနှိပ်စာအုပ်ထဲက အကြောင်းအရာတွေကို သင်အံရွတ်ဖတ်သည့်နေရာကို စာသင်ခန်းဟု ခေါ်၍၊ ထိုထိုစာသင်ခန်းများ အစုအဝေးကို

aw naw Gaw nin faw G
jr pfaw Gacsnifaw G
w pf [k kw Ecsf
aysnu faysnu b nGw m
, Ob aw EG zdwnh
o n fajcysu EG fyi f
q &mw mw bdsdu u ESh
u Ref w bdsdu u f
(u Ef , ck o u f29 ESf
Mm;r Bo b m0
t v Sw G , fav nu f
aw nifjyKefo GyD J
u Ref ESw av ;u
t o u f20 u Gygw , f
v u &Bu Ref w bd
r sdu u ESw av ;w bd
r sdu u Mm;r Ba&m
b , fav nu faw nif
q u fv u fjyKefw DDv J

ကျောင်းဟု ခေါ်လေသလား။

ကျွန်မတို့၏ စက်ရုံဝန်ထမ်းမိသားစု အလယ်တန်းကျောင်းခွဲလေးမှာတော့ ကုက္ကိုပင်ကြီးက ကြီးလှသည်။ မြေတလင်းက ဖြူးလှသည်။ မြေကြီးထဲကနေ ဗွီပုံသဏ္ဌာန် ခွဲထွက်နေသည့် ပင်စည်နှစ်ခုရှိသည်။ တစ်ခုက အမြင့်နှစ်တောင်လောက်ကနေ မြေကြီးအရင်းထိ ခပ်လျှောလျှော လှီးခံထားရသည်။ ကျွန်မ ကျောင်းစ,တက်သည့် သူငယ်တန်းကနေ အလယ်တန်းပြီးသည်အထိ ကုက္ကိုပင်ကြီးမှာ မပြောင်းမလဲ ဒီပုံပင်။ ကျန်ပင်စည်တစ်ခုက ကစားစရာ အရိပ်ကောင်းကောင်းပေးသည်။ ကျွန်မတို့တွေ အဲဒီခပ်လျှောလျှော ပင်စည်အသားပေါ်ကနေ မြေကြီးပေါ်ကို ဖင်တရွတ်တိုက် လျှောလျှောချလေ့ရှိသည်။ ကျောင်းတွေပြီး၍ ရန်ကုန်ရောက် လုပ်ငန်းခွင်ဝင်သည့် အရွယ်ပင်ရောက်ပြီ။ အဲဒီကုက္ကိုပင်ကြီး အိပ်မက်ထဲ ရောက်ရောက်လာတုန်းပင်။ အလုပ်မှာ အရမ်းပင်ပန်းလာသည့်ရက်မျိုးပေါ့။ ကျောင်းဝင်းပြင်ပ ခြံစည်းရိုးက လှမ်းမြင်ရသည့် မြင်ကွင်းကို အမြဲအိပ်မက်သည်။ အိပ်မက်ထဲက ကုက္ကိုပင်ကြီးမှာ ကျွန်မ ငယ်ငယ်ကလောက် ဖားဖားဝေဝေကြီး မဟုတ်၊ သေးသွားသယောင်။ ကစားနေသည့် ကျောင်းသားလေးတွေလည်း တစ်ယောက်မျှမရှိ။ မြေကြီးကလည်း စိုထိုင်းဆမရှိ၊ ခြောက်သွေ့ပြောင်လင်းလို့၊ ကျောင်းအဆောက်အဦတွေကလည်း ပိန်လှီလို့ တစ်ခုခု ပျောက်ဆုံးခြင်းကို အိပ်မက်မှာ အပြည့်အဝ ခံစားရ၏။

❑

၂။

တစ်လောက ကျွန်မ နယ်ပြန်ဖြစ်သည်။ တူလေးကို ကျောင်းတက်ချိန်နီးမှ ကျောင်းလိုက်ပို့တာ၊ ထမင်းဘူး ပေးမထုပ်တာတွေကို သတိထားမိသည်။ လွှတ်ပေးလိုက်ပါက ကျောင်းတွင် အလွန်အကျွံ ကစားကြောင်း၊ ထမင်းကုန်အောင်မစားကြောင်း အစ်ကိုက ပြောသည်။ ထိခိုက်ဒဏ်ရာဖြစ်မှာစိုး၍၊ အနိုင်ကျင့်ခံရမှာစိုး၍ဆိုကာ စာသင်ချိန် သက်သက်အတွက်ပဲ ကျောင်းကိုလွှတ်သည်။ ထမင်းစား ကျောင်းဆင်းချိန် အကြိုအပို့ လုပ်ပေးသည်။ ကျောင်းတက်ချိန်ကပ်မှ ပြန်ပို့သည်။ အစ်ကိုနှင့် စကားအချေအတင် များရသည်။ ကျွန်မတူလေးအတွက် အတော်စိတ်မကောင်း ဖြစ်ရသည်။ ကလေးမှာ သူငယ်ချင်းတွေနှင့် ကစားချိန်မရှိ။ ကျွန်မ ငယ်ငယ်တုန်းကဆို ထမင်းစားဆင်းချိန် နီးလေ ပျော်ရလေဖြစ်သည်။ သူငယ်ချင်းများနှင့် ဟင်းလဲစား၊ ဝေစားသည်။ ဒါဟာ ဝေမျှခြင်း၏ အစပြုမှု အလေ့အထ။ ထမင်းစားရင်း မနေ့က အိမ်ကခွေးလေး ပျောက်သွား၍ လိုက်ရှာသည့်အကြောင်း၊ ကျောင်းအပြန် နေကြာခင်းထဲ ခိုးဝင်သည့်အကြောင်း စသည်စသည်ဖြင့် ပြောစရာတွေ တစ်ပုံတစ်ပင်။ ဒါဟာ စကားပြောခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

အမြင်ဖလှယ်ခြင်းအတွက် ကနဦး ရပ်ဝန်း။ ထမင်းစားပြီးပါက မုန့်ဈေးတန်းသွား သရေစာတော်ဖီ၊ အချဉ်ထုပ်လေးဝယ်စားပြီး တစ်နေ့တစ်မျိုး မရိုးအောင် ဆော့ကြသည်။ မှတ်မိသေးသည်။ တစ်နေ့ နေ့လယ်ခင်း တူတူပုန်းတမ်း ဆော့ကြတော့ မိသွားမှာစိုး၍ တင်းထားသည့်ကြားက စကပ်ထဲ သေးပေါက်ချမိသွားသည်။ အိမ်ပြန်ပြီး အဝတ်လဲဖို့ မမီတော့။ သေးစိုနေသည့်နေရာကို ရေနည်းနည်းဆေးချပြီး မြေကြီးနှင့် လူးလိုက်သည်။ အဲအတိုင်းပင် အတန်းတက်သည်။ အဲဒါ မှတ်မှတ်ရရ ကျွန်မ စတုတ္ထတန်းနှစ်က။

ဒီနှစ် တူလေး စတုတ္ထတန်းတက်မည်။ ကျွန်မလို စာစိတ်မဝင်စား၊ အဆော့မက်သည့်ကလေး မဟုတ်တောင် ကလေးပီပီ ကစားခွင့် ရစေချင်သည်။ ဒါဟာ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုပင်။ တစ်ဦးတစ်ယောက်ထက်ပိုသော စုဖွဲ့မှု၊ ညှိနှိုင်းလုပ်ဆောင်မှုပင်။ သတိပြုမိသည်။ အတန်းဖော်ယောက်ျားလေးတွေ ဘောလုံးကို မုန့်ဖိုးပိုက်ဆံဖြင့် စုဝယ်ကြပြီး မပျောက်အောင် တစ်ယောက်တစ်လှည့်စီ သိမ်းကြသည်။ ဒါဟာ တာဝန်ခွဲဝေယူမှုပင်။ ရိုးရာကျေးလက် ကလေးကစားနည်းတွေကို လေ့လာထားသည့် ဆရာတစ်ယောက် ပြောပြဖူးသည်။ ရွှေစွန်ညို ကစားနည်းဟာ စည်းလုံးညီညွတ်မှု၊ အားနည်းသူကို ကာကွယ်ပေးလိုမှု၊ မိသားစုစိတ်ဓာတ် စတာတွေကို သင်ကြားပေးသည့် သင်ခန်းစာပင်။ ထို့အတူ ကြက်ဖခွပ်၊ ပြေးတမ်းလိုက်တမ်း၊ ထုပ်ဆီးတိုး ကစားနည်း အားလုံးက ကိုယ်လက်လှုပ်ရှားမှု၊ အများနှင့် အပေးအယူတည့်တည့် ဆောင်ရွက်တတ်မှုကို အထောက်အပံ့ပြုသည့် ကစားနည်းတွေပင်။ ဒါ့အပြင် သတိပြုမိတာလေးတစ်ခုက ကစားသည့်အခါ အရမ်းငယ်သည့် မောင်ညီမလေးတွေကို ထမင်းကျိုး၊ ဟင်းကျိုး သတ်မှတ်ပေးသည့် စည်းမျဉ်း။ သူငယ်ချင်းကိုလည်း အတူတူ ဆော့စေချင်၊ အဲဒီသူငယ်ချင်းမှာ ခါးထစ်ခွင် မောင်လေး၊ ညီမလေးကို ထိန်းရမည့် အလုပ်က ရှိသေးဆိုသည့် အခြေအနေမျိုးမှာ သူငယ်ချင်းလည်း ဝင်ဆော့စေ၊ ကလေးငယ်ငယ်တွေလည်း ဝင်ဆော့စေဆိုသည့် ခွင့်ပြုချက် ကစားနည်းစည်းမျဉ်း။ ဒါဟာ ပါဝင်ခွင့်ကို အသိအမှတ်ပြုခြင်း၊ စာနာမှုကို အခြေခံခြင်းပင်။ ဘယ်သူကစ၍ ဒီ*ထမင်းကျိုး(ချိုး)၊ ဟင်းကျိုး(ချိုး)* စည်းမျဉ်းလေးထွင်ခဲ့သည် မသိ။ ဒီကစားနည်းတွေကို ယနေ့ခေတ် ကျွန်မ တူလေးတို့အရွယ်ကလေးတွေ သိပါလေစ။ ကစားဖူးပါလေစ။ ကျွန်မ တူလေး ငယ်ငယ်ဘဝကို ပြန်တွေးမိသည့်အခါ အမှတ်ရစရာ ခွေးလေးတစ်ကောင်၊ တွယ်တွယ်တာတာ သူငယ်ချင်းလေးတစ်ယောက်တောင် အောက်မေ့စရာ ငယ်ဘဝပုံရိပ်မရှိသည့် အဖြစ်မျိုးဖြစ်မှာ စိုးရိမ်လှသည်။

အဝေးမှာနေနေသည့် ကျွန်မအနေနှင့် တူလေးအတွက် စိတ်မကောင်းဖြစ်ရံ၊ နယ်ပြန်သည့်အခိုက် အစ်ကိုနှင့် စကားအချေအတင်များရံက လွဲ၍ ဘာမျှ မတတ်သာသည့် အခြေအနေ။ ကလေးမှာ ကျောင်းတွင် သူငယ်ချင်း အပေါင်းအသင်းများနှင့် ကစားချိန်မရှိ။ အိမ်ကလည်း ရထားတွဲလို ဈေးဆိုင်တန်းလျားတွင် နေသည့်အတွက် ကစားစရာ နေရာမရှိ။ ဈေးဆိုင်နေရာတွေ ဖြစ်သည့်အတွက် အရပ်ထဲလို အပေါင်းအသင်း မရှိ။ ဆိုင်ခန်း ၃ ခန်းကျော်က ၂ နှစ်လောက်ကြီးသည့် ကလေးမနှင့်လည်း အနိုင်ကျင့်ခံရသည်ဆိုကာ ပေးမဆော့။ ကလေးမနှင့် သွားဆော့လျှင် အရိုက်ခံရမည်ဟု မာန်မဲထားသေးသည်။ ကျွန်မ တူလေးအစား အတော်ရင်လေးသွားသည်။ နောက်ပိုင်း ကျွန်မ နယ်ပြန်ဖြစ်တိုင်း ၈ နှစ်အရွယ် တူလေးကို ဖုန်းတစ်လုံးနှင့် ဂိမ်းဆော့နေသည်သာ အတွေ့များတော့သည်။ ကျွန်မ သက်ပြင်းအခါခါ ချမိသည်။

❑

၃။

ကျွန်မ နည်းနာပြောင်းတော့သည်။ အစ်ကိုနှင့်လည်း အငြင်းအခုံမလုပ်တော့။ တူလေးကို အပင်လေးတွေ၊ အကောင်လေးတွေအကြောင်း ရှင်းပြထားသည့် စာအုပ်လေးတွေကို နယ်ပြန်တိုင်း ယူသွားဖြစ်သည်။ မုံရွေးတိုက်ထုတ်နှင့် ပုံပြောသူများအဖွဲ့က ပုံပြင်စာအုပ်လေးတွေ။ ခြံထဲမှာ အပင်စိုက်ဖို့သူ စိတ်ဝင်စားအောင် မျိုးစေ့လေးတွေ ယူသွားဖြစ်သည်။ အပင်တူတူ စိုက်ကြရအောင်ဟု ဆွဲဆောင်သည်။ တစ်ညနေမှာ အကောင်အထည်ဖော်ဖြစ်သည်။ ဖေဖေ၏ ဥစားကြက်ခြံထဲမှာ မြေနေရာအလွတ်တွေ ပေါလှပေါ့။ နဖူးတွေ့ဒူးတွေ့ အပင်စိုက်မည်ဆိုတော့ ရန်ကုန်အထပ်မြင့် တိုက်ခန်းထဲ အနေများသည့် ကျွန်မအတွက်လည်း စစချင်း အဆင်မပြေလှ။ အဒေါ်ဆိုသည့်ဟန်နှင့် ကလေးအတွက်ဆိုသည့် စိတ်ပြင်းပြမှုနှင့်သာ ပေါက်ပြားနှင့် မြေကို တူးလိုက်၊ ဆွလိုက်မယ် တပြင်ပြင်ရှိပေ မဲ့ စိုက်ပျိုးဖို့ အဆင်သင့် မြေသားရ အောင် ဘယ်လိုပုံစံ ဆွ,ရမလဲဆိုတာ မိမိကိုယ်ကို မသေချာလှ။ ဇဝေဇဝါ။ လက်ထဲထည့်လိုက်သည့် ရွှေဖရုံစေ့ ပြည့်ပြည့်ဖူးဖူး ရှည်သွယ်သွယ်လေးမှာ မြေကြီးစိုစိုလေးထဲ မြန်မြန်ထည့်ပါတော့လို့ ပြောနေသယောင်။ ဒါပေမဲ့ ဖင်တစ်ပြန် ခေါင်းတစ်ပြန်သာ သေချာလှန်လှော ကြည့်နေမိတော့သည်။ တကယ့်ကို အစိမ်းသက်သက် ခံစားချက်တစ်ခုသာ။ ကျွန်မ စဉ်းစားရတော့သည်။ ခြေတွေ၊ လက်တွေပါလာလျက်၊ ရေ၊ မြေ၊ နေဆိုတဲ့ သဘာဝပတ်ဝန်းကျင် ရှိပါလျက်နဲ့ ကိုယ်စားမည့် အစားအစာကိုတောင် ကိုယ်တိုင် မစိုက်ပျိုးတတ်တော့ပါလား။ ဒါဟာ ရှက်ရမည့် ကိစ္စတစ်ခုပဲ။ ငွေရှိလျှင် အစားဝယ်စားလို့ရတယ်ဆိုသည့် ရုပ်ဝတ္ထုကို မှီခိုသည့် စနစ်ထဲ ကျင့်သားရနေပါလား။ သဘာဝတရားကြီးက ကျွန်မတို့လူသားတွေကို ပြီးပြည့်စုံသည့် အခြေအနေတွေ ပေးထားတာကို ကျွန်မတို့ မေ့လျော့နေပါလား။ စက်မှုဖွံ့ဖြိုးလာပြီးနောက် သဘာဝပတ်ဝန်းကျင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လျောညီထွေ နေထိုင်တတ်သည့် လူသား၏ ပကတိ အရည်အသွေးတွေ ပျောက်ဆုံးကုန်ပါလားလို့ တွေးမိတော့သည်။ နောက်ဆုံးမှာတော့ ခြံထဲမှာ အလုပ်လုပ်သည့် အစ်ကိုတစ်ယောက် ကူ၍သာ ၆ ပေစာ ခပ်မြောင်းမြောင်း စိုက်ခင်းလေး ပုံပေါ်လာတော့သည်။ နောက်တော့ နယ်ပြန်ဖြစ်တိုင်း တူလေးနှင့်အတူ အပင်စိုက်တာလေးတွေ ပုံမှန်လုပ်ဖြစ်တော့သည်။ သူကလည်း ဘာလေးစိုက်ချင်တာ၊ ဘာမျိုးစေ့လေး ဝယ်ခဲ့နော် စသဖြင့် တောင့်တလာတတ်၏။ ကျွန်မ ဝမ်းသာရတော့သည်။ ဖုန်းနှင့် ဂိမ်းဆော့ဖို့ သူ သတိမရတော့၊ ရေစပ်စပ် ရွှံ့မြေထဲ သူ၏ ခြေတွေ လက်တွေ ပေပွနေတာကို သူ သဘောကျနေတော့သည်။ အရင်တစ်ခေါက် သူစားချင်သည့် ပင်မှည့်သီးကို အတူတူ ပျိုးခဲ့တုန်းက သူ့မှာ ပျော်မဆုံး။

❑

၄။

ရုပ်ဝတ္ထု မှီခိုမှုကို အခြေပြုထားသည့် စနစ်မှာ မလုံခြုံမှု၊ ကြောက်ရွံ့မှု၊ ရန်လိုမှု၊ ယှဉ်ပြိုင်မှု အားကြီးတာတွေ ရှိနေမှာပဲ။ ကျွန်မတို့ အသက်ရှင်မှုပုံစံဟာ သဘာဝပတ်ဝန်းကျင်နှင့် ကင်းကွာလာသည့်အခါ ရုပ်ဝတ္ထုတွေအပေါ် ပိုမိုအားကိုးလာရတော့သည်။ ရုပ်ဝတ္ထုအခြေပြု အသက်ရှင်မှုပုံစံဟာ ကျွန်မတို့ကို နေ့စဉ်မပြတ် ခြိမ်းခြောက်နေတော့သည်။ ဥပမာ ကျွန်မ၏ နေ့စဉ်ဘဝကို ပြန်လည် ဆန်းစစ်သည့်အခါ ဘွဲ့တစ်ခုလောက် ထပ်ယူမှပါ၊ လစာပိုကောင်းတဲ့ အလုပ်ရမှပါ၊ မြို့ပြလူနေမှုပုံစံမှာ တင့်တင့်တယ်တယ်လေး နေရမှပါ အစရှိသဖြင့် ပူပန်ရသည်။ အရင်းစစ်ကြည့်တော့ လစာကောင်းကောင်းရသည့် အလုပ်ရှိနေသည့်တိုင်၊ ပညာရပ်ဆိုင်ရာများကို လေ့လာဆည်းပူးနေသည့်တိုင် ဘဝလုံခြုံမှုကို ကျွန်မ မခံစားရပါ။ လက်ရှိ ကမ္ဘာကြီး၏ ပင်မပညာရေးစနစ်ဆိုသည်မှာလည်း စီးပွားရေး လုပ်ငန်းတွေ ချဲ့ထွင်ရာမှာ၊ မောင်းနှင်ရာမှာ အထောက်အပံ့ ပြုနိုင်ဖို့အတွက် ထုပ်ပိုးပြင်ဆင်ထားသည့် အကြောင်းအရာတွေ သာ။ ပညာသင်ကြားမှု၏ အနှစ်သာရသဘော၊ ဉာဏ်ပညာသဘော မတွေ့ရ။ ဘဝရှင်သန်ရခြင်း၏ အနှစ်သာရ၊ သတ္တလောကကြီးအပေါ် နားလည် သိကျွမ်းမှု၊ မိမိကိုယ်ကိုသိမှု၊ အများသူငါအပေါ် သနားကြင်နာမှု၊ ကိုယ်ကျင့်တရား၊ မေတ္တာ၏ သဘော စတာတွေကို လက်ရှိ ပညာရေးစနစ်က အခြေမခံ။ အဲဒါကြောင့်ပဲ ယနေ့ခေတ် ကျွန်မတို့တွေဟာ မလုံခြုံမှု၊ ယောက်ယက်ခတ်မှု၊ တစ်ကိုယ်ကောင်းဆန်မှု စတာတွေနှင့် လုံးထွေးရစ်ပတ်နေရတော့သည်။ Resergency Magazine ၏ အယ်ဒီတာ၊ ရှူမေကာ ကောလိပ်၏ တည်ထောင်သူတွေထဲက တစ်ယောက်ဖြစ်သည့် ဆာတစ်ကူမား (Satish Kumar)က လက်ရှိ ပညာသင်ကြားရေး၏ လွဲချော်မှုကို ထောက်ပြရာမှာ "*ကျွန်ုပ်တို့ဟာ သဘာဝပတ်ဝန်းကျင်အကြောင်းကို ကျောင်းတွေမှာ သင်ရတယ်။ တကယ်တော့ သူ့အကြောင်းကို သင်ရမှာမဟုတ်ဘူး၊ သူ့ဆီက သင်ယူရမှာ*" *(It should not be learning about environment. It should be learning from environment.)* "*သူ့အကြောင်းကို သင်တော့ သူ့ကို ဘယ်လိုစီမံမလဲ၊ ဘယ်လို အမြတ်ထုတ်လို့ရလဲ ဒါကို ဦးတည်တော့တယ်။ သူ့ဆီက သင်ယူတဲ့အခါ ဉာဏ်ပညာကိုရတယ်*" ဟု ဆိုပါသည်။ ကျွန်မ တူလေးကို သတ္တလောကကြီးကို ချစ်ခင်မြတ်နိုးသူသာ ဖြစ်စေလိုသည်။ နှလုံးသားလှသည့် သူ၊ စိတ်အေးချမ်း တည်ငြိမ်သည့်သူအဖြစ် မြင်တွေ့လိုလှပါသည်။ တူလေးမှ မဟုတ်ပါ။ ယခုမျိုးဆက်၊ နောင်မျိုးဆက်ကလေးတွေ အားလုံးအပေါ်လည်း ဒီလို စိတ်စေတနာထားမိသည်။ အဲဒီအတွက် လက်ရှိပညာသင်ကြားရေးစနစ်၊ လက်ရှိ လူ့အဖွဲ့အစည်းကို အားကိုးလို့ ရ၊ မရ မသေချာ။

❑

၅။

တောတွေ၊ တောင်တွေ၊ မြစ်တွေ၊ ချောင်းတွေ တစ်မုဟုတ်ချင်း ပျောက်ပျောက်သွားတာ ယဉ်သူတွေအဖို့တော့ သည်းခြေပျက်ဖွယ်ပင်။ ဆရာတာတို့မျိုးဆက်နှင့် ကျွန်မတို့မျိုးဆက်(ကျွန်မ ယခုအသက် ၂၉ နှစ်) ကြားမှာ သဘာဝအလှတွေ ဘယ်လောက်တောင်ပြုန်းသွားပြီလဲ။ ကျွန်မနှင့် တူလေးက အသက် ၂၀ ကွာပါတယ်။ လက်ရှိ ကျွန်မတို့မျိုးဆက်နှင့် တူလေးတို့ မျိုးဆက်ကြားမှာရော ဘယ်လောက်တောင်ဆက်လက်ပြုန်းတီးဦးမလဲ။ ယခု ကျွန်မနှင့် သက်တူရွယ်တူ အပေါင်းအသင်းတွေကြားမှာပင် တောအကြောင်း၊ တောင်အကြောင်းကို စိတ်လိုလက်ရ ချစ်ခင်မြတ်နိုးစွာ အဖော်ပြု၊ စကားစမြည် ပြောပေးမည့်သူ နည်းပါးလှသည်။ သဘာဝလောကကြီးအကြောင်း ချစ်ခင်စိတ်ကို တောနှင့်တောင်နှင့် အကောင်လေးတွေနှင့် တရင်းတနှီး နေခဲ့ဖူးသည့် ငယ်ဘဝ အတွေ့အကြုံက မျိုးစေ့ချပေးခဲ့တယ်လို့ ယူဆမိသည်။ တောနှင့် တောင်နှင့် နေခဲ့ဖူးသည့် မှတ်ဉာဏ်မျိုးစေ့တွေ လူအတော်များများမှာ ရှိစေလိုလှပါသည်။ ဒါပေမဲ့ ယနေ့ခေတ် လူနေမှုပုံစံက သဘာဝတရားကြီးနှင့် လူသားတွေကို ထိတွေ့ရောယှက်မှု နည်းပါးလာစေတော့သည်။ ပိုက်ဆံ၊ နည်းပညာနှင့် ရုပ်ဝတ္ထုပိုင်ဆိုင်မှုနှင့်သာ စိတ်ရော၊ ကိုယ်ရော တန်ဆာဆင်ကြတော့သည်။ သဘာဝတရားကြီးနှင့် ထိတွေ့နေထိုင်မှုဆိုတာ ဝေးစွ၊ မထိတွေ့ မဆက်သွယ်ဘဲ လေ့လာသင်ယူမှုမပြီးမြောက်နိုင်။ ဉာဏ်ပညာကို မရရှိနိုင်။ အဲဒီအတွက် မှန်ကန်သည့် နေထိုင်ခြင်း၊ မှန်ကန်သည့် စိတ်ထားဆိုသည့် ရှင်သန်မှုလမ်းကြောင်း အမှန်ကို ရှာတွေ့ဖို့ ခက်မည်ပင်။ ဆရာ ကိုတာ စိတ်ပူသလို တောအကြောင်း တောင်အကြောင်း ပြောမည့် သူ နည်းလာတော့မှာ အမှန်ပင်။ ယဉ်သူတွေ အသည်းထိတ်ကြပါတော့။ ■

**ခင်စန္ဒာညွန့်**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ညိုဖြူ
# တောတန်းကလေး၏
# ရေးမှုပြ

၁။

မေတ္တာရပ်ကွက်
ကလေးနှင့် သစ္စာရပ်ကွက်
ကလေးနှစ်ခု၏
အကြားတွင်
မီးတားကွက်ရှိသည်။
မေတ္တာရပ်ကွက်က
လမ်းကလေး
ခြောက်လမ်းဖြင့်
ဖွဲ့စည်းထားပြီး
သစ္စာရပ်ကွက်က
လမ်းကလေးခုနစ်လမ်းဖြင့်
ဖွဲ့စည်းထားသည်။
မီးတားကွက်ဟု
ဆိုသော်လည်း သီးသန့်
မြေကွက်လပ်တစ်ခု
မဟုတ်ဘဲ
ကန်စွန်းခင်းကြီးက
ထက်ဝက်ခန့်
နေရာယူထား
သည်။ ကန်စွန်း
ခင်းကြီး၏
အလယ်၌
လူသွားလမ်း
ကလေးတစ်ခုရှိပြီး
ထိုလမ်းကလေး
အတိုင်း လျှောက်သွားပါက
ဘုတာရုံသို့
ရောက်ရှိသည်။ မိုးတွင်း
ဘက်ဆိုလျှင်
ရွှံ့ဗွက်များ
ထ,နေတတ်သဖြင့်
ထိုလမ်းကလေးအပေါ်တွင်
အုတ်ခဲများခင်း၍
သွားရသည်။
မီးတားကွက်၏
အခြားဘက်အခြမ်း
ကတော့ ကုက္ကိုပင်၊
ညောင်ပင် အစရှိသော
သစ်ပင်ကြီးများ
ပေါက်ရောက်လျက်ရှိပြီး
အုပ်အုပ်ဆိုင်းဆိုင်းနှင့်
တောတန်းကလေးတစ်ခု
သဖွယ် ဖြစ်နေသည်။
ညောင်ပင်ကြီး၏ ခြေရင်း၌
လာရောက် စွန့်ပစ်ထားသော
သစ်သားနတ်
ရုပ်တုအကျိုးအပဲ့များ၊
မြင်းဖြူရုပ်တုအဟောင်း
များကိုလည်း တွေ့ရသည်။
ထိုတောတန်းကလေးသည်
စတုရန်းပေ တစ်ရာနီးနီး
ကျယ်ဝန်းကာ မိုးရာသီတွင်
ရွှံ့ဗွက်များထ,နေတတ်

အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့သော် မိုးကုန်၍ ပွင့်လင်းရာသီသို့ ရောက်လာပြီဆိုလျှင် သစ်ပင်ကြီးများ၏ အလယ်တွင် လူသွားလမ်းကလေးတစ်ခု ဖြစ်ပေါ်လာသည်။ ထိုလမ်းကလေးကို ရပ်ကွက်တစ်ခုအကြား ဖြတ်လမ်းတစ်ခုအဖြစ် သုံးကြသည်။ လူများ စဉ်ဆက်မပြတ် ဖြတ်သန်းသွားလာသည့်လမ်း မဟုတ်သည့်အပြင် လူကလည်း အနည်းငယ် ပြတ်တတ်သောကြောင့် နေ့လယ်နေ့ခင်း ဖြတ်သည့်တိုင် မိန်းကလေးများ သွားလေ့သွားထ နည်းပါးသည်။ လမ်းကလေးသည် ဆေးလိပ်ခိုးသောက်သော ကျောင်းသားတချို့၏ ဆေးလိပ်သောက်သည့်ဇုန်ဖြစ်သလို ရပ်ကွက်အတွင်းရှိ သမီးရည်းစားများ ချိန်းဆို၊ စကားပြောရာ ချစ်သူနယ်မြေအဖြစ်လည်း ရပ်တည်လျက်ရှိသည်။ မီးတားကွက်သည် ရပ်ကွက်နှစ်ခုစလုံး၏ အပိုင်ဖြစ်ပြီး သစ္စာဘက်အခြမ်းတွင် ပါဝင်မှုပိုများသည်။ သစ္စာဘက်တွင် ကန်စွန်းခင်းတစ်ခြမ်းနှင့် တောတန်းကလေးပါပြီး မေတ္တာဘက်အခြမ်းတွင်မူ ကျန်ကန်စွန်းခင်းတစ်ခြမ်းသာ ပါဝင်သည်။

❑

၂။

မေတ္တာဘက်အခြမ်း ကန်စွန်းခင်း၏ အစပ်တွင် အိမ်ကလေးနှစ်လုံးရှိသည်။ တူညီသည့်အချက်ကတော့ ဂရန်မရှိ၊ မီတာဘောက်မရှိဘဲ ကျူးကျော်နေထိုင်ကြခြင်းပင် ဖြစ်သည်။ တစ်အိမ်က ဆန္ဒင်းမကင်းသည် ဒေါ်ထား

Jt jyp&Ga..
ao Zsh f
pdfo &W..
yef;EG ta& ..
v rf...
v rf...
b , fjrifw, f
q kd n f
w&dkw ;o drf;w ef
jyef;EG fu pdf}
o Ek;fo Ukd
MuM m;&ydD
q kd Cf
u ykd n kdC
a&csdf
u kd v nhydD
q kd n fu kd
v rfo l
v rfo m;r Sm;
o &Mo n f

ရွှေ၏ အိမ်ဖြစ်သည်။ ဒေါ်ထားရွှေသည် ခင်ပွန်းသည်ရှိစဉ်က ရပ်ကွက်တကာ လှည့်လည်ပြီး အိမ်ငှားဘဝဖြင့် နေထိုင်ခဲ့သည်။ ခင်ပွန်းသည် တိမ်းပါး ပြီးသည့်နောက်ပိုင်း၌ အိမ်ငှားရန် ငွေကြေးအခက်အခဲရှိသဖြင့် ကန်စွန်းခင်းအစပ်သို့ ရောက်လာကာ ကျူးကျော်အိမ်ဆောက်ခဲ့ခြင်းပင် ဖြစ်သည်။ ဒေါ်ထားရွှေတွင် အေးထွန်းဆိုသော သားတစ်ယောက်ရှိပြီး အသက်အစိတ်ခန့်ရှိပြီဖြစ်သည်။ အေးထွန်းက ဒေါ်ထားရွှေ၏ အလုပ်ကို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသည်။ တစ်ခါတစ်ရံတွင် နေ့စားလက်သမားလုပ်လိုက်သေးသည်။ အေးထွန်းသည် ဖခင်ရှိစဉ်ကတည်းက ယာဉ်မောင်းလိုင်စဉ်လုပ်ထားပြီး တက္ကစီမောင်း၍ရသည့် အသိုရောင်လိုင်စင်အထိ ပြုလုပ်ထားသည်။ သို့သော် တက္ကစီတစ်စီးကို စပေါ်တင်နိုင်လောက်အောင် ငွေကြေးမရှိသဖြင့် လိုင်စင်ရှိပါလျက်နှင့် အငှားယာဉ်မောင်းသမားတစ်ယောက် ဖြစ်မလာခဲ့ပေ။

ဒေါ်ထားရွှေသည် နံနက်ပိုင်း၌ ဈေးထဲတွင် ဆန္ဒင်းမကင်းရောင်းသည်။ ဆိုင်ခန်းငှားကာ ရောင်းချခြင်းမျိုးမဟုတ်ဘဲ ဈေးအစပ်တွင်သာ ထိုင်၍ ရောင်းချခြင်းမျိုးဖြစ်သည်။ အဖမ်းအဆီးရှိသော အခါမျိုးတွင် ဒေါ်ထားရွှေသည် ဆန္ဒင်းမကင်းဗန်းကို ခေါင်းပေါ်ရွက်လိုက်ပြီး လမ်းလျှောက်ဈေးသည်တစ်ယောက်၏ အသွင်သို့ ချက်ချင်း ပြောင်းလဲလိုက်သည်။ နံနက်ပိုင်းရောင်း၍ ဆန္ဒင်းမကင်းများမကုန်လျှင် နေ့လယ်ခင်းတွင် ရပ်ကွက်ထဲသို့လှည့်လည်ပြီး တစ်လမ်းဝင်တစ်လမ်းထွက် ရောင်းသည်။ ဒေါ်ထားရွှေ၏ ပင်ကိုအသားမှာ မမည်းသော်လည်း နေပူစပ်ခါး၌ ဈေးရောင်းထွက်ရသဖြင့် အသားအရေတွေက ကြေးနီရောင်ထ နေသည်။ ချွေးထွက်လည်းသန်သဖြင့် တစ်ချိန်လုံးလိုလို ချွေးတွေက တဒီးဒီးကျနေတတ်သည်။ ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ နွေမိုးဆောင်း ဥတုသုံးပါးစလုံး စစ်အင်္ကျီလက်ရှည်အဟောင်းကြီးတစ်ထည်ကို ဝတ်ဆင်လေ့ရှိသည်။

"ဒေါ်ထားရွှေကြီး ကြည့်ပြီး အကြောင်းမသိတဲ့သူဆို ဆန္ဒင်းမကင်းဝယ်စားမှာ မဟုတ်ဘူး"

"အကြောင်းသိတဲ့သူကတော့ ဝယ်တာပေါ့အေ၊ သူ့လက်ရာက ကောင်းတယ်အေ့"ဟု ချီးမွမ်းထောမနာပြုကြသောသူတွေလည်းရှိသည်။

ဒေါ်ထားရွှေ၏ ကျူးကျော်အိမ်ကလေးသည် မေတ္တာ(၃)လမ်းနှင့် နီးသည့်အတွက် ထိုလမ်း၏ ပိုင်နက်အတွင်းတွင်ရှိသည်။ မေတ္တာ(၃)လမ်းသားများသည် ကိုယ့်အလုပ်ကိုယ်လုပ်ပြီး သီးသီးသန့်သန့်နေချင်သော သူများဖြစ်ကြသည်။ တစ်အိမ်ဝင်တစ်အိမ်ထွက် အလှူငွေလိုက်ပြီး ကောက်ခံကြရသော လမ်းမှူးရာထူးကို မမက်မောကြပေ။ ထို့ကြောင့် ရပ်ကွက်ရုံးက အေးထွန်းကို လမ်းမှူးရာထူးပေးသည်။ အေးထွန်းသည် လမ်းမှူးလုပ်ချင်စိတ်မရှိသော်လည်း ကျူးကျော်တွင် နေထိုင်ရသည့်အတွက် ရပ်ကွက်ရုံး၏ တာဝန်ပေးမှုကို မငြင်းပယ်နိုင်ပေ။ ထို့သို့ဖြင့် အေးထွန်းသည် မေတ္တာ(၃)လမ်း၏ လမ်းမှူးဖြစ်လာခဲ့သည်။ ခင်မင်ရင်းနှီးသူများက "အေးထွန်းတို့များ ရာထူးမလိုချင်တာတောင် ရတယ်ကွာ၊ ဖုတ်သွင်းရထားဆိုက်တာပဲ"ဟု ပြောသည့်အခါ "အုန်းပင်တက် ရာထူးပါဗျာ"ဟု ပြန်ပြောတတ်သည်။

ဒေါ်ထားရွှေ၏ အိမ်နှင့်ဘေးချင်းယှဉ်ဆောက်လုပ်ထားသည့် ကျူးကျော်အိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်လုံးကတော့ ဆိုက်ကားသမား ကိုမြညို၏ အိမ်ကလေးဖြစ်သည်။ တစ်အိမ်လုံးက ကြယ်မြင်လမြင်ဖြစ်ပြီး ဗီနိုင်းဘုတ်များဖြင့် ဖာထေးထားသည်။ အိမ်တိုင်များသည် ယိုင်နဲ့နေပြီး အိမ်ကလေး၏ ပုံသဏ္ဌာန်သည် အနားပြိုင်စတုဂံတစ်ခုလိုဖြစ်နေသည်။ ကိုမြညိုက သားသမီးများသဖြင့် တစ်နေကုန်တစ်နေခန်း ဆိုက်ကားနင်းသည့်တိုင် စားဝတ်နေရေးကို ပြေလည်အောင် မဖြေရှင်းနိုင်ပေ။ ညကိုးနာရီထိုးပြီဆိုလျှင် ကိုမြညိုဆိုက်ကားသိမ်းပြီ။ အရက်ဖြူဆိုင်သို့ သွားကာ အဖြူတစ်ပိုင်းလောက် မှီဝဲပြီးတော့မှသာ အိမ်ကလေးသို့ ပြန်သည်။ "*အပြစ်ရှာ…သွေးဖည်စိမ်းသူရဲ…ပန်းနွယ်ရေ…လမ်း…လမ်း…ဘယ်မမြင်တယ်*"ဆိုသည့် တွံတေးသိန်းတန်၏ "*ပန်းနွယ်ကစိမ်း*" သီချင်းသံကို ကြားရပြီဆိုလျှင် ကိုမြညို ရေချိန်ကိုက်လာပြီဆိုသည်ကို လမ်းသူလမ်းသားများ သိကြသည်။

ကိုမြညို၏ ဇနီးသည် မခင်သန်းသည် စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းသည့်အနေဖြင့် နှစ်လုံးထီ လက်ခွဲဒိုင်ရောင်းသည်။ နှစ်လုံးထီ ခေတ်ကောင်းစဉ်အခါကဆိုလျှင် ကိုမြညိုတို့၏ အနားပြိုင်စတုဂံ အိမ်ကလေးအထဲတွင် နှစ်လုံးထီထိုးသည့် မိန်းမများ အိမ်ကလေးကျိုးကျမတတ် ရောက်ရှိနေကြသည်။ နောက်ပိုင်းတွင် ဒိုင်ချုပ်ဖြစ်သူကို ရဲက ဖမ်းသွားသည်ကတစ်ကြောင်း၊ ရပ်ကွက်ရုံးကလည်း ကျူးကျော်တဲတွင်နေလျှင် တရားဥပဒေနှင့် မလွတ်ကင်းသည့်အလုပ်များမလုပ်ရန် သတိပေးသည်ကတစ်ကြောင်းဖြစ်သဖြင့် မခင်သန်း နှစ်လုံးထီမရောင်းဖြစ်တော့။ သည့်နောက်ပိုင်း မခင်သန်းသည် ကိုမြညို၏ ဆိုက်ကားဂိတ်အနီး၌ တုတ်ထိုးများ၊ အကင်များကို ရောင်းချနေသည်။

❑

၃။

နောက်တစ်နှစ်ခန့် အကြာတွင် ထိုကန်စွန်းခင်း အစပ်သို့ ကျူးကျော်အိမ်ကလေး နောက်တစ်လုံး တိုးလာပြန်သည်။ ထိုအိမ်ကလေးက ဒေါ်ထားရွှေတို့၊ ကိုမြညိုတို့ အိမ်ကလေးများနှင့် မားလွယ်ခတ်အနေအထား၌ရှိပြီး သစ္စာရပ်ကွက်ဘက်အခြမ်းတွင် ကျရောက်သည်။ ထိုအိမ်ကလေးက အရင်အိမ်နှစ်လုံးကဲ့သို့ နုံနုံချာချာ မဟုတ်ပေ။ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းသည့်အပြင် အိမ်ဘေး၌ ဝက်မွေးသည့်ခြံကလေးကိုပါ ပူးတွဲဆောက်လုပ်ထား၏။ ထိုကျူးကျော်အိမ်သစ်ကလေး၏ ပိုင်ရှင်ကတော့ မေတ္တာ(၃)လမ်းသား လူပျိုကြီး ကိုကျော်မိုးပင်ဖြစ်သည်။ နေစရာမရှိသူများအဖို့ ကျူးကျော်အိမ်ဆောက်ပြီး နေသည်မှာ သဘာဝကျသော်လည်း ကိုကျော်မိုးကဲ့သို့ တိုက်ခံအိမ်နှင့် နေထိုင်သူတစ်ဦးက ကျူးကျော်အိမ်ဆောက်ကာ ဘာကြောင့် နေထိုင်ရသလဲဆိုသည်ကို တချို့က စဉ်းစားခန်း ဖွင့်ကြသည်။

ကိုကျော်မိုးသည် နေစရာအိမ်မရှိ၍ မဟုတ်။ မိဘများပိုင်သည့် အမွေဆိုင်တိုက်ခံအိမ်ကြီးတစ်လုံးရှိသည်။ သို့သော် ထိုအိမ်ကြီးတွင် လူဦးရေတော်တော်များသည်။ သူ၏မွေးချင်းညီအစ်ကိုများကလည်း အိမ်ထောင်ကိုယ်စီဖြင့်ဖြစ်ကြပြီး မျိုးဆက်သစ်များကိုပါ မွေးထုတ်ပြီးပြီဖြစ်သည်။ အမွေဆိုင်အိမ်ကြီး၌ မိသားစုဝင်တွေများသဖြင့် အချင်းချင်းအကြားတွင် မသင့်မြတ်မှုများ၊ ကတောက်ကဆတ်ဖြစ်မှုများ၊ ရန်ပွဲအသေးစားများကိုပါ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသဖြင့် ကိုကျော်မိုးသည် အမွေဆိုင်အိမ်ကြီး၌ သူ မနေချင်တော့။ လူပျိုကြီးတစ်ယောက်ဖြစ်သဖြင့်လည်း သူ့ခံစားချက်နှင့်သူ အေးရာအေးကြောင်း နေချင်သည်။ သို့သော် တူတွေ၊ တူမတွေက "လေးလေး မုန့်ဖိုးပေးပါဦး၊ လေးလေး ကျူရှင်လိုက်ပို့ပါဦး" ဟူသော ဗာဟီရများကို လုပ်ဆောင်ပေးနေရသဖြင့် သူလည်း အိမ်ထောင်သည်များနှင့်အတူ ရောနှောနေရသည့်ဘဝကို စိတ်ပျက်နေခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကိုကျော်မိုးသည် မီးတားကွက်ကြီး၏ ကန်စွန်းအိုင် အစပ်၌ ကျူးကျော်အိမ်ဆောက်ကာ နေထိုင်ခဲ့ခြင်းဖြစ်သည်။

ကိုကျော်မိုးသည် ပထဝီဘာသာရပ်ဖြင့် ဘွဲ့ရထားသူတစ်ယောက်ဖြစ်သော်လည်း ယခုအခါ၌ သူသည် တက္ကသိုလ်က သင်ကြားပေးလိုက်သော ပညာများကို မေ့မေ့ပျောက်ပျောက်ဖြစ်နေပြီ။ သူသည် ဘွဲ့ရခါစက အစိုးရဌာနတစ်ခုတွင် အလုပ်လုပ်ခဲ့သည်။ နောက်ပိုင်းတွင် လစာကလည်းနည်း၊ သွားရလာရသည်မှာလည်း ပင်ပန်းသဖြင့် သူအလုပ်မှ ထွက်လိုက်သည်။ ထို့နောက် မိဘများထံမှ အရင်းအနှီးတချို့တောင်းပြီး လူစည်ကားသည့် လမ်းဆုံလမ်းခွ တစ်နေရာတွင် စားသောက်ဆိုင်တစ်ဆိုင်ဖွင့်လိုက်သည်။ သို့သော် အမူးသမားများကို နေ့စဉ်နှင့်အမျှ ဆက်ဆံရသည့်အပြင် ဆိုင်ထဲ၌ ခိုက်ရန်ဖြစ်ပွားမှုများကိုပါ ကြုံတွေ့ရသဖြင့် ရုံးသို့ရောက်လိုက်၊ ရဲစခန်းသို့ ရောက်လိုက်နှင့် ပြဿနာပေါင်းစုံကိုပါ ဖြေရှင်းရသည်။ စိတ်ညစ်မခံနိုင်တော့သည့်အဆုံး၌ ဆိုင်ကို သူ စွန့်လွှတ်လိုက်သည်။ ဆိုင်ဆောက်စဉ်ကတည်းက မြေကွက်ချည်း ငှားရမ်းပြီး သစ်သား၊ သွပ် အစရှိသော အိမ်ဆောက်ပစ္စည်းများ ဝယ်ယူကာ မိမိကိုယ်တိုင် လက်သမား ငှားရမ်း၍ ဆောက်လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုင်ဖျက်သောအခါ ထိုပစ္စည်းများကိုပါ ပြန်လည်သယ်ဆောင်လာခဲ့သည်။

ကိုကျော်မိုးသည် စားသောက်ဆိုင် ဖွင့်စဉ်တုန်းကတော့ ဆိုင်မှာပဲ အနေများပြီး ညအိပ်တော့လည်း ဆိုင်မှာပဲ အိပ်သည်။ ဆိုင်မရှိတော့မှ မိဘအိမ်သို့ ပြန်လာကာ မိသားစုဝင်များနှင့်အတူ ရောနှောနေထိုင်ခဲ့ရာမှ သီးသန့်နေချင်စိတ်များ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စားသောက်ဆိုင်ဖွင့်လှစ်တုန်းက ကျန်ခဲ့သည့် သစ်သားများ၊ သွပ်များဖြင့် ကန်စွန်းခင်းအစပ်၌ ကျူးကျော်အိမ်ကလေး ဆောက်ခဲ့သည်။ အနေကြာလာသည်နှင့်အမျှ အခြားကျူးကျော်အိမ်ကလေးနှစ်လုံးရှိ အိမ်သားများနှင့်လည်း ခင်မင်ရင်းနှီးလာခဲ့သည်။

ညချမ်းအခါများ၌ အေးထွန်းသည် ကိုကျော်မိုး၏ အိမ်ကလေးရှိရာသို့ လာပြီး ထွေရာလေးပါးစကားများ ပြောလေ့ရှိသည်။ ကန်စွန်းခင်းပေါ်တွင် တည်ဆောက်ထားသည့် အိမ်ကလေးဖြစ်သဖြင့် ခြင်များ၏ နှိပ်စက်မှုကြောင့် ခြင်ဆေးခွေကို မပြတ် ထွန်းထားရသည်။

'အစ်ကိုကြီး၊ အိမ်ထောင်မပြုတော့ဘူးလား' ဟု အေးထွန်းက မေးသည်။

'မင်းရော ဘာဖြစ်လို့ အိမ်ထောင်မပြုတာလဲ' ဟု ကိုကျော်မိုးက အမေးကို အမေးဖြင့် တုံ့ပြန်လိုက်သည်။

'ကျုပ်တော့လို အိမ်ပိုင်ယာပိုင်မရှိ ကျူးကျော်မှာ နေတဲ့သူကို ဘယ်သူကအိမ်ထောင်ပြုမှာလဲဗျာ'

'အေး၊ ငါလည်း မင်းလိုပေါ့ကွာ'

ကိုမြညိုသည် ရေချိန်ကိုက်၍ ပြန်လာသည့်အခါတိုင်း ကိုကျော်မိုးနှင့်အေးထွန်းတို့ကို မြင်လျှင် 'ဟော့ လူပျိုကြီးနှစ်ယောက်၊ မိန်းမယူဖို့ တိုင်ပင်နေကြတာလား' ဟု နောက်ပြောင်လေ့ရှိသည်။

❑

ကိုကျော်မိုးသည် ကိုယ်တိုင် ဝက်မွေးရုံသာမက မနက်ပိုင်းတွင် ဈေးထဲ၌ ဝက်သားရောင်းလိုက်သေးသည်။ မနက် ငါးနာရီခွဲခန့်တွင် ဝက်ပေါ်သည့်ဒိုင်က ဝက်သားကို လမ်းထိပ်သို့ ကားဖြင့်လာပို့ပေးသည်။ ကိုကျော်မိုးက ဝက်သားများကို ကိုမြညို၏ ဆိုက်ကားဖြင့် တင်ကာ ဈေးထဲတွင် ပြန်ရောင်းသည်။ သူသည် ဝက်မွေးသော်လည်း ဝက်စာကို တကူးတက ရှာဖွေစရာမလိုပေ။ ညနေဘက်တွင် မေတ္တာ(၃)လမ်းထဲရှိ အိမ်များဆီက စားကြွင်းစားကျန်များကို ပုံးတစ်လုံးဖြင့် လိုက်လံစုဆောင်းသည်။ အိမ်များကလည်း စားကြွင်းစားကျန်များကို သွန်ပစ်ရမည့်အတူတူ ကိုကျော်မိုး၏ ဝက်စာပုံးထဲသို့ လိုလိုချင်ချင် ထည့်ကြသည်။ အိမ်အများစုကတော့ သူတို့၏ စားကြွင်းစားကျန်များကို ရှင်းလင်းပေးသော ကိုကျော်မိုးကို ကျေးဇူးတင်ကြသည်။ သို့သော်လည်း ကျောင်းဆရာမ အပျိုကြီးနှစ်ယောက်ရှိသည့် အိမ်ကတော့ စားကြွင်းစားကျန်များကို ဘယ်တော့မှ မပေး။ ထိုအကြောင်းနှင့် ပတ်သက်ပြီး ဘေးအိမ်တွေကမေးသည့်အခါ 'သူတို့ အကုသိုလ် အမှုတွဲထဲ ကိုယ်ပါ ရောပါနေဦးမယ်' ဟု အစ်မဖြစ်သူက ပြောသည်။

သည်လိုနည်းနှင့် ကိုကျော်မိုးထံတွင် ဝက်ကောင်ရေ တော်တော်များများ တိုးပွားလာသည်။ စီးပွားကလည်း တက်လာသည်။ ဈေးထဲတွင် ဝက်သားရောင်းရင်း နှစ်ကျပ်သားခန့်ရှိသည့် ရွှေဆွဲကြိုးကြီးကို ဆွဲထားလိုက်သေးသည်။

❑

၄။

သစ္စာ(၃)လမ်းတွင် 'ကျော်ထင်ရှား' အမည်ရှိသော ဘော်ဒါဆောင်ကြီးတစ်ခုရှိသည်။ ဆယ်တန်းအောင်ချက် မြင့်မားသည့်အတွက် ကျောင်းသားအရေအတွက် ရာနှင့်ချီ၍ရသော ဘော်ဒါကြီးတစ်ခုလည်းဖြစ်သည်။ စာသင်သည့်အသံများ၊ စာသင်စာကျက်ကြသည့်အသံများကလည်း လမ်းထဲတွင် ဆူညံနေသည်။ ထိုဘော်ဒါက ဘော်ဒါနေ ကျောင်းသားကျောင်းသူများအတွက်သာမကဘဲ တခြားကျောင်းသူကျောင်းသားများအတွက်ပါ ကျူရှင်ပုံစံမျိုးတက်၍ရအောင် စီမံပေးထားသည်။ ထို့ကြောင့် တခြားရပ်ကွက်များရှိ ကျောင်းသားကျောင်းသူများကပါ လာရောက်တက်ကြသည်။ အကျိုးဆက်အနေဖြင့် သစ္စာ(၃)လမ်းထဲ၌ ကျူရှင်အပို့အကြိုလုပ်သော ကားများဖြင့် ပြည့်နှက်နေသည်။ လမ်းထဲ ကားရှုပ်သည့်ကိစ္စနှင့် ပတ်သက်ပြီး ရပ်ကွက်ကလည်း ကျော်ထင်ရှားဘော်ဒါအပေါ်တွင် အမြင်မကြည်လင်ပေ။ ထိုဘော်ဒါနှင့် ပတ်သက်ပြီး ဒေါ်လှဆန်းက ကိုကျော်မိုးကို ရင်ဖွင့်သည်။ ဒေါ်လှဆန်းက ဈေးထဲတွင် ကုန်ခြောက်ဆိုင်ဖွင့်ထားသော မုဆိုးမကြီးတစ်ယောက်ဖြစ်သည်။ သမီးနှစ်ယောက်ရှိပြီး နှစ်ယောက်စလုံး အိမ်ထောင်ကိုယ်စီဖြင့်ဖြစ်သည်။ ဒေါ်လှဆန်း၏ အသက်ကတော့ ငါးဆယ်ပြည့်လုပြည့်ခင်ဖြစ်သည်။

'မောင်လေးရေ၊ တို့လည်း လမ်းထဲမှာနေရတာ အတော် စိတ်ပျက်ပါတယ်ဟာ'

'ဘာဖြစ်လို့လဲ မမဆန်း'

'ဘာဖြစ်ရမလဲ၊ တို့လမ်းထဲက ဘော်ဒါပေါ့။ ကျောင်းသားရာနဲ့ချီပြီး ရနေတာတောင် လောဘကတက်သေးတယ်။ ပြင်ပကျောင်းသားတွေကို လက်ခံတယ်လေ။ အခုခေတ်က မင်းသိတဲ့အတိုင်းပဲ၊ ကားတွေက သိန်းတစ်ရာလောက်နဲ့ ရနေတော့ တော်တော်များများက ကားဝယ်တဲ့ခေတ်ကို ရောက်နေပြီလေ။ အဲဒီတော့ ကျောင်းသားမိဘတွေက ကားတွေနဲ့ လာပို့လာကြိုတော့ လမ်းထဲမှာ ကားတွေ ပိတ်ကုန်တာပေါ့။ နောက်ပြီး ကားတွေက အလိုက်ကန်းဆိုး သိတာလည်း မဟုတ်ဘူး။ သူများခြံပေါက်ဝကို ပိတ်ရပ်လို့ရပ်နဲ့။ တော်တော်လေး စိတ်ပျက်ဖို့ ကောင်းပါတယ် ငါ့မောင်ရယ်' ဟု ဒေါ်လှဆန်းက ကွမ်းဝါးရင်း ရှင်းပြသည်။

'ဟိုတလောကလည်း ဘော်ဒါက မိလ္လာရေတွေလျှံလို့ဆို' ဟု ကိုကျော်မိုးက အစဖော်ပေးလိုက်သည်။

'အေးလေ၊ ဘာပြောကောင်းမတုံး၊ မိုးတွေ လေး၊ ငါးရက်လောက် ဆက်တိုက်ရွာတော့ ရေတွေကြီးပြီး မိလ္လာတွင်းတွေ လျှံကုန်တယ်လေ။ အနီးနားက ခြံတွေထဲကို မိလ္လာရေတွေဝင်ကုန်လို့



www.burmeseclassic.com

www.burmeseclassic.com

နံစော်နေတာပဲ။ တို့တွေဆို တစ်ပတ်လောက် ထမင်းကောင်းကောင်း မစားနိုင်ဘူး။ အဲဒီမိလ္လာနံ့ကို ပြန်ပြန်သတိရပြီး ပျို့ပျို့တက်လာတာ’

‘ဟုတ်တာပေါ့ မမဆန်းရယ်၊ ကိုယ့်စီးပွားရေး လုပ်တာလည်း လုပ်တာပေါ့။ ပတ်ဝန်းကျင်ကိုလည်း ထည့်စဉ်းစားရဦးမယ်လေ’

‘စီးပွားရေးဆို တာတော်သင့်ရုံပဲပေါ့ကွယ်။ သူတို့စီးပွားရေး ဘယ်လောက်တက်လာသလဲကိုသာ ကြည့်တော့။ လမ်းထဲကအိမ်တွေ တစ်လုံးပြီးတစ်အိမ်ဝယ်ပြီး စာသင်ခန်းတွေ၊ ကျောင်းသားတွေထားတဲ့ အဆောင်တွေ ဖြစ်ကုန်တာတွေကိုပဲ ကြည့်’

‘ကျော်ထင်ရှား’ ဘော်ဒါသည် လေး၊ငါးနှစ်အတွင်း တစ်စတစ်စ အောင်မြင်ကျော်ကြားလာခဲ့ပြီး လမ်းထဲရှိ အိမ်များကို တစ်လုံးပြီးတစ်လုံး ဝယ်ယူကာ စီးပွားရေး တိုးချဲ့သည်မှာလည်း တစ်ရပ်ကွက်လုံးအသိပင်ဖြစ်သည်။ ဘော်ဒါသို့ ကျူရှင်လာတက်ကြသည့် ကျောင်းသားတချို့ကလည်း လစ်လျှင်လစ်သလို အပြင်သို့ထွက်ပြီး မီးတားကွက်တောတန်းကလေးအထဲတွင် ဆေးလိပ်ခိုးသောက်ကြသည်ကို မျက်ဝါးထင်ထင် မြင်ဖူးသည်။ သို့သော် ဘယ်သူကမှ အမုန်းခံပြီး ဘော်ဒါအုပ်သို့ မတိုင်တန်းကြ။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဒေါ်လှဆန်းက ကိုကျော်မိုးကို ပြောပြန်သည်။

‘မောင်လေးရေ၊ ဘော်ဒါက ကောင်လေးတွေ ညဘက်ဆို ဆေးလိပ်ခိုးသောက်တယ် လို့တောင်ကြားတယ်။ မမဆန်းသိရသလောက် ဘော်ဒါက ခေါင်းဖြူကြီး ဝယ်ပေးတာဆိုပဲ’

‘အေးဗျာ၊ ညစောင့်အဘိုးကြီးကလည်း သူများသားသမီးတွေကို မဖျက်ဆီးသင့်ပါဘူး’

‘သူလည်း ဆေးလိပ်ဝယ်ပေးလို့ မုန့်ဖိုးပဲဖိုးလေး ရရင်ရမှာပေါ့။ နောက်ပြီး ဘော်ဒါက ကောင်မလေးတွေနဲ့ တို့ရပ်ကွက်ထဲက ကောင်လေးတွေ ဇာတ်လမ်းကလည်း ရှိသေးတယ်’

ဒေါ်လှဆန်း၏ စကားကြောင့် ကိုကျော်မိုး အံ့အားသင့်သွားသည်။

‘ကောင်မလေးတွေက ခြံထဲမှာပဲ နေရတာမဟုတ်လား။ ခြံပြင်ကို ထွက်ခွင့်မပေးဘူးလို့ ကြားတယ်’

‘ဟုတ်တယ်လေ။ ကောင်မလေးတွေက ခြံထဲကနေပြီး ခြံပေါက်ဝက ဖြတ်လျှောက်သွားတဲ့ ကောင်လေးတွေကို ကျွတ်ကျွတ်နဲ့ လှမ်းခေါ်ပြီး ရည်းစားစကားပြောတာ’

‘ဟုတ်ပါ့မလားဗျာ’ ဟု ကိုကျော်မိုးက သံသယစိတ်ဖြင့် မေးလိုက်သည်။

‘မင်းက လူပျိုကြီးဆိုတော့ ဘယ်နားလည်ပါ့မလဲ’

ဒေါ်လှဆန်း၏ မြားဦးက သူ့ဘက်သို့ လှည့်လာသဖြင့် ကိုကျော်မိုးသည် စကားစကို ဖြတ်လိုက်သည်။ ဒေါ်လှဆန်းသည် အခါအခွင့်သင့်လျှင် သင့်သလို သူ့ကို ရေလာမြောင်းပေး လုပ်တတ်သည်။ ဒေါ်လှဆန်းတွင် စည်းစိမ်ဥစ္စာ အထိုက်အလျောက်ရှိသည်ကို သူသိပေမဲ့ သူ့ထက် အသက်ဆယ်နှစ်ကျော်ကျော်ကြီးသော မုဆိုးမကြီးကို သူဘယ်လိုနည်းနှင့်မှ ရင်မခုန်ပေ။

‘ကျော်ထင်ရှား’ ဘော်ဒါအုပ် ဦးမင်းမောင်သည် ကိုယ်တိုင် စာပြန်သင်သော သူတစ်ယောက် မဟုတ်ပေ။ အကြောင်းသိများ၏ ပြောစကားအရ ဘွဲ့တစ်ခုမဆို ထားနှင့် ကိုယ်တိုင်ပင် အထက်တန်းစာမေးပွဲကို အောင်မြင်ခြင်းမရှိဟု ကိုကျော်မိုး သိထားသည်။ သူ့ကို ‘ဆရာကြီး၊ ကျောင်းအုပ်ကြီး’ အစရှိသော ဝေါဟာရများဖြင့် ခေါ်ဝေါ်လျှင် အလွန်သဘောကျတတ်သော သူတစ်ယောက် ဖြစ်သည်။ ဘော်ဒါအုပ်ဟု အများကခေါ်ကြသော်လည်း ဘော်ဒါမှတ်ပုံတင်သည့်နေရာတွင် သူ့ဇနီး ဘီအီးဒီဘွဲ့ရ ဒေါ်ခင်ထားရီ၏ နာမည်နှင့်ဖြစ်သည်။

ဦးမင်းမောင်သည် စီးပွားရေးသမားသက်သက်မျှသာဖြစ်သည်။ စာသင်အထိုက်အလျောက်ကောင်းပြီး ကျောင်းသားအများစုနှင့် အဆင်ပြေသည့် လစာကို သူရှင်းသလောက်ဖြင့်သာ သင်နိုင်သည့် ဆရာ ဆရာမများကိုသာ သူ့ထံ၌ ခန့်ထားသည်။ ဂိုက်ပေါင်းများစွာဖြင့်လည်း အားဖြည့်ထားသည်။ တခြားနေရာတွင် အလုပ်တစ်ခုခု ရရှိရန် ခက်ခဲသည့် ဘွဲ့ရပြီးခါစ မိန်းကလေးအများစုသည် ‘ကျော်ထင်ရှား ဘော်ဒါ’တွင် ဂိုက်များ၊ ကြီးကြပ်ရေးမှူးများ ဖြစ်လာခဲ့သည်။ ထိုဘော်ဒါသည် ကံအားလျော်စွာ ကျောင်းသားကောင်းများကို ရရှိသည့်အတွက် အောင်ချက်ကောင်းသည့်အပြင် ဂုဏ်ထူးရှင်များကိုပါ မွေးထုတ်ပေးနိုင်သဖြင့် များမကြာသော အချိန်ကာလအတွင်းတွင် အတိုင်းထက်အလွန် အောင်မြင်ခဲ့သည်။ ❑

၅။

ကျူးကျော်အိမ် ဆောက်ကာ ဝက်မွေးသည့် ကိုကျော်မိုးနှင့် ကျော်ထင်ရှားဘော်ဒါတို့သည် ထိပ်တိုက်တွေ့စရာအကြောင်းရင်းတစ်ခု ကြုံကြိုက်လာခဲ့သည်။ ကိုယ်ပိုင်ကျောင်းများကို အစိုးရက တရားဝင်ဖွင့်ခွင့်ပေးလိုက်သည့် အချိန်ကစတင်ပြီး ကျော်ထင်ရှား ဘော်ဒါသည် ကိုယ်ပိုင်ကျောင်းတစ်ခု၏ အသွင်သို့ ပြောင်းလဲသွားသည်။ ကျောင်းသားဦးရေများ ထပ်မံတိုးပွားလာသဖြင့် ကျော်ထင်ရှား ကိုယ်ပိုင်ကျောင်းအတွက် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ရန် နေရာထပ်မံလိုအပ်လာသည်။ ထို့ကြောင့် ဦးမင်းမောင်သည် မေတ္တာနှင့်သစ္စာ ရပ်ကွက်နှစ်ခုကြားရှိ မီးတားကွက်ကြီးကို မျက်စိကျလာသည်။ တောတန်းကလေးနှင့် ကန်စွန်းခင်းတစ်ဝက်ပါဝင်သည့် သစ္စာဘက်အခြမ်းကို သူ ရရှိလိုက်လျှင် သူ့ကိုယ်ပိုင်ကျောင်းအတွက် အလွန် အဆင်ပြေလိမ့်မည်ဟု သူ တွက်ဆလိုက်သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ -) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ် ၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်

ဖုန်း၀၉-၂၁၃၂၀၇၆၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း)၀၁-၅၅၄၃၉၇/ ၀၉လ-၅၁၁၃၅၁၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်-၀၁/အေ-၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ ဗဟန်း။ ဖုန်း၀၉-၅၁၂၂၀၀၃၊ ၀၁-၅၃၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊ ၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊ ၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ကျုံးမြူရိပ်သာ၊ ကျုံးမြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁-၂၅၂၂၇၂၊ ၀၉-၅၀၈၂၂၄၁၊ ၀၉-၇၉၅၄၄၈၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ ဗိုလ်ချုပ်ဈေး၊ ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ ကမ္ဘောဇရိပ်သာ၊ ဗဟန်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၄၃၉၂၀၊ ၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ "ဒေါ်ရှန်တီ ထာဝရငွေပင်"
လွန်ခဲ့သော ၆၁ နှစ်၊ (၄.၉.၅၇)တွင် ကွယ်လွန်သော
မြန်မာ့မီးရထား လမ်းတံတားအင်ဂျင်နီယာဟောင်း ယာ်တာနာအင်စပက်တော် MR.N.K GOHA နှင့်
(သား) မောင်တင်ညို၊ (သမီး)မမြင့်မြင့်နွယ်တို့အား ရည်စူး၍ ဒေါ်ရှန်တီ ကောင်းမှု။ ၁၀,၀၀,၀၀၀/- (တစ်ဆယ်သိန်း)
အမှတ် ၄၅(က)၊ အထက်လမ်းမကြီး၊ မော်လမြိုင်။

၂။ "သိန်း ထာဝရငွေပင်"
ကွယ်လွန်သူ ဖခင်ကြီး ဦးညောင်(၁၃.၉.၂၀၁၈) ၆ နှစ်ပြည့် ရည်စူးကုသိုလ်
ဦးမြသိန်း + ဒေါ်မြမြသိန်း၊ (သမီး) Dr.စန်းမေသိန်း(နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု) ၈၀၀,၀၀၀/- (ရှစ်သိန်းကျပ်)
အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံ။

www.burmeseclassic.com

www.burmeseclassic.com

၃။ "ပါမောက္ခ ဒေါ်လှမြင့်(ECO) ထာဝရငွေပင်"
မိခင်ကြီး ဒေါ်လှတင်နှင့် ခင်ပွန်း ဦးအောင်ညွန့်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊
ဆောက်/လျှပ်ကုန်သွယ်ရေး)တို့အား ရည်စူး၍ ဒေါ်လှမြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊
စီးပွားရေးတက္ကသိုလ်)မိသားစု ၅,၀၀,၀၀၀/-
အမှတ် ၃၅-D,၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။ (ငါးသိန်း)

၄။ "ဦးဝင်းတင် + ဒေါ်နန်းမြကြည် ထာဝရငွေပင်"
ဦးဝင်းတင်(အငြိမ်းစား ဒု-ဗိုလ်မှူးကြီး၊ ကကထုတ်) + ဒေါ်နန်းမြကြည် မိသားစု ၅၅၀၀,၀၀၀/-
အမှတ် ၂၊ စိန်ပန်းလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သင်္ကန်းကျွန်း။ (ငါးသိန်း)

၅။ "ဦးစန်းငြိမ်း + ဒေါ်မာမာရီ ထာဝရငွေပင်"
ဦးစန်းငြိမ်း + ဒေါ်မာမာရီ မိသားစု(ဦးစန်းငြိမ်း၏ မွေးနေ့အကြိုကုသိုလ်)
MD.ကမ္ဘာကျော်ကုမ္ပဏီလီမိတက် ၅၀၀,၀၀၀/-
အမှတ် ၄၊ ငုဝါလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ ရန်ကုန်။ (ငါးသိန်း)

**ခွဲစိတ်ခန်းတွင် အသုံးပြုရန် TV Screen ဝယ်ယူခြင်းအတွက် လှူဒါန်းကြသူများ**

၆။ ပါမောက္ခ Dr.ဦးဝင်းမြင့် + Dr.ဒေါ်ခင်သိန်းဦး(OG)မိသားစု။ US $ 1000

၇။ ဦးထွန်းသိန်း + ဒေါ်ခင်ခင်နွယ် မိသားစု
Sest Maker အထည်ချုပ်လုပ်ငန်း။ US $ 1000

၈။ ဒေါ်ကြည်ကြည်မာ မိသားစု
ကမ္ဘာကျော်သောက်ရေသန့်။ US $ 1000

၉။ ဦးလှသိန်း + Dr.ဒေါ်ခင်လေး(OG) US $ 600

၁၀။ ဒုဗိုလ်မှူးကြီး လှမိုး(ငြိမ်း) + ဒေါ်ခင်မလေးနှင့် ကျန်ရစ်သူ မိသားစု။ US $ 500

၁၁။ ဦးကျော်ဇေယျ + ဒေါ်မိုးမိုးအိ မိသားစု
ကျော်မိုးဝင်းပုံနှိပ်တိုက် နှင့် ထွန်းတောက်မီဒီယာ။ US $ 500

၁၂။ ဦးအောင်သိမ်း + ဒေါ်လေးလွင် (ရွှေအိုးဝေ မိသားစု) US $ 400

၁၃။ Dr.ဒေါ်စန်းစန်းရီ(ဥက္ကာသီရိ Co:) US $ 2200

**Laparoscope Spareparts ဖြည့်တင်းဝယ်ယူရန်အတွက် လှူဒါန်းကြသူများ**

၁၄။ အီတလီနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီး Dr. Rabin Chan US $ 2000

၁၅။ ဒေါ်စန်းစန်းဆွေ (ကမ္ဘာကျော် Trading) US $ 1000

၁၆။ ပါမောက္ခ Dr. နေဇင်လတ် + AMBO ဒေါ်ခင်စန်း US $ 1000

**US $ 85000 တန် Laparoscope Set ဝယ်ယူရန် အစပျိုး လှူဒါန်းကြသူများ**

၁၇။ ဦးကြင်အောင် + ဒေါ်ခင်ရွှေတင့် မိသားစု
DI Export Fashion US $ 2000

၁၈။ ဒေါ်စန်းစန်းဆွေ (ကမ္ဘာကျော် Trading) US $ 1000

**ထာဝရငွေပင် အလှူရှင်များ**

၁၉။ "ဦးသန့်စင် + ဒေါ်တင်မေလတ်(ကံ့ကော်ဆေးရုံ) ထာဝရငွေပင်"
နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးသန့်စင် + သုခမ္မသီဂီ ဒေါ်တင်မေလတ်မိသားစု ၃၀,၀၀,၀၀၀
ကံ့ကော်ဆေးရုံ (ရန်ကုန်-မန္တလေး) သိန်းသုံးဆယ်ကျပ်

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

တွင်ရှိသော ငွေကြေးဖြင့် တခြားတစ်နေရာ၌ မြေကွက်ဝယ်ပြီး အဆောက်အဦအသစ် ထပ်မံဆောက်လုပ်နိုင်သော်လည်း နေရာခွဲရန် သူ စိတ်မကူးတော့ပေ။ ရှိရင်းစွဲနေရာ အနီးတစ်ဝိုက်တွင်သာ ထပ်မံတိုးချဲ့ရန် စိတ်ကူးတော့သည်။

ခေတ်ကလည်း ပေးနိုင်ကမ်းနိုင်လျှင် အဆင်ပြေသော ကာလဖြစ်သဖြင့် ဦးမင်းမောင်သည် ထိုမီးတားကွက်တစ်စိတ်တစ်ဒေသကို ရရှိရန် နည်းလမ်းပေါင်းစုံသုံးကာ ကြိုးစားတော့သည်။ ဦးမင်းမောင်သည် ဟိုကွေ့ကို ဟိုတက်ဖြင့်လှော်၊ ဒီကွေ့ကို ဒီတက်ဖြင့်လှော်ခတ်ရာတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ နောက်ဆုံး၌ သူ၏ ငွေထုပ်ခင်းကာ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် မီးတားကွက်၏ သစ္စာဘက်အခြမ်းသည် ဦးမင်းမောင်နာမည်ဖြင့် နှစ်သုံးဆယ်ဂရန်ကျလာသည်။ ထိုသတင်းကို သိသိချင်းပင် အေးထွန်းက ကိုကျော်မိုးဆီသို့ သယ်ဆောင်လာသည်။

"အစ်ကိုကြီးရေ ကြားပြီးပြီလား"

"ဘာလဲကွ၊ မင်းဟာက အဆုံးအစမရှိ"

"မီးတားကွက်ရဲ့ သစ္စာဘက်ခြမ်း ဦးမင်းမောင်နာမည်နဲ့ ဂရန်ကျလာပြီတဲ့။ သူ့ကိုယ်ပိုင်ကျောင်းအတွက် စာသင်ဆောင်တွေ တိုးချဲ့တော့မှာ"

အေးထွန်း၏ စကားကြောင့် ကိုကျော်မိုး၏ မျက်လုံးအစုံသည် ပြူးကျယ်သွား၏။

"မဟုတ်သေးပါဘူး

a'v Sefonf t cg ciGh ifh Cf oibvkd oMkd a&v majr nifay; vkfwwbnf a'v SefwGf pn fpdtOpöm txkdf av smuf &Bnfukd obdyrbd oXuf touf q, EGSau sau sh B Zao m rkq dB D kd ob, fvkd en fEShS &ifckfay

ကွာ။ ဒီမီးတားကွက်က အိမ်စောင့်အစိုးရလက်ထက်ကတည်းက ရှိခဲ့တာ။ ဒီခေတ် ရောက်တော့မှ မီးတားကွက်ပျောက်ရမှာလား။ နေစမ်းပါဦး၊ မင်းကြားတဲ့ သတင်းက မှန်ရောမှန်လို့လား"

"ကျွန်တော် အသေအချာ ကြားလာတာ အစ်ကိုကြီးရဲ့"ဟု အေးထွန်းက အခိုင်အမာဆိုသည်။

သည်အထိ ကိုကျော်မိုး တုန်လှုပ်မှု မရှိသေးပေ။ ယုတ်စွအဆုံး မီးတားကွက်ပျောက်ခဲ့လျှင်တောင် တောတန်းကလေးပဲ ပျောက်မည်။ ကန်စွန်းခင်းဘက်သို့ ကူးစက်မလာနိုင်ဟု သူထင်မှတ်ထားသည်။ ထို့ကြောင့် အေးထွန်းယူလာသော သတင်းကို သူ သိပ်မတုန်လှုပ်မိပေ။ သို့သော် နောက်တစ်နေ့မနက် ဈေးထဲသို့ ရောက်မှသာ ဒေါ်လှဆန်းဆီက ထပ်မံကြားရပြန်သည်။

"ဦးမင်းမောင်တို့ကတော့ မီးတားကွက်ကို ဂရန်ပေါက်အောင် လိုက်လုပ်ပြန်ပြီ ငါ့မောင်ရေ၊ တကယ့်ကို ပေါက်မြောက်တဲ့လူကြီး"

ဒေါ်လှဆန်း၏ စကားကြောင့် ကိုကျော်မိုး၏ မျက်ခုံးအစုံ ပင့်တက်သွားသည်။ ဒေါ်လှဆန်း၏ ဆက်ပြောသော စကားများက အေးထွန်းပြောခဲ့သည်များနှင့် ထပ်တူကျသည်။ ဦးမင်းမောင်၏ ထိုးစစ်သည် သူ့ကျူးကျော်အိမ်ကလေး၏ အပြင်စည်းသို့ ချင်းနင်းဝင်ရောက်စပြုလာပြီဆိုတာကို သူ သိနားလည်လိုက်၏။

ထိုနှစ် ပွင့်လင်းရာသီသို့ ရောက်သောအခါ ကန်စွန်းခင်းအစပ်က တောတန်းကလေးရှိ သစ်ပင်များသည် ခုတ်ထွင်ရှင်းလင်းခြင်းကို ခံရသည်။ သစ်ပင်များ ခုတ်ပြီးသောအခါ သစ်မြစ်များကိုပါ တူးဖော်ပစ်ကြသည်။ ထို့နောက် မြေကြီးသယ်ကားများဖြင့် မြေကြီးများကို ဖို့သည်။ ရက်အနည်းငယ်အတွင်းမှာပင် တောတန်းကလေးရှိ သစ်ပင်များသည် ပြောင်တလင်းခါသွားကာ လွင်တီးခေါင် ကန္တာရတစ်ခုကဲ့သို့ ဖြစ်သွားသည်။

"ဦးမင်းမောင်ကတော့ တောတန်းလေးပျောက်သွားတာကို ကြိုက်မှာပေါ့ဗျာ၊ ဒါမှ သူ့ကျောင်းသားတွေ ဆေးလိပ် ခိုးသောက်လို့ မရတော့မှာ"ဟု အေးထွန်းက ထင်မြင်ချက်ပေးသည်။

"တို့ရပ်ကွက်ထဲက သမီးရည်းစားတွေပါ ချစ်သူနယ်မြေပျောက်သွားတာပေါ့"ဟု ကိုကျော်မိုးက နှမြောတသဖြစ်စွာ ပြောလိုက်၏။

ရပ်ကွက်နှစ်ခုရှိ လူတချို့ကတော့ တောက်တခေါက်ခေါက်ဖြစ်နေသည်။

"တို့တစ်သက် မီးတားကွက်ပါကွာ၊ သူတို့လက်ထက်ရောက်မှ ဂရန်ကျရတယ်လို့။ အေးကွာ၊ မီးများမီးနိုင်၊ ရေများရေနိုင်ပေါ့။ မိုးကောင်းတုန်း ရွာထားကြပေါ့"ဟုသာ ကြွေးကြော်နိုင်ကြသည်။

ကိုကျော်မိုးသည် ဦးမင်းမောင်၏ နယ်မြေချဲ့ထွင်မှု သူ့ဆီသို့ရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်မထားမိခဲ့ပေ။ သို့သော်လည်း ဦးမင်းမောင်၏ တိုက်စစ်မြားဦးက သူ့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ တစ်ညနေတွင် အေးထွန်းက သူ့ဆီသို့ သတင်းတစ်ခု သယ်ဆောင်လာခဲ့၏။

"အစ်ကိုကြီးရေ၊ ဉက္ကဋ္ဌက အစ်ကိုကြီးကို တွေ့ချင်လို့တဲ့။ ဒီနေ့ည ခုနစ်နာရီလောက် ရုံးကိုလာခဲ့ပါတဲ့"

ကိုကျော်မိုး အံ့အားသင့်သွားကာ-

"ဟေ… ဘာကိစ္စရှိလို့လဲကွ"

"အဲဒါတော့ မပြော



www.burmeseclassic.com

www.burmeseclassic.com

တတ်ဘူး အစ်ကိုကြီး၊ ရုံးရောက်မှာ သိရလိမ့်မယ်။ ကျွန်တော် ကြားမိသလောက်ကတော့ အစ်ကိုကြီးရဲ့ အိမ်ကလေးက ဦးမင်းမောင် ဂရန်ပေါက်ထားတဲ့ မြေကွက်ကြီးနဲ့ မလွတ်ဘူးတဲ့။ နည်းနည်း ငြိနေတယ်လို့ ကြားတယ်။ အဲဒီကိစ္စအတွက် ခေါ်တယ် ထင်တာပဲ'

'အေးပေါ့ကွာ၊ မီးစင်ကြည့်က ရတာပေါ့'

ထိုနေ့ည ခုနစ်နာရီတွင် ကိုကျော်မိုးသည် ရပ်ကွက်ရုံးသို့ ရောက်သောအခါ ဥက္ကဋ္ဌက ဖော်ဖော်ရွေရွေ ဆက်ဆံသည်။ ဥက္ကဋ္ဌက ကိုကျော်မိုး စားသောက်ဆိုင်ဖွင့်စဉ်က လာရောက်စားသောက်ခဲ့ဖူးသဖြင့် အထိုက်အလျောက် ရင်းနှီးကျွမ်းဝင်နေသည်။

'ထိုင်ဗျာ ကိုကျော်မိုး'

'ဘာကိစ္စရှိလို့လဲဗျ' ဟု ကိုကျော်မိုးက လိုရင်းကို တန်းမေးလိုက်သည်။

'ဒီလိုဗျ။ ခင်ဗျားရဲ့ အိမ်ကလေးနဲ့ ဝက်ခြံက ဦးမင်းမောင်ရဲ့ မြေကွက်နဲ့ နည်းနည်းငြိနေတယ်။ အဲဒါ ခင်ဗျားအနေနဲ့ တခြားနေရာတစ်နေရာရာကို ရွှေ့ပေးဖို့' ဟု ဆိုကာ ဥက္ကဋ္ဌက စကားကို ခဏရပ်ဆိုင်းလိုက်သည်။

'နေစမ်းပါဦးဗျ၊ အခု ဦးမင်းမောင် ဂရန်ပေါက်တယ်ဆိုတဲ့ မြေကွက်က ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက မီးတားကွက်ပါဗျာ။ အဲဒါ ဘယ်လိုလုပ်ပြီး နှစ်သုံးဆယ် ဂရန်ပေါက်သွားတဲ့ မြေကွက်ဖြစ်ရတာလဲ။ ဒီကိစ္စမှာ မရိုးသားမှုတွေ မပါနိုင်ဘူးလား' ဟု ကိုကျော်မိုးက မေးသည်။ ထိုအခါ ဥက္ကဋ္ဌ နည်းနည်းတွေဝေသွားသည်။

'ကျွန်တော့်အနေနဲ့ကတော့ အဲသလောက်အထိ လိုက်ပြီးတော့ တွေးစရာမလိုဘူးပေါ့ဗျာ။ ဒီမြေကွက်ကြီးကို အစိုးရက ဂရန်ချပေးလိုက်ပြီဆိုတော့ ကျွန်တော့်တာဝန်က မြေကွက်နဲ့ မလွတ်မကင်း ဖြစ်နေတာတွေရှိရင် ဖယ်ရှားဖို့ သတိပေးရမှာပဲလေ'

ဥက္ကဋ္ဌ၏ စကားအဆုံးၤ၌ ကိုကျော်မိုးက မေးခွန်းတစ်ခုကို မေးလိုက်သည်။

'ဒေါ်ထားရွှေတို့ အိမ်နဲ့ ကိုမြညိုတို့ အိမ်ကျတော့ ဘာဖြစ်လို့ မရွှေ့ခိုင်းတာလဲ'

ဥက္ကဋ္ဌက လက်ထဲရှိ စီးကရက်တိုကို ပြာခွက်ထဲ ထိုးခြေလိုက်ကာ-

'ခင်ဗျားမေးတာလည်း မေးသင့်တဲ့မေးခွန်းပဲလေ။ သူတို့အိမ်နှစ်အိမ်စလုံးက မေတ္တာဘက်အခြမ်း ရောက်နေတယ်။ ခင်ဗျားအိမ်က သစ္စာဘက်အခြမ်းထဲ ပါနေလို့ ဦးမင်းမောင်ရဲ့ မြေကွက်နဲ့ သွားငြိတာ' ဟု ရှင်းပြသည်။

'အဲဒီတော့…'

'အဲဒီတော့ ခင်ဗျားရဲ့ အိမ်ကလေးနဲ့ ဝက်ခြံကို တစ်ပတ်အတွင်း ရွှေ့ပေးပါ။ ဦးမင်းမောင်တို့က နောက်နှစ်အတွက် ကျောင်းဆောင်တွေ ဆောက်ရဦးမှာဆိုတော့ သိပ်ပြီးတော့ အချိန်ကြာလို့ မဖြစ်ဘူးတဲ့။ သူတို့မှာ လုပ်စရာက အများကြီးဆိုတော့ တစ်လကိုးသီတင်း အချိန်မပေးနိုင်ဘူးတဲ့'

ကိုကျော်မိုးသည် ခေါင်းငိုက်စိုက်ဖြင့် ရပ်ကွက်ရုံးမှ ပြန်လာခဲ့သည်။ ညဘက်သို့ ရောက်သော် ထိုကိစ္စကို နဖူးပေါ်လက်တင် စဉ်းစားကာ တော်တော်နှင့် အိပ်မပျော်ပေ။ သူသည် သည်နေရာနှင့် အခြေကျနေပြီဖြစ်သည်။ သူသည် သူ့အိမ်ကလေးနှင့် ဝက်ခြံကို မေတ္တာဘက်အခြမ်းသို့ စိတ်ကူးဖြင့် ပြောင်းရွှေ့ကြည့်၏။ စိတ်ကူးထဲမှာပင် အဆင်မပြေပေ။ ဒေါ်ထားရွှေအိမ်နှင့် ကိုမြညိုအိမ်တို့က နေရာယူထားသဖြင့် နောက်ထပ် အိမ်တစ်လုံး ကျူးကျော်ရန် ဆိုသည်မှာ မလွယ်ကူတော့ချေ။ နောက်ဆုံး၌ စဉ်းစားရင်း၊ စဉ်းစားရင်းနှင့် မိုးလင်းသွားတော့မှ ဝက်သားလာပို့သည့်ကားဆီက ဝက်သားယူရန် လမ်းထိပ်သို့ ထွက်လာခဲ့သည်။ ကိုမြညိုက သူ့ထက် ဝီရိယကောင်းစွာ ကြိုတင်ရောက်ရှိနေနှင့်ပြီ။ ❑

၆။

'ဟော့… ကိုကျော်မိုး'

'မှတ်တိုင်' လက်ဖက်ရည်ဆိုင်ရှေ့ ဖြတ်အသွား ဆိုင်ထဲက လှမ်းခေါ်သံကို ကြားလိုက်ရသည်။ သူ ဆိုင်ထဲသို့ လှည့်ကြည့်လိုက်ရာ ကိုချစ်သိန်းဖြစ်နေသည်။ ကိုချစ်သိန်းက စာနယ်ဇင်းသမား၊ မီဒီယာသမားတစ်ယောက်ဖြစ်ပြီး 'ပြည်သူ့အရှေ့' ဂျာနယ်၏ သတင်းထောက်တစ်ယောက်လည်းဖြစ်သည်။ ချစ်သိန်း(မေတ္တာမြေ)ဆိုသော ကလောင်အမည်ဖြင့် ဆောင်းပါးများကို ရံဖန်ရံခါ ရေးတတ်သည်။ ကိုကျော်မိုး စားသောက်ဆိုင်ဖွင့်စဉ်က သတင်းလာယူသူတစ်ယောက် ဖြစ်သဖြင့် ခင်မင်ရင်းနှီးသည်။ ကိုကျော်မိုးက လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်သည်။

'ခင်ဗျားကြည့်ရတာ မရွှင်မလန်းနဲ့ဗျာ၊ ဘာတွေဖြစ်နေတာလဲ' ဟု ကိုချစ်သိန်းက ဆီးကြိုမေးသည်။ ကိုချစ်သိန်းက မီဒီယာသမားတစ်ယောက်ဖြစ်သည့်အတွက် သူ့ဆီက အကြံဉာဏ်တစ်ခုခု ရနိုင်သည်ဟု ကိုကျော်မိုး တွက်ဆလိုက်သည်။ ထို့နောက် ကိုကျော်မိုးသည် ကိုချစ်သိန်းအား သူ၏ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်သည်။

'ဟာ…ဒီကိစ္စ ဒီလိုလုပ်လို့ ဘယ်ရမလဲဗျ။ သူတို့က ငွေတတ်နိုင်တယ်ဆိုပြီး ငွေအားနဲ့ ဂရန်ပေါက်အောင် လိုက်ထားတာ။ မီးတားကွက်ကို ဂရန်ပေါက်တယ်ဆိုတာ ဘာအဓိပ္ပာယ်မှ မရှိဘူး။ ဒါနဲ့ ခင်ဗျားကို ရာဇသံ တစ်ပတ်ပေးထားတာ ဘယ်နှရက် ကျန်သေးလဲ'

'လေးရက် ကျန်သေးတယ်ဗျ'

'ကျွန်တော်လုပ်ပေးနိုင်တာတစ်ခုတော့ရှိတယ်။ ကျွန်တော့်ဂျာနယ်မှာ ဒီသတင်း ပါအောင် အယ်ဒီတာချုပ်ကို ပြောပြပြီး ခပ်မြန်မြန် ထည့်ပေးမယ်။ နောက်ပြီး မီးတားကွက်ကို ပိတ်လိုက်တော့ ရပ်ကွက်နှစ်ခု အကြားသွားတဲ့ ဖြတ်လမ်း ပိတ်သွားတယ် မဟုတ်လား။ အဲဒီတော့ ရပ်ကွက်ထဲက လူတွေကို လက်မှတ်ထိုးခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဖြတ်လမ်းကို ပိတ်ပစ်ပါတယ်ဆိုပြီး ရုံးသွားတိုင်ပေါ့’ ဟု ကိုချစ်သိန်းက အကြံပေးသည်။

ကိုကျော်မိုးသည် စိတ်ဝင်တစား အာရုံစူးစိုက်ကာ နားထောင်နေမိသည်။ ကိုချစ်သိန်းက ဆက်ပြောသည်။

‘ကျွန်တော်တို့က ဒီလိုလုပ်လိုက်လို့ သူတို့ဘက်က ရပ်သွားမှာတော့ မဟုတ်ဘူး။ သူတို့က ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ကြိုတင်စီစဉ်မှုတွေ လုပ်ထားပြီးသားဗျ။ ခင်ဗျားရဲ့ ဖြတ်လမ်းကိုပိတ်ပါတယ်ဆိုတဲ့ တိုင်စာက မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ယာယီကာလိုက်တဲ့သဘောပဲ။ တိုင်စာရှိလို့ အထက်က ဆင်းစစ်တာတွေဘာတွေရှိရင် သူတို့ရဲ့ လုပ်ရှားမှု နှေးကွေးသွားလိမ့်မယ်။ ကျွန်တော်တို့အတွက် အချိန်နည်းနည်းပိုရသွားတာပေါ့’

‘ကျေးဇူးပဲဗျာ၊ ခင်ဗျားပြောပြမှပဲ ကျွန်တော် ဘာဆက်လုပ်ရမယ်ဆိုတာကို သိသွားတယ်’ ဟု ကိုကျော်မိုးက ဝန်ခံလိုက်သည်။

ထို့နောက် ကိုကျော်မိုးသည် ကိုချစ်သိန်း၏ အကြံပေးချက်အတိုင်း ကျော်ထင်ရှား ကိုယ်ပိုင်ကျောင်း၏ ကျောင်းဆောင်အသစ်များ တိုးချဲ့ဆောက်လုပ်ခြင်းကြောင့် မီးတားကွက် ပျောက်ဆုံးပြီး ရပ်ကွက်နှစ်ခုအကြား ဖြတ်လမ်းကိုပါ ပိတ်ပစ်ပါသည်ဟူသော အကြောင်းပြချက်ဖြင့် ရပ်ကွက်ထဲရှိ အိမ်များကို လိုက်လံ လက်မှတ်ထိုးခိုင်းသည်။ မေတ္တာ(၃)လမ်းထဲရှိ အိမ်တော်တော်များများကတော့ လက်မှတ်ထိုးပေးကြသည်။ သို့ရာတွင် ဒေါ်ထားရွှေတို့အိမ်နှင့် ကိုမြည်ိုတို့အိမ်ဆီကတော့ လက်မှတ်မရပေ။

‘မောင်ကျော်မိုးရယ်၊ အဒေါ်ကို နားလည်ပေးပါ’ ဟု ဒေါ်ထားရွှေက ပြောသလို ‘ကိုကျော်မိုးကမှ အချိန်မရွေး မိဘအိမ်ပေါ် ပြန်တက်လို့ရသေးတယ်။ ကျွန်တော်တို့က ဒီနေရာက ဖယ်ပေးလိုက်ရရင် သောင်ပြင်မှာလွှတ်တဲ့ ခွေးတွေ ဖြစ်ကုန်လိမ့်မယ်ဗျာ’ ဟု ကိုမြည်ိုက ညည်းညူသည်။ ထို့ကြောင့် ကိုကျော်မိုးသည် သူတို့ဆီက လက်မှတ်ကို အတင်းအကျပ် မရယူတော့ပေ။ အေးထွန်းက -

‘ကျွန်တော်တို့က ကျူးကျော်မှာနေတယ်ဆိုတော့ ကျွန်တော်တို့ရဲ့ လက်မှတ်က အရာမဝင်ပါဘူးဗျာ’ ဟု ထမင်းရည်ပူကို လျှာလွှဲလိုက်သည်။

‘အေးကွာ၊ ငါနားလည်ပါတယ်’

အကျိုးဆက်အနေဖြင့် ဦးမင်းမောင်၏ လုပ်ငန်းစဉ်များ နှေးကွေးသွားသည်။ ကိုကျော်မိုးကို ရာဇသံပေးထားသည့် ခုနစ်ရက်ကုန်ဆုံးသည့်တိုင် ထူးခြားမှုတစ်စုံတစ်ရာ မလာသေးပေ။ သို့သော် ကိုကျော်မိုးသည် မိမိ၏ တိုက်ကွက် အောင်မြင်ပြီဟု ကံသေကံမ မပြောနိုင်သေး။ ဦးမင်းမောင်က မည်သို့သော လှုပ်ရှားမှုဖြင့် တန်ပြန်တိုက်စစ် ဆင်မည်ကို ရင်ခုန်စွာဖြင့် စောင့်မျှော်နေရသည်။

❑

၇။

ရာဇသံပေးသည့် ခုနစ်ရက် ကုန်ဆုံးပြီး ဆယ်ရက်ခန့်အကြာတွင်ဖြစ်သည်။

‘အစ်ကိုကြီးရေ၊ ရုံးက စာပို့လိုက်တယ်’

အိမ်ရှေ့က အော်ပြောလိုက်သော အေးထွန်း၏ အသံကို ကြားလိုက်ရကတည်းက သူ၏ ကျူးကျော်အိမ်ကလေးကို ဖယ်ရှားခိုင်းသည့်ကိစ္စမှလွဲ၍ တခြားမည်သည့်ကိစ္စမှ မဖြစ်နိုင်ဟု သူ တွက်ဆပြီးပြီ။ အေးထွန်းဆီက စာရရချင်းပဲ ကိုကျော်မိုးသည် စိတ်လှုပ်ရှားစွာဖြင့် စာကို ဖွင့်ဖတ်လိုက်သည်။ သူ့ရင်ခုန်သံတွေလည်း မြန်နေသည်။ စာထဲ၌ပါသည့် အဓိကအကြောင်းအရာကတော့ နောက်သုံးရက်အတွင်း ကျူးကျော်အိမ်ကလေးကို ဖယ်ရှားပေးရမည်ဆိုသည့်အချက်ပဲ ဖြစ်သည်။ သူသည် စိတ်မသက်မသာဖြင့် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ အေးထွန်းက သူ့သိသလောက် ရှင်းပြသည်။

‘ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး အစ်ကိုကြီးရာ၊ အထက်က လာစစ်ပြီးပြီတဲ့။ ဂရန်ကျပြီးသားမို့ တိုင်စာတင်လည်း အကြောင်းမထူးတော့ဘူးတဲ့’

ကိုကျော်မိုးသည် မနှေးမနှောင်းဆိုသလို ကိုချစ်သိန်းဆီသို့ ဖုန်းဆက်လိုက်သည်။

‘ကျွန်တော် ခင်ဗျားနဲ့ ချက်ချင်း တွေ့ချင်တယ်ဗျာ၊ ကိစ္စက အရေးကြီးတယ်’

ကိုကျော်မိုး၏ လေသံမှာ တုန်တုန်ယင်ယင်ဖြစ်နေသည်။

‘ကောင်းပြီလေ။ ကျွန်တော် ဂျာနယ်တိုက်က ဆင်းဆင်းချင်းပဲ ခင်ဗျားဆီကို တန်းလာခဲ့မယ်။ မှတ်တိုင်လက်ဖက်ရည်ဆိုင်မှာပဲ စောင့်နေ။ စိတ်မလောနဲ့နော်၊ စိတ်ကို တည်ငြိမ်အောင်ထား။ ခင်ဗျား စိတ်လှုပ်ရှားလေ တစ်ဖက်က ပိုကြိုက်လေပဲ’

ကိုကျော်မိုးသည် ကိုချစ်သိန်းအလာကို မှတ်တိုင်လက်ဖက်ရည်ဆိုင်တွင် စိတ်လှုပ်ရှားစွာဖြင့် စောင့်နေမိသည်။ နှစ်နာရီနီးနီး ကြာတော့မှ မောကြီးပန်းကြီးနှင့် ပေါက်ချလာသည်။

‘ဆောရီးဗျာ၊ လမ်းမှာ ကားတွေပိတ်လို့ မမျှော်လင့်ဘဲ ပိုကြာသွားတာ’

‘ရပါတယ်ဗျာ’

‘ခင်ဗျားကို ကျွန်တော် ဝမ်းသာစရာတစ်ခု ပြောရဦးမယ်’ ဟု ဆိုကာ ကိုချစ်သိန်းသည် ဂျာနယ်တစ်စောင်ကို သူ့လွယ်အိတ်ထဲမှ ထုတ်လိုက်သည်။ ထို့နောက် ဂျာနယ်၏ စာမျက်နှာတစ်နေရာသို့ လှန်လိုက်ကာ-

‘ဒီမှာတွေ့လား၊ ဒီနေ့ထွက်တဲ့ ကျွန်တော်တို့ ဂျာနယ်လေ။ မီးတားကွက်ကို ကိုယ်ပိုင်ကျောင်းက အပိုင်သိမ်းတဲ့သတင်း ကျွန်တော်ရေးထားတာ ပါလာပြီဗျ။ လိုအပ်ရင် နောက်တစ်ဆင့်အနေနဲ့ အင်တာနက်တင်တာပေါ့ဗျာ’ ဟု အကြံပြုသည်။

ကိုကျော်မိုးသည် ဂျာနယ်ပါသတင်းကို ဖတ်ကြည့်လိုက်သောအခါ ကိုယ်ပိုင်ကျောင်း၏ မြေနေရာသိမ်းပိုက်မှုကြောင့် မီးတားကွက် ပျောက်ဆုံးခြင်း၊ ရပ်ကွက်နှစ်



www.burmeseclassic.com

www.burmeseclassic.com

ခုကြား ဖြတ်လမ်းပျောက်ဆုံးသွားခြင်း၊ ကျူးကျော်မြေနေရာကို အမှီပြု၍ ဘဝရပ်တည်နေရသည့် ဆင်းရဲသားတို့၏သုခဘုံ ပျောက်ဆုံးခြင်းတို့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားသည်ကို တွေ့ရ၏။ ကိုကျော်မိုးသည် စိတ်မသက်မသာဖြစ်နေသည့်အကြားမှ ခပ်ယဲ့ယဲ့တစ်ချက်ပြုံးလိုက်မိသည်။

‘ဘာဖြစ်တာလဲဗျ’

‘ခင်ဗျားရေးမှ ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက် သနားစရာကောင်းမှန်း သိလို့ပါဗျာ’

‘ဒါကတော့ ဗျာ သတင်းမှာ ရသပါအောင် ရေးရတာကိုး’ ဟု ကိုချစ်သိန်းက တုံ့ပြန်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် ရပ်ကွက်ရုံးသို့ ချီတက်ခဲ့သည်။

‘ရုံးရောက်ရင် ခင်ဗျား ဘာမှမပြောနဲ့နော်။ ကျွန်တော် ဦးဆောင်ပြီးပြောမယ်’ ဟု ကိုချစ်သိန်းကပြောသည်။ ကိုကျော်မိုး ခေါင်းကိုသာ တစ်ချက်ညိတ်ပြလိုက်သည်။

ရပ်ကွက်ဥက္ကဋ္ဌသည် ကိုကျော်မိုးနှင့်အတူ စာနယ်ဇင်းသမားဖြစ်သော ကိုချစ်သိန်းကို တွေ့လိုက်ရသဖြင့် အခြေအနေက မထင်မှတ်ဘဲ ပိုမိုရှုပ်ထွေးသွားနိုင်သည်ဟု ထင်မိသည်။ သူတို့နှစ်ယောက်ဝင်လာသည်ကို စိတ်ရှုပ်ထွေးသော အမူအရာဖြင့်သာ ကြည့်နေမိသည်။

‘ဥက္ကဋ္ဌကြီး၊ မတွေ့တာတောင် ကြာပြီနော်’ ဟု ကိုချစ်သိန်းက စတင် နှုတ်ဆက်လိုက်သည်။

‘လိုရင်းကိုသာ ပြောပါ’ ဟု ဥက္ကဋ္ဌက လေသံခပ်ပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

‘လိုရင်းကိုပြောရရင်တော့ ကျွန်တော့်မိတ်ဆွေ ကိုကျော်မိုးအတွက် အကျိုးဆောင်ပေးတာပါဗျာ။ ကျွန်တော်တို့ လောလောဆယ် ကျော်ထင်ရှားက ဦးမင်းမောင်နဲ့ တွေ့ချင်တယ်။ ဒါမှလည်း အခြေအနေတွေက ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာ’

ကိုချစ်သိန်း၏ စကားကြောင့် ဥက္ကဋ္ဌက ခေတ္တစဉ်းစားလိုက်သည်။ ထို့နောက် သူ၏ လက်ကိုင်ဖုန်းကို ထုတ်ကာ ဖုန်းနံပါတ်တစ်ခုသို့ ဆက်လိုက်သည်။

‘ဦးမင်းမောင်ကတော့ သူ မအားလို့ လာမှာမဟုတ်ဘူး။ သူ့ညီ ကိုစိန်ဝင်းလာလိမ့်မယ်တဲ့။ ကိုစိန်ဝင်းရဲ့ သဘောထားက ဦးမင်းမောင်ရဲ့ သဘောထားပါပဲတဲ့’

တစ်ခဏမျှကြာသော် ကိုစိန်ဝင်းသည် ဆိုင်ကယ်တစ်စီးနှင့် ပေါက်ချလာသည်။ ကိုစိန်ဝင်းက ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းတော့သည်။

‘ခက်တယ် ကိုစိုးနိုင်ရာ၊ လူတွေက ကောင်းကောင်းပြောလို့ဆိုလို့ကို မရချင်ဘူး’

ဥက္ကဋ္ဌ၏နာမည်ကို ကိုစိုးနိုင်ဟု တိုက်ရိုက်ခေါ်ဆိုလိုက်ခြင်းအားဖြင့် ကိုစိန်ဝင်းသည် သူနှင့်ဥက္ကဋ္ဌတို့အကြားရှိ ရင်းနှီးမှုပမာဏကို ထုတ်ဖော်ပြသလိုက်သည်ဟု ကိုကျော်မိုး နားလည်မိသည်။

‘ဒီမြေကွက်ကို ကျွန်တော်တို့က ဂရန်ပေါက်ထားပြီးသားလေ၊ ကိုစိုးနိုင်သိတဲ့အတိုင်းပဲ။ မြေကြီးဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ ပိုင်တာ မဟုတ်ဘူး။ အစိုးရပဲပိုင်တာ။ ကျွန်တော်တို့က ငှားရမ်းနေထိုင်ခွင့်ပဲ ရှိတာမဟုတ်လား။ ဒီမြေကွက်ကို ကျွန်တော့်အစ်ကိုက ပညာရေးအတွက် ကောင်းရာကောင်းကြောင်းလုပ်မှာဆိုတော့ အစိုးရက နှစ်သုံးဆယ်ဂရန်နဲ့ ငှားရမ်းနေထိုင်ခွင့်ပေးထားတယ်လေ။ အဲဒီတော့ နှစ်သုံးဆယ်အတွင်း ဒီမြေကွက်က ကျွန်တော်တို့ပိုင်သွားပြီပေါ့။ မြေကွက်နဲ့ မလွတ်တဲ့ တဲစုတ်တွေကို ဖယ်ရှားခိုင်းရမှာပေါ့။ စာသင်ကျောင်း ပတ်ဝန်းကျင်မှာ ဝက်တဲတွေနဲ့ ဘယ်လောက်ကျက်သရေယုတ်သလဲ။ အင်အားမသုံးချင်လို့ ပြေပြေလည်လည် ပြောနေတာကို တချို့ကသဘောမပေါက်ဘူး။ အသိခေါက်ခက် အဝင်နက်တယ်ဗျာ၊ ကျွန်တော်တို့က နံပြည်စုတ်ကို အမြောက်နဲ့ မပစ်ချင်ဘူး’

ကိုစိန်ဝင်း၏ မောက်မာရင့်သီးသော စကားများကို နားထောင်ပြီးနောက် ကိုကျော်မိုးသည် ဒေါသထောင်းခနဲ ထွက်သွားကာ ချက်ချင်းပင် ကုပ်ပိုးကိုဆွဲပြီး မျက်နှာကို လက်သီးဖြင့် အားရပါးရ ထိုးပစ်လိုက်ချင်သည့်စိတ်များပေါ်လာသည်။ ကိုကျော်မိုး၏ မျက်နှာရိပ်မျက်နှာကဲကို ရိပ်စားမိသည့် ကိုချစ်သိန်းက လက်ကုတ်ပြီး နှစ်ကိုယ်ကြား တီးတိုးလေသံဖြင့် ပြောသည်။

‘စိတ်လျှော့ ကိုကျော်မိုး၊ သူတို့ဆင်ထားတဲ့ ထောင်ချောက်ထဲ ဝင်သွားလိမ့်မယ်’

ထို့နောက် ကိုချစ်သိန်းက ချောင်းတစ်ချက် ဟန့်လိုက်ကာ ခံတွင်းရှင်းလိုက်သည်။

‘ဒီကမိတ်ဆွေက ဦးမင်းမောင်ရဲ့ညီ ထင်ပါရဲ့၊ မိတ်ဆွေက ဦးမင်းမောင်အတွက် ရောက်လာတာ။ ကျွန်တော်က ကိုကျော်မိုးအတွက် ရောက်လာတာ။ တစ်ဖက်နဲ့တစ်ဖက် ပြေပြေလည်လည်ပေါ့ဗျာ။ ရန်စွယ်နဲ့ ငေါငေါမဖြစ်သင့်ပါဘူး’

‘ဟုတ်တယ် ကိုစိန်ဝင်း၊ ပြေပြေလည်လည် ပြောကြတာပေါ့ဗျာ’ ဟု ဥက္ကဋ္ဌက ဝင်ပြော၏။

ထိုအခိုက်အတန့် တစ်ခဏ ငြိမ်သက်သွားခိုက် ကိုချစ်သိန်းက အစချီလိုက်သည်။

‘ကန့်စွန်းခင်းနဲ့ တောတန်းကလေးက ရပ်ကွက်နှစ်ခုကြားက မီးတားကွက်ဗျ၊ အိမ်စောင့်အစိုးရလက်ထက် ဗိုလ်မှူးကြီး ထွန်းစိန်မြို့ကွက်ဖော်ကတည်းက သီးသန့်နေရာပေးသွားတာ အားလုံးအသိပဲ။ အခုမှ ဘယ်လိုဖြစ်ပြီး ထူးထူးဆန်းဆန်း ဂရန်ပေါက်ရတာလဲဗျာ။ ဒီကိစ္စ ထူးဆန်းတယ်မထင်ဘူးလား ဥက္ကဋ္ဌ’ ဟု ဆိုကာ ဥက္ကဋ္ဌဘက်သို့ လှည့်၍ မေးခွန်းထုတ်လိုက်၏။ ဥက္ကဋ္ဌသည် ဘာမှမပြောနိုင်ဘဲ အာစေးထည့်ထားသလို နှုတ်ဆိတ်နေမိသည်။ ကိုစိန်ဝင်းကလည်း ဘာမှမပြောဘဲ ကိုချစ်သိန်း ဆက်ပြောမည့် စကားကိုသာ နားစွင့်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကိုချစ်သိန်းသည် ထို တိတ်ဆိတ်မှုအခြေအနေကို အရအမိ ဖမ်းကာ သူ့လွယ်အိတ်ထဲရှိ 'ပြည်သူ့အရေး' ဂျာနယ်ကို ထုတ်လိုက်သည်။ ထို့နောက် ဂျာနယ်ကို ဥက္ကဋ္ဌ ရှေ့မှောက် စားပွဲပေါ်သို့ အသာတင်လိုက်ကာ-

'ဒါ ဒီတစ်ပတ်ထွက်တဲ့ ကျွန်တော်တို့တိုက်ကထုတ်တဲ့ 'ပြည်သူ့အရေး' ဂျာနယ်။ ဒီထဲမှာတောင် မီးတားကွက် နှစ်သုံးဆယ်ဂရန်ပေါက်သွားတဲ့အကြောင်း ကျွန်တော်ရေးထားသေးတယ်။ ဒီဂျာနယ်ကို ဖတ်ပြီးတဲ့သူတိုင်း ဒီသတင်းကို စိတ်ဝင်စားမိနေလောက်ပြီ။ နိုင်ငံတော်သမ္မတကြီးတောင် ဒီသတင်းဖတ်ပြီးပြီလား မပြောနိုင်ဘူး။ ကျွန်တော်တို့က စာနယ်ဇင်းသမားတွေဆိုတော့ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင်လေဗျာ။ အမြီးအမောက် မတည့်တာတွေ တွေ့ရင် ရေးရမှာပဲ'

wu , fv bsfsn,
aerinfB Dw bf
b u fu
u Bfaw nfn
rwl faq Gk bd
pnw pfw ef
ayw pfw eEY
ae&nz, ckfr , f
q Bi f
u Bfaw nfu aw nfn
u kd fn
rwl faq Gu fu
Mn n faeEkdf Sn
r[ kwb |
t i fw neu fyg
wi fb i Bi f
wi &r SyJ

ကိုချစ်သိန်းသည် ကိုစိန်ဝင်းကို တိုက်စစ်ပြန်ဆင်နေသည်။ ကိုစိန်ဝင်းသည် ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ကိုချစ်သိန်း ဆက်ပြောလာမည့် စကားကိုသာ အလိုလို နားစွင့်နေမိသား ဖြစ်နေသည်။

'အစိုးရပိုင်မြေကြီးမှာ နေတဲ့သူအချင်းချင်းဗျာ၊ အားနည်းတဲ့သူကို အားကြီးတဲ့သူက အနိုင်ယူတာမကောင်းပါဘူး။ မြေကွက်က နှစ်သုံးဆယ်ဂရန်ပေါက်တယ်ပဲထားပါတော့။ ကျွန်တော့်မိတ်ဆွေ ကိုကျော်မိုး ဝက်မွေးဖို့အတွက် နေရာနည်းနည်း ချန်ပေးရင်ရော မဖြစ်နိုင်ဘူးလား။ ကျွန်တော်က ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ အနေအထားကို ဖြစ်စေချင်တာပါ'

ကိုစိန်ဝင်း၏ လေသံမှာ အနည်းငယ်ပျော့ပျောင်းသွားကာ-

'ဒီကိစ္စက ကျွန်တော့်သဘော တစ်ခုတည်းနဲ့ မပြီးဘူးဗျ၊ ကျွန်တော့်အစ်ကိုရဲ့ သဘောထားက ရှိသေးတယ်' ဟု ဆိုလာသည်။

ကိုချစ်သိန်းသည် သူခင်းထားသည့်လမ်းပေါ်သို့ ကိုစိန်ဝင်း လျှောက်လာပြီဆိုသည်ကို သူ့အတွေ့အကြုံအရ သိလိုက်သည်။

'တကယ်လို့များ နောင်ကြီးတို့ဘက်က ကျွန်တော့်မိတ်ဆွေကို စာတစ်တန်ပေတစ်တန်နဲ့ နေရာဖယ်ခိုင်းမယ်ဆိုရင် ကျွန်တော်ကတော့ ကိုယ့်မိတ်ဆွေဘက်က ကြည့်နေနိုင်မှာမဟုတ်ဘူး။ အင်တာနက်ပါ တင်သင့်ရင် တင်ရမှာပဲ။ စာနယ်ဇင်းလောကမှာ ကျွန်တော်က ပါးပါ။ ဒီကိစ္စကို တိုင်းပြည်က စိတ်ဝင်တစားရှိလာအောင် ကျွန်တော့်ထက် ဩဇာကြီးတဲ့ စာနယ်ဇင်းဆရာကြီးတွေကို အကူအညီတောင်းသင့်ရင် တောင်းရမယ်။ ဒါမှမဟုတ် နေပြည်တော်အထိ တက်သင့်ရင် တက်ရမယ်။ ပြဿနာတစ်စုံတစ်ရာ တက်လာရင် ကိုကျော်မိုးက သူ့ဝက်တွေ ရောင်းပြီး မိဘအိမ်ပေါ် ပြန်တက်လိုက်ရုံပဲ။ နောင်ကြီးတို့ဘက်ကသာ အစီအစဉ်တွေ အကုန်လုံး ကမောက်ကမတွေ ဖြစ်ကုန်မှာ။ ကုန်ကုန်ပြောမယ်ဗျာ၊ ငါးပိရည်နဲ့ ကြက်သား လဲရရင် လဲပေတော့။ ကျွန်တော်တို့က ငါးပိရည်၊ နောင်ကြီးတို့က ကြက်သား'

ကိုချစ်သိန်း၏ စိန်ခေါ်သံဆုံးတော့ ကိုစိန်ဝင်းက 'ဒီကိစ္စ ကျွန်တော့်အစ်ကိုကို ပြန်ပြောလိုက်မယ်' ဟု ဆိုကာ ဥက္ကဋ္ဌကို မျက်နှာအမူအရာ ဖြင့်သာ နှုတ်ဆက်ပြီး ဆိုင်ကယ်ကို စက်နှိုးကာ ပြန်လည် ထွက်ခွာသွား၏။

ရပ်ကွက်ရုံးမှ အပြန်လမ်း၌ ကိုကျော်မိုးက ကိုချစ်သိန်းကို ချီးကျူးသည်။

'ခင်ဗျား တော်တော်တော်တဲ့သူဗျာ၊ ဟိုလူ ငြိမ်ဆင်းသွားတာပဲ'

'အက်ဂျူကေးရှင်း နည်းတဲ့သူတွေက ဝူးဝါးဝူးဝါး လုပ်ဖို့လောက်ပဲ သိတာပါဗျာ။ သူတို့ကို ရင်ဆိုင်ရတာ လွယ်ပါတယ်။ အဲ... ဒါပေမဲ့ ဦးမင်းမောင်ကတော့ ဘယ်လိုနည်းနဲ့ တုံ့ပြန်မလဲ ဆိုတာ မှန်းမရသေးဘူး။ ဒီကြားထဲမှာ ခင်ဗျား ဟန်မပျက်နေ၊ သူတို့ဘက်က ဖိအားထပ်ပေးဦးမှာ မဟုတ်သေးဘူးထင်တယ်။ ဖိအားထပ်ပေးရင် ကျွန်တော့်ဆီကို ဖုန်းချက်ချင်းဆက်'

ထို့နောက် သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြသည်။

❑

၈။

'အစ်ကိုကြီးရေ' ဟု အေးထွန်းက အိမ်ရှေ့က အော်ခေါ်ပြန်သည်။

အေးထွန်း၏ အသံကို ကြားလိုက်သည်နှင့် ကိုကျော်မိုး စိုးရိမ်စိတ်ဝင်နေပြီ။

'ရုံးက စာပို့လိုက်ပြန်ပြီလားကွ'

အေးထွန်းက ပြုံးလိုက်ပြီး 'ဒီတစ်ခါ မဟုတ်ဘူးဗျာ၊ အစ်ကိုကြီးရဲ့တွက်ကိန်း လွဲသွားပြီ။ ကျော်ထင်ရှားကျောင်းအုပ်ကြီး ဦးမင်းမောင်က အစ်ကိုကြီးကို တွေ့ချင်လို့တဲ့။ နောက်ပြီး အစ်ကိုကြီးရဲ့ သူငယ်ချင်း စာနယ်ဇင်းဆရာကိုပါ တွေ့ချင်လို့တဲ့။ ဖြစ်နိုင်ရင် ဒီနေ့ညနေ ခြောက်နာရီလောက် သူ့ကျောင်းကို လာခဲ့ပါတဲ့'

'ဘာကိစ္စရှိလို့လဲကွ၊ သူခေါ်တိုင်း ငါက သွားရမှာလား'

'အဲဒါတော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

လည်း မပြောတတ်ဘူးဗျာ" ဟု အေးထွန်းက သူ့အိမ်လေးဘက်သို့ ပြန်သွားသည်။ ကိုကျော်မိုးသည် ထိုကိစ္စကို ကိုချစ်သိန်းဆီသို့ ချက်ချင်းဖုန်းဆက်အကြောင်းကြားသည်။

"သူတို့ဘက်က အလဲဖြို စပြလာတဲ့သဘောပဲဗျ။ ကျွန်တော်တို့အတွက် အကျိုးမယုတ်လောက်ဘူး။ သွားသင့်တယ် ကိုကျော်မိုး။ ကျွန်တော် အချိန်မီလာခဲ့မယ်"

ညနေ ခြောက်နာရီခန့်တွင် ကိုချစ်သိန်း အချိန်မီရောက်လာသည်။ သူတို့နှစ်ယောက်သည် ကျော်ထင်ရှားကိုယ်ပိုင်ကျောင်းဆီသို့ ထွက်ခွာခဲ့ကြသည်။ ကိုကျော်မိုးသည် သူ့အိမ်ကလေးမှနေ၍ ကျော်ထင်ရှားသို့ သွားသည့်အကွာအဝေးက သုံးမိနစ်စာမျှဖြစ်သည်။ သို့သော်လည်း ထိုအကွာအဝေးကို သူ့စိတ်ထဲမှာ တစ်ယူဇနာခရီးနှယ် ထင်နေသည်။ ရင်တွေလည်း ခုန်နေသည်။ ဦးမင်းမောင်က သူ့ဆီသို့ခေါ်ပြီး ခြိမ်းခြောက်စကားပြောဖို့များလား၊ ဒါမှမဟုတ် ဘာတွေပြောမှာလဲဆိုသည်ကို မှန်းဆ၍ မရလောက်အောင် ဖြစ်နေသည်။ သူကသာ စိတ်လှုပ်ရှားနေသလောက် ကိုချစ်သိန်းကို ကြည့်ရသည်မှာ စိတ်အေးလက်အေးနိုင်လှသည်။ စကားကြွယ်ပြီး မီဒီယာလောကတွင် ဝင်ဆံ့သော မိတ်ဆွေတစ်ယောက် သူနှင့်အတူ ပါလာသည့်အတွက် စိုးရိမ်စိတ်ကတော့ အနည်းငယ် လျော့ပါးသွားသည်။

သူတို့ရောက်ရောက်ချင်းပဲ စာရေးမလေးတစ်ယောက်က အဆင်သင့်စောင့်ကြိုနေသည်။

"ကြွပါရှင်၊ ဦးလေးတို့ကို ဆရာကြီးက စောင့်မျှော်နေပါတယ်"ဟု ပြောကာ သူတို့နှစ်ယောက်ကို ဦးဆောင်ခေါ်ငင်သွားသည်။ သုံးထပ်အဆောက်အဦးကြီးတစ်ခု၏ အပေါ်ဆုံးအထပ်ရှိ အခန်းတစ်ခန်းရှေ့သို့အရောက် စာရေးမလေးက အခန်းတံခါး၌ တပ်ဆင်ထားသည့် ဘဲလ်အသေးစားလေးကို နှိပ်လိုက်သည်။

"ဧည့်သည်တွေကို ဝင်လာခိုင်းလိုက်ပါ"ဟူသော အခန်းတွင်းကအသံကို ကြားလိုက်ရသည်။ စာရေးမလေးက အခန်းတံခါးကို ဖွင့်လိုက်ပြီး "ဦးလေးတို့ အထဲဝင်လို့ရပါပြီ"ဟု ပြောသည်။

သူတို့နှစ်ယောက်သား အခန်းတွင်းသို့ ဝင်ခဲ့ကြသည်။ အခန်းထဲတွင် စားပွဲတစ်လုံးရှိပြီး ဦးမင်းမောင်က စားပွဲနောက်ရှိ ဆုံလည်ဆိုဖာအပေါ်တွင် ထိုင်နေသည်။ သူတို့ကို မြင်သောအခါ စားပွဲရှေ့ရှိ ထိုင်ခုံနှစ်လုံးကို လက်ညှိုးညွှန်ပြလိုက်သည်။

"ညီလေးတို့ ထိုင်ကြကွာ"

အခန်းတွင်းတွင် တစ်ချိန်လုံးလိုလို လေအေးစက်ဖွင့်ထားပုံရသဖြင့် အေးစက်နေသည်။ စောစောက နေရာလိုက်ပြပေးသည့် စာရေးမလေးက မထွက်ခွာသေးဘဲ အခန်းဝမှာ မတ်တတ်ရပ်နေသည်။ ဦးမင်းမောင်က ထွက်သွားရန် လက်ဟန်ပြလိုက်တော့မှ စာရေးမလေးက အခန်းတံခါးကို အပြင်ဘက်က ပိတ်လိုက်ပြီး ထွက်ခွာသွားသည်။

"ကျွန်တော်တို့ကို ခေါ်တာ ဘာကိစ္စထွေထွေထူးထူးရှိလို့ပါလဲ ဆရာကြီး"ဟု ကိုကျော်မိုးက မေးလိုက်သည်။

ဦးမင်းမောင်က ပြည့်ပြည့်ဝဝ တစ်ချက်ပြုံးလိုက်သည်။

"ဟာ... ကိုယ့်ညီတို့ကလည်း ကိုယ့်ကို ဆရာကြီးလို့ မခေါ်ပါနဲ့ကွာ၊ မေတ္တာနဲ့သစ္စာ ဒီလောက်ကပ်နေပေမဲ့ အကြောင်းမတိုက်ဆိုင်လို့ မတွေ့ဖြစ်ကြတာကွာ၊ ရင်းရင်းနှီးနှီး အစ်ကိုကြီးလို့ပဲခေါ်။ လောလောဆယ် ဘာသောက်မလဲ၊ ကိုယ့်အခန်းထဲက ရေခဲသေတ္တာထဲမှာ အအေးဘူးတွေရှိတယ်။ ဘီယာသောက်ချင်ရင်လည်း ဘီယာဘူးတွေရှိတယ်။ ကိုယ့်ဘဝကလည်း ဘီယာသောက်ချင်ရင်တောင် ကျောင်းသားတွေ မြင်သွားရင် မကောင်းလို့ ကိုယ့်ပစ္စည်းနဲ့ကိုယ် တိတ်တိတ်လေး ခိုးသောက်နေရတယ်"

ဦးမင်းမောင်၏ ပြုမူဆက်ဆံပုံမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက သိကျွမ်းခင်မင်လာခဲ့သူများကို ဆက်ဆံပုံမျိုးဖြစ်သဖြင့် ကိုကျော်မိုးသည် အံ့အားသင့်နေမိသည်။ ဦးမင်းမောင်ဆီက ထိုကဲ့သို့သော ဆက်ဆံမှုများ ရရှိလိမ့်မည်ဟု ထင်မှတ်မထားပေ။

"နေပါစေ၊ မသောက်တော့ပါဘူး ဆရာကြီး၊ အဲလေ.. အစ်ကိုကြီး"

ဦးမင်းမောင်သည် ကိုချစ်သိန်းဘက်သို့ မျက်နှာမူလိုက်ကာ "ဒီက ညီလေးက စာနယ်ဇင်းဆရာနဲ့တူတယ်"ဟု မိတ်ဖွဲ့လိုက်သည်။

ကိုချစ်သိန်းသည် လူမှုရေးသဘောမျိုးဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး "ဟုတ်ကဲ့ပါ အစ်ကိုကြီး"ဟု ပြန်ဖြေလိုက်သည်။

"ဟိုနေ့က အစ်ကိုကြီးညီ မောင်စိန်ဝင်း ပြောသွားတာတွေကို စိတ်ထဲမထားနဲ့ကွာ၊ သူက စိတ်ရင်းကတော့ မဆိုးပါဘူး။ ဒါပေမဲ့ ဒီကောင်က မြန်မာစပိကင်မရဘူး။ စကားကို ပြေပြေလည်လည် မပြောတတ်ဘူး။ ပြောလိုက်ရင် တုတ်ထိုးအိုးပေါက်။ အစ်ကိုကြီးလည်း သူနဲ့သိပ်မကွာပါဘူးကွာ။ စကားကို လှအောင် မပြောတတ်ဘူး။ တကယ်လို့များ အစ်ကိုကြီးရဲ့ စကားတွေထဲမှာ ငါ့ညီတို့ သဘောမတွေ့တာရှိရင် ပွင့်ပွင့်လင်းလင်းသာပြော"

ကိုကျော်မိုးသည် ဦးမင်းမောင် သည်မျှအထိ ရင်းနှီးဖော်ရွေစွာ ဆက်ဆံမှုကြောင့် စိတ်နေသဘောထားကို မှန်းဆရခက်ခဲနေသည်။

"အစ်ကိုကြီးလည်း ဘော်ဒါကနေ ကိုယ်ပိုင်ကျောင်းဖြစ်အောင် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတာပါကွာ။ အရင်တုန်းက တို့မြို့ ဆယ်တန်းအောင်ချက် သိပ်မကောင်းဘူး မဟုတ်လား။ ကိုယ့်ဘော်ဒါဖွင့်ပြီးနောက်ပိုင်း တို့မြို့ရဲ့ အောင်ချက် တက်လာတယ်ကွ။ ငါ့ညီတို့က ပညာရေးနယ်ပယ်နဲ့ဝေးနေတော့ သတိထားမိချင်မှ ထား



www.burmeseclassic.com

www.burmeseclassic.com

မိလိမ့်မယ်’ဟု ဆိုကာ ဦးမင်းမောင်သည် စကားစကို ခေတ္တ ရပ်ထားလိုက်သည်။

ကိုကျော်မိုးရော ကိုချစ်သိန်းပါ ဘာမှမပြောဘဲ ဦးမင်းမောင် ဆက်လက်ပြောလာမည့် စကားကိုသာ နားစွင့်နေမိကြသည်။

‘ကိုယ်က ပညာရေးအတွက် အလုပ်လုပ်နေတဲ့သူဆိုတော့ အစိုးရက ဟိုမြေကွက်ကို နှစ်သုံးဆယ်ဂရန်နဲ့ ချပေးတယ်ကွ။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အားလည်းနာတယ်၊ ခင်လည်းခင်တယ် ညီလေးရေ။ စာသင်ကျောင်းအနားမှာ ဝက်ခြံတွေ ရှိနေတယ်ဆိုရင် ကျောင်းကို လာစစ်တဲ့ အထက်လူကြီးတွေက သဘောကျမှာမဟုတ်ဘူး။ ဝက်ခြံက အနံ့အသက်တွေရှိနေတော့ ကျောင်းသားတွေရဲ့ ကျန်းမာရေးကို မထိခိုက်ဘူးလို့ ပြောလို့မရဘူးလေ’

ဝက်ခြံကိစ္စ ပါလာသဖြင့် ကိုကျော်မိုးသည် ရှင်းပြချက်ပေးရန် အားယူနေခိုက် ကိုချစ်သိန်းက ဦးမင်းမောင်၏ စကားကိုသာ ပြီးဆုံးအောင် နားထောင်စေဖို့ လက်ကုတ်ပြီး သတိပေးသည်။

‘အဲဒီတော့ ညီလေးအိမ်ကလေးနဲ့ ဝက်ခြံကို ဖယ်ပေးစေချင်တယ်။ အဲဒီလို ဖယ်ပေးလိုက်ရလို့ ညီလေး မနစ်နာရလေအောင် အစ်ကိုကြီး စီမံထားတယ်၊ ငါ့ညီသဘောတူမှပါ’

ဦးမင်းမောင်၏ စကားထဲတွင် မိမိ မမျှော်လင့်ထားသော အရာကို ကြားလိုက်ရသဖြင့် ကိုကျော်မိုးသည် နောက်ဆက်တွဲစကားများကိုသာ စိတ်ဝင်တစားနှင့် နားထောင်မိလျက်သားဖြစ်နေသည်။

‘ဒီလို ညီလေးရ၊ မီးရထားလမ်းအကျော်က ပဒေသာရပ်ကွက်ထဲမှာ အိမ်ကလေးတစ်လုံး ဈေးသင့်လို့ အစ်ကိုကြီး ဝယ်ထားတာရှိတယ်။ ဆယ်ပေလည်းမက၊ ပေနှစ်ဆယ်လည်းမကျပေါ့ကွာ။ ဘိုးဘွားပိုင်မြေဆိုပါတော့။ ဂရန်တော့ မပေါက်ဘူး။ ဒါပေမဲ့ ဒါက သိပ်အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူးကွာ။ ဂရန်မရှိဘဲနဲ့ ဘိုးဘွားပိုင်မြေမှာ တစ်သက်လုံး အေးအေးချမ်းချမ်း နေထိုင်သွားတဲ့သူတွေ အများကြီးပဲဟာကို။ အဲဒီအိမ်ကလေးနဲ့ ခြံကလေးကို ငါ့ညီကို နစ်နာကြေးအနေနဲ့ အစ်ကိုကြီးပေးမယ်ကွာ’

စိတ်ကူးထဲ၌ပင် မရှိသော စကားများကို ဦးမင်းမောင်ထံမှ ကြားလိုက်ရသဖြင့် ကိုကျော်မိုးသည် မိမိနားကိုမိမိ မယုံကြည်သလိုဖြစ်နေသည်။ အံ့သြစိတ်က လွှမ်းမိုးနေသဖြင့် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ စကားစ ရှာဖွေနေဆဲမှာပင် ဦးမင်းမောင်က ဆက်ပြောသည်။

‘ဒါနဲ့ ငါ့ညီ အသက်ဘယ်လောက်ရှိပြီလဲ’

‘သုံးဆယ့်ရှစ်ထဲမှာ’

‘ငယ်ငယ်လေးရှိသေးတာပဲကွ၊ အသက်လေးဆယ်မှ ဘဝစတာမဟုတ်လား။ ငါ့ညီ မင်္ဂလာဆောင်ဖြစ်ခဲ့ရင် အစ်ကိုကြီးက လက်ဖွဲ့တဲ့သဘောပဲပေါ့ကွာ။ ဘာပဲပြောပြော အဲဒီရပ်ကွက်မှာ ဝက်မွေးရတာ ဒီမှာထက်တောင် ပိုပြီး အဆင်ပြေဦးမယ်။ အိမ်လေးရဲ့နောက်မှာက ရထားလမ်းပဲရှိတာဆိုတော့ လွတ်လွတ်လပ်လပ် မွေးလို့ရတယ်။ နောက်ပြီး ဝက်စာအတွက်လည်း ဘာမှစိတ်မပူနဲ့။ အစ်ကိုကြီးရဲ့ ဘော်ဒါဆောင်က စားကြွင်းစားကျန်တွေကို ညနေဘက်တိုင်း ညီလေးဆီကို လာပို့ပေးမယ်’

ထိုအခါကျမှ ကိုကျော်မိုး သတိဝင်လာသည်။

‘ဟာ··· အစ်ကိုကြီးကလည်း ဘယ်ဟုတ်ပါ့မလဲ၊ အားနာစရာ။ ကျွန်တော့်ဘာသာ လာယူမှာပေါ့’

‘ကိစ္စမရှိပါဘူး၊ အစ်ကိုကြီးအနေနဲ့ အပန်းမကြီးပါဘူး။ ဘော်ဒါက ခိုင်းတဲ့ကောင်လေးတွေကို တို့ဘော်ဒါသုံးကားလေးနဲ့ လာပို့ခိုင်းလိုက်မယ်။ နို့မို့ဆို စားကြွင်းစားကျန်တွေ ပစ်ရတာ နေရာရှာနေရသေးတယ်။ အစ်ကိုကြီးရဲ့အခက်အခဲကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးတယ်လို့ သဘောထားပေါ့ကွာ’

ကိုကျော်မိုးအဖို့ ပြောစရာစကား မရှိတော့သလို ခံစားလိုက်ရ၏။ ဦးမင်းမောင်သည် ကိုချစ်သိန်းဆီသို့ လမ်းကြောင်း ပြောင်းသွားသည်။

‘ညီလေးတို့တိုက်က ထုတ်တဲ့ ဂျာနယ်တွေကိုလည်း ကြိုက်တယ်ကွာ’ဟု ပြောကာ သူ့စားပွဲအံ့ဆွဲထဲက ‘ပြည်သူ့အရေး’ဂျာနယ်များကို ထုတ်ပြသဖြင့် ကိုချစ်သိန်းပင် အံ့အားသင့်နေသည်။

‘စာအုပ်စာပေ၊ လူ့မိတ်ဆွေတဲ့။ စာမဖတ်တဲ့လူမျိုး ဘယ်တိုးတက်ပါ့မလဲကွာ။ အစ်ကိုကြီးတောင် ကျောင်းမှာ စာရေးဆရာကြီးတွေခေါ်ပြီး စာပေဟောပြောပွဲလုပ်ဖို့ အစီအစဉ်ရှိသေးတယ်။ စကားမစပ် ညီလေးရေးတဲ့ ဆောင်းပါးကိုလည်း ကြိုက်တယ်ကွာ။ အပိုအလိုမရှိ ကွက်တိပဲ။ ဒါပေမဲ့ စာနယ်ဇင်းသမားဆိုတာ သတင်းကောင်းတွေရဖို့ ခရီးထွက်သင့်တန်ရင် ထွက်ပေးရတယ်ကွ။ ခရီးထွက်မှပဲ စာရေးစရာကုန်ကြမ်းတွေရလာမှာ။ ခရီးမထွက်နိုင်ရင်တော့ အကြောင်းအရာတွေက မဲပြာပုဆိုးဖြစ်တော့မှာ။ ကဲ··· ညီလေး၊ ခရီးထွက်ပြီး စာကောင်းတွေရေးနိုင်ဖို့ အစ်ကိုကြီးရဲ့စေတနာကို လက်ခံကွာ’ဟု ပြောကာ ဦးမင်းမောင်သည် အသင့်စီစဉ်ထားသော စားပွဲပေါ်ရှိ စာအိတ်တစ်အိတ်ကို ကိုချစ်သိန်း၏ လက်ထဲသို့ ထိုးပေးသည်။ ❑

၉။

သည့်နောက်ပိုင်းတွင် ကိုကျော်မိုးသည် ကိုချစ်သိန်းနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်။ ကိုချစ်သိန်း၏ ယခင်ဖုန်းနံပါတ်ကို ဆက်ကြည့်တော့လည်း စက်ပိတ်ထားပါသည်ဟုပဲ ပြန်ဖြေသည်။ အချိန်ကာလများကို ဖြတ်သန်းရင်း ကိုကျော်မိုးသည် ဦးမင်းမောင်၏ မစမှုကြောင့် မီးရထားလမ်းဘေးရှိ ရပ်ကွက်လေးထဲတွင် နေထိုင်ကာ ပတ်ဝန်းကျင်နှင့် အသားကျနေပြီဖြစ်သည်။ ဝက်မွေးမြူရေးဖြင့် အကျိုးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

စီးပွားကလည်း တက်သထက် တက်လာသည်။ သူ့ခြံကလေးနှင့် မီးရထားလမ်းအကြားတွင် အစိုးရပိုင် မြေနေရာ တော်တော်များများရှိသည်။ ထိုနေရာများကိုပါ ကျူးကျော်လိုက်ပြီး ဝက်ခြံများ တည်ဆောက်လိုက်သည်။ ဝက်စာအတွက်လည်း အထူးတလည် စဉ်းစားစရာမလိုပေ။ ညနေငါးနာရီထိုးခန့်သို့ ရောက်သည်နှင့် ကျော်ထင်ရှားဘော်ဒါပိုင် ဟိုက်ဂျက်ကားကလေးတစ်စီး ရောက်လာပြီး စားကြွင်းစားကျန်များကို လာရောက်ပို့ပေးနေကျဖြစ်သည်။

ထို့ပြင် ကိုကျော်မိုးသည် ထိုရပ်ကွက်ကလေးသို့ ရောက်ခါမှ နဖူးစာရွာလည်ခဲ့လေသည်။ အသက်လေးဆယ်နီးနီးသို့ ရောက်ခါနီးတွင် မိမိထက် အသက်ဆယ်နှစ်ကျော်ငယ်သည့် ကြက်သားသည် အမျိုးသမီးတစ်ယောက်နှင့် အနေနီးစပ်ပြီး အိမ်ထောင်ကျခဲ့သည်။ မိဘများက လုံးဝ သဘောမတူသဖြင့် ကိုကျော်မိုးသည် မင်္ဂလာမဆောင်ဖြစ်တော့ဘဲ ရုံးတက် လက်မှတ်ထိုးခြင်းဖြင့်သာ လုပ်နိုင်ခဲ့သည်။ အိမ်ထောင်ကျပြီးကတည်းက မိဘများအိမ်သို့ မရောက်ဖြစ်သဖြင့် မေတ္တာနှင့်သစ္စာ ရပ်ကွက်နှစ်ခုနှင့်ပါ အဆက်အသွယ် ပြတ်သလိုဖြစ်သွားသည်။ ထို့ကြောင့် မေတ္တာနှင့်သစ္စာရှိ သတင်းများကိုလည်း သူ မသိရတော့။ အရင်တုန်းက ဒေါ်လှဆန်းသည် ကိုကျော်မိုးဆီသို့ လာပြီး သတင်းများပေးတတ်သော်လည်း သူအိမ်ထောင်ကျပြီးကတည်းက ဒေါ်လှဆန်းက သူ့ဆီသို့ ခြေဦးတောင် မလှည့်တော့ပေ။ သို့သော်လည်း ဒေါ်လှဆန်းက သူ့ကွယ်ရာတွင်-

'အကုသိုလ်နဲ့ အကျိုးပေးတဲ့သူက ပေးကိုပေးတာ၊ ဝက်သားသည်နဲ့ ကြက်သားသည် အိမ်ထောင်ကျတာ မဆန်းပါဘူးအေ။ အကုသိုလ်ကို ကန်ထရိုက်ထပ်ပြီးဆွဲတာပေါ့'ဟု စကားစပ်မိသူများကို ပြောလေ့ရှိသည်။ ကြားမိသော သူများက ကိုကျော်မိုးကို ပြန်ပြောပြသော်လည်း ကိုကျော်မိုးက ပြုံးရုံမျှသာ ပြုံးနေမိသည်။

ကိုကျော်မိုး၏ အိမ်ကလေးတွင် သူဘွဲ့ယူစဉ်က ရိုက်ထားသည့် ဘွဲ့ရဓာတ်ပုံကိုတော့ ခံ့ခံ့ညားညား ချိတ်ဆွဲထားသေးသည်။

❏

၁၀။

တစ်ခုသော ညနေခင်းတွင် ဝက်စာလာပို့သော ကားကလေး အိမ်ရှေ့သို့ ရောက်လာစဉ် ကားပေါ်ရှိ ဒရိုင်ဘာက-

'အစ်ကိုကြီး နေကောင်းလား'ဟု လှမ်းနှုတ်ဆက်သည်။ ကိုကျော်မိုးသည် ထိုဒရိုင်ဘာကို အကဲခတ်လိုက်ရာ အရင်မောင်းနေကျ ကောင်လေးမဟုတ်ဘဲ အေးထွန်းဖြစ်နေသည်ကို တွေ့လိုက်ရ၏။ သူသည် ကားကလေးဆီသို့ မပြေးရုံတစ်မည် ခြေလှမ်းများဖြင့် ပြေးသွားလိုက်ကာ-

'ဟာ...အေးထွန်းပါလားကွ၊ ငါ့ညီ မင်းတစ်သွေးတစ်မွေးကိုဖြစ်လို့'

အေးထွန်းက အရင်လို မွဲခြောက်ခြောက် မဟုတ်တော့ဘဲ စိုစိုပြည်ပြည်ဖြင့် ဝဝဖြိုးဖြိုးဖြစ်နေသည်။

'အစ်ကိုကြီးကလည်းဗျာ အိမ်ထောင်ကျပြီးကတည်းက ကျွန်တော်တို့ဘက်ကို ပေါ်တောင်မလာတော့ဘူး'

'အေးကွာ၊ ငါလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေလို့ကွာ၊ မင်းတို့ရော အရင်နေရာမှာပဲလား'

'အစ်ကိုကြီး ကြည့်ရတာ တော်တော် အဆက်အသွယ်ပြတ်နေတာပဲ။ ဘာမှတောင် မသိတော့ဘူး။ ကျွန်တော် အရင်လို လမ်းမှူးမဟုတ်တော့ဘူး။ ကျော်ထင်ရှား ကိုယ်ပိုင်ကျောင်းရဲ့ ကျောင်းကားမောင်းတဲ့သူဖြစ်နေပြီ။ ဒီနေ့တောင် ဒီကားပုံမှန် မောင်းတဲ့ ကောင်လေးက ခွင့်ယူထားလို့ ကျွန်တော်မောင်းပို့လို့ အစ်ကိုကြီးနဲ့ တွေ့ရတာ'ဟု အေးထွန်းက ရှင်းပြသည်။

'ဒါနဲ့ ဒေါ်လေးရော နေကောင်းလား၊ ဈေးထဲမှာ ဆန္ဒင်းမကင်း ရောင်းတာ မတွေ့တော့သလိုပဲ'

'အမေလည်း နေကောင်းတယ်။ သူတောင် ဆန္ဒင်းမကင်း မရောင်းတာ တော်တော်ကြာသွားပြီ။ အမေက ကျော်ထင်ရှား ဘော်ဒါမှာ စားဖိုမှူးဖြစ်နေပြီ။ ကျွန်တော်တို့သားအမိလည်း ကျူးကျော်မှာ မဟုတ်တော့ဘူး။ ကျောင်းဝင်းထဲမှာ တစ်နေရာစာ ပေးထားတယ်'

ထိုအခိုက် ကိုကျော်မိုးသည် ဆိုက်ကားသမား ကိုမြည်ိုတို့ကို သတိရသဖြင့် မေးလိုက်မိသည်။

'ကိုမြညိုတို့ရော အရင်အတိုင်းပဲလား'

'ကိုမြညိုတို့ အောင်စံပယ်ရပ်ကွက်ဘက်ကို ပြောင်းသွားတာ တော်တော်ကြာပြီဗျ။ သူတို့နဲ့လည်း အဆက်အသွယ် ပြတ်နေတယ်'

'ဟေ...ဘယ်လိုတွေ ဖြစ်ကုန်တာလဲ'ဟု ကိုကျော်မိုး စိတ်ဝင်တစား မေးလိုက်မိသည်။

'ဒီလို အစ်ကိုကြီး၊ ဆရာကြီး ဦးမင်းမောင်က မေတ္တာဘက်က ကျူးကျော်အခြမ်းကိုပါ ကျောင်းခြံဝင်းတိုးချဲ့ဖို့လုပ်တယ်။ အဲဒီသတင်းလည်းကြားရော ကျွန်တော်နဲ့ ကိုမြညိုတို့မိသားစု လမ်းဆုံလမ်းခွမှာ ဆန္ဒပြပွဲလုပ်မလို့ စီစဉ်ထားသေးတယ်။ ဒါပေမဲ့ အဲဒီအဆင့်အထိ မရောက်လိုက်ပါဘူးဗျာ။ ဦးမင်းမောင်က ကျွန်တော်တို့ သားအမိနှစ်ယောက်ကို အလုပ်အကိုင်ပေးပြီး သူ့ကျောင်းခြံဝင်းမှာပဲ အဆောင်ပေးပြီး ခေါ်ထားလိုက်တယ်။ ကိုမြညိုတို့ကျတော့ အလုပ်ပေးချင်တာတောင် သောက်တတ်စားတတ်လို့ မပေးရဲဘူး။ နောက်ပြီး ကိုမြညိုကလည်း ဆိုက်ကား နင်းတာကလွဲလို့ ကျန်တာ ဘာမှလုပ်တတ်တာ မဟုတ်ဘူး။ ဒီတော့ ဒီအိမ်ငှားဖို့ စပေါ်ထုတ်ပေးပြီး အရင်နေရာက ဖယ်ခိုင်းလိုက်တယ်။ ကိုမြညိုတို့ကလည်း ကျေကျေနပ်နပ်နဲ့ ဖယ်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အခုတော့ သူတို့နဲ့ တွေ့တောင် မတွေ့ပါဘူးဗျာ။ မီးတားကွက်ကတော့ အရင်တုန်းက သစ္စာဘက်အခြမ်းပဲပါတာ၊ အခုတော့ မေတ္တာဘက်အခြမ်းပါ မရှိတော့ဘူး"

အေးထွန်း၏ စကားပြီးဆုံးသွားမှပဲ ကိုကျော်မိုးသည် အထိုက်အလျောက် ဇာတ်ရည်လည်သွားသည်။ ထို့နောက် အေးထွန်းသည် ကားပေါ်ရှိ စားကြွင်းစားကျန်ပုံးများကို ကိုကျော်မိုးအား ကူညီချပေးပြီးနောက် နှုတ်ဆက်ကာ ပြန်သွားသည်။

အေးထွန်းနှင့် ပြန်တွေ့လိုက်ရတော့မှ ကိုကျော်မိုးသည် အတိတ်က ပုံရိပ်များကို ပြန်လည်မြင်ယောင်မိသည်။ တောတန်းကလေးနှင့် ၄င်းအကြားရှိ နွေရာသီနှင့် ဆောင်းရာသီတို့တွင် အသုံးပြုသော ရပ်ကွက်လေးနှစ်ခုအကြားရှိ ဖြတ်လမ်းကလေးကိုလည်း အမှတ်ရမိသည်။ ဦးမင်းမောင်က ထိုမီးတားကွက်ကို နှစ်သုံးဆယ်ဂရန်ဖြင့် ငှားရမ်းခဲ့သည်။ သို့သော် နောင်နှစ်သုံးဆယ်တွင် ဦးမင်းမောင်ရော သူပါ ရှိနိုင်ဖို့ဆိုသည်မှာ မသေချာလှပေ။ နှစ်သုံးဆယ်ပြည့်၍ မူလမီးတားကွက် ပြန်လည်ရရှိခဲ့လျှင်တောင်မှ အရိပ်အာဝါသကောင်းမွန်သည့် တောတန်းကလေးနှင့် လမ်းကလေးကို ပြန်မရနိုင်တော့သည်က သေချာသည်။

ကိုကျော်မိုးသည် ဦးမင်းမောင်နှင့် သူ့အကြောင်းကို အမိကထား၍ တွေးမိသည်။ ဦးမင်းမောင်က မီးတားကွက်ကို နည်းလမ်းများသုံးကာ နှစ်သုံးဆယ်ဂရန်ကျအောင်လုပ်ခဲ့သည်။ သူကလည်း မီးတားကွက်အစပ်တွင် ကျူးကျော်အိမ်ဆောက်ရာမှ ဦးမင်းမောင်နှင့် ထိပ်တိုက်တွေ့မိပြီး ပျားရည်ဖြင့် ဝမ်းချသည့်သဘောမျိုးဖြင့် အိမ်တစ်လုံးကို အမှတ်မထင် ပိုင်ဆိုင်ခဲ့သည်။ ထို့နောက် ဆွမ်းခံရင်း ငှက်သင့်ဆိုသလို ကြက်သားသည်တစ်ယောက်နှင့် အိမ်ထောင်ကျခဲ့သည်။ ထိုသို့သော မိမိ၏ ကံကြမ္မာကို ပြန်တွေးမိရင်း အိမ်ထဲသို့ အကြည့်တစ်ချက် ရောက်သွားသဖြင့် အိမ်ကလေး၏ နံရံတွင် ချိတ်ဆွဲထားသော မိမိ၏ ဘွဲ့ရဓာတ်ပုံကိုတွေ့လိုက်ရသည်။ ထိုအခါ သူသည် ရုတ်တရက် ရယ်မောချင်စိတ်များ ဖြစ်ပေါ်လာသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ဝက်များကို အစာကျွေးရန်ပြင်ဆင်နေသည့် အနားရှိ ဇနီးသည်က ကောက်ကာငင်ကာ ရယ်မောနေသည့် ခင်ပွန်းဖြစ်သူကို နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်နေမိသည်။

"အစ်ကို ဘာဖြစ်လို့ ရယ်တာလဲ"

"ငါရှင်းပြတော့ရော နင်က နားလည်မှာလား" ဟု ကိုကျော်မိုးက ပြောလိုက်ရာ သူ့ဇနီးသည် နှုတ်ခမ်းစူကာ စားကြွင်းစားကျန်ပုံးများကို ဆွဲပြီး အိမ်နောက်ဘက်ရှိ ဝက်ခြံဆီသို့ ထွက်သွားတော့သည်။

■

နိုင်မြင့်




ဓားရိုးကမ်းစာအုပ်ဟာ ဗီယက်နမ်စစ်ပွဲအတွင်း
သူလျှိုများရဲ့ခြေရှုပ်ခဲ့မှုများ၊ အမေရိကန်တို့ရဲ့ရက်စက်တဲ့
စစ်ရေးများ၊ တောင်မြောက် ဗီယက်နမ်တို့ရဲ့
ပြင်းထန်တဲ့တိုက်ပွဲများကို အခြေခံ ရေးထားပါတယ်။
ဒီစာအုပ်ထွက်လာတဲ့အခါ
တစ်ကမ္ဘာလုံး လှုပ်လှုပ်ရှားရှား
ဖြစ်ခဲ့ရပါတယ်။ အရှေ့တောင်အာရှဖွား
စာရေးဆရာများရဲ့စာအုပ်တွေထဲမှာ
အကောင်းဆုံးတစ်အုပ်လို့တောင် အင်ဒီပန်းဒန့်
သတင်းစာကြီးကနေ ချီးကျူးခဲ့ပါတယ်။
အထူးခြားဆုံးကတော့ ၂၀၁၆ ခုနှစ်အတွက်
ပူလစ်ဇာဆုရရှိခဲ့ပါတယ်။ ဗီယက်နမ်စစ်ပွဲကို
အမေရိကန်မှုပြုတယ်လို့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ
ပြောဆိုကြပါတယ်။
ဒါကို ယခုစာအုပ်ရေးသူ Viet Thanh Nguyen က
အခုစာအုပ်နဲ့ ပြောင်းပြန်လှန်ခဲ့ပါတယ်။
ဗီယက်နမ်စစ်ပွဲကြီးရဲ့ဖုံးကွယ်ခံထားရတဲ့
အမှန်တရားတွေကို လှစ်ဟ ပြသခဲ့ပါတယ်။
တစ်ကမ္ဘာလုံးသိထားတဲ့ ဗီယက်နမ်စစ်ပွဲပေါ်
အမြင်တွေကို ဗီယက်နမ်ပြည်သူတွေကိုယ်စား
အမှန်အတိုင်း ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။
ရာပြည့် မြန်မာပြန်ဆိုတဲ့ "ဓားရိုးကမ်း" စာအုပ်ကို
မှာယူလိုသူများအနေနဲ့ ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့
ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့
မက်ဆေ့ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်။



www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၀၈

ဒီလမှာလည်း ဟိုအရင် ရေးရိုးရေးစဉ်၊ တွေးရိုးတွေးစဉ် စာမူတွေကိုသာ အများစုတွေ့ရပါတယ်။ အသစ်အသစ်သော အကြောင်းအရာများနဲ့ တင်ပြပုံတွေကို မျှော်လင့်နေပါတယ်။

၁။ ***အဆိုတော်ရဲ့မယား***

**မောင်ရင်ထွေး(မအူပင်)**

စကားပြေ၊ စကားပြော ရောထွေးလွန်းသလို အပြန်အလှန်စကားပြောနဲ့ သီချင်းစာတွေကိုလည်း ကွဲပြားအောင် မရေးထားနိုင်ပါဘူး။ ရိုးစင်းလွန်းပါတယ်။

၂။ ***လင်ငေးသူ***

**အာကာ**

စာတမ်းဆန်ဆန် အရေးအသားဖြစ်ပြီး စာစီထားပုံတွေက တီထွင်ရာမရောက်ဘဲ ဖတ်ရခက်စေပါတယ်။ အရေးအသား မရှင်းလင်းဘဲ အဖွဲ့အနွဲ့ကို အားထုတ်ထားတာမို့ ဝါကျတွေဟာ မသပ်ရပ်ပါဘူး။ ရောထွေးနေပါတယ်။

၃။ ***ကြောင်ချေးချစ်သူများ***

**မောင်ပိုင်(လေးမျက်နှာ)**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံရိုးစင်းလွန်းလှပါတယ်။

၄။ ***လွမ်းစရာရှိလို့ လွမ်းရတာပေါ့***

**အေကေဆောင်း**

အရေးအသား အားနည်းပါတယ်။ အပြန်အလှန်စကားပြောကို အားပြုထားပြီး အဖွဲ့အနွဲ့မရှိသလို အကြောင်းအရာကိုရော တင်ပြပုံပါ ရိုးစင်းလှပါတယ်။

၅။ ***တစ်ပွဲစား***

**ရောင်နီသက်လွင်(ဘိုကလေး)**

အရေးအသား ပြေပြစ်သလို ရှိပေမဲ့ မရှင်းလင်းဘဲ အဖွဲ့အနွဲ့လည်း အားနည်းပါတယ်။ အပြန်အလှန်စကားပြောကိုပဲ အားပြုထားတဲ့ ရိုးစင်းတဲ့ စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၆။ ***ရွှေတောင်ကြီး၏ အလင်းမဲ့နာရီ***

**ခွန်းဆက်(မိုးညှင်း)**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာမှာ လှည့်ကွက်သုံးထားပေမဲ့ အဖွင့်မှာ ဆွဲဆောင်မှုရအောင် တည်ထားတဲ့ သဘောတရားကို အဆုံးအထိ လှလှပပသယ်မသွားနိုင်တာကို တွေ့ရပါတယ်။

၇။ ***ဘဝသေ***

၈။ ***ကွမ်းများ မစားပါနဲ့တော့ အဖေ***
***ဆေးလိပ်များ မသောက်ပါနဲ့တော့ အဖေ***

**ရွှေယမုံဦး**

အတွေးရော အရေးပါ ရိုးစင်းလွန်းတဲ့ စာမူနှစ်ပုဒ် ဖြစ်ပါတယ်။ အရေးအသား ပြေပြစ်ပေမဲ့ အဖွဲ့အနွဲ့အိုင်နေတဲ့ စာမူတွေ ဖြစ်ပါတယ်။ အကြောင်းအရာကလည်း ထူးခြားမှု မရှိပါဘူး။ စာမူနာမည်တွေ ဖတ်ရုံနဲ့ မှန်းလို့ရတဲ့ ဇာတ်ကြောင်းတွေလည်း ဖြစ်နေပါတယ်။

၉။ ***မေတ္တာဆေးတစ်စက်***

**မမယ်လမ်း**

အရေးအသား ပြေပြစ်ပြီး ပြောချင်တာကို သပ်သပ်ရပ်ရပ် ပြောနိုင်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာနဲ့ စာမူအဆုံးသတ်ပုံမှာ ရိုးစင်းလွန်းနေပါတယ်။

၁၀။ ***အလျော်အစား***

**လှိုင်မင်းထွန်း(မြောင်)**

စာရေးသူက မှားတာလား၊ စာစီစာရိုက်ပေးသူက မှားတာလား မသိပေမဲ့ အမှားများတဲ့ (ကသတ်)နဲ့ (တသတ်) အမှားတွေ ပါနေပါတယ်။ အကြောင်းအရာရော အရေးအသားပါ ရိုးစင်းနေပါတယ်။

၁၁။ ***အမြုံမ***

**မွန်မွန်ခိုင်**

ဇာတ်အလှည့်အပြောင်းလုပ်ဖို့ အားထုတ်ထားပေမဲ့ ဇာတ်ကြောင်းပြောသက်သက် အဖွဲ့အနွဲ့အတက်အကျမပါတဲ့ သာမန်စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၂။ ***ဈေးခွေး ဖိုးအေး***

***မင်းသိင်္ကာ(မှော်ဘီ)***

အရေးအသားရော အကြောင်းအရာပါ ရိုးစင်းသလို စာမူနာမည်မြင်ရုံနဲ့ ဇာတ်ကို မှန်းလို့ ရနေပါတယ်။

၁၃။ ***တမ်းတမိသူ***

**စံထိုက်သူ**

အကြောင်းအရာရော အရေးအသားပါ အားနည်းနေပါတယ်။ ဇာတ်ကြောင်းကို ခပ်လောလောပြောသွားတာလည်း တွေ့ရပါတယ်။

၁၄။ ***အမေ့ထမင်းပွဲ***

**မောင်သင်(ထောက်ရှာပင်ရေနံ)**

ဒီစာမူမှာလည်း စာမူနာမည်ကအစ ဇာတ်ကြောင်းတစ်ခုလုံး သမားရိုးကျဖြစ်နေတာကို တွေ့ရပါတယ်။ စကားပြေ၊ စကားပြော ရောနေတာတွေလည်း ရှိပါတယ်။ ရိုးစင်းလှပါတယ်။

၁၅။ ***နပ်တူထမင်း***

**အောင်ပြည့်လင်း(ဒွာရာမြေ)**

ဆောင်းပါးဆန်ဆန် ရေးဖွဲ့ထားတဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး

www.burmeseclassic.com

ဝါကျတည်ဆောက်ပုံတွေတချို့က အားနည်းနေပါတယ်။ စကားပြေသင့်ပေမဲ့ အဖွဲ့အနွဲ့မပြေပြစ်ပါဘူး။

၁၆။ *ပုတ် မသစ်*

ရဲသွေးနီ(တမာမြေ)

ချင်းလူမျိုးတွေအကြောင်း နောက်ခံရေးဖွဲ့ထားပေမဲ့ လူမျိုးစုရဲ့ရိုးရာယဉ်ကျေးမှုကိုရော ပြောချင်နေတဲ့မေတ္တာတရားအကြောင်းကိုပါ လုံလုံလောက်လောက် ပုံမဖော်နိုင်ခဲ့ပါဘူး။

၁၇။ *ကရွတ်ကင်းလျှောက်သည့် တောဘုမ္မာ*

၁၈။ *အမှိုက်*

ငွေးအောင်စိန်(အင်းမ)

**ကရွတ်ကင်းလျှောက်သည့် တောဘုမ္မာ** က အရေးအသားပြေပြစ်ပေမဲ့ အကြောင်းအရာအတန်ငယ်ရိုးစင်းပါတယ်။ **အမှိုက်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၁၉။ *ကျွန်မချစ်သော သိုးကလေး*

၂၀။ *ရတနာအိုး*

နဒီသင်း(ကုန်းဇောင်း)

**ကျွန်မချစ်သော သိုးကလေး** က အပြန်အလှန်စကားပြောကို အားပြုလွန်းတဲ့အတွက် ဇာတ်ကြောင်းကြွတက်မလာပါဘူး။ **ရတနာအိုး** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

၂၁။ *သံစဉ်အကျိုးအပဲ့များနှင့် ထုဆစ်ထားသည့် မေတ္တာတေးတစ်ပုဒ်*

၂၂။ *အမဲလိုက်ည*

သျှားလူ

***သံစဉ်အကျိုးအပဲ့များနှင့် ထုဆစ်ထားသည့် မေတ္တာတေးတစ်ပုဒ်*** က ခေါင်းစဉ်ကြည့်ရုံနဲ့ ဇာတ်ကြောင်းကို မှန်းလို့ရလောက်အောင် ရိုးစင်းပါတယ်။ အရေးအသား ပြေပြစ်ပါတယ်။ **အမဲလိုက်ည** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၂၃။ *ဆူး*

၂၄။ *ကျုပ်တို့ဘဝ…ဝယ်*

အောဘုန်းခေတ်

**ဆူး** ကတော့ အရေးအသားပြေပြစ်ပေမဲ့ ဇာတ်ကြောင်းက အတော်လေးရိုးစင်းနေပါတယ်။ **ကျုပ်တို့ဘဝ… ဝယ်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

ဟန်ကိုဇင်(အမရပူရ) ရဲ့ *သိုက်မြို့မှာလေ*၊ ရဲရင့်နိုင် ရဲ့ *တောင်စုံငှက်၏ ဝေဒနာ*၊ ရှဉ့်ညိုလေး ရဲ့ *ရပ်တန့်မရတဲ့နာရီ (သို့မဟုတ်) ကြယ်မြည်သံ*၊ အရင်လူ(တွံတေး) ရဲ့ *အပေါ်လန်း*၊ ဆောင်းခနှင်း ရဲ့ *ရေကြည် ရေနောက်* တို့ ဖြစ်ပါတယ်။

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) ဖတ်ရှုစိစစ်ပြီး တင်ပေးလိုက်တဲ့ ဝတ္ထုများထဲက ဆရာ ဟန်ကိုဇင်(အမရပူရ) ရေးသားထားတဲ့ 'သိုက်မြို့မှာလေ' ဝတ္ထုတိုက စာဖိုနဲ့ စာမတို့အကြောင်း ရေးဖွဲ့ထားတဲ့ ဝတ္ထု ဖြစ်ပါတယ်။ ဖတ်ကြည့်တဲ့အခါမှာ ချစ်စရာကောင်းပါတယ်။ ဒါပေမဲ့ ဒီလမှာ ဝင်လာတဲ့ ဆန်ခါတင်များထဲက အခြားဝတ္ထုများနဲ့ ယှဉ်လိုက်တဲ့အခါမှာ သူ့ဝတ္ထုက အားနည်းသွားတာကြောင့် မရွေးဖြစ်ပါဘူး။*

*ဆရာ ရဲရင့်နိုင် ရေးဖွဲ့ထားတဲ့ 'တောင်စုံငှက်၏ ဝေဒနာ' ဝတ္ထုက မပြေလည်တဲ့မိသားစုမှာ အကြီးဆုံးသားဖြစ်ပြီး ဘွဲ့ရတဲ့အထိ ကျောင်းထားပေးခဲ့ကြပေမဲ့ သူက ကျောင်းစာကို စိတ်မဝင်စား၊ စာရေးဆရာဖြစ်ဖို့သာ စိတ်သန်နေသူဖြစ်ပါတယ်။ ဒါကြောင့် အများသူငါနည်းတူ ဘွဲ့တစ်ခုရခဲ့ပေမဲ့ မပြေလည်တဲ့မိဘများကို တစ်လှည့်ပြန်မကူညီနိုင်တဲ့ ဝတ္ထုဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ ဘွဲ့ရအောင် စာသင်ခြင်းက ငွေကုန်ခြင်းသက်သက်လို့ ဆိုထားခြင်းပါပဲ။ ကျွန်တော် စိတ်တိုင်းမကျပါဘူး။ အထူးသဖြင့် ဝတ္ထုတိုတစ်ပုဒ်ရေးတဲ့နေရာမှာ လိုတိုရှင်း ဖြစ်ရပါမယ်။ ပတ်ဝန်းကျင်ကို တဖွဲ့တနွဲ့ရေးနေတာမျိုး မဖြစ်သင့်ပါဘူး။ ဒါကြောင့် မသုံးဖြစ်ကြောင်း ပြန်ကြားပါတယ်။*

*ဆရာ အရင်လူ(တွံတေး)ရဲ့ 'အပေါ်လန်း' ဝတ္ထုတိုကို ဖတ်ရပါတယ်။ ဆရာနဲ့ပတ်သက်ပြီး အရင်ဆုံးပြောချင်တာကတော့ အရင်လူ ဆိုတဲ့ ကလောင်နာမည်ဖြစ်ပါတယ်။ ရွှေအသစ်မှာ ၂ ပုဒ် ပါသွားပြီးရင် ရွှေဝတ္ထုကို ဝင်ရတော့မှာပါ။ အဲဒီကျရင် ဆရာ့ကလောင်နာမည်က အတည်ဖြစ်သွားပါလိမ့်မယ်။ ဒီနာမည်နဲ့ သွားချင်လား၊ မသွားချင်ဘူးလားဆိုတာကို စဉ်းစားစေချင်ပါတယ်။ ဆရာကလည်း ပတ်ဝန်းကျင်ကို တဖွဲ့တနွဲ့နဲ့ သူ့အိမ်အိုကလေးအကြောင်းကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ အဖွဲ့အနွဲ့တွေကလွဲရင် သုံးလောက်တဲ့ဝတ္ထုပါ။ ဒါပေမဲ့ တခြားဝတ္ထုများနဲ့ ယှဉ်လိုက်တဲ့အခါ အားနည်းသွားတာကြောင့် ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာ ငွေးအောင်စိန်(အင်းမ)ရဲ့ 'အမှိုက်' ဝတ္ထုက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စနစ်တကျ အမှိုက်ပစ်တတ်ဖို့ အသိပေးရေးသားထားတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။ ဇာတ်သိမ်းကို ကျွန်တော် အားမရတာကြောင့် မသုံးဖြစ်ပါဘူး။*

*ဒါကြောင့် ဒီလမှာ ဆရာမ နဒီသင်း(ကုန်းဇောင်း)ရဲ့ 'ရတနာအိုး'၊ ဆရာ အောဘုန်းခေတ်ရဲ့ 'ကျုပ်တို့ဘဝ…ဝယ်'၊ ဆရာ သျှားလူရဲ့ 'အမဲလိုက်ည' တို့ကို ရွှေအသစ်ဝတ္ထုတိုများအဖြစ် ရွေးချယ်လိုက်ပါတယ်။*

*ကျန်နှစ်ပုဒ်ဖြစ်တဲ့ ဆရာ ရှဉ့်ညိုလေးနဲ့ ဆောင်းခနှင်းတို့က ရွှေအသစ်ဝတ္ထုကဏ္ဍမှာ နှစ်ပုဒ်စီ ပါပြီးဖြစ်တာကြောင့် ရွှေအသစ်အနေနဲ့ မသုံးတော့ဘဲ ရွှေဝတ္ထုကဏ္ဍမှာ သုံးဖို့ ပြောင်းရွှေ့ထားပါတယ်။*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



# နံ့ဒီသင်း

၊ကုန်းဖောင်း၊

# ဥတ္တမာဒိုး

အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com



'အဖေ… အဖေ
သမီး… သွား…တော့
မယ်နော်'
ကျွန်မ၏ တုန်ယင်
အဖျားခတ်နေသည့်
အသံကို ကြားရတော့
အဖေ မခံစားနိုင်၍
ထင်ပါရဲ့လေ၊
ဆို့နင့် ကြေကွဲနေသည့်
အဖေ့မျက်နှာ ဟန်ဆောင်၍
မရ ဖြစ်နေသည်
ထင်ပါသည်။ ခေါင်းကို
တဆတ်ဆတ် ညိတ်ပြပြီး
သူ့ခံစားမှုများကို
ဖုံးကွယ်ရန် ကြိုးစားပေမဲ့
အဖေ မည်သို့မျှ
မထိန်းနိုင်ခဲ့ပေ။
'အိအိ' ဆိုသည့်
အသံကြီးနှင့်အတူ
အသံမထွက်အောင်ထိန်း
ကျိတ်ငိုချလိုက်သည့်
အဖေ့ကို မြင်နေရတာ
ကျွန်မအတွက် ဆို့နင့်စေ၏။
အဖေသည် မျက်နှာကို
ပြတင်းပေါက်ဘက်လှည့်၍
ကျွန်မကို ကျောပေးနေ၏။
အဖေ့ကျောပြင်ကြည့်၍
ငိုချင်စိတ်က တားဆီးမရ။
'သမီးမိန်းကလေး
ဆိုတာ အချိန်အခါနဲ့
အိမ်ထောင်ပြုရတာ၊
အချိန်လွန် မသင့်တော်တဲ့
လူနဲ့ ညားတတ်တယ်။
သမီးအရွယ်က
မငယ်တော့ဘူး၊ ပြီး
သမီးမှာ ညီမ မရှိ၊
အစ်မ မရှိ၊ မောင်တွေ
ချည်း ရှိတာ၊ မောင်ကြင်
ဆိုတာ ရှိခဲ့ပါဘိ။
ပြီးတော့ မောင်များ
ဘယ်လောက်ပင်ရှိရှိ၊
လင်မရှိတဲ့ နှမ မတင့်
တယ်ဘူး မဟုတ်လား'

ကျွန်မတို့မောင်
နှမသုံးယောက်က
အဖေ့ခြေသလုံး။
ပေါင်ကို က,ခုန်
ပေါက်နင်း၍
အဖေက
အောက်ကနေ
လိုင်းပေါင်းစုံ
ရွှေ့နေတော့သည်
ဂျစ် ဂျစ် ထစ် ထစ်
ဆိုသည့်
အသံပေါင်းစုံ
ကြားနေရ၏။
ကုလားသံ
တရုတ်သံ
အင်္ဂလိပ်သံ အစုံပဲ
နားထောင်ရသည်
အဓိက အဖေ
နားထောင်ချင်
သည်က ဘီဘီစီ
အာအက်ဖ်အေ
မြန်မာ့အသံ



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ အဖေ့စကားကြောင့် ကျွန်မသည် မင်္ဂလာပွဲကို လက်ခံခဲ့ရသည်။ ထိုစဉ်က အမေတစ်ယောက်ပြောရမည့်စကား အဖေတစ်ယောက်က ပြောသည်ဆိုတော့ ထိုအချိန် အဖေ့မျက်နှာ ပူနေမည်ထင်ပါသည်။ အနေအေးသည့် အပြင် စကားပါ နည်းသည့် အမေက ကျွန်မ ရှေ့ရေးတွင် ခေါင်းညိတ်ရုံက လွဲ၍ မည်သည့်စကားမှ ချီသည်၊ ခါးသည် မပြောခဲ့ပေ။ အဖေ၏ သြဇာသက်ရောက်မှု တစ်ခုကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

ကျွန်မအဖေသည် ကျွန်မတို့ မောင်နှမ လေးယောက်ကို မိဘဝတ္တရားငါးပါး ကျေပွန်ခဲ့သည်။ အဖေ၏ အစ်ကို အရက်သောက်၍ စောစီးစွာသေဆုံးခဲ့ပြီး အရက်၏ဆိုးကျိုးကို ကောင်းစွာသိခဲ့သည့် အဖေသည် သားသုံးယောက်ကို အရက်၏ ကျေးကျွန် အဖြစ်မခံခဲ့ပေ။ အငယ်ဆုံးမောင်လေး ထန်းရည်သောက်လာသည့်အချိန် အိမ်ပေါ်ကနေ ကန်ချ၍ "ဝုန်း" ဆိုသည့်အသံကြောင့် တစ်အိမ်လုံးပြေးကြည့်ပြီး "အမယ်လေး… သေပါပြီ" ဟု ဝိုင်းအော်ခဲ့ရသည်။ ပြီး အဖေက "အကျိုးအကန်း လုပ်ကျွေးမယ်ကွ၊ အမူးသမားတော့ အိမ်ပေါ် မတင်ဘူး" ဟု ပြောသေးသည်။ ကျွန်မတို့မှာ ကြောက်လိုက်ရတာ။ ယခုချိန်မှာတော့ ကျွန်မမောင်များ အရက်ကြောင့် အသေစောမှာ မပူရတော့ပေ။

t azb 0r ßh
a&' D k
r n f Q
t a&yg n u k
em;v n &ef
t aw m
t csf c&o n f
u Ef w k
i , f , f
1988 cKpf
t a&t ci fB D
jzpf u w n f u
a&' D k k
em;ax m &r ef
o d n [ k
t az
ajymjycJ o n f

အနေအေးသလို ရိုးသားသည့် အဖေသည် မုသားဝါဒ လိမ်ညာပြောဆိုခြင်းကို မကြိုက်တတ်ပေ။ တစ်ခါက ကျွန်မ သူငယ်ချင်းများနှင့် ဈေးတောဆိုသည့် အနောက်ဘက်ရွာကို မိဘများ မသိအောင် လိုက်၍ ပွဲကြည့်သွားခဲ့သည်။ ထိုမှ အပြန် အဖေက တုတ်တစ်ချောင်းနှင့် အိမ်ပေါက်ဝက ရပ်စောင့်နေ၏။ မျက်ထောင့်နီကြီးနှင့် အဖေ့မျက်နှာက ကြောက်စရာကောင်းလှသည်။ ကျွန်မ တုန်နေသည့် ခြေထောက်ကို မနည်းထိန်း၍ အိမ်ထဲ ဝင်လာခဲ့သည်။

"နင်… ဘယ်က ပြန်လာတာလဲ"

ရှမ်းခနဲ အိမ်တိုင်ကို ရိုက်လိုက်သည့်တုတ်သံကြောင့် လည်မျိုတွင် အသံများက ပျောက်ရှကုန်သည်။

"ဟဲ့… ငါ မေးနေတယ်လေ"

အဖေ၏ အသံအက်အက်ကြီးနှင့် နောက်တစ်ကြိမ် ထပ်မေးပြန်သည်။ ကျွန်မမှာ အဖြေမရှိ၊ ကတုန်ကယင် ဖြစ်၍ နေ၏။

"မေးနေတယ်လေ၊ ခေါင်းမော့စမ်း၊ ငါ့ကို သေချာကြည့် ပြောစမ်း"

ကျွန်မ ခြေထောက်အောက်က ပြေးလွှားနေသည့် ပုရွက်ဆိတ်လေးများကို နင်းခြေနေမိသည်။ ပုရွက်ဆိတ်တစ်ကောင်က ကျွန်မခြေချောင်းလေးတစ်ချောင်းကို အတင်းကိုက်နေချေပြီ။ ခေါင်းမာတတ်သည့် ကျွန်မ အံကြိတ်နေ၏။ တစ်ဖန် ပါးစပ်က လွတ်ခနဲ-

"အဘအိမ် သွားတာ"

"ရှမ်း" ခနဲ ကျွန်မခြေသလုံးကို ရိုက်တာ ခံလိုက်ရသည်။

"နင်က ငါ့ကိုညာတယ်ပေါ့လေ၊ နင့်ကို မြင်လိုက်တဲ့ မစိန်ကြည်က ပြောလို့ ငါသိပြီးပြီ၊ ကဲ… ဟာ"

အဖေရိုက်လိုက်သည့် တုတ်သည် ကျွန်မခြေသလုံးပေါ်တွင် အလျားလိုက်ရောဒေါင်လိုက်ပါ ကျရောက်လာသည်။

"လိမ်တာညာတာကို မကြိုက်ဘူးလို့ ငါပြောထားတာ မမှတ်မိဘူးလား၊ လိမ်ညာတာက တစ်ပြစ်၊ မသိအောင် ခိုးသွားတာက တစ်ပြစ် သေရအောင် ကြံ"

ကျွန်မစိတ်ထဲက မိဘများ သိမည်မထင်သောကြောင့် လိမ်ညာ၍ ပြောလိုက်ပင်မဲ့ အဖေကတော့ သိနေခဲ့သည်။ ခြေသလုံးပေါ်က ဒဏ်ရာကို ဆေးမလိမ်းပေးဘဲနှင့် ဆေးပြင်းလိပ်တဖွာဖွာလုပ်နေသည့် အဖေ့ကို ထိုစဉ်က နာကြည်းခဲ့သည်။ ထိုအကျိုးဆက်က တခြားသူအပေါ် မလိမ်မညာတတ်သည့် အကျင့်က ဖြစ်သွားပြီ။

အဖေသည် သားသမီးများကို ပညာတတ်စေချင်သည်။ တခြားမိဘများလို သားသမီးများကို ချော့၍ မပြော။

"ပညာတတ်အောင် သင်ရင်သင်၊ မသင်လို့ကတော့ ကျောင်းထွက်ခိုင်းပစ်မယ်၊ အိမ်မှာ အလုပ်သမား မငှါးရတော့ဘူး"

ကျောင်းပိတ်ရက်များမှာ ထွန်တုံးပေါ်တက်ရသည့် အစ်ကိုကြီးက အဖေ့စကားကို အပြည့်အဝထောက်ခံနေသလိုမျိုး ဖြစ်သည်။ တခြားကလေးများလို မကစားရသည့် အစ်ကိုကြီးက ကျောင်းစာတော်အောင် ကြိုးစားခဲ့သည်။ ကျောင်းမသွားခင် ထမင်းအိုး တည်ခဲ့ရသည့် ကျွန်မပါးပေါ်က အိုးမဲသည် သနပ်ခါး ဖြစ်ခဲ့သည်။ ကျွန်မအောက်က မောင်လေးသည်လည်း နွားချေး တစ်ပုံကို မနိုင်တနိုင်ကျုံး၍ လုပ်ခဲ့ရသည်။ ထိုကဲ့သို့ ကလေးနှင့် လိုက်ဖက်စွာ ခိုင်းတတ်သည့် အဖေ့ကို ကျောင်းမမီခဲ့ရ၍



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆိုးခဲ့၏။

“ငါ သာကျောင်းမနေရင် ဒီထက်ခိုင်းမှာ” ဆိုသည့် စိတ်ကြောင့် မောင်နှမအားလုံး စာကြိုးစားခဲ့ကြသည်။ ယခုတော့ ထိုကျေးဇူးကြောင့် ကျွန်မတို့မောင်နှမများ ဖောင်တိန်ကိုင်၍ သက်သောင့်သက်သာ နေနိုင်ခဲ့ရပေသည်။ သားသမီးကို အပြင်ထွက် မချစ်တတ်သော အဖေသည် ညညဆိုလျှင် ရယ်စရာများ ပြောတတ်သေးသည်။ ကျွန်မတို့မိသားစု၏ ပျော်ရွှင်စရာအချိန်သည် ညမအိပ်ခင်အချိန် ဖြစ်၏။

❑

ညရောက်ပြီဆိုလျှင် အလုပ်ပင်ပန်းသည့် အဖေကို ကျွန်မတို့မောင်နှမသုံးယောက် နင်းနှိပ်ပေးရသေးသည်။ ထိုစဉ်က အငယ်ဆုံးမောင်လေးသည် အမေ့ရင်ခွင်ထဲတွင် ရှိသေးသည်။ အဖေ့အကျင့်က အနင်းခံရင်း ရေဒီယိုနားထောင်တတ်၏။ ယခုအချိန်ထိလည်း နားထောင်ဆဲ။ နေ့ခင်း ပင်ပန်းသမျှ ရေဒီယိုနှင့် အပန်းဖြေသည်ဟု ယူဆမိသည်။ အဖေသည် ရေဒီယိုကို မည်မျှအထိ စိတ်ဝင်စားသနည်းဆိုလျှင် တစ်လုံးမကောင်း တစ်လုံးဝယ်သည်။ အင်္ကျီကို အသစ်ချုပ်ဝတ်ချင်မှ ဝတ်မည်၊ ရေဒီယိုကတော့ အသံတိုးမခံ။ အဖေ၏ ပိုင်ဆိုင်မှုသည် ရေဒီယိုများသာဖြစ်သည်။ အိပ်ရာဘေးတွင် ရေဒီယိုများက အရွယ်စုံ၊ ဆိုက်စုံ ရှိ၏။ အဖေသည် သူနှစ်သက်သော ရေဒီယိုကို အိမ်ကလူ တစ်ယောက်မှ အကိုင်မခံ။ အဖေ စိတ်ကြည်နေသည့်အချိန် အဖေ့ကို စ,နောက်ချင်၍ ကျွန်မ “အဖေ… ဒီရေဒီယိုလေး သမီးပေးနော်”။ ထိုအခါ အဖေက မျက်လုံးကြီးပြူးကြည့်၍ မည်သည့်စကားမှ မပြောသလို ခေါင်းလည်း မညိတ်။ လက်က မပေး။ ထိုကဲ့သို့ ရေဒီယိုအပေါ် နှစ်သက်သည်။

သူကိုယ်တိုင် မြို့သွားမဝယ်နိုင်လျှင် ဝယ်တတ်သူရှိ လူကြုံမှာတော့သည်။ မှတ်မှတ်ရရ ကျွန်မ ဆယ်တန်းအောင်သည့်နှစ်က ပွင့်ဖြူမြို့သို့ အလုပ်ကိစ္စနှင့် သွားရသည်။

“အဖေ· ဘာမှာဦးမလဲ” ဟု မေးလိုက်တော့ ရေဒီယိုဝယ်ခဲ့ရန် မှာ၏။

ဖြစ်ချင်တော့ ပွင့်ဖြူတံတားပေါ်ရောက် ကားကြီးရှောင်လိုက်စဉ် ဆိုင်ကယ်ခွကြားမှ အထုပ်သည် ရှောခနဲချောင်းရေထဲ ကျသွားသည်။

ထိုအထုပ်ထဲတွင် ငှက်ပျောသီးက သုံးဖီး၊ အမေ့အတွက် လုံချည်နှစ်ထည်နှင့် အဖေ၏ ရေဒီယိုတစ်လုံး။ ထိုအရာများသာပါ၏။ အထုပ်ကလေးက ရေပေါ်တွင် ပေါလောပေါလောနှင့်။ ထိုကဲ့သို့ အထုပ် ရေပေါ်ပေါ်နေရခြင်းသည် အထုပ်ထဲက ငှက်ပျောသီးကြောင့် ထင်မိပါသည်။ ကျွန်မမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ တံတားပေါ်တွင် ကူသူမဲ့အထုပ်ကလေးကတော့ တစ်စတစ်စ ဝေး၍ ဝေး၍ သွားချေပြီ။ ကျွန်မမျက်လုံးက ဟိုသည်ကြည့်နေမိသည်။ ကမ်းတွင် ရပ်ထားသော လှေတစ်စီးကို မြင်လိုက်ရစဉ် အပြေးသွား၍ လှေသမားဦးကြီးကို အကူအညီတောင်းရ၏။ အရေးတကြီး အကူအညီတောင်းသည့် ကျွန်မကို ကြည့်၍ လှေသမားဦးကြီးက ပါသည့်ပစ္စည်း ရေတစ်ဝက်၊ ကုန်းတစ်ဝက်ဟု ဆို၏။ ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။ ကုန်းပေါ်ရောက် အထုပ်ကို ဖြေကြည့်၏။

သူထင်သလို အဖိုးတန်ပစ္စည်းမပါလာ၍ “ဟာကွာ… ရေဒီယို”ဟု ဆိုပြီး အထုပ်ပြန်ပေးသည်။ သူ့အတွက်သာ “ဟာကွာ… ရေဒီယို”၊ ကျွန်မအတွက်တော့ အဖေ၏ ရတနာအိုး။

❑

အဖေက သူ၏ ရတနာအိုးကို ညညကျ ဖွင့်၍ သုံးတော့သည်။ ကျွန်မတို့မောင်နှမသုံးယောက်က အဖေ့ခြေသလုံး၊ ပေါင်ကို ကဆုန်ပေါက်နင်း၊ အဖေက အောက်ကနေ လိုင်းပေါင်းစုံ ရွှေ့နေတော့သည်။ ဂျစ် ဂျစ် ထစ်ထစ်ဆိုသည့် အသံပေါင်းစုံကြားနေရ၏။ ကုလားသံ၊ တရုတ်သံ၊ အင်္ဂလိပ်သံ အစုံပဲ နားထောင်ရသည်။ အမိက အဖေ နားထောင်ချင်သည်က ဘီဘီစီ၊ အာအက်ဖ်အေ၊ မြန်မာ့အသံ။ တစ်ခါတစ်ခါကျ လိုင်းညှိနေသည်နှင့် နားမထောင်လိုက်ရပေ။

ကျွန်မတို့က အပေါ်က ကပေါက်တိ ကပေါက်ချာနင်း၊ အဖေက အောက်က ရေဒီယိုကလိ အဆင်ကိုပြေနေ၏။ နင်းရပါ ကြာလာသည့်အခါ -

“အဖေ့ ပါလက်စတိုင်း၊ အစ္စရေးပြဿနာ မပြီးသေးဘူးလား အဖေရဲ့”

“အေး ချတော့မှာပါ၊ ပြီးတော့မယ် ထင်ပါတယ်”

ထိုကဲ့သို့ ပြောပင်မဲ့ အခုချိန်ထိမချသေး၊ မပြီးသေး။ မြန်မာသီချင်းကြိုက်သည့် အစ်ကိုကြီးက -

“မြန်မာ့အသံက ညချမ်းချိန်ခါ တေးသံသာ ဖွင့်စမ်းပါ အဖေရာ”

“အေးပါ”

ဟု အဖေလိုင်းရွှေ့နေတော့သည်။ ကျွန်မတို့ မောင်နှမများက အပေါ်က ညောင်းလှပြီ၊ အိပ်ချင်လှပြီ။ အိပ်ချင်တာလည်း မပြောနှင့် အဖေ့ကိုနင်းပေးရသည်မှာ တစ်နာရီကျော်နေပြီ။ အဖေကတော့ လိုင်းရွှေ့ကောင်းဆဲ။ နားထောင်ကောင်းဆဲ။ မျက်လုံးစုံမှိတ် နားထောင်နေသည့် အဖေ့အပေါ်က မောင်နှမသုံးယောက် တစ်ယောက်လက်တစ်ယောက်တို့၍ အသာလေး ဆင်းကြသည်။ ထိုအခါ -

“ဟိတ်… ဘယ်ဆင်းမှာလဲ”

“ရှူးရှူးပေါက်သွားမလို့ပါ”

ထိုကဲ့သို့ ပြောပြီး အိမ်သာဘက် ထွက်ကြသည်။ ခြေဖွနင်း အသာလေး ဝင်အိပ်ကြရသည်။ အဖေကတော့ ရေဒီယိုက ကွိကွိ၊ ကွကွနှင့် အင်္ဂလိပ်ပိုင်း အစီအစဉ် ကြေညာလာသည်အထိ နားထောင်ကောင်းဆဲ။ အသံက ရှဲရှဲနှင့်။ လူကလည်း ခလော ခလောနှင့်။ ယခုအချိန်ထိလည်း နားထောင်ဆဲ၊ ယခုအချိန်ထိလည်း

*စာမျက်နှာ(၂၂၅)သို့…*



www.burmeseclassic.com

www.burmeseclassic.com

အသီးအနှံ စုံသလားလို့ မမေးနှင့်၊ ရှိသမျှ ခြံမြေကွက်လပ် အလွတ်တွေမှန်သမျှ စိုက်ပျိုးထားတာက နေရာအပြည့်။ ခြေရင်း ပေ ၄၀ ရှိ မြေကွက်လပ် အလွတ်မှာလည်း စိုက်ခင်းတွေက ညီညီညာညာ။ ပြီးတော့ နေအိမ်ရဲ့ လမ်းတစ်ဖက် မြေကွက် အလွတ်မှာလည်း စိုက်ခင်းတွေက ရှိသေး။ ရပ်ကွက်ထဲ အိမ်တွေများလာပေမဲ့ အခုလို မြေကွက်လပ် အလွတ်ရှိသေးတာ ကျုပ်တို့ မိသားစုအတွက် သိပ်ကို ကံကောင်းတယ်။ ဘာကြောင့်လဲဆို အခြားမြေကွက် အလွတ်တွေမှာ အိမ်တွေက တဖြည်းဖြည်း ပြည့်လာပြီ။ ကျုပ် စိုက်ပျိုးထားတဲ့ မြေကွက်တွေသာ အခုချိန်ထိ ပိုင်ရှင်က မလာသေးတာကိုး။

ဒါကို သတ္တိရှိရှိ သူများမြေကွက်မှ စိုက်ပျိုးရဲတာ ကျုပ်တို့ပဲ။ ကိုယ်မပိုင်မှန်းသိသော်လည်း ဝမ်းရေးအတွက် စိုက်ပျိုးစားသောက်ခဲ့တာ ၅ နှစ်နီးပါးပဲ။ မြေပိုင်ရှင်တွေ ခုအချိန်ထိ ပြောင်းမလာတာ၊ ပိုင်ရှင်ဖြစ်ကြောင်း အရိပ်အယောင် လာမပြတာက ကျုပ်တို့အတွက် သိပ်ကံကောင်းတယ်လို့ ဆိုရမှာပဲ။ စဉ်းစားကြည့်လေ၊ ကျုပ်တို့မြေကွက်အလွတ်မှာ စိုက်တဲ့ စိုက်ပျိုးသီးနှံတွေက တစ်နေ့တစ်နေ့ ရောင်းရငွေက တစ်သောင်းအထက်မှာ ရှိတယ်။

ကျုပ်တို့မှ မြေကွက် မရင်းရပေမဲ့ လုပ်အား၊ ငွေအား၊ အချိန်တွေ စိုက်ထုတ်ထားတာက အများကြီး။ မြောင်းပေါက်ရ၊





www.burmeseclassic.com

www.burmeseclassic.com

အပင်စိုက်ရ၊ ဓာတ်မြေသြဇာ ဖြန်းရနဲ့ အားရတဲ့နေ့ကို မရှိဘူး။ ဟော… အပင်တွေ စိမ်းစိမ်းစိုစို ဖြစ်လာတော့လည်း ပင်ပန်းရကျိုး နပ်ရတယ်လေ။

တချို့ဆို ကျုပ်တို့မိသားစု အခုလို အဆင်ပြေနေတာကို ဝမ်းသာအားရ မေးတဲ့သူရှိသလို မနာလိုတဲ့သူတွေလည်းရှိတယ်။ သိသိသာသာ မနာလိုသူကတော့ ပေ

# [illegible]
## ကျုပ်တို့ဘဝ…ဝယ်





www.burmeseclassic.com

www.burmeseclassic.com

၄၀ ကျော်ရှိ ဒေါ်ပုမပဲ။ သူက တစ်ခါတလေ ခနဲ့သလို၊ ခြိမ်းခြောက်သလိုလို စကား ပြောတယ်။

"မောင်မြင့်ဦးရေ၊ စိုက် ခင်းကလည်း တော်တော်ဖြစ် ထွန်းတယ်နော်။ တော်ကြာ ပိုင်ရှင်တွေ ပေါ်လာရင်တော့ မင်းတို့ မိသားစုရော ဒီအပင် တွေပါ ဖယ်ပေးရမှာ နှမြော စရာ"

ကျုပ်ဖြင့် ဒေါ်ပုမကို သိပ်ကြည့်မရပါဘူး။ စိုက် ခင်းထဲလာတယ်။ လိုချင်တဲ့ အသီးအရွက်တွေကို ခူး တယ်။ ပိုက်ဆံမပေး။ သူများ တကာ စိုက်ပျိုးထားတာ ဘယ်လောက် ပင်ပန်းတယ် ဆိုတာလည်း ကိုယ်ချင်းမစာ။ ဒီကြားထဲ ပြန်ခါနီး ခြိမ်း ခြောက်သလိုလို၊ သတိပေး သလိုလို အမြဲတမ်း ပြောသွား တတ်သေး။

တစ်ခါတလေ ဒေါ်ပုမ အလိုကို မလိုက်ရောမိပြန်ရင် လည်း ဒေါသူပုန်ထပြီး-

"နင်တို့ကို သနားလို့ ဒီ မြေကွက်မှာ စိုက်ခွင့်ပေးထား တာ။ မြေကွက်ပိုင်ရှင်တွေက ငါ့ကို အပ်ထားတာ။ ငါ မောင်းထုတ်ပစ်လိုက်ရင် တော့..."

ဒေါ်ပုမ ဒီစကားတွေ ပြောလာတာ တော်တော်ကြာ ခဲ့ပါပြီ။ ကျုပ်တို့မစိုက်လို့ သူတို့စိုက်မလားဆိုတော့ လည်း မစိုက်။ ကတ်သီး ကတ်ဖဲ့ နိုင်လွန်းပါတယ်ဗျာ။ အခုတော့ ကျုပ် ဂရုမစိုက် တော့ဘူး။ နေ့စဉ်ဝင်ငွေကို စုမယ်။ ပြီးရင် ကျုပ်သား နှစ်ယောက်ကို ရှင်ပြုပေးနိုင် အောင် ကြိုးစားမယ်။ ကျုပ် သားတွေ ရှင်ပြုပေးပြီးမှ ခြံ ပိုင်ရှင်ပေါ်လာလည်း ကိစ္စမရှိ။

သြော်... မေ့တော့ မလို့။ တစ်ခုရှိသေးတယ်။ ကျုပ်တို့မိသားစုအပေါ် နား လည်တယ်၊ အားပေးတယ်၊ လိုအပ်တဲ့ငွေကြေး စတာတွေ ကို အမြဲကူညီတဲ့ လူပျိုကြီး ကိုအောင်မြတ်။ ကျုပ်စိုက် ခင်းကိုလာ၊ ရေနွေးကြမ်း သောက်၊ စိုက်ခင်းထဲက သီးနှံတွေကြည့်ပြီး ပီတိက ဖြစ်သေး။ အထူးသဖြင့် ကျုပ် တို့မိသားစုကိုကြည့်ပြီး အား ကျနေတဲ့သူပါ။ ကိုအောင် မြတ်ကလည်း ကျုပ်တို့နဲ့က သိပ်မဝေး။ လမ်းဟိုဘက် ဒီဘက်။ လှမ်းကြည့်ရင် မြင် ရသေး။

ပြီးတော့ ကျုပ်တို့ မိသားစုအကြောင်းကိုလည်း သိတယ်။ ကျုပ်သားတွေ ရှင်ပြုချင်တာကိုလည်း ပြော ပြထားတယ်။ ကျုပ်တို့အပေါ် အရမ်းလည်း ကောင်းတယ်။ သဘောထားလည်း ကြီး တယ်။ ကျုပ်သားနှစ်ယောက် ကိုလည်း သိပ်ချစ်တယ်။ လိုအပ်တာတွေလည်း ဝယ် ပေးတယ်။

ဒီထက် ကောင်းတာက တော့ ကျုပ်တို့ အပင်တွေကို မြောင်းရေနဲ့ လောင်းရတယ်။ မြောင်းရေခန်းရင်တော့ ကိုအောင်မြတ်အိမ်က ရေ စက်ကနေ ခပ်ပြီး လောင်းရ တယ်။ ရေဖိုးပေးတော့လည်း မယူ၊ မီတာဖိုးပေးလည်း မယူ၊ အသီးအနှံပေးလည်း မကြိုက်။ သူ ချက်စားချင်လို့ ခူးရင်လည်း အလကားမယူ။ ပိုက်ဆံအမြဲပေးတယ်။

ကျုပ် ဘယ်လောက်ပဲ ဆုတောင်း ဆုတောင်း၊ အဖျက်ကတော့ ပေါ်လာစမြဲ ပါ။ တစ်နေ့ ကျုပ်က မြေ ဩဇာကုန်လို့ သွားဝယ်ရ တယ်။ ကျုပ်မိန်းမကလည်း ဒီနေ့ကျမှ နေမကောင်းက ဖြစ်၊ အိပ်ရာထဲက မထနိုင်။ သားနှစ်ယောက်ကလည်း ကျောင်းသွား၊ မြေဩဇာက လည်း အရေးတကြီး လိုအပ် နေတယ်။ ဆိုင်ကလည်း သိပ် မဝေးတော့ စက်ဘီးကို ခပ် သုတ်သုတ်နင်းပြီး သွားဝယ် ရတာပေါ့။

"ဟော" ပြန်လာတော့ ကျုပ်စိုက်ခင်းထဲ နွားတွေက ရောက်နေတယ်။ ဘယ်သူ မောင်းသွင်းထားလဲ မသိ။ ဒေါ်ပုမကတော့ လက်ပိုက် ပြီး ကျေနပ်အပြုံး ပြုံးနေတာ ပေါ့။ ကျုပ်စိုက်ခင်းတွေ အများကြီး ပျက်စီးသွား တယ်။ ကျုပ်ခဏလေး ဈေး ဝယ်ထွက်တယ်။ အခုလို ဖြစ်တယ်။ ကဲ...ဘယ်လို လုပ်ကြမလဲ။ ကျုပ်ကလည်း နွားဝင်လို့ စိုက်ခင်းပျက်စီး သွားတာကို စိတ်ညစ်နေမယ့် သူ မဟုတ်ဘူး။ မနာလိုတဲ့ သူ၊ သူများအကျိုးကို မလို လားတဲ့သူ အဲလိုလူတွေသိ အောင် ကျုပ်က အော်ပြောပစ် လိုက်တယ်။

"ကျေးဇူးပဲ နွားတွေ ရေ။ မင်းတို့က ငါ့စိုက်ခင်း က အရွက်တွေစားတယ်။ ပြီးတော့ မင်းတို့က ငါ့စိုက် ခင်းထဲမှာ ချေးပါခဲ့တယ်။ အဲဒီချေးက ငါ့စိုက်ခင်း အတွက် မြေဩဇာပဲလေ။ ပြီးတော့ ကျုပ်အပင်တွေက မသေဘူး။ နောက်နေ့ ရွက် သစ် ဝေလာဦးမှာဗျာ..."

ကျုပ်လည်း ကြုံးဝါး ပြောဆိုလိုက်တော့ ဒေါ်ပုမ မျက်စောင်းထိုးပြီး အိမ်ထဲ ပြန်ဝင်သွားတယ်။ တော် တော် ခက်တဲ့လူတွေ။ သူ တစ်ဖက်သား ကောင်းစား တာကို မနာလိုဖြစ်ရတယ်လို့။

ထားပါ။ ဒါတွေက လည်း ကျုပ်ဖြစ်နေကျ ဖြစ် ရိုးဖြစ်စဉ်တွေပါပဲ။ ရန်လိုနေ လို့ မဖြစ်ဘူး။ ကျုပ်လက်ရှိ ဘဝက သိပ်အေးချမ်းတယ်။ မြေကွက်မပိုင်ရုံကလွဲပြီး အားလုံးက ကျုပ်အတွက် အဆင်ပြေတယ်။ မနက်ပိုင်း ဆို ကျုပ်အိမ်ရှေ့လာကြည့်။ ဈေးကြီးတစ်ခုလိုပဲ အသီး အရွက် လာဝယ်ကြတာလေ။ ကျုပ်ကလည်း ခူးမနိုင်၊ စည်း မနိုင်။ ရောင်းကောင်းလိုက် တာများ ဖောက်သည်ယူတဲ့ လူတွေနဲ့ဆို ကျုပ်တို့ လင် မယား လက်မလည်အောင် ရောင်းကို ရောင်းရတယ်။

ကျုပ်တော့ အခုလို ကိုယ့်အိမ်ရှေ့ ကိုယ်ရောင်းရ တာကို ပျော်တယ်။ ကျုပ်တို့ ထက် ပျော်တဲ့သူရှိသေး။အိမ် ရှေ့က လူပျိုကြီး ကိုအောင် မြတ်။ မနက်ပိုင်းဆို သူပါဝိုင်း ရောင်းပေးတယ်။ သူလည်း ဈေးရောင်းဝါသနာပါရှာတယ်။

ကျုပ်တို့ ရောင်းလို့ ၁၀ နာရီ၊ ၁၁ နာရီဆို လူလည်း ရှင်းပြီ။ ခူးထားတဲ့ အသီးအနှံ တွေလည်း ကုန်ပြီ။ အရုက် မရှိ ဒီလိုအချိန်ရောက်လာ တာက ဒေါ်ပုမ။ မျက်နှာချို သွေးပြီး ရောက်ရောက်လာ စမြဲ။ လေသံကလည်း ချွဲနွဲ့ နွဲ့နဲ့။

"မောင်မြင့်ဦးရေ၊ ဒေါ်ဒေါ်တို့ကို ဘူးသီးတစ်



www.burmeseclassic.com

www.burmeseclassic.com

လုံးလောက် ကျွေးပါလားကွယ်"

ကျုပ်ဖြင့် ပြတ်ပြတ်သားသားကို ပြောပစ်လိုက်ချင်တာ။ ကျုပ်မိန်းမက တားထားလို့။ ပြီးတော့ ကျုပ်မိန်းမက အရမ်းလည်း အားနာတတ်တယ်။ ဒေါ်ပုမလိုချင်တာကို တစ်ချက် မငြိုငြင်ဘဲ ပေးတယ်။ ကျုပ်ကတော့ ဒေါသဖြစ်ပြီး စိုက်ခင်းထဲ သွားတယ်။ ရေစက်များ ဘယ်လောက်ကြောက်ဖို့ ကောင်းတယ်မှတ်လဲ။ ဒီမိန်းမကြီးက ကျုပ်ရှိတဲ့ စိုက်ခင်းထဲရောက်လာပြီး နံနံပင်နည်းနည်း၊ ငရုတ်သီးနည်းနည်းက ယူသွားသေး။ တော်တော်ခံပြင်းစရာကောင်းလှတယ်။

သူ့လိုချင်တာပေးနေသရွေ့ ဒေါ်ပုမ ပြုံးနေဦးမှာပဲ။ သူ စိတ်မလိုတော့တဲ့နေ့ ပတ်ဝန်းကျင်ကို ပတ်ဆဲနေမှာလည်း အသေအချာပါပဲ။ ဒေါ်မြလေးပြောသလို ပြောကို မပြောချင်ဘူးဆိုပြီး ထပ်ပြောရဦးမယ်။ တစ်နေ့ ကျုပ်စုဆောင်းရငွေနဲ့ ဝက်ငါးကောင် ဝယ်မွေးတယ်။ ဝက်ပေါက်တစ်ကောင် ခြောက်သောင်း၊ ငါးသောင်းဆိုတော့ သုံးသိန်း။ ကျုပ် ဒီငွေ သုံးသိန်းကို ရင်းရဲတယ်။ နောက် ၉ လဆို ကျုပ်ဝယ်ထားတဲ့ ဝက်တွေက ကျုပ်ကို သုံးသိန်းထက်မက ပြန်ပေးမှာလေ။

ကျုပ်အနေနဲ့ ဝက်စာ နိုင်နိုင်ကျွေးနိုင်ဖို့ပဲ။ ပြီးတော့ ကျုပ်မိန်းမကို ရွှေဆွဲကြိုးတစ်ကုံး၊ လက်ကောက်တစ်ကွင်း၊ လက်စွပ်တစ်ကွင်း ဆင်မြန်းထားသေးတယ်။

ကျုပ်တို့မိသားစု အခုလို အဆင်ပြေလာလေ ဒေါ်ပုမရဲ့ မုန်းတီးမှုတွေက ပိုများလာလေပဲ။ ကျုပ်ကလည်း အခုနောက်ပိုင်း ဘာဆိုဘာမှကို ဂရုမစိုက်တော့တာ။ ကျုပ်မိန်းမကတော့ ဒေါ်ပုမ အမျက်ထွက်လို့ ဒီခြံဝန်းထဲက မောင်းထုတ်မှာကိုတော့ ကြောက်နေဟန်တူတယ်။ ကျုပ်မသိအောင် ခြံထွက်အသီးအနှံ အိမ်အထိ သွားပေးတဲ့အပြင် ဒေါ်ပုမကြိုက်တဲ့ ကော်ဖီမစ်၊ နို့ဆီ စတာတွေကိုလည်း ဝယ်ဝယ်ပို့နေတာ။ ကျုပ်လည်း မသိချင်ယောင် ဆောင်ရတာပေါ့။

တကယ်လို့ ဒေါ်ပုမက မြေကွက်ပိုင်ရှင်တွေ သွားပြီး ချွန်တွန်းလုပ်လို့ကတော့ အဟက် . . . ကျုပ်ရည်ရွယ်ချက်တွေက ပျက်ကုန်တော့မှာပဲ။ မိန်းမကတော့ ကျုပ်ကို နားလည်သဘောပေါက်အောင် ပြောတယ်။

"ကျွန်မတို့ ခြံထွက်အသီးအနှံပေးတာ၊ ကော်ဖီမစ်၊ နို့ဆီပေးတာ ဘာမှ မပျက်စီးပါဘူး။ အသက်ကြီးတဲ့သူကို ကျွေးရပေးရလို့ ကုသိုလ်တောင် ရသေးတယ်" တဲ့။

ကျုပ်မိန်းမပြောတာကို ကျုပ်လက်ခံပါတယ်။ ကျုပ်ကိုယ်တိုင်ကလည်း လက်မတွန့်တတ်ပါဘူး။ ကျွေးချင်၊ ပေးချင်လိုက်တာမှ ပြောမနေနဲ့။ ကျုပ်တို့ဆီ လာဝယ်တဲ့ သူတွေကိုတောင် ကျုပ်က ပိုတောင်ပေးနေရသေးတယ်။

ဒါပေမဲ့ ဒေါ်ပုမလုပ်ရပ်က ဗိုလ်ကျ အနိုင်ကျင့်ရာ မကျဘူးလား။ ကျုပ်တို့က ဒီနေရာကို ဒေါ်ပုမတို့ထက် ကြိုရောက်နေတာပါ။ သူတို့က နောက်မှရောက်လာပြီး မြေကွက်ပိုင်ရှင်သိတယ်။ မြေကွက်ပိုင်ရှင်က ဒေါ်ပုမကို အပ်ထားတာ။ အစကတော့ ကျုပ်တို့လည်း ဒေါ်ပုမကို ကြောက်ရတာပေါ့။ အခုတော့ ပိုင်ရှင်ကိုယ်တိုင် လာရင်တောင် မကြောက်တော့ဘူး။ အခုလို သတ္တိရှိရှိ ပြောနိုင်တာကလည်း လူပျိုကြီးကိုအောင်မြတ်ရဲ့ အားပေးစကားတွေကြောင့်ပေါ့ဗျာ။

ဒေါ်ပုမအကြောင်း ခဏထားပါဦး။ ကျုပ် အခုစိုက်ခင်းတွေရှိတယ်၊ ဝက်တွေ မွေးထားတယ်။ နောက်ထပ် ကျုပ်လုပ်ချင်တဲ့ကိစ္စက တစ်ခုရှိသေးတယ်။ ဘက်ထရီအိုး အငှားဆိုင်။ ကျုပ်တို့ရပ်ကွက်မှာက မီးမရှိတဲ့ အိမ်က ခပ်များများ။ ဒီတော့ လူပျိုကြီး ကိုအောင်မြတ်နဲ့ ပူးပေါင်းတိုင်ပင်ပြီး ဘက်ထရီအငှားဆိုင်ဖွင့်တယ်။ မီးကတော့ ထုံးစံအတိုင်း လူပျိုကြီးကိုအောင်မြတ်ဆီကပဲ အကူအညီ တောင်းရတာပေါ့။

ကျုပ် အခုအချိန်မှာ ဘာလုပ်လုပ် အဆင်ပြေနေတယ်။ ငွေတွေလည်း ပိုမို စုဆောင်းလာနိုင်တာပေါ့။ ဒီတစ်မိုးပြီးရင်တော့ သားတွေကို ရှင်ပြုနိုင်ပြီး အလှူကြီးပေးနိုင်ပြီလို့ ကျုပ် အားခဲထားတယ်။ ကျုပ်တို့မိသားစုက စိတ်ကူးကိုယ်စီနဲ့ပေါ့။ စိတ်ကူးရှိရင် ဖျက်ဆီးမယ့်သူကလည်း ရှိလာစမြဲပါ။

ကျုပ် ဒေါ်ပုမအကြောင်း ဆက်ပြောမယ်။ တစ်နေ့ ဒေါ်ပုမအိမ်ရှေ့ကို ကားအကောင်းစား အဖြူရောင် ကားတစ်စီး ရောက်လာတာပဲ။ ကျုပ်တို့လင်မယားတွေ ဒေါ်ပုမအိမ်ရှေ့ ကားရပ်တာကို ကြည့်ပြီး ထိတ်လန့်သွားမိပြန်တယ်။ ဒေါ်ပုမက ခြံကွက်ပိုင်ရှင်တွေခေါ်ပြီး ဖယ်ခိုင်းတော့မလို့လား စတဲ့ အတွေးပေါင်းစုံနဲ့ ပြည့်နှက်နေတယ်။

ကားအဖြူရောင် လာတဲ့နေ့ကစပြီး ဒေါ်ပုမကလည်း နဂိုထက် မာန်တွေ တင်းလာတယ်၊ ခက်ထန်လာတယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်လာသမျှ ပြဿနာကို ဖြေရှင်းဖို့သာ ကျုပ် သတ္တိမွေးလိုက်ရတော့တာပဲ။

"မောင်မြင့်ဦး၊ မနေ့က ခြံပိုင်ရှင်တွေလာတာ မြင်တယ်နော်။ သူတို့က မကြာခင် ဒီမြေကွက်မှာ လိုင်းတွဲခန်းတွေ ဆောက်တော့မယ်။ မင်းတို့ ဖယ်ပေးဖို့သာ ပြင်ပေတော့။ မင်းတို့လည်း ဒီမြေကွက်က လုပ်ကျွေးထားတာ မနည်းပါဘူး။ ဒီလကုန်လောက် အကောင်အထည်ဖော်မယ်လို့ ဒေါ်ဒေါ်ကို ပြောသွားတယ်။ မင်းတို့လည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်တော့"

ဒေါ်ပုမ ပြောသွားတဲ့ အချိန်ကစပြီး ကျုပ်တို့လင်မယား မစားနိုင် မသောက်နိုင်၊ ခြံအလုပ်၊ အခြားအလုပ် ဘာမှကို လုပ်ချင်စိတ်ကမရှိ။ ရည်ရွယ်ချက် ပျက်တော့မယ် ဆိုတဲ့ စိတ်ကူးက ကျုပ်ရင်ဝကို လာလာဆောင့်နေတယ်။ ကျုပ် ဘယ်လိုလုပ်ရမလဲ။ မတတ်နိုင်ဘူး။ ဒီတစ်ခါ ခြံပိုင်ရှင်တွေလာရင် ပြောရမှာပဲ။

နောက်နေ့တွေမှာ ခြံ



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်တွေ ထပ်ရောက်လာတယ်။ သူတို့ကား ရပ်တဲ့နေရာနဲ့ ကျုပ် အပင်စိုက်နေတဲ့နေရာက သိပ်မဝေး။ သူဌေးတွေက ကားပေါ်ကဆင်းလာကြတယ်။ ခြံပိုင်ရှင်က အိမ်ရှေ့လမ်းမပေါ် ထွက်လာတဲ့ ဒေါ်ပုမကို ပြောတယ်။

‘ဒေါ်ပုမ ဘယ်လိုလဲ၊ ဘယ်နေ့ ဖယ်ပေးမှာလဲ။ ဒီလကုန်မှ မဖယ်ပေးရင် ကျုပ်တို့ သက်ဆိုင်ရာကနေ စကားပြောရလိမ့်မယ်’

ကျုပ် နားစွန်နားဖျား ကြားပြီး ကျောချမ်းသွားတယ်။ ခြံပိုင်ရှင်တွေက မဖယ်ပေးရင် တရားစွဲတာခံရဦးမယ်။ ဒေါ်ပုမကတော့ ကျုပ်တို့ကိုကြည့်ပြီး မျက်စောင်းတခဲခဲနဲ့။ အခုချိန်မှာ ဒေါ်ပုမကို အသီးအနှံ၊ ကော်ဖီမစ်၊ နို့ဆီတွေနဲ့ ကျေနပ်အောင်လုပ်လို့ မရနိုင်တော့ဘူး။ အခုမှ တော်တော်ကို ခက်ပြီ။

ပိုဆိုးတာက ကားအဖြူကြီး ရောက်လာတဲ့နေ့တိုင်း ဒေါ်ပုမက ကျုပ်တို့ကို အမြဲတမ်း နှင်ထုတ်တယ်။ ဒီခြံက ဖယ်ပေးဖို့ကိုလည်း အမျိုးမျိုးလာပြောတယ်။ ကျုပ်ဖြင့် ဒေါ်ပုမကို တောင်းပန်ပြောဆိုလိုက်ရတာ။ ခြံပိုင်ရှင်တွေကို တွေ့ပြီး တောင်းပန်မယ်ဆိုတော့လည်း ဒေါ်ပုမက ခွင့်မပြုဘူး။

ကျုပ် ဒီခြံက ဘယ်ထွက်သွားလို့ ဖြစ်မလဲ။ စဉ်းစားကြည့်။ ကျုပ်စိုက်ထားတဲ့ ခြံထွက်သီးနှံတွေက အများကြီး။ ကျုပ်ဖြင့် မဖျက်ဆီးရက်ပါဘူးဗျာ။ အခုချိန်တိုင်ပင်ဖို့ကလည်း လူပျိုကြီး ကိုအောင်မြတ်ကလည်း မရှိ။ ရှေ့ဆက် ဘာလုပ်လို့ဘာကိုင်ရမှန်းကို မသိတော့တာ။ စိတ်ညစ်လို့ ကြံရာမရဖြစ်နေတဲ့ကြားက ဒေါ်ပုမက ကောင်းပေ့ဆိုတဲ့ အသီးအနှံ အရွက်တွေကို အားရပါးရ ခူးတော့တာပဲ။ နောက်ပြီး သူက ပြောသွားသေးတယ်။

‘နင်တို့ အပင်တွေက ဒီလကုန်ရင် ဘာမှ အသုံးဝင်မှာ မဟုတ်တော့ဘူး။ နင်တို့လည်း မြန်မြန်ခူးရောင်း။ ငါကတော့ မပျက်စီးခင် ဝ, အောင် ချက်စားမယ်ဟေ့…’

ကျုပ်လည်း မပြောသာတော့ လုပ်ချင်တာ လုပ်ပါစေလို့ပဲ သဘောထားလိုက်တော့တယ်။ အခု ကျုပ်ခေါင်းထဲရောက်လာတာက ဒီနေရာက ဖယ်ပြီး ဘယ်မှာသွားနေရမလဲ။ ဘယ်မှာ သွားရောက်လုပ်ကိုင်စားရမလဲ။ ရည်ရွယ်ချက်တွေလည်းပျက်။

ကျုပ်မှာ နေ့ရှိသရွေ့ စဉ်းစားနေရတယ်။ လကုန်ဖို့ကလည်း တစ်ရက်ပဲကျန်တော့တယ်။ ကျုပ်တို့မိသားစု ထိုင်မှိုင် တွေးငေးနေချိန် အိမ်ရှေ့ကလူပျိုကြီး ကိုအောင်မြတ် ပြန်လာတာကို တွေ့ရတော့ ဝမ်းသာအားရ ကျုပ်တို့မိသားစုတွေ သူ့အိမ်ကို အပြေးသွားခဲ့တယ်။

‘ဟ…မြင့်ဦး၊ မင်းတို့မိသားစု ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာကြတာလဲ။ မျက်နှာတွေလည်းမကောင်း’

‘ငါတို့ကို ကယ်ပါဦးကွာ။ မင်းမရှိတော့ ခြံပိုင်ရှင်တွေ လာသွားတယ်။ ဒီလကုန် ခြံထဲက ဖယ်ပေးရမယ်တဲ့။ မနက်ဖြန် လကုန်ပြီ။ ငါတို့ဖယ်ပေးရတော့မယ်။ ကယ်ပါဦးကွာ၊ ငါတို့တော့ ဒုက္ခရောက်ပါပြီ’

‘နေစမ်းပါဦး၊ ခြံပိုင်ရှင်တွေကရော ဟုတ်ရဲ့လား။ ခြံပိုင်ရှင်ကိုယ်တိုင်က ပြောတာလား ဖယ်ပေးဖို့’

လူပျိုကြီး ကိုအောင်မြတ်ပြောတော့ ကျုပ် တွေဝေသွားတယ်။ ကျုပ်ကိုတော့ ခြံရှင်တွေကိုယ်တိုင် လာမပြောတာ။ လာရင်လည်း အကျိုးအကြောင်းပြောတောင်းပန်ရမှာပဲလေ။

‘ဒေါ်ပုမအိမ်ရှေ့မှာ ခြံပိုင်ရှင်ကားက ရပ်ပြီးပြောတာ။ ဒေါ်ပုမအပ်ထားတော့ ဒေါ်ပုမပဲ ပြောတာနေမှာပေါ့’

‘ကဲ…ဒါဆိုလည်း စိတ်အေးအေးထား။ မနက်ဖြန် စောင့်ကြည့်။ ဘာမှမဖြစ်ဘူး။ မင်းတို့ မဖယ်ပေးရဘူးဆိုတာ ကျုပ်အာမခံတယ်’

ကျုပ်တို့ကို စိတ်မပူဖို့ ပြောပေမဲ့ စိတ်က ပူမိတယ်။ လက်ရှိနေရတာက သူများခြံလေ။ ကျုပ်တို့က ဘာတတ်နိုင်လို့လဲ။ ဘာပဲဖြစ်ဖြစ် ကိုအောင်မြတ်ပြောသလို မနက်ဖြန်တော့ စောင့်ကြည့်နေရမှာပဲ။

ဟော… နောက်နေ့မနက်ကျတော့ ဒေါ်ပုမတို့အိမ်က ပစ္စည်းတွေအကုန် ကားပေါ်တင်နေကြတယ်။ ပြီးတော့ ပစ္စည်းတွေအားလုံးသိမ်းပြီး ဒေါ်ပုမတို့ ကားကြီးနဲ့ ထွက်သွားတယ်။ ကျုပ်ကြည့်ပြီး နားမလည်။ နောက်ပြီး ကားအဖြူတစ်စီး ရောက်လာတယ်။ ကျုပ်ထင်တဲ့ ခြံပိုင်ရှင်တွေက ဒေါ်ပုမအိမ်တက်သွားတယ်။ ပြီးတော့ အိမ်ကိုသော့ခတ်ပြီး ပြန်ထွက်လာတယ်။

လူပျိုကြီး ကိုအောင်မြတ်ကလည်း ခြံပိုင်ရှင်တွေနဲ့ ပြောပြီး ကျုပ်တို့ဆီလာတယ်။ ကျုပ်ရော ကျုပ်မိန်းမပါ ရင်တမမနဲ့။

‘ကိုအောင်မြတ်၊ ဘာတဲ့လဲ’

‘ဘာတဲ့ရမလဲဗျာ၊ သူတို့ လာမောင်းထုတ်တာ ခင်ဗျားတို့ကို မဟုတ်ဘူး၊ ဒေါ်ပုမတို့ကို’

ဟောဗျာ၊ ကျုပ်ဖြင့် ဖယ်ရမယ်ထင်ပြီး ကြောက်လိုက်ရတာ။ ဒေါ်ပုမကို ဖားလိုက်ရတာ။ အခုတော့ ဒေါ်ပုမက သူများအိမ်နေတယ်။ ကျုပ်တို့ခြံထွက်တွေလည်း ကောင်းကောင်းစားသွားတယ်။ တော်တော်ဗိုလ်ကျ အနိုင်ကျင့်တာပဲ။

‘ဟူး…ဘာပဲဖြစ်ဖြစ် ကျုပ်တော့ စိတ်အေးရပြီ ကိုအောင်မြတ်၊ ခြံပိုင်ရှင်တွေ မဟုတ်တော့ ကျုပ်ရည်ရွယ်ချက်တွေ အကောင်အထည်ဖော်လို့ရပြီ’

‘ဖော်စေဗျာ၊ ဖော်စေ။ ဒါပေမဲ့ ကျုပ်လည်း သတိတစ်ခုပေးမယ်နော်။ နောက် ၃ နှစ်အတွင်း မြေကွက်ဝယ်နိုင်အောင်ကြိုးစား၊ ဒီခြံပိုင်ရှင်က ကျုပ်ဗျာ’

ဟောဗျာ။ ကိုအောင်မြတ်က ပြောပြီး ထွက်သွားတယ်။ ကျုပ်ရော ကျုပ်မိန်းမပါ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့ရတယ်။ စိတ်ထဲမှာတော့ ကိုအောင်မြတ်ကို ကျေးဇူးတင်ပြီးရင်း တင်နေရတော့တာပေါ့ဗျာ။ ■

**အောဘုန်းခေတ်**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၁၉)မှ…*

ခလော ခလောဖြစ်နေဆဲ။ အဖေ့ဘဝမှာ ရေဒီယိုက မည်မျှအရေးပါသည်ကို နားလည်ရန် အတော်အချိန်ယူခဲ့ရသည်။ ကျွန်မတို့ ငယ်ငယ် ၁၉၈၈ ခုနှစ် အရေးအခင်းကြီးဖြစ်ကတည်းက ရေဒီယိုကို နားထောင်ရမှန်း သိခဲ့သည်ဟု အဖေ ပြောပြခဲ့ဖူးသည်။ အဖေက ဗိုလ်ချုပ်ခင်ညွန့်အကြောင်း စိတ်ဝင်စားသလို၊ ဘာလင်တံတိုင်းကြီး အကြောင်းကိုလည်း သိချင်သေးသည်။ ကျွန်မထင်သည်။ အဖေသည် အိမ်ထဲကနေ ကမ္ဘာကြီးကို ကြည့်နေသူတစ်ယောက်ဟု။

❑

ကျော်ပေးနေသည့် အဖေ့အကြောင်းများက ကုန်နိုင်ဖွယ်မရှိသော တစ်ထောင့်တစ်ညပုံပြင်သဖွယ် ဖြစ်တော့သည်။ ကျွန်မတို့ မောင်နှမများအပေါ် နောက်ဆုံးတာဝန်ဖြစ်သည့် ထိမ်းမြားခြင်းဆိုသည့်အလုပ်တစ်ခုကို ရင်နှင့်ရင်း၍ ပေးလိုက်ရသည် ထင်ပါသည်။ သားကြီးနှင့်လည်း ခွဲလိုက်ရပြီ။ သားလတ်ကလည်း ထွက်ခွာသွားချေပြီ။ သားငယ်ကလည်း မိန်းမအိမ်ကောက်ကောက်ပါအောင် လိုက်သွားချေပြီ။

ယခုလည်း…

'ကျွန်တော့်သမီးလေးက တောင်ဝေးလေးပါဗျာ' ဟု အဖေ အမြဲပြောပြောနေသည့် ကျွန်မကို အိမ်ထောင်ပြုပေးလိုက်ရ၍ အဖေ ကျိတ်ခံစားနေရပြီ ထင်ပါသည်။ ကျွန်မ သမီးအလိမ္မာ ဘွဲ့ထူးရရန်အတွက် အဖေ့နှလုံးသွေးနှင့် ရင်းလိုက်ရသည်ကို အဖေ့

]a&nh. .
orfD wGf
t azBUv u fzOB
u Ref
t bMaerdnf
t az
jrwEbonh
t &mav ;u kd
u Rfu kdy;onf
t azbHMnh
u Rfv u fu
w kef i faeonf
x kd u fwppfESh
v Sfi
, lv kd f
u Ref u kd
jyKHyKBD
Mlnfbeao m
t azbkd
jyef
jyKHyv kd fbnf

မျက်ရည်ကြည့်၍ ကျွန်မ မလိုချင်တော့ပေ။

'သမီး… ဟိုမှာ သူတို့ စောင့်နေကြပြီ၊ သမီးသေတ္တာ အမေ ထုတ်ထားတယ် လာတော့လေ'

အခန်းဝမှာ အမေ့အသံကြောင့် ကျွန်မ အဖေကို နှုတ်ဆက်ရတော့မည်။

'အဖေ… သမီးသွားတော့မယ်နော်၊ ကျန်းမာရေး ဂရုစိုက်နော်'

ကျွန်မကို လှည့်မကြည့်သော အဖေ၏ ကျောပြင်တွင် တုန်ခါနေချေပြီ။ ပါးပြင်တွင် မျက်ရည်များ စီးဆင်းနေမည် ထင်ပါသည်။ သားသမီးများအပေါ် သည်လောက်အထိ ချစ်လိမ့်မည်ဟု မထင်ထားသော အဖေက ယခုများတော့ ရှိုက်ကာရှိုက်ကာ ငိုနေရလေပြီ။ မည်သည့်စကားများနှင့် ချော့ရမည်နည်း။

'သမီး… လိုက်မသွားတော့ဘူး အဖေ'

ဟု ပြောလိုက်လျှင် ကောင်းမလား။ ထိုအခါ -

'သမီးအတွက် အဖေ ဂုဏ်ယူပါရစေ' ဆိုသည့် စကားလုံးများ ထွက်ကျလာမည်ထင်ပါသည်။ ကျွန်မကို ယောကျ်ားလေးရှင်ဘက်က လာ၍ တောင်းရမ်းစဉ် အဖေ့မျက်နှာ ပြုံးနေခဲ့သည်။ သူ သွန်သင်ဆုံးမခဲ့၍ မိန်းမကောင်း ပီသသည့် ကျွန်မကို ပတ်ဝန်းကျင် ချီးကျူးစကားအောက်မှာ အဖေ ပျော်နေခဲ့သည်။ ထိုအပျော်များ၊ အပြုံးများကို ကျွန်မမှာ မဖျက်ဆီးရက်ပြန်။

၅၂၈ အချစ်က ၁၅၀၀ ဆိုသည့်အချစ်ကို မတွန်းလှန်နိုင်ခဲ့သော ကျွန်မသည် အဖေ၏ စိတ်တိုင်းကျ နေပေးခဲ့သည်။ အဖေပျော်နေလျှင်၊ ပြုံးနေလျှင် ကျေနပ်နေသည့် ကျွန်မ ယခုလို အဖေ့ကို မြင်ရ၍ စိတ်မချမ်းသာ။

'သမီးသွားတော့လေ'

အက်ကွဲနေသည့် အဖေ့အသံကြောင့် တွေဝေနေသည့် ကျွန်မ အဖေ ခိုင်းစေသည့် အလုပ်ကိုလုပ်ရန် ခြေလှမ်းပြင်လိုက်ပါသည်။ မသွားခင် အဖေ့ကို ထိုင်၍ ကန်တော့လိုက်၏။ ကျောပေးရင်းက မျက်နှာလှည့်လာသော အဖေ့ထံမှ ဆုပေးသံ မကြားရပေ။ သို့ပင်မဲ့ နှုတ်ခမ်းတစ်စုံက တော့ လှုပ်နေသည်။

'အဖေ… သွားပြီနော်'

ကျွန်မ အဖေ့လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်သည်။ အဖေ့လက်တစ်စုံက အေးစက်နေချေပြီ။

'သမီး…နေဦး'

အခန်းဝ ရောက်နေသည့် ကျွန်မ ရပ်၍ နောက်ပြန်ကြည့်လိုက်သည်။ အဖေ့လက်မှာ ပစ္စည်းလေးတစ်ခု။

'ရော့… သမီးအတွက် အဖေ့ရဲ့ လက်ဖွဲ့'

ကျွန်မ အံ့သြနေမိသည်။ အဖေမြတ်နိုးသည့် အရာလေးကို ကျွန်မကိုပေးသည်။ အဖေ့ကိုကြည့်၍ ကျွန်မလက်က တုန်ယင်နေသည်။ ထို လက်တစ်စုံနှင့် လှမ်း၍ ယူလိုက်၏။ ကျွန်မကို ပြုံးပြုံးကြီး ကြည့်နေသောအဖေ့ကို ပြန်၍ ပြုံးပြလိုက်သည်။

❑

ကားတစ်စီးလုံး ပန်းများအပြည့်။ ကားထဲတွင် ကျွန်မနှင့်အတူ ကျွန်မနှင့် ရွှေလက်တွဲရမည့် သတို့သားလိုက်ပါလာသည်။ ကျွန်မ၏ လက်ထဲတွင် ရေဒီယိုလေး တစ်လုံး ကိုင်ထား၏။ ကျွန်မ ပါးပြင်ပေါ်က စီးကျလာသည့် မျက်ရည်များကို မသုတ်မိပေ။

လက်က ရေဒီယိုလေး ဖွင့်၍ လိုင်းညှိလိုက်၏။ မျက်ရည်ပေါက်များက တစ်ပေါက်ချင်း တစ်ပေါက်ချင်း ရေဒီယိုလေးပေါ် ကျနေသည်။ ရေဒီယိုလေးဆီမှ ဂျစ်… ဂျစ်… ထစ်… ထစ်နှင့် မြည်နေပါတော့သည်။ ■

**နဒီသင်း၊ကုန်းစောင်း၊**



www.burmeseclassic.com

www.burmeseclassic.com



# သွားလူ

"မြို့ပြလို့ ပြောလည်းပဲ×××
အမှန်တကယ်တမ်းတော့×××
တောနက်ကြီးတစ်ခုလိုပါပဲ×××
ခွာရာတွေနာကျင်ပါစေ×××
ခံနိုင်ရည်မွေးထား××× အတုံ့အလှည့်များတဲ့
ဒီမြို့ထဲ×××"

❑

"ဟလို… ကိုကြီးလား၊ မီး…
ကိုကြီးကို သတိရလို့ပါ။ လွမ်းလို့ သေ
တော့မယ်။ တွေ့လည်း တွေ့ချင်တယ်"
လိုအပ်သည်ထက် ပို၍ ချွဲပျစ်နေသော
သူမ၏ ညှောင်နာနာအသံသည်
တစ်ခုခုကို လိုအပ်နေပြီဆိုသည်ကို
ဦးလင်းအောင် သိသည်။ ဒီအထာတွေကို
ရိုးနေပြီဖြစ်သော ဦးလင်းအောင်က–

အမှတ် ၃၄၉၊ ဒီဇင်ဘာ၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"မုန့်ဖိုးကုန်နေပြီနဲ့ တူတယ်။ အိုကေလေ တွေ့ကြတာပေါ့။ အစ်ကိုကြီးလည်း တွေ့ချင်ပါတယ်။ အလုပ်ကလေးတွေ လက်စဖြတ်လိုက်ဦးမယ်။ ဆီးယူနော်။ အာဘွား"

ဦးလင်းအောင်သည် လုပ်ငန်းရှင် လူချမ်းသာတစ်ဦး ဖြစ်သည်။သူဌေးဟုဆိုသော်လည်း အခြားသူများလို ဗိုက်ရွဲရွဲ ထိပ်ပြောင်ပြောင်တော့ မဟုတ်ပေ။ ငယ်ငယ်က အားကစား လိုက်စားခဲ့သူပီပီ ခန္ဓာကိုယ် ကျစ်ကျစ်လျစ်လျစ် ခပ်တောင့်တောင့်နှင့် သွက်လက်ဖျတ်လတ်သူတစ်ဦးပင်ဖြစ်သည်။ သူ့ကို မြို့ခံလူများကတော့ မိမိတို့ဒေသ၏ ခရိုနီတစ်ဦးအဖြစ် ခေါ်ဝေါ်သတ်မှတ်ကြ၏။ ဦးလင်းအောင်သည် အခုခေတ်သူဌေးများထုံးစံအတိုင်း အငယ်မယားများ၊ စပွန်ဆာကောင်မလေးများစွာရှိသည်။ လူမှုရေးအကန့်၊ အပေါင်းအသင်းအကန့်ဟူသော ခေါင်းစဉ်အောက်သို့သာ သူ့လုပ်ရပ်တွေကို ထိုးသွင်းလိုက်သည်။

❏

"စန္ဒာ မနက်ဖြန်လည်း ရှိမယ်နော်"

ဒေါ်စန္ဒာ၏ ဖဲရိုက်ဖော်ရိုက်ဖက်များသည် ဒီနေ့ဝိုင်းပြီးသော်လည်း နောက်နေ့အတွက် ချိန်းဆိုနေခြင်းဖြစ်သည်။ ဒေါ်စန္ဒာသည်လည်း ဖဲဝိုင်းတကာကို လှည့်ရိုက်နေသူပီပီ ခပ်ကဲကဲ ပိုပိုသာသာလေး ပြောလိုက်၏။

"စိတ်ချ။ ထမင်းချိုင့်နဲ့၊ အိပ်ရာလိပ်နဲ့ကို လာခဲ့မယ်"

ထိုအခါ ဝိုင်းမှ ပြန်ရန်

][ v k.
u B D m,
r D..u B D k
o w &v yg
v Gv k
ao aw nh, f
aw G n f
aw Gsfw, f
v k yb n k u f
yk
cRpfaeao m
o r\
an Sifnem
t o bl n f
w pckk k
v k yaeND
q k n u k
OD i fat nhf
o d n f

ထ,နေသူအချို့ဆီမှ ကောင်းချီးထောမနာပြုသံ ထွက်ပေါ်လာပါသည်။

"ဒီဖဲဂျိုးကိုတော့ မနိုင်ဘူးဟေ့"

❏

"မိုးထက်ဆို ဝေးဝေးကရှောင်ကြဟေ့။ မိဘကချမ်းသာ၊ ရုပ်ကလေးက ချောဆိုတော့ ကောင်မတွေကလည်း ပြန်ကြိုက်ပြီပေါ့ အေ။ အေး…ပတ်သက်မိပြီဆိုရင်လည်း ကိုယ်ပဲနစ်နာမှာနော်။ ဟိုကတော့ တာဝန်ယူမှာမဟုတ်ဘူး။ မိဘကပါ သူ့သားသမီးဘက်က အလိုတူအလိုပါဆိုတော့ ထင်ရာစိုင်းပြီပေါ့"

အစ်မကြီးအချို့သည်လည်းကောင်း၊ ဆရာမအချို့သည်လည်းကောင်း မိန်းကလေးများကို ထိုကဲ့သို့ ဆုံးမလေ့ရှိသည်။

"မိုးထက်နဲ့တော့ မငြိကြနဲ့နော် သားကြီးတို့။ ဒီကောင်က ရေလျှံတော့ ကျွေးထားမွေးထားတဲ့ ကောင်တွေက တစ်ပုံကြီး။ သူခိုင်းတာကို လုပ်ပေးချင်နေတဲ့ကောင်တွေက ဒုနဲ့ဒေး။ ဝေးဝေးနေတာ အကောင်းဆုံးပါပဲကွာ"

ယောက်ျားလေး အချင်းချင်းပင် သတိထား၍ နေကြရသည်။

မိုးထက်ဆိုတာက ဤကဲ့သို့ လူစားမျိုးပါ။ သူသည် ထစ်ခနဲဆိုလက်ပါတတ်သည့် အကျင့်ကလည်းရှိသည်။ ဤသည်ကလည်း မိဘများ၏ အရှိန်အဝါကြောင့် ဖြစ်လိမ့်မည်။ ထိုသို့ လက်ပါသည့်အဆင့်မှ တုတ်ပါ၊ ဓားပါအဆင့်ထိအောင်ဖြစ်လာပြီး သူ၏ရန်ပွဲများသည် စိပ်သည်ထက်စိပ်လာ၏။ ပြဿနာဖြစ်တိုင်းလည်း မိဘများ၏ တလွဲလုပ်ရပ်များဖြစ်သော ငွေအားကိုး၍တစ်သွယ်၊ ဆိုင်ရာလူကြီးများ အားကိုးခြင်းဖြင့်တစ်မျိုး ဖြေရှင်းပေးမှုများသည် လူမိုက်အားပေး၊ အဆိပ်ပင်ရေလောင်းနေသည့်အလား။ သားသမီးကို ချစ်ရာမရောက်၊ နှစ်ရာရောက်နေခြင်းဖြစ်သည်။

ခေါင်မလုံသည့်အိမ်သည် မိုးယိုသည်မှာ ဓမ္မတာဖြစ်သည်။ မိုးထက်သည် အရက်ဘီယာတို့ကို လည်း သောက်တတ်လာသည်။ စီးကရက်ကို လက်ကမချသည်အထိ ခွဲခွဲမြဲမြဲ ဖွာရှိုက်နေပြီ။ ကောင်မလေးများ ထည်လဲတွဲသည့်အပြင် ကေတီဗွီ၊ မာဆတ်တို့သည်လည်း သူ့အတွက် နယ်မြေသစ်တစ်ခုအဖြစ် ခြေဆန့်တတ်လာ၏။ လွတ်လပ်မှုထက် လွတ်ကင်းမှုဘက်ကဲနေသည့် လူငယ်တစ်ယောက်အနာဂတ်သည် အကောင်းထက် အဆိုးဘက်သို့သာ ဦးတည်နေပါသည်။

❏

ညသည် ကြယ်စင်တို့နှင့် ထုံမွမ်းအလှဆင်ထား၏။ လကွယ်ညကြောင့် လသည်ပုန်းအောင်းနေရသည်။ ရောင်စုံမီးတို့သည် ညအားတောက်စားမှုန်ရီစေပြီ။ သို့သော် တမင်ဖန်တီးထားသော ညဥယျာဉ်၏ အလှသည် ကြည်နူးစရာ ဆွဲဆောင်မှုထက် မြူဆွယ်နေသော မိန်းမပျက်တစ်ယောက်လိုဖြစ်နေသည်။ သူယောင်မယ်တို့ပျော်စံရာ ဤဘုံသည် မာယာပဥ္စလက်တို့ ပြည့်နေပါသည်။ ထိုဥယျာဉ်၌ ပျော်စံသော နတ်သမီးတို့သည်လည်း မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဖြင့် သူတို့အလိုကို ဖြည့်ဆည်းနေကြသည်။ ထိုနေရာသည် "နတ်သမီးကျွန်း" ဟုခေါ်သော စင်တင်တေးဂီတနှင့် ကေတီဗွီပါသော ရက်စတောရန့်ထ်(Restaurant) တစ်ခုဖြစ်ပေသည်။

"အစ်ကို ဆော်ဘယ်နှဖွေ ခေါ်မလဲ"

သူငယ်ချင်းတွေနှင့်အတူ စင်တင်တေးဂီတကို ခံစားပြီး ပန်းကုံးတွေ တစ်လှေကြီးချ၊ သောက်ထားကြသော ဘီယာအရှိန်ကြောင့် ရီဝေမှုတွေကို ကုစားဖို့ ကေတီဗွီဝင်မည့် မိုးထက်တို့အဖွဲ့အား ဝိတ်တာကောင်လေးက မေးနေခြင်းဖြစ်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

အခါ ဒကာတော် ရေမြေ့အရှင် မိုးထက်ကပဲ-

'လေးယောက် ခေါ်မယ်ကွာ'

'ဟုတ်…ဘောစိ'

'ဟော့ ညီလေး၊ ခဏ၊ ခဏနေဦး။ ငါပြောမယ်။ မင်းတို့ဆိုင်ကို ပြီးခဲ့တဲ့လကမှရောက်လာတဲ့ ရှိစီတော့ ပါပစေကွာ။ နောက်ကျန်တဲ့ သုံးယောက်ကတော့ မင်းအဆင်ပြေတဲ့သူ ထည့်ပေး'

'ဟုတ် ဘောစိ'

ဝိတ်တာလေးက ရိုကျိုးစွာ ပြန်ဖြေရှာသည်။

'အေး…ရော့၊ မင်းအတွက် မုန့်ဖိုး'

မိုးထက်သည် ပိုက်ဆံအိတ်ထဲမှ ငါးထောင်တန်တစ်ရွက်ကိုထုတ်ပြီး ဝိတ်တာလေးအား ပေးလိုက်၏။

ရှိစီသည် တောင့်သည်၊ ဖြောင့်သည်။ ပြီးတော့ အသက်ကလည်း အခုမှ တစ်ဆယ့်ရှစ်နှစ်ခန့်သာ ရှိမည်။ ထို့ကြောင့်လည်း အချိန်တိုအတွင်း နတ်သမီးကျွန်း၏ ပေါ်ပြူလာအဖြစ်ဆုံး ဖြစ်လာပြီး ဧည့်သည်များသည် ရှိစီမှ ရှိစီ ဖြစ်လာသည်။ များပြားစွာသော ကာစတန်မာ(Customer)တို့ကြောင့် ကေတီဗွီခန်းထိုင်ပေးရန် ခေါ်သူများအား တစ်ခန်းတည်း သီးသန့် ဝင်မပေးနိုင်။ အခန်းကူးဝင်ပေးရသည်။ ထိုသို့ အခန်းကူးဝင်ခြင်းကြောင့် ဧည့်သည်များသည် စိတ်မကျေနပ်ကြပေမဲ့လည်း ရှိစီအတွက်ကတော့ ဆက်ရှင်(Section)ကြေး ပိုရသည်။ တွက်ခြေပိုကိုက်၏။

❑

'ခဏလေးနော်၊ ရှိစီပြန်လာခဲ့မယ်'

မိုးထက် နည်းနည်းတင်းလာသည်။

'ဟာ… ဒီဆော်က ဘာလဲကွာ။ ခဏခဏ အပြင်ကို ပြန်ပြန်ထွက်နေတာ'

မိုးထက်အသံသည် ဒေါသသံပါနေသလို မျက်နှာသည်လည်း ခက်ထန်နေသည်။ ထိုအခါ သူတို့ခေါ်ထားသော တခြားကောင်မလေးတစ်ယောက်က သူ့ထက်သာ မနာလိုသော ထုံးစံအတိုင်း အောက်ဆီဂျင်ဝင်လုပ်ပေးလိုက်သည်။

'သူက တခြားအခန်းတွေလည်း ဝင်ပေးရတယ်'

ထိုစကားသည် မိုးထက်ကို မီးလောင်ရာ လေပင့်သလို ဖြစ်စေပါသည်။

'ဩော်…ဒီလိုလား။ တွေ့ကြသေးတာပေါ့ကွာ။ ငါ့ကို ဝိတ်တာခေါ်ပေးစမ်း'

အခုန ကောင်မလေးကပဲ ပျာပျာသလဲ ထ,သွားပြီး ခေါ်လေသည်။ မသွားလို့ကလည်း မဖြစ်။

မိုးထက်အကြောင်းကို ကြားဖူးကြသည်၊ သိသည်။ စိတ်မြန်သည်။ ထစ်ခနဲဆို လက်ပါတတ်၏။

အချိန်အနည်းငယ်ကြာပြီးနောက် သွားခေါ်သည့် ကောင်မလေးနှင့်အတူ ဝိတ်တာကောင်လေးပါ ပါလာသည်။ လာခေါ်သော ကောင်မလေး၏ ပြောပြမှုကြောင့် ပြဿနာကို သိပြီးနေသော ဝိတ်တာကောင်လေးက အချိုသာဆုံး မျက်နှာထားဖြင့်-

'ဘာလိုလဲ ဘောစိ'

'ဘာလိုလဲလုပ်မနေနဲ့၊ မင်းကောင်မက ဘယ်လိုလဲဟ။ ရင့်တာလား။ ငါ့ကို ဒါမျိုးလုပ်လို့ မရဘူးနော်။ မင်း သူ့ကိုပြောလိုက်'

ဝိတ်တာလေးမှာ ဘာများခိုင်းမလဲဆိုသော မျက်နှာလေးဖြင့် ငုံ့လင့်နေပါသည်။

'အဲဒီကောင်မကို ဒီညဒီအခန်းပဲဝင်ပေး။ ဘယ်လောက်ပေးရမလဲလို့၊ တစ်ခါတည်းမေးပြီး ခေါ်လာခဲ့'

ထို့နောက် သူသည် အသင့်ဆောင်ထားသော ဓားမြှောင်ကို စားပွဲပေါ် ခပ်ကြမ်းကြမ်း ပစ်တင်လိုက်သည်။

'ချွမ်… ခွမ်း'

ဘီယာခွက်အား တိုက်မိသွားသောကြောင့် ခွက်သည် အောက်သို့ပြုတ်ကျကာ ကွဲသွားပါသည်။

ဝိတ်တာလေးသည် ကြောက်လန့်ပြီး ရှိစီအား ခေါ်ရန် ပျာပျာသလဲ ထွက်သွားလေသည်။

❑

စင်တင်တေးဂီတကို ခံစားရင်း သောက်ထားသည့်အရှိန်။ ကေတီဗွီအခန်းထဲတွင်လည်း ထပ်သောက်ကြသောကြောင့် မိုးထက်နှင့် သူ့သူငယ်ချင်းများသည် ရီဝေသည့်အဆင့်ထက် အမူးလွန်သည့်ဘက်ကို ရောက်နေပါသည်။

'ကဲ လေးဖြူရဲ့ အမဲလိုက်အက ဖွင့်ကွာ။ ငါတို့က,ကြရအောင်'

မိုးထက်သည် သူ့သူငယ်ချင်းများနှင့် ရှိစီအပါအဝင် ခေါ်ထားသော ကောင်မလေးများအား ပြောလိုက်ခြင်းဖြစ်သည်။

လေးဖြူ၏ အမဲလိုက်အက သီချင်းသံသည် စတင်ပေါ်ထွက်လာသည်။ သူတို့အားလုံး စတင်စီးမျော ခံစားနေကြပြီ။

'ဒုန်း… ဒုန်း… ဒုန်း'

သူတို့အခန်းတံခါးအား အပြင်မှ လာခေါက်ခြင်းဖြစ်သည်။ လာခေါက်နေခြင်းထက် လာထုနေခြင်းဆို ပိုမှန်မည်။

သွက်လက်ချက်ချာပြီး အကင်းပါးသော ရှိစီသည် တံခါးဖွင့်ရန် ထ,လိုက်သည်။ တကယ်တော့ သူရှောင်ခဲ့သော အကွက်အား သူသိနေခြင်းဖြစ်သည်။ သူမသည် တံခါးကို ဟ,တယ်ဆိုရုံသာ ဟ,လိုက်၏။ အပြင်က လက်တစ်စုံသည် ရှိစီ၏လက်အား လှမ်းဆွဲလိုက်သည်။ ရှိစီ၏ ကိုယ်လေးသည် အလိုက်သင့်အခန်းပြင်သို့ ပါသွားသည်။ တံခါးသည် ဟ,တယ်ဆိုရုံသာ ဟ,ကာ ပြန်ပိတ်သွား၏။

ထိုမြင်ကွင်းကြောင့် အမူးလွန်နေသူ၊ စိတ်မြန်သူ၊ လက်ပါတတ်သူ မိုးထက်၏ သွေးတို့သည် ဆူပွက်လာပြီ။

'တောက်'

တောက်ခေါက်သံသည် ပြင်းထန်လှ၏။ သူ့မျက်လုံးများသည် မကောင်းဆိုးဝါးဝိညာဉ် ပူးကပ်ခံထားရသကဲ့သို့ ဖြစ်သွားသည်။ ဒီဂရီမြင့်နေသော ဒေါသသည် စားပွဲပေါ်က ဓားမြှောင်အား ကောက်ယူရန် တိုက်တွန်းလိုက်သည်။ ထို့နောက် တံခါးအား ခပ်ကြမ်းကြမ်းဖွင့်ကာ ရှိစီအား ခေါ်ထုတ်သွားသူနောက်ကို လိုက်လေသည်။ မီးရောင်အောက်တွင် ကောင်မလေးတစ်ယောက်အား



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှ ယောကျ်ားတစ်ဦးက ခပ်ကြမ်းကြမ်း ဆွဲခေါ်ရာ နောက်သို့ ဓားကိုင်ထားသော ကောင်လေးတစ်ဦး ဒေါသတကြီး ခပ်မြန်မြန်လိုက်နေသော မြင်ကွင်းသည် ရုပ်ရှင်ဆန်လွန်းလှ၏။ မိုးထက်၏ လက်ထဲမှ ဓားမြှောင်သည် မီးရောင်ကြောင့် တဖျပ်ဖျပ် တလက်လက်။

ရှေ့က ရိုစီခေါ်သွားသူကို မိုးထက် မီတော့မည်။ ဟော… မီပြီ… မီပြီ။ သူသည် ရိုစီခေါ်သွားသူအား ပခုံးကို ဆောင့်ဆွဲလိုက်ပြီးနောက် သူ့ဘက်ကို ခပ်ကြမ်းကြမ်း ဆွဲလှည့်လိုက်သည်နှင့် တစ်ပြိုင်နက် လက်ထဲမှ ဓားမြှောင်ဖြင့် ထိုသူ၏ ဝမ်းဗိုက်အား ထိုးလိုက်သည်။

❑

ရှေ့ကလူကလည်း ခေသူမဟုတ်ချေ။ သူ့ဝမ်းဗိုက်ဆီသို့ ရုတ်တရက် တစ်ဟုန်ထိုးဝင်လာသည့် ဓားကိုင်သည့် လက်ကို ဖမ်းဆွဲလိုက်သည်။ ထို့နောက် လက်ထဲက ဓားကို ဆွဲလုယူလိုက်သည်။ အမှတ်မထင် လုပ်ရှားမှုကြောင့် မိုးထက် ပြန်လည်ခုခံရန် အချိန်မရလိုက်။ ထိုသူ၏ လက်ထဲက ဓားသည် မိုးထက်၏ ဝမ်းဗိုက်တွင် စိုက်ဝင်သွားလေပြီ။ ပူခနဲ ဝေဒနာ၊ ထွက်လာသည့် အော်သံတစ်ခုနှင့် အတူ သွေးများက ဝေါခနဲ စီးကျလာလေ၏။

'အား'

'ဟာ'

'ဟင်'

'အို'

အဖြစ်အပျက်သည် မြန်ဆန်လွန်းသောကြောင့် နောက်မှ အပြေးအလွှားလိုက်လာကြသော မိုးထက်သူငယ်ချင်းများနှင့် ကောင်မလေးများ၊ ဆိုင်မှဝန်ထမ်းအချို့တို့ဆီမှ အာမေဋိတ်သံများ ကိုယ်စီ ထွက်ကျရုံသာ စွမ်းနိုင်ကြတော့သည်။

ထို့နောက်… နောက်တော့…။

သူသည် မုဆိုးလား၊ သားကောင်လား မဝေခွဲတတ်တော့ချေ။ သို့မဟုတ် ဝေခွဲ၍ မရတော့ပေ။ မုဆိုးဖြစ်ပါက မုဆိုးသည် တောမှောက်ခဲ့လေပြီ။ ထိုသို့ဆိုပါက သားကောင်သည်ကား။

သူသည် အုံ့ဩမှု၊ ဝမ်းနည်းမှု နောင်တတို့ဖြင့် ရောပြွမ်းနေလေပြီ။ သူ၏ တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းတစ်စုံသည် အမည်တစ်ခုအား ခေါ်ထွက်ရန်အတွက် အားယူရုန်းကန်နေရသည်။ သူ့ထံမှ ကြေကွဲအက်ရှ ဝမ်းနည်းစွာ ထွက်ကျလာသော အသံသည် ပတ်ဝန်းကျင်မှသူများအား တုန်လှုပ်ချောက်ချားအံ့ဩသွားစေခဲ့လေပြီ။

'သား…'

ကေတီဗွီအခန်းဆီမှ လွင့်ပျံ့လာသော အဆိုတော်လေးဖြူ၏ ပြင်းထန်အားပါသောအသံသည် ဦးလင်းအောင်နှလုံးသားတို့အား တစ်လှာချင်း ဆုတ်ဖြဲပစ်နေကြသကဲ့သို့ ရှိနေပါသည်။

*'အမဲလိုက်က××× စင်မြင့်ထက်က××× ရှုံးနိမ့်သူလဲကျမယ်××× အမဲလိုက်ကခွန်အားရှိမှ××× ဆုတံဆိပ်တွေ ရလိမ့်မယ်×××'*

■

**သျှားလူ**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောပင်မျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင်A 4စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အားမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

# စာအုပ်သစ်

## ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်အထိ

(၁) မောင်ထူးခြား(သာပေါင်း) *အရီးလေး၊ ညီလေး၊ တူလေး* ။-။ (၂) သျှားလူ *လွင့်စင်သွားသော သတင်းတစ်ပုဒ်* ။E-mail။ (၃) သျှားလူ *အနီရောင်ကတ္တီပါသေတ္တာလေးထဲက အစိမ်းရောင်ပျောက်ဆုံးမှုများ* ။E-mail (၄) ဒေါက်ဇော် *ငါသေသွားသော်* ။သရက်မြို့ (၅) မျိုးနေသစ်(မြိုင်) *အလွမ်းနွယ်* ။-။ (၆) နောင်ရိုးနွယ်(မုံရွာ) *အစွန်းအထင်း* ။ရန်ကုန်၊ (၇) နေခြည်(ကြီးနီ) *ခြားနားခြင်းမရှိသော ဘာသာစကား* ။မကွေးတိုင်း၊ (၈) အယ်မူ *ရွှေကျီးလေးက သာတယ်ဆို* ။ရန်ကုန်၊ (၉) ထူး(Glory) *အဆိပ်ရှိင်းမိတဲ့သူ* ။-။ (၁၀) ရွှေသူရဇ္ဇ(ထားဝယ်) *ကောင်းကင်မဲ့ မျှောလွင့်တိမ်* ။ရန်ကုန်၊ (၁၁) ခေတ်လှိုင်းမေနှင့် *ပတ်သက်၍* ။ရခိုင်ပြည်နယ်၊ (၁၂) ခင်မော်သက်(ကညွတ်ကွင်း) *ကြွေရက်စောခဲ့ပန်းပွင့်ငယ်* ။ပဲခူးတိုင်း၊ (၁၃) ကြယ်ငါး *မီးခြစ်ကျောက်* ။ရန်ကုန်၊ (၁၄) ကြယ်ငါး *ဝိညာဉ်တစ်ကောင်၏ဖြောင့်ချက်* ။ရန်ကုန်၊ (၁၅) နောင်သွေးညို *မိုးတိမ်မည်းတို့၏ခြေရာ* ။ကလေး၊ (၁၆) အောင်သု *တဒင်္ဂ* ။-။ (၁၇) နိုင်ကြည်သားနေ *တူတယ်ဆိုတောင်တို့သာတယ်* ။E-mail (၁၈) ရှင်းသန့်ဖြူ *သွားနှင့်လူ* ။ရန်ကုန်၊ (၁၉) ရဲရင့်(ပခုက္ကူ) *ခေါင်းလောင်းသံ* ။ပခုက္ကူ၊ (၂၀) မင်းသိုက် *ထောင်ချောက်* ။မန္တလေး၊ (၂၁) ညီဆောင်းဦး *ကြွေမြင့်မိုရ်* ။ရန်ကုန်၊ (၂၂) ဒေးဗစ်မောင်မောင် *ချိုမြိန်အနမ်း* ။မကွေး၊ (၂၃) မိုးသီး *စွန်းသောခြေရာ* ။ရန်ကုန်၊ (၂၄) တော်တော်တည် *တွက်ကိန်း* ။ရန်ကုန်၊ (၂၅) ဒေါက်ဇော် *ကံကြမ္မာအလှည့်အပြောင်း* ။သရက်မြို့၊ (၂၆) နေခြည်(ကြီးနီ) *မေတ္တာမျက်လှည့်* ။မကွေး၊ (၂၇) ဒေးဗစ်မောင်မောင် *အချစ်တွေများနောက်ကွယ်* ။မကွေး၊ (၂၈) ခိုင်မြသူယျ *အိပ်မက်စီးချင်း* ။ကန့်ဘလူ၊ (၂၉) စံဝင်းအောင်(မြန်အောင်) *ရာသက်ပန်* ။ဧရာဝတီတိုင်း၊ (၃၀) ရှင်းသန့်ဖြူ *နကြွေ* ။ရန်ကုန်၊ (၃၁) ဒေါက်ဇော် *အဘ(ဘမှတ်ကြီး)* ။သရက်မြို့၊ (၃၂) ဒေးဗစ်မောင်မောင် *ရင်တွင်းအချစ်တွေ* ။မကွေးတိုင်း၊ (၃၃) ကံ့ကော်သွေး *စာရံ* ။ရန်ကုန်၊ (၃၄) ချမ်း *နေမင်းရယ် လမင်းရယ် ကြယ်စင်လေးရယ်* ။-။ (၃၅) မောင်စိန်လွင်(မင်းကင်း) *နှလုံးသားသစ္စာ* ။မုံရွာ၊ (၃၆) မောင်လရောင် *သံတူကြောင်းကွဲ* ။ပဲခူး၊ (၃၇) မောင်ဗလ *ပြန်အမ်းငွေ* ။စစ်ကိုင်း၊ (၃၈) စံဝင်းအောင်(မြန်အောင်) *ရာသက်ပန်* ။ဧရာဝတီတိုင်း၊ (၃၉) ငွေဇင်ယော် *နှလုံးသားမှာပွင့်တဲ့ပန်း* ။-။ (၄၀) လင်းသပြေမောင် *လွတ်မြောက်ခွင့်သွေးစက်များ* ။ပုဏ္ဏားကျွန်း၊ (၄၁) မိုးခကျော်သွင် *မျက်ရည်မြစ်* ။နေပြည်တော်၊ (၄၂) အောဘုန်းခေတ် *ပန်းတစ်ပွင့်၏ဂုဏ်ရည်* ။-။ (၄၃) ကြယ်ငါး *ချောက်(ကျောက်)* ။ရန်ကုန်၊ (၄၄) စိမ်းရောင် လွင်ပြင် *အသစ်စက်စက်* ။လှည်းကူး၊ (၄၅) နွေငြိမ်းအေး *ကြွက်တစ်ကောင်၏ အကယ် ဒမီ* ။ရန်ကုန်၊ (၄၆) ဥါး *ရေကြည်ထဲကလ* ။မကွေး၊

---

*စိမ်းလဲ့စံ ပြုစုသည်။*

---



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၈၃)မှ…*

မဲ့ ထွက်ပေါက်တစ်ခု ပေးနိုင်မယ်လို့ ကျွန်မ ထင်တာပဲလေ။

"ဝင့်ဝါကတော့ အစိုးရအလုပ်ကို လျှောက်မှာပဲ မောင်" လို့ ကျွန်မက အေးအေးပေါ့ပေါ့ ပြောလိုက်ရင်း အဲဒီပြဿနာ ငြိမ်ဝပ်သွားခဲ့ပါတယ်။ ပြဿနာအတိမ်အနက်ကို ကျွန်မ မသိသလို မောင်ကလည်း ကျွန်မ ယိမ်းယိုင်လှုပ်ရှားမှာ မဟုတ်ဘူးဆိုတာ ရိပ်မိပြီး ရယူပိုင်ဆိုင်လိုတဲ့ မောင့်အနေနဲ့ ခွဲခွာခြင်းကို ရှောင်တိမ်းလိုတာမို့လည်း အဲဒီလိုပြဿနာ ငြိမ်ဝပ်သွားတာ ဖြစ်မှာပါ။

မောင်က စိတ်ကူးယဉ်တတ်တယ်။ "ဝင့်ဝါနဲ့မောင် လက်ထပ်ပြီးရင် ဝင့်ဝါကိုယ်တိုင် မောင့်ကို ချက်ကျွေးနော်။ မိန်းမလက်ရာမှ မောင်က စားချင်တာ" တဲ့။

ကျွန်မ အချက်အပြုတ်သင်ခဲ့ပါတယ်။ မိဘလက်ထဲမှာ နေစဉ်ကတော့ သမီးဆရာဝန်မလေးကို ရွှေလိုဥပြီး ဖြစ်လိုရာ ဖန်တီးပေးကြတာမို့ ကျွန်မ မီးဖိုချောင်ဝင်တယ်ဆိုရင်ပဲ မေမေ့ရဲ့ လက်စွဲတော် အိမ်ထောင်စိုးကြီး ဒေါ်ပုက သင်ပြည္ညွှန်ကြား၊ ကလေးမကလေးတွေက အသားကိုင်ပေး၊ ငရုတ်သီးထောင်းပေး။ ဘာပဲဖြစ်ဖြစ် ထမင်းဖြစ်အောင်၊ ဟင်းဖြစ်အောင်တော့ ကျွန်မ တတ်လာတာပေါ့။

အလုပ်သင်ဆရာဝန်သက်တမ်း ကုန်ဆုံးရင်ပဲ မောင်နဲ့ ကျွန်မ တခမ်းတနားလက်ထပ်လိုက်ပါတယ်။ မိဘတွေက ဧည့်ခံပွဲ သုံးခါတောင်လုပ်ပေးတာ။ အဲဒီခေတ်ရဲ့ အခမ်းနားဆုံး ဖြစ်တဲ့ ကမ်းနားလမ်းဟိုတယ်မှာ တစ်ခါ၊ တောင်ကြီးမှာ တစ်ခါ၊ ပြီးတော့ ကျွန်မအိမ်မှာ အတန်းဖော်သူငယ်ချင်းတွေကို သက်သက်ကျွေးမွေးဧည့်ခံသေးတာ။

ကျွန်မတို့က အလုပ်ဝင်ရတာမြန်တယ်။ ခုခေတ်လို တစ်နှစ်၊ နှစ်နှစ် စောင့်မနေရဘူး။ ဒီတော့ မနက်ရှစ်နာရီအမီ ဆေးရုံရောက်အောင်ပြေးပြီး ညနေ လေးနာရီမှ ပြန်လာရတဲ့ ကျွန်မဟာ မောင်မျှော်မှန်းထားသလို ဘယ်မှာ ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးနိုင်ပါတော့မလဲ။ ညဂျူတီတွေလည်း ဆင်းနေရတော့ အိမ်မှုကိစ္စကို ပါးစပ်နဲ့ စီစဉ်ရုံပဲ တတ်နိုင်တော့တယ်။ လက်ထပ်ပြီးတာနဲ့ သားကိုယ်ဝန်ရှိခဲ့တယ်။ သားကိုကိုမွေးပြီး တစ်နှစ်အကြာမှာ သမီး မိုမို မွေးပြန်ပါရော။ အလုပ်ရယ်၊ ကိုယ်ဝန်ရယ်၊ မီးဖွားတာရယ်၊ ကလေးငယ်ရယ် လုံးလည်ချာလည်လိုက်နေလိုက်တာ။

ဝင့်ဝါကိုယ်တိုင် ချက်ကျွေးတဲ့ ထမင်းဟင်းနဲ့ မောင်နဲ့တော့ ဝေးခဲ့တာ အမှန်ပါပဲ။

အဲဒီတုန်းက ကျွန်မ ဆေးခန်းမထိုင်သေးပါဘူး။ နှစ်ယောက်လခနဲ့ မောင် ဆေးခန်းထိုင်တာနဲ့ပဲ အိမ်စရိတ်လောက်ငသေးလို့ပါ။ ကိုယ့်အိုးကိုယ့်အိမ်နဲ့ သီးသန့်နေချင်ပါတယ်ဆိုတဲ့ မောင့်ဆန္ဒအရ နှစ်ဖက်မိဘတွေက တိုက်ကလေးတစ်လုံး ဝယ်ပေးထားပြီး မောင်လူပျိုဘဝက စီးနေတဲ့ စကိုဒါကားကလေးလည်း ထည့်ပေးလိုက်တာမို့ "နေရေးစားရေးအဆင်မပြေစရာကတော့ မရှိဘူး" သဘောထားနိုင်ရင် အဆင်ပြေတယ် ပြောနိုင်မှာ။ သမီးသက်သာဖို့ အရိပ်ကြည့်နေခဲ့တဲ့ ဖေဖေနဲ့မေမေဟာ အမေပုကိုလည်း ကျွန်မနဲ့ပဲ ထည့်ပေးလိုက်သေးတော့ ကျွန်မက မောင့်အကြိုက်၊ မောင့်ဆန္ဒတွေကို မေတ္တာချစ်မိုး တဖြိုင်ဖြိုင်ရွာသွန်းဖြိုးစွာ လေ့လာပြီး အမေပုက ဖြည့်ဆည်းစေခဲ့တာ။

"မောင်ပြန်လာရင် ရေခဲသေတ္တာထဲက လိမ္မော်ရည်ကလေး ဖျော်တိုက်လိုက်ပါနော် အမေပု။ ဪ… ချဉ်ပေါင်ကြော်ထဲမှာ ငရုတ်သီးစိမ်းနဲ့ ကြက်သွန်ဖြူကလေးအုပ်ဖို့ မမေ့သွားနဲ့နော်။ ဝင့်ဝါ ချောချောကို ကြက်သွန်ဖြူနွှာခိုင်း၊ ပါးပါးလှီးခိုင်းထားပြီးသား"

ကျွန်မ ဆေးရုံမှာ ညဂျူတီကျနေလို့ အိမ်မပြန်ရတာတောင်မှပဲ မောင် ဆေးခန်းမသွားခင် ကော်ဖီနဲ့မုန့် အသင့်ဖြစ်ရဲ့လားလို့ အိမ်ကို ဖုန်းဆက်ပြီး မေးရသေးတယ်။ တစ်ခါဆေးခန်းကအပြန် ထမင်းစားရင် ဟင်းချိုပူပူ နွေးပေးဖို့လည်း ဖုန်းဆက်ပြီး သတိပေးရပြန်ပါရဲ့။ အဲဒီတုန်းကတော့ မေတ္တာတွေအပြည့်နဲ့ပါ။

အကြောင်းကံ တိုက်ဆိုင်လာတော့ မောင့်ထက်အရင်စောပြီး ကျွန်မ နိုင်ငံခြားမှာ ဘွဲ့လွန်သွားယူဖို့ လမ်းပွင့်လာပြန်တယ်။ တစ်ခုရဖို့ တစ်ခုပေးဆပ်ရခြင်းကို ကျွန်မ စပြီးခံယူလိုက်ရတယ်ဆိုပါတော့။

မောင်က ကျွန်မကို နိုင်ငံခြားမသွားစေချင်ပါဘူး။

"နှစ်နှစ်လောက် ဘယ်လိုခွဲနေကြမလဲ ဝင့်ဝါ။ ကလေးတွေကိုကော မသနားဘူးလားကွာ။ မောင်က တစ်ခါ မကြာခင် သွားဦးမှာဆိုတော့ ကလေးတွေချည်း ကျန်ရစ်မှာ ဝင့်"

ကျွန်မခွဲချင်လို့ မဟုတ်ခဲ့ပါဘူး။ မောင်နဲ့လည်း မခွဲချင်ဘူး။ ကလေးတွေကိုလည်း မခွဲချင်ဘူး။ ဒါပေမဲ့ အခွင့်အရေးဆိုတာ တစ်ခါပဲရတယ်။ နှစ်ခါပြန်မလာတော့ပါဘူး။ နှစ်ခါပြန်လာရင် သိပ်ကံကောင်းလို့ပဲ ဖြစ်ပါလိမ့်မယ်။

မောင်နဲ့ ထာဝရခွဲရမှာဆိုရင် ကျွန်မ နိုင်ငံခြားကို ဘယ်သွားပါ့မလဲ။ ခုတော့ နှစ်နှစ်ဆိုတာ ကြာတာမှ မဟုတ်တာ။ ကျွန်မက မောင်နဲ့ အနှစ် ၅၀ လောက်တော့ အတူနေရမယ် တွက်ထားမှန်းထားတဲ့သူ။

ကျွန်မကို တားလို့မရတော့ မောင့်ရဲ့ မြုံနေတဲ့ မကျေနပ်မှုတွေဟာ ပေါက်ကွဲပွင့်ထွက်လာခဲ့ပါတယ်။

"မင်းအတွက် အလုပ်ဟာ အရေးကြီးလွန်းတယ် ဝင့်ဝါ။ ဒီလောက် Ambition ဖြစ်လွန်းတော့လည်း မိန်းမနဲ့ မတူတော့ဘူး။ မင်းဟာ ယောကျ်ားဖြစ်ဖို့ကောင်းတယ်" ရယ်လို့ ကျွန်မရည်မှန်းချက်ကြီးလွန်းတယ်ဆိုတဲ့အနေနဲ့ သူက စွပ်စွဲတော့တယ်။

မိန်းမနဲ့ မတူဘူးဆိုတဲ့ မောင့်စကားကြောင့် ကျွန်မရင်မှာ စူးနစ်နာကျင်တယ်။ ကျွန်မဟာ မိန်းမ။ မိန်းမအဖြစ်ကိုလည်း မြတ်နိုးဂုဏ်ယူတယ်။ မောင်နဲ့ သားကိုကို၊ သမီးမိုမိုတို့အတွက် မေတ္တာစေတနာတွေဟာလည်း ရင်နဲ့အမျှပါ။ ဝေဒနာသည်



www.burmeseclassic.com

www.burmeseclassic.com

တွေကို ကုစားပေးချင်မိတာ ကျွန်မမှာ အပြစ်ရှိသလား။ ကျွန်မ တော့ အပြစ်လို့ မထင်ပါဘူး။

"မီးဖိုချောင်ထဲမှာပဲနေမှ မိန်းမလား မောင်။ အပြင်ထွက် အလုပ်မလုပ်ဘဲ ထမင်းအိုးဝေနေ၊ ပြီနေပေမဲ့ အိပ်ရာထဲမှာ ခွေခေါက် ဝတ္တုဖတ်မပျက်တဲ့ မိန်းမမျိုးဟာလည်း မိန်းမပဲ လား။ မောင်··· ရေအရင်ချိုးမလား၊ ထမင်းအရင်စားမလား လို့ အိမ်ဝကနေ သနပ်ခါးအဖွေးသား ဆီးကြိုပေမဲ့ ရင်သွေးကို နို့ချိုမတိုက်ဘဲ အလှထိန်းသိမ်းတဲ့ မိန်းမမျိုးဟာလည်း မိန်းမ ပဲလား။ ဒါဆိုရင်တော့ မောင်ဟာ သာယာမှုနောက်လိုက်လွန်း နေပြီ"

သာယာမှုနောက် လိုက်လွန်းတယ်ဆိုတာ ကျွန်မ အယဉ် ကျေးဆုံး ပြောလိုက်တာပါ။ ကျွန်မ ဒီထက်မက ရည်ရွယ်မိ တာအမှန်ပဲ။ ခံပြင်းနာကြည်းနေချိန်ကိုးလေ။

"ငါကတော့ ဘွဲ့အထပ်ထပ်နဲ့ အိမ်မကပ်တဲ့ မိန်းမမျိုး ထက် မင်းပြောတဲ့ မိန်းမမျိုးကိုပဲ ပိုပြီး လိုချင်သေးတယ် ဝင့်ဝါ"

မောင်ကလည်း အရွဲ့တိုက်တော့တာပဲ။

"မိန်းမတွေဟာ လင်ယူ၊ သားမွေး၊ ကလေးထိန်း၊ ထမင်း ချက်ဘဝနဲ့ပဲ မွေးဖွားချိန်ကနေ သေဆုံးချိန်အထိ ဘဝကို ကုန်ဆုံးစေရတော့မယ်လို့ မောင်ဆိုလိုတယ် မဟုတ်လား"

"မင်းတို့က ကလေးထိန်း၊ ထမင်းချက်တာကို သိမ်ငယ် တယ် ထင်တာကိုး၊ အရေးမကြီးဘူး ထင်တာကိုး။ မင်းတို့လို မိန်းမမျိုးတွေကြောင့်လည်း အိမ်ထောင်တွေ ပြိုကွဲနေကြတာ။ ကလေးတွေ ပျက်စီးနေကြတာ"

မောင့်အတွက် ကျွန်မ ဘယ်လိုပဲ အချိန်ပေး ဂရုစိုက်ပေမဲ့ ကျွန်မအလုပ်လုပ်နေသရွေ့၊ အိမ်မှာ အချိန်ပြည့်မရှိနိုင်သရွေ့ မောင့်ကျေနပ်မှု မရနိုင်ဘူးဆိုတာ ကျွန်မ တုန်လှုပ်ချောက်ချား စွာ သဘောပေါက်ခဲ့ရပါတယ်။ ဘာလို့ တုန်လှုပ်ချောက်ချား ရသလဲဆိုရင် ကျွန်မဟာ ဆေးပညာနဲ့လည်း မခွဲခွာနိုင်ပဲကိုး။

ကျွန်မ အင်္ဂလန်ကို ထွက်ခွာသွားရချိန်မှာတော့ ကျွန်မတို့ နှစ်ယောက် စစ်ပြေငြိမ်းပြီးပါပြီ။ ရင်ထဲမှာ ဒဏ်ရာကိုယ်စီနဲ့ ဆိုတာတော့ ရှင်းပြစရာတောင် လိုမှာ မဟုတ်တော့ပါဘူး။

ကျွန်မ အိမ်အပြင်ထွက် အလုပ်လုပ်တဲ့အတွက် ကျွန်မ ရင်သွေးငယ်နှစ်ယောက်ရဲ့ဘဝ ပျက်စီးရတော့မလား။ မိခင် မေတ္တာမလုံလောက်တဲ့အတွက် ရေဝေးကြာပမာ သွေ့ခြောက် လို့ နွမ်းရတော့မလား။

ကျွန်မဟာ ကလေးတွေအတွက် အချိန်ပြည့် မပေးနိုင်ခဲ့ တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်မရဲ့ ရင်နို့ကို အချိန်ပိုင်းနဲ့ သူတို့ သောက်စို့ခဲ့ရတယ်။ သူတို့အတွက် အာဟာရမျှတတဲ့ အစားအစာကို ကျွန်မကိုယ်တိုင်စီစဉ်ပေးခဲ့ပါတယ်။ သူတို့ အတွက် အဝတ်အစားကို ကျွန်မကိုယ်တိုင် ဝယ်ခြမ်း၊ ကျွန်မ ကိုယ်တိုင် ပုံစံပေးအပ်နှံ ချုပ်လုပ်စေခဲ့ပါတယ်။

ကလေးငယ်နဲ့အတူ အိပ်ရရင် အိပ်ရေးပျက်ပြီး အလုပ်မှာ ပိုပင်ပန်းရပေမဲ့လည်း ကလေးအသက် နှစ်နှစ်ပြည့်မှပဲ အိပ်ရာ ခွဲအိပ်စေခဲ့ပါတယ်။ အိပ်ရာခွဲတာတောင်မှ တစ်ခန်းတည်း သိပ်ခဲ့တာ။ ကလေးနှစ်ယောက်ဖြစ်လာပြီး အတူသိပ်ချင်၊ မောင်ကလည်း ခွဲမအိပ်ချင်တော့ နှစ်ယောက်အိပ်ခုတင်နဲ့ မဆံ့ဘဲ တစ်ယောက်အိပ်ခုတင် ထပ်ဆက်ရတာကိုတောင်မှပဲ "နောက်ကလေးတွေပိုများလာရင်တော့ ခန်းလုံးပြည့်ခုတင်ကြီး လုပ်ပေါ့ ဝင့်ဝါ" လို့ အမေပုက ဟားခဲ့သေးတာပါ။

ကျွန်မရဲ့ ကလေးတွေဟာ အဘိုးအဘွားရဲ့ မေတ္တာကို လည်း အလျှံပယ်ရရှိနေသေးတာ။ ကျွန်မရဲ့ ဖေဖေဟာ ကျွန်မ တို့ငယ်စဉ်ကတော့ အလုပ်ကိုသာ ပထမမို့ ကျွန်မတို့အတွက် အချိန်သိပ်မပေးနိုင်ခဲ့ဘူးတဲ့။ အလုပ်မှ အနားယူချိန် ယခု တတိယအရွယ်မှာတော့ သူဟာ သားသမီးတွေ၊ မြေးတွေရဲ့ လိုအပ်နေတဲ့ ကွက်ကလေးတွေကို လိုက်ဖြည့်နေတော့တာပဲ။ ညနေတိုင်း ကျွန်မအိမ်ကို လမ်းလျှောက်ရင်း ရောက်လာပြီး မြေးတွေကို ယုယချီပိုး ဆုံးမသွန်သင်တော့တာ။ ပျော်တတ်၊ ချစ်တတ်တဲ့ သဘောကောင်း၊ မနောကောင်း ကျွန်မအဖေကို မြေးတွေကလည်း ချစ်တာပဲရှင်။

ကျွန်မဟာ မိသားစုအတွက် အချိန်ပြည့်မပေးနိုင်တာ လွဲလို့ မေတ္တာအပြည့်အဝ ပေးခဲ့ပါတယ်။ တာဝန်လုံးဝဥသုံ ယူခဲ့ပါတယ်။ ကျွန်မရဲ့ အိမ်ထောင်ယန္တရားလည်ပတ်နေဖို့ ကျွန်မရဲ့ ဦးနှောက်က ထိန်းကျောင်းကွပ်ကဲမြဲပါပဲ။ အလုပ်ကို ပဲ ဦးစားပေးနေတာမျိုး လုံးဝမဟုတ်ပါဘူး။ မောင်ရယ်၊ သားသမီးတွေရယ်၊ မိဘတွေရယ် ကျွန်မဘဝမှာ အရေးကြီး ကဏ္ဍမှာ တစ်ပိုင်းစီ၊ တဆစ်စီ နေရာယူနေကြသလို အလုပ် ကလည်း နေရာယူထားတာ တစ်ခုပါပဲ။ အားလုံးပေါင်းမှ "ကျွန်မ" ရယ်လို့ ပြည့်စုံတော့မှာ။

နိုင်ငံခြားမှာ ဆေးပညာသင်ယူနေရင်း အိမ်ပြန်ရောက်ရင် အရင်ကထက် မောင့်အတွက် အချိန်တွေပိုပေးမယ်လို့ အားခဲမိ တယ်။ မောင်ဖြစ်စေချင်တဲ့ အဖြူ မဖြစ်နိုင်မှန်း သိလျက်နဲ့ပဲ အနီရောင်ကို ဖျော့တော့အောင် ကြိုးစားလိုတဲ့သဘောမျိုးဖြစ် နေမလား မသိတော့ပါဘူး။ ရေနစ်မှတော့ ကောက်ရိုးမျှင် လည်း လှမ်းဆွဲမိတော့မှာပဲ မဟုတ်လား။

မောင်က "ဆံပင်မဖြတ်ပါနဲ့ ဝင့်ဝါရယ်" ဆိုရင် ကျွန်မ မဖြတ်ခဲ့ဘူး။ မောင်က "လိမ္မော်ရောင်ဝတ်ရင် သိပ်မျက်စိစူး တာပဲ" ဆိုလို့ ကျွန်မ လိမ္မော်ရောင်မဝတ်ခဲ့ဘူး။ မောင်က "ဘဲသားဟင်း မကြိုက်ဘူးဆိုရင် အိမ်မှာ ဘဲသား မချက် ဘူး။ တညင်းသီးနံ့ကို မုန်းတယ်ပြောတော့လည်း ကျွန်မ ရှောင်လိုက်တာပဲ။ ကားအပြာရောင်မှ ကြိုက်တဲ့ မောင့်အလိုကျ ကားအပြာကို နိုင်ငံခြားက သယ်ပြန်လာခဲ့ပါတယ်။ မောင် လိုချင်တဲ့ ခွဲစိတ်ကိရိယာတွေ၊ မောင်ကြိုက်တတ်တဲ့ ဝတ္ထု စာအုပ်တွေ၊ မောင့်အတွက် ခွဲစိတ်စာအုပ်တွေ၊ မောင့် အတွက်···၊ မောင့်အတွက်··· မောင့်အတွက်···။

ကျွန်မ မြန်မာနိုင်ငံ ပြန်ရောက်ပြီး နောက်တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com

မောင်က တစ်ဖန်နိုင်ငံခြားကို ခွဲစိတ်ပါရဂူဘွဲ့ ယူဖို့ ထွက်ခွာသွားရပြန်ပါတယ်။

နှစ်နှစ် ခွဲခွာနေရစဉ် စာထဲ ထည့်မရေးခဲ့တဲ့၊ ဖုန်းထဲ ထည့်မပြောခဲ့တဲ့ မကျေနပ်မှုတွေဟာ နှစ်ယောက် ပြန်လည်ဆုံတွေ့ခွင့်ရလိုက်တဲ့ နာရီပိုင်းအတွင်းမှာ အုံကြွဆူပွက်လာခဲ့ပြန်ပါရော။

"မောင်နဲ့ စတွေ့စဉ်ကတည်းက ဝင့်ဝါဟာ ဆေးကျောင်းသူ မဟုတ်ခဲ့လို့လား မောင်။ ဝင့်ဝါ ဆရာဝန်ဖြစ်လာမယ်ဆိုတာ မောင် အသိ။ ဆရာဝန်ဖြစ်ချင်လွန်းလို့၊ ဆေးကုချင်လွန်းလို့ ဆေးကျောင်းတက်ခဲ့တာ မောင်အသိ။ ဆေးကုစားပြီး ငွေရှာမယ် မရည်ရွယ်ခဲ့တာ၊ ငွေလည်း မလိုအပ်ခဲ့တာ မောင်အသိ။ နှစ်ဆယ့်လေးနာရီတာဝန်ရှိတဲ့ ဆရာဝန်မတစ်ယောက်ဟာ အိမ်ကနေ သနပ်ခါးလိမ်း ပန်းပန်ပြီး မောင့်ကို မကြိုနိုင်တာ မောင် မသိခဲ့ဘူးလား" လို့ နာနာကြည်းကြည်း မေးမိတယ်။

တမင်တကာ ကျွန်မ အနိုင်ယူပြီး မေးလိုက်တာ။ သူ မတရား သူသိစေချင်လွန်းလို့ မေးလိုက်တာ။

ဒါပေမဲ့ သူပဲ နိုင်ပါတယ်လေ။ သူ့စကားတစ်ခွန်းနဲ့ပဲ ကျွန်မ ရှုံးနိမ့်ရတော့တယ်။

"မင်းကို ချစ်မိတာဟာ မောင့်ဘဝမှာ အကြီးကျယ်ဆုံး အမှားကြီးပါပဲ ဝင့်ဝါ" တဲ့။

ဩော်… ကျွန်မကို ချစ်မိတာ သူမှားသတဲ့။ ပြောရက်လိုက်တာ။

ကြေကွဲလျက်နဲ့ပဲ သူ့စကားကို ကျွန်မ ထောက်ခံမိပါတယ်။ မောင် ကျွန်မကို ချစ်မိတာ မောင့်အတွက် မှားပါတယ်။ ကျွန်မအတွက်လည်း ဝေဒနာဖြစ်ရပါတယ်။

မောင့်ကိုချစ်မိတာ မှားတယ်လို့တော့ ကျွန်မ နောင်တတွေ မရပါဘူး။ ချစ်တာ အပြစ်မှ မဟုတ်ဘဲ။ မောင့်အချစ်ကို နားလည်ခဲ့ရင်၊ ဒါမှမဟုတ် "မိန်းမဆိုတာ အိမ်မှာနေပြီး အိမ်ထောင်ထိန်းသိမ်းရမယ်" ဆိုတဲ့ မောင့်အယူအဆတွေကို သိခဲ့ရင်သာ မောင့်ကို လက်မထပ်ဖြစ်မှာ။ လက်မထပ်ဘူးဆိုတာ မချစ်ဘူးလို့ အဓိပ္ပာယ်မပေါက်ပါဘူးနော်။ အချစ်နဲ့ လက်ထပ်ပေါင်းဆုံခြင်းဟာ အစဉ်အမြဲ ဒွန်တွဲမနေပါဘူးလို့ ယုံကြည်တဲ့ ကျွန်မဟာ မောင့်ကို လက်မထပ်ရဘူး၊ မပိုင်ဆိုင်ရဘူးဆိုရင်လည်း ချစ်မြဲချစ်နေဦးမှာပါပဲ။ ရာသက်ပန်လက်တွဲသွားဖို့ ပိုပြီး သင့်တော်တဲ့သူတစ်ယောက်၊ ဆိုလိုတာက ဒေါက်တာဝင့်ဝါလင်းကို ဒေါက်တာ ဝင့်ဝါလင်းအဖြစ်နဲ့ပဲ လက်ခံနိုင်မယ့် လူတစ်ယောက် တွေ့လာစေဦးတော့ မောင့်ကို ကျွန်မ မေတ္တာမပျက် ချစ်လျက်နေဦးမှာပါပဲ။

မောင့်အချစ်ကတော့ ရယူပိုင်ဆိုင်လိုတဲ့အချစ်၊ ဝင့်ဝါလင်းကို အရှိအတိုင်း မမြင်နိုင်ဘဲ အရုပ်ကလေးအဖြစ် သူ့စိတ်တိုင်းကျ ဖန်ဆင်းပြီး ဖန်ပေါင်းချောင်ထဲမှာ အလှကြည့်ထားချင်တဲ့ အချစ်။ သူ မနှစ်သက်တဲ့ ချွတ်ယွင်းချက်တွေအပြည့်နဲ့ ဝင့်ဝါလင်းကို သူရယူပိုင်ဆိုင်ရေးအတွက် ဇွတ်မှိတ်လက်ထပ်ယူပြီးခါမှ သဲတရှုပ်ရှုပ်ရယ်လို့ မကျေမနပ်ဖြစ်နေတော့တာ။

မောင့်ကို အပြစ်တင်တာ မဟုတ်ပါဘူး။ ခုမှတော့ ပြီးခဲ့သမျှကို ကျွန်မ ပြီးခဲ့တဲ့အတိုင်းပဲ လက်ခံထားရတော့မှာပါ။

မောင့်စိတ်တိုင်းကျ ကျွန်မ မဖြစ်နိုင်တာကို ရင်နာရပေမဲ့လည်း ဒီခရီးကိုပဲ ကျွန်မဆက်လျှောက်ရတော့မှာပါ။ ကျွန်မရဲ့ အသည်းနှလုံး၊ ကျွန်မရဲ့ ကိုယ်ခန္ဓာအားလုံး မောင့်တစ်ယောက်သာ ပိုင်ဆိုင်ပေမဲ့ ကျွန်မတတ်စွမ်းတဲ့ ပညာနဲ့ ဝေဒနာရှင်တွေကို ကုစားခွင့်ကိုတော့ မောင် ပိတ်ပင်လို့ မရလေဘူး။

စောမြမြက ခင်ခင်လှဲ့ကို ဘာပြောသလဲ သိလား။

"မင်းတို့ကိုယ်တို့လို အလုပ်ကို ဦးထိပ်ထားတဲ့ မိန်းမတွေဟာ အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်တာ အကောင်းဆုံးပဲဆိုတာ မင်း ခုတော့ သိပြီ မဟုတ်လား" တဲ့။

"ယောကျ်ားတွေဟာ သိပ်တစ်ကိုယ်ကောင်းဆန်တာ။ သူတို့ရဲ့ သာယာမှုကိုပဲ ရှေ့တန်းတင်ပြီး နတ်သမီးကလေးတွေ တစ်ဖက် လေးငါးရာဆိုတာမျိုးပဲ တမ်းတနေတာ။ သားသမီးရေး၊ မယားဇနီးအရေးဆိုတာ ဦးနှောက်ထဲမှာ မရှိဘူး။ သူတို့က အလုပ်တိုးတက်ကြောင်းသာ ဦးနှောက်နဲ့ စဉ်းစားတာကွ။ သား၊ မယား၊ အိမ်ထောင်သာယာမှုတွေမှာတော့ ဦးနှောက်လည်း မသုံးဘူး။ အသည်းနှလုံးလည်း မသုံးဘူး"

စောမြမြက ခုဆို ငယ်ငယ်ရွယ်ရွယ်မှာပဲ ပါမောက္ခကြီးဖြစ်နေပါပြီ။ သဘောကျတဲ့သူနဲ့ တွဲလိုက်၊ စိတ်မတွေ့ရင် ခွာပြဲလိုက်၊ သူများတွေ တိုးတိုးကျိတ်ကျိတ် အတင်းအဖျင်းပြောကြတာတွေဟာ မှန်သင့်သလောက်မှန်တာပဲ။ သူကတော့ ဂရုမစိုက်ပါဘူး။

အဲ… လှဲ့မှာသာ။

အရင်တစ်လလောက်က လှဲ့တစ်ယောက် ကျွန်မဆီ ငိုကြီးချက်မနဲ့ ရောက်လာပါတယ်။ ကိစ္စကတော့ မဆန်းလှပါဘူး။ သူ့ယောကျ်ား အငယ်အနှောင်းထားတဲ့ကိစ္စပါ။

"ကိုမျိုးဝင်းက အမြဲကြိုးရှုပ်နေတဲ့သူပဲ လှဲ့ရာ၊ မင်းက ခုမှ အဆန်းလုပ်လို့၊ မျက်ရည်ဖြုန်းမနေပါနဲ့"

"ခါတိုင်းက ကိုယ်မသိအောင် တိတ်တိတ် ခြေပုန်းခုတ်တာကွ။ ကိုယ်သိလို့ ချဲလိုက်ရင် တစ်ချီတည်း အမြီးကုပ်သွားတာ။ ခုတော့ ကိုယ့်ကို ကွာမယ်တဲ့လေ။ ဟိုကောင်မကို ယူမယ်တဲ့လေ။ ဟိုကောင်မကလည်း ဆရာဝန်မလေးဖြစ်လျက်နဲ့ ကိုယ့်လင်ကို ခိုးမှ ခိုးရက်ပလေကွာ"

ကျွန်မက ခင်ခင်လှဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်မိတယ်။ "မင်းကကော မကွာနိုင်ဘူးလား" လို့။

သူ့သဘောကို သိချင်လို့ မေးမိတာအမှန်ပါ။ ဒီလောက်ချစ်တဲ့ သူငယ်ချင်းကို တမင်ကျောပြီး မေးရက်ပါ့မလား။

ကျွန်မမေးခွန်းကြောင့် ခင်ခင်လှဲ့ ချုံးပွဲချငိုကြွေးတော့တယ်။ ရုတ်တရက် အဖြေမပေးနိုင်ရှာဘူး။ ကျွန်မကလည်း အံ့ဩလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အတော်ကြာမှ မချိုတင်ကဲ အားခဲပြီး "မင်းက မေးနိုင်ပေမပေါ့ ဝင့်ဝါရယ်။ ကိုယ့်လိုဒုက္ခမျိုးမှ မကြုံရဘဲကိုး။ မင်းကံကောင်းသလို ကိုယ့်မှာက ကံမှမကောင်းတာပဲ" လို့ ပြောရာတယ်။

ဒီတော့မှပဲ ကျွန်မရဲ့ မေးခွန်းဟာ သူ့အတွက် စိတ်ထိခိုက်စရာဖြစ်သွားမှန်း သိရပြီး ပျာပျာသလဲ ချော့မော့နှစ်သိမ့်ရပါတယ်။

"ကိုယ်က ဒီကိစ္စကို ဘယ်လိုဆက်ဖြေရှင်းကြရင်ကောင်းမလဲ စဉ်းစားဖို့ မေးမိတာပါ လဲ့ရာ။ ကိုမျိုးဝင်းကလည်း မင်းကို တကယ်ကွာနိုင်မယ် မထင်လို့ပါ။ မင်း ဆူဆူပူပူလုပ်လို့သာ သူက ရွဲ့ပြီး ကွာမယ်ပြောတာဖြစ်မှာ။ ကိုယ်ကတော့ မောင် ဖျောင်းဖျပြောဆိုလိုက်ရင် ပြီးပြတ်သွားမယ်ယူဆတယ်"

"ကိုပြေအေးကိုတော့ သူချစ်လည်းချစ်၊ ရွံ့လည်းရွံ့တာကိုယ်သိတယ်။ မင်းကိုလည်း သူခင်တာပဲ။ မင်းတို့ပြောရင်တော့ တစ်မျိုးဖြစ်လာမယ် ထင်ပါရဲ့ကွယ်"

မောင့်ကို သုံးရက်လောက်ကြာမှပဲ ဒီအကြောင်းပြောဖြစ်တော့တယ်။ ဘာလို့လဲဆိုတော့ မျက်နှာချင်းဆိုင် စကားပြောဖြစ်လောက်အောင် အချိန်မရကြလို့ပါပဲ။ လဲ့ လာတဲ့နေ့က မောင်က ညဂျူတီလေ။ ဆေးရုံကနေ ဆေးခန်း ခဏပြေးပြီး ဆေးရုံမှာပဲ ညအိပ်တာ။ နောက်နေ့လယ် ဆယ့်နှစ်နာရီမှ အိမ်ပြန်ရတယ်။ တစ်ခါ ညနေ ဆေးခန်းသွား၊ ညပြန်လာတော့ စောစောအိပ်၊ မနက်ကျ နောက်ကျမှ အိပ်ရာထတာမို့ ကျွန်မက ရှစ်နာရီအမီ အလုပ်ထွက်သွားနှင့်ရတာ။ အဲဒီနေ့ညကျတော့ တစ်ခါ ကျွန်မရဲ့ ညဂျူတီ။

"တစ်နေ့က ခင်ခင်လဲ့ လာသွားတယ် မောင်"

"မျိုးဝင်းကိစ္စလား"

"ဟုတ်တယ်၊ မောင်ပြောရင် ရမှာပဲတဲ့။ မောင် ဘယ်ကသိလာသလဲ"

"ဒါမျိုးဟာ ကာယကံရှင် နောက်ဆုံးမှ သိတာ ဝင့်ဝါ"

"ဒါဖြင့် မောင်သိတာ ကြာပြီပေါ့"

မောင်က ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံပါတယ်။ သူ့မျက်ခုံးစိမ်းကြီးတွေကို တွန့်ရှုံ့ပြီး တစ်စုံတစ်ရာကို မကျေမနပ်စဉ်းစားငြိမ်သက်နေတယ်။

"ကိုမျိုးဝင်းနဲ့ ပြောဆိုကြည့်သေးသလား"

မောင်က ကျွန်မကို စူးစိုက်ကြည့်တယ်။ နှုတ်ခမ်းတွန့်ပြီး ပြုံးလိုက်သလို မဲ့လိုက်သလိုနဲ့။

"ဟိုမိန်းကလေးနဲ့က လက်မှတ်ထိုးပြီးပြီ"

"ဟင်… ဟုတ်ရဲ့လား မောင်ရာ" လို့ ချက်ချင်းလက်မခံနိုင်ဖြစ်နေသေးတာ။

တစ်ချိန်က လဲ့အပေါ် အရူးအမူးစွဲလမ်းခဲ့ဖူးတဲ့ ကိုမျိုးဝင်းရဲ့ အချစ်တွေဟာ ကိုမျိုးဝင်းရင်မှာ ခြေရာပျောက်ခဲ့ပြီဖြစ်ပေမဲ့ ကျွန်မကတော့ သတိရနေမိသေးတာကိုး။ စောမြမြရဲ့ လက်သုံးစကားတစ်ခွန်းရှိတယ်။ အချစ်ဟာ ယောကျ်ားတွေအတွက် ကောက်ရိုးမီးလို ဟုန်းခနဲ ထတောက်ပြီး အရှိန်သေသွားပေမဲ့ မိန်းမတွေအတွက်တော့ ဖွဲမီးလို တငွေ့ငွေ့ လောင်ကျွမ်းစေသတဲ့။

"တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ လဲ့လဲ့ ကြိုတင်မျှော်လင့်ထားဖို့ သင့်တယ်"

မောင်ပြောလိုက်တဲ့စကားဟာ ဒီအတိုင်း ဟုတ်ရဲ့လားလို့ ကျွန်မ ပြန်စဉ်းစားကြည့်ရသေးတယ်။ ဟုတ်တယ်။ ဒီအတိုင်းပါပဲ။ ဒီအတွေးမျိုး သူ့မှာ အမြဲရှိခဲ့တာပဲလေ။ သူပြောလာတာ မဆန်းပါဘူး။

"You reap just what you Sow" တဲ့။ စိုက်တဲ့အပင်ကို ရိတ်ရတာပဲတဲ့။ အလုပ်လုပ်တဲ့ မိန်းမတစ်ယောက်ရဲ့ ရလဒ်ပဲလို့ သူပြောလိုက်တာပါ။

ကျွန်မ ငြင်းခုံဖြေရှင်းဖို့ ငြိုငွေ့နေပါပြီ။ မောင့်အယူအဆအတိုင်း မောင်စွဲမြဲနေပါစေတော့။

လဲ့ခမျာ နေရင်းထိုင်ရင်း နံပါတ်ရသွားတာပေါ့။ နံပါတ်တစ်လေ။ နံပါတ်နှစ် ပေါ်လာမှကိုး။ ကျွန်မအားပေးတာလည်း မမှားလှဘူး။ ကိုမျိုးဝင်းက လဲ့ကို မကွာရှင်းပါဘူး။ သူက တစ်နဲ့ နှစ်နဲ့ ငြိမ့်နေတာပေါ့။

စောမြမြကတော့ ပျော့ညံ့တယ်ရယ်လို့ လဲ့ကို ဆူလိုက်တာ။ ကျွန်မကတော့ မဝေဖန်တော့ပါဘူး။ လူတစ်ယောက်ကို ခံစားမှုတစ်မျိုးစီပေါ့။ တစ်သမတ်တည်း ဘယ်တူနိုင်မှာလဲ။

ကျွန်မ စဉ်းစားကြည့်မိတယ်။ ကျွန်မတို့လို အလုပ်လုပ်တဲ့ မိန်းမတွေရဲ့ ယောကျ်ားတွေသာလျှင် အသစ်ရှာကြသလား၊ အငယ်အနှောင်းထားကြသလား၊ ဖောက်ပြန်ပွေလီကြသလား။

မိန်းမက မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံးနဲ့ အိမ်ထောင်အထိန်းကောင်းနေခိုက် ယောကျ်ားက အလုပ်ခွင်ကို ကြော့ကြော့မော့မော့ ပြင်ဆင်လာတဲ့ ရှုတိုင်းယဉ်ကလေးတွေနဲ့ နှစ်ပါးကြည်နေတာတွေ အပြည့်ပါပဲ။ ကျွန်မရဲ့ ဝေဒနာရှင် အမျိုးသမီးတွေရဲ့ ရင်ဖွင့်စကားတွေလည်း မနည်းပါဘူး။

စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ **"မွေး"** ကို ကြည့်လေ။ မွေးဟာ အိမ်ပြင်ထွက် အလုပ်လုပ်မနေပါဘူး။ ဒါပေမဲ့ မွေးမကျန်းမာလို့ ခေတ္တ ခွဲခွာသွားစဉ်ကလေးမှာ ချစ်လှချည့်ရဲ့ဆိုတဲ့ ကိုကိုနိုင်တစ်ယောက် မှောက်မှောက်မှားမှား ဖြစ်ရတော့တယ်။ ယောကျ်ားတွေအတွက် ကိုယ်ရေးကိုယ်တာ သာယာမှုတွေဟာ အရေးကြီးလှပါကလားလို့ ယူဆချင်စရာနော်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ **နှင်းငွေ့တထောင့်မိုးတမှောင့်** ထဲက စင်သီယာကျပြန်တော့ အချစ်မပါဘဲ တည်ဆောက်ရတဲ့ အိမ်ထောင်ရေးမှာ အိုးရွဲ့နဲ့ စလောင်းရွဲ့ အပြိုင်ပွေရှုပ်ကြပြန်တာပဲ။ သမီးလေး မွန်မွန် စိတ်ထိခိုက်ပြီး ကိုယ်တစ်ခြမ်းသေရတဲ့အဖြစ်ဟာ စင်သီယာ အိမ်ပြင်ထွက်အလုပ်လုပ်လို့ မဟုတ်ပါကလား။

မိုးမိုး(အင်းလျား)ရဲ့ **မြှုံးထဲက ငါးနှစ်ကောင်** မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

မြလေးရဲ့ ချစ်လင်ကလေ မိန်းမရဲ့ ဆွေတော်မျိုးတော်အပေါင်းကို ငြူစူရာက အသစ်ရင်ခွင်ပြောင်းရသတဲ့။ ခက်တာပဲနော်။

လူနဲ့သာဆိုင်တာပါလို့ ကျွန်မအတွေးစကို ဖြတ်တောက်လိုက်ပါတယ်။ မူမဟုတ်ဘူးရှင်။ လူ… လူပါ။

ကျွန်မ အိမ်ပြန်အရောက်မှာ မောင်က အိမ်ကနေ ဆေးခန်းကို ပြန်ထွက်တော့မယ့်ဆဲဆဲ သမီးလေး မိုမိုက မောင့်ကို တိုက်ပုံအင်္ကျီ ဝိုင်းကူဝတ်ပေးနေပါတယ်။ သမီးက သူ့အဖေနဲ့ တစ်ပါတည်း လိုက်မှာလေ။ ကျူရှင်သွားဖို့။ အကြိုတော့ သူ့အစ်ကိုက ကြိုမှာပေါ့။ မောင်က ရှစ်နာရီမှ ဆေးခန်းပိတ်မှာကိုး။

“လူများသလား ဝင့်ဝါ”

“ဟုတ်ကဲ့ မောင်၊ လူကြီးတွေအားလုံးလိုလို လာကြပါတယ်”

“အချစ်စမ်းကြသေးလား”

“ဟင့်အင်း၊ ပျော်ပျော်ပါးပါးပါပဲ”

မိုမိုကတော့ ကျွန်မကို ခပ်ချွဲချွဲ လာဖက်နမ်းပါတယ်။ လွယ်အိတ်အနက်ကလေးကို လျှော့ရဲရဲလွယ်လို့။ လေဒီဒိုင်ယာနာပုံ ဆံပင်တိုကလေးနဲ့ ကျွန်မရဲ့ သမီးလေးဟာ ဆေးတက္ကသိုလ်ကျောင်းသူသစ်လွင်ကလေးနဲ့ မတူအောင် သေးသွယ်နုဖပ်လှပါတယ်။

“မိုမို အကသင်တန်းတက်ဖို့ စာရင်းပေးထားပြီ မေမေ။ ရှေ့အပတ် စ,မှာ။ စနေ၊ တနင်္ဂနွေ။

“သားတော့ မောကြောပဲ မေမေ”လို့ ကိုကိုက တကယ်လည်း စိတ်မပျက်ဘဲနဲ့ မိုမို့ကို ကျီစယ်ညည်းညူပြနေပါတယ်။

“မိုမိုက ကိုကို အမောပြေ က,ပြမှာပေါ့”လို့ မိုမိုက ပြန်ချွဲတော့ သားက “အမယ်လေးဗျာ ကြိုပ့်၊ ပို့ပါ့မယ်။ ကြောက်ပါပြီ။ မက,ပြပါနဲ့”လို့ ဆက်စ,နေပြန်တယ်။

မောင်က ကားပေါ်တက်၊ စက်နှိုးနေပြီမို့ မိုမိုက သူ့အစ်ကိုကို လက်သီးဆုပ်ကလေးထောင်ပြပြီး အပြေးအလွှား ကားရှေ့ခန်းကို တက်သွားပါတော့တယ်။

“မောင် ဘာစားသွားသလဲ အမေပု”

“အိုဇာတင်းတစ်ခွက်ပဲ သောက်တယ် ဝင့်ဝါ။ ဆိတ်သားမုန့်တော့ ဒီအတိုင်းပဲ”

“ဟင်းကကော ငါးပေါင်းထုပ် ထုပ်ဖြစ်သလားဟင်”

“ဩော်… ဟုတ်ပါရဲ့၊ မြည်းကြည့်စမ်းပါဦး ဝင့်ဝါ”

“သားမြည်းလိုက်မယ် မေမေ”ရယ်လို့ ကိုကိုက အမေပုရဲ့ ပခုံးကိုဖက်ပြီး မီးဖိုချောင်ထဲ လိုက်ပါသွားတော့တယ်။

ကျွန်မ ဧည့်ခန်းထဲမှာ ဆိုဖာပေါ်ခွေမှီလို့ အမေပု ဖျော်ပေးထားတဲ့ အိုဇာတင်းတစ်ခွက်ကို တစ်ကျိုက်တည်း မော့ပစ်လိုက်ပါတယ်။ မောဟိုက်လွန်းလို့ ဝမ်းပြည့်ရုံ ရည်ရွယ်တာထက် ဘာအရသာမှလည်း မခံစားနိုင်တော့ပါဘူး။ မောင်ဘာမုန့်မှ စားမသွားသလို ကျွန်မလည်း ဘာမှ မစားဖြစ်တော့ဘူး။

“မေမေရေ သိပ်ကောင်းတာပဲဗျ။ သားတော့ ဆာသွားပြီ။ ထမင်းအုပ်တော့မယ်။ မေမေ ရေချိုးပြီးမှာနဲ့ အတော်ပါပဲ”

သားက ပန်းကန်ပြားလေးတစ်ချပ်မှာ ငါးပေါင်းထုပ်အပြေတစ်ခု ထည့်ယူလာပါတယ်။ ဆီအိတဲ့ ရဲယိုရွက်ထက်မှ အရိုးလှီးဖယ်ပြီးသား ငါးရန့်အသားမြောင်းကလေးတွေဟာ ဆန်မှုန့်နှောလို့ ရဲရဲဝင်းဝင်းနဲ့ စားချင့်စဖွယ်ပါ။

“ကြက်သွန်နီ၊ ကြက်သွန်နီ”လို့ ကျွန်မ အလန့်တကြား အော် လိုက်ရတယ်။

အမေပုကလည်း မျက်လုံးမျက်ဆန်ပြူးပြဲပြီး “ဟောတော့ ဒုက္ခပါပဲ။ ကိုကိုတို့မောင်နှမ ကြက်သွန်နီမကြိုက်ကြလို့ တချို့ အရင်ထုပ်ပြီးမှ ကြက်သွန်လှီးထည့်မလို့ဟာ မေ့သွားပြီ”

မောင်က ငါးပေါင်းထုပ်ဆိုရင် ကြက်သွန်နီနီနှင်းချင်းထည့်မှ ကြိုက်တတ်တာ။

“ဖေဖေက သိပ်ခွကျတာ။ ဒီအတိုင်းလည်း ကောင်းတာပါပဲ။ အလကားပါ၊ မေမေအလိုလိုက်ထားလို့ ဆိုးတာဗျနော် အမေပု”

အမေပုက ကျွန်မကို လှမ်းကြည့်တယ်။ ကျွန်မကလည်း အမေပုကို ပြန်ကြည့်ပြီး ပြုံးမိတယ်။ မချိပြုံးပေါ့လေ။ အမေပုကတော့ လူကြီးပီပီ မောင်နဲ့ ကျွန်မရဲ့ အေးစက်တဲ့ အငွေ့အသက်တွေကို သိတာပေါ့။ သားနဲ့သမီးကသာ ဘာမှ မသိရှာတာ။ အဲဒီလို သားနဲ့သမီး မသိတဲ့ အဖြစ်ကြောင့် ကျွန်မ မောင့်ကို သိပ်ကျေးဇူးတင်တာပဲ။

“ဒေါ်ပု ဝက်အူချောင်းကြော်ပြီး ကြက်သွန်နီလေး၊ ငရုတ်သီးလေး၊ သံပရာသီးလေးနဲ့ သူသုပ်စားချင်စားရအောင် ပြင်ထားလိုက်မယ် ဝင့်ဝါ”လို့ အမေပုက အားနာမဆုံးတဲ့ အမူအရာနဲ့ ကျွန်မကို ပြောပါတယ်။

အဆင်မပြေမှုအားလုံးဟာ အပြင်ထွက်အလုပ်လုပ်တဲ့ ကျွန်မရဲ့ တာဝန်လုံးလုံးပဲလို့ မောင် ယူမှတ်ကြောင်း အမေပု သိပေတာပေါ့။

တစ်ချိန်တစ်ခါကတော့ တာဝန်တွေကို မေတ္တာ၊ စေတနာ အပြည့်နဲ့ ထမ်းဆောင်ခဲ့တာပါ။ မပြည့်အိုးကို ရေတစ်စက် ချင်းဖြည့်နေရတဲ့ ကျွန်မဘဝကို နားလည်လာတဲ့အခါမှာတော့ “ဝတ္တရားရှိသည့်အတိုင်း”ဖြစ်မှန်းမသိ ဖြစ်လာတော့တာပဲ။

အမေပုနဲ့ သားကို ကျောခိုင်းပြီး အိမ်ပေါ်ထပ်ကို တက်ခဲ့တယ်။ ရေမိုးချိုး၊ အဝတ်အစားလဲ၊ အလှအပပြုပြင်၊ ကဲ… အများအမြင်မှာ အစစအရာရာ ပြီးပြည့်စုံတဲ့ ဒေါ်ဝင့်ဝါလင်းဖြစ်လို့လာပြီလား။

လှဲ့က ပြောတယ်လေ။ “ဝင့်ဝါက ကံကောင်းတယ်”တဲ့။

မောင့်အချစ်ကို ကျွန်မ အတိမ်အနက် တိုင်းဆမပြောချင်ပါဘူး။ ဒါပေမဲ့ မောင်ဟာ သစ္စာကြီးသူပါ။ သူဟာ ကျွန်မကို ချစ်မိတဲ့အမှားကြီးကြောင့် သူလက်ထပ်ယူမိတဲ့ ကျွန်မကိုပဲ ရိုးမြေကျပေါင်းသင်းသွားမယ်ဆိုတာ ကျွန်မ ယုံမှားသံသယ



www.burmeseclassic.com

www.burmeseclassic.com

မရှိပါဘူး။

ပြီးတော့လည်း မိဘတွေရဲ့ မကျေလည်မှု၊ ညှိနှိုင်းမရမှု တွေကြောင့်တော့ သူ့ရင်သွေးများကို အိမ်ထောင်အပြီးအပျက် ဒဏ် ခံစားစေမယ့်သူ မဟုတ်ပါဘူး။

မောင့်ကို ကျွန်မကျေးဇူးတင်သည်နှင့်အမျှ လေးစားရ ပါတယ်။ မောင့်အလိုကျ ကျွန်မ မဖြစ်နိုင်တာအတွက်လည်း အားနာရပါတယ်။ ကျေးဇူးတင်ရတာ၊ လေးစားရတာ၊ အားနာ ရတာတွေဟာ သူစိမ်းဆန်ကြောင်းပြနေသလား။

မောင်ဟာ ကျွန်မအတွက် သူစိမ်းပြင်ပြင် ဖြစ်နေခဲ့ပါပြီ။ ကျွန်မကကော မောင့်အတွက် ဘယ်အနေအထားမှာ ရှိပါ သလဲ။ သူစိမ်းလား၊ သူငယ်ချင်းလား။ တစ်ခါက အသည်း တိုင် စွဲချစ်ခဲ့မိဖူးတဲ့ မိန်းမ မဆန်တဲ့ မိန်းမတစ်ယောက်လား။

ဆေးခန်းမသွားမီ ကျွန်မတို့ရဲ့ အိပ်ခန်းကလေးကို မျက် လုံးဝေ့ကြည့်မိတယ်။ မောင်နဲ့ ကျွန်မဟာ တစ်ခန်းတည်းအိပ် နေသေးပေမဲ့ တစ်ခုတင်စီ ခွဲအိပ်တာ ကြာပါပြီ။ မောင့်ခုတင် ဘေးမှာ စာအုပ်စင်နဲ့၊ စားပွဲပေါ်မှာ စာအုပ်ပုံကြီးနဲ့။ ကျွန်မ ခုတင်ဘေးမှာလည်း စာအုပ်စင်နဲ့၊ စားပွဲပေါ်မှာ စာအုပ်ပုံကြီးနဲ့။

လူနာတွေကြားမှာ မေ့ပျောက်ထားနိုင်တဲ့ ကျွန်မရဲ့ နှလုံး သားက ဝေဒနာဟာ တမြည့်မြည့် တစိမ့်စိမ့် ရင်နာလာစေ ပြန်တယ်။ ဘယ်လောက်ပဲ ပြည့်စုံနေပေမဲ့လည်း ကိုယ့်အတွက် အရေးကြီးတဲ့ တစ်နေရာမှာ မအောင်မြင်တဲ့သူတစ်ယောက် ဟာ သတိရတိုင်းမှာ အနာဟောင်းပြန်ဆွသလို နာကျင်ရတတ် တာကိုး။

ကျွန်မအတွက် အချစ်ဟာ အရေးကြီးပါတယ်။ ကျွန်မရဲ့ အချစ်ရေးဟာ မအောင်မြင်ခဲ့ဘူး မဟုတ်လား။

လေးလံတဲ့ ခြေထောက်များကို သယ်လှမ်း၍ အောက် ထပ်ကို ဆင်းခဲ့ပါတယ်။

သားအခန်းက ဂစ်တာသံတိုးတိုးညင်သာ ထွက်ပေါ်နေပါ တယ်။ စိုင်းထီးဆိုင်ရဲ့ ‘အချစ်ဆိုတဲ့အရသာ’ သီချင်းကလေး။ သားသိပ်ကြိုက်တယ်။ ကျွန်မလည်း ကြိုက်တယ်။

အချစ်ဆိုတဲ့အရသာဟာ ကျွန်မအတွက် ခါးပါတယ်။ ခုတော့ အချစ်ဟာ သေခဲ့ပါပြီလေ။

ကျွန်မ ခြေသံလုံအောင်ဆင်းခဲ့ပေမဲ့ သားက ကျွန်မကို အသင့်စောင့်မျှော်နေလို့ ထင်ပါရဲ့၊ ကျွန်မ လှေကားရင်းရောက် တာနဲ့ ဂစ်တာသံရပ်သွားပြီး အခန်းပြင်ထွက်လာပါတယ်။

‘သွားမလား မေမေ’

‘မေမေက သားသီချင်းဆုံးမှ သွားမလားလို့’

‘ဟား··· ဟား··· ရပါတယ် မေမေရာ။ သားက စိတ်ပေါ့ပါးအောင် ခဏ ဂစ်တာကိုင်တာ။ မေမေ့ကိုပို့၊ မိုမို့ကို ကြို၊ ပြီးရင် စာကြည့်တော့မှာလေ’

ဘဝရှေ့ရေးအတွက် အမြော်အမြင် အပြည့်အဝနဲ့ စိတ် အားထက်သန်ပျော်ရွှင်စွာ လှုပ်ရှားကြိုးစားနေတဲ့ သားနဲ့သမီး အတွက် ကျွန်မ စိတ်ချမ်းသာရပါတယ်။

သူတို့မောင်နှမဟာ မောင်တစ်ယောက် ကျွန်မအလုပ်လုပ် တာ မကြိုက်မှန်း သိပါတယ်။ ကျွန်မတို့အချစ်တွေ ထုံပေ သေဆုံးပြီး နီးလျက်နဲ့ ဝေးခဲ့ရတာကိုသာ မသိရှာကြတာ။

အလှအပကို မြင်တွေ့ရခြင်းဖြင့် စိတ်နှလုံးကြည်မွေ့ ချမ်းသာကြရပါသတဲ့။

ကျွန်မစိတ်ကို ဖြေလျှော့လို့သာ ထားပါပြီ။ ဘယ်လိုလူ၊ ဘယ်ပုဂ္ဂိုလ်တွေကကော အရာခပ်သိမ်း ပိုင်ဆိုင်ပြည့်စုံနေပါ့ မလဲနော်။

ဒီတော့ အပေါ်ယံရှေ့မှုန်ကြဲထားတဲ့ ကျွန်မရဲ့ အအက် အကွဲ အသည်းအပျက်အစီးကို အားလုံးက လှပစွာ မြင်နေကြ ပါစေ။

သားနဲ့သမီးကလည်း ဖေဖေနဲ့မေမေရဲ့ အိမ်ထောင်ရေး ဟာ သိပ်အေးချမ်းတာပဲလို့ ထင်နေကြပါစေ။

ကျွန်မရင်သွေးနှစ်ယောက်ဟာ သူတို့ရဲ့ အဖေနဲ့အမေလို အစွဲမကြီးကြဘဲ လောကမှာ အလိုက်သင့် အလျှားသင့် နေသွား တတ်မယ့် ကံကောင်းသူတွေလို့ ကျွန်မ မျှော်လင့်ယုံကြည်ထား ပါရဲ့။

ဖျတ်ခနဲ မီမီမျိုးမြင့်ကလေးကို သတိရမိတယ်။ မီမီ ကလေးကတော့ အိမ်ထောင်ရေးနဲ့ ဆေးပညာအလယ်ဗွေမှာ အချစ်တွေ ထုံပေ သေဆုံးရဦးမှာလား။

ကံကြမ္မာဆိုတာ မပြောနိုင်ပါဘူးလေ။ လူတစ်ဦးတစ် ယောက်ရဲ့ ရှေ့ရေးကို တခြားလူတစ်ယောက်က အတိအကျ မှန်းဆဆုံးဖြတ်ပေးလို့ ရတာမှ မဟုတ်ဘဲ။

‘လာလေ မေမေ၊ ကားပေါ်တက်။ အိပ်ငိုက်နေပြီ ထင် တယ်။ ဟုတ်ပါရဲ့ မေမေတို့ ဆရာဝန်တွေကလည်း ပင်ပန်း လိုက်တာ’

သား အသင့်ဖွင့်ပေးတဲ့ ကားတံခါးကနေ ရှေ့ခန်းမှာ ဝင်ထိုင်ရင်း သားကို ပြုံးပြလိုက်ရပါတယ်။

‘သားတို့ သမီးတို့လည်း တစ်နေ့ကျ မေမေတို့လိုပဲ အလုပ်တွေ များနေကြဦးမှာ’လို့ ကျွန်မက အဆက်အစပ်မရှိ ပြောမိတယ်။

သားက ခပ်ပေါ့ပေါ့ရယ်မောလိုက်ပါတယ်။

ကျွန်မတို့ ကားကလေးဟာ ဆေးခန်းရှိရာကို ဦးတည်ပြေး လွှားနေပါပြီ။

မောင်နဲ့ ရခါစ အချိန်တွေတုန်းက ကျွန်မ ဆေးခန်းမထိုင် ခဲ့ဘူးနော်။ အချိန်မရှိလို့ပါ။ မောင့်အတွက် အချိန်ပေးနိုင်သမျှ ပေးချင်လို့ပါ။

နောက်ဆုံးတော့လည်း ဘယ်လိုအချိန်ပိုပေးလို့မှလည်း ထူးမလာမယ့်အတူတူ ကျွန်မတို့ရဲ့ စားဝတ်နေမှုစရိတ်ကလည်း မြင့်တက်လာ၊ ဝေဒနာရှင်တွေကြားမှာ အာရုံနစ်မြုပ်နေရတာ ဟာလည်း ရင်မှာ ကြည်နူးချမ်းမြေ့ရစေတာမို့···။ ■

**မြနှောင်းညို**

*၁၉၈၃၊ ဩဂုတ်လ၊ အမှတ် ၂၇၊ ပေဖူးလွှာမဂ္ဂဇင်း။*


www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၄၇)မှ...*

ကျွန်မလည်း ရယ်မိတယ်။ ကောင်းတော့လည်း ချက်ချင်းတဲ့။ မြောင်းဘေးရောက်အောင်လာပြီး ရေစိုအဝတ်တွေယူ၊ မြက်တွေချုံတွေပေါ် လှန်းချင်လှန်းပေးသတဲ့။ တစ်ခါတစ်ခါတော့ ဘယ့်နှယ်ဖြစ်တယ် မပြောတတ်ပါဘူး။ သူ့ကိုချစ်ခင်ကြသူတွေကို မခေါ်မပြော ရှိချင်ရှိတာဆိုတော့ သူ့အရိပ်အကဲကို ကြည့်နေကြရတာမျိုးလည်း ခဏခဏ ကြားရတတ်တယ်။ စိုးခက အောက်ထပ်က သတင်းသယ်လာရင် ဘယ်သူနဲ့တော့ မခေါ်ဘူး၊ ဘယ်သူ့တော့ဖြင့် စိတ်ကောက်နေတာ ဘယ်နှရက်ရှိပြီဆိုတာတွေ ပါလာတတ်လေတော့ ဂျိုးပိန်နှယ် ခက်ကောင်း ခက်ရချည့် အောက်မေ့မိတယ်။

တစ်ခါက ညဘက်ဆင်းတဲ့ ဝန်ထမ်းနှစ်ယောက်ထဲက တစ်ယောက်က ညဆိုင်းဝင်ကြပြီဆိုရင် ရုံးကဘုရားစင်မှာ ဖယောင်းတိုင်မီး ပူဇော်လေ့ရှိတယ်။ ဒါက ညတိုင်းပူဇော်နေကျပါ။ အကြာကြီး ထွန်းတာတော့လည်း မဟုတ်ပါဘူး။ မီးဘေး အန္တရာယ်ရှိတော့ ဘုရားရှိခိုးပူဇော်ပြီးရင် ပြန်ငြိမ်းတာပါ။ တစ်ညမှာတော့ ဖယောင်းတိုင်မီးထွန်းတာ ကိုးတိုင်ထွန်းသတဲ့။ ထွန်းတာကလည်း ဖယောင်းတိုင်တွေကို အတန်းလိုက် တစ်ဆက်တည်းထွန်းတာ မဟုတ်ဘူး။ ရှေ့ဆုံးမှာ နှစ်တိုင်ထွန်းတယ်၊ နောက်တစ်တန်းမှာ ငါးတိုင်ထွန်းတယ်။ နောက်တစ်တန်းကျ နှစ်တိုင်ထွန်းလိုက်တော့ ကိုးတိုင်ပေါ့။ ရိုးရိုးထွန်းတာပါပဲ။ ခါတိုင်း တစ်တိုင်တည်းထွန်းနေကျဟာကို မွေးနေ့မို့ ဖယောင်းကိုးတိုင်ပူဇော်တာလို့ ဂျိုးပိန်ကမသိဘူး။ သည်နေ့မှ ကိုးတိုင်ထွန်းတာ ဘာသဘောလဲရယ်လို့ ဂျိုးပိန်က သံသယ ရှိနေသတဲ့။ ပြီးတော့ ထွန်းထားတဲ့ ပုံစံကလည်း နှစ် ငါး နှစ် ဖြစ်နေတာကို မကျေနပ်တာ။ ဝန်ထမ်းလေးက ဘုရားရှိခိုးပြီးတော့ ဂျိုးပိန် မင်းလည်း ကန်တော့လေကွာလို့ ပြောတာကို မင်းငါ့ကိုမရွဲ့နဲ့၊ မင်းလုပ်တာတွေ ငါသိတယ်။ ငါ လူအ, မဟုတ်ဘူးလို့ ကြိမ်းပါလေရော။

"ဟ ဂျိုးပိန်ရ၊ ဘာရွဲ့ရမှာတုံး။ ငါ့ဟာငါ ဖယောင်းတိုင်ထွန်းတာ၊ ဘုရားရှိခိုးတာ မင်းကို ဘာထိခိုက်လို့လဲ"

"မင်းထွန်းတာ ကိုးတိုင်၊ ငါ့နာမည်အောင်ချမ်းသာက ကိုးဂဏန်း၊ ထွန်းတော့လည်း နှစ် ငါး နှစ် ခြားပြီး ထွန်းတာ၊ ငါ့ကို မင်းလုပ်ကြံတာ ငါသိတယ်"

w ¼kw acgjfav mifaw G ]w eGfaw mifjv EEpSbcsI fw n f
o Jytw jr n fw mnSkSr [ kw b ]av /o pbkkd Daew m
t MM mBl Daemu fw pfcsI EDf Melody w pfcbjymifMD
jr n fyeaf&m/*sKydefu w pfsKd o pbW me;Sk yfu mx yfu m
EyfSaeaw mht yl&mu r x ,v bM&aw mb l/pu fao ew eY
ypfaeo v bl o alw G t aw mmo w fx Gfaeaw mbv m
r[ kw fv m/t ydf epkHfx MD cef0o G&yfaw mlaw mif
*sKydefu EyfSaew kef

"မဟုတ်ရပါဘူးကွာ။ မင်းက အောင်ချမ်းသာ ဘယ်တုန်းက ဖြစ်သွားတယ်ဆိုတာလည်း ငါမသိရပါလား။ နှစ်တိုင်ရယ်၊ ငါးတိုင်ရယ်၊ နောက်နှစ်တိုင်ရယ်ထွန်းတာ လှအောင် ပူဇော်တာပါ သူငယ်ချင်းရာ"

"ငါ မင်းသူငယ်ချင်းမဟုတ်ဘူး၊ မင်းက အောက်လမ်းဆရာ၊ မင်းကို ငါ အကဲခတ်နေတာကြာပြီ"

တစ်ဖက်က အလျှော့ပေးလို့ အကျယ်အကျယ် မဖြစ်တာပါ။ ဂျိုးပိန်က အဲသလို။

ကိုဂျော်နီကိုလည်း အဲသလို မကြာမကြာ ရန်လုပ်သတဲ့။ ကိုဂျော်နီ ပြောဖူးတာပါ။

"ဂျိုးပိန်က ပြောလို့ဆိုလို့မကောင်းဘူး ဆရာမ။ တစ်ခါတလေ ပြန်အော်ချင်အော်တာ။ တစ်ခါက ကျွန်တော်က မေးတယ်၊ ဂျိုးပိန် မင်းလည်ပင်းကကြိုးကို မင်းက သိုက်ကြိုးလို့ ခဏခဏပြောတယ်။ ငါ နားမလည်လို့ မေးတာပါ။ သိုက်တို့၊ သိုက်ကြိုးတို့ဆိုတာ ဘာလဲဆိုတော့ သိုက်က သိုက်တဲ့၊ သိုက်ကြိုးက သိုက်ကြိုးတဲ့။ ကျွန်တော်က ငါက အကောင်းမေးတာပါကွာ။ အဲဒါမျိုးတွေ မကြားဖူးလို့ပါဆိုတော့ ကျုပ်က သိုက်ဟောင်းကလာတာ။ ကျုပ် သိုက်ကို မပြန်ချင်ဘူး။ အဲဒါ သိုက်ကပြန်ခေါ်လို့မရအောင် ကျုပ်လိပ်ပြာကို ချုပ်ထားတာတဲ့။ ကျွန်တော်က သူများယုံကြည်မှုကို လှောင်တာမဟုတ်ပါဘူး၊ တကယ်မသိလို့ မေးတာပါ။ နောက်တော့ ကျွန်တော့်ကို ပြောတာများ ဆရာမရယ်...ခင်ဗျားက သိုက်ဆရာများဖြစ်နေသလားမသိဘူးတဲ့။ နှစ်လလောက် စကားမပြောဘူး။ ကျွန်တော်တိုက်တဲ့ လက်ဖက်ရည်လည်း မသောက်ဘူး။

"တစ်ခါတော့ သည်ကောင် ဘယ်ကတောင်းလာတာလဲ မသိဘူး ညမွှေးပန်းတဲ့၊ အပင်က တော်တော်ကြီးပြီ။ အပွင့်တွေလည်းပါတယ်။ သူ့ဟာသူ တောင်းလာပြီး ရုံးရှေ့ပန်းခုံမှာ စိုက်ထားတာ။ အဲသည် ပန်းက ညဘက် တော်တော်မွှေးတယ်။ ဖြစ်ချင်တော့ တရုတ်တွေထဲက မစ္စတာဝေါင်က သည်ပန်းနံ့ ရှူမိရင် ရင်ကျပ်တာ အိပ်မရဘူးတဲ့။ ညဘက် အနံ့တစ်မျိုးရတယ်၊ ငါမခံနိုင်ဘူး၊ ဘာနံ့လဲသိချင်တယ်လို့ တရုတ်လို ကျွန်တော့်ကို မေးရော။ အစကတော့ ကျွန်တော်လည်း စဉ်းစားမရဘူး၊ နောက်မှသိရတာ။ ဂျိုးပိန်စိုက်တဲ့ အပင်က ညဘက်မှာ ထွက်နေတဲ့ပန်းနံ့ကိုး။ ဒါနဲ့ ခုတ်ပစ်ကွာဆိုတော့ ချက်ချင်းပဲ ဆရာမရေ ဆွဲနုတ်ပြီး ဓားနဲ့ခုတ်တော့တာ။ ပြောသေးတာ ဗမာပန်းကို တရုတ်က ရင်ကျပ်တယ်။ သူတို့တရုတ်ပန်းတော့ ဗမာက ရင်မကျပ်ရဘူးတဲ့။ ကျွန်တော်လည်း မရယ်ဝံ့ဘူး ဆရာမရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကတော့ ဂျိုးပိန်ကို နားလည်နိုင်ပါတယ်။ ဘယ်သူကဖြစ်ဖြစ် သူ့ကို ရိုးရိုးသားသား ပြောတယ်ဆိုဦးတော့ သူ့စိတ်ထဲ တွေးချင်သလိုတွေးတာမဟုတ်လား။ သူက လူတွေကိုအမြဲအကဲခတ်နေတာမျိုး။ အမြဲ သံသယရှိနေတာမျိုး။ သည်တော့ သူ့ကို နားလည်ပေးကြရတယ်။ အဝတ်လျှော်တဲ့ မအိုးကလည်း ပြောဖူးတယ်။

“ဂျိုးပိန်က ခုရက်ထဲ ကျွန်မတို့ကို မခေါ်ပြန်ဘူးဆရာမရေ့။ ကျွန်မတို့က တစ်ခါတလေ အတူချက်၊ အတူစားနေကြတာပဲဟာ။ တစ်ခါတော့ ကျွန်မနဲ့ မတိုးက အကြော်ကြော်စားကြမယ်ဆိုပြီး ပိုက်ဆံစုကြတယ်။ ဂျိုးပိန်က သူလည်း ထည့်မယ်တဲ့။ ကျွန်မတို့က ကြော်ကြတာပေါ့။ ကြော်တာက ကြက်သွန် ကြော်တယ်၊ ဂေါ်ရခါးသီး ကြော်တယ်၊ ရုံးရှေ့က ဂျုန်လက်သည်းရွက်တွေ ခူးပြီးတော့ ကြော်ကြတယ် ဆရာမ။ စားကြတော့ ဂျုန်လက်သည်းရွက်ကြော်ကို ဒါက ဘာရွက်ကြော်တာတုံးတဲ့။ ကျွန်မက ပြောပြတာပေါ့၊ ဂျုန်လက်သည်းရွက်ဆိုတာလည်းကြားရော သုတ်ခနဲထ,ပြီး ရန်လုပ်လိုက်တာဆရာမရယ်”

“ဘာဖြစ်လို့တဲ့လဲ”

“သူက နဂါးသိုက်ကလာတာတဲ့။ နဂါးနဲ့မတည့်တဲ့ ဂျုန်ရဲ့ လက်သည်းရွက်ကိုကြော်ပြီး သူ့ကိုကျွေးတာ သူ့ကို တမင်အသေကြံတာရယ်လို့ ရန်လုပ်တာလေ။ ကျွန်မတို့က သူ့ကိုနဂါးမှန်းလည်း မသိပါဘူး”

သည်တော့မှ ကျွန်မလည်း ကိုယ့်ဟာကိုယ် ပြန်စဉ်းစားရတယ်။ တစ်ခါတလေ ဆရာနေဖုန်းဆက်ရင် ကိုင်တယ်၊ ထူးတယ်၊ ခေါ်ရင်တက်လာတယ်။ ကျွန်မခေါ်ရင် ကိုင်ကို မကိုင်တာတွေရှိဖူးတော့ စကားပြောမှားတာပဲနေမှာလို့ တွေးရတယ်။ ဘယ်သူကမှတော့ ဂျိုးပိန်ကို စိတ်မဆိုးကြပါဘူး။ သူကဖြစ်နေတာ မဟုတ်လား။

ဂျိုးပိန်က ထမင်းဘယ်လိုစားနေတာလဲဆိုတော့ ထမင်းကို တောင်းနဲ့ရောင်းတဲ့ အဘွားကြီးတစ်ယောက်ဆီမှာ စားတာတဲ့။ တစ်ပန်းကန် ခြောက်ရာဆိုရင် ဝ,ကရောတဲ့။ အဘွားကြီးက ညဘက်မရောင်းတော့ လမ်းမတစ်လျှောက် မိုးအလင်းဖွင့်ရောင်းတဲ့ ထမင်းကြော်ဆိုင်တွေဘက် သွားစားတယ်။ ပိုက်ဆံပြတ်တဲ့အခါတော့ ဘာမှကို မစားဘူးဆိုလို့ စိတ်ထဲမကောင်းလိုက်တာ။ ကျွန်မတို့အိမ်ဆိုရင် ထမင်းတွေဟင်းတွေ နေ့နေ့ညည အမြဲပိုတတ်ပါတယ်။ ကျွန်မတို့သားအဖသုံးယောက်က ဝ,ချင်လို့သာ ဝ,နေကြတာပါ။ ထမင်းပေါင်းအိုးထဲက ပလတ်စတစ်ခြင်ဘူး နှစ်ဘူးချက်တောင် ကုန်တာမဟုတ်ဘူး။ လာစားလှည့်ဆိုရင် စားမှာမဟုတ်တော့ သန့်သန့်ဖယ်ထားပြီး ခေါ်ပေးရတယ်။ သည်လိုဆိုတော့လည်း တက်ယူတတ်တယ်။ စားလေသလား၊ မစားလေသလားတော့ မသိဘူး။ တစ်ခါတလေ မနေ့ကပေးတဲ့ ခရမ်းသီးချက်ကောင်းရဲ့လား အောင်ချမ်းသာဆိုရင် တွေသွားတတ်တယ်။ တွေမှာပေါ့၊ စားမှမစားတာကိုး။ ဒါပေမဲ့ လူကအပါး။ ကောင်းပါရဲ့တဲ့။ စားရင်တော့ အသေးစိတ် ပြန်ပြောတတ်တယ်။ ဒါဆို စားဖြစ်တာသေချာတယ်။ အဲသလို တွက်ရတာပါ။

တစ်ခါတလေ ကျွန်မတို့က အခုလုပ်နေတဲ့ အလုပ်က မင်းအတွက်ကောင်းတယ်။ သည်မှာနေရတာ လုံခြုံတယ်၊ အိမ်လခမကုန်ဘူး၊ လေအေးပေးစက်ရှိတယ်၊ ဘိုထိုင်အိမ်သာရှိတယ်၊ ရေမီးပြည့်စုံတယ် စသဖြင့် ပြောပြရင်တော့ နားထောင်တတ်ရဲ့။

“ရောက်စတုန်းက အအေးနဲ့မအိပ်တတ်ဘူး၊ အိမ်သာမတက်တတ်ဘူး။ ရွာမှာက အိမ်ရှေ့ကွပ်ပျစ်ပေါ် အိပ်၊ အခင်းသွားချင်ရင် ရွာအနောက်က နဘူးချုံတွေဘက် ထွက်ကြတာပဲ။ ရွာက မိန်းမ ယောကျ်ား ဆေးလိပ်သောက်ကြတော့ ဆေးလိပ်မီးခိုးရှောင်သွားရတယ်။ တစ်ခါတလေ နဘူးချုံတောထဲ လူတွေစုံလို့ ဟိုဘက်သည်ဘက် တပိုတပါးသွားရင်းစကားတောင် ပြောကြသေးတာ”

“တော်ပါတော့၊ မင်းဟာ မဟုတ်တာကျမှ လေကြောရှည်နေလိုက်တာ”

ဂျိုးပိန်က လူရိုးဆိုတော့ ပြောမိပြောရာပြောတာပါ။ ဒါတောင် ကျွန်မတို့ သည်ရောက်တာ ငါးလလောက်ရှိရော့မယ် နှစ်လလောက်ရှိတော့မှ စကားကောင်းကောင်း ပြောတာပါ။ အရင်ကများ ခေါ်လိုက်လို့ တက်လာရင်တောင် အခန်းဝဖိနပ်ကလေးချွတ်ပြီး ရပ်နေတတ်တယ်။ လက်ခေါက်ထားတဲ့ တီရှပ်အင်္ကျီလက်ကို ဖြန့်လိုက် ခေါက်လိုက် လုပ်နေရင်း ခေါင်းငုံ့ထားတတ်တယ်။ နောက်ပိုင်းတော့ စကားတွေပြောလာလို့ ကျေးဇူးတင်ရသေးတော့။ ကျွန်မတို့ရောက်စက မအေနဲ့စကားပြောချင်လို့ဆိုတဲ့ ဖုန်းကိစ္စတောင် မမေးဖြစ်တာကြာပြီ။ ဖုန်းကကော ရွာရောက်သွားပြီလား၊ သူ့လက်ထဲမှာပဲလား။ အစ်မဝမ်းကွဲ တစ်ယောက်လာလို့ ပေးလိုက်သလိုလို ကိုကျော်နီက ပြောဖူးတော့ ပေးလိုက်ပုံတော့ရပါရဲ့။ တစ်ရက်တော့ ကျွန်မတို့ အပြင်ထွက်ဖို့ အောက်ထပ်ဆင်းတော့ မှတ်မှတ်ရရ မေးဖြစ်တယ်။

“အောင်ချမ်းသာ မင်းအမေနဲ့ စကားပြောရလား၊ တို့ဖြင့် မေးမယ် မေးမယ်နဲ့”

“ပြောရပါတယ်”

“အေး, ပြောပါဦး၊ အမေက ဘာတွေပြောတုံးဟဲ့”

“အမေက အိပ်မက်မက်တာတွေ ပြောတာပါ။ ကျုပ်က သိုက်ကလာတာ သိုက်ကြိုးမပျောက်စေနဲ့တဲ့”

“ဒါပဲလား မင်းဟာက။ အမေ နေကောင်းလား၊ ဘာစားချင်တုံး မမေးဘူးလား”

“ဒါပါပဲ”

“ဒါဖြင့် မင်းအမေက ဘယ်ရွာရောက်နေတာတဲ့တုံး”

“ဝွေးတောက်ကုန်း”

ဝွေးတောက်ကုန်းကကော အရင်ပြောတဲ့ကုန်းတွေထဲ ပါ



www.burmeseclassic.com

www.burmeseclassic.com

မပါ ကျွန်မလည်း မမှတ်မိတော့ပါဘူး။ သူ့အစ်မဝမ်းကွဲကပဲ သူ့အမေရှိရာ ရွာကို လိုက်သွားပြီး ဆက်ပေးသလိုလို ပြောတာပါပဲ။ ကျွန်မလည်း စကားဖြတ်လိုက်ပါတယ်။

"အေးလေ၊ မအေနဲ့ စကားပြောရရင် ပြီးတာပါပဲ၊ နေကောင်းသတဲ့လား"

"ကောင်းပုံရပါတယ်"

"မင်းအမေဆီပြန်ရင် တို့ပြောဦးနော်၊ မင်းအမေဖို့ ထဘီကလေး ထည့်ပေးလိုက်မယ်"

ပြောရင်းက မအေကို သတိရထင်ပါရဲ့။ မျက်နှာက ချက်ချင်း ညှိုးကျသွားတယ်။ သည်မှာကလည်း ကျီးပိန်မရှိလို့ မဖြစ်ဘူး။ ညဆိုင်းတာဝန်ကျတဲ့ နှစ်ယောက်နဲ့ လူချင်းလဲပြီး လုပ်ရအောင်ကလည်း နေ့ဘက်အလုပ်တွေက သူမှလုပ်တတ်တာဆိုတော့ ရွာပြန်ဖို့ ခွင့်မသာဘူးထင်ပါရဲ့။ ကျီးပိန်က ရေစက်မောင်းတယ်၊ မြက်ရိတ်စက်နဲ့ မြက်ရိတ်တယ်၊ မော်တာပျက် ဝိုင်ဖိုင်ပျက်၊ ဆိုင်ကယ်ပျက်တာတွေကအစ ရေခဲသေတ္တာပျက်၊ လေအေးစက်ပျက်တာတွေအဆုံး ပြင်တဲ့ဆိုင်က လူခေါ်ရတာလည်း သူရှိမှဖြစ်သတဲ့။ သည်ကြားထဲ ပန်းပင်ရေလောင်း၊ တံမြက်လှည်းတော့လည်းသူ။ တစ်ခါတလေ ပါလာကြတဲ့ ဧည့်သည်ကားတွေ ရေဆေးပေးတာလည်း သူပဲလုပ်သတဲ့။ အဆောက်အဦကြီးရဲ့ အထပ်သုံးထပ်စလုံးမှာ ခင်းထားတဲ့ ကြမ်းခင်းကြွေပြားတွေပေါ်မှာ ဒုတက်နေတတ်တဲ့ ဖုန်တွေကို လှည်းရကျင်းရတော့လည်း ကျီးပိန်ပါပဲ။ ညဆိုင်းဆင်းကြတဲ့ နှစ်ယောက်က ညရှစ်နာရီ အလုပ်ဝင်ကတည်းက ခြင်ထောင်ထောင် အိပ်လိုက်ကြတာ မနက်ဘက် အစောကြီးထ၊ပြန်တာပဲ ရှိတာပါ။ အဆောက်အဦရဲ့ရှေ့ ကွက်လပ်ကြီးက တော်တော်ကျယ်ပါတယ်။ တစ်ပတ်တစ်ခါလောက် သည်ကွက်လပ်ကြီးကို မတ်တတ်တံမြက်စည်းတစ်ချောင်းနဲ့ တဖြဲဖြဲလှည်းတာလည်း ကျီးပိန်ပါပဲ။ သည်လိုလုပ်ရတာကိုသိတော့ သူ့သူဌေးက မကြာခဏ မုန့်ဖိုးပေးတာမျိုး ရှိတာလည်း ကြားရတယ်။ လစာတော့ အားလုံး တစ်ပြေးညီရကြသတဲ့။

ကျီးပိန် သည်နေရာကို ဘယ်လိုရောက်လာတာလဲ။ ကျီးပိန်ကိုယ်တိုင်က မပြောဖူးသလို ကျွန်မတို့ကလည်း မမေးဖြစ်ခဲ့ပါဘူး။ ကျေးလက်နဲ့မြို့ပြဆိုတာ သည်ခေတ် ဝေးလှတာမဟုတ်သလို ကျေးလက်ကလူငယ်တွေ မြို့ပြဆီကို အလုံးအရင်းနဲ့ တက်လာကြတဲ့ခေတ် မဟုတ်လား။ သည်ဘက်ခေတ်ကြီးထဲမှာ ကျီးပိန်လိုလူငယ်တွေ များများလာတာလည်း သတိထားမိပါရဲ့။ ကိုဂျော်နီပြောတာတော့ ရွာကတက်လာပြီး ရွာဆက်ဘုန်းကြီးကျောင်းမှာနေရင်း ကျောင်းဝေယျာဝစ္စလုပ်၊ သည်ကမှ ဒကာတစ်ယောက်ကို အကြောင်းပြုပြီး မြက်ခုတ်ချုံရှင်းပုတ်ပြတ်နေ့စားဝင်လုပ်၊ နောက်တော့ ရိုးသားမှန်းသိလို့ ဆက်ခန့်လိုက်တာ သုံး၊လေးနှစ်ရှိပြီတဲ့။ အဝတ်လျှော်တဲ့ မအိုးကလည်း ပြောဖူးတယ်။

"ကျီးပိန်ရောက်လာခါစက တရုတ်ကုမ္ပဏီကြီးတောင် အဖျားခတ်မီလိုက်သေးတာလေ။ နောက် ဘယ်သူမှ မရှိတော့လည်း အစောင့်ရယ်လို့ ထားဖို့ လူခန့်တော့ သူ့ပါခန့်လိုက်တာ"

ကျွန်မမောင်က အောက်ထပ်မှာ ကိုဂျော်နီတို့၊ ကျီးပိန်တို့နဲ့ တရန်းရန်းဆိုတော့ ပြောဖူးတာရှိသတဲ့။ သူ ရွာမပြန်ချင်တော့ဘူးတဲ့၊ ရွာမှာ အစစ ဆင်းရဲသတဲ့။ မြို့မှာ ကျောလေးခင်းစရာလည်း ရှိ၊ စားစရာလည်းရှိတော့ အဆင်ပြေသတဲ့။ ရွာမှာ သံယောဇဉ်ကလည်း အမေပဲရှိတော့ အဝေးက စောင့်ရှောက်ရင်လည်း ရတာပါပဲတဲ့။ ကျွန်မမောင်က မင်း တစ်ခေါက်တစ်ကျင်းတော့ ပြန်မှပေါ့၊ အမေ့ကို ပိုက်ဆံလေးဘာလေး ပြန်ပို့ပေါ့ ဆိုတော့ အဲသလိုတော့ ပိုက်ဆံရောက်ပါတယ်တဲ့။

"နတ်ပွဲရက်တော့ ကျုပ်က ဆရာ့ပြောပြီး ပြန်တယ်။ ကြားရက်တော့ မပြန်ဖြစ်တာကြာပြီ"

"မင်းတို့ရွာက ဘာနတ်ပွဲလဲ"

"မိဆိုင်ဖဆိုင်နတ် အမေရေမှုတ်နတ်ပွဲ"

တချို့တောရွာတွေမှာ ဆွေထဲမျိုးထဲက ဒါမှမဟုတ် ရပ်ဆိုင်ရွာဆိုင် ပုဂ္ဂိုလ်တွေထဲက နတ်ဖြစ်တယ်ယုံကြည်ရင် ရွာအရိပ်ကောင်းကောင်း အပင်ကြီးတွေအောက်မှာ နတ်ကွန်းဆောက် ပသကြတာမျိုး ရှိတတ်တာသိတော့ သိပ်တော့လည်း မအံ့ဩမိပါဘူး။ ကျွန်မတို့အမျိုးထဲတောင် အားလုံးက မပသပေသီ ယုံကြည်သူတွေက နှစ်စဉ် ဝါဝင်ဝါထွက် ပသကြတဲ့ ဆွေနတ်မျိုးနတ်ရှိတာမဟုတ်လား။ စကားတစ်ခွန်းတော့ ပါသတဲ့။ ကျီးပိန်အမေက "အမေရေမှုတ်နတ်ပွဲ"ကျင်းပတဲ့ ရက်တော့ ရွာကို ရောက်ရာအရပ်က ပြန်လာလေ့ရှိတယ်ဆိုတဲ့ စကားပါ။

"ဒါဆို အမေနဲ့တွေ့ရအောင် နတ်ပွဲရက်ထဲ မင်းပြန်ပေါ့၊ ဒါမှ တွေ့ရမှာပေါ့"

"သည်နှစ်တော့ ပြန်မလားလို့ပဲ။ တရုတ်သုံးယောက်လာရင်တော့ ပြန်ရမယ်မထင်ဘူး၊ မလာကြရင်တော့ နှစ်ရက်လောက် ပြန်ရကောင်းပါရဲ့"

"ရမှာပါကွာ ပြန်ပေါ့"

ကျီးပိန်က မလှုပ်ဘူးဆိုရဲ့။ ပြန်ဖို့စဉ်းစားနေတာလား၊ မပြန်ချင်တာလား။ အကဲခတ်ရခက်လေတော့ ဆက်မပြောဖြစ်ဘူးတဲ့။

❑

၇။

အဆောက်အဦကြီးရဲ့ အပေါ်ဆုံးထပ်ကကြည့်ရင် အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးကို တစ်မျှော်တစ်ခေါ်ကြီး တွေ့ရတယ်။ ကောင်းကင်ကြည်လင်ရင်တော့ ပြာပြာစင်စင်ကြီး မြင်ရသလို မြူဆိုင်းရင်တော့ တောင်ခိုးတွေနဲ့ ဝိုးဝိုးဝါးဝါး မြင်ရတာမျိုးပါ။ သည်နေရာက သည်တောင်တန်းကြီးနဲ့ အနီးဆုံး နေရာဆိုတော့ တောင်ရိပ်ကျတယ် ပြောရမှာပါ။ ကျွန်မတို့ အပေါ်ထပ်ကနေ ဆီးကြည့်ရင် အောက်ဘက်မှာ ရှေ့ရှင်စီးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရေမြောင်း။ နောက် ချုံတွေထနေတဲ့ ရထားသံလမ်း၊ မြောင်းနဲ့ ရထားလမ်းက မျဉ်းပြိုင်။ မီးရထားက တစ်နေ့နှစ်ကြိမ်၊ မနက်တစ်ခါ ညတစ်ခါလောက် ဖြတ်တာပါ။ ရေမြောင်းကတော့ တစ်နေကုန် လူစည်လှေ့ရှိတယ်။ သည်ရေကိုသုံးပြီး အဝတ်လျှော်ကြတာဆိုတော့ မိုးကြီးချုပ်ပြီဆိုရင် လှန်းထားသမျှ အဝတ်တွေ ရုပ်ကြပြီး လမ်းဘေးမှာပဲ ခေါက်ကြထပ်ကြ မြင်နေရတတ်တယ်။ သည်ဘက်ပိုင်းမှာက နေရာတိုင်းမဟုတ်ပေမဲ့ ရေက အဝီစိစက်တွင်းရေဆိုဦးတော့ ရေစေးတွေများတယ်။ ထုံးဓာတ်တွေများတဲ့နေရာက များတယ်။ မြောင်းရေကတော့ ရေရှင်ရေသွက် ရေကြည်ဆိုတော့ ချိုးရဖွပ်ရတာကောင်းတယ်။ သည်အဆောက်အဦကြီးမှာလည်း ရေက အဝီစိရေကို စက်မော်တာနဲ့ မောင်းတင်တာဆိုတော့ ရေစေးပါပဲ။ သည်ရေစေးကိုမှ ကျွန်မတို့ အရင်အိမ်က ဖြတ်လာတဲ့ ရေသန့်စက်နဲ့ သန့်ပြီး သောက်ကြရလို့ အဆင်တော့ပြေပါရဲ့။ ရေကချွဲလွန်းတော့ ရေသန့် Filter တွေတော့ ခဏခဏလဲရတယ်။ ရေသန့်ဘူး ဝယ်သောက်ပါလားဆိုတော့လည်း လီတာ ၂၀-ပုံးတွေ အပေါ်ဆုံးထပ်ရောက်ဖို့က ခက်သားပဲ။ သည်မှာတော့ အဝတ်လျှော် မီးပူတိုက်တာဝန်ကလည်း မအိုးတို့ ကျေးဇူးနဲ့ ငြိမ်းရပါရဲ့။ ဂျိုးပိန်နဲ့ မအိုးတို့အဖွဲ့ကတော့ အချင်းချင်း တည့်လိုက် မတည့်လိုက်ပေါ့လေ။ ဂျိုးပိန်က ကောက်တာ များတာပါ။

အဆောက်အဦအပေါ်ထပ်မှာပဲ လမ်းလျှောက်လို့ရလေတော့ လမ်းလျှောက်ရင်း ပြတင်းပေါက်တွေကတစ်ဆင့် ပတ်ဝန်းကျင်ကို အပေါ်စီးကကြည့်နေရင်း နေကုန်ရတယ်။ မနက်ည ထမင်းချက်ထားပြီး သမီးကျောင်းမသွားခင်ကျွေး၊ ကျောင်းသွားပြီဆိုတာနဲ့ နားချိန်လေးတော့ရရဲ့။ ကိုယ်တိုင်ထုတ်တဲ့ စာအုပ်ကလေးတွေကလည်း ရှိသေးတော့ ပုံနှိပ်တိုက်ကိစ္စ၊ စာအုပ်အပို့အယူကိစ္စတွေလည်း ကျွန်မပါပဲ။

တစ်ညနေ အပေါ်ထပ်မှာ လမ်းလျှောက်နေရင်းက အောက်ဆုံးထပ်မြေကွက်လပ်ကို ငုံ့ကြည့်လိုက်တော့ ဂျိုးပိန်ရယ်။ ခွေးကြီးနှစ်ကောင်ကို ကြိုးတစ်ချောင်းစီနဲ့ မနိုင်ရင်ကန်ဆွဲလိုက်လို့။ ဘယ်က ခွေးကြီးတွေပါလိမ့်။ ခွေးကြီးနှစ်ကောင်မှာ တစ်ကောင်က ဖြူနက်ကျား မွေးထူကြီးနဲ့ ထွားလိုက်တာမပြောနဲ့တော့။ ဝံပုလွေကြီးတစ်ကောင်လို အဟန့်ကောင်းကောင်း ဒေါင်းတည်မောင်းတည်ကြီး။ တစ်ကောင်က နည်းနည်းညှက်တယ်။ ညှက်တယ်ဆိုပေသိ မြင်နေကျခွေးတွေထက်တော့ ကြီးတယ်။ ခွေးနှစ်ကောင်က ကန်ရုန်းနေကြတော့ အလယ်က ကြိုးနှစ်ချောင်းကိုင်ထားတဲ့ ဂျိုးပိန်ခမျာ ကြိုးနှစ်ချောင်းဆွဲရာ ဆန့်ငင်ဆန့်ငင် ပါနေရတာကို မြင်နေရတယ်။ ဂျိုးပိန်က ညှက်ညှက်ပိန်ပိန်၊ ခွေးနှစ်ကောင်က ထွားထွားကျိုင်းကျိုင်း။

သည်ခွေးကြီးတွေက ဂျိုးပိန် တစ်ခါကပြောဖူးတဲ့ ဝမ်ရဲ့ ခွေးနှစ်ကောင်ဆိုတာ နောက်မှသိရတာပါ။ ဝမ်က ရွှေငါးမွေးတာ၊ ကြက်တူရွေးမွေးဖူးတာ ပြောခဲ့ပါပြီ။ ခွေးကြီးနှစ်ကောင်ကို ဝမ်ရှိတဲ့ရက်တွေမှာ စောင့်ရှောက်ဖို့ အပ်ထားတဲ့အိမ်က ခဏပြန်ပို့ထားရတယ်။ အပ်ထားတဲ့အိမ်က ရပ်ကွက်ထဲမှာဆိုတော့ သည်ခွေးနှစ်ကောင်ကို ကျွန်မတို့ ရောက်စက မမြင်ခဲ့ရဘူး။ အခု ဝမ်ပြန်ရောက်နေပြီထင်ပါရဲ့။ ကိုဂျော်နီကို မေးကြည့်တော့ အရပ်ထဲက ခွေးမွေးအတွေ့အကြုံရှိတဲ့ ဦးမိုးဆိုသူက သည်ခွေးတွေကို စောင့်ရှောက်ပေးထားတာတဲ့။ ခွေးနှစ်ကောင်ကို ကျွေးမွေး၊ ရေချိုး၊ လမ်းလျှောက်လုပ်ပေးတဲ့အတွက် ဝမ်က လခသဘော ပိုက်ဆံပေးထားတယ်လို့ ဆိုတယ်။ ခွေးတွေ မကျန်းမာတော့လည်း ဆေးတိုက်ဆေးခန်းပို့ပေါ့။

ဝမ်က တစ်ရက်နှစ်ရက် ပြန်လာတာမျိုးဆိုရင် ခွေးတွေရှိတဲ့ ဦးမိုးအိမ်အထိ လိုက်သွားပြီး ထိုင်ကြည့်နေတာပဲတဲ့။ ဦးမိုးက ခွေးတွေအတွက် ကုန်ကျစရိတ်တွေပြ၊ ဆေးထိုးတဲ့အကြိမ်ရေ၊ အစာဖိုး၊ ထိန်းကျောင်းခ စသဖြင့် တွက်ချက်ပြတာနေမှာပေါ့လေ။ သေချာတော့မသိပါဘူး။ စာရင်းပြသမျှငွေ အပြင် ပိုပိုသာသာပေးသတဲ့။ ခွေးနှစ်ကောင်နဲ့ တွေ့ပြီဆိုရင် ဝမ်ဖြစ်စေချင်တာက ခွေးတွေက သူ့ကိုပြေးကြို၊ လူပေါ်ခွတက်၊ နမ်းလိုက်ရှပ်လိုက်လုပ်၊ လွမ်းဖျားလွမ်းနာကျပြ။ အဲသလိုလုပ်စေချင်တာ။ ခွေးနှစ်ကောင်က ဘယ့်နှယ်မှမနေဘူးတဲ့။ ခွေးနှစ်ကောင်ကို သူပေးထားတဲ့ တရုတ်နာမည်နဲ့ ခေါ်တော့လည်း သူတို့မဟုတ်သလိုပဲတဲ့။ ကိုဂျော်နီတို့ ပေးထားတဲ့ အကြီးကောင်က ဂျက်လီ၊ အငယ်ကောင်က ဂျက်မဆိုတာလည်း သူတို့နာမည်တွေရယ်လို့ မသိကြဘူးတဲ့။ ဝမ်ကတော့ ခွေးတွေကိုဖက်၊ ခေါင်းတွေပွတ်၊ မျက်လုံးတွေဖြဲကြည့်၊ လျှာတွေထုတ်ကြည့် လုပ်တော့လည်း ခံသတဲ့။ တစ်ကောင်စီကို တရုတ်စကားနဲ့ ပြောနေတော့လည်း ခွေးနှစ်ကောင်က ခင်ဗျားပြောလေ မောရုံရှိမှာပေါ့ဆိုတဲ့ပုံနဲ့ စန့်စန့်ကြီး ဝပ်နေကြသတဲ့။ ကိုဂျော်နီ ပြောပြတာပါ။

'ဝမ်က ဦးမိုးတို့အိမ်ကို သူ့ခွေးတွေပို့ထားတာက ကျွန်တော်တို့သူဌေးက ဆက်ပေးထားတာပါ။ ဦးမိုးက ခွေးမွေးဖူးတယ်။ သည်မှာက ချက်ပြုတ်ကျွေးစရာ မရှိဘူးလေ ဆရာမ။ ဦးမိုးက သူ့အိမ်မှာ ခွေးတွေကို အမဲရွတ်၊ အမဲရိုးပြုတ်ကျွေးတယ်။ ဆန်နဲ့အရွက်တွေ ပြုတ်ကျွေးတယ်။ခွေးတွေ ဝါးဖို့ အမဲရိုးတို့၊ ဆိတ်ရိုးတို့၊ ဘာတို့ ဝယ်ကျွေးတာကိုး။ အရိုးတုလည်း ရှိတယ်။ ဝမ်က သူ့ခွေးတွေ မစားမှာကိုပဲ ပူတာပါ ပိုက်ဆံကုန်မှာ မနှမြောဘူး'

'အရိုးတုက ဘယ်လိုဟာလဲ ကိုဂျော်နီ'

'ခွေးတွေသဘာဝပေါ့ ဆရာမရယ်၊ သွားယားရင်ကိုက်တဲ့ ပလတ်စတစ်အရိုးပုံအတုပေါ့'

'ခွေးနှစ်ကောင်က သည်ကို ဘာဖြစ်လို့ ရောက်လာကြတာလဲ၊ ခါတိုင်း မမြင်ပါဘူး'

'ဟုတ်တယ်ဆရာမ။ ဦးမိုးက အိမ်ပိတ်ပြီး သူ့သမီးဆီ ပြန်ဦးမယ်ပြောလို့ သူဌေးက သည်ကိုပြန်ခေါ်ထားတာ။ လော



www.burmeseclassic.com

www.burmeseclassic.com

လောဆယ် ဂျိုးပိန်က ထိန်းနေရတယ်"

"ဩော်, တစ်ညနေက ဂျိုးပိန် ခွေးကြီးနှစ်ကောင်ဆွဲရာ တရွတ်တိုက်ပါနေတာ တွေ့တယ်"

"ခွေးကြီးတွေက သန်တယ်။ ဂျိုးပိန်လောက်တော့ တိုက်ဆွဲသွားမှာလေ။ လွတ်သွားလို့လည်း မဖြစ်ဘူး။ သည်မှာမနေတာ ကြာပြီဆိုတော့ လွတ်သွားရင် ပျောက်သွားတော့မှာ၊ ပျောက်ရင် မီးလောင်ပြီ"

ခွေးနှစ်ကောင်ရောက်လာတော့ အရင်ဆုံးထိခိုက်ရတာ ကျွန်မတို့ပါ။ ဂျိုးပိန်အဖို့ရာ ခွေးနှစ်ကောင်ကို မျက်စိအောက်က အပျောက်မခံ ကြည့်နေရတော့ ကျွန်မတို့ခိုင်းတာ ပြေးဟယ်လွှားဟယ်၊ ဝယ်ဟယ်ခြမ်းဟယ် မလုပ်ပေးနိုင်တော့ဘူး။ မနက်မိုးမလင်းခင် ခွေးကျောင်း(ခွေးတွေလမ်းလျှောက်)ပေးရတာကပဲ တစ်ပတ်ကြီးဆိုတော့ မနက်ရှစ်နာရီလောက်မှပြန်လာတတ်တယ်။ ခွေးနှစ်ကောင်ကို အဆောက်အဦကြီးရှေ့မှာ ချည်ထားပြီး ရေတိုက်ရတယ်။ ပြီးတော့ ခွေးစာထုပ်ကြီးထဲက ခွေးစာတစ်လက်ခုပ်စီ ခွက်တွေထဲထည့်ပေးရသတဲ့။ ခါတိုင်း အရိုးပြုတ်နဲ့၊ အသားပြုတ်နဲ့ အဆင်ပြေနေတဲ့နှစ်ကောင်က ရယ်ဒီမိတ်ခွေးစာကို အာရုံမရှိကြဘူးဆိုတာလည်းပါရဲ့။ ကျွန်မတို့မှာလည်း တစ်ခါတလေ မုန့်လေးပဲလေးဝယ်ချင်လို့ ဖုန်းဆက်ကြည့်ရင် ဂျိုးပိန်က ပြန်တော့ထူးတယ်။ ဈေးဘက်မရောက်ဘူး ဆရာမတဲ့။ ရောက်ဦးတော့ ခွေးနှစ်ကောင် ကြိုးတန်းလန်းနဲ့ဆိုတော့ ဝယ်မဖြစ်ဘူးရယ်တဲ့။ ဂျိုးပိန်ကတော့ ညည်းရှာတယ်။

"ကျုပ်ကလည်း ခွေးအလုပ် မလုပ်ချင်ဘူးရယ်။ ခွေး

ac;GSau mif;u r;Bx m;eG@D;pD;Or B;NeGf;Kef;M ;D
x kGfMl v kGf ;saf;efu aemu f;u r w fv w &yfv kGf
r;Bx m;B ;Dysmu b ;G;aw mfm n f ac;GSau mif;u
a&B ?* saf;efu aemu f;u jyeD i fv mfMl w , f
* saf;efu t ay x yf;u kar nhM n fn kGu Ef u kf jr i f ayo d
u Ef u aw mhac;GSau mif?v lw pf;a, mu f;u kd
t ay;pD jr i fae&v kGfpdw f k Jaw ;G&maw G&aecGw , f

ကျောင်းရင် တစ်ကောင်က ချုံတွေ့တိုင်း သေးပေါက်တယ်၊ တစ်ကောင်က ရှေ့ကို အတင်းဆွဲပြေးတယ်။ ကျုပ်က ဟော့ကောင်တွေ တစ်ကောင့်တစ်ကောင် ညှာမှပေါ့ဆိုတော့လည်း နားလည်ပုံမရပါဘူး ဆရာမရယ်။ ဒီနှစ်ကောင်ဆွဲရတာ လက်မောင်း ပြုတ်လုပြုတ်ခင်ရယ်"

ဟုတ်မှာပဲ။ ဂျိုးပိန်ကလည်း သူ့ဟာသူ ခွေးတွေကို နာမည်ပေးထားသတဲ့။ အထီးအကောင်ကြီးက "ပြောမကောင်း"တဲ့။ အမက "ဆိုမကောင်း"တဲ့။ ဘယ်က နာမည်တွေတုံးဆိုတော့ နှစ်ကောင်စလုံး ပြောမကောင်း ဆိုမကောင်းမို့တဲ့လေ။ အဲသလိုခေါ်တော့ကော သူတို့ကိုခေါ်မှန်း သိကြသလားဆိုတော့ ဘယ့်နှယ်မှ မနေပေါင်တဲ့။ ခွေးနှစ်ကောင်ခမျာလည်း တရုတ်နာမည်ပေးလိုက်၊ အင်္ဂလိပ်နာမည်ပေးလိုက်၊ ဗမာနာမည်ပေးလိုက်ဆိုတော့ အူသွားပုံရပါရဲ့။

ခွေးတွေကလည်း ဂျိုးပိန်ညည်းလည်း ညည်းချင်စရာ။ မနက် ကျွန်မသမီးကျောင်းပို့ဖို့ အောက်ထပ်ဆင်းရင် အဆောက်အဦကြီးရဲ့ အဝင်ပေါက်တည့်တည့်မှာ အထီးကောင်ကြီးက ကန့်လန့်အိပ်ချင်အိပ်နေတတ်တယ်။ "အောင်ချမ်းသာ လုပ်ပါဦးဟဲ့ မင်းခွေးတွေကို"ဆိုရင် "ကျော်သာကျော်သွားပါ ဆရာမရယ်၊ တက်နင်းတာတောင် မကိုက်ဘူးရယ်"တဲ့။ ဟုတ်လည်းဟုတ်တယ်။ ခွေးကြီးတွေက အဟန့်ကောင်းသလောက် ကိုက်ဖို့နေနေသာသာ တုတ်တုတ်မှတောင် မလှုပ်ဘူး။

"အောင်ချမ်းသာ၊ မင့် ခွေးကြီးတွေ ဘာကျွေးတုံးဟဲ့"

"နိုင်ငံခြားကလာတဲ့ ခွေးစာထုပ်ရှိတယ်၊ မစားလို့ ဝမ်ကစိတ်မကောင်းဘူးတဲ့။ ဒါနဲ့ ကျုပ်က ကျုပ်ဝယ်စားတဲ့ အဘွားကြီးဆိုင်က ထမင်းနှစ်ထပ်စီ လေးထုပ်ဝယ်ပြီးကျွေးတော့မှ စားလိုက်တာ အကုန်ပြောင်တာပဲ"

နိုင်ငံခြားခွေးကြီးနှစ်ကောင်ခမျာ ဂျိုးပိန့်လက်ရောက်မှ လမ်းဘေးကထမင်းထုပ် ကြိုက်သွားကြထင်ပါရဲ့။ ဦးမိုးလက်ထဲတုန်းကတော့ အိမ်မှာ ကျိုကျွေးချက်ကျွေးဆိုတော့ လျှာက နိုင်ငံခြားခွေးစာကို ခံတွင်းမလိုက်တော့ဘူးနဲ့ တူပါရဲ့။ အဲသည်ကတည်းက ဂျိုးပိန်ခမျာ တစ်ခါပြင်ထမင်းငါးထုပ်ဝယ်ရတော့တယ်။ သူ့ဖို့တစ်ထုပ်၊ ခွေးနှစ်ကောင်က နှစ်ထုပ်စီလေးထုပ်။ ရေသောက်ဖို့ကတော့ နိုင်ငံခြားကလာတဲ့ နှစ်လီတာလောက်ဆံ့မယ့် ရေသန့်ဘူးတင်ထားတဲ့ ပလတ်စတစ်ခွက်လိုဟာပါ။ ခွေးက ရေဆာလို့နှုတ်သီး ခွက်ထဲနှိုက်လိုက်တာနဲ့ ရေက လိုသလောက်ကျသတဲ့။ ခွေးရေမွှေးက မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညနေတစ်ခါ ဖျန်းပေးရသတဲ့။ စပရေးဘူးပါ။ ဂျိုးပိန်က မွှေးလွန်းလို့တဲ့။ သူ့ကိုယ်သူလည်းဖျန်းလို့ မွှေးကြိုင်နေတာပဲ။ ခွေးနှစ်ကောင်ကို ရေသွားချိုးပေးခက ဘယ်လောက်၊ ခွေးစာဖိုးက ဘယ်ရွေ့၊ ခွေးဆေးခန်းပုံမှန်ပြခက ဘယ်မျှ။ ဂျိုးပိန်တွက်ချက်ပြတာ မနည်းဘူး။ ခွေးခြင်ထောင်၊ ယာယီခွေးလှောင်အိမ် သံဆန်ခါ စုံလို့ မှတ်တောင် မမှတ်မိတော့ပါဘူး။

"ကျုပ်က စိတ်ညစ်တယ်ရယ်။ ခွေးတွေကို မီးရထားပြရတာက တစ်လုပ်ဗျ"

"ဘယ်လို မီးရထားပြရတာလဲ"

အရင်က ရပ်ကွက်ထဲက ဦးမိုးအိမ်မှာနေကြတုန်းက



www.burmeseclassic.com

www.burmeseclassic.com

မီးရထားလမ်းနဲ့ ဝေးလေတော့ ခွေးပြရတာမရှိပေသိ သည် အဆောက်အဦကြီးကို ရောက်လာတော့ မီးရထားသံလမ်းနဲ့ ကပ်နေတာကိုး။ အဝေးက မီးရထားဥသြသံကြားရင်(အနားမှာ သံလမ်းနဲ့ကားလမ်းဖြတ်တဲ့ မီးပွိုင့်လမ်းဆုံရှိတော့ မီးရထားက သည်နားရောက်ရင် ဥသြဆွဲနေကျပါ) ခွေးတွေက အဆောက် အဦထဲ လှောင်ထားတဲ့ သံဆန်ခါအကာကို အတင်းတိုးတိုက်ဖွင့် ကြသတဲ့။ အစတော့ ဘာမှန်းမသိတော့ ဖွင့်မပေးမိကြဘူး။ ဖွင့်မပေးလေ ခွေးနှစ်ကောင်က ရုန်းရင်းဆန်ခတ်ဖြစ်လေကိုး။ တစ်ရက်တော့ အကြောင်းသိရအောင်ဆိုပြီး ဖွင့်ထုတ်ပေးလိုက် တော့ နှစ်ကောင်သား ခြံဝကိုပြေးကြရော။ မီးရထားကြီးက ဥသြဆွဲရင်း သူတို့အနားက ဖြတ်သွားတာကို ဆောင့်ကြောင့် ထိုင် ကြည့်ကြသတဲ့။ ညနေရထားဖြတ်တော့လည်း ဥသြသံ ကြားတာနဲ့ သည်လိုပဲ ပြေးကြပြန်ရော။ မီးရထားကြီး မြင်ကွင်း ကပျောက်တဲ့အထိ လည်ပင်းတစ်ပတ်လည်အောင် ကြည့်ကြ သတဲ့။ မီးရထားပျောက်သွားပြီဆိုမှ နှစ်ကောင် အသာတကြည် ပြန်ဝင်လာကြသတဲ့။

"မီးရထားက မနက်ငါးနာရီလောက် အသွားတစ်ခါဖြစ် တယ်။ ညနေခြောက်နာရီခွဲလောက် အပြန်တစ်ခါဖြစ်တယ်။ ဥသြသံကြားတိုင်း ပြေးကြည့်ကြတာ ဘယ်လို ဘဝအကြောင်း လည်း မသိပေါင်ဗျာ။ ခွေးဖြစ်ပြီး မီးရထား ကြည့်ရတယ်လို့"

ကျွန်မမှာ ဂျိုးပိန်နဲ့ကျမှ တစ်ခါမှ မကြားဖူးတာတွေကြား နေရတယ်။ ထူးတော့ထူးဆန်းသား။ မီးရထားကြည့်တာတော့ ဟုတ်ပါရဲ့၊ ကြည့်ပြီး အူသလား ဟောင်သလားဆိုတော့ မအူ ဘူး၊ မဟောင်ဘူးတဲ့။ ဥသြသံကြားပါလျက်ကနဲ့ တံခါးမဖွင့် ရင်တော့ ဝုန်းဒိုင်းကြဲနေတော့တာတဲ့။ သည်ရထားက မတ္တရာ ရထားပါ။ မန္တလေးက မနက်စောစော မတ္တရာသွား၊ ညနေမှ မတ္တရာက မန္တလေးကို ပြန်ဝင်တဲ့ရထားပါ။ ခွေးနှစ်ကောင်က ထွက်ကြည့်ကြပြန်တော့လည်း ဣန္ဒြေရရ။ ကြည့်ပြီးကြလို့ ပြန်ဝင်လာတော့လည်း အေးအေးဆေးဆေးပဲတဲ့။

တစ်ရက်တော့ ခွေးတွေ သည်လိုရထားကြည့်တာ ထူး ဆန်းတယ်ထင်လို့ မီးရထားဥသြဆွဲသံကြားတာနဲ့ ကျွန်မလည်း အိပ်ရာကလူးလဲထ,ပြီး အပေါ်ထပ်က ငုံ့ကြည့်မိတယ်။ဟုတ် ပေသားပဲ။ ခွေးနှစ်ကောင်က မီးရထားနဲ့နီးနီးခြံဝမှာ ငြိမ့်ငြိမ့်ကြီး ထိုင်ကြလို့။ ဂျိုးပိန်က နောက်က မတ်တတ်ရပ်လို့။ မီးရထား ကြီး ပျောက်သွားတော့လည်း ခွေးနှစ်ကောင်က ရှေ့က၊ ဂျိုးပိန် က နောက်က ပြန်ဝင်လာကြတယ်။ ဂျိုးပိန်က အပေါ်ထပ်ကို မော့မကြည့်လို့ ကျွန်မကို မမြင်ပေသိ ကျွန်မကတော့ ခွေးနှစ် ကောင်၊ လူတစ်ယောက်ကို အပေါ်စီးက မြင်နေရလို့ စိတ်ထဲ တွေးစရာတွေ ရနေခဲ့တယ်။ ခဏနေရင် ဂျိုးပိန် ခွေးကျောင်း ထွက်ရတော့မယ်လေ။ ဘာသဘောများပါလိမ့်လို့ မေးရင် လည်း ဂျိုးပိန်က ခွေးတွေမေးမှသိမှာပဲလို့ ဖြေလိမ့်မယ်ထင်ပါရဲ့။

ထူးဆန်းတဲ့ ဂျိုးပိန်ရဲ့ နောက်ဆက်တွဲ ခွေးဇာတ်လမ်းတွေ ကလည်း ရယ်စရာလား၊ မောစရာလား။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ခင်ခင်ထူး**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၈၂၂၀

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်စွာ စားသောက်နေထိုင်မှုဘဝပိုင်ဆိုင်နိုင်ဖို့ Papaya Enzyme ကို သောက်ကြစို့

NATROL

# Papaya Enzyme



## အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဗိုက်အောင့်ခြင်း တို့ အစဥ်ကင်းဝေး



BURMESE CLASSIC .com

ဝါးစားနိုင်သော ဆေးပြားများ

MADE IN U.S.A




အမေရိကန် စံနှုန်းပြည့်အရည်အသွေးမြင့်ဆေးဝါးဖြစ်ကြောင်း အာမခံသည်၊

NATROL
35 Years of Quality Uncompromised

21411 Prairie Street
Chatsworth CA 91311 (USA)
www.natrol.com

Myanmar Distributor :
Saung Thazin Trading Co.,Ltd.

**Yangon**: No 262/264, Pyay road, Dagon Center 1, Room 704-B, Sanchaung township, Yangon, Myanmar
Ph: 539115, 516678, - Fax: 539115
Email: flexanew@gmail.com

**Mandalay**: No.263, D-3, 81 Street, Between 23rd & 24 Street, Mandalay, Myanmar.
Tel:02 60177 HP:09 2057621, 09 5022631

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com